
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြရတနာစာပေ

# ဆရာသောင်းဝေဦး၏

## (၁၈)အုပ်မြောက်

## ဂူဏ္ဍထ္ထီယခေါ်မိန်းမတို့သည် နှင့်ယောက်ျားတို့အကြောင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၁၉၀၆၀၉ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၅၂၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၁၈၃၀၂၀၇ |
| ပထမအကြိမ် | - | ၂၀၀၇ခုနှစ်၊ ဧပြီလ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၃၀၀ |
| မျက်နှာဖုံးပန်းချီ | - | မောင်မောင်သိုက် |
| မျက်နှာဖုံးကာလာခွဲ | - | မြကျွန်းသာ |
| အတွင်းဖလင် | - | AZ |
| ကွန်ပျူတာစာစီ | - | မြရတနာအဖွဲ့သားများ |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

## ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ(၀၄၂၀၁ မြ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်
၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၅၇၈၆၇၀၊ ၃၇၉၇၇၃

## မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊(၀၇၉၉၆ မြ)
မြရတနာပုံနှိပ်တိုက်
အမှတ်(၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)
၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။




# ကုတ္တိယခေါ်မိန်းမတို့သည်နှင့်ယောကျ်ားတို့အကြောင်း

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း (၁) ကုတ္တိယခေါ်မိန်းမတို့သည်** | |
| ၁။ | ကျွန်တော့်ဇနီးမရွှေမေ | ၁ |
| ၂။ | ညိုချောမလေး မအေး | ၁၂ |
| ၃။ | သက်ထားနဲ့ဆင့်ဆင့် | ၂၂ |
| ၄။ | မေ မသိတဲ့ပဂ္ဂိ | ၃၃ |
| ၅။ | အချစ်မှာမျက်စိမရှိပါ | ၄၇ |
| ၆။ | အစ်မကြီးရဲ့အငယ်ဆုံးညီမ | ၅၈ |
| ၇။ | ပွင့်ပွင့်သိပါစေ | ၇၀ |
| ၈။ | ညိုပြာညက်ကလေး မတင်ထွေး | ၇၉ |
| ၉။ | ချစ်၍ခေါ်သည်လိုက်တော်မူခဲ့မပျောင်းနွဲ့နှင့် | ၈၈ |
| ၁၀။ | အသိရခက်သောခင်သူဇာ | ၁၀၂ |
| ၁၁။ | ချစ်ဖူးသူတစ်ယောက်အကြောင်း | ၁၂၄ |
| | **အပိုင်း (၂) ယောကျ်ားတို့အကြောင်း** | |
| ၁၂။ | ကဲ မေ့သဘော | ၁၄၂ |
| ၁၃။ | မတူလေသည့် နေ့နဲ့ည | ၁၅၁ |
| ၁၄။ | ဇရာကိုမြင်မိလို့ | ၁၅၈ |




www.burmeseclassic.com

www.burmeseclassic.com

၁၅။ ညီညီ့နဲ့ရီရီတို့အကြောင်း ၁၇၂
၁၆။ သမီးနဲ့မဟုတ်ဘူး အမေနဲ့ ၁၈၃
၁၇။ ကြင်နာခြင်းတစ်ဝက်နဲ့ ရှုပ်ထွေးခြင်းတစ်ဝက်မို့ ၁၉၈
၁၈။ မင်းသိစေချင်ပါသည် မြဒါလီ ၂၀၇
၁၉။ ချစ်အားရယ်မညီ ၂၁၈
၂၀။ ခက်လှပါသည် ပီတောက်နဲ့ချယ်ရီ ၂၃၁

အပိုင်း (၃)

မိန်းကလေးတစ်ဦး၏ဖွင့်ဟဝန်ခံချက်

၂၁။ ကိုကိုသိအောင်ပြောချင်သည် ၂၆၃



ကုတ္တိုယခေါ်မိန်းမတို့သည် နှင့် ယောကျ်ားတို့အကြောင်း

# သောင်းဝေဦး



www.burmeseclassic.com

www.burmeseclassic.com



သောင်းဝေဦး

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

'ကွတ္တိယခေါ် မိန်းမတို့သည်' ဝတ္ထုတိုများအား ပထမအကြိမ်အဖြစ် ၁၉၉၆ ခုနှစ်၊ ကျွန်တော် ရန်ကုန်ရောက်ခါစက ထုတ်ဝေခဲ့ပါသည်။ တပ်မတော်သားဘဝက ကြုံတွေ့ခဲ့သည်များကို အခြေခံကာ ရေးဖွဲ့တင်ပြခဲ့ခြင်းဖြစ်၏။ ယခု နယ်ဘက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ထပ်မံရေးသားဖော်ပြရန် ကြုံကြိုက်လာသဖြင့် နောက်ထပ် ဝတ္ထုတို လေးငါးပုဒ်ရေးသားကာ ပထမအကြိမ် ထုတ်ဝေထားသည်များနှင့် ပေါင်းစပ်၍ ဒုတိယအကြိမ် စုစည်းတင်ပြလိုက်ရပါသည်။

ဤနေရာတွင် ကျွန်တော် တစ်ခုတင်ပြလိုပါသည်။ 'ကွတ္တိယခေါ် မိန်းမတို့သည်' ဝတ္ထုများ ရေးသားခြင်းဖြင့် ကျွန်တော်သည် ကွတ္တိယများနှင့် ပတ်သက်၍ ကျွမ်းကျင်သူမဟုတ်ပါ။ တကယ်တော့ မကျွမ်းကျင်၍သာ စိတ်ဝင်တစား ဤစာများကို ရေးသားခြင်းဖြစ်ပါ၏။

ကျွန်တော်တို့ မြန်မာ့လူမှုလောက၌ 'စိန်ကဲ၊ ရွှေကဲ ဤနှစ်ကဲထက် မိန်းမကဲခတ် လွန်ခဲကတ်၏'ဟု ပညာရှိများက မိန့်ဆိုထားခဲ့၏။ အလွန်သိရခက်သော မိန်းမတို့၏သဘောကို ညွှန်းဆိုခြင်း ဖြစ်ပါလိမ့်မည်။ ထို့ပြင် လောက၌ ယောက်ျားတို့ စိတ်အဝင်စားဆုံးအရာမှာ မိန်းမများသာဖြစ်သည်ဟုလည်း မှတ်သားမိဖူး၏။ ထိုအဆိုအမိန့်သည် မှန်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့ယောက်ျားများအတွက် အများအားဖြင့် မွေးဖွားသည်မှ သေဆုံးသည်အထိ အတူတကွ နေထိုင်သွားကြရသည်မှာ မိန်းမများသာ ဖြစ်၏။ ထို့ကြောင့် ဖိုမ သဘာဝအရ လောကနိယာမအတိုင်း ဆန့်ကျင်ဘက်ခြင်း စိတ်ဝင်စားသည်မှာ အံ့သြစရာ မဟုတ်ပါခင်ဗျား။

ထို အံ့သြစရာ မဟုတ်သော အရာများထဲတွင် အံ့သြစရာဖြစ်စဉ်များ မကြာခဏ ကြုံတွေ့ရပါသည်။ အထူးသဖြင့် မိန်းမများ၏ စိတ်သည် အလွန်အသိရခက်၏။ ချစ်သည်ဟုထင်သော်လည်းမချစ်၊ မုန်းသွားသည်ဟုထင်ရသော်လည်း ချစ်နေပြန်၏။ သူတို့ရင်ထဲတွင် ဘာဖြစ်နေမှန်းမသိ။ ဘာမှလည်း ဖွင့်မပြော။ မေးပြန်သော်လည်း 'ဟင့်အင်း'ဟုသာ ဆို၏။ သူတို့ရင်ထဲကအဖြေကို အနှစ်နှစ်ဆယ်ကြာမှ တဖြည်းဖြည်း သိလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အချိန်ရော၊ အရွယ်ရော လွန်သွားခဲ့ချေပြီ။

''ဒို့များအရွယ် ညောင်းခဲ့ရင်ကွယ်...အခုရွယ် ငယ်စဉ်သွေးလို့ အချစ်ရေးများ တွေးဖို့ရာကိုမလွယ်...သည်သောအခါမှလေကွယ်.. ဘုရားသွားကျောင်းတက်...နှုတ်ခွန်းဆက်နှစ်သိမ့်ရှုံသာကွယ်...ကိုယ်တို့ နှစ်ဦးစလုံးရဲ့ ရင်ထဲဝယ်...အချစ်ရယ် ဘယ်လိုထူး...ကြည်နူးမြူးပျော် စရာများရယ်...ခုရွယ်ငယ်စဉ်ဘဝလို...နုပျိုလန်းဆန်း ချစ်ပန်းများ ပွင့်နိုင်ပါ့မလားကွယ်''

ဂီတာ ကိုသာစိန်ရဲ့ အထက်ဖော်ပြပါ 'ဒို့များအရွယ် ညောင်းခဲ့ရင်ကွယ်' သီချင်းကလေးထဲကအတိုင်း နုပျိုလန်းဆန်းအချစ်ပန်းများ ပွင့်နိုင်တော့မည် မဟုတ်ပါ။ ထိုအခါ လောကသည် မလှမပတော့ဘဲ၊ အကျည်းတန် အရုပ်ဆိုးသွားခဲ့ချေပြီ။

ကျွန်တော်သည် လူမှန်းသိတတ်စအရွယ်ကပင် တစ်ဦး တစ်ယောက်တည်း နေရသည်က များပါ၏။ ကျန်အချိန်များတွင် ဘဝပေး အခြေအနေအရ ယောကျ်ားကလေးများနှင့်သာ အတူနေခဲ့ရ၏။ ထို့ကြောင့် မိန်းကလေးများနှင့် ရင်းရင်းနှီးနှီး အချိန်ကြာမြင့်စွာ ပေါင်းသင်းဆက်ဆံခြင်း မလုပ်ခဲ့ရပါ။ ဘုန်းကြီးကျောင်းသားဘဝမှ စစ်သားဖြစ်လာရာ နှစ်ပေါင်း သုံးလေးဆယ်ကြာသွား၏။

ယခု နယ်ဘက်သို့ ပြောင်းလဲတာဝန်ထမ်းဆောင်သည့်အချိန် ရောက်မှ လုပ်ငန်းတာဝန်အရရော၊ ပတ်ဝန်းကျင်အနေအထားအရပါ အမျိုးသမီးများနှင့် မလွှဲမသွေ ထိတွေ့ဆက်ဆံလာရပါသည်။ ထိုအခါ ဖြစ်စဉ်များ တစ်ခုပြီးတစ်ခု ကြုံကြိုက်လာရာမှ 'ဩော်၊ သူတို့တစ်တွေဟာ ဒီလိုပါလား' ဟု တစ်စတစ်စ ပိုသိလာ၏။ ထိုအချိန်တွင် ကျွန်တော်၏ အရွယ်ကား အတော်လွန်သွားခဲ့ပြုံပြီ။ မည်သို့ပင် ဖြစ်စေ ကျွန်တော် သိထား၊ မြင်ထားသည်များကို အားလုံးမျှဝေခံစားနိုင်ရန် စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးသ..ပြီး ထပ်မံတင်ပြလိုက်ပါသည်။

ရှေးစာဆိုများက ''ကုတ္တိုယခေါ် မိန်းမတို့သည်၊ .လေ့နှင့်မြင်း မယှဉ်းဘဲတူညီ၊ ပွဲကိုင်ရာလူ စီးရာကိုသာ ပါတတ်ကြသည်''ဟု ဆိုတတ်ကြ၏။ ထို့ပြင် ''မိန်းမဟူဘိ ထိုကုတ္တိကား မရှိမကောင်း ရှိမကောင်းနှင့် မပေါင်းလည်းခက် ပေါင်းလည်းခက်''ဟုလည်း ဆိုကြပြန်သည်။ ထို အယူ





အဆများကို ကျွန်တော် ဘာမျှ မပြောလိုပါ။ မိန်းမကောင်းများအတွက် ''အမရာ ကိန္နရီ မဒီ သမ္မုလ တော်လေးဝ'' ဆိုသောစကားလည်း ရှိပါသည်။ မည်သို့ဆိုစေ လောကတွင် ကောင်းတာ၊ မကောင်းတာ ယောကျ်ားရော၊ မိန်းမပါ ရှိပါသည်။ မိန်းမမို့ ပိုဆိုးပြီး ယောကျ်ားမို့ ပိုကောင်းသည်ဟု ကျွန်တော် မထင်ပါ။ ကျား ကျား၊ မ မ ကောင်းသူက ကောင်း၍ ဆိုးသူက ဆိုးကြသည်သာ ဖြစ်ပါ၏။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ တစ်ခုသာ ဖြစ်ပါသည်။ ထိုအချက်မှာ ကျွန်တော်တို့ယောကျ်ားများအတွက် မိန်းမများ၏ စိတ်ကို နားလည်ရန်မှာ အတော်ပင် ခက်ခဲလှပါသည်ဆိုသော အချက်တစ်ခုတည်းသာ ဖြစ်ပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ။


သောင်းဝေဦး

၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကျွန်တော့်ဇနီး မမြမေ

ကျွန်တော်သည် အညာမွေး၊ အညာချက်မြှုပ် အညာကြီးသည့် အညာသား စစ်စစ်ကြီးဖြစ်ပါသည်။ အချိန်တန်အရွယ်ရောက် လူလားမြောက်သည့်အခါတွင် အညာသူညိုပြာညက်များနှင့် လူငယ်တို့သဘာဝအရ ရည်ငံခဲ့ပါသည်။ သို့ရာတွင် ရေးရေစက်မပါ၍ ညိုပြာညက်များနှင့် ဖူးစာမဆုံခဲ့ရပါ။

အညာသားဟုဆိုရာတွင်လည်း သာမျင်ညောင်ည အညာသား မဟုတ်မူဘဲ ရွှေဘိုနယ်သားဖြစ်၍ အလောင်းဘုရားဦးအောင်ဇေယျ၏ သွေးမကင်းသဖြင့် ဘုပ်မတော်တွင်း ဝင်ရောက်အမှုထမ်းခဲ့ပါသည်။ တပ်မတော်၏ကောင်းမှုကြောင့် အညာသားစစ်စစ် ကျွန်တော့်ခမျာ ပင်လယ်နှင့်မဝေးလှသည့် နိုင်ငံ၏အရှေ့တောင်ဘက် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်ရင်း ဒေသခံတိုင်းရင်းသူ ဖြူဖြူဖွေးဖွေး ရေဆေးငါးနှင့် အကြောင်းဆက်ပေါင်းဖက်ခဲ့ရပါသည်။

ကျွန်တော့်ဇနီးသည်မမေရီသည် ရန်ကုန်မြို့ရှိ သာသနာပြု ကျောင်းကြီးတစ်ခုတွင် နှစ်အတန်ကြာကျောင်းအိပ်ကျောင်းစားနေခဲ့ရပြီး ခရစ်တော်၏ အဆုံးအမဖြင့် ကြီးပြင်းလာခဲ့သည့် ခေတ်ပညာတတ် တစ်ယောက်ဖြစ်၍ အစစအရာရာ ပွင့်လင်းလှပါသည်။ ၎င်းပြင် သူမငယ်ငယ်က ဖတ်ဖူးခဲ့သည့် "အညာသား အတ္တတ ခဏာလာ ရေယူခဲ့စမ်း" ဆိုသည့် ခြသေ့ ဖတ်စာအုပ်၏ အဆိုအမိန့်ကြောင့်လား၊ သို့မဟုတ် တပ်မတော် အရာရှိ ဆိုသည့် ကျွန်တော်၏ ဂုဏ်ပုဒ်ကြောင့်လား၊ သို့မဟုတ် ထိုနှစ်ခုစလုံး ကြောင့်ပဲလားမသိ။ ကျွန်တော့်ကိုယ်ကျင့်တရားကို အကြွင်းမဲ့ ယုံကြည်သူ ဖြစ်ပါသည်။

ကြည့်ပါ။

သူမနှင့်ကျွန်တော်ရခါစက

"ကိုရေ၊ ကိုညီမ ဒေါ်ရစ်(စ်)ကို အိမ်ပြန်ပို့ဖို့ ရန်ကုန်ကိုသွားရင် တစ်ခါတည်း ခေါ်သွားပေးနော်၊ မေတော့ခရီးပန်းလို့ မလိုက်တော့ဘူး"

ဟု ရန်ကုန်မှမော်လမြိုင်လာလည်သည့် သူ့ညီမအငယ် ဆယ်တန်း ကျောင်းသူ အပျိုလေးကို ကျွန်တော်နှင့်နှစ်ယောက်တည်း စိတ်ချလက်ချ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် လွှတ်တတ်သည်။

ဒေါရစ်(စ်) နှင့်ကျွန်တော်သည် ဇနီးသည်ကောင်းမှုကြောင့် ထိုစဉ်က ရန်ကုန်၊ မော်လမြိုင်ရထားတွင် သုံးကြိမ်သုံးခါတိတိ နှစ်ယောက်တည်း ခရီးအတူ သွားခဲ့ရဖူးပါသည်။

ဇနီးသည် ယုံကြည်သည့်အတိုင်း ကျွန်တော်တို့ ဘာမှ မဖြစ်ကြပါ။

သို့ရာတွင် ထိုနှစ်က မိုးကောင်းပါသည်။

ထိုကာလမှ တစ်နှစ်ကျော်ကျော်အကြာ သားကြီးမွေးသည့် အချိန်တွင် ကျောင်းထွက်ခါစ ခယ်မအကြီးအေမီ အိမ်တွင်လာနေပါသည်။ ကလေးစေယျာဝစ္စများအား အေမီမှပင် ဒိုင်ခံဆောင်ရွက်ပေးပါသည်။ ဇနီးသည်ကလည်း ထိုင်ရာမထခိုင်းတတ်လှပါသည်။

"အေမီရေ နှင့်အစ်ကိုကို ထမင်းပြင်ကျွေးလိုက်ဦး"

"အေမီရေ နှင့်အစ်ကို ယူနီဖောင်းတွေ မီးပူတိုက်လိုက်ဦး"

"အေမီရေ နှင့်အစ်ကိုအတွက် ဈေးသွားလိုက်ဦး"

စသည်၊ စသည်။

ကျွန်တော်က အညာသားပီပီ အစားအသောက် ဇိဇာကြောင်တတ်သဖြင့် တပ်နားသည့်ကာလများတွင် ဈေးကိုကိုယ်တိုင်သွားလေ့ရှိရာ ကျွန်တော့်ဇနီးသည်က သူ့မညီမ အေမီကို ကျွန်တော်နှင့်အတူ မကြာခဏ ဈေးလွှတ်လေ့ ရှိပါသည်။ အေမီကအနည်းငယ်ပိုဝသည်မှလွဲ၍ ကျွန်တော့်ဇနီးမေရီနှင့် အတော်တူ၏။ မှောင်ရီပိုးတဝါးတွင် လုံးဝလူမှားသွားနိုင်ပါသည်။ သို့ဖြစ်၍ ဈေးသွားတိုင်း ခယ်မချောအား

"ဟောတော့ ဗိုလ်ကြီးကတော်က တစ်သားမွေး တစ်သွေးလှပါလား၊ ပိုတောင် ဝလာတယ်"

ဟု အသိမိတ်ဆွေများက မကြာခဏ လူမှားနှုတ်ဆက်တတ်ကြပါသည်။

ဤသည်ကို အေမီက ကျွန်တော့်ဇနီးအားပြန်ပြောသည့်အခါများတွင်

"ငါ့ယောကျာ်းကတော့ မျက်စိကောင်းပါတယ်ဟယ်"

ဟု မေရီက သူ့ညီမကို ရယ်ရွှန်းမှုတ်ရွှန်း ပြောတတ်ပါသည်။





တစ်တပ်တည်းနေ သူငယ်ချင်းဗိုလ်ကြီးကျော်သာထွန်းနဲ့ ဗိုလ်ကြီးသောင်းတင်တို့ကတော့ ကျွန်တော့်ကို ဒုန့်အရဲ လုံလုံလောက်လောက်ရှိ၍ တိုက်စစ်အတွက် အထူးသင့်လျော်သူဖြစ်ပါပေသည်ဟု မကြာခဏစစ်ရေးသုံးသပ်ကြပါသည်။ လူကြီးလူကောင်းပီသသော ကျွန်တော်သည်သူတို့ ရည်ညွှန်းသည့် ဒုန့်အရဲကို ကျွန်တော့်ထိုးစစ်၊ တိုက်စစ်တွင် တစ်ခါမှ ထုတ်မသုံးခဲ့ပါခင်ဗျာ။

မော်လမြိုင်တွင် မကြာခဏ ရှေ့တန်းသွားရပါသည်။ ထိုသို့ ခရီးထွက်နေရသော်လည်း ကျွန်တော့်ဇနီးသည် မမေရီသည် ပစ်လိုက်တိုင်း ကျည်ထွက်နှုန်းကောင်းသည့် စက်သေနတ်ကြီးကဲ့သို့ ဖွံ့စည်းပုံရှိခြင်းကြောင့်လည်းကောင်း၊ ကျွန်တော်ကလည်း ပစ်မှတ်တွေ့တိုင်း မလွဲတမ်းပစ်နိုင်သည့် လက်ဖြောင့်သေနတ်သမားကဲ့သို့ အရည်အသွေးရှိခြင်းကြောင့်လည်းကောင်း အိမ်ထောင်သက် ခုနစ်နှစ်တွင်ပင် သားသမီးလေးဦး ရရှိခဲ့ပါသည်။

သို့ဖြစ်၍ ဓာတ်သိများက

"ဗိုလ်ကြီးသက်ဦးနဲ့ မမေရီတို့တွေ့မှ အညာသားတွေ သိပ်ရိုးတယ်ဆိုတာ ယုံသွားတယ်"

ဟု ကျွန်တော်တို့ လင်မယားအား စ,တတ်ကြ၏။

သမီးအငယ်ဆုံးလေး မွေးပြီးစတွင် ရှမ်းပြည်နယ် အရှေ့မြောက်များသို့ ပြောင်းရသည်။ ခရီးကလည်းဝေး၊ ခယ်မချောများကလည်း အလျှိုအလျှို အိမ်ထောင်ကျသွားခြင်းကြောင့် ကျွန်တော့်တွင် ဒုတွေ အရဲတွေ ရှိတော့ပါ။ သိပ်တော့မကြာလိုက်၊ ဇနီးချောက ဆယ့်လေးငါး နှစ်အရွယ်အိုင်းရင်းသူ ရှမ်းအမျိုးသမီးလေးတစ်ဦးအား ခေါ်ယူမွေးစားလိုက်ပါသည်။ နှစ်ဖွယ်ရုပ်ရည်ရှိ၍ အမည်က "အေးမွန်း" တဲ့။

အင်း ထုတ်နှုတ်အရဲတော့ ရှိပြန်ပြီပေါ့လေ။

ထုံးစံအတိုင်း လအနည်းငယ်အတွင်းမှာပင်

"အေးမွန်းရေ နှင့်ဦး အဝတ်အစားတွေ လျှော်လိုက်ဦး"

"အေးမွန်းရေ နှင့်ဦး ရုံးကပြန်လာပြီ ထမင်းပြင်ကျွေးလိုက်နော်"

"အေးမွန်းရေ နှင့်ဦး ဖိနပ်တွေ တိုက်ဦးဟဲ့"

"အေးမွန်းရေ အငယ်မလေးခေါ်ထားဦးဟော့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် အေးမွန်းက တစ်အိမ်လုံးတာဝန်ယူလာနိုင်၏။ ကျွန်တော့် ဖနီးကလည်း ဖယ်စက်သလို နိုင်းနိုင်သည်။ ဒီနောက်တော့ ကျွန်တော်ရယ်၊ အေးမွန်းရယ်၊ ကလေးလေးယောက်ရယ်ကို စိတ်ချလက်ချထား၍ မေရီက လာရှိုးသို့လည်းကောင်း၊ ဖြင်ဦးလွင်သို့လည်းကောင်း၊ သားကြောဖြတ်ရန်အတွက် သွားများပြုပြင်ရန်အတွက် စသည် ဘာအတွက် ညာအတွက်ဖြင့် ခရီးထွက်ပါလေတော့သည်။

''မမေရီရယ်၊ ဗိုလ်ကြီးနဲ့ ကလေးတွေထားပြီး ခဏခဏ ခရီးမသွားပါနဲ့'' ဟု ဘေးက ပြောကြသောအခါ

''အို အိမ်က ဗိုလ်ကြီးက အညာသား၊ တို့က စိတ်ချပြီးသား၊ ပါးစပ်ထဲ လက်ထိုးထည့်တောင် ကိုက်တတ်တာ မဟုတ်ဘူး၊ ရပါတယ်''

ဟု ကျွန်တော့်ကိုအမွှမ်းတင်ပြီး ဂုဏ်ယူဝံ့ကြွားစွာဆိုတတ်ပါသည်။

မိန်းမစကားပြန်ကြားရတော့ ကျွန်တော့်မှာ ဘဝင်တောင် အတော်မြင့်သွားခဲ့ရပါသည်။

သမီးအငယ်ဆုံးလေးအား မူကြိုကျောင်းပို့ချိန်တွင် ပြည်မသို့ တပ်ပြောင်းခဲ့ရပြန်သည်။ မွေးစားသမီး မအေးမွန်းကတော့ အိမ်ထောင်ကျကျန်ခဲ့သည်။ မိသားစုအား တပ်တွင်ထား၍ ကျွန်တော်ကတော့ ထုံးစံအတိုင်း ရှေ့တန်းတက်သွားရပါသည်။ ရှမ်းပြည်နယ် မြောက်ဖျားပါပဲ။

သို့ရာတွင် ဒီတစ်ခါသွားရသည့်နေရာက ရှမ်းပြည်နယ်သာဆိုသည် ကျွန်တော့်မွေးရပ်ဇာတိ ရွှေဘိုခရိုင်နှင့် ဧရာဝတီသာခြား၍ တကယ့်အညာနှင့် မကွာလှပါ။ ရွှေလီမြစ်ရိုးတစ်လျှောက်နဲ့ ရွှေလီ အနောက်ခြမ်းဒေသများ။

စူဠလိပ်တော့ ရေထဲကျသွားချေပြီ။

ငါးလခန့်အကြာ ရှေ့တန်းက ပြန်ရောက်လာသည့်နေ့။

''ကိုရေ၊ ကို့ခရီးဆောင်သံပုံးထဲက ဒီစာအိတ်ကလေးတွေ့တယ်''

ရှေ့တန်းပြန် ကျွန်တော့် စစ်ဆင်ရေးပုံးအားရှင်းရင်း ဖနီးသည် မေရီက ဆိုသည်။

''ဘာတဲ့လဲ၊ ဘယ်သူရေးတာလဲ''

''ကို့ဆီရေးတာပဲ၊ ကိုသိမှာပေါ့''





ပြောပြောဆိုဆို ဖနီးသည်က စာအိတ်ထဲမှ စာရွက်ခေါက်လေးအား ထုတ်လိုက်သည်။ ပန်းပွင့်ရုပ်လေးများနှင့် Fancy စာအိတ်ကလေးက ပေါင်ဒါနံ့ကလေးများနဲ့

ရိုးကြီးရှင့်၊

ဖွာလိုက်သည့် ပေါင်ဒါဘူးလေးက ကုန်သွားရှာ၍ ကြိုးကြိုးသင့်ရှင့်၊ အမြဲပြုံးလိုက်ပါသည်ရှင့်။

မိုးသေ့ရွှာမြင့်

၁၀၊၆၊

ဖနီးသည်က စာဖတ်ပြီး

''သူက ဘာလဲကို၊ ဘယ်အရွယ်လောက်ရှိပြီလဲ''

စာမေးပွဲစစ်ချေပြီ၊ အောင်,အောင်ဖြေမှ။

''သြော် အဝင်းက ခင်ဖြူဝင်းဆိုတဲ့ သမလုပ်အားပေး ကလေးမလေးပါကွာ၊ သားကြီးတို့ အရွယ်သာသာပါ''

''ပေါင်ဒါဘူးဝယ်တာပဲ ကိုယ့်ဟာကိုယ် ဝယ်လည်းရပါတယ် ကိုရဲ့၊ တပ်လှမ်းမှာလည်းရတာပဲ၊ ဘာလဲ ကိုက ရောက်တာမှ မကြာသေးဘူး၊ မွေးစားသမီးတွေ ဘာတွေနဲ့လား''

တိုက်စစ်က နည်းနည်းပြင်းထန်လာသည်။ လက်နက်ကြီးပါ,ပါချင်လာ၏။ မွေးစားသမီးရောဂါကလည်း ထိုအချိန်က ကျွန်တော်တို့ဆီတွင် ပျံ့နှံ့နေသည့်ကာလ။

''မမွေးစားရပါဘူး မိန်းမရယ်၊ ကိုရောက်တဲ့ အဲဒီမြို့က ညကျောင်းမှာ မြန်မာစာနဲ့အင်္ဂလိပ်စာဆရာ မလောက်လို့ ကျောင်းက အကူအညီတောင်းတာနဲ့ တပ်ကလည်းဝင်ပြပေးပါလို့ပြောတာနဲ့ စာပြရင်း သိကြတဲ့ ညကျောင်းက,ကလေးတွေပါ။ သူတို့က တပ်နားက ပော်ကုန်းရပ်ကွက်ကပါ၊ ရှစ်တန်းနဲ့ ဆယ်တန်း အလွတ်ဖြေကြမယ့်အဖွဲ့တွေလေ၊ နည်းနည်းလည်း နွမ်းပါးကြရှာတယ်၊ အဲ့ဒါကြောင့် ကိုယ်လည်းသနားပြီး စာဝင်ပြပေးရင်း ခင်သွားကြတာပါ''

တပ်ထဲမဝင်မီက ကျောင်းဆရာလုပ်ခဲ့ဖူးသည့် ကျွန်တော်က ကျောင်းဆရာလေ။ ကျောင်းဆရာ သမာဓိအပြည့်ဖြင့် တည်ကြည် ခန့်ညားစွာ ရှင်းလင်းပြလိုက်ရာ

''ကဲ တော်ပါကိုရယ်၊ သိပ်ပြီးပတ်လည်ခံစစ်တွေနဲ့ ခုခံ မကွယ်



www.burmeseclassic.com

www.burmeseclassic.com



မနေပါနဲ့၊ မမွေးစားဘူးဆိုလည်းပြီးတာပါပဲ၊ စာတစ်တန် ပေတစ်တန်တွေနဲ့တော့ လုပ်မနေကြနဲ့ပေါ့''

ဇနီးချောက နည်းနည်းတော့ အဖျားခတ်ချသွားသေးသည်။ သို့ရာတွင် ကျွန်တော်၏သမာဓိအားကောင်းနေ၍ ထိုနေ့ကစာမေးပွဲအား ကပ်ပြီးအောင်ခဲ့ပါသည်။ အင်း တော်သေးရဲ့။

တကယ်တော့ ကျွန်တော့်ဇနီးကို ကျွန်တော် မုသာဝါဒသုံးလိုက်ခြင်းသာ ဖြစ်ပါ၏။

၂ ၀ ၂

''ဗိုလ်ကြီး မန္တလေးက တယ်လီဖုန်းလာနေတယ်''

ကျွန်တော် ရှေ့တန်းရုံးတွင်ရှိနေစဉ် ဖုန်းမြည်လာ၍ ဖုန်းစောင့်ရဲဘော်လေးက သတင်းပို့သည်။ ထိုနေ့မှ ကျွန်တော်ကလည်း အလုပ်ကများနေသည်။ တစ်ဆင့်မြင့်တာဝန်နဲ့ တပ်ပြောင်းမိန့်ထွက်ထားသည်မို့ မြို့ကလည်း ကျွန်တော့်အား နှုတ်ဆက်ပွဲလေးဖြင့် ဂုဏ်ပြုရန် စီစဉ်နေကြသည်။ စားကြမည်။ သောက်ကြမည်ပေါ့။

''ဟယ်လို၊ ကျွန်တော် ဗိုလ်ကြီးသက်ဦးပါ၊ ပြောပါခင်ဗျာ''

''ဟယ်လို ကိုလား၊ ကိုရေ မေပါ၊ မေ အခုမန္တလေး ရောက်နေတယ်၊ ကို့ပရိုမိုးရှင်းထွက်ထွက်ချင်း မန္တလေးတက်လာတာ၊ ဒီမှာ လူကြီးတွေနဲ့ တွေ့ပြီးပြီ၊ ကို့ဆီလာမလို့၊ လူကြီးတွေက အဲဒီ ရောက်ဖူးအောင် လိုက်ချင်လိုက်သွားတဲ့''

တစ်ဖက်က မေရီ့အသံ။ ဇနီးချောက လိုက်လာမယ်ဆိုပါလား။ ကောင်းပါသည်။ တပ်ရင်းပြန်မရောက်တာ ခြောက်လတောင် ကျော်နေပြီပဲ။ စောစောစီးစီး တွေ့ရတာပေါ့။

''ဪ မေလား၊ လာခဲ့လေ၊ ကိုယ်စောင့်နေမယ်၊ ကိုယ်ကတော့ နက်ဖြန်တောင် ပြန်ဆင်းတော့မလို့၊ တပ်ရင်းမှူးကြီးတောင် သတင်းပို့ထားပြီးပြီ၊ မေလာမယ်ဆိုရင်တော့ စောင့်ပါ့မယ်''

''မေကလည်း တစ်ရက်ထဲပါ ကိုရဲ့၊ ရောက်ပြန်ပဲလေ၊ အိမ်မှာကလည်း ကလေးတွေချည်းပဲ ထားခဲ့ရတာ''

''လာခဲ့ပါ၊ ဒီမှာလိုတာလေးတွေ လုပ်ထားမယ်၊ ဘယ်အချိန်ရောက်မလဲ''





''ကားလေးနဲ့ပဲ ဒီကလည်း စောစောထွက်မယ်ဆိုတော့ နေ့လယ်လောက် ရောက်မယ်ထင်တယ်ကို''

''ကောင်းပြီလေ၊ ကိုယ်စောင့်နေပါ့မယ်''

''အိုကေ ဒါလင်၊ ဒါပဲနော် ဘိုင်''

အင်း မုတ်ဆိတ်တော့ ပျားစွဲပြီထင်ရဲ့။ လိုအပ်သည်များ ကျွန်တော် ပြင်ရဆင်ရပါတော့သည်။ ဇနီးသည်အား ကြိုဖို့ဆိုဖို့။

ညနှုတ်ဆက်ပွဲအပြီးတွင် ကျွန်တော့်အား ဇနီးငယ်ငယ်ချောချောယူထားသည့် မြို့နယ်ဆရာဝန်ကြီးက သူ့အိမ်ခဏလိုက်ခဲ့ဖို့ခေါ်သည်၊ သူ့အိမ်ရောက်တော့ မပြောမဆို Testosterone ဆေးတစ်လုံး ထိုးပေးလိုက်၏။ လိုရမည်ရတဲ့။ သူ့ဆေးက အတော်နာပါသည်။

ဇနီးသည်မရောက်လာမီ မနက်ပိုင်းမြို့ပေါ်မှ အသိအကျွမ်းများကို ကျွန်တော် လိုက်နှုတ်ဆက်ပြီးပြန်ခဲ့သည်၊ ရုံးပြန်အရောက်တွင် ထောက်လှမ်းရေး အရာရှိ ဗိုလ်ကြီးဘုန်းဇော်ရွှေက–

''အစ်ကိုကြီး ပြန်ခဲ့ပြီလား၊ ခင်ဖြူဝင်းတို့အိမ်ရော ဝင်ခဲ့သေးလား''

''ဟေ့ ပြန်ခဲ့ပြီ၊ အဝင်းတို့အိမ်တော့ မရောက်ခဲ့ဘူးကွ''

''အစ်ကိုကြီးကလည်းဗျာ၊ ကျန်တဲ့အိမ်တွေတော့သွားပြီး ခင်ဖြူဝင်းက အစ်ကိုကြီး ပြောင်းရမှာသိလို့ လက်ဆောင်ပေးမလို့ ပစ္စည်းတောင်ဝယ်ထားတာ၊ သူ့ ညကျောင်းတက်တုန်းက အစ်ကိုကြီးမြန်မာစာပြပေးတာ သိပ်သဘောကျဆိုပဲ''

''တော်ပါကွာ၊ ကိုယ့်ညီကလည်း အရေးထဲမှာ''

''ဘယ်တော်ပါပြီလဲ၊ ခင်ဖြူဝင်းတို့အိမ်တော့ သွားနှုတ်ဆက်လိုက်ပါဦးဗျာ၊ ကိုယ့်တပည့်တွေပဲ၊ သူ ဆယ်တန်း(က)က အောင်သွားတာလည်း အစ်ကိုကြီးကြောင့်လို့လည်းပြောတယ်''

''အချွန်နဲ့ မ,နေပြီထင်တယ်''

''ဘယ်က အချွန်နဲ့ မ,ရမှာလဲ၊ တကယ်ပြောတာပါ၊ ဒီနေ့မနက် သူတို့သမဆိုင် ကျွန်တော်ရောက်တုန်းက ကျွန်တော့်ကို ပြောလိုက်တာ''

ဗိုလ်ကြီး ဘုန်းဇော်ရွှေက အတည်ပေါက်နဲ့ ဆို၏။

''ကဲ ထားပါတော့ ကိုယ့်ညီရာ၊ ကိုယ့်လေဒီ ဒီနေ့ရောက်လာမှာကွ၊ ရိပ်သာမှာ လိုတာလုပ်ထားပေးပါဦး''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အတင်းစကားဖြတ်လိုက်သည်။

"မနက်အစောကြီးကတည်းကအလိုက်သိစွာပြင်ပေးထားပါတယ်ဗျာ"

ကျွန်တော် ဒီမြို့ရောက်စက ညကျောင်းတွင် စာဝင်ပြစဉ်ကပင် ခင်ဖြူဝင်းအား စတင်သတိထားမိ၏။ ဆယ်တန်း(ခ)နှင့် အောင်ထားသည့် မြို့မ သမမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ ဆယ်တန်း(က) အောင်ရန် ကြိုးစားနေသည်။ အတန်းထဲတွင် စာအထူးကြိုးစားသည်။ မကြာခဏ ကျွန်တော့်အား စာများမေးတတ်သည်။ ကျောင်းဆရာတစ်ဖြစ်လဲ စစ်သား၊ ကျွန်တော်ကလည်း စာပြနေရရင်ကျေနပ်နေတတ်သူ။ ဒီလိုနှင့် ခင်ဖြူဝင်းနှင့် ရင်းနှီးခဲ့သည်။ သူမ စာမေးပွဲအောင်၍ ထမင်းဖိတ်ကျွေးရာ သွားစားခဲ့ဖူးသည်။ ထိုစဉ်က ဗိုလ်ကြီးဘုန်းဖော်ရွှေလည်း ပါ,ပါသည်။ ခင်ဖြူဝင်းက စကားပြောရင် သူမကိုယ်သူမ "အဝင်း ကလေ၊ အဝင်း ကလေ" ဟု ချစ်ဖွယ် ပြောတတ်သည်။

အထူးခြားဆုံးကား

ခင်ဖြူဝင်းတစ်ယောက် ကျွန်တော်စရောက်သည့်နှစ်မှာ သူမတို့မြို့၌ လှယဉ်ကျေးမယ် ပထမရခဲ့ခြင်းပင်တည်း။

၇ ၅ ၇

နေ့လယ် ဆယ့်နှစ်နာရီလောက်တွင် ချစ်ဖနီးချော ဟိုင်းလက်စ်ကားဖြင့် ရောက်လာပါသည်။ တပ်က စီစဉ်ပေးလိုက်တာတဲ့။ ဖနီးသည်က ရောက်ရောက်ချင်း

"ကဲ ကိုရေ၊ အချိန်သိပ်မရဘူး၊ မေ့ကို ဘယ်လိုက်ပို့မလဲဟင်၊ ဒီမှာ ဘာတွေရှိလဲ"

"စီစဉ်ထားပါတယ်ဗျာ၊ ပို့မှာပါ"

မရွှေမေရီအားခေါ်လာသည့်ကားဖြင့်ပင် မြို့ပတ်ဝန်းကျင်က စိတ်ဝင်စားစရာနေရာများလိုက်ပို့ရင်း ထိုနေ့ညနေခင်း အချိန်ကုန်သွားသည်။ ဖနီးသည်ကတော့ တစ်ခါမှမရောက်ဖူးသည့်နေရာများကိုရောက်ရ၍ ကျေနပ်နေ၏။ အပြန်တွင် မြို့တွင်းရောက်တော့ ဈေးဆိုင်များကိုတွေ့ရာ

"ကိုရေ တရုတ်အိပ်ရာခင်းတွေရှိရင် ဝယ်သွားရအောင်၊ ဒီက မန္တလေးထက်တောင် ဈေးချိုတယ်တဲ့"

"ဝယ်လေ၊ ဝယ်တာပေါ့"





"ဒါဆို လိုက်ပို့လေ၊ ဟောဟိုမှာလည်းရှိတာပဲ၊ ဟို သမဆိုင်မှာလေ"

မြို့လယ်ရှိ မြို့မ သမဆိုင်ကြီးက ပစ္စည်းစုံလှသည်။ မေရီက မပြောမဆို ဆိုင်တွင်းဝင်သွားရာ ကျွန်တော်လည်း လိုက်သွားရပါတော့သည်။ ဆိုင်တွင်းဝင်မိသည်နှင့်

"ဟော ဗိုလ်ကြီးပါလား၊ ရာထူးတိုးပြီး ပြောင်းတော့မလို့ဆို၊ အဝင်းတို့က ဝမ်းသာနေကြတာ"

အရပ်မြင့်မြင့်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ အသားအရည်ဖါဝင်း စိုပြည်၍ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆစ် ပြေပြစ်ကျနလှသည့် အလှပိုင်ရှင် အသက်နှစ်ဆယ်ကျော်အရွယ် အမျိုးသမီးလေးကကျွန်တော့်ကို အပြုံးဖြင့် ဆီးကြိုနှုတ်ဆက်လိုက်ရာ

"သြော် အင်း၊ ဟုတ်တယ် အဝင်းရဲ့၊ အဲဒါကြောင့် ကိုယ့်အမျိုးသမီးတောင် ဒီနေ့လိုက်လာတာ၊ ဒီကိုရောက်ဖူးအောင်၊ ဒါ ကိုယ့် အမျိုးသမီးလေ"

ကျွန်တော်က စကားရောဖောရောဖြင့် မိတ်ဆက်ပေးလိုက်ရာ ဖနီးသည်က စူးစမ်းသည့်အကြည့်ဖြင့် စူးစူးရှရှတစ်ချက်ကြည့်လိုက်ပြီး

"ဒီတရုတ်အိပ်ရာခင်းတွေ ဘယ်လောက်လဲ"

"သြော် တစ်ထည် တစ်ရာ့အစိတ်ပါ မမ"

"အဲဒါဆို လေးထည်ပေးပါ၊ ဘောက်ချာပါ ရေးပေးနော်"

ဖနီးသည်က သံပြတ်ဖြင့် ပြောလိုက်၏။

ကျွန်တော်က ငွေငါးရာအား ကမန်းကတန်း ထုတ်ပေးလိုက်ပါသည်။ ဖနီးသည်၏ ခပ်လောလော အမူအရာကြောင့် သမအဖွဲ့သားများကိုတောင် နှုတ်မဆက်နိုင်ဘဲ ကားပေါ်တက်ပြီး ပြန်ထွက်လာချိန်တွင်တော့ ဖနီးချော၏ တိုက်စစ်စပါလေတော့သည်။

"ဘယ်လိုလဲ အညာသားကြီးရဲ့၊ ကိုယ့်ယောကျ်ားရိုးလှပြီ ထင်နေတာ၊ အညာသားလူရိုးမဟုတ်ဘဲ အညာသားလူလည်နဲ့ လာတွေ့နေပြီ"

"ဘာကိုပြောတာလဲ ဒါလင်"

"ဘာရမလဲ၊ အဲဒီအမျိုးသမီးက ကို့ဆီ စာရေးတဲ့အဝင်းဆိုတဲ့ကောင်မ မဟုတ်လား၊ သူ့ရင်ဘတ်မှာ ခင်ဖြူဝင်းဆိုတဲ့ နာမည်ကြီးလည်း



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားတာ တွေ့တယ်''

''ဘယ်စာလဲ၊ ဘယ်တုန်းကလဲ''

''အံမယ်၊ မသိချင်ဟန်ဆောင်မနေနဲ့ ကိုယ်တော်မြတ်ရဲ့၊ ဟို ပထမရောက်ခါစအပတ် စစ်ဆင်ရေးအပြန်တုန်းက ပုံးထဲမှာပါလာတဲ့စာလေ''

''ဩော် မနှစ်တုန်းကဟာမို့လား၊ မဟုတ်ပါဘူး''

''ဘာမဟုတ်ရမှာလဲ၊ ဟင်း ဟင်း မေ့ကို ဒါမျိုးလုပ်လို့ ဘယ်ရမလဲ၊ ဒါသိချင်လို့ကို သက်သက် ဒီလိုက်လာတာ၊ ကြည့် ဘောက်ချာမှာ သူ့လက်ရေး ဟောဒါက ကို့ကောင်မရဲ့စာနဲ့ အရင်လက်ရေး''

မဈွေမေရီက ပြောပြောဆိုဆို သူမလက်ပွေ့အိတ်ထဲတွင် လပေါင်းများစွာ သိမ်းဆည်းထားခဲ့ဟန်တူသည့် ခင်ဖြူဝင်းရဲ့စာကို ထုတ်ပြသည်။ အင်းစိန် စီအိုင်ဒီ သွားပြစရာမလိုပါ။ လက်ရေးနှစ်ခုလုံးက တစ်ပုံစံတည်းပါပဲ ခင်ဗျာ။

''ကဲ ဘာပြောဦးမလဲ ကိုလူလည်ကြီးရဲ့၊ ငြင်းချင်သေးသလား''

''ဟဲ ဟဲ ဒါကတော့ကွာ၊ အဲ ဟုတ်သားပဲ''

''ဟင်း ဘာဟုတ်သားပဲလဲ၊ ကိုနော် အခုမှလာပြီး ပေါတောတော လုပ်မနေနဲ့ သွား''

နှစ်ဦးသားစကားများကောင်းနေစဉ် ကားက ရိပ်သာရှေ့ ရောက်ပြီး ရပ်သွား၏။ ဖနီးချောက ဆောင့်ဆောင့်အောင့်အောင့်နှင့် ရိပ်သာပေါ် တက်သွားသည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်အတွက် ပြင်ထားသည့် အိပ်ခန်းအတွင်းဝင်သွားပြီး အတွင်းမှ ဂလန့်ထိုးလိုက်ပါတော့သည်။

သူမစိတ်ဆိုးလျှင် လုပ်လေ့လုပ်ထရှိသည့်အတိုင်း ထမင်းမစားဘဲ တစ်ညလုံး ဆန္ဒပြပေရော့မည်။

''ဒါပဲနော် ကို၊ မေ့အကြောင်းသိတယ်မဟုတ်လား'' တဲ့။

အိပ်ခန်း တွင်းမှနေပြီးလည်း ကြောက်မက်ဖွယ်ရာ ခြိမ်းခြောက် ကြိမ်းဝါး လိုက်ပါသေးသည်။

ထိုညက ကျွန်တော့်မှာ ခပ်ကုပ်ကုပ်ဖြင့် ဖနီးသည် အခြေအနေကို စောင့်ကြည့်ရင်း အပြင်ခန်းတွင် သွားအိပ်လိုက်ရပါသည်။ အရေးထဲမှာ မြို့နယ်ဆရာဝန်ကြီး ဆေးထိုးပေးလိုက်သည့် တင်ပါးက အတော်နာနေသဖြင့် တင်ပါးကိုလက်ဝါးဖြင့် အသာအယာပွတ်ရင်း အလကားဖြစ်





သွားရသည့်ညကို နှမြောတသရင်း မဈွေမေရီကို ဘယ်လိုပြန်ချော့ရမလဲဆိုတာကို အသည်းအသန် စဉ်းစားရင်းနဲ့ မိုးစင်စင်လင်းလိုက်ရပါတော့သည် ခင်ဗျား။

ကံခေပုံများနဲ့ဗျာ၊ အရေးကောင်း ဒိန်းဒေါင်းဖျက်။

ဩော် မိန်းမဟူသဘိ ထိုက္ကတ္တိကား . . .။

၇-၉-၉၄

(ချစ်ဖနီး နော်မြရတနာသို့)

၁၉၉၅ခုနှစ်၊ ဇန်နဝါရီလထုတ်၊ စစ်ပြန်မဂ္ဂဇင်း

။ ၀ ။



www.burmeseclassic.com

www.burmeseclassic.com

## ညိုချောမလေး မအေး

ကနေ့ တစ်မနက်လုံး မေ့ကို ကျွန်တော် ချော့နေရသည်။ သို့ရာတွင် မေက စိတ်ဆိုးမပြေ၊ မျက်နှာကိုအပြည့်တင်းထား၏။ အခါတိုင်း မေစိတ်ဆိုးလျှင် သိပ်မကြာတတ်၊ ဗုဒ္ဓဟူးသမီးမို့လား သို့မဟုတ် ကျွန်တော့်ကို ချစ်သောကြောင့်လားတော့မသိ။

ကျွန်တော်က မျက်နှာချိုသွေးပြီး

''မေကလည်းကွာ၊ ကိုယ်က ချစ်လို့စတာ၊ သိပ်စိတ်ဆိုးသွားလား ဟင်''

ဟု ဆိုကာ မေ့ပါးလေး ပွတ်လိုက်၊ နဖူးလေးနမ်းလိုက်၊ လက်ကလေးဆုတ်ပေးလိုက်၊ သူမကိုယ်လုံးလေးကို မွှေလိုက်ဖက်လိုက်ဖြင့် မိနစ်အတန်ကြာလုပ်လိုက်ပါက မေကတဖြည်းဖြည်း ပြုံးလာသည်။ ထို့နောက်-

''ဟင်း လူလည်၊ တော်ပြီ၊ နောက်မစနဲ့''

ဟု ဆိုကာ စိတ်ဆိုးပြေစမြဲ။

ကနေ့မနက်တော့ ကျွန်တော့်ဇနီး မရွှေမေတစ်ယောက် ကျွန်တော့်ကို နာရီပေါင်း အတော်ကြာအောင် စိတ်ကောက်နေ၏။ ချော့လည်းမပျော့၊ မျက်နှာထားတင်းနေတာကလည်းမလျော့၊ ခက်နေချေပြီ။

ကျွန်တော်ကလည်း ကျွန်တော်ပါပေ၊ မေနဲ့ မန္တလေးတွင် အသေအချာ ချိန်းထားပါလျက်နဲ့ မေပြောသည့် နေရာကိုမသွားမိ၊ ဖုန်းနဲ့လှမ်းမေးတော့ မေတစ်ယောက် မရောက်သေးပါဘူး။ အခန်း Booking လည်း လုပ်မထားဘူးဟု ဟိုက လှမ်းဖြေသည့်အခါ

''အင်း မေတော့ ဒီနေ့ညရောက်မလာဘူးနဲ့ တူတယ်''

ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်ကာ မန္တလေးမြို့အဝင်က ရွှေမန္တလာဟိုတယ်ကြီးတွင်ဝင်ပြီး ညအိပ်လိုက်သည်။ တောင်ပေါ်က ဆင်းလာသည်မှာ ခပ်စောစောဖြစ်သော်လည်း လမ်းမှာမမျှော်လင့်ဘဲ ကားကဖောက်သွား၏။ ထို့ကြောင့် မန္တလေးရောက်တော့ ညမှောင်နေပြီ။ လာရသည့် ခရီးကလည်း တောင်တက်တောင်ဆင်း ခရီးကြမ်းကြီး၊ ထို့ကြောင့် လူက ပင်ပန်းနွမ်းနယ်နေ၏။ ပိုဆိုးသည်မှာ ကျွန်တော့ Boss ၏သမီးချော ကေသီပါလာခြင်းပင်။





ကျွန်တော်တို့ တာဝန်ကျရာဒေသသို့ ကေသီနဲ့သူမ၏ ကြီးဒေါ်တို့က လွန်ခဲ့သည့် တစ်ပတ်ခန့်က အလည်ရောက်လာကြသည်။ ပထမဆုံးအကြိမ် သူ့အဖေဆီလိုက်လာခြင်းဖြစ်၏။

''ကဲ ဦးသက်ဦးရေ၊ ခင်ဗျားတူမကို ဒီမြို့ပတ်ဝန်းကျင်က ကြည့်စရာ ရှုစရာလေးတွေ လိုက်ပြလိုက်စမ်းပါဦး၊ ခင်ဗျားကတော့ နှံ့စပ်တယ်''

ကေသီ ရောက်လာသည့်ညနေက ကျွန်တော့်Boss က ကျွန်တော့်ကို သူ့သမီးနဲ့ မိတ်ဆက်ပေးရင်း ယုံကြည်စွာဖြင့် တာဝန်ပေးပါသည်။ ကေသီဆိုသည့် ကေသီကလည်း တွေ့လျှင်တွေ့ချင်းပင်

''ဟယ် ကေသီက အန်ကယ့်ကို ဖေဖေ့လက်ထောက်အရာရှိဆိုတော့ လူကြီးကြီး ထင်နေတာ၊ အန်ကယ်ကငယ်ပြီး အတော်နုတယ်နော်''

ဟု ဆိုလိုက်ရာ မသိမသာမြှောက်ပင့်ပေးသလား၊ တကယ်ပဲ ပြောလေသလားတော့မသိ၊ ကျွန်တော် မောင်သက်ဦးတစ်ယောက် မကေသီအား တစ်ပတ်ခန့် ကိုယ်ရံတော်တပ်မှူးလေးလုပ်ပြီး မြို့အနှံ့လိုက်ပို့ရပါတော့သည်။

ဤနေရာတွင် တစ်ခုတော့ ပြောလိုပါသေးသည်။ ကေသီ့အဖေနှင့် ကျွန်တော်သည် အသက် နှစ်ဆယ်ကျော်ကွာပါသည်။ ထို့ကြောင့် သူ့အဖေနှင့်နှိုင်းက ကျွန်တော်သည်နုသည်ဆိုသည်မှာ အမှန်ပင် ဖြစ်ပါလိမ့်မည်။ ကေသီ့အဖေက အသက်ခြောက်ဆယ်ကျော်ပြီး Extension ရထားသူဖြစ်ပါ၏။

ကေသီက နိုင်ငံခြားပြန်ဖြစ်သည်။ ထို့ကြောင့် Style ကလည်း Westernize ဖြစ်သည်။ Jean Pant တွေ၊ Sport Shirt တွေလည်း ဝတ်၏။ အသက်ကမူ နှစ်ဆယ့်ငါးနှင့် သုံးဆယ်ကြားတွင် ရှိမည်ထင်သည်။ ကိုယ်လုံးကိုယ်ထည်ကလည်း ခါးသေးသေး ရင်ချီချီဖြင့် ညိုချောချော၏။ နိုင်ငံခြားပြန်ဖြစ်ရုံမက ခရစ်တော်၏သမီးပျိုဖြစ်၍လည်း ဆက်ဆံရေးက သွက်လက်ပွင့်လင်းလှ၏။ သူမနှင့်အတူမြို့ကို လှည့်ကြည့်သည့်အခါ ကျွန်တော်က အလိုက်သိစွာ ကားနောက်သို့သွားထိုင်သည်။ ထိုအခါမျိုးတွင် ကေသီက

''အို အန်ကယ်ကလည်း လာပါ အန်ကယ်ရဲ့၊ ဒီမှာ ထိုင်ပါ''

ဆို၍ လက်ကိုဆွဲပြီး သူမဘေးတွင် ထိုင်ခိုင်းတတ်သည့် သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ရက်သတ္တတစ်ပတ်ခန့်မြို့ကို လည်ပတ်လိုက်ရ၍ သူမသုံးနေကျ ရေမွှေးနံ့ကို မှတ်မိနေရုံမက ကေသီ၏ ဖိုးခနဲ ဖက်ခနဲ လုပ်တတ်သည့် အပြောအဆိုဟန်ပန် အမူအရာများကို ကျွန်တော်သိသွား၏။ ထို့ကြောင့်-

''အင်း ဒီပုံနဲ့ဆို မေနဲ့ မလွယ်ဘူး ထင်တယ်''

ဟု စဉ်းစားမိပါသည်။

သို့ရာတွင် ကိစ္စက ဒီလောက်နှင့် ပြီးမည်ထင်ပါ၏။ ကိုယ်က လူကောင်းသူကောင်းပဲ၊ ဟိုကလည်း ရိုးရိုးသားသားပဲ၊ ဘာမှ မဖြစ်လောက်တန်ရာပါ။

ဒါပေမယ့် ကျွန်တော် ထင်ထားသလို ဖြစ်မလာပါချေ။

❛ ၉ ❜

''ဦးသက်ဦး နက်ဖြန်ပြန်ရင် ကေသီနဲ့ သူ့အန်တီကို ပြန်ခေါ်သွားစမ်းပါဗျာ၊ ဟိုမှာ သူ့ Master တက်ဖို့လည်းရှိသေးတယ်၊ သူ့ နိုင်ငံခြားကိစ္စတွေကလည်း မပြတ်သေးဘူး''

ဟု Boss ကဆိုပါတော့သည်။

အထက်အရာရှိ၏ စကားဆိုတော့ မပယ်ရှားဝံ့၊ ကေသီ့ကို ကျွန်တော့် မာဇဒါဂျစ်ဖြင့် တင်ခေါ်လာရ၏။ ဒီတစ်ခေါက်မှ မာဇဒါဂျစ်ကလည်း သူ့သခင်မ မေ မဟုတ်၍ထင့်၊ တစ်လမ်းလုံး ဖောက်လာ၏။ အတူပါလာသူ ယာဉ်ပြင်ကလေးလည်း ကားခဏခဏနှိုက်ရသည်မှာ ချွေးပြန်နေ၏။ ကာဘရိုက်တာ မကောင်းဟုဆို၏။ ကားက ''ဖွတ်ချက်၊ ဖွတ်ချက်'' ဖြစ်နေ၍ ကေသီ့ကို အားနာ၏။

''ကားမကောင်းတော့ အားနာတယ် ကေသီရယ်''

ကျွန်တော်က တောင်းတောင်းပန်ပန်ပြန်ပြောသည့်အခါ-

''အို၊ နို၊ နိုး အန်ကယ်၊ ကေသီက Inland မှာ ဒါ First Time ဆိုတော့ အတွေ့အကြုံလည်းရ၊ အန်ကယ်နဲ့ စကားပြောရတာလည်းကောင်းဆိုတော့ ပျော်ပါတယ်''

ဟု ဆိုပါတော့သည်။

ကေသီက မန္တလေးတွင် တစ်ရက်၊ နှစ်ရက်တော့ နေချင်သေးသည်၊ သူမအဖေကို ပြောခဲ့ပြီးပြီ၊ ရွှေမန္တလာဟိုတယ်ကြီးတွင်ပင် ဆက်တည်းမည်၊ ဖြစ်နိုင်လျှင် ကျွန်တော့်ကိုပါ သူမနှင့်အတူ မန္တလေးတွင်





နေနိုင်းနေ၏။ ဒါကတော့ မဖြစ်နိုင်ပါ။

''နက်ဖြန်ပြန်မှ ကေသီရဲ့ အိမ်က မိန်းမက ဒီညမန္တလေးက လာစောင့်နေမှာ''

''ဩော် အန်တီမေ လာစောင့်နေမှာလား၊ ဒါဆိုတော့ ပြန်ပေါ့ အန်ကယ်ရယ်၊ အင်း အန်တီမေက သိပ်ကံကောင်းတယ်နော်''

''ဘာဖြစ်လို့လဲ ကေသီ''

''ဘာဖြစ်ရမလဲ အန်ကယ်ရဲ့ အန်ကယ်က တအားသဘောကောင်းတာ၊ ကေသီတောင် အန်ကယ့်ကို တစ်ခါတွေ့တာနဲ့ သိပ်သဘောကျသွားပြီ''

ကျွန်တော် ခေါင်းနပန်းကြီးသွား၏။ ရော် ခက်ပြီ၊ ဒီမိန်းကလေး ရိုးရိုးသားသားပြောတာပဲ ဖြစ်ပါလိမ့်မည်။

''ကျေးဇူးတင်ပါတယ် ကေသီ''

ထိုနေ့ညက မန္တလေးဝင်တော့ မိုးချုပ်ပြီ၊ မေပြောသည့်နေရာကို လှမ်းမေးတော့ မေ မရောက်လာသေး၊ ဒီနေ့တော့ ရောက်အုံ့မထင်၊ ကေသီကလည်း

''အန်တီမေ မရောက်သေးရင် အန်ကယ် ဒီညဒီမှာအိပ်ပါ အန်ကယ်ရဲ့ မိုးလည်းချုပ်လှပြီပဲ''

ဟု အတင်းပြောလာသည်။ အားနာတတ်သည့် ကျွန်တော့်မှာ ခရီးကလည်း ဖန်းနေသဖြင့် ကေသီတို့နှင့်အတူ အခန်းချင်းကပ်၍ တည်းလိုက်မိပါတော့သည်။

ဤသည်ပင်လျှင် ကျွန်တော်၏ မဟာအမှားကြီးဖြစ်တော့၏။

❛ ၉ ❜

''ဘာပြောတယ် ကို၊ ကို ညကတည်းကရောက်နေတယ် ဟုတ်လား''

''ဟုတ်ပါတယ် မေ''

''ဟင် ဒါဖြင့် ဘယ်မှာအိပ်လဲ''

''ရွှေမန္တလာမှာလေ''

''ကိုတစ်ယောက်ထဲလား''

''မဟုတ်ဘူး၊ Boss ရဲ့ သမီးကေသီပါ ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာ''

ဒီတစ်ခါ မေ၏ 'ဘာ' ဆိုသည့်အသံမှာ မိုးခြိန်းသံတမျှ ကျယ်လောင်သွား၏။

''ဟင်း၊ ဟင်း ကိုက ကိုယ့်မိန်းမကျတော့ ဂရုမစိုက်ဘူး၊ လာမရှာဘူး။ ဒီကဖြင့် မိုင်သုံးလေးရာက လာစောင့်နေရတာ၊ သူကတော့တခြားကောင်မနဲ့ သွားပြီးအကြည်ဆိုက်နေတယ်''

''မဟုတ်ရပါဘူး မေရယ်၊ ကိုယ်နှစ်ခါ သုံးခါမေးပါတယ်၊ မေမရောက်သေးဘူးဆိုတော့ ဒီည မရောက်တော့ဘူးထင်လို့ပါ''

''အို ဒီကလည်း ကမန်းကတန်းဆိုတော့ မီရာနောက်ဆုံးကားနဲ့ လိုက်လာရတာ၊ နောက်ကျတာပေါ့''

''တော်ပြီ၊ တော်ပြီ၊ မေချစ်သလောက်ကို မေ့ကို မချစ်ဘူး၊ဟိုကောင်မကလည်း ငါ့လင်ကို လုချင်သလားမသိဘူးလား၊ တစ်ခါတွေ့တာနဲ့ပဲ ဟင်း''

''အို သူများသားသမီးကို အဲဒီလို မပြောပါနဲ့မေရယ်၊ လူကြီးလူကောင်းတွေပါ''

''အောင်မယ် ကိုက ကို့ကောင်မ ထိလို့နာသလား၊ ဘာလူကြီးလူကောင်းလဲ၊ ကောင်မကိုက နန့်ပြာပြာနဲ့၊ ဟင်း''

မေက ကေသီကို ရန်ကုန်မှာ မြင်ဖူးထားသည်။ ထိုစဉ်ကတည်းက သိပ်ကြည့်မရဟု ပြောဖူးသည်။ မေနဲ့ ကျွန်တော် ထိုနေ့မနက်က အထက်ပါအတိုင်း အချီအချ ပြောကြသည်။ အရေးထဲ မာဖဒါဂျစ်ကလည်း မောင်းမရတော့၍ ယာဉ်ပြင်လေးနှင့် မန္တလေးတွင် အပ်ထားခဲ့ရသည်။ နောက်ဆုံးတော့ ရှီးမအနောက်ဘတ်စ် ကားကြီးဖြင့် မကွေးသို့ပြန်ခဲ့ရပါတော့သည်။ မပြန်လို့ကလည်းမဖြစ်၊ မပြန်ရင် မရွှေမေက ကျွန်တော့်ကို ကေသီနဲ့ ပေးစားနေပါချေဦးမည်။

ဩော် အခက်သားပါလား ခင်ဗျာ။

ကျွန်တော်တို့စီးသည့် ရှီးမအနောက်ကားကြီးက မနက် ၉ နာရီတွင် မန္တလေးကထွက်သည်။ ကားထွက်ခါနီးမှ အမျိုးသမီးငယ်နှစ်ဦး ကမန်းကတန်း ကားပေါ်တက်လာသည်။ နေရာလွတ်များ ခပ်များများရှိသော်လည်း





ဘာကြောင့်မှန်းမသိ။

''ဟိုဘက်နည်းနည်းတိုးပေးပါ အစ်ကို''

ဟုဆိုကာ ကျွန်တော်နဲ့မေတို့ ထိုင်နေသည့် ထိုင်ခုံကို အိခနဲဝင်ထိုင်လိုက်ရာ ကျွန်တော်က မေ့ဘက် အနည်းငယ်တိုးလိုက်၏။ မေကတစ်ချက်မျက်စောင်းထိုးကြည့်လိုက်သည်။ မိန်းမငယ်နှစ်ဦးအနက် ကျွန်တော်နှင့်ကပ်ထိုင်နေသည့် အကြီးမက အသားညိုညို၊ ခပ်တောင့်တောင့်၊ ခပ်ထူထူနှုတ်ခမ်းအား နီရဲအောင် နှုတ်ခမ်းနီဆိုးထားသည်။ ပါးတွင် သနပ်ခါးကဘေးကျားလူးထား၏။ ဆံပင်ကမူ ခပ်ဖွာဖွာ။

ခပ်တင်းတင်း ဝတ်ထားသော လုံချည်အနက်ပေါ်တွင် ရှန်သားအင်္ကျီအနီ ခပ်ကျပ်ကျပ်အား ဆင်မြန်းထား၏။ အနားကပ်ပြီး ထိုင်လိုက်တော့သူမထံမှ ဈေးပေါပေါ ရေမွှေးနံ့ရလိုက်သည်။ အသက်ကတော့ နှစ်ဆယ့်လေးနှစ်ဆယ့်ငါးထက်ငယ်အံ့မထင်၊ အငယ်မလေးကတော့ နှစ်ဆယ်ခန့်ရှိမည်ထင်၏။ အကြီးမလိုတော့ မဟုတ်၊ အပြင်အဆင်က ခပ်ရိုးရိုး။

''အစ်ကိုက ဘယ်သွားမှာလဲဟင်''

''မကွေးကိုပါ''

''ဩော် မအေးတို့ကတော့ ရေနံချောင်းနားမှာ ဆင်းမှာဆိုတော့ အစ်ကိုနဲ့ သိပ်မဝေးဘူးပေါ့''

''ဟုတ်ကဲ့၊ ဟုတ်ကဲ့''

''အစ်ကိုက အရပ်သားလား၊ ဘာလုပ်လဲ''

''ဝန်ထမ်းပါ''

လမ်းတွင် ကျွန်တော့်ဘေးကပ်ထိုင်နေသည့် ညိုညိုတောင့်တောင့် မအေးဆိုသည့် မိန်းမငယ်က စကားမရှိစကားရှာပြီးမေးရာ ကျွန်တော်ကလည်း အလိုက်သင့်အလျားသင့် ပြန်ဖြေလိုက်မိ၏။ ထိုအခါကျမှ တစ်မနက်လုံး စိတ်ကောက်နေသည့် မရွှေမေက မြစ်ငယ်တံတား မရောက်မီမှာပင်

''ကို ဒီဘက်လာ''

ဟု ခပ်ဆတ်ဆတ်ပြောပြီး ကျွန်တော်နှင့် နေရာချင်း လဲလိုက်ပါတော့သည်။

ထိုစဉ် ရှေ့တန်းခုံတွင်ထိုင်နေသည့် လူငယ်လေးဦးက မှန်မှနားထုတ်



www.burmeseclassic.com

www.burmeseclassic.com



စားကြသည်။ မန္တလေးထိုးမုန့်များဖြစ်၏။

"ဟယ် ထိုးမုန့်စားချင်လိုက်တာ"

မအေးဆိုသည့် မိန်းမငယ်က ခပ်ညှညှ ခပ်ရွဲ့ရွဲ့သံဖြင့် ဆိုလိုက်၏။

"အို အစ်မကလဲ"

သူမဘေးမှ အငယ်မက ဟန့်လိုက်သည်။

"ဘာလဲဟဲ့၊ စားချင်လို့ စားချင်တယ် ပြောတာပဲ"

"ဩော် စားရပါတယ်ဗျာ၊ ရော့ စားကြပါ၊ အစ်ကိုကြီးတို့လည်း စားပါဦးခင်ဗျာ"

မုန့်စားနေသူ လူရွယ်လေးဦးအနက် အလယ်မှ ရည်ရည်မွန်မွန် လူရွယ်မှ မုန့်သုံးလေးတုံးအား နောက်သို့လှည့်ပေးပြီး ကျွန်တော်တို့ကိုပါ မုန့်များစားရန် ဖိတ်ခေါ်ပါတော့သည်။ မအေးကတော့ ဖိုးခနဲ ဖက်ခနဲ ယူပြီးစား၏။ ကျွန်တော်ကမူ ပြုံး၍လက်ကာ ပြလိုက်ပါသည်။

မုန့်စားပြီးသည့်နောက်တွင် ရှေ့ကလူရွယ်လေးဦးနှင့် မအေးတို့ အဖွဲ့ကျသွားသည်။ လက်ပံပင်ဇရက်ကျသည့်နှယ်။ ဟိုက မေးလိုက်၊ ဒီကဖြေလိုက်၊ ဒီကမေးလိုက်၊ ဟိုကဖြေလိုက်နှင့် အခုမှ ကြောင်ခံတွင်း ပျက်နှင့် ဇရက်တောင်ပံကျိုး တွေ့သွားသည့်ထင်၏။ သူတို့ ပြောစကားများ အရ မအေးက ရေနံချောင်းနှင့်မန္တလေး အရောင်းအဝယ် လုပ်နေသူ ဖြစ်ကြောင်းသိရ၏။ အဲ ဘာရောင်းသည်ဆိုသည်ကတော့ မပါပါ။ အငယ်မလေးက သူ့ညီမ၊ နာမည်က မထွေး၊ အရောင်းအဝယ်သင်ခါစတဲ့။ ရှေ့ကထိုင် လိုက်လာသူ လူရွယ်လေးဦးကတော့ ချောက်မြို့ရေနံမြေက ဝန်ထမ်းများ ဖြစ်ကြ၏။ သူတို့လေသံအရ အထိုက်အလျောက် စာတတ် ပေတတ်များ ဖြစ်ပုံရ၏။ သွက်သွက်လက်လက်နှင့် ပျော်တတ်ပုံလည်းရ၏။

"ကျွန်တော်တို့က ဝယ်တာ ဝါသနာပါတယ်ခင်ဗျ"

မအေးက အရောင်းအဝယ်လုပ်ကြောင်း ပြောသည့်အခါသူတို့က အထက်ပါတိုင်းဆို၏။

"ကျွန်မကလည်းရောင်းတိုင်း ကုန်တာပါပဲ"

ထိုအခါ အတိုင်အဖောက်ညီသွား၍ သဘောကျကာ "တဝါးဝါး တဟားဟား" ရယ်ကြ၏။

ဤသို့ဖြင့် သပြေဝသို့ ရောက်သည့်အခါ နေ့လယ်စာဆင်းစား





ကြသည်။ မအေးနှင့် မထွေးတို့က ချောက်မြို့က လူရွယ်အုပ်စုနှင့် ဆင်းလိုက် သွားသည်။

"ဟင်း ကောင်မကိုက ပြိတ္တာနဲ့၊ ပြောကို မပြောချင်ဘူး၊ ဒီနေ့ တစ်နေ့လုံး လင်လုချင်နေတဲ့ ကောင်မတွေနဲ့ချည်း လာတွေ့နေတယ်"

မေက မကျေမနပ်ဖြင့် ဆိုလိုက်သည်။

"မေကလည်းကွာ ကားပေါ်မှာ ခဏတွေ့တာပဲ၊ သူ့ဟာသူပြော ချင်တာပြောနေတာ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့"

"မဆိုင်လို့ပေါ့၊ ဆိုင်များဆိုင်ရင်တော့လား၊ ဟင်း"

မေက ပစ္စည်းမဲ့ဒေါသများ ထွက်ပြနေ၏။

သပြေဝမှ ကားပြန်ထွက်တော့ မအေးတို့စကားဝိုင်းက ဆက်ပြန်၏။ ထမင်းဆိုင်ကဟင်းများ မကောင်းကြောင်း၊ ကောင်းအောင် သူမ ချက်ပြချင် ကြောင်း မအေးက ဆိုလိုက်ရာ ခပ်စောစောက မုန့်ပေးသည့်လူရွယ်ကပင်

"မအေးချက်တာ စားချင်လိုက်တာဗျာ" ဟု ဆိုလိုက်၏။

"ဟင်း ဟင်း တကယ်စားချင်တာလား၊ စားချင်ရင် ရွာလိုက်ခဲ့ လေ၊ ဟိ ဟိ"

"အို အစ်မကလည်း"

အကြီးမက သူ့ဟာသူပြောပြီး သဘောကျ၍ ရယ်သည်ကို အငယ် မလေးက တားပြန်သည်။

"ဟဲ့ ရယ်တာ ဘာဖြစ်လဲ"

သူတို့ညီအစ်မချင်း တွတ်တွတ်တွတ်တွတ်လုပ်ကြပြန်၏။ ကျောက် ပန်းတောင်းရောက်တော့ မေ့ကို ကျော်ပြီး ကျွန်တော့်ဘက်ကို လှည့်ကာ

"အစ်ကို ငွေးချိုရောက်တော့မယ်နော်"

ဟု လှမ်းပြော၏။ ပြီးမှ

"ဩော် မေ့လို့၊ မေ့လို့ ငွေးချိုဆင်းမှာ အစ်ကိုတို့မှ မဟုတ်တာ" ဟုဆိုရာ ရှေ့က လူငယ်အုပ်စုက

"ကျွန်တော်တို့ဆင်းမှာလေဗျာ၊ မအေးက သိပ်မေ့တတ်တာကိုး၊ ကျွန်တော်တို့နဲ့ ခွဲတောင် မခွဲရသေးဘူး၊ မေ့နေပြီထင်တယ်"

ဟု ရယ်ရွှန်းပတ်ရွှန်းပြောလိုက်၏။

"အံမယ် မမေ့တတ်ပါဘူးနော်၊ ကွယ်မေ့ တွေ့သေအောင်လွမ်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မအေးမပါဘူး''

ဟု ပြောရ၍ မျက်စချိုးပြီး ဟန်ပါပါဖြင့် ပြဇာတ်မင်းသမီးစတိုင် ဖမ်းလိုက်ရာ ကျွန်တော့်မှာ သူမ အမူအရာကိုလှမ်းမြင်ပြီး ရယ်ချင်စိတ်ကို မမြိုသိပ်နိုင်တော့၍

''ခစ် ခစ်'' ဟု ရယ်လိုက်မိ၏။

''ကိုနော်၊ မကြီးမယယ်ကြီးနဲ့''

မေက တိုးတိုးတိတ်တိတ်ဖြင့် ကျွန်တော့်ပေါင်ဆွဲဆိတ်ကာ ဆိုလိုက်၏။

မကြာမီမှာပင် ဘတ်စ်ကားကြီးက တဝူးဝူးဖြင့် ဝွေးချိုလမ်းခွဲသို့ ထိုးဆိုက်လိုက်၏။ လူငယ်လေးဦးက မအေးကို လက်တပြပြဖြင့် နှုတ်ဆက်ကာ ဆင်းသွားကြသည်။

''ဘော်ဒါတွေ ဆင်းသွားတော့ ပျင်းသွားပြီဟယ်''

မအေး၏ စကားသံအဆုံးတွင် လွတ်နေသည့် ထိုခုံတန်းလျားသို့ ရဟန်းငယ်သုံးပါး တက်လာ၏။ ဦးပဉ္စင်းငယ်များဖြစ်ပါသည်။ ဦးပြည်းစိမ်းစိမ်းနှင့် ကြည်ညိုဖွယ် ရုပ်လက္ခဏာရှိကြ၏။

''ကိုယ်တော်တို့ ဘယ်ကြွကြမလဲ ဘုရား''

''အစ်မ အစ်မ၊ မလုပ်နဲ့ အစ်မ၊ အဲဒါ ဘုန်းကြီးတွေလေ၊ ငရဲကြီးနေဦးမယ်''

''အို ဘာဖြစ်လဲဟဲ့၊ ငရဲကြီးတော့ ငရဲလေးနိုင်တာပေါ့ဟဲ့''

မအေးက သူ့ညီမတားသည်ကို အထက်ပါအတိုင်းပြန်ပြောကာ အငေါ်တူးလိုက်၏။ ရဟန်းငယ် သုံးပါးကတော့ ဘာဖြစ်လာလို့ ဘာဖြစ်နေသည်ကို သိပုံမရကြပါ၊ နောက်ကနေပြီး လှမ်းမေးလိုက်သည့် မအေးကိုသာ အထူးအဆန်းသဖွယ် ကြည့်၍

''မကွေးကြွမလို့ပါ''

ဟု ဣန္ဒြေရစွာ ပြန်ဖြေ၏။

''သြော် အစ်ကိုတို့နဲ့ အတူတူကိုး''

ဟု ကျွန်တော့်ဘက်လှည့်ပြီး ဆိုဖြစ်အောင် ဆိုလိုက်သေးရာ မေ့မျက်နှာထား ပို၍တင်းသွား၏။

မအေး ငြိမ်သွားသည်။ ကားကြီးကလည်း အရှိန်ပြင်းစွာမောင်း၏။





မကြာမီ ရေနံချောင်းနှင့်မလှမ်းမကမ်းက ရွာလေးတစ်ရွာသို့ ရောက်ပါတော့သည်။ မအေးတို့ ညီအစ်မဆင်းသည်။ အဆင်းတွင် မအေးက အေးအေးဆေးဆေး ဆင်းမသွား။

''ကိုယ်တော်တို့ တပည့်တော်မ ဆင်းပြီဘုရား''

ဟု လုပ်ဖြစ်အောင် လုပ်သွားသေးသည်။ မေ့ဘေးက ကျွန်တော့်ကိုလည်း

''အစ်ကိုသွားပြီနော်''

ဟု နှုတ်ဆက်သွားသေးသည်။

မေက 'ဟင်း' ဆိုပြီး နှာခေါင်းရှုံ့ပြလိုက်၏။ ကျွန်တော်ကမူ ရယ်ချင်စိတ် တစ်ဝက်တစ်ပျက်ဖြင့် စဉ်းစားခန်းဝင်လိုက်၏။

အရွယ်ကောင်းကောင်းနှင့် ရုပ်ရည်သနားကမားရှိသော ညိုချောလေးမအေး၊ အရောင်း အဝယ်မလေး မအေး၊ နာမည်က မအေးဆိုသော်လည်း လူမအေးနိုင်သည့် မအေး။

သြော် ဘယ်လိုများ ဖြစ်နေရတာလဲ မအေးရယ်။

ကေသီကိုတော့ထားပါတော့၊ မအေးလို မိန်းကလေးမျိုးကို နောက်တစ်ခါ မေစိတ်ဆိုးမည်ဆိုပါက ကျွန်တော်တားမည် မဟုတ်တော့ပါ။

(လွန်ခဲ့သည့် ဆယ်ငါးနှစ်ခန့်က ကြုံကြိုက်မှုတစ်ခုကို သတိရနေမိပါသည်။)

မြို့တော် မဂ္ဂဇင်း၊ အမှတ်(၁၂၂)



www.burmeseclassic.com

www.burmeseclassic.com



## သက်ထားနဲ့ဆင့်ဆင့်

| | | |
|---|---|---|
| သူ့ရဲ့ | - | ရဲမက်ကို |
| ရဏာပုနာဂတံ | - | စစ်အောင်၍ပြန်မှ |
| ပသံသေယျ | - | ချီးမွမ်းရာ၏။ |
| ဒါရဥ္စ | - | မယားကိုလည်း |
| ဂတယောဗ္ဗနံ | - | အရွယ်လွန်မှ |
| ပသံသေယျ | - | ချီးမွမ်းရာ၏။ ။ |

(လောကနီတိ)

မနက်က မင်္ဂလာဒုံလေဆိပ်ရောက်ရာ ခင်သက်ထားကို မမျှော်လင့်ဘဲ တွေ့ခဲ့သည်။ ခင်သက်ထားက ပြုံးလို့ရယ်လို့၊ သူမဘေးမှာတော့ အသက်လေးဆယ်ခန့် အသားညိုညို၊ ထောင်ထောင်မောင်းမောင်း ယောကျ်ားတစ်ဦးပါသည်။ ခင်သက်ထားရဲ့ ခင်ပွန်းပဲထင်ရဲ့။

လေဆိပ်အဝင်ပေါက်တွင် ကျွန်တော်နှင့် ဖြုန်းခနဲတွေ့ကြရာ ခင်သက်ထားက ကျွန်တော့်မြင်တော့ အရယ်ရပ်ပြီး အံ့သြဟန်ဖြင့် ကြောင်သွားသည်။ ပြီးတော့ မမြင်ဟန်ပြု၍ သူ့လူနဲ့ ဆက်ထွက်သွားသည်။

"ဩော် ဖြစ်မှ ဖြစ်ရလေ သက်ထားရယ်၊ တို့တောင် နှုတ်မဆက်နိုင်တော့ပါလား"

၇ ၈ ၇

တစ်နေ့လုံး ခင်သက်ထားရဲ့ ဟန်ပန်ကို တနုံ့နုံ့စဉ်းစားရင်း ပြန်မြင်နေမိပါသည်။

လွန်ခဲ့သည့်ခုနစ်နှစ်ခန့်က ခင်သက်ထားသည် ကျွန်တော်၏ သူငယ်ချင်း တင်ထွန်းအောင်ရဲ့ဇနီး။ တင်ထွန်းအောင်နဲ့ ကျွန်တော်တို့စဉ်က မြေလတ်ရှိ ခြေမြန်တပ်ရင်းတစ်ရင်းတွင် အတူတာဝန်ကျခဲ့သည်။ တပ်ထဲအတူ ဝင်ခဲ့ကြသည့် သူငယ်ချင်းချင်းမို့ ကျောင်းဆင်း၍ ဆယ်နှစ်ကျော်ခန့် တာဝန်ထမ်းဆောင်ပြီး ပြန်တွေ့ချိန်တွင်တော့ နှစ်အိမ်တစ်အိမ်ဖြစ်ခဲ့သည်။ ယောကျ်ားချင်းသာမက ကျွန်တော့်ဇနီးမေနဲ့ တင်ထွန်းအောင်၏ ခင်သက်ထားတို့ မိန်းမချင်းလည်း အထူးရင်းနှီးကြသည်။ ခင်သက်ထားက မေ့ထက်သုံးနှစ်ခန့်ငယ်ပြီး အကြောင်းအားလျော်စွာ ရန်ကုန်တွင် မေ့ညီမနှင့် ကျောင်းအိပ်ကျောင်းစားနေခဲ့ဖူး၍ မေ့ညီမအရင်းသဖွယ်လည်းဖြစ်ခဲ့သည်။

ခင်သက်ထားက တင်ထွန်းအောင်ကို အလွန်ချစ်ပုံရသည်။ ရှေ့တန်းက ပြန်ရောက်ချိန်များတွင်

"အစ်ကိုရေ" "အစ်ကိုရေ" နှင့် အစ်ကိုချင်း မိုးမွှန်နေအောင်ခေါ်တတ်သည်။ တင်ထွန်းအောင် ကြိုက်တတ်သည်များကို နေ့ညကြော်လှော်ချက်ပြုတ်ကျွေးသည်။ တပ်ဝင်ချိန်များတွင် တင်ထွန်းအောင်က နိုင်းသဖြင့် သနပ်ခါးလည်း ခြေဆုံးခေါင်းဆုံးလိမ်းတတ်သည်။ အဝတ်အစားကိုလည်း တင်ထွန်းအောင် ရွေးပေးသည်ကိုမှဝတ်သည်။ ယောကျ်ားသွားလေရာ တကောက်ကောက်လိုက်သည်။ မေကတောင်

"အမလေး သက်ထားရယ်၊ မလွန်လွန်းဘူးလားကွယ်" ဟုစလျှင်

"မလွန်ဘူး မမရေ၊ မလွန်ဘူး။ အစ်ကို့ကို ချစ်လွန်းလို့ သက်ထားက တက္ကသိုလ်တက်ရင်းကတောင် ကျောင်းမပြီးဘဲ အစ်ကို့နောက်လိုက်လာတာ၊ ဖေဖေကဆို စိတ်ဆိုးလွန်းလို့သက်ထားကို အခုထိစကား မပြောတော့ဘူး"

တင်ထွန်းအောင်ရှေ့တန်းထွက်လျှင် ခင်သက်ထား အမြဲငိုတတ်သည်။ အတူနေချိန်များတွင် ယောကျ်ားလိုသမျှ အလိုလိုက် အကြိုက်ဆောင်သည်။ တင်ထွန်းအောင်က မြန်မာဆန်ဆန်နေထိုင်သည်ကို ကြိုက်တတ်၍ အိမ်ထောင်ကျကာစကပင် ခင်သက်ထားက တစ်ပတ်လျှိုဆံထုံးနှင့် မြန်မာအင်္ကျီလက်ရှည်နှင့်၊ အိမ်ထောင်မကျမီကတော့ စပို့ရှပ်နှင့်၊ ဘောင်းဘီအတို အရှည်နှင့်၊ ဆံပင်တိုတောင် ထားခဲ့သည်ဆိုပဲ။ ထိုစဉ်က ခင်သက်ထားတို့ အဖေကလည်း ဌာနဆိုင်ရာ အရာရှိကြီးတစ်ဦးဖြစ်၍ သမီးအငယ်ဆုံး ခင်သက်ထားအား အထူးအလိုလိုက်ထားသည်။ ခုတော့ အစစအရာရာ တင်ထွန်းအောင်အား သူမက ဦးစားပေးလွန်းသဖြင့် ကျွန်တော်တို့ကတောင်

"ဒီခေတ်မှာ အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္မုလဆိုတာ မရှိတော့ဘူးဆိုနေတာ၊ သက်ထားတွေ့မှ ရှိသေးသားပဲလို့"

ဟု နောက်သလို ပြောင်သလိုပြောလျှင် ခင်သက်ထားက တပြုံးပြုံးဖြင့် အထူးကျေနပ်နေတတ်သူ။ တင်ထွန်းအောင်ကတော့ ပင်ကိုယ်စကားနည်းသူဖြစ်၍ ဘာမှမပြောတတ်၊ သူ့ဇနီးက သူကြိုက်တာကိုပဲ လုပ်၍ သူကြိုက်တာကိုပဲလုပ်လုပ် "မိသက်ကလည်းကွာ" ဟုသာအမြဲပြောတတ်သူ။





www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးတစ်ခုတွင် တင်ထွန်းအောင် ကျဆုံးခဲ့သည်။

သူမသေမီမှာခဲ့၍ဟုဆိုကာ ရဲဘော်များက သူတို့တပ်ခွဲမှူး တင်ထွန်းအောင်၏ ရုပ်ကလာပ်မှ လက်သန်းလေးတစ်ချောင်းအား အရက်ပျံစိမ်၍ ပုလင်းလေးတစ်လုံးဖြင့် တပ်သို့ယူလာပေးသည်။ ထိုပုလင်းလေးကို ရင်ခွင်တွင်ပွေ့ပြီး ခင်သက်ထားက တက်မတက် ချက်မတက် ငိုသည်။

''အစ်ကိုရေ အစ်ကိုရဲ့ သက်ထားတို့ကို ထားခဲ့ပြီလား''

ဟုလည်း တကြော်ကြော်အော်သည်။ အားလုံးက ဝိုင်းနှစ်သိမ့်ကြရသည်။ ရက်အတော်ကြာ ငို၍မဆုံး။

သာရေးနာရေး ကိစ္စများပြီးစီးသွားသောအခါ ခင်သက်ထားနှင့် ကလေးနှစ်ယောက်အား ပင်စင်ယူပြီး ရန်ကုန်တွင် အခြေချနေသော သူမ၏ ဖခင်ကြီးနှင့် သူမ၏အမေ၊ အစ်မများကလာခေါ်သွားကြသည်။ ခင်သက်ထားနှင့် ကျွန်တော်တို့အဆက်ပြတ်သွားခဲ့ကြပါသည်။

ထိုကာလမှ ခြောက်လခန့်အကြာတွင် ကျွန်တော် တပ်ပြောင်းရပြန်၍ စစ်ရုံးသို့သတင်းပို့ရန် ရန်ကုန် ဆင်းခဲ့ပါသည်။ မေ့ပါခေါ်ခဲ့သည်။ အောင်ဆန်းကွင်းအနီးက မေ့အစ်ကိုအိမ်တွင် တည်းကြသည်။ မပြန်မီတစ်ရက် မေက အင်းစိန်ရှိ ခင်သက်ထားတို့အိမ်သွားပြီး ပြန်လာရာ၌

''အမလေး ကိုရယ်၊ သက်ထားကလေ ကိုတင်ထွန်းအောင်ရဲ့ လက်ချောင်းလေးကို ခုချိန်အထိ တယုတယလုပ်နေတာ၊ သူ့အမေနဲ့အစ်မတွေက ကြောက်ရာလွန်းလို့ အဲဒါမေ့ကို ဝိုင်းပြောပေးပါဦးဆိုလို့ မနည်းပြောပေးခဲ့ရတယ်''

''ဟုတ်လား၊ မေက ဘာပြောခဲ့လဲ''

''မေကလား၊ မေက ဒီလိုမလုပ်ကောင်းဘူး သက်ထားရဲ့၊ တော်ကြာ ကာယကံရှင် မကျွတ်မလွတ် ဖြစ်နေဦးမယ်၊ လွတ်ရာကျွတ်ရာ ပို့ပေးမှဖြစ်မယ်၊ ဘာညာပေါ့ကိုရာ၊ ချော့ရ ချွဲရတာပေါ့''

''အင်း၊ အဲဒီတော့ ဘာဖြစ်သွားလဲ''

''ဘာဖြစ်ရမလဲ ကိုရဲ့၊ သူ့ယောကျ်ား မကျွတ်မလွတ်ဖြစ်မှာစိုးလို့ဆိုပြီး မချွေထားက အဲဒီပုလင်းလေးကို လှိုင်မြစ်ထဲ သွားချလိုက်တယ်။ မေ့ပါ အဖော်ခေါ်လို့လိုက်သွားရသေးတယ်။ သူ့အမေနဲ့သူ့အစ်မတွေက မေ့ကို ကျေးဇူးတင်လွန်းလို့လေ''





မေက ဂုဏ်ယူဝင့်ကြွားစွာဖြင့် စကားကို အဆုံးသတ်လိုက်သည်။

ကျွန်တော်တို့ နယ်ပြန်ရောက်တော့ ရန်ကုန်လောကနှင့် အဆက်အသွယ်ပြတ်သွားခဲ့ပြန်ပါသည်။

❧ ❦ ❧

တပ်သစ်တွင် ရှေ့တန်းထွက်ရပြန်၏။ စစ်ဆင်ရေး လေးငါးလအကြာတွင် တပ်ပြန်နားသည်။ ဒီတစ်ခါ အနားပြန်တွင်တော့ ဇနီးသည် မချွေမေက ခရီးရောက်မဆိုက် သတင်းပို့သည်။

''ကိုရေ ခင်သက်ထားတစ်ယောက် ယောကျ်ားယူသွားပြီတဲ့''

''ဟာ ဘယ်လိုဖြစ်တာလဲ မေရဲ့၊ သူပဲ တင်ထွန်းအောင်ကို ချစ်လှချည်ရဲ့ဆို''

''မေတို့နဲ့တွေ့ပြီးတော့ ရန်ကုန်မှာ သူ ဆိုင်ခန်းရော၊ တိုက်ခန်းရော ရတယ်၊ တိုက်ခန်းကို သူ့ကလေးနှစ်ယောက်နဲ့ ရွှေ့နေသတဲ့၊ အဲဒီရပ်ကွက်မှာက သူကောလိပ်တက်ခဲ့တုန်း သူ့နောက်တကောက်ကောက် လိုက်ခဲ့ဖူးတဲ့ အမျိုးသားနဲ့ ပြန်တွေ့သတဲ့၊ ဟိုကအခုထိ လူပျိုလူလွတ်ဆိုပဲ၊ ခွေးကြီးမျိုးကြီးထဲကတဲ့၊ ဘော့စ်ကျတယ်ပြောတာပါပဲ၊ အဲဒါနဲ့ သိပ်မကြာဘူး ယူလိုက်ကြသတဲ့လေ၊ အားကိုးမရှိလို့ ယူတာဖြစ်မယ်ထင်ပါရဲ့''

မေက မိန်းမချင်းစာနာစိတ်ဖြင့် ပြောရှာပါသည်။

ကျွန်တော်ကတော့ မေ့လိုမစာနာနိုင်ပါ။ မစာနာတတ်ပါ။

''ဟာကွာ၊ ဟိုကောင်သေသွားတာ တစ်နှစ်တောင်မပြည့်သေးဘဲနဲ့ ကိုယ်တော့ မကျေနပ်ဘူးကွာ''

''နေပါဦး၊ အခုအဲဒီလူနဲ့ရတော့ သက်ထားက သူရထားတဲ့ ဆိုင်ခန်းတွေ တိုက်ခန်းတွေရော ဘာလုပ်သလဲ''

''ဘာလုပ်ရမလဲ၊ ဆိုင်ခန်းကတော့ ငှားစားတယ်။ တိုက်ခန်းကတော့ သူ့နောက်လူအသစ်လေးနဲ့ ဆက်ပြီး အတူနေသတဲ့''

''သေတဲ့လူ မျက်နှာမှ မထောက် ဟင်း တောက်''

မကျေမနပ်နဲ့ ကျွန်တော် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိပါသည်။

❧ ❦ ❧



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှ ပြန်လာပြီး စစ်ဆင်ရေးတစ်ပတ်စာ ရုံးအလုပ်များကို ကြိုးစားပြီးရှင်းနေရသည်။ လေဆိပ်မှာတွေ့ခဲ့သည့် ခင်သက်ထားရဲ့ နောက်လှနဲ့ ပြုံးပျော်ကြည်နူးနေသော ပုံရိပ်က ခဏခဏ လာပေါ်နေ၍ အလုပ်မတွင်လှ။ ညနေအတော်စောင်းသွားပြီ။

''ကလင် ကလင်''

ဖုန်းသံပါလား။ ကျွန်တော် ကောက်ကိုင်လိုက်ရာ–

''ကိုရေ ငါးနာရီထိုးနေပြီ၊ ရုံးမဆင်းသေးဘူးလား''

မေရဲ့အသံ။

''ဘာဖြစ်လို့လဲမေ၊ မပြတ်သေးတဲ့ဖိုင်တွေရှင်းနေတာ၊ ပြီးတော့မှာပါ''

ရုံးကို ဖုန်းဆက်ခဲသည့် မေ့အကြောင်းသိသဖြင့် ပြန်မေးလိုက်ရာ

''အိမ်မှာ ညွှံ့သည် ရောက်နေလို့ ကိုရဲ့၊ ကို့ ကို သိပ်တွေ့ချင်လို့တဲ့၊ ရောက်နေတာ ကြာပြီ၊ ဟို ညနေသုံးနာရီ မထိုးခင် ကတည်းကလေ၊ ခုပြန်ချင်နေပြီတဲ့''

တပ်ပြောင်းလာတာ သိပ်မကြာသေး၍ ကျွန်တော့်အိမ်ကိုလည်း ညွှံ့သည်လာလေ့လာထမရှိပါ။ ကျွန်တော့်ကို သိပ်တွေ့ချင်တဲ့သူ ဆိုတော့ ဘယ်သူများပါလိမ့်။ စဉ်းစား၍တော့မပေါ်။ ရုံးနဲ့အိမ်ကလည်း တပ်ဝင်းထဲမှာပင်ဖြစ်ရာ သိပ်မဝေးသဖြင့်

''ခုပဲ ပြန်ခဲ့မယ် မေ၊ ညွှံ့သည်လည်း စောင့်နိုင်းပါဦးလေ''

ကျွန်တော် ရုံးမှ အိမ်သို့ ပြန်ခဲ့ပါသည်။ ငါးမိနစ်ခန့်သာ ကြာသည်။ အိမ်ထဲသို့ ဝင်လိုက်ရာ ညွှံ့ခန်းတွင်းတော့

''ဟာ ဆင့်ဆင့်ပါလား၊ ဘယ်ကနေ ရောက်လာတာလဲ၊ သားပါ ပါလာတာကိုး''

ကျွန်တော့်ဇနီးသည်နှင့်အတူ ဆင့်ဆင့်နဲ့ သူမ၏ တစ်ဦးတည်းသော သားကလေး သန့်ဇင်ဝင်း။

''အစ်ကိုကြီးနဲ့ မမမေတို့ဒီရောက်နေတာကြားလို့ လာခဲ့တာ၊ အကြောင်းထူးမရှိပါဘူး၊ တွေ့ချင်တာ သက်သက်ပါပဲ အစ်ကိုကြီးရယ်''

''အခု ဆင့်ဆင့် ဘာလုပ်နေလဲ၊ သားကလေးကတော့ အရပ်ရှည်ရှည်နဲ့ ဖိုးသန်းဝင်းနဲ့ တယ်တူပဲနော်၊ ဘယ်နှစ်တန်းရောက်နေပြီလဲ''

''သားက အခု ခုနစ်တန်းပါ၊ ဆယ့်သုံးနှစ်လေ၊ သူ့အဖေဆုံး





တုန်းက နှစ်နှစ်သားသာသာပဲ၊ မဆင့်ကတော့ ကိုသန်းဝင်းဆုံးပြီးကတည်းက ဘခရမှာ စာရေးဝင်လုပ်နေပါတယ်။ လူကြီးတွေက ဆိုင်ခန်းတော့ ပေးပါတယ်၊ မဆင့်က ဈေးမှ မရောင်းတတ်တာ''

''နေတော့ရော''

''ရန်ကင်းမှာ တိုက်ခန်းရထားတယ်၊ အဲဒီမှာ သားနဲ့ပဲ အတူနေပါတယ်''

''ဩော် ဆင့်ဆင့်ရယ်၊ အင်း ဘာလိုလိုနဲ့ ဖိုးသန်းဝင်း ဆုံးသွားတာတောင် ဆယ်နှစ်ကျော်သွားပြီပဲ''

၈

လွန်ခဲ့သည့် ဆယ့်ခြောက်နှစ်ကျော်ကာလက ကျွန်တော်နှင့် သန်းဝင်းတို့သည် မွန်ပြည်နယ်ရှိ ခြေလျင်တပ်ရင်းတစ်ခုတွင် တာဝန်အတူကျခဲ့ကြသည်။ ထိုတပ်သို့ တစ်ရက်တည်း အတူရောက်၍ တပ်ခွဲ တစ်ခွဲတည်းမှာပင် အတူတာဝန်ချထားခြင်းခံကြရသည်။ ရှေ့တန်းသို့ အတူတက်သွားကြရပြီး ခြောက်လတာမျှ အေးအတူပူအမျှ ... ကြသည်။ သုံးလေးကြိမ်မျှ အတူတိုက်ပွဲ ဝင်ပြီးချိန်တွင်တော့ ကျွ နှစ်ယောက် တကယ့်ညီအစ်ကိုအရင်းသဖွယ် ချစ်ခင်ခဲ့ကြသည်။

သန်းဝင်းက စစ်တက္ကသိုလ်မှ ဆင်းလျှင်ဆင်းခြင်း ... ရောက်လာသည်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မြေ... ခြေလျင်တပ်ရင်းမှာ ငါးနှစ်ကျော်ခန့် တာဝန်ထမ်းဆောင်ပြီးမှ တပ်ပြောင်းလာသော ခြင်းဖြစ်သည်။ သန်းဝင်းမှာ ကျွန်တော့်ထက် ငါးနှစ်ခန့်ငယ်သည်။ လူ... လူလွတ်ကလေး၊ ကျွန်တော်ကတော့ မေနဲ့ရပြီး ကလေးနှစ်ယောက်ဖခင်၊ အိမ်ထောင်သည်။

ရှေ့တန်းတာဝန်ထမ်းဆောင်နေစဉ် တစ်ရက်တွင်တော့

''တပ်ခွဲမှူး ကျွန်တော် ဒီတစ်ခေါက်ပြန်ရင် မိန်းမယူတော့မလို့ဗျာ''

သန်းဝင်းက ဆိုင်းမဆင့် ဗုံမပါ ပြောချလိုက်ရာ–

''ဟေ ဘယ်လိုလဲကွ၊ မင်းဟာကတစ်ခါမှလည်း ဘာမှမပြောဖူးပါ လား''

နှစ်နှစ်နီးပါး အတူနေပြီးသည်အထိ မိန်းကလေးများ အကြောင်း တစ်ခါမှ သန်းဝင်း မပြောခဲ့ဖူးသဖြင့် ကျွန်တော့်အတွက် အထူးအဆန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

"အခု ပြောပြီပဲဗျာ၊ ကျွန်တော့်ကောင်မလေးက ဆယ်တန်းဖြေပြီးပြီ အဲဒါ အောင်အောင် မအောင်အောင် ကျောင်းမနေချင်တော့ဘူးတဲ့၊ ကျွန်တော့်ဆီ စာလှမ်းရေးလို့"

"လုပ်ထုံးလုပ်နည်းအတိုင်းပေါ့ကွာ၊ မင်းလူပျိုပဲ၊ ဘာမှ အထူးပြောစရာမရှိပါဘူး"

တပ်ပြန်နားသည့်အခါ တပ်ရင်းမှူးကြီးထံ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး သန်းဝင်း၏ မင်္ဂလာပွဲအား စီစဉ်ပေးရပါတော့သည်။

သန်းဝင်းက ဘဏ်တွင်စုထားသည့် သူ့လစာငွေမှ ငါးထောင်အားထုတ်ပြီး ကျွန်တော့်ဇနီးအား အပ်သည်။

"ကဲ မမမေ၊ အဆင်ပြေအောင် လုပ်ပေးဗျာ၊ ကျွန်တော်တော့ဘာမှမလုပ်တတ်ဘူး"

ခုပြန်ယခုလိုကိစ္စမျိုးတွင် ပါရမီဖြည့်ရန် စိတ်အားထက်သန်လှသည့်ကျွန်တော့်ဇနီးမရွှေမေက သန်းဝင်းကိစ္စကို အထူးတက်ကြွစွာ စိုင်းပြင်းညှိသည်ဟုသည်။

ဘယ်သူမျှ

ထဲမှာပင်ဖြစ်မင်္ဂလာမဆောင်မီ တစ်ရက်အလိုကျမှ သတို့သမီးနှင့် အဖွဲ့ရောက်

"တပ်ခွဲမှူး၊ ကျွန်တော့်ကောင်မလေးနဲ့သူ့အမေတော့ ရောက်လာအိမ်ထဲ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ဘယ်မှာထားမလဲ"

"ရိပ်သာမှာလေဗျာ"

"အေး အဲဒါဆိုရင် တို့သွားပြီး နှုတ်ဆက်ကြတာပေါ့ကွာ"

ကျွန်တော်နှင့်သန်းဝင်းတို့ အချီအချပြောဆိုပြီးနောက် ရိပ်သာသို့ထွက်လာခဲ့ကြ၏။ ရိပ်သာရောက်သည့်အခါတွင် အသက် လေးဆယ်ကျော်အရွယ် အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းမပျိုလေးသုံးဦးကို တွေ့ရ၏။ မိန်းမပျိုသုံးဦးအနက် အကြီးဆုံးက အသက်နှစ်ဆယ် သာသာခန့်ရှိမည်။ ခပ်ညိုညိုတောင့်တောင့် ကြည့်ကောင်းသော ရုပ်မျိုးဖြစ်၏။ ထောင်ထောင်မောင်းမောင်း သန်းဝင်းနှင့် လိုက်ဖက်ညီပါသည်။ ကျန်တစ်ယောက်မှာ အသား





လတ်၍ အသက်မှာ နှစ်ဆယ်ကျော်သေးပုံမရ၊ နောက်ဆုံးတစ်ယောက်ကားခပ်ဖြူဖြူ ခပ်သေးသေး၊ ခပ်ငယ်ငယ်လေးဖြစ်၏။ ကျွန်တော့်စိတ်ထင်တော့ဆယ့်လေးငါးနှစ်ထက် ပိုအံ့မထင်။

"ဟော့ ဖိုးသန်းဝင်း၊ မင်းအမျိုးတွေနဲ့ မိတ်ဆက်ပေးဦးလေကွာ"

"ရပါတယ်ဗျာ၊ ဒါက ဆင့်ဆင့်အမေ"

အသက်လေးဆယ်ကျော် အမျိုးသမီးကြီးက ကျွန်တော့်အား ပြုံး၍ခေါင်းညိတ်ပြသည်။

"ဒါက ဆင့်ဆင့်အစ်မကြီးမြင့်မြင့်"

သန်းဝင်းက အကြီးဆုံးမိန်းမပျိုနှင့် မိတ်ဆက်ပေးပြန်၏။ ထိုအခါအသားညိုညို ခပ်တောင့်တောင့် အမျိုးသမီးလေးက ကျွန်တော့်အားပြုံး၍ပြလိုက်ပြန်သည်။

"ဒါကတော့ ဆင့်ဆင့်အစ်မငယ် တင့်တင့်"

သန်းဝင်းက အသားလတ်လတ် ကိုယ်လုံးသွယ်သွယ် ဒုတိယမိန်းမပျိုလေးနှင့် ကျွန်တော့်အား မိတ်ဆက်ပေးပြန်သည်။ ကျွန်တော်အံ့သြသွားသည်။ ထို့ကြောင့်

"ဟေ့ကောင် သန်းဝင်း၊ မင်းဆင့်ဆင့်က ဘယ်မှာလဲကွ"

ထိုအခါ သန်းဝင်းက ဆိုင်းမဆင့် ဗုံမပါ-

"ဆင့်ဆင့်က သူလေဗျာ"

ဟုဆိုကာ နောက်ဆုံးကျန်ရှိနေသည့် အသက်အငယ်ဆုံး၊ အသေးဆုံး၊ အသားဖြူဖြူ မိန်းမငယ်လေးကို လက်ညှိုးထိုးပြလိုက်၏။

"ဟေ"

ကျွန်တော့်မှာ "ဟေ" တစ်လုံးသာ ပြောနိုင်ပါတော့သည်။

"ဖြစ်မှဖြစ်ရလေတယ် သန်းဝင်းရယ်"

မင်္ဂလာပွဲပြီးချိန်တွင်တော့

"သန်းဝင်းရာ၊ မင်းဟာက မိန်းမယူပါတယ်ဆို၊ နေ့ကလေးထိန်းကျောင်းဖွင့်တာနဲ့ တူနေပြီ၊ ကလေးမုန့်ပေးပြီးများ ခေါ်လာတာလားကွာ"

သတို့သမီးလေးဆင့်ဆင့်မှာ တကယ့်ပီဘိအလယ်တန်းကျောင်းသူလေးအရွယ်ဖြစ်နေ၍ ကျွန်တော်က ပြောမိသည်။

"အချစ်က မျက်စိ မရှိဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်းက ဆင်ခြေတက်သည်။

အချစ်က တကယ်ပင် မျက်စိမရှိဟု ထင်ပါသည်။ သန်းဝင်းခမျာ စစ်ဆင်ရေးမှ အနားပြန်ကာလများတွင် ယရာဝါသ သမ္မဒကိစ္စများနှင့် အထွေအလုပ်ရှုပ်နေပါတော့သည်။ ထမင်းချက်လည်းသူ၊ ဈေးသွားလည်းသူ၊ အိမ်မှုကိစ္စများလည်း သူ မပါရင်မပြီးဖြစ်နေရာ မနေနိုင်သူများက သူတို့အိမ်ထောင်သစ်လေးအား ဝိုင်းကူကြရသည်။ ကျွန်တော်တို့ ဇနီးမောင်နှံသာမက တပ်ခွဲမှ ဆရာကြီး၊ ဆရာလေးကတော်များပါ မနေရပါ။ အားလုံးဝိုင်းဝန်းစောင်မ ပေးကြရပါသည်။ အရပ်ကူပါ လူဝိုင်းပါပေ့။

"မင်းဟာ ညအိပ်ခါနီး ခြင်ထောင်လှန်လိုက်တဲ့အထိ အလုပ်များနေတုန်းလား သန်းဝင်းရာ"

ဟု ကျွန်တော်က ပြောယူရသည်။ မည်သို့ဆိုစေ သန်းဝင်းဇနီးလေးဆင့်ဆင့်ကတော့ ယောကျ်ားယူရတာ ပျော်လို့။

❦

သန်းဝင်း ရှေ့တန်းပြန်ထွက်တော့ ဆင့်ဆင့်တစ်ယောက် လတ်လျားလတ်လျားနှင့် လျှောက်သွားသည်။ တစ်ကြိမ်တွင် ထိုသို့သွားရင်းတပ်ထိပ်တွင် ရည်းစားစာ အပေးခံရသည်။ ဒါကိုပင်ဂုဏ်ယူပြီး မေ့ကို လာပြောသဖြင့် မေက ဆူရသေးသည်။ တစ်ခါတစ်ရံတွင်လည်း ကျောင်းသူဘဝက ဂါဝန်များထုတ်ဝတ်တတ်၍ ရယ်ရပါသည်။

သည်သို့နှင့် သန်းဝင်းနှင့်ဆင့်ဆင့်တို့ အိမ်ထောင်သက် တစ်နှစ်ကျော်ခန့်တွင် သားကလေး တစ်ဦးရသည်၊ ကလေးအမေ ဖြစ်ချိန်တွင်တော့ ဆင့်ဆင့်တစ်ယောက် နည်းနည်းငြိမ်သွားသည်။ သူ့သားကို ချစ်ရမှန်းသိသည်။ သူတို့သားလေး အခါလည်ကျော်ကျော်တွင် ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ကျွန်တော်ပြောင်းခဲ့ရသည်။ သန်းဝင်းနှင့်ဆင့်ဆင့်က စိတ်မကောင်းဖြစ်ကြသည်။ တွေ့ဆုံကြုံကွဲဖြစ်မြဲမွှတာမို့ ဆွေမျိုးအရင်းသဖွယ် ချစ်ခင်ခဲ့ရသော သန်းဝင်းတို့မိသားစုလေးအား နှုတ်ဆက်ရင်း

"တပ်ထဲဆိုတော့ မကြာမကြာ ပြန်ဆုံမှာပေါ့ကွာ၊ အရေးအကြောင်းရှိရင် စာရေး၊ ကြေးနန်းပို့ပေါ့၊ ဖုန်းရှိတဲ့နေရာတွေမှာ ဖုန်းဆက်ပေါ့"

ဟု မှာခဲ့ရပါသည်။

❦





ကျွန်တော် ရှမ်းပြည်နယ်ရောက်ပြီး တစ်နှစ်ခန့်အကြာတွင် သန်းဝင်းတစ်ယောက် ဘုရားသုံးဆူဘက်တွင် စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်းကျဆုံးသွားကြောင်းကြားရသည်။ တပ်ချင်း အလှမ်းကွာဝေးလှသဖြင့်ဘာမှမလုပ်နိုင်ခဲ့၊ စိတ်မကောင်းဝမ်းနည်းကြောင်းသာ ဆင့်ဆင့်ဆီစာလှမ်းရေးနိုင်ခဲ့သည်။

အသက်နှစ်ဆယ်အရွယ် မုဆိုးမလေးဆင့်ဆင့် ကလေးတစ်ယောက်နဲ့ ဘာများလုပ်စားမှာပါလိမ့်၊ ရန်ကုန်က သူ့အမေဆီ ပြန်မယ်ထင်ရဲ့၊ ကျွန်တော်နဲ့မေ့မှာ များစွာစိတ်ထိခိုက်ကြရပါသည်။

သူတို့မင်္ဂလာဆောင်စဉ်က သတို့သားနှင့် သတို့သမီးအိပ်ခန်းကို ငယ်လင်၊ ငယ်မယားသာ ခြင်ထောင်ထောင်ပေးရမည်ဆို၍ ကျွန်တော်တို့ဇနီးမောင်နှံက ခြင်ထောင်ထောင်ပေးခဲ့ရသည်ကို အမှတ်ရနေသည်။ သူတို့မင်္ဂလာဆောင်မှပဲ ခြင်ထောင်ထောင်ပေးခဲ့ရဖူးပါသည်။ သန်းဝင်းကျသွားသည့် ကိစ္စပြောဖြစ်ပြီး စကားအဆုံး၌ မေက–

"အင်း ဆင့်ဆင့်က ငယ်သေးတော့ နောက်အိမ်ထောင်ပြုဦးမှာပေါ့လေ"

"ခမ္မတာပဲပေါ့ မေရယ်"

ဟု ကျွန်တော်က ဆိုမိ၏။

❦

ခုတော့လည်း ဆယ်နှစ်ကျော်ကာလအတွင်းမှာပင် ဆင့်ဆင့် တစ်ယောက် အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ အရွယ်အတွေ့အကြုံနဲ့ သားကို ချစ်ခြင်းများက သင်ကြားပေးလိုက်၍လားမသိ၊ များစွာရင့်ကျက်နေပေပြီ၊ ကျွန်တော်တို့ ထင်ထားသလိုမဟုတ်ခဲ့ပါ။ သားကိုချစ်ပြီး သန်းဝင်းဂုဏ်သိက္ခာကို ထောက်ထား၍ အိမ်ထောင်သစ်မထူဘဲဘဝကို ရဲဝံ့တည်ကြည်စွာ ရုန်းကန်ရင်ဆိုင်နေသည်ကို အံ့သြဖွယ်ရာ မျက်ဝါးထင်ထင်မြင်တွေ့နေရပါသည်။

"ကဲ အစ်ကိုကြီးနဲ့မမမေ၊ မဆင့်တို့ မိုးမချုပ်ခင် ပြန်မယ်၊ တွေ့တုန်းအစ်ကိုကြီးနဲ့အစ်မကို ကန်တော့ခဲ့ပါတယ်"

"သား ဘဘနဲ့ ကြီးကြီးကို ကန်တော့လိုက်"

ဆင့်ဆင့်တို့သားအမိက ကျွန်တော်တို့ ဇနီးမောင်နှံကို ကျို့ကျို့ယို့ယို့



www.burmeseclassic.com

www.burmeseclassic.com



လေးထိုင်၍ ကန်တော့သည်။

"အခုလို ကန်တော့ကြတဲ့အကျိုးကြောင့် စိတ်သွားတိုင်းကိုယ်ပါပြီး ကောင်းကျိုးလိုရာဆန္ဒ တစ်လုံးတစ်ဝတည်းပြည့်ပါစေဗျာ"

ကျွန်တော်ကဆုပေးသည်။

"ဆင့်ဆင့်ရေ မမမေတို့ ဒီမှာရှိတုန်း မကြာမကြာလာနော်၊ လိုတာလည်းပြော၊ သိပ်ဝေးတာမှ မဟုတ်ပဲ"

မေကမှာသည်။ ပြီးတော့ သားကို မုန့်ဖိုးပေးသည်။

"မေရေ ဆင့်ဆင့်တို့ သားအမိကို ကားနဲ့လိုက်ပို့ပေးကွာ"

မေက ကားမှာပြီး ဆင့်ဆင့်တို့သားအမိအား ပို့ခိုင်းသည်။ ကားအထွက်တွင် လက်ပြသွားသည့် ဆင့်ဆင့်တို့သားအမိကိုကြည့်ပြီး ကျွန်တော့်ရင်မှာ မဖော်ပြနိုင်သော ကြည်နူးမှုတစ်ရပ်ကို ခံစားရပါသည်။ စိတ်ထဲမှလည်း တိတ်တဆိတ် ရေရွတ်မိပါသည်။

"သာဓုပါပဲ ဆင့်ဆင့်ရယ်၊ ညီမအတွက် တို့အမြဲကျေနပ်နေပါတယ်ကွယ်"

သြော် ဒီတစ်ယောက်ကိုတော့ အရွယ်မလွန်သေးလည်း ချီးမွမ်းလိုက်ရပါစေတော့။

၁၉၉၅ခု၊ မတ်လ၊ ငွေတာရီ မဂ္ဂဇင်း



## မေမသိတဲ့ ပဂ္ဂိ

ရှေ့တန်းပြန် ကျွန်တော်တစ်ယောက် သာယာဝိုင်းတဲ့ မြို့စစ်ကိုင်းမှာ ရက်ပေါင်းများစွာ ကြာအောင်နေပြီးသည့်နောက်မှ ဇနီးသည်မေက ရန်ကုန်မှ လိုက်လာပါသည်။ လေယာဉ်ဖြင့်လာသည်မို့ မန္တလေး ချမ်းမြသာစည် လေဆိပ်သို့ သွားကြိုရသည်။ လေယာဉ်ပေါ်ကဆင်းလာတဲ့ မေရဲ့ ရွှန်းမြူးမျက်နှာမြင်ရတော့ အမောပြေသွားသည်။ စစ်ဆင်ရေးတာဝန်များဖြင့် တောထဲတောင်ထဲတွင် လပေါင်းများစွာ သွားဟယ်လာဟယ်နဲ့ ချွေးပြိုက်ပြိုက်ကျခဲ့တာတွေကို မေ့မြင်မှ မေ့ချင်ချင်ဖြစ်သွားသည်။ တပ်ဝင်ဝင်ချင်း လိုက်မလာနိုင်ခဲ့သည်ကို

"ခွင့်လွှတ်နော် ကို"

ဟု မေက အနူးအညွတ်တောင်းပန်သည်။ ဒီကလည်း မဆွတ်ခင်က ညွတ်ချင်နေသူမို့

"အမလေး မိန်းမရယ်၊ ကိုယ်က ခွင့်လွှတ်ပြီးသား၊ ကဲ ဒါတွေထား၊ ခရီးထွက်နေတုန်း လေးငါး ခြောက်လစာ လုပ်စရာတွေ ရှိနေတယ်၊ အဲဒါက အရေးကြီးတယ်"

ကျွန်တော်ပြောပြောဆိုဆို သူ့မလက်ကို အသာအယာဆုတ်ကိုင်လိုက်ရင်း ပြောလိုက်ရာ

"အို ကိုကလည်း ဘာတွေလဲ၊ အရင်းမရှိ အဖျားမရှိ"

မေက ရှက်ရွံ့စွာ ဆိုလိုက်သည်။

"ကိုယ်တို့မိသားစု ကိစ္စတွေပေါ့၊ ကလေးတွေ ကျောင်းကိစ္စ၊ မပြီးသေးတဲ့ ဆောက်လက်စအိမ်ကိစ္စ၊ အညာမှာ အလှူသွားလုပ်ဖို့ ကိစ္စတွေပေါ့ မေရဲ့"

ထိုသို့ဆိုလိုက်မှ မေက လှပစွာပြုံးပြီး

"သြော် အဲဒါတွေလား" ဟုပြောပြ၍

'ဟင်း' ဟု ကျွန်တော့်အား မျက်စောင်းတစ်ချက် ချိတ်လိုက်ရာ တုံ့ပြန်ပြုံးရင်း တွေ့ကတည်းက ဆုတ်ထားမိသည့် မေ့လက်ချောင်းနုနုလေးများအား တယုတယပွတ်သတ်လိုက်မိပါသည်။

"ဟယ် တယ်လှတဲ့ မြလက်စွပ်လေးပါလား၊ ကိုယ့်မိန်းမကာ



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ရွှေနဲ့မြနဲ့ ဖြစ်နေပါလား၊ ဘယ်ကရတာလဲ မေ''

မေ့တယ်ဘက်လက်သူကြွယ်တွင် ချစ်စဖွယ်အစိမ်းရောင်မြလက်စွပ်လေးအား ရုတ်တရက် ပွတ်သပ်မိရာမှ တွေ့မိသဖြင့် လက်ဝတ်ရတနာများကို မက်မက်မောမော ဘယ်တုန်းကမှ မဝတ်တတ်သည့်ဇနီးသည်အား တအံ့ဘသြကျွန်တော်မေးမိသည်။ စိတ်ထဲကလည်း ဒီလက်စွပ်မျိုးလေး အရင်ကမှုံ့ဖူးသလိုလို။

''သြော် ကိုသူငယ်ချင်း မမနယ်လီဆီသွားရင်း ကြုံတုန်းဈေးသိပ်တော်တယ်ပြောလို့ ဝယ်လိုက်တာ ကို၊ ပြီးတော့ ဒီလက်စွပ်လေးကို မြင်မြင်ချင်းသိပ်ချစ်လို့ ကိုရဲ့''

''ဘုရားရေ လက်စွပ်ကလေးကို သိပ်ချစ်လို့ ဆိုပါလား''

''နေပါဦး မေရဲ့၊ ဘယ်က ဝယ်လာတာလဲ''

''မမနယ်လီအိမ်ရောက်တော့ သူ့သူငယ်ချင်းကစ်ယောက်အိမ်ခေါ်သွားတာနဲ့ အဲဒီမှာ စကားစပ်မိရင်းဝယ်ဖြစ်တာ ကို၊ အဲဒီအမျိုးသမီးက ကိုနဲ့လည်း၊ ကျောင်းနေဘက် သူငယ်ချင်းတဲ့၊ သူက မေ့ကို ကိုအမျိုးသမီးမှန်းလည်းသိရော အတင်းကို ဖက်လှဲတကင်းနဲ့ ဒီမြလက်စွပ်လေးလည်း ဈေးသက်သက်သာသာနဲ့ရောင်းပေးလိုက်တာ ကိုရဲ့''

''သြော် ဟုတ်လား၊ ကိုယ့်သူငယ်ချင်းဆိုတော့ ဘယ်သူများလဲ မေ''

''အင်း ပဂ္ဂီထွေးအောင်တဲ့ ကို၊ ကိုနဲ့ တက္ကသိုလ်တုန်းက သိပ်ရင်းနှီးကြတာဆို၊ အဲဒါ မမနယ်လီကလည်း ဟုတ်တယ်တဲ့၊ ပဂ္ဂီနဲ့ နင့်ယောကျ်ားက သိပ်ခင်ကြတာတဲ့''

''သူတို့ တိုက်ကြီးကလည်း ဝင်ဒါမီယာမှာ ဟီးနေတာ ကို၊ မေတို့ပြန်ခါနီးတော့ သူ့ယောကျ်ားလည်း ရောက်လာတယ်၊ ဒေါက်တာထွေးအောင်တဲ့၊ ခပ်ချောချောပဲ၊ သူကလည်း ကိုသူငယ်ချင်းပဲတဲ့၊ အခုရန်ကုန်တက္ကသိုလ်မှာ ဌာနမှူးလို့ ပြောတာပဲ၊ ပဂ္ဂီက သူ့ယောကျ်ားပြန်လာတော့ အပြေးအလွှားသွားကြိုပြီး မေ့ကို ကိုအမျိုးသမီးဖြစ်ကြောင်းပြောပြီး မိတ်ဆက်ပေးတယ်''

''ဒေါက်တာထွေးအောင်ကတော့ မေ့ကိုကြည့်ပြီး သြော် သက်ဦးအမျိုးသမီးကိုးလို့ ပြောပြီး ကို နေကောင်းရဲ့လား၊ အခုဘယ်မှာ တာဝန်ထမ်းဆောင်နေလဲ၊ ဘာလဲနဲ့ ရင်းရင်းနှီးနှီးမေးပါတယ်၊ လူကတော့ ညည်ညည်





မွှန်မွှန်နဲ့ သန့်သန့်ပြန့်ပြန့်၊ ခန့်ခန့်ချောချောပဲ ကိုရဲ့''

တစ်ခါတွေ့ဖူးရုံမျှဖြင့် ဇနီးသည်မရွှေမေရဲ့ ပဂ္ဂီတို့စုံတွဲကို ဟိမဝန္တာချီးမွမ်းခန်းဖွင့်နေသည်အား ကျွန်တော် အသာနားထောင်နေမိပါသည်။ စစ်ဆင်ရေးက ပြန်ရောက်ခါစ လင်မယားချင်း ပြန်တွေ့ချိန်တွင် ဘာတွေကိုမှ အငြင်းပွားလိုစိတ် မရှိပါ။ အိမ်ပြန်ရောက်ခါစ စစ်သားတွေ ထုံးစံအတိုင်း ကိုယ့်ဇနီးမယားအား အနုအရွနဲ့ သမုဒယစကားလေးများသာ ပြောပြီး နေလိုပါသည်။

အငြင်းမပွားလိုသော်လည်း မေ့စကားများကို နားထောင်ပြီး ကျွန်တော် ပြုံးလိုက်မိပါ၏။

သြော် မေက ကျွန်တော့်သူငယ်ချင်းစုံတွဲကို အခုမှ တွေ့ဖူးတာကိုး၊ ချီးမွမ်းပေမပေါ့။

ဘီအိုစီကောလိပ်ဖွင့်ကာစ ၁၉၆၁ ခုနှစ်ကာလများ။

ကျွန်တော်နှင့် သူငယ်ချင်းဘကြည်တို့ အညာမှ မလည်မဝယ်ဖြင့် ရန်ကုန်ရောက်လာပြီး တက္ကသိုလ်တက်ကြသည်။ အဆောင်စရိတ်မတတ်နိုင်ကြ၍ ကြည့်မြင်တိုင်ရှိ အသိဘုန်းကြီးကျောင်း တစ်ကျောင်းမှာ မှီခိုနေရင်းကျောင်းတက်ဖြစ်သည်။ အသိအကျွမ်းနည်းသော အညာသား အတတများဖြစ်၍လည်း ဘယ်ဘာသာတွဲယူရမှန်းမသိဘဲ ကျောင်းဖွင့်စကာလများမှာ ယောင်ချာချာဖြင့် အတန်းတကာလျှောက်တက်ကြည့်ကြသည်။ နောက်တော့ လူနည်းသည့် ဘာသာတွဲတစ်ခုအား အတူယူဖြစ်သည်။

လူနည်းသော ဘာသာတွဲဖြစ်၍ တစ်နှစ်အတွင်းမှာပင် လူချင်းအားလုံး ရင်းနှီးသွားကြသည်။ လက်တွေ့ဘာသာရပ်များလုပ်ရင်း ပိုခင်လာကြသည်။ သည်တွင် ကိုယ်ခင်ရာမင်ရာအုပ်စုလေးများ ဖြစ်သွားကြသည်။ ကျွန်တော်တို့ နေ့ကျောင်းသားများအုပ်စုတွင် ကြည့်မြင်တိုင်မှ ကျွန်တော်နှင့် ဘကြည်၊ ကျော်ရင်၊ မျိုးအောင်တို့ဖြစ်ပြီး အဆောင်နေသူများထဲတွင် ထွေးအောင်၊ ဘိုနီ၊ ဝင်းတင့်တို့ဖြစ်ကြသည်။

ထူးခြားချက်မှာ ကျွန်တော်တို့နေ့ကျောင်းသားများတွင် ကျော်ရင်မှလွဲ၍ ကျန်အညာသားများ ဖြစ်ပြီး အဆောင်သားသုံးဦးကတော့ မြစ်ဝကျွန်းပေါ်သားများဖြစ်ကြကုန်၏။ ကျွန်တော်တို့က ကျွန်တော်တို့ အုပ်စုလေးအား



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က သူငယ်ချင်းတစ်စု အတူသွားကြည့်ဖူးကြသည့် ''ဆဲဗင်းဆာမူရိုင်'' အမည်ရှိ ဂျပန်ရုပ်ရှင်ကားအား အားကျပြီး ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ''သူရဲကောင်း ခုနစ်ယောက်'' ဟု အမည်ပေးလိုက်ကြသည်။

ရယ်တော့လည်း ရယ်ရပါသည်။ လူတွေကလည်း ဆယ်ကျော်သက် အရွယ်ငယ်ကြသေးသကိုး။

ကျွန်တော်တို့ဘာသာတွဲတွင် မိန်းကလေးမှာ သုံးလေးဆယ်သာရှိသည်။ ထိုသုံးလေးဆယ်တွင်လည်း နေ့ကျောင်းသူနှင့် အဆောင်နေသူ၊ အသက် နည်းနည်းကြီးသူနှင့်အသက်ငယ်သူဟူ၍ ကွဲပြားကြကုန်၏။

ကျောင်းသူများနှင့်မိတ်ဆွေဖြစ်ကြရာတွင် ကျွန်တော်တို့ အုပ်စုလေးက အသက်ကြီးသော အစ်မကြီးများအုပ်စုနှင့်သွား၍ အထူးခင်မင်မိကြသည်။ ထိုအုပ်စုတွင် မမြင့်မြင့်၊ မမြမြလွင်၊ မသက်သက်နိုင်၊ မကြည်ကြည်ဝင်း၊ မနယ်လီနဲ့ မပဂ္ဂီတို့ပါကြသည်။ ကျွန်တော်တို့တစ်တွေကား နစ်ကုန်ခါနီးတွင် တကယ့် မောင်လေးအရင်းအချာများနှင့် အစ်မကြီးများပမာ ဖြစ်သွားကြပါလေကုန်၏။

ချဉ်သီးနှင့်ဆား အတူထား၊ လျှာဖျားကျခွေမရပဟူသော မြန်မာစကားရှိ၏။

ထိုစကားလာအတိုင်း ပထမနှစ်မှာပင် ဖိုမသဘောတရားအရ ကျွန်တော်တို့အုပ်စုမှ ရုပ်ဖြောင့်သော ဝင်းတင့်နှင့် အစ်မကြီးများအုပ်စုမှ ပဂ္ဂီတို့ အတွဲဖြစ်သွားသည်။ ပဂ္ဂီက နေ့ကျောင်းသူ၊ ဝင်ဒါမီယာမှ ကိုယ်ပိုင်ကားဖြင့်ကျောင်းလာတက်သူ၊ သူ့မိဘများက စိန်ရွှေပွဲစားများဖြစ်၍ ချမ်းသာသည်။ အဝတ်အစားလည်း တစ်နေ့တစ်မျိုးမရိုးအောင် ဝတ်နိုင်သည်။ အစ်မကြီးများ အုပ်စုတွင် သူက (၁၈)နှစ်ခန့်သာရှိ၍ အသက်အငယ်ဆုံး၊ အားလုံးက သူ့ကိုအလိုလိုက်ရဆုံး၊ သူနဲ့တွဲသူက နယ်လီ၊ သူ ကိုနှစ်ယောက်လုံး စိန့်ဖလိုမီနာကွန်ဗင့် မိန်ကလေးကျောင်းထွက်များဖြစ်၍လည်း ခေတ်မီရဲတင်းကြကုန်၏။

အသားအနည်းငယ်ညိုသော်လည်း ဝိုင်းစက်ရွှန်းလဲ့သော ညိုပြာ





မျက်လုံးများဖြင့် ညှုတုတု ခရာတာတာ အပြောအဆိုအမူအရာများနဲ့ပဂ္ဂီအား ဘိုနီကမျက်စိကျနေသည်။ ဘိုနီက ထင်ရာမြင်ရာ စွတ်ရွတ် လုပ်ဝံ့သူဖြစ်သည်။ ဝင်းတင့်နှင့်တွဲနေဆဲည့်ကြားမှပင် ပဂ္ဂီအားသူဝင်ချဉ်းကပ်ရာ ဝင်းတင့်ဘေးရောက်သွားပြီး သူက ပဂ္ဂီ၏ဒုတိယမြောက် ဇာတ်လိုက်ဘဝရောက်သွားသည်။ သူနဲ့ ပဂ္ဂီတွဲဖြစ်တော့ အစ်မကြီးများက—

''ဟဲ့ကောင်လေးတွေ၊ ရုတ်ရုတ် ရုတ်ရုတ်နဲ့ နင်တို့ကြည့်လုပ်ကြဦးနော်''

ဟု ကျွန်တော်တို့အုပ်စုအား သတိပေးသည်။ ဤသို့ဖြင့် ပထမနှစ်တွင် သူရဲကောင်းနှစ်ယောက် ကျဆုံးသွားခဲ့ပါသည်။

ဒုတိယနှစ်တွင်ပင် ဘိုနီနဲ့ ပဂ္ဂီတို့ မပြေမလည် ဖြစ်ကြသည်။ ဖြစ်ရသည့်ကိစ္စက အသေးအမွှား၊ ဘိုနီက မမြင့်ကို စာကူးပေးလို့တဲ့၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်စွပ်စွဲကြပြီး လက်တွဲဖြုတ်ကြသောအခါ မျိုးအောင်သည် ပဂ္ဂီ၏တတိယမြောက် သူရဲကောင်းလေးဖြစ်လာသည်။

မျိုးအောင်က ကျွန်တော်တို့လို အဆောင်မနေနိုင်သည့် နေ့ကျောင်းသား၊ ကြည့်မြင်တိုင် ကျောင်းကြီးလမ်းမှာနေသူ၊ ကျွန်တော်တို့ အခြေပြုရာ ဘုန်းကြီးကျောင်းနဲ့ သူ့အိမ်ကလည်း မဝေးလှ၊ မိတ္ထီလာနယ်မှ ရန်ကုန်ရှိ ဦးလေးအိမ်မှာနေရင်း ကျောင်းတက်နေသူဖြစ်သည်။ စစ်သားလုပ်ရန် စိတ်အားထက်သန်၍ တက္ကသိုလ်အရံတပ်ရင်းလည်း တက်နေသည်။ လက်ရေးလက်သားကောင်း၍ အနုပညာနှင့်စာပေ ဝါသနာပါသူဖြစ်သည်။ ကျွန်တော်တို့အုပ်စုတွင် သူနဲ့ကျွန်တော်က အသက်အငယ်ဆုံး၊ စိတ်တူကိုယ်တူဝါသနာတူမို့ အချစ်ခင်ဆုံး၊ ဘိုနီနှင့် ခွာပြဲသွားသော ပဂ္ဂီက ဘိုနီနှင့် အဆက်ပြတ်သွားပြီး ရက်ပိုင်းအတွင်း တစ်နေ့—

''မမကို စာကူးပေးနော် မောင်မျိုးအောင်''

ဟု ဇာတ်လမ်းစ,သည်။ သိပ်မကြာပါ စာလေးငါးခြောက်ခါ ကူးပေးပြီးသောအခါ မအူမလည် မောင်လေးမျိုးအောင်သည် မမပဂ္ဂီ၏ ကိုယ်ရံတော် တပ်မှူးလေးဘဝ ကျရောက်သွားပါတော့သည်။

''ဟေ့ကောင် မျိုးအောင်၊ ပဂ္ဂီက အသဲစားဘုရင်မနော်၊ ဝင်းသတိထား''



www.burmeseclassic.com

www.burmeseclassic.com



ဟုကျွန်တော်တို့တစ်တွေ သတိပေးကြသည်။ ဆေးမိနေသူပမာ ရီဝေမှုန်မှိုင်းသော မျက်နှာဖြင့် မျိုးအောင်က ဘာမှပြန်မပြော တုံးတိုဘာဝေ။

ဤသို့ဖြင့် ဒုတိယနှစ်တွင် ပဂ္ဂိနဲ့တွဲနေသည့် မနယ်လီတစ်ယောက် ရုတ်တရက် တပ်မတော်အရာရှိတစ်ဦးနဲ့ အိမ်ထောင်ကျသွားပြီး ကျောင်းက ထွက်သွားသည်။ မနယ်လီမရှိတော့သည့်နောက်တွင် ပဂ္ဂိ၏ လှုပ်ရှားမှုများက ပိုမိုကျယ်ပြန့်လာ၏။ သူ့ထိန်းမည့်သူမရှိတော့ မျိုးအောင်နှင့် ပဂ္ဂိတွဲတာလည်း မတွေ့တော့၊ အမြဲတမ်းရီဝေသော့မျက်နှာ၊ မသပ်မရပ် အဝတ်အစားဖြင့် မျိုးအောင် ကျောင်းတက်သည်။ တစ်ခါတစ်ရံ ကျောင်းပျက်လာတတ်သည်။ ပဂ္ဂိတစ်ယောက်ကတော့ ပြည်လမ်း လိပ်ခုံးဘက်သွားပြီး ကျက်စားနေပြန်သည်။ ကိုယ်ရံတော် တပ်မှူးလေးမျိုးအောင်သာ ယောင်ချာချာဖြင့် ဘုန်းမောင်တစ်ယောက်တည်းရယ်ဖြစ်သွားသည်။ ကျွန်တော်တို့ အုပ်စုကလေးကတော့

"မျိုးအောင်တော့ သွားပြန်ပြီကွာ၊ ကျန်တဲ့သူတွေ မကျဆုံးစေရဖူးဟေ့"

ဟု စုပေါင်းကြွေးကြော်ကြသည်။ တစ်ခါမှ ဘာမှဝင်ပြီး မပြောခဲ့ဖူးသော စာဂျပိုးထွေးအောင်ကတော့

"ဒီ ပဂ္ဂိဟာ အလကားဟာမပါကွာ"

ဟုဆို၏။

အစ်မကြီးများအုပ်စုမှ တည်ကြည်သော မသက်သက်နိုင်နဲ့ မမြမြလွင်တို့ကလည်း

"ကောင်လေးတွေ ပဂ္ဂိလက်ချက်မိမယ်နော်၊ သက်ဦးနဲ့ထွေးအောင် နင်တို့နှစ်ယောက် ကောင်းကောင်းသတိထား"

ဟု ထပ်ပြီးသတိပေးကြသည်။

ပဂ္ဂိက ငယ်ရွယ်ချောမောသော ယောက်ျားလေးများ၊ စာတော်သူများအား သဘောကျတတ်ကြောင်း သူတို့မိန်းကလေးချင်း ပိုသိကြသည်။

ကျွန်တော်တို့အုပ်စုတွင် ပဂ္ဂိ၏လက်ချက်မှ လွတ်ကင်းနေသူများ အနက်မှ ဘကြည်က ချစ်တီးကုလားရုပ်၊ ကျော်ရင်က အာလူးဒင်ဇာတ်ကားထဲက မီးခွက်စောင့်ဘီလူးရုပ်၊ ဒါကြောင့် ပဂ္ဂိသဘောကျဖွယ်မရှိ၊ သို့ရာတွင် စာအလွန်တော်ပြီး ဖြူဖွေးသန့်ပြန့်သော ရုပ်ရည်ရှိသည့် ထွေးအောင်နှင့်





အသက်ငယ်သော ကျွန်တော့်ကိုတော့ အစ်မကြီးများက သိပ်စိတ်မချရကြ။

ကျွန်တော်တို့သူရဲကောင်းလေးများကလည်း ပဂ္ဂိအတွက် ပန်းဆက်သည့် ဗျတ္တဘဝမကျရောက်အောင် အတော်ကြိုးစားနေရပါသည်။ ဗိုမသဘာဝဆိုသည်က လွန်ဆန်၍မရသည့်သဘောတရား၊ ဒါတင်မက ပဂ္ဂိ၏ အညအခရာအတာများကလည်း စွဲမက်စရာကောင်းလှသည်ဟုကျဆုံးသွားသူ သူရဲကောင်းများဆီက ကြားသိရသည်။

သည်သို့နှင့်

ဒုတိယနှစ်က တရွေ့ရွေ့ကုန်ဆုံးခါနီးလာသည်။ မျိုးအောင် ကျောင်းပျက်ရက်များ၍ တစ်ရက်တွင် စိတ်ပူစွာဖြင့် သူ့အိမ်သို့ ကျွန်တော် လိုက်သွားသည်။ စာမေးပွဲကြီးနီးပြီ၊ ကျောင်းပျက်၍မဖြစ်၊ မျိုးအောင်နဲ့ တွေ့ရာ သူကရင်ဖွင့်သည်။

"မမပဂ္ဂိနဲ့ငါ မျက်နှာချင်းမဆိုင်တော့ဘူး သူငယ်ချင်း၊ တကယ်တော့ သိလျက်နဲ့ ဝိပါက်ကြမ္မာငင်တာပါကွာ၊ ကိုဝင်းတင့်တို့ ကိုဘိုနီတို့နဲ့ ဖြစ်ပြီးသားဟာကို သူ့စက်ကွင်းက ငါမလွတ်ဘူးဖြစ်သွားတယ်၊ ငါရှက်တယ် သူငယ်ချင်း၊ ခုတော့ ငါ့ပစ်ပြီး လိပ်ခုံးဘက်သွားပြီး အသစ်ရှာနေတယ်လေ၊ သူ့ကို မတွေ့ချင်တော့လို့ ကျောင်းမတက်တော့တာ"

"မင်းကျောင်းမတက်တော့ရင် စာမေးပွဲကျမှာပေါ့ ဟေ့ကောင်ရ ရူးမနေစမ်းပါနဲ့ကွာ၊ မင်းကလည်း သူ့သွားယုံတာကိုး"

"မင်းပြောလည်းခံရမှာပဲ သူငယ်ချင်း၊ သူကငါ့နဲ့တွေ့တော့ မောင့်ကို အချစ်ဆုံးတဲ့၊ ငါ့ကို အချစ်ဆုံးဆိုတာ ယုံအောင်ဆိုပြီး သူ့အင်မတန် မြတ်နိုးတယ်ဆိုတဲ့ သူ့လက်က မြလက်စွပ်လေးကိုတောင် ငါ့ချွတ်ပေးတာကွ၊ ငါ မင်းတို့ကို ဖွင့်မပြောရဲလို့၊ ဟောဒါလေးပဲ"

"ကဲ ဒါတွေထား သူငယ်ချင်း၊ မင်းကျောင်းမှန်မှန်တက်ပါကွာ၊ အခက်အခဲအမျိုးမျိုးတွေထဲက ကြိုးစားပြီးကျောင်းထားပေးနေတဲ့ မင်းမိဘတွေကို မသနားဘူးလား၊ စာမေးပွဲကြီးတော့ ကြိုးစားဖြေပါဦး"

ကျွန်တော့်စကားကြောင့် မျိုးအောင်တွေသွားသည်။ အလေးအနက် စဉ်းစားသွားပုံရ၏။ များမကြာမီမှာပင် ကျွန်တော်နှင့် သူငယ်ချင်းများအားလုံး ဝိုင်းဝန်းဖြောင်းဖျမှုကြောင့် ကျောင်းပြန်တက်သည်။ စာမေးပွဲကြီးလည်း ဖြေပါသည်။ အောင်စာရင်းများထွက်တော့ ကျွန်တော်တို့အားလုံး စာမေးပွဲ



www.burmeseclassic.com

www.burmeseclassic.com



အောင်သည်။ မျိုးအောင်လည်း အောင်ပါသည်။ ဥပစာတော့ အောင်သွားကြပြီပေါ့။

❧ ❧

၁၉၆၃–၆၄ ပညာသင်နှစ်တွင် ကျွန်တော်တို့ ဘီအေပထမနှစ်တက်တော့ မျိုးအောင် ကျောင်းပြန်မတက်တော့ပါ။ အရေးပေါ် ဗိုလ်သင်တန်းဝင်ဖြေပြီး တပ်မတော်ထဲဝင်သွားပါသည်။ မှော်ဘီ ဗိုလ်သင်တန်းကျောင်း သတင်းပို့မည့်နေ့မှာ ကျွန်တော့်ဆီ ရောက်လာရင်း သူတပ်ထဲဝင်သွားတော့မည့် အကြောင်းပြောကာ အကူအညီတစ်ခုတောင်းသည်။

''ကဲ သူငယ်ချင်း။ ငါတော့ ငါ့ဝါသနာပါရာ တပ်ထဲသွားပြီ၊ မမပဂ္ဂီကို ဒီလက်စွပ်လေး ပြန်ပေးပေးပါကွာ၊ အနာရွတ်မြင်ရင် မဟော်ကိုသတိရတဲ့ ကေးဝင်ပုဏ္ဏားလို ဖြစ်နေလို့ ဒါလေးတစ်ခုတော့ မင်း ငါ့ကိုကူညီပါဦး''

သူ၏ ညိုးလျှမှုန်ရီနေသည့် မျက်နှာကို မြင်ရချိန်တွင် ကျွန်တော်များစွာစိတ်မကောင်းဖြစ်သွားပြီး သူ့လက်စွပ်လေးအား ယူထားလိုက်၏။ မျိုးအောင်ဆိုသည့်ကောင်က အင်မတန်အစွဲအလမ်းကြီးသည့်ကောင်၊ အစွဲကျွတ်ဖို့လွယ်သူမဟုတ်၊ သို့ဖြစ်၍ သူ့ဆန္ဒအား ဖြည့်ဆည်းပေးရန် ကျွန်တော် ဆုံးဖြတ် လိုက်ပါသည်။

❧ ❧

မျိုးအောင်၏ မြလက်စွပ်လေးအား ကျွန်တော်ကိုယ်တိုင် ပဂ္ဂီထံသွားပေးခဲ့သည်။ ဘီအိုစီကောလိပ်၏ တစ်ခုသောညနေခင်း ပုဂံလမ်းဘေးရှိ တက္ကသိုလ်ရေကူးကန်အနီးတွင် ဖြစ်သည်။ မြလက်စွပ်လေး ပြန်ပေးချိန်တွင် ကျွန်တော်က

''မျိုးအောင်က မပဂ္ဂီကို ပြန်ပေးပါလို့ မှာခဲ့လို့ဗျာ''

''အခု သူကောဟင်''

ပဂ္ဂီက စိတ်မကောင်းဟန်ဖြင့် မေးသည်။ လက်စွပ်လေးကို သူမယူသေး။

''စစ်ထဲဝင်သွားပြီးဗျ''

ကျွန်တော်က စိတ်မရှည်စွာဖြင့် ဖြေသည်။





''ဪ သူ တကယ် စစ်ထဲဝင်သွားပြီပေါ့နော်''

ပဂ္ဂီက သူ့မျက်တောင်ကော့ကြီးများအား ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မျက်ရည်ကြည်များလဲ့၍လာသည်။

''ဟုတ်တယ်လေဗျာ''

ကျွန်တော်က ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထပ်ဖြေ၏။

''ကိုမျိုးကြောင့် ကိုသက်ကလည်း ပဂ္ဂီ့ကိုစိတ်ဆိုးနေပြီလား မသိဘူး''

''ဘာဆိုင်လို့လဲဗျ။ ခင်ဗျားတို့ကိစ္စနဲ့ ခင်ဗျားတို့ပဲ၊ ကျုပ်က ကျုပ်သူငယ်ချင်း ကျုပ်ကူညီတာ၊ ဒါတွေ ပြောမနေပါနဲ့တော့၊ ရော့ ခင်ဗျား လက်စွပ်''

ကျွန်တော်က မကျေမနပ်နှင့် မျိုးအောင်ပေးခဲ့သည့် လက်စွပ်လေးအား ပဂ္ဂီ၏ မော်တော်ကားထဲ ပစ်ထည့်ရင်း လှည့်ထွက်ခဲ့ပါသည်။ 'အတော်ဟန်ဆောင်ကောင်းတဲ့မိန်းမ' ဟုလည်း ပဂ္ဂီအား လူငယ့်ပီပီစိတ်ဆိုးမိပါသည်။

''မောင်လေး၊ မောင်လေး၊ ကိုသက်ဦး နေပါဦး''

ဟု ပဂ္ဂီက ခေါ်သည်ကိုတောင် လှည့်မကြည့်မိတော့၊ ဘီအိုစီကောလိပ်ဘက် ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခဲ့ပါသည်။ ပဂ္ဂီဆိုသည်မှာ ကျွန်တော်တို့ရဲ့ သူရဲကောင်းတွေအား တစ်ယောက်ပြီး တစ်ယောက် တဖြုတ်ဖြုတ်ကြွေအောင်ချွေနေသည့် ပန်းစားဘီလူးမ မဟုတ်လား၊ သူ့ကို ဝေးဝေးရှောင်မှ။

ဝေးဝေးရှောင်ချင်ပါသည်ဆိုမှ ပဂ္ဂီက မျိုးအောင်စစ်ထဲဝင်သွားရသည့် အကြောင်းတွေ ကျွန်တော့်ကို မကြာမကြာ လာမေးသည်၊ ဒါကိုဘေးက အစ်မကြီးများက အထင်လွဲကြသည်ထင့်။

''ဟဲ့ သက်ဦး၊ မင်း ပဂ္ဂီကိုတော့ သွားပြီးမစလိုက်နဲ့နော်။ ဒီကလေးမက လွယ်တာမဟုတ်ဘူး၊ မင်းဒုက္ခရောက်နေဦးမယ်''

ဟု သတိပေးသည်။ ချို့ချို့တဲ့တဲ့ဖြင့် ကျွန်တော် ကျောင်းတက်နေရကြောင်း သူတို့သိပါသည်။ သတိပေးဖော်ရသဖြင့် ကျေးဇူးတင်ရပါသည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့သူရဲကောင်းအုပ်စုမှ တခြားသူတွေက ဘာမှသိပ်မပြောသော်လည်း ဥပစာတန်းတွင် အမှတ်ကောင်း၍ဂုဏ်ထူးတန်းတက်နေသည့် ထွေးအောင်ကတော့



www.burmeseclassic.com

www.burmeseclassic.com



''ဟင်း တောက်၊ ဒီ ပဂ္ဂိဆိုတဲ့မိန်းမက သူ့ကိုယ်သူ ဟုတ်လှပြီ ထင်ပြီး တို့တစ်တွေကို ဒုက္ခပေးနေတာကွ၊ တို့သူငယ်ချင်းတွေကို ကြက်ကလေး ကြက်မကြီးလှည့်စားသလို လှည့်စားနေတဲ့မိန်းမ၊ မင်းတို့ ဝေးဝေးရှောင်ကြ၊ ငါတော့ မျက်နှာများလွန်းလို့ မုန်းတယ်၊ သူ့မျက်နှာကို ကြည့်တောင်မကြည့်ချင်ဘူးဟေ့''

ဟု ခါးခါးသီးသီးဆိုသည်။

ထွေးအောင်က လူအေး လူရိုး၊ စာကြိုးစားဖို့က လွဲပြီး သူ့ရင်ထဲမှာ ဘာမှရှိတာ မဟုတ်၊ အခုလည်း တကယ်ခံစား၍ ပြောတာဖြစ်ပါလိမ့်မည်။ မည်သို့ဖြစ်စေ ထွေးအောင်ကိုတော့ ကျွန်တော်ယုံပါသည်။ ဒီကောင်က ပညာရေး ရည်မှန်းချက်အလွန်ကြီးမားသည်။ စာအလွန်တတ်ချင်ပြီး ဘွဲ့တွေ တစ်သီကြီးရချင်သည့်ကောင်။

သည်သို့ဖြင့်ပဏ္ဍိတတိယနှစ်ကုန်ဆုံး၍ အမိတက္ကသိုလ်ကြီး ပိတ်ချိန် ရောက်သွားသည်။ ကျွန်တော်နဲ့ ဘကြည်တို့ နောက်ဆုံးနှစ် မတက်ဖြစ်တော့၊ ရန်ကုန်မှာပင် မူလတန်းပြဆရာဝင်လုပ်ရင်း လုပ်သားကောလိပ် ပြောင်းတက်ကြသည်။ ပင့်မတက္ကသိုလ်မှ သူငယ်ချင်းများနှင့် အဆက်ပြတ်သွားသည်။ ဘွဲ့ရပြီးချိန်တွင်တော့ မျိုးအောင်လမ်းစဉ်လိုက်ရင်း တပ်မတော်ထဲ ဝင်လိုက်ကြသည်။ အာလာဒင်ကျော်ရင် တစ်ယောက်သာ ဘီအီးဒီတက်ရင်း ကျန်ခဲ့သည်။ မသက်သက်နိုင်၊ မမြင့်မြင့်၊ မမြမြလွင်၊ မကြည်ကြည်ဝင်း တို့လည်း ဘီအီးဒီတက်သူတက်၊ အမိတက္ကသိုလ်တွင်ပင် နည်းပြဆရာဝင်လုပ်သူ လုပ်ဖြင့် ဘဝရပ်တည်မှုအတွက် ဆောင်ရွက်ကြသည်။ ဘိုနီနှင့် ဝင်းတင့် တို့ကတော့ ကုန်သွယ်ရေးဝန်ထမ်းများ ဖြစ်သွားကြသည်။ ထွေးအောင် ကတော့ ဂုဏ်ထူးတန်းမှသည် မဟာဝိဇ္ဇာဆက်တက်သည်။

ဪ လူ့ဘဝဆိုတာ ဒီလိုပါပဲလေ။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲ မမှတာပေါ့။

အချိန်တန် ကိုယ့်လမ်းကိုယ်သွားကြစမြဲပေပဲ။

တပ်ထဲရောက်ပြီး မကြာမီမှာပင် မော်လမြိုင်မှာ မေနှင့်ကျွန်တော် အိမ်ထောင်ကျသည်။ တာဝန်အရ ကော့ကရိတ်ဘက် ရောက်သွားသည်။





ကော့ကရိတ်တပ်တွင် တာဝန်ကျနေသည့်တပ်မှူးကား မနယ်လီ၏ခင်ပွန်း ဖြစ်နေသည်။ ကော့ကရိတ်တပ်သို့ သွားသတင်းပို့ရင်း မနယ်လီနဲ့တွေ့ရာ

''ဟဲ့ အောင်မလေး သေက်ရယ်၊ နင်လည်း ငမျိုးနောက်လိုက်လာ တာပေါ့လေ၊ ငမျိုးလည်း မော်လမြိုင်မှာပဲ နင်တွေ့ခဲ့သေးလား''

''ကျွန်တော်တစ်ယောက်ထဲ မဟုတ်ဘူးဗျ၊ ဘကြည်နဲ့အတူဝင်တာ၊ မျိုးအောင်နဲ့လည်း မော်လမြိုင်မှာ တွေ့ပါတယ်''

''ကိုလတ်ရေ ဒါနယ်လို့သူငယ်ချင်း သက်ဦး၊ ကောလိပ်မှာတုန်းက အတူတူတွေ၊ သူလည်း မျိုးအောင်လိုပေါ့ သိပ်ခင်ကြတာ''

မနယ်လီခင်ပွန်း တပ်မှူးက တည်ကြည်ရင့်ကျက်စွာပြုံးရင်း အသိအမှတ်ပြုလိုက်၏။ ဘာမှတော့ ဝင်မပြော။ ထိုစဉ် မနယ်လီက ရုတ်တရက်

''ဟဲ့ နင် ပဂ္ဂိမင်္ဂလာဆောင်တာရော သိပြီလား''

''မသိသေးပါဘူး၊ ကျွန်တော်ကတော့ ဒီမလာခင်ကပဲ မေနဲ့ မော်လမြိုင်မှာရုံးတက်ပြီး လက်မှတ်ထိုးလာတာ၊ မျိုးအောင်က ကျွန်တော့်ဘက်က သက်သေလေ''

''ဪ နင့်အမျိုးသမီးက မေတဲ့လား''

''ဟုတ်ပါတယ်၊ အဲဒါထား၊ မပဂ္ဂိကရော အိမ်ထောင်ကျသွားတာ ဘယ်သူနဲ့လဲ''

''ဘယ်သူရမှာလဲ၊ မျိုးအောင်နဲ့နင်တို့ရဲ့ ချစ်သူငယ်ချင်းကြီး မဟာဝိဇ္ဇာထွေးအောင်နဲ့ပါတော်''

''ဗျာ ထွေးအောင်နဲ့ဟုတ်လား''

ကျွန်တော် အလန့်တကြားမေးမိသည်။

''ဟုတ်ပါတော်၊ တို့တောင် ရန်ကုန်ရောက်နေတုန်းကြုံတာနဲ့ အင်းလျားလိတ်က သူတို့မင်္ဂလာဆောင်ကို သွားခဲ့ရပါသေးတယ်''

''ဘယ်လိုဖြစ်ရတာလဲ မနယ်လီရယ်၊ ထွေးအောင်က အစကတော့ မပဂ္ဂိကို ကြည့်မရဘူး၊ မကြည့်ချင်ဘူး၊ မုန်းတယ်ဆို''

''ဟဲ့ မကြည့်ချင်တာတွေ၊ မုန်းတာတွေ ကုန်သွားတော့ ကြည့်ချင်ပြီး ချစ်သွားလို့ ဖြစ်မှာပေါ့ဟဲ့၊ အလကားပြောတာပါဟယ်၊ နင်တို့ကျောင်းက ထွက်သွားပြီးတော့ ပဂ္ဂိလည်း ငြိမ်သွားရှာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ နင်တို့အုပ်စုထဲက ထွေးအောင်ပဲ ကျန်တယ်လေ၊ သူက စာတော်တယ်မဟုတ်လား၊ အဲဒါ မဟာဝိဇ္ဇာတက်နေတုန်း သူ့အိမ်က မြန်ဆို ရေဘေးလေဘေးနဲ့ ဒုက္ခ ရောက်သွားတော့ ကျောင်းဆက်တက်ဖို့ ခက်နေတာပေါ့၊ သူငယ်ချင်း အချင်းချင်းမို့ ပဂ္ဂီက မနေနိုင် မထိုင်နိုင် အတင်းဝင်ကူညီလိုက်တာနဲ့ သူတို့ချင်း ပိုရင်းနှီးသွားကြပြီး မင်္ဂလာ ဆောင်တဲ့အထိဖြစ်သွားကြတာ မောင်သက်ဦးရေ၊ သိပြီလား''

မနယ်လီ ပွင့်ပွင့်လင်းလင်းပြောမှ ကျွန်တော် သိရပါသည်။ သို့ရာတွင် ကျွန်တော့်မှာ ဝိုရအခက်၊ ရယ်ရအခက် ကျွန်တော်တို့အုပ်စုမှ နောက်ထပ်သူရဲကောင်းတစ်ဦးကျဆုံးသွားလေပြီလား။ သို့မဟုတ် ကျွန်တော်တို့၏ ဦးတည်ရန်သူအား နောက်ဆုံးကျန်ခဲ့သည့် သူရဲကောင်း က အပြီးအပိုင် သုတ်သင်ချေမှုန်းလိုက်နိုင်ပြီလား ဆိုသည်ကို ခွဲခွဲခြားခြား မပြောနိုင်ပါပြီ။

❦ ❦ ❦

ချမ်းမြသာစည်လေဆိပ်မှ စစ်ကိုင်းကိုပြန်ထွက်တော့ ကားရှေ့ခန်း မှာ အတူထိုင်ရင်း မေ့လက်ကိုကျွန်တော် ကိုင်မြဲကိုင်ထားခဲ့ပါသည်။ အနှစ်သုံး ဆယ်စာ ရေးဟောင်းနှောင်းဖြစ် အောက်မေ့ဖွယ်များအား စဉ်းစားနေမိသဖြင့် မေ့အားဖွယ်ဖွယ်ရာရာ စကားမပြောမိ။

''ငြိမ်လှချည်လား ကို၊ စကားလေးဘာလေး ပြောပါဦး၊ ဘာတွေ စဉ်းစားနေတာလဲ''

''ဪ အင်း၊ မေနဲ့ပဂ္ဂီတို့ တွေ့လာတာ သွားစဉ်းစားမိလို့ပါ၊ အခု မေဝယ်လာတဲ့ လက်စွပ်လေးကလည်း ကျောင်းသူဘဝကတည်းက သူဝတ်နေတဲ့ လက်စွပ်လေး မေရဲ့''

''ဟင် ကိုက သိနေလို့လား''

မေက အံ့ဩဟန်ဖြင့် မေး၏။

''အင်း မြင်ဖူးထားလို့ သိနေတာပါ''

''ဪ သူပြောလိုက်တာ တစ်ခုကျန်နေသေးတယ်၊ မေတို့ လက်ထပ်တုန်းက သက်သေအဖြစ် လက်မှတ်ထိုးပေးတဲ့ ကိုမျိုးအောင် လည်း သူ့ သူငယ်ချင်းပဲတဲ့၊ ကိုလိုပဲ သိပ်ခင်တာတဲ့၊ အဲဒါတပ်ထဲမှာ ကြုံရင် ဆုံရင်လည်း သူက နှုတ်ဆက်လိုက်ကြောင်းပြောပေးပါတဲ့ ကို''





''ဪ သူက မျိုးအောင်ကို သတိရသေးတယ်ပေါ့''

''ဟုတ်တယ် ကို၊ မေ့ကို သိလားလို့လည်း မေးသေးတယ်၊ မေတို့ လက်ထပ်တုန်းက လူပျိုရံလာလုပ်ပေးလို့ ကောင်းကောင်းသိတာပေါ့ လို့ ပြန်ပြောခဲ့တယ်''

''မမပဂ္ဂီကြည့်ရတာတော့ ကျောင်းဆရာကတော်သာ ပြောတယ်၊ ခပ်ပျော်ပျော်ပဲ ကားတစ်စီးနဲ့ သွားလာလှုပ်ရှားနေတာ၊ အရွယ်ကလည်း မကျဘူး၊ တင်တုန်းလှတုန်းပတုန်း''

မေ့စကားမဆုံးမီ ကျွန်တော်တို့ကားလေးက အမရပူရ တောင် သမန်အင်းစပ်ကို ရောက်လာပါသည်။ အင်းယဲတွင် ကျွဲအုပ်တစ်အုပ်က ညွှံလူးနေကြ၏။

''အဲ သူ့မိဘရဲ့ လက်ငုတ်လက်ရင်း စိန်ရွှေအရောင်းအဝယ်ကိုတော့ သူလုပ်နေတုန်းပဲ ကို၊ မေနဲ့စကားပြောနေတုန်းတောင် သူ့မိတ်ဆွေ ရတနာ ကုန်သည်ကောင်လေးတွေ လာကြသေးတယ်၊ ချောချောငယ်ငယ်လေးတွေ ပါပဲ''

ကျွန်တော်တို့ကားလေးက စစ်ကိုင်းတိုင်းတံတားကြီးကို ဖြတ်သည်။ ဧရာဝတီမြစ်တွင်း သောင်စပ်တွင်တော့ ဟင်္သာတစ်အုပ်ကို အမှတ်မထင် သွားမြင်မိ၏။ ဪ မြစ်ထဲမှာ ဟင်္သာတွေ ပျော်နေပါလား။

''သူ့ယောက်ျားကိုလည်း အလုပ်ကထွက်နိုင်းနေတာကြာပြီ၊ သူ့ ယောက်ျားကမထွက်လို့ သူက ပူညံပူညံလုပ်နေသတဲ့၊ သူ့ယောက်ျားလခ တစ်လစာက သူတစ်ရက်ရှာစာတောင်မရှိဘူးတဲ့၊ အဲဒါကြောင့် အရောင်း အဝယ်ကိစ္စတွေနဲ့ အမြဲသွားလာနေတာလို့လဲ ပြောတယ်''

ကျွန်တော့်နားထဲမှာ မေ့စကားများကို မကြားတစ်ချက် ကြား တစ်ချက်နဲ့ ကားကလေးက စစ်ကိုင်းမြို့တွင်းသို့ဝင်သည်။ စစ်ကိုင်းတောင်ရိုး ဘက်သို့ ကြွနေသည့် ရဟန်းတော်လေးငါးပါးအား မြို့အဝင်တွင် လှမ်းမြင်ရ ပြန်၏။ ထိုစဉ်

ကျွန်တော် ငယ်ဘဝ သင်္ချိုင်းစည်းခဲ့စဉ်က သင်ခဲ့ရသည့် စာတစ်ပုဒ်အား သွားပြီးသတိရမိပါသည်။

*ဟင်္သာ– ကျွဲကား၊ ပင်– ညွှံရှိမှသာလျှင်၊ ရမတိ– မွေ့လျော်၏။*

*ဟင်– ဟင်္သာကား၊ ပေါက်–ရေကန်ရှိမှသာလျှင်၊ ရမတိ–*



www.burmeseclassic.com

www.burmeseclassic.com



မွေ့လျော်ပါ၏။

ထိ– မိန်းမကား၊ ပု– ယောက်ျားရှိမှသာလျှင်၊ ရမတိ–

မွေ့လျော်ပါ၏။

အထက်ပါ စာပိုဒ်လေးအား စိတ်ထဲမှ ရွတ်မိရင်း –

ပဏ္ဍိတစ်ယောက် ယဲကျင့်တွေဖျော့ကပြီး ကျွန်တော့်သူငယ်ချင်းကောင်း တစ်ယောက်အဖြစ် ရောက်ပါစေဟုသာ ဆုတောင်းမိပါတော့သည်။ ကျွန်တော့်ရင်တွင်းမှ ဆုတောင်းကိုတော့ ဘေးမှထိုင်လိုက်ပါလာသည့် ချစ်ဇနီးမေ သိချင်မှ သိပါလေမည်။ သိစရာလည်း မလိုဟု ထင်ပါသည်။ ရှိပါစေတော့။

ဩော် မိန်းမဟူဘိ ထိုက္ကတ္တိကား။

၁၉၉၉ခု၊ မေလထုတ်၊ မြို့တော်မဂ္ဂဇင်း



## အချစ်မှာမျက်စိမရှိပါ

အချစ်မှာ မျက်စိမရှိဟု သိုးဆောင်းစကားပုံက ဆိုသည်။

အေးချမ်းသော ပြင်ဦးလွင်မြို့၏ တစ်ခုသော ညနေခင်း။

''ကိုရေ ကိုအောင်ကြီး သူ့အမျိုးသမီးရောက်နေသတဲ့၊ အဲဒါ သွားနှုတ်ဆက်ရအောင်''

ရုံးက ပြန်အရောက် ဇနီးသည် မမွှေးမေက ဆိုင်းမဆင့်ဗုံမပါ ပြောချလိုက်ရာ

''ဟာ ဟုတ်လား၊ သွားကြတာပေါ့''

ကျွန်တော်နဲ့ မောင်မောင်အောင်က ဗိုလ်သင်တန်း တစ်ပတ်တည်း ဆင်း သူငယ်ချင်းများ။ ဒါတွင်မက ကျောင်းဆင်းပြီး တပ်နေရာချထားတော့လည်း ကရင်ပြည်နယ်တွင် တာဝန်အတူကျခဲ့ကြသည်။ ကျွန်တော်နဲ့မေ မော်လမြိုင်တွင် လက်ထပ်တော့လည်း သူ့လူပျိုရံလုပ်ပေးခဲ့သေးသည်။ လေးနှစ်ကျော်ခန့် အရှေ့တောင်တိုင်းနယ်မြေတွင် အတူနေပြီးမှ သူက တပ်ပြောင်းသွားခဲ့ရာ ပြင်ဦးလွင်တပ်နယ်မှာ ယခု တစ်တပ်တည်း ပြန်လာဆုံသည်။ ကွဲကွာသွားခဲ့ကြသည်မှာ ဆယ်နှစ်ကျော်ခဲ့ကြပြီ။

ကျွန်တော်က တပ်ထဲရောက်စမှာပင် အိမ်ထောင်ကျသည်။ မောင်မောင်အောင်ကတော့ တပ်ထဲမှာနှစ်အတန်ကြာအောင် လူပျိုဘဝနှင့်နေခဲ့ပြီးမှ အိမ်ထောင်ကျသည်။ ကျောင်းဆရာမတစ်ဦးဟုတော့ ကြားထားသည်။ သူကိုတော့ မမြင်ဖူးခဲ့၊ သူ့ဇနီးက ဘယ်လိုပါလိမ့်၊ ကျွန်တော့် သူငယ်ချင်းက အညာသား၊ အသားကမည်းမည်း စကားက ခပ်များများ၊ စကားတောင်စား အလားပုံတို ပတ်စများနှင့် ဟာသများလည်း ပြောတတ်သူမို့ သူနဲ့နေရရင် ဝါးဝါးတဟားဟားနှင့်ပွဲကျတတ်ရာ မေက

''ကိုသူငယ်ချင်း ကိုအောင်ကြီးက သိပ်ရယ်ရတာနော်၊ သူလာရင် ပျော်စရာကြီး''

ဟုဆိုတတ်သည်။

မောင်မောင်အောင်က စကားသာ အပြောကောင်းသူမဟုတ်၊ သူ့ရည်ကလည်း လည်သည်။ သူ ကျွန်တော့်အိမ်လာတိုင်း

''ရှော့ဟော့ မိမေ၊ နှင့်ကလေးတွေစားဖို့ဟ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုပြီး ကလေးကြိုက်စားစရာများ မကြာမကြာ ဝယ်လာပေးတတ်သည်။ သူ မန္တလေးက ပြန်လာလျှင် ကျွန်တော့်ကလေးများအတွက် ထိုးမုန့်၊ လမုန့်များ မပါလာသည့်အခါဆို၍ မရှိခဲ့စဖူး။

သူတို့ အိမ်ထောင်တွင်လည်း ကလေးမရှိ၊ သို့ဖြစ်၍ ယခုလိုပြန်ဆုံကြချိန်တွင် အားတိုင်း ကျွန်တော့်ကလေးများနှင့် နေရသည်ကိုလည်း သူပျော်ပုံရသည်။ ကျွန်တော့်ကလေး လေးဦးလုံးကလည်း သူ့အား ''ဦးအောင်၊ ဦးအောင်'' နှင့် အထူးတလည် ချစ်ခင်ကြသည်။ သူစည်းရုံးရေးကောင်းမှုကြောင့် သူနှင့်ကျွန်တော်တို့ ပြန်ဆုံပြီးရက်များ မကြာမီပင် ကျွန်တော့်ဇနီးနှင့် ကလေးများက သူ့ကို ဆွေမျိုးရင်းလိုဖြစ်ပြီး မကြာခဏ ထမင်းခေါ်ကျွေးကြသည်။ ရိပ်သာတွင် တစ်ဦးတည်းနေသူမို့ မေကရိပ်သာသို့ သူ့အတွက် ဟင်းများပို့ပေးလေ့ရှိသည်။ မောင်မောင်အောင်ဆိုသည့်ကောင်က ထိုသို့သော စည်းရုံးရေးကောင်းသူ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က

''ဟေ့ကောင်ရေ ငါ့အိမ်မှာ မင်းနဲ့ငါ မဲပုံးထောင်ရင် ငါတောင် မင်းကို နိုင်မယ်မထင်ဘူး''

ဟု ပြောရသေးသည်။ ထိုအခါများတွင် သူက ''တဟားဟား'' နှင့် အားပါးတရ ရယ်မောတတ်ပါသည်။

ရိပ်သာသို့ ကျွန်တော်တို့ဇနီးမောင်နှံရောက်သွားကြရာ အခန့်သင့်ပင် မောင်မောင်အောင်အား တွေ့ရာ

''လာကြဟေ့၊ သက်ဦးနဲ့မိမေ၊ ငါ့လေဒီလည်း ရောက်နေတယ်ကွ မိတ်ဆက်ပေးရဦးမယ်''

''မမမြတ်ရေ ဒီမှာ ကိုအောင့် သူငယ်ချင်းလာတယ်''

သူ့စကားအဆုံးတွင် ညှော်ခန်းသို့ မောင်မောင်အောင့်ဇနီး ထွက်လာပါသည်။ ဖြူဖွေးချောမော ခန့်ထည်သော အမျိုးသမီးကြီးကို မြင်မိသည်နှင့်

''ဟာ''

ကျွန်တော့်နှုတ်မှ ရုတ်တရက် အမေဋိတ်သံ ထွက်သွားရာ

''ဘာလဲဟင့် ကို၊ ဘာလဲ''

မေက မေးသည်။ ကျွန်တော်က မေ့အား အသာလက်တို့လိုက်ပြီး





''မှုူး တိုးတိုး၊ အိမ်ကျရင်ပြောပြမယ်''

''မမမြတ် ဒါကိုအောင်နဲ့တစ်ပတ်တည်းဆင်း သူငယ်ချင်း သက်ဦး၊ သူက သက်ဦးအမျိုးသမီး မိမေ''

မောင်မောင်အောင်က မိတ်ဆက်ပေးသည်။

''အစ်ကိုအောင်က မမလာမယ့်အကြောင်းပြောတာ မဟုတ်ဘူး၊ ရိပ်သာက ရဲဘော်လေးတွေပြောလို့သိတာ မမရဲ့၊ အဲဒါ သိသိချင်း မေတို့လာခဲ့ကြတာ၊ မမ ဘာလိုလဲ၊ လိုတာပြောနော်၊ ဒီမှာကြာဦးမှာလား၊ ဘယ်သွားချင်လဲပြော၊ မေလိုက်ပို့ပေးမယ်''

တွေ့တွေ့ချင်း မေက ရွှန်းရွှန်းဝေအောင် ပြောလိုက်ရာ ချောမောနှန်ရည်သော မောင်မောင်အောင့်ဇနီးက အနည်းငယ် ရှက်ရွံ့အားနာနေသည့်ပုံဖြင့်

''ကျေးဇူးပါပဲ ညီမရယ်၊ ခုတော့မလိုသေးပါဘူး၊ မမလည်း အောင်နဲ့ မတွေ့တာကြာလို့ လိုက်လာတာပါ၊ ကျောင်းက အလုပ်တွေလည်း ပစ်ထားလို့မရတော့ နှစ်ရက်သုံးရက်ပဲနေပြီး ရန်ကုန် ပြန်မှာပါ''

မောင်မောင်အောင့်ဇနီးနှင့် ယခုမှတွေ့ခါစဖြစ်၍ အာလွှာပသလ္လာပ စကားအနည်းငယ်ပြောပြီးသည့်နောက် သူတို့အားနှုတ်ဆက်ပြီး ကျွန်တော်တို့ဇနီးမောင်နှံ ရိပ်သာမှအိမ်ပြန်လာခဲ့ကြပါသည်။ လမ်းတွင် မရွှေမေက

''ကိုရေ ကိုအောင့် ဆရာမကြီးက အတော်ချောတယ်နော်၊ ခန့်ချောကြီး၊ ဒါပေမယ့် ကိုအောင့်ထက် အသက်တော်တော်ကြီးမလား မသိဘူး''

''အင်း ကြီးတာပေါ့ မေရဲ့၊ သူ့တွေ့တော့ ကိုယ်လည်း သိပ်အံ့သြသွားတယ်၊ အဲဒါကြောင့် လက်ကုပ်လိုက်တာ''

''ဟင် ဘာဖြစ်လို့လဲ ကို၊ ဆရာမကြီးနဲ့ ကို သိနေလို့လား''

''အင်း သိတယ်ပဲဆိုရမှာပေါ့၊ ဒီလိုလေ မေရဲ့''

''လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ကိုက ရန်ကုန်တက္ကသိုလ် ဘီအိုစီကောလိပ်မှာ အင်တာတက် နေတာပေါ့၊ အဲဒီတုန်းက ရန်ကုန်တက္ကသိုလ် ဆရာလောကမယ် နာမည်ကြီး ဆရာ၊ ဆရာမတွေရှိကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းနဲ့သူ နာမည်ကြီးကြတာပေါ့၊ လူကြီးထဲကဆို ဆရာကြီး ဦးဘညွန့်တို့၊ ဒေါက်တာမောင်ရှိန်တို့၊ ဆရာကြီးဦးလှရွှေတို့၊ ဆရာ ဦးတင်မောင်ဌေးတို့၊ ဒေါက်တာ ဒေါ်သင်းကြည်တို့၊ ဒေါ်ခင်ခင်ခတို့ပေါ့၊ သူတို့က စာသင်တာ သိပ်တော်ကြတာ''

''လူငယ်တွေထဲကတော့ ဆရာအောင်သင်းတို့ ဆရာအောင်ခန့်တို့ တက္ကသိုလ်မင်းမော်တို့ ဆရာမြင့်မောင်တို့ပေါ့လေ၊ သူတို့က အပြောကောင်း အဟောကောင်းတွေ၊ စာလည်းရေးတယ်၊ အဲ အမျိုး သမီးတွေထဲကတော့ ဒေါ်ခင်အေးပွင့်တို့၊ ဒေါ်ပိုပိုတို့၊ ဒေါ်မိမိကြည်တို့၊ ဒေါ်ခင်မျိုးမြတ်တို့ပေါ့၊ သူတို့က စာအသင်အပြကောင်းတာထက် အများကပိုင်းကြည့်ရလောက် အောင် ဝတ်တတ်စားတတ်ပြီး ချောကြလှကြလွန်းလို့ သူတို့အတန်းတွေမှာ ကျောင်းသားက ပိုများတယ်၊ တချို့များဆို မမြင်ဘူးလို့ဆိုပြီး သက်သက် တောင်လာကြည့်ကြရတယ်၊ အဲဒါက ပိုပြီးနာမည်ကြီးနေတာ''

''အဲလောက်တောင်ပဲလား ကိုရယ်''

''အံမယ်လေ၊ ဒါ့ထက်တောင် ပိုတယ် မေရေ၊ အဲ အချောဆုံး ကတော့ ခုနက မေနဲ့စကားပြောခဲ့တဲ့ ဒေါ်ခင်မျိုးမြတ်ပါပဲဗျာ၊ သူကတော့ ကျောင်းသားတွေသည်းသည်းအလှုပ်ဆုံးပေါ့၊ ကျောင်းသားတွေ ပါးစပ်ဖျားမှာ မမြတ်၊ မမြတ်နဲ့ပါပဲ''

''မော်လမြိုင်ဘက်က သူဌေးသမီး၊ စာလည်း သိပ်တော်၊ ဒွေကြီး မျိုးကြီးထဲက ရုပ်ချောသလောက် စာပဲစိတ်ဝင်စားပြီး ကျန်တဲ့လွေလီကာလီ တွေ လုံးဝမစဉ်းစားဘူးတဲ့၊ သူ့လိုက်တဲ့သူတွေ အများကြီး၊ ဆရာတွေရော ကျောင်းသားတွေရော အပြင်ကအရာရှိတွေလည်းပါသတဲ့၊ ဘယ်သူ့မှ စိတ် မဝင်စားဘဲ အဲဒီတုန်းက နိုင်ငံခြားပညာတော်သင်သွားဖို့ပဲ သူလုံးပန်းနေတာ၊ သူ့အတန်းတွေမှာကိုလည်း ယောင်တောင်ပေါင်တောင်နဲ့သွားပြီး တက်ခဲ့ဖူး ပါတယ်ဗျာ၊ သူက ရုပ်ချောသလို စာသင်လည်း တော်ပါတယ်၊ ဟိုတုန်း ကတော့ အသက်ကလည်း သုံးဆယ်လောက်ပဲဆိုတော့ အချောဆုံး အလှ ဆုံးအချိန်ပေါ့၊ ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလင်းတဲ့ ပပဝတီလို ဖြစ်မယ်ထင်တယ်''

''ကိုကလည်း ပိုနေပြန်ပြီ''

''မပိုဘူးမေရဲ့၊ တကယ်ပြောတာ ခုတောင် အသားက ဖြူဝင်းပြီး





ဘယ်လောက်လှနေသေးလဲ ကြည့်ပါဦး''

''အင်း ဟုတ်ပါရဲ့နော်၊ အဲဒါနဲ့ နေပါဦး၊ ဒီလောက်ချောတဲ့ မြို့ဖွေးဝါဝင်းတဲ့ ဆရာမကြီးနဲ့ ကိုတို့ ငယ်ချင်း အညာသား အသားမည်းနဲ့က ဘယ်လိုများ ဖူးစာဆုံလာကြသလဲနော်''

''သူ့အကြောင်းနဲ့ သူတော့ ရှိမှာပေါ့ မိန်းမရာ''

''အဲဒီတုန်းကတည်းက ဆရာမကြီးက အသက်သုံးဆယ်လောက် ဆိုတော့ ခုဆို အတော်ကြီးရောပေါ့''

''အင်း အခုဆို ငါးဆယ်နီးပါးပေါ့''

''ကို့ သူငယ်ချင်းကြီးနဲ့ အသက်ဘယ်လောက်တောင်များကွာမလဲ''

''အဲဒီကောင်ကြီးတက္ကသိုလ်မှာ ကို့ထက်စီနီယာတော့ ကျတယ်၊ ဒါပေမယ့် ဆရာမကြီးနဲ့ မကွာဘူးဆို ဆယ်နှစ်တော့ကွာမှာပဲ''

''အသက်ကလည်း အတော်ကွာတယ်နော် ကို၊ အညာသား ကျေးကန်းက ဒီဘဲဥကြီးကို ဘယ်လိုချိုလိုက်လည်း မသိဘူးနော်''

''သူ့သာမေးကြည့်တော့ မိန်းမရေ''

''အင်း၊ မေးရမယ်၊ မေးရမယ်၊ မေက သိပ်သိချင်တာကိုရဲ့''

ကျွန်တော့်ဇနီး မရွှေမေက မရိုးမရွှနှင့် အတော်စပ်စုချင်စိတ်ပေါက် နေဟန်တူပါသည်။ ကျွန်တော် တက္ကသိုလ်တက်စဉ်က နေကျောင်းသား၊ မောင်မောင်အောင်က အဆောင်ကျောင်းသား၊ ပြီးတော့ ဘာသာတွဲကလည်း တူကြ၊ သူက ကျွန်တော့်ထက် စီနီယာကျသဖြင့် တက္ကသိုလ်တွင် မခင်မင် ဘူးခဲ့ ကောင်းစွာလည်း မမြင်ဘူးခဲ့၊ တပ်ထဲကျမှ သင်တန်းတစ်ပတ်စဉ် တည်း၊ တစ်ဆောင်တည်း၊ တပ်စုတစ်စုတည်း။ ကျောင်းဆင်းတော့လည်း စစ်တိုင်းတစ်တိုင်းတည်း အတူကျလာကြမှ ရင်းနှီးခဲ့ကြရာ သူ့ဇာတ်လမ်း များကိုလည်း မသိခဲ့၊ ယခု ဒေါ်ခင်မျိုးမြတ်အား မြင်မှပင် ရင်သတ်ရှုမော အံ့သြရပါတော့သည်။

လူ့ဘဝဆိုတာကလည်း မထင်တာတွေ ဖြစ်တတ်သည်မို့ အဆန်း သားပေလား။

မေသိချင်တာ မကြာခင်တော့ သိလာရမည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသိချင်တာသိရဖို့ သိပ်မစောင့်လိုက်ရပါ။ မောင်မောင်အောင့်ဖနီး ပြန်သွားပြီး ရက်အနည်းငယ်အကြာတွင် ကျွန်တော်တို့ဇနီးမောင်နှံ လက်ထပ်သည့် ဆယ်ငါးနှစ်မြောက်အထိမ်းအမှတ်ပွဲလေးအား ကျင်းပဖြစ်ရာ ပြင်ဦးလွင် တပ်နယ်ရှိ တစ်ပတ်တည်းဆင်း သူငယ်ချင်းများအား ဖိတ်ဖြစ်သည်။ စစ်တက္ကသိုလ်တွင် နည်းပြလုပ်နေသည့် တင်ထွန်း၊ ဝင်းထိန်၊ ထွေးမောင် နီလေးမောင်၊ ဘီအေတီဒီက တင်ဌေးတို့အပြင် လူပျိုရုံ လုပ်ခဲ့တဲ့ အထူးဧည့်သည်တော်ကြီး မောင်မောင်အောင်ပါပါသည်။

သူငယ်ချင်းများအား ညစာကျွေးဖြစ်ပါသည်။ ပြင်ဦးလွင်၏ ရာသီဥတုက အေးနေသဖြင့် ယမကာလေးပါ ထည့်ပေးသည်။ တခြားသူတွေထက် မကြာခင်က ရန်ကုန်ပြန်သွားသည့် မိန်းမအားလွမ်းနေသော မောင်မောင်အောင်က နည်းနည်းပိုပြီး သောက်သုံးသည်။ ထမင်းစားပွဲပြီးတော့ အားလုံးပြန်ကြသော်လည်း တစ်တပ်တည်းသမား မောင်မောင်အောင်က မပြန်ဖြစ်သေး။ ကျွန်တော့်ကလေးများကလည်း ''ဦးအောင်ကြီး မိုးချုပ်မှ ပြန်ရမယ်''ဆိုနေသဖြင့် မပြန်ဘဲကလေးများနှင့် ငြင်းလိုက်ခုန်လိုက်၊ ရယ်လိုက်မောလိုက်လုပ်နေရာ မဌေးမေက ရုတ်တရက်

''အစ်ကိုအောင် မေးစရာတစ်ခုရှိလို့ စိတ်မဆိုးရင် မေးချင်တယ်''

''အောင်မယ်၊ ညည်းက ဘာမေးမှာလဲ မေးစမ်းပါဗျာ''

''ဟို မမြွတ်နဲ့ ဘယ်လိုတွေ့လာကြတာလဲဟင်၊ အဲဒါပြောပြလေ''

''သြော် ဒါလား၊ အင်း သူများတွေလိုပါပဲ၊ တက္ကသိုလ်မှာ တွေ့ကြတာပေါ့''

''ဟင်း အစ်ကိုအောင်ကလည်း မချိုပါနဲ့၊ သေသေချာချာ ပြောပါဦး၊ အောင်အောင်နဲ့ မမြွတ်ရဲ့ ဇာတ်လမ်းအစအဆုံးပေါ့''

''နင်က သိပ်သိချင်နေသလား''

''သိချင်တာပေါ့ အစ်ကိုရယ်''

''အင်း သိချင်လည်း ပြောရမှာပေါ့ဟာ''

ဟု အစချီရင်း ပြင်ဦးလွင်၏ ချမ်းအေးသောညတွင် ရီဝေသော မျက်လုံးများဖြင့် မောင်မောင်အောင်က သူနဲ့ မမြွတ်တို့ ဇာတ်လမ်းအား အောက်ပါအတိုင်း ပြောလေသည်။





''ငါ ရန်ကုန်တက္ကသိုလ်ရောက်တော့ မမြွတ်က မဟာဝိဇ္ဇာအောင်ပြီး ဆရာလုပ်နေပြီ၊ မြင်ကတည်းက သိပ်လှလွန်းလို့ နေ့တိုင်းတွေ့ရအောင် ငါလည်းသူများတွေလိုပဲ ကိုယ့်အတန်းမဟုတ်ဘဲ သူ့အတန်းတွေ သွားသွားတက်ရင်း သူနဲ့မျက်နှာတန်းမိလာတာပေါ့၊ ငါကစာမကြိုးစားဘူး၊ အားကစားတွေလုပ်ရင်း ပေါ့လော့ဝါးလားနဲ့ အချိန်ကုန်ရော၊ ဒါနဲ့စာမေးပွဲကျရော၊ နှစ်နှစ်တစ်တန်းပေါ့ကွာ''

''မမြွတ်က အဲဒီတုန်းကလှလို့ နာမည်ကြီးသလို စာအသင်အပြလည်းကောင်းလို့ သူ့ဌာနမှာ နာမည်ရတယ်၊ ကျောင်းသားတွေကိုလည်း ဂရုစိုက်တယ်၊ သူ့ကို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက အပျိုကြီးလုပ်နေလို့ ပိုနာမည်ကြီးတာပေါ့လေ၊ ငါနဲ့ကတော့ ဒုတိယနှစ်အောင်ပြီး သူ့အတန်းတွေ တကယ်တက်ရတဲ့အချိန်မှာ ပိုပြီး မျက်မှန်းတန်းမိလာတယ်၊ နောက်ပြီးသူက သူ့အဆောင်မှာ အဆောင်မှူး၊ ကိုယ်ကလည်း ကိုယ်နေတဲ့ အဆောင်မှာ အားကစားတာဝန်ခံ၊ သူတို့အဆောင်နဲ့ တို့အဆောင်က အဆောင်မောင်နှမပေါ့၊ အဆောင်ကိစ္စတွေနဲ့ သူ့ဆီဝင်ရင်းထွက်ရင်းနဲ့ ပိုငြင်းနိုးသွားတယ်၊ သူကတော့ ငါ့ကို ခပ်ပေပေချာတိတ်လေးဆိုပြီး ကရုဏာနဲ့ ဆက်ဆံတယ်၊ အဲဒီမှာ သူ့ဌာနကသူ့ကို နိုင်ငံခြားလွှတ်တယ်၊ ငါကသူ့ကို စတွေ့ကတည်းက တိတ်တိတ်လေးချစ်နေတာ၊ နိုင်ငံခြားမသွားခင် တစ်ရက် အလိုမှာ ငါက ဖွတ်တစ္ဆတ်လုပေလေးဆိုတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး အရဲစွန့်ပြီး သူ့ကို ချစ်နေမိကြောင်း ပြောလိုက်မိတယ်''

''ဟင် ဟုတ်လား၊ အစ်ကိုအောင်ကြီးက သတ္တိကောင်းသားနော်၊ အဲဒီတော့ မမြွတ်က ဘာပြောလဲ''

မေက စိတ်ဝင်တစား ထောက်ပေးလိုက်ရာ

''ဘာပြောမလဲကွာ၊ ပထမတော့ သိပ်အံ့အားသင့်သွားတာပေါ့၊ ပုံမလာ ပန်းမလာ မည်းမည်းခြောက်ခြောက် ငါ့လိုကောင်က သူ့လိုအလှဘုရင်မတစ်ပါးကို ဒီလိုပြောလိမ့်မယ်မှ ထင်မှမထားတာ၊ ငါလည်း ချစ်လွန်းလို့ စိတ်မထိန်းနိုင်တာနဲ့ ဖွင့်ပြောလိုက်တာပဲ၊ သူက စာကြိုးစားဖို့နဲ့ အချိန်တွေ အလကား ကုန်မသွားအောင် ပေါ့လော့ဝါးလားမနေဖို့ ပြောပါတယ်၊ အဲ ထူးခြားတာ တစ်ခုကတော့ သူနိုင်ငံခြားက ပြန်လာရင် အဖြေပေးမယ်လို့လည်း ပြောသွားသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



''နောက်တော့ ဘယ်လိုဖြစ်လဲ''

''သူ နိုင်ငံခြားက ပြန်ရောက်ချိန်မှာ ငါဘီအေနောက်ဆုံးနှစ်ရောက်ပြီ၊ ပြန်တွေ့တော့ သူ့ချစ်ရင် သူစကားနားထောင်ဖို့နဲ့ ဘွဲ့ရအောင် အရင်ကြိုးစားဖို့ပဲ ပြောတယ်။ ငါလည်း အနေအထိုင်ဆင်ခြင်ပြီး ဘွဲ့ရအောင် ကြိုးစားရတော့တာပေါ့ သူချစ်တာကို၊ ငါစာကြိုးစားလာတာကို ဘေးက တောင် အံ့သြလာကြတယ်''

''ဘွဲ့ရပြီး ထပ်တွေ့ကြတော့ ငါဘွဲ့ရသွားတာ ဝမ်းသာကြောင်း၊ သူနဲ့ငါနဲ့ အသက်ချင်းသိပ်ကွာကြလို့ မဖြစ်နိုင်ကြောင်း၊ ငါ့ကို မောင်ငယ်လေး တစ်ယောက်လိုသာ ချစ်ခင်နေကြောင်း ပြောတယ်ကွာ''

''ဟုတ်တော့မလိုလိုနဲ့ ထင်သလိုမဖြစ်လာတော့ ငါလည်း သိပ်ရှက်ပြီး ရန်ကုန်မှာ ပေတေလေလွင့် နေတယ်၊ နောက်တော့ မထူးဘူးဆိုပြီး တပ်ထဲဝင်လိုက်တာပဲ''

''ဒါပဲလား ကိုအောင်ရဲ့ ကောင်းခန်းမရောက်သေးဘူးလား''

''အေး ပြောမှာပါ၊ ငါက ပေတေပြီး တပ်ထဲဝင်သွားတော့ သူ့ကြောင့်ဆိုပြီး မမြတ် အတော်စိတ်မကောင်း ဖြစ်သွားရှာတယ်၊ တပ်ထဲမှာ ဆက်ပြီးပေမနေဖို့ တွေ့တဲ့အခါ ပြောရှာတယ်''

''သင်တန်းဆင်းတော့ သက်ဦးနဲ့ငါတို့ မော်လမြိုင်ဘက်မှာ တာဝန်ကျတယ်၊ မမြတ်ဖာတီဆိုတော့ သူ့သတင်းတွေကတော့ ကြားနေရတာပေါ့ကွာ၊ မင်းတို့သိတဲ့အတိုင်း ငါလည်းတပ်ထဲမှာ မေ့မေ့ပျောက်ပျောက် နေပေမယ့် မမြတ်ကိုမမေ့နိုင်ပါဘူး။ အိမ်ကပေးစားတဲ့သူတွေလည်း ငါမယူနိုင်ဘူးကွာ၊ သူ့ဆီတော့ ရန်ကုန်ရောက်တိုင်း ဝင်ပါတယ်၊ တွေ့တဲ့အခါလည်းတွေ့ မတွေ့တဲ့အခါလည်း မတွေ့ပေါ့၊ မတွေ့တော့လည်း စောင့်ပြီး တွေ့ရတာပေါ့၊ ဘေးကတော့ မမြတ်ရဲ့ အောင်အောင့်ကို သနားပါတယ်၊ သူ့ခမျာ ကျောင်းသားကတည်းက မမကိုချစ်နေရှာတာ၊ ဘာညာနဲ့ ပြောကြသတဲ့၊ ဒါပေမယ့် အကြောင်းမထူးပါဘူး''

''အဲ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကမှ သူ့မိဘတွေက အမွေကိစ္စနဲ့ ပြန်ခေါ်လို့ မော်လမြိုင်အသွားမှာ သူတို့စီးလာတဲ့ရထား နှင်းပုလဲနားမှာ သောင်းကျန်းသူတွေအပစ်ခံရတယ်၊ အဲဒါ ငါကလည်း သူပါမှန်းမသိပါဘူး၊ ငါက ကျိုက်ထိုတပ်မှာလေ၊ တာဝန်အရ အဲဒီကောင်တွေကိုလိုက်ရှင်းရင်း





တိုက်ပွဲဖြစ်ပြီး ဒဏ်ရာရလို့ မော်လမြိုင်ဆေးရုံရောက်သွားတယ်၊ တို့လိုက်ရှင်းလို့ ရထားလည်း အန္တရာယ်က လွတ်သွားပါတယ်၊ ငါ သေနတ်မှန်တယ်ကြားတော့ မမြတ် ဆေးရုံလိုက်လာတယ်၊ ငါ့မြင်တော့ မျက်ရည်ကျရှာတယ်၊ ငါ့ကိုလည်း သိပ်သနားသွားသတဲ့ အဲဒီအချိန်မှာ သူ့အိမ်ကလည်း အပျိုကြီးကို အတင်းပဲ အိမ်ထောင်ပြုပေးဖို့ စီစဉ်နေတယ်၊ ထားဝယ်ဘက်က မိုင်းသူဌေး လူပျိုကြီး တစ်ယောက်နဲ့လေ၊ သူ့အဖေနဲ့အမေကလည်း အတော်အသက်ကြီးနေကြပြီ၊ ဒါကြောင့် သူတို့ရှိတုန်း မမြတ်ကိုအိမ်ထောင်ချပေးချင်ကြတာ၊ မမြတ်က အိမ်ကစီစဉ်တာ ငြင်းလိုက်တယ်၊ ငါလည်း မော်လမြိုင်ဆေးရုံက ရန်ကုန်ပြောင်းကုရတယ်၊ မမြတ်က မင်္ဂလာဒုံ ဆေးရုံကို နေ့တိုင်းလိုလို လာပါတယ်၊ ဆေးရုံကဆင်းတော့ တို့နှစ်ယောက် ဘယ်သူ့မှမပြောတော့ဘဲ ရုံးတက်ပြီး လက်ထပ်လိုက်တာပါပဲကွာ၊ ငါကတော့ စစ်သားဆိုတော့တပ်က ခွင့်ပြုချက်တော့ တောင်းရတာပေါ့လေ''

''ဒါဆို အစ်ကိုအောင်က ဖွဲ့ဆုပေါက်သွားတာပေါ့နော်''

''အင်း၊ ဒီလိုပဲ ပြောရမလားတော့ မသိဘူး''

''သူ့အိမ်ကတော့ ငါ့ကိုယူရမလားဆိုပြီး မမြတ်ကို အခုထိ အဆက်အသွယ်ဖြတ်ထားတယ်၊ ကဲ မိမေရေ ညည်းသိချင်တဲ့ ပုံပြင်လေးကတော့ ဒါပါပဲကွယ်''

မောင်မောင်အောင်က သူ့ဇာတ်လမ်းအား နောက်သလို ပြောင်သလို အဆုံးသတ်လိုက်ပြီးနောက်

''မိုးချုပ်ပြီဟေ့၊ ငါလည်း ပြန်မယ်ကွာ'' ဟုပြောပြီး ရိုဝေစွာဖြင့် နိပ်သာသို့ ပြန်သွားပါသည်။

ကျွန်တော့်စိတ်ထဲမှာတော့ တစ်ခုခုဟာနေသလိုလို ခံစားနေရပါသည်။ ဒီကောင်ကြီးပြောတာ အမှန်တွေမှဟုတ်ပါရဲ့လား မသိ။

လပေါင်းများစွာ ကုန်လွန်ခဲ့ပါပြီ။

ကျွန်တော့်ဇနီးမေလည်း ကလေးတွေ ရန်ကုန်မှာ ကျောင်းထားသည့် ကိစ္စဖြင့် ရန်ကုန်-ပြင်ဦးလွင် အတက်အဆင်းသုံးလေးခါလုပ်ဖြစ်သည်။ ရန်ကုန်ရောက်တိုင်း တက္ကသိုလ်ဝင်းအတွင်း ပုဂံလမ်းမှာနေသည့် မမြတ်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ သွားဖြစ်ခဲ့ပါသည်။ မေက ခပ်သွက်သွက်မို့ မမမြတ်နဲ့များစွာ ရင်းနှီးကျွမ်းဝင်သွား၏။ စပ်စပ်စုစု မေးတတ်ပြောတတ်သူလည်းဖြစ်ရာ အောင်အောင်နဲ့မမမြတ်တို့ ဇာတ်လမ်းမှလိုနေသေးသည့်လေးများကို သိလာပါသည်။

နောက်ဆုံးအခေါက် ရန်ကုန်က ပြန်အရောက်တွင်

''ကိုရေ မမမြတ်က ကိုအောင့်ထက် ဆယ့်နှစ်နှစ်တောင် ကြီးသတဲ့''

''ဟာ ဟုတ်လား၊ မေ့ကိုဘယ်သူပြောသလဲ၊ မမမြတ်က အရွယ်တင်တော့ အဲဒီလောက်ကွာတယ်၊ မထင်ရဘူးနော်''

''ကွာတယ် ကိုရဲ့၊ မမမြတ်ကိုယ်တိုင် ပြောတာ''

''သူတို့နှစ်ယောက်က မင်းကုသနဲ့ ပပဝတီလိုပဲကွာ၊ အဲဒါကရော ဘယ်လိုဖြစ်လာတာလဲ''

''အဲဒီလိုပေါ့ ကိုရဲ့၊ မင်းကုသနဲ့ ပပဝတီချစ်သလိုပေါ့၊ မမမြတ်က ချစ်သူပိုင်းကိုင်းလည်နေတဲ့ကြားက အစကတည်းက ကိုသူငယ်ချင်း အညာသား မည်းမည်းခြောက်ခြောက် ဂျစ်တစ်တစ်လေးကို ချစ်နေတာတဲ့ ကိုရေ သိလား၊ အဲဒါ မမမြတ်ကိုယ်တိုင်က ပြောတာပဲ၊ စောစောကတော့ အသက်ကလည်းကွာ၊ ဘေးက ပြောကြမှာလည်းစိုးတော့ ချစ်ပေမယ့်မယူရဲဘူးတဲ့၊ ဒါပေမယ့် ကိုအောင် သေနတ်မှန်တော့ သိပ်သနားသွားပြီး အမြန်ဆုံးလက်ထပ်ဖြစ်တာတဲ့''

''ဟုတ်ရဲ့လား မေရယ်၊ ဖြစ်နိုင်ပါ့မလား''

''အို ဖြစ်နိုင်လို့ ညားပဲညားနေကြပြီပဲဟာ၊ ဒီမယ် ကို၊ အချစ်မှာ အသက်ကြီးတာငယ်တာ၊ ပညာတတ်တာ မတတ်တာ အရုပ်ဆိုးတာလှတာ မဆိုင်ဘူး၊ အချစ်က မျက်စိမရှိဘူး သိလား၊ အချစ်မှာသာ မျက်စိရှိနေရင် ကိုအောင်နဲ့ မမမြတ်လည်းမရဘူး၊ ကိုနဲ့မေလည်း မရဘူး၊ ဟင်း ဟင်း ကိုတို့ အညာသားတွေကို ဘယ်အောက်သူမှ မယူပါဘူးနော်''

အညာသားများအား ထိပါးလာသဖြင့် ကျွန်တော်က

''ကဲ ကဲ၊ တော်ပါပြီ မိန်းမရယ်၊ ဟုတ်ပါပြီ၊ လက်ခံပါပြီ''

ဟု မရွှေမေအား အပြေးအလွှားတားလိုက်ရပါသည်။ ပြီးတော့ သူမဆီက စဉ်းစားစရာတစ်ခု ရလိုက်ပြန်ပါသည်။ ဘာတဲ့





''အချစ်မှာ မျက်စိမရှိဘူးဆိုပဲ''

ဟုတ်မဟုတ်တော့ သူတို့ ကာယကံရှင် မိန်းမသားများသာ ပိုသိကြည့် ထင်ပါသည်။

ဩော် မိန်းမဟူသမျှ ထိုက္ကာတွိကား။

၁၉၉၅ ခု၊ ဇူလိုင်လထုတ် စစ်ပြန်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

## အစ်မကြီးရဲ့ အငယ်ဆုံးညီမ

မအေးငြိမ်းတစ်ယောက်တော့ တကယ်ပင် အေးငြိမ်းသွားခဲ့ပေပြီ။

ခဏအကြာတွင် မီးသင်္ဂြိုလ်တော့မည်ဖြစ်၍ မအေးငြိမ်းအား အလှဆုံးပြင်ဆင်ပေးထား၏။ မျက်နှာတွင် သူမအလွန်ကြိုက်သည့် သနပ်ခါး လူးပေးထားပြီး နှုတ်ခမ်းတွင် ခပ်ဖျော့ဖျော့နှုတ်ခမ်းနီလေးပင် ဆိုးပေးထား သေး၏။ ကိုယ်ပေါ်တွင်ကား အဖြူရောင်လက်ရှည်အင်္ကျီနှင့် ဖင်းမယ်လုံချည် အညိုကြား အဆင်လှလှလေးကို ဝတ်ပေးထား၏။ စံပယ်ပန်းကြိုက်တတ် သူမို့ ခေါင်းတွင် စံပယ်ပန်းတစ်ကုံးပင် ပန်ပေးထားသေး၏။

မအေးငြိမ်းမျက်နှာက ပြုံးယောင်သန်းနေသည်။ ထို့ကြောင့် မအေးငြိမ်းတစ်ယောက် အေးငြိမ်းသွားခဲ့ပြီဆိုသည်မှာ တကယ်ပင်သေချာ ပါသည်။

အဲ မအေးငြိမ်းနိုင်သူတွေကတော့ မအေးငြိမ်းခင်ပွန်း ကိုအောင် ထွန်းနှင့် သမီးပျိုနှစ်ယောက်၊ ပြီးတော့သူ့အစ်မကြီး ဒေါ်မိမိကြီးတို့ပင်တည်း။

ကိုအောင်ထွန်းကတော့ ယောကျ်ားတန်မဲ့ ''ငြိမ်းရေ ငြိမ်းရေ''ဟု တမ်းတကာ တရှုံ့ရှုံ့ငိုလျက်၊ သမီးနှစ်ယောက်ကလည်း ''မေမေရေ မေမေ ရေ'' ဟုခေါ်ကာ အသံထွက်အောင်ငိုလျက်၊ ဒေါ်မိမိကြီး တစ်ယောက်သာ စိတ်တင်းပြီး မပူရုပ်အသွင်ဆောင်ထား၏။

သို့ရာတွင် ကြေကွဲနေမှုကား နီရဲသောမျက်လုံး၊ ညှိုးချုံးနေသော မျက်နှာနှင့် ကပိုကရို အဝတ်အစားကိုကြည့်၍ အကဲခတ်နိုင်ပါ၏။

အရင်းနှီးဆုံးငယ်ပေါင်းကြီးဖော်များဖြစ်၍ မအေးငြိမ်း၏ ဈာပနသို့ ကျွန်တော်နှင့်မေ ရောက်ခဲ့ရပါသည်။ မေက မအေးငြိမ်းနှင့် တစ်မြို့တည်း သူများဖြစ်၍ ကျွန်တော့်ထက် ပိုရင်းနှီး၏။ ထို့ကြောင့် မအေးငြိမ်းနာမကျန်း ဖြစ်သည်မှ သေသည်အထိ မေက အနီးကပ်စောင့်ရှောက်ပြုစုပေးခဲ့၏။

''မငြိမ်းက မေ့အရင်းနှီးဆုံး မိတ်ဆွေဆိုလည်းဟုတ်၊ အစ်မဆို လည်းဟုတ်၊ ငယ်ပေါင်းတွေဆိုတော့ ပြုစုရမှာပဲကိုရေ၊ သူ့ကျေးဇူးတွေလည် ရှိခဲ့ဖူးတယ်လေ''

မေက ကျွန်တော်မသိသေးသည့် မအေးငြိမ်းနဲ့သံယောဇဉ်ငယ်တာ တစ်စွန်းတစ်စအား ရှင်းပြနေ၏။





''ကဲ ကဲ၊ မီးသင်္ဂြိုလ်ဖို့ အချိန်ကျပါပြီ ခင်ဗျာ''

သုသာန်တာဝန်ခံများက လာပြော၏။

ထို့နောက် မအေးငြိမ်း၏ ရုပ်ကလာပ်တင်ထားသောစင်အားတွန်း၍ မီးသင်္ဂြိုလ်စက်ကြီးရှိရာသို့ သယ်သွားကြ၏။ ကိုအောင်ထွန်းနှင့် သမီးများ ကလည်း မျက်ရည်စများနှင့်လိုက်ပါသွား၏။ စိတ်တင်းထားသော မျက်နှာ နှင့် ဒေါ်မိမိကြီးလည်းပါသွား၏။ စက်ကြီး၏ မီးဖိုအဝတွင် လုပ်သားများက တံခါးဖွင့်လိုက်သည်နှင့် ဆိုင်းမဆင့်ဗုံမဆင့်–

''အောင်မလေး သမီးရဲ့၊ အမေ့ကိုပစ်ပြီးသွားတော့မှာလား''

ဟု ဒေါ်မိမိကြီးက မအေးငြိမ်းအလောင်းကို ဖက်လိုက်၍ မျက်နှာချင်းအပ်ကာ ရှုတ်ချည်းငိုချလိုက်၏။ လူအားလုံးမှာ ဖြန်းခနဲ ဒေါ်မိမိကြီးအပြုအမူကြောင့် ကြောင်သွား၏။

''အို ဘယ်လိုပါလိမ့်၊ အမေနဲ့ သမီးဆိုပါလား၊ တစ်မျိုးကြီးပဲ''

ကျွန်တော်လည်း ရုတ်တရက် အံ့အားသင့်သွား၏။

''သူတို့နှစ်ယောက်က ညီအစ်မပဲ၊ အစ်မအကြီးဆုံးနဲ့ ညီမအငယ် ဆုံး မဟုတ်လား၊ ဘယ်ကလာ အမေနဲ့သမီးလဲ''

အားလုံးအတွက် တွေးရခက်ကြီး ဖြစ်နေ၏။

ဒေါ်မိမိကြီး၏ ''သမီးရဲ့၊ သမီးရဲ့'' ဟု ပေါက်ကွဲ ငိုယိုအော်ဟစ်သံ မှာလည်း တော်တော်နှင့် ရပ်မသွား။ ကျွန်တော်က ဘယ်လိုလဲဆို၍ မေ့ မျက်နှာ လှမ်းကြည့်လိုက်၏။ မေကလည်း အကင်းပါးလှပါသည်။ မသိမသာ ခေါင်းညိတ်ပြ၏။ သူမ သိပါသည်ပေါ့။

အသုဘမှအပြန်လမ်းတွင်–

''ဘယ်လိုလဲမေ၊ ဒေါ်မိမိကြီးက မအေးငြိမ်းကို သမီးဆိုပါလား၊ ဘယ်လိုဖြစ်သွားရတာလဲ''

မေက အဝေးကို မျှော်ကြည့်ကာ တစ်စုံတစ်ရာကို ခပ်တွေတွေ တွေး စဉ်းစားရင်း–

''အင်း ဒီလို ကိုရေ၊ မေတောင် မမငြိမ်း မဆုံးခင်လေးကမှ သိတာ၊ သူတို့အဖြစ်က ဒီလို ကိုရဲ့၊ မမငြိမ်းတို့က မေတို့မြို့ဇာတိပေါ့၊ ငယ်ငယ်လေးကတည်းက သူ့မြို့ပြန်ရောက်မှ ပိုခင်သွားတာ၊ အစောပိုင်းကတော့ ရန်ကုန်မှာ ကျောင်းနေတာ၊ နောက်မှ မေတို့မြို့ပြန်ရောက်လာတာ၊ ဒေါ်မိမိကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မယငြိမ်းက မေတို့ သိထားတာ ညီအစ်မပါပဲလေ၊ ဒါပေမယ့်''

မေက မအေးငြိမ်းနှင့်ဒေါ်မိမိကြီး၏ ဇာတ်လမ်းအား အောက်ပါအတိုင်း စပါသည်။

၁၉၃၀ ခုနှစ်နောက်ပိုင်းကာလ။

မြန်မာနိုင်ငံအောက်ပိုင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ခရိုင်မြို့တစ်မြို့၏ သင်္ဘောသီးပွဲရုံတန်း တစ်နေရာမှ ပွဲရုံကြီးတစ်ခုတွင် အသက်၃၀အရွယ် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ နှစ်ကိုယ်တည်း စကားပြောနေကြ၏။

အမျိုးသမီးက ဖြူဖြူဖွေးဖွေး၊ မျက်လုံးမျက်ခုံးကောင်းကောင်း အသားအရေပြည့်ပြည့်ဖြိုးဖြိုး မြန်မာဆန်ဆန်ချောမောလှပသူဖြစ်၏။ အလားတူပင် အမျိုးသားကလည်း အသားညိုညို ထောင်ထောင် မောင်းမောင်းဖြင့် ယောကျ်ားပီသသည့်ဟန်ရှိ၏။

''ကျုပ်ပြောတဲ့စကားလေး မငွေးဘယ်လိုသဘောရသလဲ၊ မငွေးကို ကျုပ်ချစ်ခဲ့တာ ကြာပါပြီဗျာ၊ အရောင်းအဝယ်ကိစ္စနဲ့ ကျုပ်တို့စတွေ့ကြကတည်းကပါ၊ ဟိုတုန်းက မပြောရဲခဲ့လို့ မငွေးကို လက်လွှတ်ခဲ့ရတယ်၊ ဒီတစ်ခါတော့ မငွေးကို ကျုပ်စောင့်ရှောက်ပါရစေတော့၊ ကလေးတစ်ယောက်နဲ့ မုဆိုးမဆိုပြီးမငွေးကို တခြားလူတွေ ထိကပါးရိကပါးလုပ်တာ ကျုပ်ကြည့်မနေနိုင်တော့ဘူးဗျာ၊ မငွေးသမီးကလေး ရွှေမိကို ကျုပ်ချစ်တယ်ဆိုတာလည်း မငွေးသိပါတယ်''

''ဟွင်း'' အမျိုးသမီးက သက်ပြင်းချလိုက်၏။

''အင်း သူပြောတာလည်း ဟုတ်တာပဲ၊ ဟိုတစ်နေ့က ဂျင်းပွဲရုံက အရပ်ဆိုးဆိုးလူပျိုကြီး ဦးချစ်တီးကလည်း လူကို ရိသဲ့သဲ့လာလုပ်သေးတယ်၊ အမဲရုံက ဟင်းအိုးမှအားမနာ၊ လက်ဖက်ပွဲစား ကိုဘမော်ကလည်း မိန်းမရှိရဲ့သားနဲ့ အကြောင်းမရှိအကြောင်းရှာပြီး၊ ခဏခဏဆိုင်ကိုလာတယ်၊ ငါ အိမ်ထောင်ပြုလိုက်ရင်တော့ ဒါတွေအေးမှာပါ၊ သမီးလေးရွှေမိအတွက်ကလည်း ရှိသေးတယ်လေ''

မိန်းမပျိုက ခပ်တွေတွေစဉ်းစားနေ၏။ အားမကိုးရသော အစ်မများ အိုမင်းမစွမ်းတော့သော အမေ၊ သေဆုံးသွားပြီဖြစ်သည့် ဖခင်ကြီး၊ ဒါတွေစဉ်းစားလိုက်တော့ သူ့ပွဲရုံမှာ ယောကျ်ားသားတစ်ဦး အမှန်ပင်လို၏။ ရိုးသားအေးဆေးတည်ကြည်သော ကိုမောင်လေးသည် သူ့အတွက် တကယ်အားကိုးဖွယ်ရာ ဖြစ်နိုင်၏။

''ဘယ်လိုလဲ မငွေးရယ်၊ ကျုပ်ကို စကားပြောပါဦးဗျာ''

ယောကျ်ားပျိုက တိုးတိတ်ညင်သာစွာ ပြောလိုက်၏။

မိန်းမပျိုက ငုံ့ထားသည့်ခေါင်းအား မော့လိုက်ပြီး–

''သြော် ကိုမောင်လေးရယ်၊ ကျွန်မအဖြေပေးဖို့များ လိုသေးလို့လားရှင်''

အိမ်ထောင်သက် ဆယ်နှစ်ကျော်ကြာခဲ့ပါပြီ။

မခင်ငွေး၊ ကိုမောင်လေးဆိုရင် မြို့မှာ မသိသူမရှိဖြစ်ပြီ မခင်ငွေးက အရာရာတက်တက်ကြွကြွ ရှေ့ကပြေးသဖြင့် လူတွေကကွယ်ရာမှာ မခင်ငွေး ကိုမောင်လေး ဟုခေါ်ကြ၏။

ရုံဖန်ရုံခါကျတော့လည်း သူတို့ဂုဏ်ပုဒ်အရ ဦးမောင်လေး၊ ဒေါ်ခင်ငွေး ဟုခေါ်ကြ၏။ ဦးနှင့် ဒေါ်သာ တပ်ရသည့် နှစ်ယောက်စလုံး အသက်တွေက (၄၈)ပတ်ဝန်းကျင်ပင်။

ဦးမောင်လေးနဲ့ကျမှ ဒေါ်ခင်ငွေးစီးပွားပိုဖြစ်လာ၏။ စီးပွားက ဒီရေအလား တိုးပွားလာသကဲ့သို့ သားသမီးများလည်း ပွားစီးလာ၏။ သမီးကြီးရွှေမိခေါ် မိမိကြီး၏အောက်တွင်နောက်ထပ် သားသမီးငါးဦးပင် ထွန်းကားလာ၏။ သမီးသုံးယောက်၊ သားနှစ်ယောက်။

အငယ်တွေများလာတော့ သမီးကြီးရွှေမိကို ကျောင်းထွက်ခိုင်းရ၏။

''ရွှေမိရေ အမေတို့ဖောက်သည်တွေကျနေတုန်း ညီမလေး မောင်လေးတွေ ဂရုစိုက်နော်''

''ရွှေမိရေ ဆိုင်ထိုင်ထားဦးဟေ့ အမေနည်းနည်းလေးလေး ကုန်သွားကြည့်ဦးမယ်''

''ရွှေမိရေ ညည်းလေးလေးမအားလို့ ဟိုဘက်ပွဲရုံကိုငွေသွားပို့ဦး''

စသည်ဖြင့် လုပ်ငန်းများတွင်လည်း သမီးကြီးရွှေမိကို အားထား၏ လွှဲပေးရလာ၏။ သမီးကလည်း အမေ့ခြေရာနင်းနိုင်လာ၏။ အပြော







www.burmeseclassic.com

www.burmeseclassic.com



အဆို အမူအယာကစပြီး သွက်လက်ချက်ချာ၏။ အမေနှင့် တစ်ပုံစံထဲဖြစ်၏။ အရောင်းအဝယ်ကိစ္စတွေမှာပါ အရွယ်ငယ်ငယ်နှင့် စွမ်းဆောင်လာနိုင်၏။

ဒါတွင်သာမက ရုပ်ရည်လေးကလည်း အမေလိုလှ၏။ ကိုယ်ခန္ဓာ အချိုးအဆက်များက အသက်အရွယ်ထက်ပင် ပိုမိုဖွံ့ထွားသေး၏။

ဒါကို သတိထားမိသည့် ဒေါ်ခင်ဌေးက–

''သမီးကြီးရေ သွားတာလာတာ သတိထားနော်၊ သမီးကလေး မဟုတ်တော့ဘူး၊ အပေါင်းအသင်း တွေလည်း သတိထား''

ဟု မကြာသေးမီလအနည်းငယ်ကစပြီး သူ့သမီးကိုပြောတတ်လာ၏။

သူမ ခင်ပွန်းကိုလည်း–

''ကိုမောင်လေးရေ ရှင့်ကို ညောင်းလို့ညာလို့ ဆိုင်တိုင်ရလို့ဆိုပြီး နည်းနည်းပါးပါးသောက်တာ စားတာတော့ ကျွန်မမတားပါဘူး၊ ဒါပေမယ့် များများတော့ မလုပ်ပါနဲ့၊ သမီးကြီးရွှေမိ ရှက်နေပါဦးမယ်''

ဟု ဦးမောင်လေးကိုလည်း သတိပေးလာ၏။

အရွယ်ရောက်ဆိုသည်က ကြိုမြင်နိုင်မှ တန်ကာကျသည်ကို ဒေါ်ခင်ဌေး သိပါသည်။

မီးဆိုသည်မှာ မလောင်ခင်က တားမှ။

ဦးမောင်လေးတစ်ယောက် လွန်ခဲ့သည့် သုံးလေးနှစ်ကစပြီး အနည်းငယ် သောက်တတ်စားတတ်လာ၏။ ပိုက်ဆံရှိလာတော့ ရန်ကုန်ဆင်းသည့် အခါများတွင် သွားရင်းလာရင်းဖြင့် ထိုကိစ္စမျိုးများ လုပ်တတ်ပြီ။ အဲဒီတုန်းက သိပ်အရေးမကြီး၊ ယခုတော့ သမီးလေး ကြီးလာပြီ။ နည်းနည်းအရေး ကြီးလာ၏။

သမီးကလည်း အဖေ့ကို လှုချင်ပချင်နေ၏။ ဆိုင်နားနီးချင်း အပျိုလေး၊ အပျိုကြီးများကလည်း–

''ဟဲ့ ရွှေမိ၊ ညည်းအမေကို ခြေကျင်းလုပ်နိုင်းပါလားအေ့''

''ဟဲ့ နိုင်လွန်လက်ပြတ်အင်္ကျီဝတ်မှ ခေတ်မီတာအေ့၊ ညည်း အမေကို ချုပ်ခိုင်းပါလား''

ဟု မြှောက်ထိုးပင့်ကော်လုပ်ပေးကြ၏။ သူတို့အထဲတွင် စိန်ကြည်က အဆိုးဆုံး၊ ကောင်မကိုက ခပ်ရွရွ၊ သမီးတစ်ကောင် နွားတစ်ထောင်





ဆိုသည်မှာ အမှန်ပင်ဖြစ်၏။ ခုတလောမကြာခဏ အရောင်း အဝယ်ကိစ္စနှင့် ရန်ကုန်ဆင်းလိုက်၊ တောသွားလိုက်နှင့် ဒေါ်ခင်ဌေးအလုပ်များနေ၏။ ဦးမောင်လေး လွှတ်ရသည်ကလည်း စိတ်တိုင်းတယ်မကျ။ ဒီတစ်ခေါက်က ဒေါ်ခင်ဌေးကိုယ်တိုင် ရန်ကုန်ဆင်းခဲ့ရပါသည်။ လေးငါးရက်ရှိပြီထင်၏။

စိတ်ကတော့ အိမ်ကို မကြာမကြာ ပြန်ရောက်နေ၏။ တထင့်ထင့်၊ အိမ်မှာ ကလေးတွေနဲ့ သူတို့အဖေ အဆင်မှပြေကြရဲ့လား။ သမီးကြီး ရွှေမိရော ဘာတွေလုပ်နေပါလိမ့်။

အင်း အလုပ်တွေပြီးရင်တော့ မြန်မြန်ပြန်မှ။ ဒေါ်ခင်ဌေးစိတ်တွေ ရန်ကုန်မှာ ဝေဝါးထွေပြားနေ၏။ ထို့အတူ–

ဒီနေ့ကျမှ ရွှေမိတစ်ယောက် စိတ်တွေ မရိုးမရွဖြစ်နေ၏။ ဘာမှန်းလည်း သူမသိ။ အမေက မြို့မဆင်းခင်တုန်းက မှာသွားသေး၏။ ဖြစ်နိုင်သည်များကို ကြိုမြင်ထားပုံရ၏။

''သမီးကြီး အမေနှစ်ရက်သုံးရက်တော့ကြာမယ်၊ စိတ်ချမယ်နော်၊ ညီမလေးတွေနဲ့ မောင်လေးတွေ ဂရုစိုက်လိုက်ဦး၊ ညည်း လေးလေးလည်း အရက်တွေသိပ်မသောက်စေနဲ့၊ ပြီးတော့ ဟိုဘက်ဆိုင်က စိန်ကြည်တို့နဲ့ ပေါင်းပြီးလည်း ရွှမနေနဲ့၊ အဲဒီကောင်မက သိပ်ကောင်းတဲ့ဟာမ မဟုတ်ဘူး။ အခုတလော တအားရှုပိုး ထိုးချင်နေတယ်''

အမေပြောလည်း ပြောလောက်၏။ မစိန်ကြည်က ရွှေမိထက် လေးငါးနှစ်ကြီး၏။ အသက်နှစ်ဆယ် နီးပါးရှိပြီ။ သူတို့ပွဲရုံဘေးဆိုင်က ဆိုင်ရှင်၏ တူမဖြစ်၏။ အရောင်းအဝယ်ကောင်းအောင်ဆိုပြီး သူ့ဆိုင်လာသမျှလူကို ညုတုတု ခရာတာတာ ပြီတီတီလုပ်တတ်၏။ ရုပ်ကတော့ အလှကြီးဟု မဆိုသာ၊ သို့ရာတွင် ကိုယ်လုံးကိုယ်ပေါက်ကတော့ မျှစ်စို့ကြီး သဖွယ် ပြည့်ဖြိုးတစ်ရစ်၏။ ထိုကိုယ်လုံးကိုယ်ပေါက်ဖြင့် ရစ်ဝဲလာသည့် ယောကျ်ားလေးများအား ဆွဲဆောင်နိုင်၏။ စိန်ကြည်၏ စက်ကွင်းသို့ သက်ဆင်းကြရသူများမှာ မနည်းလှ၊ ထိုကိစ္စများအတွက် စိန်ကြည်မှာ ပိုးကြေးပန်းကြေးများလည်းရ၏။ ထိုပိုးကြေးပန်းကြေးများဖြင့် သူမကိုယ်သူမ ပြင်ဆင်ခြယ်သ၏။ ဓာတ်ရှင်မင်းသမီးလား ထင်မှတ်မှားရ၏။



www.burmeseclassic.com

www.burmeseclassic.com



''တောင်းမှာအကွပ်၊ လူမှာ အဝတ်တဲ့ ရွှေမိရဲ့''

ဟုလည်း ရွှေမိအား ဩဝါဒပေးတတ်သေး၏။

ဩဝါဒပေးမည်ဆိုက ပေးနိုင်၏။ အဘယ့်ကြောင့်ဆိုသော် ရွှေမိ စိန်ကြည်ကို အားကျ၍ မကြာခဏ တပူးတွဲတွဲနှင့် နေ၏။ စိန်ကြည့်ထံမှ အဌာရေသမျှားအား အမေမသိအောင် တိတ်တခိုးသင်ကြားရ၏။ ထိုတောင် တောင်အီအီများတွင် စိန်ကြည်အား ဆရာတင်ထား၏။ ဒီနေ့ညနေမှာလည်း စိန်ကြည်က ရေချိုးသွားရန်ခေါ်၍ ဆိုင်ခဏထားကာလိုက်သွား၏။ သင်ခန်း စာ အသစ်တက်ပေးမည်ဟုလည်း ပြောင်ချော့ချော့ဖြင့်ပြော၏။ တကယ် တော့ စိန်ကြည်က ရေချိုးချိန်များတွင် သူရည်းစားများနှင့် ရေချိုးဆိပ်က အသိအိမ်တွင် ချိန်းတွေ့တတ်၏။

ယခုလည်း သူရည်းစားထွန်းအုပ်နှင့် ချိန်းတွေ့ခြင်းဖြစ်၏။ ထွန်းအုပ် က မြို့ထိပ်က ဆန်စက်ပိုင်ရှင်သား လူလည်၊ အလွန်ရည်းစားများသူ၊ အလုပ်မရှိပဲ လပ်ယားလပ်ယားနှင့် သွားနေတတ်သူ။ ရွှေမိတို့မြို့က မိန်း ကလေးများလောကတွင် နာမည်ကြီး။ နာမည်ကြီးနှစ်ဦး၏ တွေ့ဆုံခန်းအား ရွှေမိတစ်ယောက် သည်းထိတ်ရင်ဖိုတွေ့ရ၏။

''စောင့်နေရတာကြာပြီလား ကိုကို''

''အလဲ့၊ မစိန်ကြည်က ကိုကိုတဲ့'' ရွှေမိတွေးလိုက်မိ၏။

''ကြည်ကြည့်အတွက်ဆို တစ်သက်လုံးစောင့်မှာပါ''

''ဟင် ဟိုကလည်း ကြည်ကြည်ဆိုပါလား''

ထို့နောက် စိန်ကြည်နှင့် ထွန်းအုပ်တို့တွေ့ဆုံခန်းမှာ တစ်ဦးကို တစ်ဦးပွေ့ဖက်ယ် ဖက်ဟယ်ဖြင့် ပွဲကြမ်းလာ၏။ ဆိုင်းတီးပေးမည်ဆိုက အနုအရွ တီးလုံးလေးတွေ တီးလို့မရ၊ ဗိန်းမောင်းဆိုင်းသာ တီးရမည် ထင်၏။ ဘေးကဖေးကူရန် လိုက်သွားသည့် ရွှေမိကိုတောင် သူတို့ သတိမရ တော့၊ အချစ်နတ်က တီးပေးသည့် ဗိန်းမောင်းဆိုင်းတွင် ကကြခုန်ကြရင်း မေ့လျော့မျောပါသွားကြ၏။ ခပ်လှမ်းလှမ်းက ရှိုးတိုးရှိပ်တိတ်သာ မြင်နေရ သည့် ရွှေမိခမျာ မျက်နှာများပူထူလာ၏။ ရင်တွေခုန်လာ၏။ ရုံဖန်ရံခါ သူ့ ရင်ဘတ်ကိုပင် သူပြန်ဖိမိ၏။ ကာယကံရှင်တွေတော့မသိ၊ သူ့မှာတော့ ရင်ပူကာရေဆာလာ၏။ ဒူးတွေတုန်လာ၏။ နောက်ဆုံးတော့လှမ်းပင် မကြည့် နိုင်တော့ဘဲ အပြင်သို့ အပြေးလေးထွက်လာမိ၏။





''ဟင်း မစိန်ကြည် မိန်းမ၊ ကိုထွန်းအုပ်ကိုဖက်ထားလိုက်တာ ဒီတောင် သတိမရတော့ဘူး။ သူတို့ချိန်းတွေ့ကြတာလည်း ရင်ဖိုစရာကြောက် စရာကြီးပါလား။ ချစ်တလင်းခေါ်မယ် ချစ်ဗျူဟာကျင်းတဲ့ ချစ်မောင်မယ် ဆိုတဲ့ သီချင်းက သူတို့စောင်းဆိုလိုက်တာထင်ပါရဲ့''

စိန်ကြည်နဲ့ ထွန်းအုပ်တို့၏ တွေ့ဆုံပွဲကြောင့် မနူးမနပ် အပျိုပေါက် လေး မရွှေမိတစ်ယောက် စိတ်တွေ ဂယောက်ဂယက်ဖြစ်နေ၏။ တစ်ခါမှ မမြင်ဘူး မတွေ့ဘူးသည့် မြင်ကွင်းဆန်းကြောင့် သူ့မှာ အလိုလိုနေရင်း ရှမ်းလျှနေ၏။ မျက်စိထဲမှာလည်း ထိုမြင်ကွင်းကမထွက်၊ တရစ်ဝဲဝဲဖြစ်နေ၏။

ထိုနေ့ညက အိမ်ပြန်ရောက်တော့ စိတ်တွေချောက်ချားနေ၏။ ညနေ ၆–နာရီကျော်တော့ ဦးမောင်လေးက သူ့ထုံးစံအတိုင်း သူရာရည် လေး မှီဝဲ၏။

အမေမရှိသဖြင့် ရွှေမိက

''လေးလေး၊ ဘာစားဦးမလဲ'' ဟုသွားမေး၏။

မေးသာမေးရသည်။ ဒီနေ့မေးရတာ ခါတိုင်းလိုမဟုတ်၊ တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေ၏။ ဖွပ်ကြယ်လက်ပြတ်နှင့် ကြွက်သားအဖြိုးဖြိုး ထနေ သည့် သူ့လေးလေး၏ လက်မောင်းများနှင့် ရင်အုပ်ကားကား ကိုယ်လုံးက ညနေကသူမြင်ခဲ့ရသည့် ထွန်းအုပ်ကိုယ်လုံးနှင့် ဆင်သလိုလိုပင်။ ဒါကို ဦးတုန်းက သတိမထားမိ။

''ဟင်း'' ရွှေမိ သက်ပြင်းချမိ၏။

''ဩော် အေး၊ ရွှေမိရေ ဘာမှမလိုသေးပါဘူး၊ ဒီမှာ စားစရာလေး တွေရှိနေသေးတယ်၊ သမီး ညီမလေးတွေနဲ့ မောင်လေးတွေကိုသာ ကြည့် လိုက်ပါ''

ဦးမောင်လေးက ထိုသို့ပြောပြီး ရွှေမိကို လှမ်းကြည့်မိ၏။

''အင်း ဒီကလေးမ၊ အခု တစ်နှစ် နှစ်နှစ်အတွင်းမှာ အတော့်ကို ထွားသွားပါလား။ ခုမှ သူ့အမေနဲ့ပိုပြီး တူလာတယ်။ ဒီနေ့ အတူဆုံးပဲလား မသိဘူး''

ဟုကြည့်ရင်း စဉ်းစားမိ၏။

ထို့နောက် ရွှေမိကလည်း အနားမကပ်တော့၊ ဦးမောင်လေး ကလည်း သူ့အတွေးနှင့်သူ ဆက်ပြီးတွေးနေမိ၏။ ရွှေမိတို့အမေ ခရီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာ လေးငါးရက်ရှိပြီ၊ ဒီနေ့မှ ပိုသတိရနေ၏။ ဒုက္ခပါပဲ၊ ကိုယ့်အတွေးနဲ့ကိုယ်မို့ အချိန်အတော်ကြာသွား၏။ ည ၉-နာရီတိုင်သွား၏။

''ညည်း လေးလေးလည်း အရက်တွေ သိပ်မသောက်စေနဲ့''

ဟု အမေက မှာသွားသည်။ ဒါကြောင့် အိပ်ရာထဲတွင် တလူးလူး တလိမ့်လိမ့်ဖြစ်နေသည့် ရွှေမိ တစ်ယောက်၊ သူ့လေးလေးကို ထကြည့်မိ၏။ ဘာများလုပ်နေပါလိမ့်။

ဦးမောင်လေးက စွပ်ကြယ်ပင် မဝတ်တော့၊ အပေါ်ပိုင်း ဗလာကျင်း၍ သောက်လက်စပုလင်းကို အစသတ်နေ၏။ သူ့ကို ရုတ်ခနဲမြင်လိုက်သည်နှင့်

''ဩော် မဒွေး၊ ထမင်းစားမယ်လေ''

ဟုပြောလိုက်၏။ တန်တော့ လေးလေးမူးနေပြီထင်၏။

''ရွှေမိပါ လေးလေးရဲ့၊ အမေ မဟုတ်ပါဘူး''

''ဟင်ရွှေမိလား၊ လေးလေးကတော့ မဒွေးပဲထင်နေတာ၊ ထမင်းစားမယ် ရွှေမိရေ၊ လေးလေးကို ထမင်းကျွေးပါဦး''

ရွှေမိက မငုံ့မရဲ ထမင်းပြင်ကျွေး၏။ ဦးမောင်လေးက ထမင်းစားရင်း ရွှေမိ၏ အရွယ်ထက် ပိုမိုဖွံ့ထွားနေသည့် ကိုယ်လုံးကို စူးစူးစိုက်စိုက် ကြည့်၏။ ဒီလိုတစ်ခါမှ အကြည့်မခံရဘူး၍ ရွှေမိတစ်ယောက် ပူရှိန်းရှိန်းဖြစ် အနေရခက်ခက် ဖြစ်နေ၏။ အရေးထဲ ညနေက မြင်ကွင်းကို ပြန်မြင်ရတော့ ပို၍ရင်ခုန်လာ၏။ ထမင်းပန်းကန်များသိမ်းရင်း ခြေတွေလက်တွေတုန်က ခလုတ်ပါတိုက်မိ၍ ဟတ်ထိုးလဲကျသွား၏။ လဲမယ့် လဲတော့ သူ့လေးလေး ရင်ခွင်တွင်းမှာ သွားလဲကျ၏။

''ဟဲ့ ဟဲ့၊ အို အို၊ ဘယ်လိုဖြစ်တာလဲ မဒွေးရယ်''

ဦးမောင်လေးက ရွှေမိကိုယ်လုံးကလေးအား ဆီးပွေ့ရင်း အသံလေးလေးဖြင့်ဆို၏။ ထို့နောက်တော့ မဒွေးအား ခါတိုင်းသူပြုမူနေကျ အတိုင်း ဆက်ပြီးပြုမူမိ၏။ ရွှေမိကတော့ ထူးဆန်းသော အိပ်မက်ကမ္ဘာကြီး တစ်ခုထဲသို့ ရုတ်ချည်းရောက်သွားသလို ထင်နေ၏။ အိပ်မွေ့ချထားသူပမာ ဖြစ်နေ၏။ ရေချိန်များသွား၍ လေးလေးအပြုအမူက နည်းနည်းတော့ ကြမ်းသွားရမ်းသွားသလားတော့မသိ။

''အို အင်း လေးလေးရယ်'' ဟု ရွှေမိ၏ အသံလေးကိုပင် သ





ကောင်းစွာ မမှတ်မိမသိရှိတော့။

ဤသို့ဖြင့် အမှောင်တကာ့ အမှောင်ဆုံးသော အလွန်နက်ရှိုင်းလှသည့် ချောက်ကမ္ဘာကြီးအတွင်းသို့ သူတို့နှစ်ဦး ခုန်ဆင်းလိုက်မိကြပြီး အမှောင်တွင်းသို့ ဝေ့ဝဲလွင့်မျောသွားလေတော့သည်။

၇ ၈ ၇

မေက အရေးကြီးသောဇာတ်ဝင်ခန်းကို အထက်ပါအတိုင်းပြောပြပါ၏။

''ဩော် မေရယ်၊ ဖြစ်မှဖြစ်ရလေ၊ နောက်တော့ ဘာတွေ ဆက်ဖြစ်လဲ ပြောပါဦး''

''ဘာဖြစ်ရမလဲ ကိုရယ်၊ သူ့အမေ မြို့က ပြန်လာတော့ သူ့ယောကျ်ားနဲ့ သမီးလေးအကြောင်းကို ချက်ချင်းမသိသေးဘူးပေါ့၊ နောက်တော့လည်း ဒေါ်ခင်ဒွေးက မိန်းမပါးကြီးပဲ၊ သိတော့တာပေါ့၊ ဒါပေမယ့် အဲဒီအချိန်မှာ ဟိုနှစ်ယောက်ကလည်း ဆားငံရည်နောက် ဝက်တိုင်းသောက်က သောက်လေ သောက်လေ ဝတ်မပြေဖြစ်နေပြီလေ''

''ဒုက္ခပါပဲ မေရယ်''

''ဟုတ်တယ်၊ နောက်တော့ တကယ်ဒုက္ခရောက်ရော၊ ရွှေမိက မဖုံးနိုင် မဖိနိုင် ဖြစ်လာရတာတယ်၊ အဲဒါနဲ့ ဒေါ်ခင်ဒွေးလည်း သူ့သမီးကို တောပို့ပြီး မွေးခိုင်းရတော့တာပေါ့၊ မရွှေမိမွေးတဲ့ ကလေးက တခြားသူ မဟုတ်ဘူးလေ ကိုရဲ့၊ မေတို့ရဲ့ မငြိမ်းပဲပေါ့''

''အင်း ပြောပါဦး''

''ဒေါ်ခင်ဒွေးကတော့ ရှက်လည်းရှက်၊ သူ့ယောကျ်ားကိုလည်း စိတ်နာ၊ သမီးကိုလည်း စိတ်ဆိုးပေါ့၊ ကလေးမွေးပြီးတော့ ကလေးကို လူမြင်ကောင်းအောင် သူ့ရဲ့နောက်ဆုံးကလေး နွားမအိုနောက်သားလေး ဆိုပြီး လုပ်ထားတယ်၊ သူလည်း တောခဏလိုက်သွားနေလိုက်တယ်၊ မငြိမ်းက သူ့အဒေါ်အငယ်ဆုံးနဲ့ နှစ်နှစ်ပဲကွာတာ ကိုရဲ့၊ သူ့အမေ မရွှေမိနဲ့ ကတော့ ဆယ့်လေးငါးနှစ်ပဲ ကွာတယ်''

''အို အဲဒီတုန်းက မရွှေမိက တော်တော်ငယ်သေးတာပဲ''

''ဒါပေါ့ ကိုရယ်၊ ဒါကြောင့် အစ်မကြီးနဲ့ ညီမအငယ်ဆုံး လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလေ''

''ဇာတ်က တော်တော်ရှုပ်တာပဲ''

''ရှုပ်သလား မပြောနဲ့တော့ ကို ဦးမောင်လေးလည်း တစ်သက်လုံး သိက္ခာရှိရှိနဲ့နေလာတာ၊ ဒီအမှားကြီးကြောင့် လူတောသူတော မတိုးတော့ဘဲ နောက်ဆုံးတော့ ဒေါ်ခင်ငွေးနဲ့ကွဲ၊ တောပြန်၊ လူဝတ်ကြောင် စွန့်လွှတ်၊ ရဟန်းဝတ်သွားတဲ့အထိပါပဲ''

''အေးလေ၊ ဒါဆိုလည်း တစ်မျိုးတော့ တော်သေးတာပေါ့''

''ဒေါ်ခင်ငွေးကတော့ မာနရှိတဲ့ မိန်းမကြီးဖြစ်တော့ အဲဒီတုန်းက စစ်နဲ့လှုပ်လှုပ်,လှုပ်လှုပ် ဖြစ်နေတာတောင် သူ့မိသားစုတစ်ခုလုံး ရန်ကုန်ကို ရွှေ့သွားပြီး ဟိုမှာ ဘဝသစ်ထူထောင်တာပါပဲ၊ မမငြိမ်းအရွယ်ရောက်စပြုတော့ မမငြိမ်းနဲ့ ဒေါ်ရွှေမိတို့ မေတို့မြို့ပြန်လာတယ်၊ ဟိုမောင်နှမတွေနဲ့ မတည့်လို့ အဆင်မပြေလို့ ပြန်လာတာ၊ ဒေါ်ရွှေမိက မေတို့မြို့ပြန်ရောက်တော့ မိမိကြီး ပွဲရုံဆိုပြီး ပွဲရုံလုပ်ငန်းပြန်လုပ်တယ်၊ အောင်မြင်ပါတယ်။ သူတို့စီးပွားဖြစ်ပါတယ်၊သူတို့အဖြစ်ကိုလည်း ဘယ်သူမှသိပ်မမှတ်မိကြတော့ အနေ ချောင်တာပေါ့လေ၊ လူတွေလည်း စစ်အတွင်းမှာ ပြေးကြလွှားကြဆိုတော့ မြို့မှာ လူဟောင်းတွေလည်း သိပ်မရှိတော့ဘူးပေါ့၊ မမငြိမ်းက ဉာဏ်ကောင်းတယ်၊ စာတော်တယ်၊ မေတို့ ငယ်ငယ်တုန်းက အမြဲစာပြပေးခဲ့ဖူးတယ် ကိုရဲ့၊ သူက ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်တက်တယ်။ မေက အဲဒီတုန်းက အလယ် တန်းကျောင်းသူလေ၊ ငါးတန်းလား မသိပါဘူး၊ မေက မမငြိမ်းကို တအား,အားကျတာကိုရဲ့၊ မမငြိမ်းက လှလည်းလှ၊ သဘောလည်းကောင်း၊ စကားပြောတာလည်း သိမ်မွေ့ဆိုတော့ မေက ငယ်ငယ်ကတည်းက ချစ်တာ''

''မမငြိမ်း တက္ကသိုလ်ကထွက်တော့ အစိုးရအလုပ်ဝင်လုပ်ပြီး တာဝန်ကျတဲ့နေရာသွားတော့ ဒေါ်မိမိကြီးလည်း သူ့သမီးလေးကို စောင့်ရှောက်နိုင်အောင် လိုက်သွားတာပေါ့၊ ဒါနဲ့ပဲ နှစ်ပေါင်းများစွာ မေတို့နဲ့ ဝေးသွားကြတာ အခုဆုံးကာနီးမှ ဒီမှာပြန်တွေ့တာ''

''အိမ်ထောင်ကျတော့ရော''

''ကိုအောင်ထွန်းက တက္ကသိုလ်တုန်းက မမငြိမ်း သူငယ်ချင်းပါ၊ လူကောင်းသူကောင်းပါ''





''သူရောမအေးငြိမ်းတို့အကြောင်းတွေ မသိဘူးလား''

''မသိဘူးကို၊ မသိဘူး၊ သားအမိနှစ်ယောက် ညီအစ်မဆိုပြီးလုပ်ထားကြတာ၊ သိပ်ပိရိတယ်၊ တလောကလုံးက မသိကြဘူး၊ မမငြိမ်းမွေးတဲ့ သမီးလေးတွေတောင် မသိရှာကြဘူး၊ ပိပိရိရိ ဖုံးဖိထားကြတာ''

''အဲ နောက်ဆုံးဘယ်လို သိတာလဲ''

''ဘယ်လိုသိရမှာလဲ ကို ၊ မမငြိမ်းဆုံးခါနီးမှာ ဟိုအစ်ကို အစ်မတွေ လာကြမှ သူတို့ပြောလို့ သိရတော့တာပေါ့၊ မေဖြင့် အံ့ဩလို့ မဆုံးဘူး ကိုရေ''

''အင်း အံ့ဩမယ်ဆိုလည်း အံ့ဩလောက်စရာပါပဲလေ''

မေ၏ ရှည်လျားသော ဇာတ်လမ်းမှာ ဤတွင်ဆုံးပါလေ၏။

ကျွန်တော့်အတွက်မှာမူကား နှစ်ပေါင်း ၅၀ ကျော်ကြာအောင် မိခင်ပွန်းနှင့်သားသမီးများအပါအဝင် ပတ်ဝန်းကျင်တွင် ညီအစ်မအသွင် နေထိုင်ခဲ့သည့် သားအမိနှစ်ယောက်၏ ဆန်းကြယ်လှသောဘဝကို အံ့ဩခြင်းများစွာဖြင့် စိတ်မကောင်းဖြစ်ရပါသည်။

ထိုစိတ်မကောင်းခြင်းနှင့်အတူ မိန်းမတို့၏ အံ့မခန်းနိုင်သော မှုသိပ်လျှို့ဝှက်နိုင်စွမ်းကို ကျွန်တော် မျက်ဝါးထင်ထင် မြင်တွေ့လိုက်မိပါသတည်း။

ခြော် မိန်းမဟူဘိ ထိုက္ကတ္တိကား ။

မြို့တော်မဂ္ဂဇင်း၊ အမှတ်(၁၁၀)



www.burmeseclassic.com

www.burmeseclassic.com

## ပွင့်ပွင့်သိပါစေ

သူရုံးက ပြန်ရောက်လာသည်။ ဒီနေ့မှ သူ့အိမ်က အသံများလုံးဝ တိတ်နေ၏။ အခါတိုင်း သူ့ဇနီးနှင့် သမီးများက ယခုလို ရုံးဆင်းချိန်တွင် ကြိုနေကျဖြစ်သည်။ သူတို့မရှိလျှင် ပွင့်ပွင့်တော့ ရှိတတ်သည်။ ပွင့်ပွင့်ကကြို သည်။ ယခု ပွင့်ပွင့်ကိုလည်းသူမတွေ့၊ သို့ဖြစ်၍ အနည်းငယ်ထူးဆန်းစွာ နှင့် အိမ်အပေါ်ထပ်သို့ တက်ခဲ့မိ၏။

"အဟင့် ဟင့် ဟင့် ဟင့်"

"ဟ ငိုသံပါလား၊ ဘယ်သူပါလိမ့်"

သူ တွေဝေသွား၏။ အသံက ပွင့်ပွင့်နှင့် သမီးအလတ်အိပ်သည့် အခန်းဘက်မှ လာသည်။

"အင်း အလတ်မတော့ သူ့ကောင်လေးနဲ့ စကားများပြန်ပြီ ထင် တယ်၊ သွားမေးဦးမှ"

စဉ်းစားရင်း သမီးလတ်အခန်းထဲ ဝင်လိုက်၏။

"ဟေ"

သူ့ပါးစပ်မှ "ဟေ" အသံထွက်သွား၏။

ငိုနေသူမှာ သူ့သမီးအလတ်မဟုတ်၊ အိပ်ရာပေါ်မှောက်ပြီးခေါင်းနှင် ခေါင်းအုံးမျက်နှာအပ်ကာ "တဟင့်ဟင့်"နှင့် ရှိုက်နေသူမှာ သူလုံးဝ ထင် မထားသည့် ပွင့်ပွင့် ဖြစ်နေသောကြောင့်ပင်တည်း။

အိပ်ယာပေါ်မှ ပွင့်ပွင့်ကို အသာမထူ၍ မေးလိုက်၏။

"ဘယ်လိုဖြစ်တာလဲ သမီးရယ်"

ပွင့်ပွင့်က သူ့ကို မျက်လုံးရွှဲကြီးများဖြင့်မော့ကြည့်ရင်း ဘာမှပြ မပြော၊ ခေါင်းသာတွင်တွင်ရမ်းနေ၏။ မျက်ရည်ပေါက်ကြီးများကမူ ပါးပေ တွင် တလိမ့်လိမ့်စီးကျနေဆဲ၊ တစ်ခါမှ မငိုစဖူး အငိုထူးနေသဖြင့် သူအံ့ဩ နေသည်။ ပွင့်ပွင့် သူ့အိမ်ရောက်နေသည်မှာ လေးငါးနှစ်ရှိပြီ။ အမြဲပျော်နေ တတ်သည်။ သွက်လက်ချက်ချာသည်။ ဘာခိုင်းခိုင်းဖင်ပေါ့သည်။ ဘယ်သူ့နှ မဆို တည့်သည်။ သူ့သမီးတွေကလည်း ညီမဝမ်းကွဲလေးပွင့်ပွင့်ကို အထ ချစ်ကြသည်။ သူကလည်း အမေနှင့် အလွန်တူသည့် ပွင့်ပွင့်ကို သူ့အခေ အစားချစ်နေရသည်။





"ဟယ် ဖေဖေ၊ ပြန်ရောက်နေပြီလား"

ပွင့်ပွင့်ကို သူဆွဲထူရင်း မေးနေစဉ်မှာပင် သူ့သမီးလတ် ဝင်လာ၏။

"အေး ဖေဖေအခုပဲရောက်တယ် သမီးရေ၊ ဒီမှာကြည့်ပါဦး၊ သမီးညီမ ဘယ်လိုဖြစ်နေတာလဲ"

သူက ပွင့်ပွင့်ကို အိပ်ရာပေါ်ပြန်ထိုင်ခိုင်းရင်း လက်ညှိုးထိုးပြကာ မေးလိုက်သည်။ သမီးလတ်က နှုတ်ခမ်းတစ်ချက်မဲ့ပြုံးရင်း

"အလကားပါ ဖေဖေရာ၊ မိပွင့်က အဖြစ်သည်းနေတာပါ"

"ဘာအဖြစ်သည်းရတာလဲ သမီးရဲ့"

"ဘာအဖြစ်သည်းရမှာလဲ ဖေဖေရယ်၊ အန်တီထွေးက သူ့ကို ကိုတလောက အိမ်လာလာနေတဲ့ ခင်မောင်အုံးဆိုတဲ့ကောင်နဲ့ အရော ဝင်နဲ့၊ အဲဒီကောင်က ချောပ်၊ သူနဲ့ မန္တလေးမှာကတည်းက သိခဲ့တာ၊ သုံးဝကောင်းတဲ့ကောင် မဟုတ်ဘူး၊ ရည်းစားတွေလည်း မှိုလိုပေါက်လို့၊ ချယ်ကလေးသနားကမားနဲ့ သူဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေ မနည်းတော့ဘူး၊ ဒီကောင်နဲ့ဖြစ်ရင် ဖွတ်ဖွတ်ကျေပြီး ဘဝပျက်သွားမယ်လို့ ခေါ်ပြောလိုက်တဲ့ ဖေဖေရေ၊ သူနဲ့ ခင်မောင်အုံးကို စွပ်စွဲလို့ သူ့အဒေါ်အရင်း ကိုယ်တိုင်က သူ့ကို ဒီလိုထင်ရမလားဆိုပြီး ငိုတာတဲ့၊ သမီးလည်း စောစောက ချော့သေး တယ်၊ မတိတ်တာနဲ့ စိတ်မရှည်တော့ပဲ မြရိပ်ညိုဘက်ထွက်သွားတာ၊ ဖေဖေပြန်ရောက်ချိန်မှန်းပြီး အခုမှပြန်လာတာပဲ"

ထွေးထွေးနဲ့ ပွင့်ပွင့်အမေ မညိုက ညီအစ်မအရင်းဖြစ်ကြသည်။

"ဪ ဒါလား၊ ကိုယ်မဟုတ်ရင် ပြီးတာပဲ သမီးရယ်၊ ဒါပြောရုံနဲ့ တော့ ငိုစရာမရှိပါဘူး၊ ဟုတ်တော့ ဟုတ်တယ်၊ ခင်မောင်အုံးကို ဖေဖေ လည်း သိတာကြာပြီ၊ ဖေဖေသိသလောက် ခင်မောင်အုံးဆိုတဲ့ ကောင် လေးကတော့ လူရှုပ်လေးပဲ၊ ဖေဖေလည်း ဒီကောင်အိမ်ဝင်ထွက်နေ တာတည်းက ပြောတော့ ပြောမလို့ မင်းတို့ အစ်မကြီးအလုပ်တွေ ခဏလာပြီး လုပ်ပေးနေတာပါဆိုတာနဲ့ ကြည့်နေတာ"

သူက ခေါင်းတငြိမ့်ငြိမ့်လုပ်ရင်း သူ့သမီးလတ်ကို ပြန်ပြောလိုက်၏။

"အင်း ခင်မောင်အုံးနဲ့ဆိုရင်တော့ မလွယ်ဘူး၊ ကောင်လေးက ဘယ့်ချောပ်၊ ကမ္ဘာပတ်ပြီး ရှုပ်လာတာ၊ သူ့ကြောင့် မျက်ရည်ကျခဲ့တဲ့ လေးမတွေ မနည်းတော့ဘူး၊ စုစုတို့လင်မယားတောင် သူ့ကြောင့် ကွဲ



www.burmeseclassic.com

www.burmeseclassic.com



မလိုလိုဖြစ်ခဲ့သေးတာ၊ ထွေးထွေးပြောလိုက်တာ ကောင်းပါတယ်၊ တကယ် ဖြစ်သွားရင်တော့ ပွင့်ပွင့် ဒုက္ခရောက်လိမ့်မယ်''

သူက အတွေးစဉ်အမျှင်တန်းအား စိတ်ထဲမှ ရေရွတ်လိုက်သည်။ ထို့နောက်တော့

''ကဲ သမီး၊ သမီးညီမကို ချော့လိုက်ပါဦး၊ ဖေဖေလည်း နားလိုက်ဦးမယ်''

ဟူးခနဲသက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း သူ့အခန်းသို့ပြန်ခဲ့၏။

အင်း သမီးတွေ မွေးရတာ တယ်ရင်မောရပါလား၊ ပွင့်ပွင့်က သွက်လက်ချက်ချာပြီး ညိုချောလေး၊ ပြီးတော့ တက္ကသိုလ်ကျောင်းသူ ခင်မောင်အုံးလို အလုပ်အကိုင်အတည်တကျမရှိတဲ့ ယောင်ခြောက်ဆယ် အိယောင်ဝါးနဲ့များဖြစ်သွားရင်တော့ဒုက္ခ၊ မဟုတ်ပါစေနဲ့ဟု သူဆုတောင်း လိုက်၏။

ပြီးတော့ အိပ်ရာပေါ်လှဲရင်း ရှေးဖြစ်ဟောင်းများကို သူ ပြန်ပြောင်း အောက်မေ့မိသည်။

လွန်ခဲ့သည့် အနှစ်သုံးဆယ်နီးပါးက ပွင့်ပွင့်အမေ မညိုတစ်ယောက် ဆယ်တန်းအောင်ပြီး သူ့အိမ်ရောက်လာသည်။

မညိုနှင့် သူ့ဇနီးက ဝမ်းကွဲညီအစ်မများ၊ ဝမ်းကွဲဆိုသော်လည်း ညီအစ်မအရင်းဟု ဆိုနိုင်လောက်အောင် ငယ်စဉ်ကတည်းက တစ်အိမ်တည်း အတူနေခဲ့ကြသူများ ဖြစ်၏။ သူတို့အိမ်ထောင်ကျတော့ မညိုက ဗီ အပျိုပေါက် အလယ်တန်းကျောင်းသူလေး၊ အသားညိုညိုလေးနဲ့ ချစ်စရာ သွက်သွက်လက်လက်လေးမို့ မညိုဆိုသည့်သူမနာမည်နှင့် အလွ လိုက်ဖက်လှ၏။ သူကလည်း တွေ့တွေ့ချင်းပင် တစ်အိမ်ထဲအတူနေ ညီအစ်မ လေးငါးယောက်တွင် မညိုကို အချစ်ဆုံးဖြစ်၏။

ထို့ပြင် သူတို့လင်မယားရခါစက မညိုကဒိုင်ခံပြီး သူတို့ဇနီး မောင် အား မချက်တတ်ချက်တတ်နှင့် ထမင်းချက်ကျွေးခဲ့သည်ကိုလည်း အမှတ် နေသည်။ ထို့ကြောင့် ဆယ်တန်းအောင်ပြီး မညိုသူ့အိမ်မှ တက္ကသိုလ် လာတက်မည်ဆိုတော့ အလွယ်တကူပင် လက်ခံခဲ့သည်။





မညို သူ့အိမ်မှာ တက္ကသိုလ်တက်ပြီး တစ်နှစ်ကျော် နှစ်နှစ်ကြာ တော့ ထူးခြားမှုများ စတွေ့လာ၏။ အလုပ်တာဝန်ဖြင့် နယ်မှ သူခရီးသွားပြီး ပြန်ရောက်တိုင်း မညို၏ စာကြည့်စားပွဲတွင် ကျောင်းစာအုပ်များ အစား သီချင်းစာအုပ်များတွေ့လာရ၏။ သီချင်းဆိုသံ လုံးဝမကြားရဖူးသော မိန်းကလေးစားပွဲမှ သီချင်း စာအုပ်များမှာ သူ့အတွက် ထူးဆန်းနေသည်။

''မိန်းမရေ မင်းညီမ စားပွဲမှာ သီချင်းစာအုပ်တွေပါလား''

မနေနိုင်၍မေးမိသည်။

''ဟုတ်တယ်ကို၊ မေလည်း အံ့ဩနေတယ်၊ အညိုက သီချင်း ဝါသနာပါတာလည်း မဟုတ်ဘူး''

''ကြည့်လုပ်ပါဦးကွာ၊ ကိုယ့်အလုပ်ကလည်း တောချည်းပဲ သွားနေ ရတာ၊ အညို့ကိုဂရုမစိုက်အားဘူး။ မင်းညီမက တက္ကသိုလ်ရောက်မှ သီချင်း သည်လုပ်တော့မလားမသိပါဘူး''

''မေ မေးကြည့်ဦးမယ် ကို''

ဇနီးသည်က ဆို၏။ မကြာပါချေ။ ဇနီးသည်ထံမှ သတင်းစကား ကြားရသည်။ မညိုက သီချင်းရေး ဆရာလေးတစ်ဦးနဲ့ အပြင်မှာ တွဲနေသတဲ့။

''ဟိုက် ဗုဒ္ဓေါ''

သူ လိုက်စုံစမ်းသည်။ မညို၏ ယောကျ်ားလေးမိတ်ဆွေမှာ ဘာ အလုပ်အကိုင်မှ မယ်မယ်ရရ မရှိ၊ မအောင်မြင်သေးသည့် အနုပညာသည် ကလေး၊ ဆယ်တန်းပင် အောင်သေးသည်မဟုတ်၊ ထို့ကြောင့် သူတို့ ဇနီးမောင်နှံက မညိုကို ထိုကိစ္စအား မေးသည်။ တားသည်။ မညိုက ဘူးခံသည်။ မေးတိုင်းလည်း

''အညိုမဟုတ်ရပါဘူး အစ်ကိုနဲ့အစ်မရယ်''

ဟု သာဖြေလေ့ရှိသည်။

ဒုတိယနှစ်အောင်တော့ နားပူ၍ထင့် မညို သူတို့အိမ်မှ အဆောင် သို့ ပြောင်းသွားသည်၊ တတိယနှစ်အရောက် မညိုအိမ်ထောင်ပြုသွားသည်။ တခြားသူမဟုတ်ပါ။ သူမ မဟုတ်ပါဘူးဟု အတန်တန်ငြင်းဆိုခဲ့သည့် သီချင်းဆရာလေးနဲ့ပါပင်။ ကျောင်းပင်မပြီးလိုက်၊ မညိုဘွဲ့ရတော့ ဒုတိယ သမီး ပွင့်ပွင့်ကိုယ်ဝန်ဆောင်နေပါ။

သြော် ဖြစ်မှဖြစ်ရလေ၊ မိန်းကလေးတွေများ ကြိုက်မှ ဒိုက်



www.burmeseclassic.com

www.burmeseclassic.com



မရှုက်ပါပဲလေ၊ သူ့သမီးသာ သူ့အမေလို မဖြစ်ပါစေနဲ့။

၈

ညက မွှင့်မွှင့်ကိစ္စစဉ်းစားရင်း အိပ်ရာဝင်နောက်ကျ၍ သူ့ခေါင်းက သိပ်မရှင်းလှ၊ ရုံးရောက်ပြော့ အခန်းစောင့်တပည့်ကျော်က ဆီးပြောသည်။

"ဧည့်သည်တစ်ယောက် စောင့်နေတယ်ခင်ဗျာ"

"အေး ခေါ်လိုက်ပါကွာ"

ဘာရယ်မဟုတ်၊ မြန်မြန်တွေ့ပြီး မြန်မြန်ကိစ္စပြတ်သွားအောင် ပြောလိုက်ခြင်းဖြစ်၏။ ဧည့်သည် ဝင်လာသည်။

"ဟယ် မဖြူပါလား"

"ဦး မှတ်မိသားပဲ"

"အမယ်လေး မင်းကိုလား၊ သိပ်မှတ်မိတာပေါ့၊ မတွေ့တာကြာပေမယ့် မဖြူကို ဦးဘယ်တော့မှ မမေ့ဘူး၊ အခု ဘယ်မှာနေလဲ၊ ရန်ကုန်မှာလား၊ နယ်မှာလား၊ ပြော ဘာလုပ်ပေးရမလဲ"

"ကိုထွန်းရွှေက လွှတ်လိုက်လို့ပါဦးရယ်၊ မဖြူတို့ ရန်ကုန်က မော်လမြိုင်ပြောင်းပြီး ဟိုမှာအပြီးနေတော့မယ်၊ အဲဒါ ရန်ကုန်မှာ လူကြီးတွေ ပေးထားတဲ့ မြေကွက်လေး ရောင်းချင်လို့ ဦးလုပ်ပေးပါဦး၊ ရန်ကုန်မှာလည်း ဦးပဲကူညီနိုင်မယ်လို့ ကိုထွန်းရွှေက မှာလိုက်ပါတယ်"

"နေပါဦး၊ ဖိုးထွန်းရွှေက ဘာလို့ မပါလာလဲ"

"ကောင်းကောင်းနေမကောင်းဘူး ဦးရဲ့၊ သူလည်း အရောင်းအဝယ်နဲ့ တောင်ပေါ်တက်ရင်း ငှက်ဖျားပြန်ပြန်ထနေလို့ မဖြူပဲ လာခဲ့တာ"

"အေး အေး၊ ကူညီရမှာပေါ့ကွာ၊ ဦးမေးထားပေးမယ်၊ နက်ဖြန် ပြန်လာခဲ့ဟုတ်လား"

မဖြူက ကျေးဇူးတင်စကားဆိုကာ ပြန်ထွက်သွား၏။ သူ့ရုံးလုပ်ငန်းက မြေယာများနှင့်လည်း ပတ်သက်နေ၍ ယခုကိစ္စကို ကူညီနိုင်ပါသည်။ ကူညီဖို့လည်း ဝန်မလေးပါ။

သူ အလုပ်ဝင်စ အရာရှိပေါက်စလေးဘဝက သူတာဝန်ကျရာ မော်လမြိုင်မှာ ဖိုးထွန်းရွှေကို စသိသည်။ သူတို့ရုံးက သူ့အထက်အရာရှိ၏ လက်စွဲတော်လေးဖြစ်သည်၊ ရိုးသားသည်၊ ကြိုးစားသည်။ အသက်ကလည်း





အလွန်ဆုံးရှိမှ ဆယ့်ရှစ်နှစ်ခန့်ဖြစ်မည်။ ဖိုးထွန်းရွှေလေးက သူနဲ့အတူ အထက် အရာရှိအိမ်မှာ နေကြသည်။ အိမ်ကြီးက ကြီးမားကျယ်ဝန်းသဖြင့် နေလို့ရသည်။ သူနှင့် ဖိုးထွန်းရွှေတို့အတူနေပြီး လနည်းငယ်အကြာ မဖြူ ထိုအိမ်ရောက်လာသည်။ မဖြူက သူ့အထက်အရာရှိ၏တောက တူမလေး။ နာမည်နှင့်လိုက်အောင် ဖြူဖြူတုတ်တုတ် ဝဝကစ်ကစ်လေး။ အသက်ကလည်း ဆယ့်လေးငါးနှစ်ခန့်၊ မဖြူနှင့်ဖိုးထွန်းရွှေတို့ ခဏချင်းပင် ခင်မင်၍ သွားကြသည်။ မဖြူက သူနဲ့လည်းခင်ပါသည်။ သူကတော့ လူကြီးလို ခပ်တည်တည်နေ၏။ သို့ရာတွင် သူတို့လူငယ်အချင်းချင်းကတော့ ခေါင်းပုတ် ထိပ်ပုတ်ဖြင့် နေကြသည်။ တကယ့် ကလေးသာသာအရွယ်တွေမို့ သူ့အမြင်တွင်တော့ အထူးအဆန်းအဖြစ် မထင်မိ၊ ဘြော် ခင်ကြပေသားပဲဟု မှတ်တာပင် ပွားမိသေး၏။ သူကသာ မှတ်တာပွားသည်၊ ဘေးက မပွားနိုင်၍လားမသိ။

တစ်ရက်တော့ မဖြူတစ်ယောက် တရှုံ့ရှုံ့နှင့် ကျုံကျုံပါအောင် ငိုတော့သည်။ သူမြင်ရာ မနေနိုင်၍

"ဟဲ့ မဖြူ၊ ဘာဖြစ်သလဲ၊ ဦးကိုပြောစမ်း"

ဟု အတန်တန်မေးမှ မဖြူက မျက်ရည်များကြားမှ မျက်လုံးဝိုင်းကြီးများဖြင့် သူ့ကိုကြည့်ရင်း

"ဟိုလူတွေက မဖြူကို ဦးထွန်းရွှေနဲ့ပေးစားကြလို့ ဦးရဲ့"

ငိုကြီးချက်မနှင့် ပြော၏။

"အောင်မလေး မဖြူရယ်၊ ဒါများ ငိုစရာလား၊ မဟုတ်ရင်ပြီးတာပဲ၊ အလကား ကောင်မလေး၊ ကျွန်မက ကလေးပဲလို့ပြောလိုက်ရင် ပြီးတဲ့ဉစ္စာ ငိုမနေပါနဲ့၊ တိတ် တိတ်"

ထိုနေ့က မဖြူအငိုတိတ်အောင် သူအတော်ချော့ခဲ့ရပါသည်။ ကနေ့ချိန်အထိ ကလေးလေးလို မဖြူငိုနေပုံကို သူသတိရနေမိပါသေးသည်။

မော်လမြိုင်မှာ တစ်နှစ်ခန့်နေပြီး မြန်မာနိုင်ငံအထက်ပိုင်းသို့ သူ ပြောင်းရသည်။ သူပြောင်းပြီး သိပ်မကြာပါ၊ တစ်နှစ်ပင် ပြည့်အံ့မထင်၊ မဖြူ လင်နောက်လိုက်ပြေးသွားသတဲ့၊ ဘယ်သူနဲ့လဲဆိုတော့ တခြားသူ ဟုတ်ပါရိုးလား၊ သူချော့စဉ်က မဟုတ်ပါဘူးဆိုပြီး သူ့မအတန်တန်ငြင်းခဲ့သည့် ဖိုးထွန်းရွှေနဲ့ပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



သူရုံးခန်းမှ မဖြူပြန်ထွက်သွားတော့ အထက်ပါ မဖြူအတွက် မမေ့နိုင်စရာများကို သူစဉ်းစားဖြစ်သွားသည်။

ဩော် မိန်းကလေးတွေဟာ ဘယ်လိုပါလိမ့်၊ ဖိုးထွန်းရွှေက လူကောင်းလေးမို့ မဖြူကို သားမှတ်မှတ်၊ မယားမှတ်မှတ်နဲ့ အခုအချိန်အထိ ရှာဖွေကျွေးမွေးနေတာ၊ အနှစ်သုံးဆယ်ကျော်ပြီ၊ အခု သူ့ခမျာ ငှက်ဖျားတောင် ဖျားနေသတဲ့၊ အိမ်က ပွင့်ပွင့်တစ်ယောက်သာ သူ့အမေလို လူအရွေးမမှားပါစေနဲ့။

မွေးစားသမီးလေး ပွင့်ပွင့်အတွက် သူစိတ်ပူစွာဖြင့် ဆုမွန်ကောင်းတောင်းလိုက်မိပါသည်။ သူ မြေတောင်မြှောက်ပေးထားတဲ့ ပန်းကလေး ပွင့်ပွင့် နွမ်းကြွေမသွားစေလိုပါ။

အဝေးပေါ်လုပ်ငန်းတာဝန်ဖြင့် ရှမ်းပြည်နယ်လို့ သူခရီးထွက်ရသည်။ အတော်ကြာသွား၏။ တစ်ဖက်နယ်စပ်မှ အပြန်တွင် မိန်းကလေးကြိုက်ပစ္စည်း အတော်များများ သူဝယ်လာဖြစ်၏။ ဇနီးနှင့် သမီးများအတွက်၊ ပြီးတော့ မွေးစားသမီးလေး ပွင့်ပွင့်အတွက်၊ အိမ်ပြန်ရောက်တော့ သမီးများက

"ဖေကြီး ပြန်လာပြီဟေ့"

ဟု အော်ကာ ဝမ်းသာအားရဖြင့် 'ဘာပါလဲ' ဟုမေးကြသည်။

သူက ပါလာသည်များကို ထုတ်ပြကာ "ဒါက မေကြီးအတွက်၊ ဒါက အန့်တီထွေးအတွက်၊ ဒါက သမီးတို့အတွက်၊ ဒါက ပွင့်ပွင့်အတွက်"

ဟုဆိုပြီး ပွင့်ပွင့်အား မတွေ့၍ "ဟဲ့ ပွင့်ပွင့်ရော"

"ပွင့်ပွင့်၊ သူ့အဖေ နေမကောင်းလို့ သူ့အိမ်ခဏပြန်သွားတယ် ဖေဖေ"

သမီးကြီးက ဝင်ပြောသည်။

ပွင့်ပွင့်မတွေ့၍ သူ့စိတ်ထဲမှာ စနိုးစနောင့်နှင့်၊ ဒါပေမယ့် သိပ်တော့ ရှည်ရှည်ဝေးဝေးမမေးဖြစ်၊ မေးလည်းမမေးချင်၊ တစ်ခါတစ်ရံ ယခုလို သူ့ဇာတိမြို့သို့ ပွင့်ပွင့်ပြန်တတ်သည်မို့ မမေးဘဲထားလိုက်ပါသည်။

ဒါတောင်

"ဟဲ့ သူ စာမေးပွဲကြီးနီးနေပြီမဟုတ်လား"





သူက ပြောဖြစ်အောင် ပြောလိုက်သေး၏။

"ဟုတ်တယ်လေ၊ ဒါပေမယ့် သူ့အဖေရဲ့ ကျန်းမာရေးအခြေအနေ ...သီးနည်းပိုဆိုးလာလို့ဆိုပြီး သူ့အမေ အန့်တီညိုကိုယ်တိုင် ဖုန်းဆက်လို့ ...ဖေဖေရဲ့၊ အန့်တီထွေး လိုက်ပို့ရတာ"

သမီးကြီးက ဝင်ဖြေသည်။ ဒါဆိုတော့လည်း သူဘာမှ မပြောသာ ...တော့ပါ၊ ထွေးထွေးကလည်း အိမ်မှာ အတူလာနေသည်မို့ တူမကို စိတ်မချ၍ ...ိုက်ပို့တာ ဖြစ်ပါလိမ့်မည်။

တစ်ပတ်နှစ်ပတ်ကြာသွားသည်၊ ရှေ့အပတ်ဆို ပွင့်ပွင့်တို့ စာမေးပွဲ ...ီးဖြေရတော့မည်။ ပွင့်ပွင့်နှင့် သမီးအငယ်ဆုံးက အတန်းတူ၊ ယခုအချိန်ထိ ...င့်ပွင့် ပြန်မရောက်သေး၊ သမီးငယ်တို့ စာမေးပွဲကြီးမဖြေခင် တစ်ရက် ...လိုတွင်တော့ သူစိတ်ပူလာ၏။ မနေနိုင်တော့။

"ဟဲ့ သမီးငယ်၊ ပွင့်ပွင့် စာမေးပွဲဖြေဦးမှာလား၊ သမီးတို့ဟာ ...ဘယ်လိုလဲ"

သိပ်ဟန်မဆောင်တတ်သည့် သမီးအငယ်ဆုံးက

"ဟင်း ဟင်း ဟင်း၊ ပွင့်ပွင့်ကို မျှော်မနေနဲ့တော့ ဖေဖေရေ၊ ...င့်ပွင့်ကို သမီးတို့ သူ့အိမ်အပြီးပြန်ပို့လိုက်ပြီ"

"ဟေ၊ ဘယ်လိုဖြစ်ကြတာလဲ"

သူက တအံ့တဩ မေးလိုက်၏။

"ဘာဖြစ်ရမှာလဲ ဖေဖေရဲ့၊ ဖေဖေ့တူမက ပြောတော့သာ အဲဒီ ...ခင်မောင်အုံးဆိုတဲ့ ရှေ့ပ်နဲ့မဟုတ်ရပါဘူးပါဘူးနဲ့ ဝိုလိုက်ရယ်လိုက်၊ လွမ်းဆွေး ...က်လုပ်ပြီး အတင်းငြင်းနေတာ၊ ဖေဖေသွားပြီး နောက်ရက်မြို့ထဲက ...ဟာရုံမှာ ပွင့်ပွင့်နဲ့အဲဒီကောင်၊ ရုပ်ရှင်တွဲကြည့်နေတာ မမကြီးနဲ့ သွားတိုး ...ယ်၊ မမကြီးကသာမြင်တာ၊ သူတို့က မှုန်နေကြတော့ မတွေ့ပါဘူး ...မှာပြောသွားတော့ စာမေးပွဲကြီးအတွက် ကျူရှင်သွားတာတဲ့၊ ဟင်း ...ောင်မစုတ်၊ ဒါတင်ဘယ်ကမလဲ၊ နောက်ရက်တွေမှာလည်း စာအုပ် ...ယ်ဆိုပြီး အိမ်က ထွက်ထွက်သွားပြီး ခင်မောင်အုံးနေတဲ့အဆောင်ကို ...က်လိုက်သွားတယ်၊ အဲဒါ မမကြီးနဲ့ အန့်တီထွေးတို့ မသင်္ကာတာနဲ့ ...က်ချောင်းကြည့်လို့ မိတာဖေဖေ"

"အဆောင်တောင် လိုက်သွားပြီဆိုတော့ ပွင့်ပွင့်က သိပ်ရွှန်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့၊ မရတော့ဘူး၊ အဲဒါကြောင့် မေကြီးနဲ့မမကြီးတို့၊ အန်တီထွေး တို့က တအားဒေါကန်ပြီး သူ့အိမ်ပြန်ပို့လိုက်တာ ဖေဖေရဲ့၊ ရှင်းပြီလား ပွင့်ပွင့်ကို မျှော်မနေနဲ့တော့ အဖေကြီး၊ ဇာတ်လမ်းက ပြီးသွားပြီ၊ မွဲချင်တဲ့ ခွေး ပြာပုံတိုးပဲ၊ ဟင်း ဟင်း ဟင်း''

''တော်ပါတော့ သမီးရယ်၊ တော်ပါတော့''

ဂရုဏာဒေါသောနှင့် ပြောနေသည့် သမီးငယ်ကို သူတားလိုက် သည်။ သမီးငယ် စကားများကို သူမကြားလိုတော့ပါ၊- ရင်ထဲမှာနင်နေ

''ဖြစ်မှ ဖြစ်ရလေ ပွင့်ပွင့်ရယ်၊ မင်းက ရေပန်းကို ရွှေပန်းထင်လ အမြင့်မှာ မနေနိုင်ဘဲ ခုန်ချထွက်ပြေးသွားတာကိုး၊ တို့ ဘာတတ်နိုင်ဦးမှာလ မိန်းကလေးတွေဆိုတာ ဒီလိုပဲလား မသိတော့ပါဘူး''

သူ၏ ရင်နှင့်နင့်ဖြင့် ရေရွတ်သံကို ကာယကံရှင် ပွင့်ပွင့်တစ်ယောက ကတော့ အခုနေအခါမှာ ဘယ်လိုမှ သိနိုင်မှာ မဟုတ်ရှာတော့ပါလေ

မြို့တော်မဂ္ဂဇင်း၊ အမှတ် (၁၂၄



# ညိုပြာညက်ကလေး မတင်ထွေး

''ဟဲ့ ညိုပြာညက်ကလေး ပြန်ရောက်နေပါလား''

''ဟုတ်တယ် အဲဖေ၊ သမီးကလေးနှစ်ယောက် မနိုင်တာနဲ့ ပြန်ခေါ် သားတာ''

ကျွန်တော့်အိမ်တွင် အိမ်ဖော်မိန်းကလေးများ အဝင်အထွက်များ၏။ သားစု သုံးလေးစု စုနေကြ၍ အိမ်တွင်လူကလည်းများသည်။ သမီးအကြီး နှင့် သူ့သား သူ့သမီးအငယ်နှင့် သူ့သမီးနှစ်ယောက်၊ မိုရိုသူတပည့်များနှင့် သူတို့ သားသမီးများ၊ အခါလည်သားသာသာမှ တက္ကသိုလ်ကျောင်းသား အထိ ကလေးကလည်း ဆယ်ယောက်ခန့်ရှိ၏။ ဒါတွေအတွက် လိုအပ်သည့် ကိစ္စ အဝဝဆောင်ရွက်ရန် အိမ်ဖော်မိန်းကလေးများ မရှိမဖြစ်ထားရပါသည်။

သမီးများကလည်း အလုပ်ကိုယ်စီနှင့်၊ သမီးအကြီးက သူ့ကုမ္ပဏီ နှင့်သူမို့ သူ့သားကိစ္စ ပြန်မကြည့်နိုင်။ ထို့ကြောင့် သူ့ကိစ္စတွေလုပ်ပေးဖို့ အိမ်ဖော်တစ်ယောက်ငှား၏။ သမီးအငယ်ကလည်း သူ့ ခင်ပွန်းကဝန်ထမ်းမို့ ဒုနဆိုင်ရာကိစ္စများ ကူလုပ်ပေးနေရသည်။ နှစ်နှစ်အရွယ်သမီး တစ်ယောက် နှစ်အရွယ်သမီးတစ်ယောက်၊ ကလေးနှစ်ယောက်နှင့် သိပ်မလွယ်လှ။ ကိုယ်တိုင်ကလည်း ဗာဟီရများသူမို့ သူ့ကလေးများကို ကောင်းစွာပြန် ကြည့်နိုင်။ ထို့ကြောင့် အိမ်ဖော်ငှားထားရသည်။ ကျွန်တော်တို့ ဇနီး မောင်နှံက တစ်ယောက်ငှားသည်။ ထို့ကြောင့် အိမ်တွင် အိမ်ဖော်သုံးယောက် နှင့် အမြဲရှိ၏။

ကျွန်တော့်အိမ်တွင် ထိုကဲ့သို့အိမ်ဖော်မိန်းကလေးများသာ သုံး လေးယောက်ရှိသည် မဟုတ်ပါ။ အကြောင်းအမျိုးမျိုးနှင့် လာနေကြသော ယောကျ်ားလေးများလည်း ရှိကြပါသည်။

မကင်းရာ မကင်းကြောင်းဆွေမျိုးများ၊ တပ်ထဲမှာ အတူနေခဲ့ဖူး သည့် တပည့်များ၏သားများ၊ လုပ်ငန်းခွင်နှင့်သက်ဆိုင်သောလူငယ်များ သည်စသည်ဖြင့် ယောကျ်ားလေးကလည်း လေးငါးယောက်ကတော့ရှိစမြဲ ယခုလည်း ရှိနေပါသည်။ ယာဉ်မောင်းများအပါအဝင် အားလုံး ်းယောက်။

ညိုပြာညက်ကလေးမှာ မနှစ်ကကျွန်တော့်သမီးငယ်၏ ကလေးများ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းရန်ခေါ်ထားသည့် အိမ်ဖော်မကလေးဖြစ်၏။ အသားလေးက ညိုစိမ့်စိမ့် မျက်လုံးမျက်ခုံးကောင်းကောင်း၊ သွယ်သွယ်လျလျလေး၊ စကားကို နှုးညံ့သိမ်မွေ့စွာပြောတတ်၏။ ယဉ်ကျေး၏။ စိတ်ရှည်၏။ ထို့ကြောင့် အိမ်ရောက်ပြီး မကြာမီမှာပင် အိမ်ကတယ်လီဖုန်းကို သူပင် ဒိုင်ခံဖြေသူဖြစ်သွားတော့သည်။ စာလေးဘာလေးလည်း အနည်းငယ်တတ်ပြီး အကင်းပါး၍ နိုင်းကောင်းသဖြင့် အိမ်ကသမီးများက သဘောကျကြ၏။ ကဂျီကဂျောင် အလွန်များသည့် ကျွန်တော့်ဇနီးကပင်လျှင်

''အညိုမလေးက အရင်ဟာမတွေနဲ့ မတူဘူး၊ ငြိမ်လည်းငြိမ်တယ် နိုင်းလို့လည်း ကောင်းတယ်''

ဟု ဆို၏။

သူ့အကြောင်းသိသည့် ကျွန်တော်က

''မယ်တော်ကြီး သဘောကျရင်ပြီးတာပါပဲဗျာ''

ဟု ပြောလိုက်ရသည်။

အိမ်ဖော်မိန်းကလေးတော်တော်များမှာ ကျွန်တော့်ဇနီးစိတ်တိုင်းမကျ၍ ပြန်ကြသည်ကများ၏။ အိမ်မှာကလေးနှင့်တည့်ဖို့ထက် သူနှင့် တည့်ဖို့က ပိုအရေးကြီးသည်။ သူက ကျွန်တော်တို့အိမ်မှာ အရေးကြီးဆုံးပုဂ္ဂိုလ်။

ယခုသူသဘောကျသည့် ညိုပြာညက်မလေး ပြန်ရောက်လာသည်။

လွန်ခဲ့သည့် သုံးလေးလက ပြည်ဘက်ကသူ့ရွာသို့ ပြန်သွားသည်။ ခဏပြန်တာလား အပြီးပြန်တာလား ကျွန်တော်မသိပါ။ ကိုယ်လည်း ကိုယ့်ကိစ္စနှင့် ကိုယ်မို့မမေးမိ။

သူမပြန်ရောက်လာ၍ ကျွန်တော့်ဇနီးနှင့် သမီးအငယ်တအုပ်ကြီး ကလေးထိန်းသက်သာသွားတာကတော့ အမှန်ပင်ဖြစ်ပါ၏။

အလုပ်အားနေ၍ စာအုပ်ဆိုင်လေး ဖွင့်လိုက်မိသည်။ ကိုယ်လည်း အချိန်ပြည့်ထိုင်နိုင်သည် မဟုတ်။ ထို့ကြောင့် လူငှားရသည်။ ရှည်ရှည်ဝေးဝေး ရှာစရာ မလိုပါ။ အိမ်မှာ လူတွေရှိပြီးသား။

''ဝက်ကြီးနဲ့ မောင်ဖုန်းတာဝန်ပေးရင်ရပါတယ်၊ ဒီကောင်တွေ ဘာအလုပ်မှရှိတာမှမဟုတ်ဘဲ''





ဝက်ကြီးမှာ မိတ္ထီလာဘက်က၊ အသက်သုံးဆယ်နီးပါး လူပုံက ခပ်ဆိုးဆိုး၊ အသားကမည်းမည်း၊ နှုတ်ခမ်းထော်ထော်၊ ခပ်ဝဝနှင့်မို့ အိမ်မှာ အလုပ်လာလုပ်ကတည်းက အိမ်မှရှိလူများကသူ့အားအမည်ရင်း ဝင်းကြိုင်ကို မခေါ်ဘဲ 'ဝက်ကြီး' 'ဝက်ကြီး' ဟုခေါ်ရာမှ ဝက်ကြီးဖြစ်သွား၏။ ဝက်ကြီးက စာခြောက်တန်း၊ ခုနစ်တန်းခန့်တော့တတ်၏။ ထို့ကြောင့် စာအုပ်စာရင်း လောက်တော့ လုပ်တတ်ပါသည်။

မောင်ဖုန်းကတော့ အောင်လံဘက်က၊ တပ်ထဲမှ တပည့်တစ်ဦး၏ တူကလေး၊ ဆယ်တန်းအောင်ပြီး ရန်ကုန်မှာအလုပ်ရှာပေးရန် မကြာသေးမီက လာအပ်ထားရာ အတော်ပင် ဖြစ်သွား၏။

''ကဲ မင်းတို့နှစ်ယောက် စာအုပ်ဆိုင်ဝိုင်းလုပ်ပေးကြကွာ၊ ဝင်ငွေကြည့်ပြီး ငါလစာပေးပါ့မယ်''

အထက်ပါအတိုင်းပြော၍ သူတို့နှစ်ဦးအား ဆိုင်တာဝန်ပေးလိုက်၏။

ဆိုင်ကလေးက ထင်တာထက်ပိုအောင်မြင်သည်။ ညဆိုအငှား အတော်ကျ၏။ ထို့ကြောင့် ညဆယ်နာရီကျော်မှ ဆိုင်ပိတ်ရ၏။ ဆိုင်ပိတ်ပြီးမှ ဝက်ကြီးနှင့် မောင်ဖုန်းတို့နှစ်ယောက် ညစာစားကြရ၏။ ထမင်းဒိုင်ခံ ချက်ကျွေးရသူကတော့ ညိုပြာညက်မလေး မတင်ထွေးနှင့် အိမ်ဖော်မိန်းကလေးအုပ်စုပင်ဖြစ်၏။

ထမင်းစားခန်းတွင် ရုပ်မြင်သံကြားစက်တစ်လုံးရှိရာ ထမင်းစားအပြီး၌ ဝက်ကြီးတို့တစ်တွေ ရုပ်မြင်သံကြားကြည့်ကြ၏။ မြဝတီမှလာသည့် တရုတ်ကားများ၊ ကိုးရီးယားကားများကို သူတို့အလွန် ကြိုက်ကြသည်။ မတင်ထွေးနှင့် အခြားအဖော်မစမ်းတို့ မစိုးတို့လည်းပါ၏။ အားလုံး လေးငါး ခြောက်ယောက်မို့ ဘာမှမဖြစ်တန်ရာဟု သဘောရကာ လွတ်လပ်စွာ ရုပ်မြင်သံကြားကြည့်ခွင့် ပြုထားခဲ့ပါသည်။

သို့သော်

''ဟော့ကောင် ဝက်ကြီး၊ အောင်မယ် စာအုပ်ပုံပေါ် မှောက်ရက်ကြီး အိပ်လို့၊ ထစမ်း ထစမ်း''

စာအုပ်ဆိုင်သို့ နေ့ခင်းကျွန်တော် သွားလေ့သွားထမရှိ၍ ဒီနေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းစာအုပ် အရေးတကြီး ပြန်ဖတ်ရန် လိုနေသဖြင့်ဆိုင်သို့သွားယူမိသည်။ ဆိုင်နှင့်အိမ်မှာ သိပ်မဝေးလှပါ။ ဖင်ခြင်းပေါက် ဆိုသော်ရပါ၏။

ကျွန်တော်ဆိုင်ရောက်ချိန်မှာ နေ့လယ်တစ်နာရီခန့် ဖြစ်၏။ တပည့်ကျော် ဝက်ကြီးသည် စာအုပ်ပုံပေါ်ခေါင်းချပြီး တခေါခေါဟောက်၍ နှစ်ခြိုက်စွာ အိပ်နေပါလေ၏။

''ဟေ့ကောင် ဘယ်လိုဖြစ်ပြီး အိပ်နေရတာလဲ''

''ညက ကျွန်တော် ဗိုက်နာလို့တော်တော်နဲ့ မအိပ်နိုင်တာနဲ့ အိပ်ရေးပျက်သွားပါတယ် အဘ၊ အဲဒါကြောင့် အခုအိပ်ပျော်သွားတာပါ''

ဝက်ကြီးက အရုပ်ဆိုးသလောက် မှင်သေသေနှင့်အပြောကောင်းသူဖြစ်ရာ ကျွန်တော်ဘာမှ ထပ်မပြောတော့ပါ။ လိုသည့်စာအုပ်သာ ရှာယူပြီး ပြန်ခဲ့ပါသည်။

တစ်ပတ်ခန့်ကြာသွား၏။

နေ့လယ် နေ့ခင်း၌ ကျွန်တော်သည် စာဖတ်စာရေး လုပ်လေ့ရှိ၏။ ယနေ့လည်း စာရေးကောင်းနေစဉ် ဖွမ်းခနဲ ရေသွန်သံကြားရ၏။

''အောင်မယ်၊ ဟဲ့ကောင် ဝက် ထစမ်း ထစမ်း၊ နင်ဒီချောင်မှာ လာလာပြီး ခိုးခိုးအိပ်နေတာ၊ ငါပြောတာမမှတ်ဘူး မဟုတ်လား''

ရေသွန်သံအဆုံးတွင် ကျွန်တော့်ဇနီးမရွှေမေ၏ အသံကြားရ၏။

''ဘာဖြစ်တာလဲ မေ''

''ဘာဖြစ်ရမှာလဲ၊ ဝက်ကြီးလေ ဒီ မီးဖိုချောင်လေးမှာ လာလာပြီး ခိုးခိုးအိပ်နေတာတွေ့တာများပြီ ပြောမရဆိုမရနဲ့''

''ဒီမှာ လာလာ အိပ်နေလား''

''အိပ်ပါ့တော်၊ လေးငါးရက်ရှိပါပြီ၊ တွေ့တွေ့နေလို့ မအိပ်ဖို့ ခဏခဏပြောတာမရလို့ ရေနဲ့ပက်လိုက်တာလေ''

ဒီကောင်စာအုပ်ဆိုင်မှာ မအိပ်ရတော့မီးဖိုချောင်မှာ လာအိပ်နေတယ်ဆိုပါလား၊ ဘယ်လိုပါလိမ့်၊ တွေးရခက်ခက်ဖြစ်နေ၏။

သူနှင့်တစ်ခန်းတည်းအတူ အိပ်သည့်မောင်ဦးကို ခေါ်မေးဦးမှ

''မောင်ဦးရေ၊ ဘယ်လိုလဲကွ၊ ဝက်ကြီးက ခဏခဏ ခိုးအိပ်နေပါလား''





''ကျွန်တော်လည်း ပြောမလို့အဘ၊ ဒီကောင် ည ညတော်တော်နဲ့ ပြန်မလာဘူး၊ မိုးလင်းခါနီးမှ အပေါ်ထပ်က အိပ်ရာကို ပြန်ပြန်လာတယ်''

''ဟေ၊ ဟုတ်လား ဘယ်သွားနေတာလဲ''

''အောက်ကဟာတွေနဲ့ ချိန်းတွေ့နေကြတယ်ထင်တယ် အဘ''

''ဟိုက်''

ထိုနေ့က ဇနီးသည်မေအား ထိုကိစ္စကို တိုးတိုးတိတ်တိတ် ပြောရတော့၏။

''မိန်းမရေ၊ ချဉ်သီးနဲ့ဆားအတူထား လျှာဖျားကျွေ့မရတဲ့နော်၊ မင်းကောင်မတွေနဲ့ ဒီပုံဆိုးဆိုး ဝက်ကြီးဆိုတဲ့ကောင် ချိရှုပ်နေပြီထင်တယ်၊ တိုးတိုးတိတ်တိတ်စုံစမ်းပါဦး''

စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ကျွန်တော့်ဇနီး ဒေါ်ရွှေမေနှင့် သူ့ညီမဒေါ်အေးတို့က ဦးဆောင်ကြ၏။

''အဘ၊ ကိုဝက်ကြီးက ရွာပြန်တော့မလို့တဲ့ ခင်ဗျာ''

မောင်ဖုန်းက သတင်းပို့လာ၏။

''ဘာဖြစ်လို့လဲကွ၊ မနေ့က မင်းတို့ကားနောက်ခန်း ဝင်အိပ်တာ ငါဆူလိုက်လို့လား''

''မဟုတ်ဘူး ခင်ဗျ၊ ဟိုမှာ သူ့အမေနေမကောင်းလို့ ပြန်လာဖို့ ဖုန်းဆက်လို့တဲ့ခင်ဗျ''

''ခေါ်စမ်းပါဦးကွ၊ အဲဒီကောင်ကို''

မျက်နှာအိုအိုနှင့် ဝက်ကြီးရောက်လာ၏။

''ဟေ့ကောင်ကြီး၊ မင်းရွာပြန်တော့မလို့ဆို''

''ဟုတ်ကဲ့၊ အမေက နေမကောင်းဘူးဆိုပြီး ဖုန်းနဲ့မှာလို့ခင်ဗျ''

''ဒို့အိမ်ကိုတော့ ဖုန်းဆက်သံမကြားပါဘူးကွ''

''ဟိုဘက်က စားသောက်ဆိုင်ကို လှမ်းဆက်တာခင်ဗျ''

''မပြန်မဖြစ်လည်း ပြန်ပေါ့ကွာ''

လက်ကျန်ရက်မို့ ဝက်ကြီးအား ငွေ ၉၀၀၀-ကျပ် ပေးပြီး ရွာပြန်ခွင့်ပြုလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်ကြီးပြန်သွားပြီး သုံးရက်ခန့်ကြာသွား၏။

"ကိုရေ ဝက်ကြီးကိစ္စအဖြေပေါ်ပြီ"

"ဟေ ဟုတ်လား ၊ ကိုယ်စဉ်းစားတာရော မှန်လား"

"အမယ်လေး ကွက်တိပါပဲတော်၊ အဲဒီအတိုင်းပါပဲ"

"ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ၊ ကိုယ့်တပည့်အဲဒီအမျိုးယုတ် ခွေးပေးလို့ ဝက်မစားတဲ့ကောင်နဲ့ မီးဖိုချောင်က ဟာမနဲ့ဖြစ်တာလေ"

"ဘယ်သူနဲ့လဲမေ"

"ကို စဉ်းစားကြည့်လေ"

စဉ်းစားလိုက်၏။

ညိုပြာညက်ကလေးမတင်ထွေး၊ အလွန်ကျခြေရသည်။ ငြိမ်သည်။ နူးညံ့ပျော့ပျောင်းသည်။ ဘယ်လိုမှမဖြစ်နိုင်၊ အသက်ကလည်းရှိလှမှ ၁၇၊ ၁၈ ပြီးတော့ လူကလေးက သေးသေးသွယ်သွယ်။

မစိုးကမူ လုံးကြီးပေါက်လှ၊ အသက်က နှစ်ဆယ်ကျော် အညာသူမ စကားတော့နည်း၏။ ပြုံးစိပြုံးစိနဲ့မို့ သူများလား။ အဖြစ်နိုင်ဆုံးကတော့ မစမ်း၊ ရုပ်ရည်ကခပ်ကြမ်းကြမ်း၊ အသက်က ၂၀ ခန့်၊ ရင်မောက်မောက်၊ ဖင်ကောက်ကောက်နဲ့၊ စကားပြောတော့လည်း ပလိစိချောက်ချက်တွေ အလွန်များ၏။ ယောကျ်ားလေးတွေနှင့် ဒွေးရောယှက်တင် အလွန်နေချင်၏။ ဟိုဟိုဒီဒီကိုလည်း နန့်နန့်နန့်နန့်နှင့် အလွန်သွားချင်၏။

"ဘယ်လိုလဲ ဆရာကြီး အဖြေပေါ်ပြီလား"

"အင်း ပေါ်ပြီဆိုရမှာပေ့ါ"

"ကဲ အဲဒါဆိုပြော ဘယ်သူလဲ"

"မစမ်းကွာ"

"နိုး နိုး မောင်လေးမှားပါတယ်"

"ဟေ ဒါဆိုတော့ မစိုးပဲဖြစ်မယ်"

"မောင်လေး မှားပြန်ပါပြီ"

"ဟာ ဒါဆိုရင် မင်း မတင်ထွေးလေးပဲကျန်တော့တယ်"

"ဟုတ်ပ့ါတော် အဲဒီလုံးဝမထင်ရတဲ့ မတင်ထွေးလေးပါပဲတော်၊ ကောင်မ လူပုံက ရိုးပုံရိုးလက်နဲ့ ပျော့ပျော့နဲ့ နံ့တဲ့ကြောင်ချေးပါပဲတော်"





"ဟေ ဘယ်လိုဖြစ်ရတာလဲ မေရယ်၊ ကလေးမလေးက ရုပ်ကလေးက သနားကမားနဲ့၊ ဟိုကောင်က ပုံဆိုးပန်းဆိုး ပြီးတော့ မင်းတို့ပဲ ပြောတာပဲ၊ အဲဒီကောင်မှာ မိန်းမရှိတယ်ဆို"

"လူချင်းအကြိမ်ကြိမ်တွေ့ပြီးမှတော့ မိန်းမရှိလည်းရှိရှိပဲ၊ ဟဲ့ ဒီကောင်မှာ မိန်းမရှိတယ်ဆိုတာ နင်မသိဘူးလားလို့မေးတော့လည်း သိတယ်တဲ့"

"သိရဲ့သားနဲ့များကွာ၊ နို့ အခုဘာလုပ်ကြမှာလဲ"

"ဘာလုပ်ရမှာလဲ၊ သူ့ရွာပြန်နိုင်းလိုက်ပြီ အိမ်မှာဆက်ပြီး စာရင်းရှုပ်နေဦးမယ်၊ အခု ဟိုကောင်ပြန်တာမှ သုံးလေးရက်ပဲရှိသေးတယ်၊ ဇာတ်က ထပ်ရှုပ်ချင်လာပြန်ပြီ"

"ဟေ"

"ဟုတ်တယ်၊ အခုမောင်ဖုန်းနဲ့ မောင်ဦးဘက်ကို မြားဦးက လှည့်သွားပြီ၊ ဒါကြောင့် နင်မနက်ဖြန်ပြန်တော့လို့ အပြတ်ပြောလိုက်ပြီ၊ ကောင်မက ညှော်ညှော် ညှော်ညှော်နဲ့ ရုပ်ကလေးနဲ့ကို မလိုက်ဘူး"

"ဩော်"

မေ့စကားဆုံးတော့ ကျွန်တော့်မှာ 'ဩော်' ကလွဲပြီး ဘာမှမပြောနိုင်တော့ပါခင်ဗျာ။

နောက်နေ့၌ ညိုပြာညက်ကလေး မတင်ထွေး သူ့ရွာသို့အပြီးပြန်သွားပါတော့သည်၊ ပြန်သွားတော့လည်း မျက်နှာငယ်ကလေးနှင့် ကုတ်ကုတ်ကုတ်ကုတ် သနားစဖွယ်လေး။ ကျွန်တော့်ကိုတောင် ကန်တော့မသွားပါ။ ပြါစေတော့။ စိတ်မလုံဘူးထင်ရဲ့။

ကျွန်တော်ကသူမထွက်သွားတော့ ဖတ်လက်စ စာအုပ်ကလေးကို ဆက်ဖတ်ဖြစ်၏။

*"မိန်းမတို့၏ သဘောသဘာဝသည် ကာမဂုဏ် အာရုံ ငါးပါးတို့၌ ယောကျ်ားတို့ထက် နှစ်ဆသာသည့်အဖြစ်ကြောင့် ဆိတ်ဘွယ်ရာဝယ် ရောက်ရှိပါက ကာမဂုဏ်အာရုံ ငါးပါးနှင့် ပတ်သက်၍ ဇောက်ပြန်လွယ်သော သဘောရှိသည်"*

ဩော်၊ ည ညမှာ ဝက်ကြီးဆိုတဲ့ ကောင်နဲ့ ချိန်းချိန်းတွေ့ကြလို့



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကြီးကလည်း အိပ်ပိုက်။ ကောင်မလေးကလည်း နေမကောင်းဘူး ဗိုက်အောင့်တယ်ဆိုပြီး ဆေးခန်း ခဏခဏသွားပြနေတာထင်ရဲ့။

စာကို ဆက်ဖတ်သည်။

မိန်းမတို့၏ ဆွဲငင်တတ်သော မာယာအတတ် ရှစ်မျိုးဆိုပါလား။

- ချိုပြုံးသော မျက်နှာပေးဖြင့် လည်းကောင်း။
- ညင်းညင်းသာသာ ရယ်သံဖြင့် လည်းကောင်း။
- ခြောက်လန့်ဟန်ပြု၍ လည်းကောင်း။
- ရှက်ဟန်အသွင်ပြု၍ လည်းကောင်း။
- မကြားတကြားစကားသံပြု၍ လည်းကောင်း။
- မျက်နက်ထောင့်ကပ်ကြည့်ခြင်းဖြင့် လည်းကောင်း။
- ရှိုက်သံပေးခြင်းဖြင့် လည်းကောင်း။
- မခံချင်စရာပြော၍ ဆွပေးခြင်းဖြင့် လည်းကောင်း။

ဩော် ဒါလည်းသူလုပ်သွားတာပဲ။ ခဏခဏ ကလေးတွေ အခန်းထဲဝင်တယ်။ တိုးတိုးတိုးတိုးနဲ့ ပြောတယ်။ တခစ်ခစ်နဲ့ ရယ်တယ်။ မကြား တကြားပြောတယ်။ ဟိုကြည့် ဒီကြည့် ကြည့်တယ်။ ညည တီဗီကြည့်လည်း ဒီအတိုင်းပဲ။ ဒါနဲ့ပဲ ဟိုကောင်ကြီးနဲ့ ညိကြတာထင်ပါရဲ့။

***"မိန်းမတို့၌ အစစ်အမှန်ချစ်ခြင်းမည်သည်မရှိ။ မချစ်ခြင်း မည်သည်လည်းမရှိ။ လှေသည် ဟိုဘက်ကမ်း ဒီဘက်ကမ်းကို ပို့ သကဲ့သို့ မိန်းမတို့သည် ချစ်သောယောကျ်ား၊ မနှစ်သက်သော ယောကျ်ားအလုံးစုံကို မှီဝဲတတ်ကုန်၏။"***

အင်း ဒါ့ကြောင့် ဟိုကောင်ကြီး မရှိတော့တာနဲ့ ကျန်တဲ့သူတွေ ဘက်လှည့်တာနဲ့တူပါရဲ့။

***"ဆင်ထိန်း၊ မြင်းထိန်း၊ နွားကျောင်းသား၊ ဒွန်းစဏ္ဍားနှင့် မစင်ကျုံးသူပင်ဖြစ်လင့်ကစား အလိုရှိသည့်အခါတွင် မိန်းမတို့သည် မှီဝဲတတ်ကုန်၏"***

အင်း ဒါဆိုရင်တော့ သေချာပြီ၊ သူ အလိုရှိနေတော့ အရုပ်ဆိုးတာ တွေ၊ မည်းတာတွေ၊ ပုတာတွေ၊ ကွတာတွေ ဘာမှအရေးမကြီးတော့ဘူး။ ဟိုကိစ္စပဲ အရေးကြီးတော့တယ်ထင်ပါရဲ့။

စာဖတ်ပြီး ကျွန်တော့်အတော်လေးစိတ်မောသွားသည်။ ဖြစ်မှ





ဖြစ်ရပလေ ကလေးမရယ်။

❜ ၇ ❜

နောက်နေ့၌ မောင်ဦးနှင့် ကျွန်တော်တွေ့သည်။

"အဘက ဘာသိလို့လဲ၊ အဘတို့အညာခရီး ထွက်သွားတဲ့နေ့က ဘက်ကြီးအိပ်ရာမှာ သူတို့နှစ်ယောက်ကို ကျွန်တော်တစ်ရေးနိုး ညသန်းခေါင် လောက်မှာတွေ့လို့ မင်းတို့လွန်တယ်လို့ အပြတ်ပြောချလိုက်တယ်"

"ဟေ"

"ဒါတင်ဘယ်ကမလဲ၊ အဘ ဆလွန်းကား နောက်ခန်းမှာလည်း ကားသော့နိုးယူဖွင့်ပြီး မကြာမကြာ ချိန်းတွေ့ကြတယ်၊ အဲဒါက မောင်ဖုန်းနဲ့ ဇက်ပင်းတိုးတော့၊ ဟိုတလောက တားလိုက်တယ်"

"ဟေ ဒါ့ကြောင့် ဒီကောင်ကားနောက်ခန်းမှာ တက်ထိုင် ဝင်အိပ် လုပ်နေတာကိုး"

"အဲ နောက်ဆုံးတော့ ကျွန်တော်တက်လှည့်တော့တာပဲ၊ ဇက်ကြီး သွားပြီး သုံးရက်အကြာမှာ မတင်ထွေးလေးက အစ်ကိုဦး သဲမီးကို မချစ်ဘူး လား၊ သဘောမကျဘူးလားတဲ့ လာပြောတယ် အဘရေ၊ အဲဒါနဲ့ ကျွန်တော် လည်း မဖြစ်ချေဘူးဆိုပြီး ကြီးကြီးကို သတင်းပို့ရတော့တာပဲ၊ တော်ကြာ သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်နေဦးမယ်၊ သူနဲ့ တွေ့တိုင်းလည်း မျက်နှာထား တင်းတင်း လုပ်ထားရတယ်"

"အေး ဟုတ်တာပေါ့ကွာ"

"ဒီတော့ မတင်ထွေးက ပြောတယ်ခင်ဗျ၊ အစ်ကိုဦး မချစ်လည်း အရေးမကြီးပါဘူးတဲ့၊ ဒီအိမ်မှာ အဘက အရေးအကြီးဆုံး၊ အဘကသူ့ကို ချစ်တယ်တဲ့၊ တခြားသူတွေကိုသာ ဆူတာ၊ သူ့ကိုတယ်တော့မှ မဆူဘူးတဲ့၊ ဘယ်သူချစ်ချင်ချစ် မချစ်ချင်နေ၊ အဘချစ်နေရင်ပြီးတာပဲတဲ့"

"ဟိုက် မြတ်စွာဘုရား"

အမယ်လေး ကံကောင်းလို့ပါလားဗျာ။

၁၅–၃–၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com

## ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့်

ရွှေဘိုရောက်သည်ဆိုလျှင်ပင် မသိစိတ်၏ တိုက်တွန်းမှုကြောင့် မြို့မြောက်ဘက်ကို ထွက်လာခဲ့မိပါသည်။ ခပ်လှမ်းလှမ်းက သစ်ပင်တန်းများကို လှမ်းမြင်ရသည်။ ထို့နောက်တော့ တင့်မော်သာယာသည့် မဟာနန္ဒာကန်တော်ကြီး၊ ကန်ထိပ်ရှိ ဥယျာဉ်တော်ရွာမှသည် မြောက်ဘက် တစ်မျှော်တစ်ခေါ်ထိ တမာ၊ ထနောင်း၊ မန်ကျည်းစသည့် အညာဒေသ သစ်ပင်ကြီးများက အစီအရီမဆုံးနိုင်တော့၊ လွမ်းမောဖွယ်ရာပါ။

"ဩော် ဒီဒေသနဲ့ ကျွန်တော် ဝေးခဲ့တာ အနှစ်သုံးဆယ်တောင်ကြာပေါ့"

ကားပေါ်မှ အသာဆင်းပြီး မတွေ့ရတာကြာပြီဖြစ်တဲ့ နန္ဒာကန်တော်ရဲ့ ရှုခင်းအလှကို လွမ်းတစ္စာကြည့်မိပါသည်။ သက်ဆိုင်ရာတို့က ပြန်လည်ပြုပြင် ထား၍ ကန်ရေပြင်က ကျွန်တော်တို့ ငယ်ငယ်ကထက် ပိုမိုကြည်လင်လှပနေ၏။ အရှေ့ဘက်မိုးကုတ် စက်ဝိုင်းဆီမှာက ကိုးပင်ချောင်း ရေလျှောင်တမံနဲ့ ရွှေဘို မြစ်ကြီးနား မဟာဇမ္ဗူဟာလမ်းမကြီးအား ပျပျမြင်နေရသည်။ အနောက်ဘက် ဟိုအဝေးဆီမှာတော့ ကျွန်တော်နဲ့ချစ်ဦးသူလှိုင်တို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မူးမြစ်ရဲ့ အနောက်ဘက်ကမ်းက မြို့ငယ်ကလေး၊ စိတ်ဖြင့် တွေးပြီး မျှော်ငေးမိပါသည်။ တွေးငေးနေမိပြီးမှ ဘေးဘီကို စောင်းငဲ့ကြည့်မိပြန်၏။

ဩော် ဒီမှာလည်း အရင်က မရှိဘူးတဲ့ ကျောက်စာတိုင်ကြီးတစ်ခုပါလား၊ အခုဘာတွေများ ရေးထိုးထားပါလိမ့်၊ ကုန်းဘောင်ခေတ်စာဆိုတော်ကြီး စိန္တကျော်သူဦးဩရဲ့ မဟာနန္ဒကန်တော်ဘွဲ့ပေပဲ။

**"ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင့်"** တဲ့။

ဟုတ်ပါသည်၊ ကျွန်တော်ကြိုက်လှတဲ့ ဆရာကြီးဦးဩရဲ့ ရတုပိုဒ်စုံအစလေး။

တက္ကသိုလ်မှာ စိတ်ကြိုက်မြန်မာစာယူခဲ့စဉ်က တဖွဖွရွတ်ခဲ့ရပါသည်။ ကျောင်းထွက်ပြီးနောက် တပ်မတော်ထဲဝင်ရောက်ပြီး လှိုင်နဲ့ တွေ့ကြသည့်အခါတိုင်း ကျွန်တော်က ဒီစာပိုဒ်ကလေးကိုပဲ ခဏခဏရွတ်ပြမိခဲ့ပါသည်။ ပြီးတော့လည်း လှိုင့်ကို ကျွန်တော်ခေါ်မိပါသည်။





"ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့" ဟု။

ယခုလည်း ဒီစာပိုဒ်လေးကိုပဲ ပြန်ရွတ်ရင်း ကျွန်တော်နဲ့လှိုင်တို့ရဲ့ ငယ်စဉ်က ဟိုအတိတ်ကိုပဲ ပြန်လည်လွမ်းတစည်းစားမိပါသည်။ တကယ်ဆိုတော့။

၅

လှိုင်နှင့်ကျွန်တော်က ရွှေဘိုခရိုင်အတွင်းရှိ မူးမြစ်ဘေး မြို့ကလေးတစ်မြို့က ဖြစ်ကြပါသည်။

တစ်မြို့ထဲ တစ်ရပ်ကွက်တည်းသားတွေဟုလည်း ဆိုရပါမည်။ ကျွန်တော် ဆယ့်လေးနှစ်သားအရွယ်လောက်မှာ ကျွန်တော်တို့ ကွက်သစ်ကို လှိုင်တို့မိသားစု ပြောင်းလာကြသည်။ လှိုင့်ဖေဖေက ကျွန်တော်တို့မြို့ကလေးရှိ အစိုးရရုံးတစ်ရုံးက စာရေးလေး၊ ကျွန်တော်တို့အိမ်ဘေးမှာမြေကွက်ရ၍ မြို့ထဲတွင် အိမ်ငှားနေရာက ကွက်သစ်ရွှေ့လာပြီး ကိုယ်ပိုင်အိမ်ကလေးနဲ့ အခြေလာချခြင်းဖြစ်သည်။

လှိုင်တို့ မိသားစုတွင် မောင်နှမငါးယောက်ရှိသည်။ လှိုင်က အကြီးဆုံး၊ လှိုင့်အောက်က မောင်ငယ်နှစ်ယောက်ပြီးတော့ ညီမငယ်လေး နှစ်ယောက်၊ အားလုံး နှစ်နှစ်ကြီး နှစ်နှစ်ငယ်အရွယ်တွေ၊ ထိုစဉ်က လှိုင်က ဆယ့်နှစ်နှစ်ခန့် ဖြစ်မည်ထင်သည်။ လှိုင့်ညီမ အငယ်ဆုံးလေးကတော့ နှစ်နှစ်ကျော် သုံးနှစ်ခန့် သာရှိဦးမည်။ လှိုင့်မေမေကကောင်းစွာ မကျန်းမာ၍ ငယ်ကလေးမလေးကို လှိုင်ပင်ထိန်းနေရသည်။ ထိုစဉ်ကတည်းကပင် လှိုင့်မှာ အစ်မကြီး အမိအရာ ဖြစ်နေပေပြီ။

ကျွန်တော်ကတော့ လှိုင့်လို မဟုတ်ခဲ့ပါ။ ငယ်စဉ်ကတည်းက အဖေ၊ အမေ ဆုံးပါးသွားခဲ့၍ သုံးနှစ်အရွယ်ခန့်ကပင် အဖေ့အစ်မကြီးက ခေါ်ယူမွေးစားခံခဲ့ရပါသည်။ ကျွန်တော့်ကြီးတော်ကြီးက အိမ်ထောင်မရှိ အပျိုကြီး၊ ကျွန်တော်တို့ မြို့ကလေးက မြို့မဈေးမှာ ဆိုင်ကလေးဖွင့်ထားရင်း ချေးရောင်း၍ ကျွန်တော့်ကို ကျောင်းထားပေးခဲ့သည်။ မိဘမဲ့သားဖြစ်၍ ကျွန်တော်ကစာကြိုးစားခဲ့သည်။ တစ်နှစ် တစ်တန်း မှန်မှန်အောင်သည်။

လှိုင်နှင့်စတွေ့ချိန်တွင် ကျွန်တော်က အစိုးရစစ်ခုနှစ်တန်းအောင်သည့်နှစ်၊ လှိုင်က လေးတန်းအောင်ပြီးကာစ၊ စကောလားရှစ်ပါရထားသည်။ စာတော်သော လှိုင့်ကို လှိုင့်ဖေဖေက ပညာတတ်ဖြစ်စေချင်သည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က အထက်တန်းကျောင်းလောက်မှာသာနေခဲ့ရ၍ စာရေးဘဝလောက်နှင့် အရိုးထုတ်ရတော့မည်။ သူ့သားသမီးများ သူ့လိုမဖြစ်စေချင်၊ စာတတ်ပြီး အရာရှိအရာခံ ဖြစ်စေချင်သည်။ သမီးကြီး လှိုင့်ကိုလည်း လှိုင့်ဖေဖေက များစွာမျှော်လင့် အားထားရှာသည်။

ထိုနှစ်က ကျောင်းပြန်ဖွင့်တော့ ကျွန်တော်က ရှစ်တန်း၊ လှိုင်က ငါးတန်း၊ တစ်ကျောင်းတည်းသာရှိသည့် ကျွန်တော်တို့မြို့က အထက်တန်းကျောင်းကြီးမှာ လှိုင်နှင့် ကျွန်တော် ကျောင်းတက်ကြရပါသည်။ မကြာခဏ ကျောင်းအတူသွားဖြစ်ကြပါသည်။

ဩော် ကျောင်းသွားဖော် ညီမလေးလှိုင်ရယ်။

ကျွန်တော် ဆယ်တန်းအောင်ပြီး တက္ကသိုလ်စတက်သည့်နှစ်တွင် လှိုင်က ခုနစ်တန်း တက်ရသည်။

စာကြိုးစားသော ကျွန်တော့်ကို လှိုင်က ခင်တွယ်သလို စာတော်သော လှိုင့်ကိုလည်း ကျွန်တော်က ညီမရင်းချာမရှိ၍ညီမသဖွယ် သံယောဇဉ်တွယ်ခဲ့ရပါသည်။ လှိုင်က ငယ်စဉ်ကပင် ဖြူဝင်းသောအသားအရေ၊ ဝိုင်းစက်သော မျက်လုံး၊ ကော့ညွှတ်သော မျက်တောင်၊ နက်မှောင်ရှည်လျားသော ဆံပင်များနှင့် "မွှင့်စ ပန်းဦး၊ ဖူးစ ရွှေငုံ၊ လှနိုတုံ" ဟုပင် ဆိုရမည်ထင်ပါသည်။ တက္ကသိုလ်ရောက်ပြီးစနှစ် နွေကျောင်းပိတ်ကာလတွင်တော့ ကျွန်တော်က ကလျာဖူးစသစ် လှိုင့်ကို ချစ်ရေးဆိုမိပါသည်။ လှိုင်က ရှက်ရွံ့စွာဖြင့် မစဉ်းစားတတ်သေးကြောင်း၊ ကျွန်တော့်ကို အစ်ကိုလိုသာ ခင်မင်နေကြောင်း ပြောရှာသည်။

ဟုတ်ပါလိမ့်မည်။

ဘယ်လိုပဲဖြစ်ဖြစ် လှိုင့်သံယောဇဉ်နှင့် ကြီးတော်ကြီး သံယောဇဉ်ကြောင့် နွေကျောင်းပိတ်တိုင်း ကျွန်တော့်မြို့ကလေးကို မှန်မှန်ပြန်ဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးမှာ ပျော်သော်လည်း မနေနိုင်ပါ။ နွေကျောင်းပိတ်အိမ်အပြန်ရွှေဘို၊ ခင်ဦး မဟာနန္ဒာကန်တော်လမ်းက အမြဲတမ်းလွမ်းစရာကောင်းလှ၏။ လမ်းတစ်လျှောက် တမာပန်းရနံ့များကသင်းပျံ့လှသည်။ မဟာနန္ဒာကန်တော်ကြီးအတွင်းက ကြာဖြူ၊ ကြာနီ၊ ကြာပြာများကလည်း လှပလှပါသည်။





ကန်တော်လမ်း ရောက်လို့ တမာပန်းရနံ့သင်းပျံ့ပျံ့ကို တမေ့တမော ရှူမိပြီဆိုပါက ချစ်သောလှိုင်နှင့်တွေ့ရတော့မည်ဆိုသည့် အသိကလည်း ကျွန်တော့်ရင်ကို ခုန်စေခဲ့ပါသည်။ မင်းကုသထုံး နှလုံးမူသည့် ကျွန်တော်၏ မလျှော့သော ဖွဲလုံ့လကြောင့် ဘီအေ နောက်ဆုံးနှစ်တွင်တော့ လှိုင်က ကျွန်တော့်အချစ်ကို လက်ခံခဲ့ပါသည်။

လှိုင်ကိုယ်တိုင်လည်း တက္ကသိုလ်ဝင်တန်းရောက်ပြီး အပျိုကြီးအားဖားအရွယ် ရိုက်ဖိုကြီးငယ်အသွယ်သွယ်နှင့် လှသွေးကြွယ်နေပါပြီ။

ချစ်သူဘဝတွင်တော့ ကျွန်တော်ကလှိုင့်ကို တက္ကသိုလ်တွင် ကျွန်တော် သင်ခဲ့ရသည့် ကဗျာ၊ လင်္ကာများအား မကြာခဏ ရွတ်ဆိုပြလေ့ရှိပါသည်။

ကျွန်တော်အရွတ်မိဆုံးကား ကုန်းဘောင်ခေတ်က နာမည်ကျော်စာဆိုတော်ကြီးစိန္တကျော်သူဦးဩရဲ့ မဟာနန္ဒာကန်တော်ဘွဲ့ပင် ဖြစ်ခဲ့ပါ၏။

တက္ကသိုလ်ကို ကျွန်တော်သူများတွေလို မတက်နိုင်ခဲ့ပါ။

ချို့တဲ့သောမိဘမဲ့သားမို့ တက္ကသိုလ်ကအဆောင်များတွင် မနေနိုင်ခဲ့။ ရန်ကုန် ပုဇွန်တောင်ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင်မှသာ ခိုနေထိုင်ရသည်။ ထိုနေရာမှ ရန်ကုန်တက္ကသိုလ်သို့ တက်ရသည်မှာ ဝေးလှပါ၏။ တမေ့တမော ဘတ်(စ်)ကား စီးရသည်။ အိုင်အေအောင်ပြီးနှစ်တွင်တော့ ပုဇွန်တောင်မှ တက္ကသိုလ်နှင့်ပိုနီးသည့် မြေနီကုန်းသို့ ရွှေ့ဖြစ်သည်။မြေနီကုန်း အပိုင်းကြီးအနီး တပ်မတော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကျွန်တော်တို့နယ်မှ တပ်ကြပ်ကြီး အညာသားသန်းလွင်ရှိသည်။ သူနှင့်ဆွေမျိုးသဖွယ် ရင်းနှီးခဲ့ပူး၍ ကျွန်တော့်ကို ပညာပါရမီ ဖြည့်ဆည်းသည့်အနေဖြင့် သူက သူထံခေါ်ထားသည်။ သဘောကောင်းသည့် စခန်းတာဝန်ခံ တပ်မှူးကလည်း ကျွန်တော့်ကို နေခွင့်ပြုသည်။ ဘီအေတန်းများအား မြေနီကုန်းမှနေပြီး ကျွန်တော်တက်ဖြစ်ခဲ့ပါသည်။ တပ်ကြပ်ကြီး သန်းလွင်နှင့် တပ်မှူးတို့အား အထူးကျေးဇူးတင်ရပါ၏။

ကျွန်တော် ကွန်းခိုနေသည့် တည်းခိုရေးစခန်းနှင့် ကပ်လျက် တစ်ဘက် တစ်ချက်တွင် စစ်သားစုဆောင်းရေးတပ်နှင့် တပ်မတော် ဒိုင်ရွေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့များရှိနေခဲ့ကြပါသည်။ ထိုကာလမှာပင်စတင်၍ တပ်မတော်နှင့် တပ်မတော်သားများအကြောင်း ကျွန်တော် တစ်စွန်းတစ်စသိခဲ့ရ၏။ နယ်စွန်နယ်ဖျားက သောင်းကျန်းသူများအကြောင်း၊ ပဲခူးရိုးမနှင့် မြစ်ဝကျွန်းပေါ်က ဆိုးသွမ်းနေကြသည့် ဗကပနှင့် ကေအင်ယူများအကြောင်း၊ ရှေ့တန်းစစ်မြေပြင်တွင် တိုင်းပြည်နှင့် တပ်မတော်အတွက် အသက်ပေးသွားကြရသည့် တပ်မတော်သားများအကြောင်း၊ မိမိခန္ဓာကိုယ်အစိတ်အပိုင်းများအား စွန့်လှူခဲ့ကြရသည့် မစွမ်းမသန် စစ်သည်များနှင့် သူတို့၏ စွန့်စားမှုများအကြောင်း စသည်များပါပင်။

ဘီအေအောင်သည့်နှစ်တွင်တော့ ကျွန်တော့်အား အရိပ်မိုနားခွင့်ပေးခဲ့သည် တပ်မတော်ကြီးအား ကျေးဖူးတုံ့ပြန်သည့်အနေဖြင့် ကျွန်တော် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ပါသည်။ လှိုင်နှင့်ကျွန်တော့် ကြိုးတော်ကြိုးကိုပင် အသိမပေးခဲ့တော့ပါ။ ထိုနှစ်တွင်ပင် လှိုင်လည်း တက္ကသိုလ်ဝင်တန်း အောင်သွားပါသည်။

ကျွန်တော်ကတော့ မှော်ဘီရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းသို့တက်ခဲ့ရ၏။

ကျွန်တော် ဗိုလ်သင်တန်းကျောင်း တက်နေဆဲမှာပင် လှိုင် တစ်ယောက် မန္တလေးတက္ကသိုလ်ကို စတက်သည်။ ဗိုလ်သင်တန်းဆင်းပြီးစခွင့်ရတော့ လှိုင့်ကို မန်းတက္ကသိုလ်က ရွှေမန်းဆောင်မှာ သွားတွေ့ဖြစ်သည်။ ကျွန်တော်က လှိုင့်ကို ကျွန်တော် တာဝန်ကျရာ တပ်ကိုတစ်ပါတည်းလိုက်နိုင်ရင်လိုက်ဖို့ခေါ်သည်။ လှပသော လှိုင့်ကိုတက္ကသိုလ်မှာ ကျွန်တော် စိတ်မချနိုင်ကြောင်း ပြောဖြစ်သည်။

လှိုင်က သူ့အဖေကို သနားကြောင်း၊ မရှိမဲ့ ရှိမဲ့ကြားက တက္ကသိုလ်ထားပေးသည့် အဖေ့ဆန္ဒပြည့်ဝအောင် ဘွဲ့ရသည်အထိ ကြိုးစားချင်သေးကြောင်း၊ သူရောကိုယ်ပါငယ်ကြသေးသည့်အတွက် အချိန်ရှိသေးသည့်အကြောင်း၊ သူဘွဲ့ရသည်အထိတော့ စောင့်ပေးဖို့ အကြောင်းများပြောသည်။ သူ့ကို ယုံကြည်စိတ်ချဖို့လည်း အထပ်ထပ်မှာသည်။ လှိုင်ပြောသည်က သဘာဝကျနေ၍ ဘာမျှမပြောသာခဲ့။ သူနှင့်ကျွန်တော်ခွဲကြတော့ အရှက်ကြီး





သောလှိုင်က စာကလေး တစ်စောင်ပေးရှိက်သည်။ လမ်းရောက်မှ ဖတ်ပါမောင်တဲ့။

လှိုင့်စာကိုအပြန်လမ်းတွင် ကျွန်တော်ဖတ်မိပါသည်။

မောင်

လှိုင် ထွေထွေထူးထူးတွေ မပြောတတ်ဘူး မောင်၊ ဒါကြောင့် ကဗျာ လက်ာတွေ ဝါသနာပါလှတဲ့ မောင့်အတွက် လှိုင်ကျက်ခဲ့ဖူးတဲ့ ကဗျာတိုလေးပဲ ကူးပေးလိုက်ပါတယ်။

“ အပျိုဘော်ရွယ် မစေ့ခင်က ငယ်ဝေလှေ့ဂေါ်ရို၊
ဘယ်အတွေ့လောကီကို ဇောမသီခင်က၊
စံပယ်ခက် စုံနှစ်ပင်၊ မင့်ခင်တုန်းက အစ၊
ပန်းဒွါရဆင့်စီငယ်၊ မပွင့်မီကာလ၊
ကျင့်ဝသီ စာဂန္ဓ၊ ခါပထမ သက်ရွယ်၊
ငယ်သွားတွေ ကြွေမလဲခင်က မေအမြဲ ချစ်ဖို့ ကြံရွယ်”
လှိုင်က မောင့်ကိုအဲဒီလိုချစ်ခဲ့တာပါ မောင်၊ လှိုင့်ကို ယုံပါ။

မောင့်ရဲ့လှိုင်

ကျွန်တော် ကျေနပ်ခဲ့ပါသည်။ သြော် လှိုင်ရယ်။

+++++

လှိုင့်ကို ကျွန်တော် အယုံကြီး ယုံခဲ့ပါသည်။

+++++

လွမ်းတ ပူဆွေး
သူနဲ့ဝေးသော်
ပြည်ထဲရေးနှင့်
ဝမ်းရေးတို့ထက်
လွမ်းရေးခက်၏။

(ဥမ္မာဒန္တီပျို့)

ချစ်သောလှိုင်နှင့်ခွဲလာပြီးနောက် တပ်ရင်းဌာနချုပ်မှာ ကြာကြာမနေရ ရှေ့တန်းတပ်စခန်းသို့ချီတက်ပြန်သည်။ လမ်းပန်း အဆက်အသွယ်ခက်ခဲသည့်ကြားမှ ရှားပါးစွာရောက်ရှိလာသည့် လှိုင့်စာလေးများ ဖတ်ရခိုက် လှိုင်သုံးနေကျ ရေမွှေးနံ့လေးများက လှိုင့်စာများတွင် စွဲငြိပါလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မယ့်ကိုယ်ကပင်၊ မွေးပျံ့လေသလား။ ဘေးမှာလှိုင်တစ်ယောက်များ ရောက် နေပြီလား၊ ဝိုးတဝါးထင်ယောင်မိပါသည်။

သူနဲ့ကျွန်တော် မန္တလေးမှာတွေ့ကြစဉ်က ကျွန်တော်ပူဆာလွန်း သဖြင့် တစ်ခါဘူးမှ အခဲဆောင်အပြင် မထွက်တတ်သည့် ကုလားကြီးသော လှိုင်တစ်ယောက် ကျွန်တော်မပြန်မီတစ်ရက်က ရှက်ရွံ့စွာဖြင့် အပြင်ထွက် လိုက်လာခဲ့ပုံကိုလည်း သတိရနေမိပါသည်။ ထိုနေ့က ကျွန်တော်တို့ နှစ် ယောက် မဟာမြတ်မုနိ ဘုရားကြီးကို ဖူးဖြစ်ကြသည်။ မန္တလေးတောင်ကို လည်း တက်ဖြစ်ကြသည်။

တောင်အတက်လမ်းတွင် ကျွန်တော့်ပခုံးကို လှိုင်မှီတွယ်ပြီး လိုက် လာစဉ် လှိုင့်ထံမှရခဲ့သည့် ဆွတ်ပျံ့ဘွယ်ရာ ရေမွှေးနံ့နှင့် လှိုင့်ကိုယ်သင်းနံ့ ကလေးကိုလည်း မှတ်မိနေ၏။

မန္တလေးတောင်ပေါ်မှ မြစ်မင်းဧရာဝတီနှင့် စစ်ကိုင်းဘက်သို့ မျှော်ကြည့်ရင်းပို၍ဝေးသော အနောက်ဘက်ဆီမှ သူ့အိမ်ကို စိတ်ရောက်သွား လေသလားမသိ၊ လှိုင်က ညှိုးလျစွာဖြင့်

"မောင့်ကို ချစ်လွန်းလို့ လိုက်လာတာပါမောင်၊ စာမေးပွဲလည်း နီးနေပြီ အခုလို မောင်နဲ့သွားနေတာ ဖေဖေသာသိရင် စိတ်မကောင်းဖြစ်မှာ ဖေဖေက လှိုင့်ကိုသိပ်ပြီးယုံတာ"

ဟု ဆိုသည်။

ဩော် လှိုင့်ခမျာ ကိုယ့်ချစ်သူနှင့်တောင် စိတ်လွတ်ကိုယ်လွတ် မသွားရဲရှာပါလား၊ လှိုင်စိတ် ပူနေပုံရပါသည်။ ကျွန်တော့်ရင်ထဲမှာတော ညှိုးလျသွားသော လှိုင့်မျက်နှာအားကြည့်ပြီး မွန်းကြပ်လာပါသည်။ လှိုင့် အပြင်ခေါ်လာမိတာ မှားများသွားလေသလား။

လှိုင့်ကို ခပ်စောစောပင် အဆောင်ပြန်ပို့ပေးခဲ့၏။ အဆောင်တွင် လှိုင်ပြန်ဝင်သွားချိန်တွင်တော့ အမှတ်မထင် လှိုင့်ခေါင်းမှ ပန်းတစ်ပွင့် မြင်မိသည်။

အို နှင်းဆီနီတစ်ပွင့်ပါလား။

လှိုင် မန်းတက္ကသိုလ် နောက်ဆုံးနှစ်ရောက်သည့်နှစ်တွင် ကျွန်တော့် ကြီးတော်ကြီးဆုံးသည်။ ထားဝယ်ဘက်သို့စစ်ဆင်ရေး ခရီးလွ





နေ၍ ကျွန်တော် တော်တော်နှင့်တပ်ကခွင့်မရခဲ့၊ ခွင့်ရသည့်အချိန်တွင်တော့ အဒေါ့်အသုဘချပြီး၍ တစ်လတောင်ကျော်သွားခဲ့ပါပြီ။ ရွှေဘိုမှ ဆွေမျိုး ဝပ်များက အသုဘလာချပေးသွားကြသည်။ မြို့ကိုပြန်ရောက်တော့ အဒေါ့် ဘုတ်ဂူကိုသာ ကန်တော့နိုင်ခဲ့ပါသည်။ မိုးတွင်းကာလဖြစ်၍ မူးမြစ်ရေကြီး နေသဖြင့် အသွားရောအပြန်ပါ မုံရွာဘက်ကလှည့်ခဲ့ရသည်။ လွမ်းမောဖွယ် ဟာနန္ဒာကန်တော်ကိုတောင် မမြင်ခဲ့ရတော့ပါ။

မန္တလေးတွင် လှိုင့်ကိုဝင်တွေ့ဖြစ်ပါသည်။ မန်းတက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူကြီးလှိုင်တစ်ယောက် အလှကြီးလှနေပါပြီ၊ "ရိုးတံ သစ် ပြေပြစ်ချောမော၊ မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းစိုစို လှသည့်ကိုယ်ဒွ" ဆိုသည့် စကားနှယ်၊ လှိုင်က အလှတွေတိုးနေပါပြီ။ ဝတ်စားပြင်ဆင်နေ တတ်ပါပြီ၊ သိပ်လှလို့ စိတ်မချနိုင်ဖြစ်နေပါပြီ၊ လှိုင့်ကို ကျွန်တော်နဲ့ တစ်ပါ တည်း ခေါ်သွားလိုလှပါသည်။ နောက်ဆုံးတော့ စိတ်နှလုံးဒုံးဒုံးချပြီး လှိုင့်ကို ကျွန်တော် ခေါ်မိပါတော့သည်။

"မောင့်ဘဝမှာ သံယောဇဉ်ဆိုလို့ ဒီအဒေါ်နဲ့လှိုင်ပဲရှိပါတယ်၊ အဒေါ် မရှိတော့တဲ့နောက်မှာ သံယောဇဉ်ဆိုတာ လှိုင်ပဲ ကျန်ပါတော့တယ်၊ ဒါ ကြောင့် အေးအတူပူအမျှ မောင်နဲ့မျှဝေခံစားဖို့ မောင်တို့တပ်ထဲကို လှိုင် လိုက်ခဲ့ပါတော့"

မိသားစု သံယောဇဉ်ကြီးလှတဲ့ လှိုင်တစ်ယောက် ကျွန်တော့်နောက် လိုက်နိုင်ခဲ့ပါ။

"မဖြစ်သေးပါဘူးမောင်ရယ်၊ ဘွဲ့ရပြီး အဖေ အမေတို့ပြန်ကြည့်ရ မယ်။ လှိုင့်မောင်လေးတွေကလည်း မလိမ္မာဘူးမောင်။ လှိုင် ဖေဖေ့ကို သနားတယ်"

"ကဲ ဒါဆိုရင် မောင် နောက်ထပ် ဘယ်နှစ်နှစ်စောင့်ရဦးမှာလဲ"

လှိုင်က လက်သုံးချောင်း ထောင်ပြသည်။

"သုံးနှစ်ကြီးများတောင်လား လှိုင်ရယ်"

လှိုင်က ခေါင်းညိတ်ပြသည်။ ပြီးတော့ မောင်ရွတ်နေကျ ကဗျာ ပါပဲတဲ့

"ချစ်၍ခေါ်ရာ လိုက်ချင်ပါလည်း၊ နော်ဇာရွှေကုန်း တစ်ခိုင်ရှန်းကို လုံးမယ်ထွေး မပိုင်သေးခဲ့" ဆိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဩော် လုံးလုံးမယ်တွေး၊ မပိုင်သေးဘူးတဲ့လားကွယ်။

၇ ၁ ၇

သုံးနှစ်ဆိုတဲ့ ထိုကာလ။

တဖြည်းဖြည်း လှိုင့်ထံမှ စာအလာကျဲသွားသည်။ လှိုင်တစ်ယောက်ဘွဲ့ရပြီး အလုပ်တွေများနေပြီထင့်၊ လှိုင်ဘွဲ့ရ၍ ကျွန်တော်တို့ မြို့ကလေးမှာပင် အလုပ်ပြန်ဝင်နေသည်ဆိုသည်ကိုတော့ သိထားပါသည်။

ကျွန်တော်လည်း စစ်ဆင်ရေးတာဝန်များနှင့် မအားလပ်ခဲ့ပါ။ လှို အရာရှိမို့ တောင်တန်းပြာနှင့်ကျောပိုးအိတ်က လွတ်သည်မရှိလှ။ အမြောက် သံ၊ စိန်သံ၊ ဗုံးသံတွေကြားမှာ သက်စွန့်ဆံဖျားသွားလာနေရသည်ကများ ပါသည်။ ကျွန်တော် တာဝန်ကျရာ အရှေ့တောင်တိုင်းဒေသတွင် ပြည်ပြေ ဆိုသည့် သောင်းကျန်းသူတစ်မျိုးက အရေးထဲတိုးလာပြန်၍ အလုပ်ပိုမျာ လာပြီး နားရသည့်ကာလများ ပိုနည်းလာ၏။ လပေါင်းများစွာ ပြင်ပကမ္ဘာနှ အဆက်ပြတ်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ ကျွန်တော်လှိုင့်ဆီ စာမရေ နိုင်ခဲ့သလို လှိုင့်ဆီကစာများလည်း ကျွန်တော်မရခဲ့ပါ။ လှိုင်ပြောသေ သုံးနှစ်တာကာလမှာ လျင်မြန်စွာပင်ကုန်ဆုံးသွားခဲ့ပါသည်။ နောက်ဆုံးနှစ်တွ တော့ လှိုင့်ထံမှ ဘာသတင်းစကားမျှ မကြားရတော့ပါ။

ဘယ်လိုပဲဖြစ်ဖြစ် "ဆယ်ကျော်နှစ်က ကျွမ်းချစ်သဒ္ဒါကြီးသူမှာမှ ဆိုသည့်အတိုင်း ဆယ်ကျော်သက်ကတည်းက ချစ်ခဲ့ရသည့် ချစ်ဦးသူ လှိုင်ပြောသည့်ကာလ ပြည့်မြောက်သွားချိန်တွင်တော့ အထက်လူကြီးများထံ တင်ပြပြီး လှိုင်နှင့်တွေ့ဖို့ စီစဉ်ရပါသည်။ စစ်ဆင်ရေး အရေးကြီးသည် ကြားမှပင် လူကြီးများက ကျွန်တော့်ကို မဖြစ်ဖြစ်အောင် ခွင့်ပေးလိုက်ကြ သည်။ ဒါတွေ လှိုင်သိချင်မှသိပါမည်။

သည့်တစ်ကြိမ်ရော လှိုင်လိုက်မှလိုက်ပါ့မလား၊ ဆံသယတွေ ဝေဝါးစွာဖြင့် စိုးရိမ်မိပါသည်။

ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ မလိုက်နိုင်ရင်တော့ လှိုင် ကျွန်တော် အသွင်တူပါ့မလား၊ ကျွန်တော်တို့ တပ်မတော်သားတွေ ဘဝကို လှိုင်သိမှ သိပါ့မလား။ အေးအတူ ပူအမျှ အပေးအယူ သူနဲ့ကျွန် ဆိုတာ ဖြစ်ပါ့မလား။ မမြင်နိုင်တဲ့ မိသားစုသံယောဇဉ်တွေက လှိုင့် သိပ်ပြီးများလွှမ်းမိုးနေပါသလား။ မပြောနိုင်ပါပြီ။





ခွင့်ရလျှင်ရခြင်း အသော့နှင်ပြီး လှိုင်ရှိရာကိုထွက်ခဲ့ပါသည်။

၇ ၁ ၇

လှိုင်နဲ့ ကျွန်တော် ယခုတစ်ကြိမ်တွေ့ကြချိန်တွင် လှိုင်က ကျောင်းဆရာမဘဝနှင့် ရန်ကုန် ပညာရေးတက္ကသိုလ်မှာ ဘီအီးဒီ ပြန်တက်နေချိန်။

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် လှိုင့်ကို ဝင်တွေ့သည်။ ပုဂံလမ်းမှာ လမ်းလျှောက်ရင်း စကားပြောကြတော့ ကျွန်တော်က လှိုင့်ကို ကျွန်တော်နှင့် အပြီးလိုက်ခဲ့ဖို့ခေါ်သည်။ လှိုင်က ငြင်းသည်။ လှိုင်က သူ့အောက်က မောင်ငယ် ညီမငယ်များ၊ ပင်စင်ယူခါနီးတဲ့ သူ့အဖေ၊ ကောင်းကောင်းမမာတဲ့ သူ့အမေ၊ ဒါတွေအတွက် သူမနောက်ဆံတင်းနေရတဲ့အကြောင်း၊ ဒါကြောင့် သုံးလေးနှစ်တော့ ထပ်ပြီးစောင့်စေချင်သေးတဲ့အကြောင်း၊ လှိုင်က သူမ မိသားစုအကြောင်းကို တွင်တွင်ပြောနေတဲ့အချိန်မှာ ကျွန်တော်က ကျွန်တော် တာဝန်ကျရာပြည်နယ်များကရိုးသားတဲ့တိုင်းရင်းသားတွေရဲ့ နေထိုင်မှုဘဝနဲ့ သနားစရာကောင်းတဲ့ သူတို့ဘဝကို တတ်အားသမျှ မြှင့်တင်ရေး၊ ဒါ့အပြင် "ကျားကို ခလုတ်၊ သစ်ငုတ်ကိုသင်ဖြူး၊ ဆူးကိုမွေ့ရာ" လုပ်နေကြရတဲ့ ရှေ့တန်းရောက် ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ဘဝ၊ သူတို့နဲ့ အတူ လက်ရည်တစ်ပြင်တည်းနေထိုင်ဖို့ ဒီဒုက္ခတွေကို မျှဝေခံစားပြီး ကျွန်တော်နဲ့ အတူ လှိုင်ပါ လက်တွဲဖို့ အမိန့်နဲ့တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်တွေကို ကျွန်တော် ထမ်းဆောင်ချိန်မှာ မောင်တစ်ထမ်း၊ မယ်တစ်ရွက် လှိုင်ကလည်း တစ်ဖက်တစ်လမ်းက ပါရမီဖြည့်ဖို့၊ ပြီးတော့ လည်း လှိုင့်မိသားစုကို လှိုင်နဲ့အတူ ကျွန်တော်ပါ အစွမ်းကုန် တာဝန်ယူသွားကြမယ့်အကြောင်း ရှည်လျားစွာ ပြောမိပါသည်။

"မဖြစ်သေးပါဘူး မောင်ရယ်၊ လှိုင့်မိသားစုအကြောင်း မောင်မသိပါဘူး"

ဟု ပြောရင်း လှိုင်က တွင်တွင်ငြင်းသည်။

ပေါ့ရင်းသာ ပျံတော်မူရမည်၊ ဆန်ဖြူဖြူတစ်ခွက်ပင် ရနိုင်ဖွယ် မမြင်ဆိုသော ဦးပုညမေတ္တာစာလိုပင် ဖြစ်ခဲ့ရပါ၏။

ဒီတစ်ကြိမ်လည်း ကျွန်တော့်နောက် လှိုင်မလိုက်ဖြစ်ခဲ့ပါ။ လှိုင့်ကို အဆောင်ပြန်ပို့ရင်း လွှမ်းမောစွာနဲ့ ခွဲခွာပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ဆုံးမင်း အမြီးမျှော်သလို ခရီးတော်နီးရက်နဲ့ ဝေးပါလား လှိုင်ရယ်။

သြော် ဒီတစ်ကြိမ်မှာလည်း လှိုင့်ခေါင်းထက်မှာ အရင်တစ်ခါလို နှင်းဆီအနီတစ်ပွင့်နဲ့ပါပဲလေ။

❦ ❦ ❦

လှိုင်နဲ့ရန်ကုန်တွင် တွေ့ပြီးနောက် စစ်ဆင်ရေးထွက်ရပြန်၏။ ဒီတစ်ခေါက်တော့ နာမည်ကျော် ဒေါနတောင်တန်းဆီသို့။

ဒေါနတောင်တန်းမှာ ပွဲအတော်ကြမ်းပြီးတဲ့နောက် ကျွန်တော်လည်း တပ်ထဲဝင်ပြီးရောက်ကတည်းက မကြာခဏ ဒုက္ခပေးနေတဲ့ ငှက်ဖျားရောဂါနဲ့ ဘားအံမှာ ဆေးရုံတက်ရသည်။ ဆေးရုံမှာ သတိမရ တစ်ချက်၊ ရတစ်ချက်နဲ့ အသည်းအသန် ဝေဒနာခံစားနေရချိန်တွင် ကျွန်တော့်ကို အမြဲစောင့်ကြည့်ပေးနေတဲ့သူက တာဝန်ကျသူနာပြုဆရာမလေးနော်နော်ပါ။

ချက်ချာသော အပျိုစင်ဆရာမလေး နော်နော်ရဲ့ ချိုသာတဲ့ချစ်စဖွယ် အပြောအဆိုများနဲ့ အပြုအစုအယုအယများကြောင့် တစ်ခါဘူးကမှ အပြုအစု မခံခဲ့ရဘူးတဲ့ ကျွန်တော့်စိတ်များ,များစွာ တိမ်းမူးလှုပ်ရှားခဲ့ရပါသည်။ ထို့ကြောင့် နော်နော့်အား လက်ထပ်လိုကြောင်း ကျွန်တော်ခွင့်တောင်းခဲ့သည်။ ရိုးသားတဲ့ တိုင်းရင်းသူလေးနော်နော်ကလည်း ဖြူစင်စွာပဲတုံ့ပြန်ခဲ့၍ အထက်လူကြီးများခွင့်ပြုချက်ဖြင့် နော်နော့်ကို ကျွန်တော်ချက်ချင်း လက်ထပ်ခဲ့ပါသည်။ အသွင်မတူအိမ်သူမဖြစ်မို့ လှိုင်နဲ့ ဓာတ်လမ်းများကိုလည်း ဤတွင် တစ်ခန်းရပ်ပြီး ပြည်ဖုံးကားချလိုက်ပါ၏။

ကျွန်တော်တို့မြို့ကလေးမှာတော့ ကျွန်တော်နဲ့ လှိုင့်အကြောင်းသိသူများက အတော်လေး ပြောမဆုံးပေါ်ပေါ်တောသုံးထောင် ဖြစ်ကြသည်ဟုလည်း သဲ့သဲ့ကြားရပါသည်။ တချို့က လှိုင့်ကိုအပြစ်ဆိုပြီး အချို့တော့ ကျွန်တော့်ကို အပြစ်ပြောသူပိုများသည်ဟု ဆိုကြပါသည်။ ကျွန်တော်က သစ္စာမဲ့သူပေါ့၊ ပြောကြပါစေ၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိ မဟုတ်လား။ လှိုင်တစ်ယောက်လည်း နဂိုကတည်းက အရက်ကြီးရတဲ့အထဲ ဒီကိစ္စသိသွားသည့်အခါ ကျောင်းမှ ခွင့်ရက်ရှည်ယူသွားရသည်အထိ စိတ်ထိခိုက်သွားရှာသည်ဟုလည်း နောင်အခါတွင် ကျွန်တော်ပြန်ကြားခဲ့ရပါသည်။

ဘယ်သူမပြု မိမိမှုပါ လှိုင်။

❦ ❦ ❦





ကျွန်တော်နဲ့ လက်ထပ်ပြီး တစ်နှစ်ကျော်အကြာတွင် နော်နော်မှ သားကို မွေးခဲ့ပါသည်။ တစ်ဦးတည်းသောသားပါ၊ သားဖလေး မွေးပြီးနောက် နော်နော်တစ်ယောက်လည်း ကျန်းမာရေးမကောင်း၍ အလုပ်မှ နားလိုက်ရပါသည်။ နောက်ကလေးလည်း မယူနိုင်တော့ပါ။

သြော် ကျွန်တော့်မှာလည်း ဖြစ်လိုက်ရင်အသည်းအသန်နဲ့ ကံနည်းလှချည်လားလို့ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့ရပါတော့သည်။

နော်နော်အလုပ်က အနားယူလိုက်ပြီး မကြာခင်မှာ ရှမ်းပြည်နယ်ဘက် တပ်ပြောင်းရပြန်ပါသည်။ မိသားစုပျော်ပျော်ပဲပြောင်းခဲ့ကြ၏။ ရှမ်းပြည်နယ်မှာ နှစ်အတော်ကြာတာဝန်ထမ်းဆောင်ရင်း တစ်ဆင့်ပြီးတစ်ဆင့် တာဝန်တွေက မြင့်လာသည်။

သားဆယ်တန်းအောင်သည့်နှစ်တွင်တော့ နော်နော်တစ်ယောက် ဆုံးပါးသွားခဲ့ပါသည်။ နော်နော် ကွယ်လွန်ပြီးနောက် လပေါင်းများစွာ ကျွန်တော့်မှာ ယောင်ချာချာ ဖြစ်နေခဲ့ပါ၏။ သူ့အမေ မရှိတော့ချိန်တွင် သားလည်း ဘမျိုးဘိုးတူဆိုသလို စစ်တက္ကသိုလ်ကို တက်သွားခဲ့ပါသည်။ အဖေ့ကောင်းမွေကို ဆက်ခံသူဖြစ်၍ ဝမ်းမြောက်ဝမ်းသာ သားကိုအားပေးခွင့်ပြုခဲ့ပါ၏။ အခုတော့ သားတောင် ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ နောက်ဆုံးနှစ် ကျောင်းသားကြီး ဖြစ်နေပါပြီ။ မကြာမီ ကျောင်းဆင်းပါတော့မည်။

ကျွန်တော့်ရဲ့ အထီးကျန်ဘဝကို နားလည်သည့်သားက မကြာသေးမီက ရှားပါးသည့် စကားတစ်ခွန်းတော့ ပြောသည်။

"ဖေဖေ အိမ်ထောင်ပြုလိုက်ရင် ကောင်းပါတယ်။ သားသဘောတူပါတယ်" တဲ့။

သြော် မေ့နေတာတွေကို သားက ပြန်သတိရအောင် အစဖော်ပေးနေတာလားမသိ၊ ကျွန်တော့်မှာ ချစ်ဦးသူလှိုင်ရှိခဲ့ဖူးတာကို သားက သိထားခဲ့လို့ လေများလား။

❦ ❦ ❦

အနောက်တောင်ဘက်မှ လေပြေကလေးတစ်ချက်အဝှေ့တွင် ဘမာ ပန်းရနံ့များက သွတ်ပျံ့ဘွယ်ရာ ကျွန်တော့်အား တို့ထိကျီစယ်လာကြသည်။ ကန်စပ်ရှိထနောင်းပင်အိုပေါ်မှ ဥဩပျိုလေးတစ်ကောင်က သွေးသွေးမြေ့မြေ့ မြည်ကြွေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်တည်းပဲလား ဥသြလေးရယ်။

ဥသြငယ်လေးရဲ့ မြည်ကြွေးသံကြောင့် အတိတ်၏အရိပ်များတွင် အာရုံဝင်စားနေရာမှ ကျွန်တော် သတိပြန်ရလာသည်။

ဩော် အတော်တောင် ကြာသွားပါပကော၊ ပြန်ဖို့တောင် အချိန် တန်ပြီထင်ရဲ့၊ ကားပေါ်ပြန်တက်မိပါသည်။

မဟာနန္ဒာကန်ဘောင်ရိုးက ကျွန်တော်ပြန်ထွက်လာတော့ ခုနစ်နာ ထိုးပြီ။ အနောက်ဘက်မှာ နေ့ရဲ့နေလုံးနီနီက ဆည်းဆာရောင်တချို့ကို မြူနိုးတွေကြားမှာ ချန်ထားခဲ့တဲ့အတွက် အညာဒေသရဲ့ လွမ်းမောဖွယ် သဘာဝအလှကို ပျပျမြင်နေရပါသေးသည်။ သံယောဇဉ်အမျှင်မပြတ်နိုင်ဘဲ အနောက်ဘက် ဟိုအဝေးဆီက မူးမြစ်ဝှမ်းဆီကို လှမ်းပြီးမျှော်ကြည့်မိပြန် ပါသည်။ ချစ်ဦးသူ လှိုင်တစ်ယောက် ခုချိန်ဆို ကျွန်တော်တို့ မြို့ကလေးမှာ ဘာတွေများ လုပ်နေပါလိမ့်၊ ကျွန်တော့်ကို စိတ်နာလို့ ကောင်းနေတုန်း ပဲလား။

ဆယ်တန်းမအောင်ဘဲ တပ်မတော်ထဲဝင်သွားတဲ့ မောင်ငယ် အတွက် စိတ်ပူနေတဲ့ လှိုင်၊ ပင်စင်ယူထားရတဲ့ အဖေအိုကြီးကို ပြုစုနေရတဲ့ လှိုင်၊ ကောလိပ်တက်ရင်း ခြေမြန်တပ်ရင်းတစ်ရင်းက အရာရှိလေး တစ်ဦးနဲ့ အိမ်ထောင်ကျသွားတဲ့ ညီမအငယ်ဆုံးအတွက် အခုအချိန်အထိ စိတ်မ နိုင်သေးတဲ့ လှိုင်၊ ကျောင်းအလုပ်ဘွဲ့သာမက ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေ အသင်းကိစ္စတွေနဲ့ မအားရတဲ့ ဆရာမကြီး လှိုင်၊ အမေဆုံးပြီးတဲ့နောက် မောင်တွေ ညီမတွေနဲ့ မိသားစုတစ်ခုလုံးအတွက် အနစ်နာခံပြီး အိမ်ထောင် မပြုဘဲနေခဲ့တဲ့ သမီးကြီးလှိုင်၊ ခုဆိုကျွန်တော်တို့ တပ်မတော်သားတွေရဲ့ ဘဝကိုပိုသိလောက်ပါပြီ။ ကျွန်တော့်ကိုလည်း ခွင့်လွှတ်နိုင်လောက်ပါပြီ

လှိုင့်ကို ကျွန်တော် ပြောလိုပါသည်။

မကြာမီ ရက်ပိုင်းအတွင်း ပြင်ဦးလွင်စစ်တက္ကသိုလ်တွင် သားကြီးတို့ ကျောင်းဆင်းပွဲ လုပ်ပါတော့မည်။ ခွင့်လွှတ်ပါ လှိုင်။ သားရဲ့အမေကိုယ်စား လှိုင့်ကိုဖိတ်ပါမည်။ လှိုင်လိုက်မည်ဆိုပါက မဟာနန္ဒာကန်တော်လမ်းက ကိုယ်တိုင်လာခေါ်ပါမည်။ လှိုင် လိုက်စေချင်ပါသည်။

အရှက်ကြီးသည် ဆရာမကြီးလှိုင် လိုက်မှ လိုက်ပါ့မလားတော့ မသိနိုင်ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကကော့ "ချစ်၍ခေါ်သည်၊ လိုက်တော် ...ဲ့ မပျောင်းနွဲ့နှင့်" ဟု လှိုင့်ကို တစ်သက်လုံးခေါ်လာခဲ့ရသူမို့ အခုလည်း ...ခေါ်ပါဦးမည်။

ဒီတစ်ခါတော့ လိုက်ခဲ့ပါတော့ လှိုင်ရယ်။

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ၊ ငွေတာရီမဂ္ဂဇင်း







www.burmeseclassic.com

www.burmeseclassic.com

# အသိရခက်သော ခင်သူဇာ

ရေပြင်ကို မြင်ရုံမျှဖြင့် ပင်လယ်သမုဒ္ဒရာတို့၏ အတိမ်အနက်ကို မသိနိုင်ကုန်။

ထို့အတူ တစ်ကြိမ်တစ်ခါ ချစ်ကျွမ်းဝင်ဖူးရုံမျှဖြင့် မိန်းမတို့၏စိတ်ကို မသိနိုင်ကုန်။

ယေစဉ်က ကျွန်တော် ထိုကဲ့သို့ မှတ်သားခဲ့ဖူးပါသည်။ ကျွန်တော့် ချစ်ဦးသူ သူဇာနဲ့ပတ်သက်ပြီး ထိုစကားသည် ကျွန်တော့်အတွက် ထာဝ အမှန်တရားသာ ဖြစ်နေပါလိမ့်မည်။

❦

ရှေ့တန်းမှ အနားပြန်ကာလတွင် ကျွန်တော်ရန်ကုန်ဆင်းခဲ့သည် တပ်ကိစ္စများ ဆောင်ရွက်မည်။ ရန်ကုန်ရှိ ကျွန်တော့်မိသားစုနဲ့ တွေ့မည် ယခုနှစ် ဆယ်တန်းအား သုံးဘာသာဂုဏ်ထူးနှင့်အောင်သွားသည့် သ အငယ်ဆုံးလေးအား ဂုဏ်ပြုမည်။ တက္ကသိုလ် ဆက်တက်ရန် စီစဉ်ပေးမည် ကျွန်တော့်တွင် သမီးချည်းသုံးယောက်ရှိရာ ဒီအငယ်ဆုံးလေးက စာအကြ စားဆုံး၊ အတော်ဆုံးမို့ ထူးချွန်ရန် အလားအလာ အကောင်းဆုံးဖြစ် ဒီသမီးလေးအား ပညာပါရမီဖြည့်ပေးဖို့ ကျွန်တော့်မှာတာဝန်ရှိသည်။ ကြောင့် ရန်ကုန်ရောက်တုန်း လိုတာလေးတွေတော့ လုပ်ပေးခဲ့ရပါဦးမည်

❦

အိမ်ပြန်ရောက်သည့်နေ့၊ မိသားစု ညနေထမင်းဝိုင်းတွင် အငယ် သမီးလေးက

"ဖေဖေရေ သမီးတော့ တက္ကသိုလ်မတက်ရသေးခင် အလုပ် လုပ်မယ်၊ တက်ရရင်တော့ စီးပွားရေးတက္ကသိုလ်ပဲ တက်ချင်တယ်"

"ကြိုက်တာသာတက် သမီးရေ၊ ဖေဖေကတော့ တတ်နိုင်တု ထားပေးရတာ၊ ဘယ်တက္ကသိုလ်ပဲ တက်တက် မဟာဝိဇ္ဇာဘွဲ့ရအောင်တော့ ကြိုးစားစေချင်တယ်"

"အားလုံးက စီးပွားရေးဘက် အာရုံစိုက်နေကြတော့ သမီးကတော့ စီးပွားရေးတက္ကသိုလ်ပဲ တက်ချင်တယ်ဖေဖေ၊ ဖေဖေမပြန်ခင် စီးပွားရေး





တက္ကသိုလ်မှာ ဖေဖေ့အသိဆရာ၊ဆရာမတွေရှိရင် သမီးနဲ့မိတ်ဆက်ပေးခဲ့ဦး နော်"

သမီးငယ်စကားဆုံးသည်နှင့် တစ်ချိန်လုံးစကားမပြောဘဲ ကျွန်တော့် ၏သားအဖကို ပီတိများနဲ့ကြည့်နေသည့် ဇနီးသည်က ရုတ်တရက်

"အမလေး ရှိပ့ါတော်၊ ရှိပ့ါ၊ စီးပွားရေးတက္ကသိုလ်မှာ သမီးတို့ အဖေရဲ့ အဆက်ဟောင်းကြီး သူဇာဆိုတာ ရှိပ့ါ"

ပြုးစစနဲ့ ကျွန်တော့်ဘက် မေးငေါ့ပြီးပြောလိုက်ရာ

"ဟုတ်လားဟင် ဖေဖေ၊ သူဇာဆို သမီးနာမည်နဲ့တူတာပေါ့နော်၊ ဒါသူဇာက ဘာလဲဟင်၊ ကထိကလား၊လက်ထောက်ကထိကလား။ ဖေဖေ တစ်ခါမှ သမီးတို့ကို မပြောဖူးပါလား"

"ဟဲ့ အဲဒီအကြောင်းပြောရင် သမီးတို့အဖေက ရှေးဖြစ်ဟောင်းတွေ အာက်မေ့ပြီး ဆွေးသတဲ့တော့၊ သူ့အဆက်ကြီးကိုလည်း ဘယ်တော့မှ မေ့ပါဘူးနော်၊ အမြဲသတိရနေချင်လို့ သမီးကိုတောင် သူ့အဆက်ကြီး နာမည်မှည့်ထားတာ" ဇနီးသည်က ထပ်ပြောလိုက်ပြန်ရာ

ကျွန်တော်က ဇနီးသည်ရဲ့ မျက်နှာကိုကြည့်ရင်း ပြုံးပြီးသာနေမိပါ သည်။ ဘာမှမပြောလိုပါ။ ဟိုနှစ်ပေါင်းများစွာက ကျွန်တော်နဲ့ သူဇာတို့ အကြောင်းတွေကလည်း လုပ်ငန်းတာဝန်တွေကြားမှာ ပြေးလွှားနေရတဲ့ ကျွန်တော့်လို တပ်မတော်သားတစ်ယောက်အဖို့ မှုန်ဝါးပျောက်ကွယ် လောက် ဖြစ်ခဲ့ပါပြီ။ မေ့လည်းထားခဲ့ပြီးပါပြီ။

❦

သူဇာ့ရဲ့ နာမည်အပြည့်အစုံက 'ခင်သူဇာ'ပါ။

လွန်ခဲ့သော အနှစ်သုံးဆယ်လောက်က ကျွန်တော်နှင့်သူဇာတို့သည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့ကလေးတစ်မြို့က ထူး၍မဆန်းသော ဆယ် ကျော်သက်အရွယ်တို့၏ နှလုံးသားဇာတ်လမ်းတစ်ခုတွင် ပါဝင်ခဲ့ကြသော ဇာတ်ကောင်များ ဖြစ်ခဲ့ကြ၏။

သူဇာ၏မိဘများက မြို့မျက်နှာဖုံးဆန်စက်ပိုင်ရှင်များဖြစ်ပြီး ငွေကြေး ဆောင့်တင်းပြည့်စုံကြသည်။ မွေးထားသည်က သမီးချည်းသုံးယောက် ငယ်တော့ရယ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးက ဖြူပြာ၊ အလတ်က မှုယာ၊ ပြီးတော့ သူဇာတဲ့
ဒါကြောင့်လည်း ကျွန်တော်တို့မြို့က ကာလသားများက ကျွန်တော် အထက်တန်း ရောက်ခါစကပင် ညအခါများ၌ မကြာခဏ သူဇာတို့အိမ်ရှေ့သွားပြီး မယ်ဒလင်လေး ဒေါင်ဒေါင်ဒင်ဒင်ဖြင့်

"အိပ်ပြီလားကွယ့် ဖြူပြာ မှုယာ သူဇာမေရယ်" ဟု သံသေ သံကြောင်ဖြင့် လျှောက်ပြန်သံပေး ခြေအေးဝမ်းရောင် အော်ဟစ်ကြပါသည်။ သူဇာတို့ ညီအစ်မ တစ်တွေကလည်း ပုရိသယောကျ်ားများ စိတ်ဝင်စားလောက်စရာပါ။

အသက်နှစ်ဆယ်အရွယ် ဖြူပြာက ကိုယ်လုံးကိုယ်ပေါက် ကောင်းကောင်းနှင့် အသားအနည်းငယ် ညိုသယောင်ရှိသော်လည်း ဖြောင့်စင်းသော ပေါင်တံများဖြင့် ရွှေဘိုမင်းကြိုက် ခေတ်ဆန်သောဝတ်စားဆင်ယင်မှုများ ပြည့်စွက်လိုက်သော် စွဲမက်ချင်စရာ၊ အလတ်မှုယာကတော့ အသား လတ်လတ် မျက်လုံးမျက်ခုံးကောင်းကောင်း။ ထို့အပြင် စကားပြောရာတွင် ပြုံး၍ ပြုံး၍ပြောတတ်သူဖြစ်သဖြင့် နှုတ်ခမ်းထူလေးနှင့် မှုယာအပြုံးက ဆန့်ကျင်ဘက် ယောကျ်ားလေးများ၏ နှလုံးသားကို အတော်ဆွဲဆောင် နိုင်သည်ဟု မြို့မှ ကာလသားများက ပြောကြသည်။

အငယ်ဆုံးသူဇာကတော့ အသားအရေဖြူဝင်းပြီး မျက်လုံးမျက်ခုံး က မှုယာထက်ပင် ပိုလှသည်။ မျက်တောင်ကော့ကြီးများနှင့် ဝင်းလဲ့သော မျက်လုံး အစုံက မြင်ရသူတစ်ဖက်လူ အသက်ရှူများချင်စဖွယ် ဆံပင်များ နက်မှောင်သန်စွမ်း၍ မဟူရာရောင် တောက်ပနေကြသည်။ အမြဲပေါက်ဆေး ဘဝမှာပင် ကိုယ်လုံးကိုယ်ပေါက် ထွားကြိုင်းဖွံ့ဖြိုး၍ အချိုးအဆက် ကျ သည်။ ဥစ္စာပေါရပ်ချော၍ ကျောင်းစာများတွင်ပါတော်သည်သာမက တစ် တစ်မျိုး မရိုးရအောင်လည်း ဝတ်ဆင်နိုင်သဖြင့် " မြင်သူတကာငေးရသော ခင်သူဇာလေး" ဟု ဆိုစမှတ်ပြုရသည်။

သည်သို့သော ညီအစ်မတွေကို ကျွန်တော်တို့မြို့လေးက အမ ကာလသားများ စိတ်ဝင်စားကြသည်မှာ မဆန်းလှပါ။

အားလုံးထဲတွင်တော့ သွက်လက်ချက်ချာသော အငယ်ဆုံး အ ဆုံး သူဇာကို မြို့ခံကာလသားတို့က သည်းသည်း အလှုပ်ဆုံးပါတည်း





သူများတွေ သည်းသည်းလှုပ်နေကြသည့် သူဇာကို ငယ်ငယ်ကပင် နီးနီးကပ်ကပ် မကြာခဏ ကျွန်တော်တွေ့နေရသည်။ ကျွန်တော့်ရဲ့ တစ်ဦးတည်းသောညီမလေး ကြည်ကြည်နဲ့သူဇာတို့က မူလတန်းမှာပင် အတန်းတူ အခန်းတူ ၊ စွယ်တော်ရွက်နှစ်လွှာလို တပူးတွဲတွဲနေခဲ့သည်။ သူဇာတို့အိမ်နဲ့ ကျွန်တော်တို့အိမ်ကလည်း တစ်ရပ်ကွက်တည်း တစ်လမ်းတည်းမို့ မိဘချင်းလည်း သိကျွမ်းရင်းနှီးကြပါသည်။

ဖေဖေနဲ့မေမေက ဆရာ၊ ဆရာမတွေဖြစ်ပြီး ပညာရေး အားပေးသူများဖြစ်သဖြင့် ကျွန်တော်တို့ မောင်နှမနှစ်ယောက်စလုံး ငယ်စဉ်ကပင် မိဘအဆုံးအမအောက်မှာ စာတော်အောင် ကြိုးစားသည်။ ကျွန်တော်တို့ မောင်နှမနှင့်အတူ မကြာခဏ ရပ်ကွက်ထဲက ကလေးများအိမ်မှာ စာလာကျက်ကြသည်။ ကျွန်တော်တို့အိမ်ကို မကြာခဏလာသူများတွင် စာတော်သည့် သူဇာတစ်ယောက် ထိပ်ဆုံးကပင်။

အိမ်ကို မကြာခဏ လာနေသော်လည်း သူဇာကို သိပ်ပြီးရင်းရင်း နှီးနှီးတော့ ကျွန်တော်စကား မပြောခဲ့ပါ။ စာမှလွဲ၍ ကျွန်တော်စိတ်မဝင်စားခဲ့ အထူးသဖြင့် ကျွန်တော် သတ္တမတန်းရောက်သည့်နှစ် ဖေဖေဆုံးသွားပြီးကတည်းက မိသားစုတာဝန်ထမ်းဆောင်နိုင်ရန် စာကိုကျွန်တော်ပိုပြီးကြိုးစားလာခဲ့ပါသည်။ မုဆိုးမ မူလတန်းပြဆရာမ မေမေ့ကို များစွာသနားမိပါသည်။ ဆယ်တန်းကို ထိုအချိန်က ရှားပါးစွာ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်ခဲ့သော်လည်း ဘွဲ့မြန်မြန်ရပြီး အလုပ်မြန်မြန်လုပ်နိုင်အောင် ဆုလွယ်နပ်လွယ် ဝိဇ္ဇာဘာသာတွဲကိုသာ ကျွန်တော်ယူခဲ့ပါသည်။ ဝိဇ္ဇာအပိုင်း(က) ရောက်ချိန်တွင် ညီမလေးနဲ့ သူဇာတို့က အထက်တန်းကျောင်းသူတွေ ဖြစ်နေပါပြီ။

တက္ကသိုလ်ကျောင်းသားဖြစ်ခဲ့သော်လည်း ကျွန်တော့်မှာ ချစ်သူမရှိပါ။ ဘယ်မိန်းမမှလည်း စိတ်မကူးမိပါ။ တစ်မိမိန်းကလေးများနှင့်လည်း မရင်းနှီးခဲ့ဖူးပါ။ သို့ရာတွင် လူသည်လူသာလျှင် ဖြစ်ပါသည်။ အချိန်တန် အရွယ်ရောက် လူလားမြောက်သော် အချစ်ဆိုသောအရာကို တားဆီး၍ မရပါ။ သဘာဝကို လွန်ဆန်၍မရပါ။ ကျွန်တော်ဒင်တာအောင်သည့်နှစ်က စပြီး မိန်းကလေးတို့၏သဘာဝများ ရုတ်တရက် ဖွံ့ဖြိုး တိုးတက်၍ အလှအပတွေ ဖူးပွင့်ဝေဆာလာသည့် သူဇာကို စိတ်ဝင်စားလာမိပါသည်။ သူဇာ့အလှအပကို ကျွန်တော် သတိပြုမိလာပါသည်။ သူဇာအိမ်ဘာလျှင်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ မနေနိုင်ခဲ့ပါ။ ကျွန်တော့်စိတ်တွေ သူဇာ့အပေါ် တိမ်းညွတ်လာပါသည်။ ချစ်ခြင်းအစ မျက်စိကဟူ၍ပင် ပြောရမလား မဆိုနိုင်တော့ပါ။ တက္ကသိုလ်မှာ ကျွန်တော်သင်ခဲ့ရတဲ့ ကဗျာတစ်ပိုင်း တစ်စလို

''သူဇာပေပင် ရှင့်ဆင်းပြင်မှု
မြင်လျှင်လွန်ကြူး အံ့မိန်းမူးသည်
သောက်ရှူး သော်တာ အဓရောင်လော'' ဆိုသည့်အတိုင်း သူဇာသည် ကျွန်တော့်အတွက် မိန်းမူးစရာကဝေမလေး ဖြစ်လာနေပါပြီ။

သြော် ဒုက္ခတွေ ပေးလာပြီလား သူဇာရယ်။

၊ ၇ ၊

တစ်နေ့

ကျွန်တော့်ဘဝမှာ ဘယ်လိုမှ မေ့မရတဲ့ ထိုတစ်နေ့။

ဝိဇ္ဇာအပိုင်း(က) တက်သည့်နှစ် သီတင်းကျွတ် ကျောင်းတစ်လအပိတ် အိမ်ပြန်ရောက်သည့်နေ့၊ အိမ်ခြံဝင်းအတွင်းမှ စာကလေးများတကျီကျီ အော်မြည်၍ ဟိုသည်ပျံသွားနေသည်ကို စိတ်ဝင်တစား ကြည့်ရင်း ကျွန်တော် စာဖတ်နေမိပါသည်။ ညီမလေးက မေမေ့ကို သွားကြိုနေသည်။

''ကလင် ကလင်''

ဂလိုင်လေးတီးရင်း မြူးစားကြီး မိန်းမစီးစက်ဘီးကလေးဖြင့် သူဇာရောက်လာသည်။ ဆည်းဆာချိန် နေဝင်ရီတရောမို့ တိမ်တွေက တောက်နေကြသည်။ သူဇာက နက်မှောင်လှိုင်းထနေသည့် သူမဆံပင်များတွင် စပယ်ပွင့်တစ်ကုံးအား လျှော့တိလျော့ရဲပန်လာသည်။ သနပ်ခါးရေကျဲကျဲအားပါးမို့မို့လေးမှာ လူးထားပြန်သည်။ အနက်ရောင်ဖဲထမီကို ခပ်တိုတို တင်းနေအောင်ဝတ်ထားရာ သေးကျင်သောခါးနှင့် လုံးဝန်းသောတင်ပါးများအား အထင်းသားတွေ့နေရသည်။ အနီရောင်လက်တိုအကျီအောက်မှ ဖြူနုပြည့်အိသော ဆင်စွယ်နှစ်ရောင်လက်မောင်းအိုးကလေးများက ချစ်စဖွယ်ပင်။ ကျပ်သောအကျီကြောင့် ဖွံ့ထွားသောရင်အစုံကလည်း မြင်ရသူအသက်ရှူမှားစရာ။ မိုးပေါ်ကကျလာသည့် နတ်မိမယ်လေးသဖွယ်၊ မြူးခနဲ ရောက်လာသည့် သူဇာ့ကို စာဖတ်နေရာ ခုံတန်းလျားပေါ်က ကျွန်တော်အံ့သြမိန်းမူးစွာ ကြည့်မိပါသည်။





သြော် ချစ်ချင်စရာ သူဇာပါလား။

''ကြည်ကြည်ရေ၊ ဟေ့ ကြည်ကြည်''

စက်ဘီးပေါ်က ဆင်းလျှင်ဆင်းခြင်း သူဇာက အသံလွင်လွင်လေး ဖြင့်ခေါ်သည်။ ပြီးတော့မှ ကျွန်တော့်အား မြင်သွားပြီး

''ဟာ ကိုသက် ရန်ကုန်က ပြန်ရောက်နေပြီလား၊ ကြည်ကြည်ရော ဘယ်သွားလဲ''

''သြော် မေမေ့သွားကြိုတယ်၊ ဒီနေ့ မေမေက သူ့ကျောင်းမှာ အချိန်ပိုသင်ပေးနေလို့ နည်းနည်းမိုးချုပ်မှာမို့ပါ၊ ဘာကိစ္စရှိလဲသူဇာ၊ ထိုင်ပါဦး၊ ပြန်လာကြတော့မှာပါ''

စကားပြောရင်း ကျွန်တော်က ရင်ခွင်တွင်ပွေ့ထားသည့် ညီမငယ်မွေးထားသော ကြောင်မလေးရွှေဝါအား အောက်သို့ လွှတ်ချလိုက်ပါသည်။

သူဇာက ကျွန်တော့်ဘေး ခုံတန်းလျားပေါ်သို့ ရဲရဲ့စွာ ဝင်ထိုင်လိုက်ရင်း

''ကျောင်းက ပေးလိုက်တဲ့အိမ်စာ အက္ခရာသင်္ချာတချို့တွက်မရလို့ ကိုသက်ရဲ့၊ ခုလာမယ့် တနင်္လာနေ့မှာ ပြရမှာ၊ အဲဒါကြည်ကြည် တွက်ပြီးရင် တိုက်ကြည့်မလို့၊ ပြီးတော့ အင်္ဂလိပ်စာအက်ဆေးလည်း သူရေးပြီးရင်နည်းနည်းကြည့်သွားချင်လို့၊ ဒါတွေက ခုလာမယ့် အစမ်းမှာ မေးမှာတဲ့''

သူဇာက ပြုံးနွဲ့နွဲ့နှင့် ခပ်သွက်သွက်ပြောလိုက်သည်။

''ဒါများ မောကြီးပန်းကြီးနဲ့သူဇာရယ်၊ ခဏစောင့် သူဇာ့သူငယ်ချင်း ပြန်လာတော့မှာပါ''

သူဇာကကျွန်တော့်ကို စူးစမ်းသလို တစ်ချက်ကြည့်ရင်း

''အင်း ကိုသက်တွက်တတ်ရင်လည်း တွက်ပြလေ၊ ကြည်ကြည့်စောင့်ရတာ ပျင်းစရာကြီး''

''ကိုယ်က တက္ကသိုလ်တက်ကတည်းက သင်္ချာမယူတော့ဘူးသူဇာရဲ့၊ ဒါပေမယ့် သူဇာတွက်နိုင်းတော့လည်း တွက်ကြည့်ရတာပေါ့၊ ကဲပေး''

ပါလာသည့် အက္ခရာသင်္ချာစာအုပ်ကိုပေးရင်း သူဇာက ကျွန်တော့်နား ပိုတိုးကပ်လာသည်။ ကျွန်တော် သင်္ချာတွက်ပြနေသည်ကို စိတ်ဝင်တစား ကြည့်သည်။ သိချင်သည်များမေးသည်။ သူဇာ့ထံမှ သနပ်ခါးနံ့၊ စပယ်နံ့နှင့် ရွှေရင်သိမ်းသစ်အရွယ်မိန်းမငယ်တို့၏ကိုယ်နံ့များက ကျွန်တော့်အာရုံခေါင်းဝ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပျံ့လွင့်တိုးဝှေ့ကျီစယ်လာသည်။ လပေါင်းအတော်ကြာကတည်းက ဖိနှိပ်သိမ်းဆည်းထားသည့် သူဇာ့ကို မြတ်နိုးချစ်ကြင်လိုမှုနှင့် ယောကျ်ားတို့၏ ရမ္မက်ဆန္ဒက ရုတ်တရက်နိုးထလာ၏။

ဆူပွက်လာသည့်ဆန္ဒကို ချိုးနှိမ့်ရင်းသူဇာ့ရဲ့ အက္ခရာသင်္ချာကို အဖြေရှာသည်။ ဆယ်တန်းအောင်စဉ်က သင်္ချာတွင် ဂုဏ်ထူးရခဲ့ဖူးသူမို့ သူဇာ့ပုစ္ဆာများအား တွက်ပြနိုင်ခဲ့သည်။ တွက်နည်းများကိုလည်း သူဇာ နားလည်အောင်၊ ရှင်းပြနိုင်ခဲ့သည်။ စာတွင် စိတ်ဝင်စားနေ၍ ဆူဝေနေတဲ့ စိတ်ဆင်ရိုင်းကိုလည်း ထိန်းထားနိုင်ခဲ့သည်။ သင်္ချာသုံးလေးပုဒ်အား တွက်ပြပြီး စာအုပ်နောက်ကျောတွင်ရှိသည့် အဖြေမှန်နှင့်ကိုက်ညီပြီးချိန်တွင်

"ဟာ ကိုသက်က တကယ်တော်တာပဲ၊ တက္ကသိုလ်မှာ သင်္ချာမယူတော့ဘဲနဲ့ ဒီအက္ခရာသင်္ချာတွေကို ခဏလေးနဲ့ ပြန်တွက်ပြတတ်တယ်နော်"

သူဇာက ကျွန်တော့်ကို လေးစားအထင်ကြီးသော လေသံလေးဖြင့် ပြောရာ

"သူဇာရယ်၊ ဒါလောက်ကတော့ အထက်တန်းအဆင့်သင်္ချာပဲ ရှိပါတယ်"

ကျွန်တော် ရှက်ရွံ့တိုးညှင်းစွာ ဆိုမိပါသည်။ ဒါလောက်လေးနှင့်လည်း ဂုဏ်မယူရဲပါ။

"ကိုသက်က ကိုယ့်ကိုကိုယ် တော်တော်နှိမ့်ချတယ်နော်၊ ဒါကြောင့် သူဇာက ကိုသက်ကို သိပ်သဘောကျနေတာ"

သူဇာက ကျွန်တော့်ကို ရွှမ်းရွှမ်းစားစားဖြင့်ကြည့်ရင်း ရုတ်တရက် ပြောလိုက်သည်။ ဆည်းဆာရောင်အောက်တွင် သူဇာ့ရဲ့မျက်ဝန်းနက်တစ်စုံက တဖျတ်ဖျတ် တောက်ပနေကြ၏။

ကျွန်တော့်ရင်ခုန်သံများက မြန်လာပါသည်။ သူဇာ့ရဲ့ တောက်ပရွှန်းလဲ့နေတဲ့ မျက်လုံးများကို ကျွန်တော် ရင်မဆိုင်ဝံ့ပါ။ ကြောက်ပါသည်။ မျက်လွှာချပြီး ဘာစကားမှမဆိုမိခဲ့ ကျွန်တော် တေမိလုပ်နေသဖြင့် သူဇာက အားမလိုအားမရဖြင့်

"ကိုသက်၊ သူဇာပြောတာ ကြားလားဟင်"

"ဪ သူဇာ၊ အင်း ကြားပါတယ်"

"ဒါနဲ့များ ကိုသက်ရယ်၊ မကြားသလိုလိုနဲ့"





သူဇာ၏ မကျေနပ်သံအဆုံးတွင် ကျွန်တော်တို့နှစ်ဦးစလုံး အသံတိတ်သွားကြသည်။ ဘာစကားမှ ထပ်မပြောမိကြတော့၊ သူဇာ့ရဲ့ အသက်ရှူသံကိုပင် ကျွန်တော် ကြားနေရသည်ထင်၏။

"ဝုန်း၊ ဖြုန်း"

မမျှော်လင့်ဘဲ ကျွန်တော့်တို့ရှေ့စားပွဲပေါ်သို့ အမျိုးအမည်မသိ အရွည်းတစ်ခု အပေါ်မှ ပြုတ်ကျလာသည်။

"အို အမေ့၊ ကိုသက်ရေ"

သူဇာက အလန့်တကြား ကျွန်တော့်ရင်ခွင်တွင်းသို့ ရုတ်တရက် တိုးဝင်လာသည်။ ကျွန်တော်ကလည်း အယောင်ယောင်အမှားမှားဖြင့် သူဇာ့အား ပြန်ဖက်ထားလိုက်မိ၏။ ထိုခဏတွင်ပင် သွေးဆူနေသော ဆန့်ကျင်ဘက်လိင်နှစ်ခုသည် လောကနိယာမတရားအတိုင်း ဆွဲငင်အားကောင်းကောင်းဖြင့် ပေါင်းစပ်သွားခဲ့ကြပေပြီ။ ပူနွေးသော ထွက်သက်ဝင်သက်များ အိန်းဒိန်းမြည်နေသော ရင်ခုန်သံများ၊ မွှေးပျံ့သော သနပ်ခါးနံ့နှင့် စပယ်ပန်းနံ့များ၊ နူးညံ့အိစက်သော အထိအတွေ့များကြားတွင် ကျွန်တော်တို့ နှစ်ဦးစလုံး မိန်းမောသွားပါသည်။ ရုတ်တရက် ချက်ချင်းမသိစိတ်၏ စေ့ဆော်မှုကြောင့် သူဇာ့ပါးပြင်မို့မို့အား ရင်လှိုင်းခတ်စွာဖြင့် တယုတယ ကျွန်တော် နမ်းလိုက်မိပါသည်။ မမျှော်လင့်ဘဲ ကြုံဆုံလာရသည့် ဖောဋ္ဌဗ္ဗအာရုံက ကျွန်တော်နှင့်သူဇာအား နစ်မျောသွားစေခဲ့ပါပြီ။

"ညောင်"

စားပွဲပေါ်မှ ကျလာသည့် သတ္တဝါကလေးက အော်လိုက်သည်။ ကြွက်ကလေးတွေဖမ်းရင်း သစ်ပင်ပေါ်က ပြုတ်ကျလာသည့် ကြောင်မလေး ပေါ့။

ဪ ကျေးဇူးရှင်မလေးရွှေဝါရယ်။

နောက်တစ်ချီ "ညောင်"ခနဲ အော်၍ ရွှေဝါက လွတ်ကျသွားသည့် စာကလေးအား ပြန်လည်ခုန်အုပ်ကိုက်ချီရင်း စားပွဲပေါ်မှ အောက်ဆင်းပြေးချိန်တွင်တော့

"ကဲ ဖယ်ပါ၊ ကိုသက်ရယ်၊ ဟင်း လူရိုးလူအေးကြီး အောက်မေ့နေတာ ကိုသက် မကောင်းဘူးကွာ"

သူဇာက ပြောပြောဆိုဆို ကျွန်တော့်ရင်ခွင်တွင်းမှ ရုန်းထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခွင့်လွှတ်ပါ သူဇာ၊ ကိုယ်စိတ်လွှတ်ကိုယ်လွှတ် ဖြစ်သွားမိပါတယ်"

သူဇာ့ကို အားတုံ့အားနာဖြင့် ကျွန်တော် တောင်းပန်မိပါသည်။

"ကဲ သချာ်ဆရာကြီးရေ သူဇာပြန်မယ်၊ ဟင်း ဟင်း ဆရာ စာသင်ခက ချေးကြီးသားနော်"

သူဇာက ပြောပြောဆိုဆို စက်ဘီးလေးကို စီးပြီး လေ၏လျှင်မြန် ခြင်းနှင့်အတူ ကျွန်တော်တို့ ခြံအတွင်းမှ အပြေးကလေး လက်ပြထွက်ခွာ သွားပါတော့သည်။

ရင်ခုန်သံတွေ မြန်နေဆဲပါ သူဇာ။

❜ ۞ ❜

အချစ်ဆိုသည့် ဝင်းမှည့်ရှိမြိန်သောသစ်သီးကို ကျွန်တော် စားလိုက် မိပါပြီ။

ထိုနှစ်က သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ အကုန်မြန်လှသည်။ ချစ်ချင်စဖွယ်မိန်းမရွယ်များနှင့် တစ်ခါမှ နီးနီးကပ်ကပ် မနေခဲ့ဘူးသည့် ကျွန်တော့်အဖို့ သူဇာမှ သူဇာဖြစ်ခဲ့ရသည်။ သူဇာအား တစ်နေ့မမြင်ရရင် တစ်နေ့မနေနိုင်ခဲ့ပါ။ စားလည်း သူဇာ၊ သွားလည်းသူဇာ၊ အိပ်လည်း သူဇာ၊ ညညအိပ်မက်များမှာတောင် သူဇာသာမို့ အစစအရာရာ သူဇာသာစိုးမိုးနေခဲ့ပါသည်။ အရှုံးအမဲသား စားမိခဲ့ချေပြီတည်း။

သူဇာကလည်း ထိုရက်များမှာ စာကျက်ရန်ဆိုပြီး ညီမလေးဆီ နေ့စဉ်မပျက်မကွက်လာပါသည်။ ညီမလေးနဲ့စာကျက်သည်ထက် ကျွန်တော့် ဆီမှာ စာမေးနေတာ များပါသည်။ ညီမလေးက ကြည့်မရတော့ဟန်ဖြင့်

"ဟဲ့ သူဇာ၊ နင်က ငါနဲ့စာကျက်မှာလား။ ငါ့အစ်ကိုနဲ့ကျက်မှာလား"

ဟုပင် မေးယူရသည်။

ဒီအချိန်မျိုးမှာသူဇာက

"ယောက်မကလည်းကွယ်"

ဟု ရယ်ကျဲကျဲဖြင့် ရှက်စနိုး ဆိုတတ်ပါသည်။

ကျောင်းပိတ်ရက်ကုန်ဆုံး၍ တက္ကသိုလ်မပြန်မီတစ်ရက်တွင် သူဇာ က အိမ်ရောက်လာပြီး ကျွန်တော့်အတွက် သူမရဲ့ချစ်စဖွယ်အပြုံးနဲ့ ဓာတ်ပုံ





ပေးသည်။ ကျွန်တော့်ကို သူမဘယ်လောက်ချစ်ကြောင်းကိုလည်း တတွတ် တွတ် ပြောသည်။ ညီမလေးကအလိုက်သိသဖြင့် ထိုနေ့ညနေက ကျွန်တော် နှင့်သူဇာ စကားအချိန်အတော်ကြာအောင် ပြောရပါသည်။

"စကားလက်ဆုံ ပြော၍မကုန်၊ ချစ်ခြင်းပီယ လောကဥ္စလူ့ဘုံ"

ဟု ဆိုရမလို သူဇာနဲ့ ပြောစရာစကားတွေမကုန်ခဲ့ပါ။ ထိုနေ့က ကျွန်တော့်ကို နှုတ်ဆက်ပြီးအပြန်တွင် သူဇာက လှစ်ခနဲ ကျွန်တော့်ပါးကို နမ်းပြီး

"ကိုသက်ကို သိပ်ချစ်တယ်"

ဟု တရှိုက်မက်မက်ပြော၍ သူမထုံးစံအတိုင်း အပြေးအလွှား ထွက်ခွာသွားပါသည်။ "ငိုမိမှာစိုးလို့" ဟုလည်း ဆိုသွားသည်။ သူဇာ၏ အယုအယ အထိအတွေ့ အကွေ့အဝိုက်များတွင် ကျွန်တော် မူးမူးမေ့မေ့ ဖြစ်ခဲ့ရပါသည်။

ဩော် ပြုစားနိုင်လှတဲ့ အချစ်ကဝေမလေး သူဇာရယ်။

❜ ۞ ❜

တက္ကသိုလ်ပြန်ရောက်သည့်နေ့မှာပင် အပြုံးလှလှနဲ့သူဇာ့ဓာတ်ပုံကို နှစ်ထပ်ဖြင့် သေသေသပ်သပ်ကလေးတပ်၍ တယုတယ ကျွန်တော့် အခန်းက စာကြည့်စားပွဲမှာ ထောင်ထားလိုက်ပါသည်။

ကျွန်တော့်အရင် ရက်စောပြန်သွားကြသည့် တစ်ဆောင်တည်းနေ တစ်မြို့တည်းသား ငယ်သူငယ်ချင်းများဖြစ်ကြသော ဘိုကြည်၊ သောင်းညွှန့်၊ အောင်သန်းတို့ ကျွန်တော့်ဆီလာလည်ကြရာ စားပွဲပေါ်မှ သူဇာ့ဓာတ်ပုံကို တွေ့သည်နှင့် သောင်းညွှန့်က ကောက်ကိုင်လိုက်ပြီး ဓာတ်ပုံနောက်ကျော ကိုကြည့်၍

"အံမယ် အချစ်ဆုံးကိုသက်အတွက် ခင်သူဇာဆိုပါလား၊ ဟော့ ကောင် သူဇာက အခုမင်းနဲ့ပေါ့လေ၊ အင်း သက်ဦး သက်ဦး မင်းကတော့ သက်ဦးကနေ သက်ရှုးဖြစ်ဦးတော့မှာပဲ၊ မင်းရှုးမယ် ဟော့ကောင် သူဇာက ညည်းစားတွေအများကြီးကွ၊ မင်းက နံပါတ်ဘယ်လောက်တောင်လဲ မသိဘူး"

"ငါသိသလောက် သူဇာ့ရည်းစားတွေပြောရရင် ပထမဆုံး မြင့်သွေး ကွာ၊ တို့ အထက(၁) ကျောင်းဘောလုံးအသင်းက၊ နောက်ထွန်းမြင့်ကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအက်စ်အေ အရွေးခံတဲ့ကောင်၊ နောက် အုံးလွင်ကွာ၊ မန္တလေးမှာကျောင်းသွားနေပြီး ခုမန္တလေးကောလိပ်မှာ၊ နောက် တို့အထက(၁) ကပဲ ဆယ်တန်းက လူရည်ချွန်ရထားတဲ့ စိုးစိုးဆိုတဲ့ ကောင်လေးကွာ၊ သူဇာက နာမည်ကြီးကွ၊ ရည်းစားသက်စေ့ရယ်၊ နေပါဦး သက်ဦးရဲ့ မင်းက ကုတ်ချောင်ချောင်းနဲ့နေတဲ့ကောင်၊ ဘယ်လိုလုပ် ဒီကောင်မလေးနဲ့ မဲပေါက်လာတာလဲ''

နေရာတကာ သူမသိတာမရှိသည့် ဘိုကြည်က ပြောပြန်သည်။

''ငါတောင် ကြောက်လွန်းလို့သူဇာ့ကို လက်ရှောင်ထားတာဟေ့''

ရည်းစားအလွန်များသည့် အောင်သန်းက ဆို၏။

''ကျွန်သေးတယ် ကိုယ့်လူတို့ရေ တို့မြို့အုပ်ချုပ်ရေးလာကိုင်နေတဲ့ နွတ်ခမ်းမွေးစစနဲ့ ရုပ်ဖြောင့်ဖြောင့် ဗိုလ်ကြီးစိုးအောင်ကလည်း သူဇာတို့အိမ် ဝင်ထွက်သွားနေပါသဗျာ၊ လူပျိုကြီးတဲ့၊ ရွှေစွန်ညိုကတော့ ဝဲနေတာပဲ အဲ့စ်မတွေလား ညီမထွေးလားတော့ မသိဘူး''

ဘိုကြည်၏ ထပ်ဆင့်စကား။

''ဒီကောင်မလေးက အသက်သာငယ်တာ၊ မျက်နှာများပြီး အရူ အသာကလည်းကောင်းလွန်းလို့ အကယ်ဒမီခင်သူဇာလို့ တို့အုပ်စုက နာမည်ပေးထားတာကွ၊ သက်ဦးရာ တို့လည်းမေးစမ်းပါဦး၊ မင်းက မအူမလည်နဲ့ ခံသွားရမယ် ငါ့လူရေ''

အောင်သန်းက နိဂုံးချုပ်လိုက်၏။

သူဇာ၏ အမနာပများအား ကြာကြာနားမထောင်နိုင်ပါ။

''ဟေ့ကောင်တွေ မင်းတို့သွားကြစမ်းကွာ၊ မင်းတို့ ငါ့အခန်းထဲက အခု ထွက်သွားကြ''

ကျွန်တော်က ဒေါသတကြီး မောင်းထုတ်လိုက်သည်။ သူဇာ့ သိက္ခာအား ထိပါးစော်ကားသည်ကိုတော့ ကျွန်တော်လုံးဝ သည်းမခံနိုင်ပါ

''ဩော် အေး အေး၊ မင်းက မွှန်နေတော့ ဘယ်သိပ့်မလဲ ငါ့ လူရာ၊ အချစ်ဒီဂရီတွေ သိပ်တက်နေရင်တော့ ဟဲဟဲ မအူမလည်နဲ့ ကောင်လေး လိမ့်သမျှခံပေါ့ကွာ''

ပြောပြောဆိုဆို သကောင့်သားများထွက်သွားကြပါသည်။ ကျွန်တော့် ရင်မှာ ပူလောင်နေပါ၏။ သူတို့ပြောတာတွေက ဟုတ်များဟုတ်လေသလား

''မဟုတ်ပါစေနဲ့၊ မဟုတ်ပါစေနဲ့''





''ကိုယ့်ကိုတော့ မလှည့်စားလိုက်ပါနဲ့ သူဇာရယ်''

ရင်ထဲမှ တိတ်တဆိတ် ရေရွတ်မိပါသည်။

( ၅ )

နွေကျောင်းပိတ်တွင် ကျွန်တော် မြို့ပြန်ရောက်ပါသည်။

ကျွန်တော်ကြားသိထားသည်များအား သူဇာအား မေးမိရာ

''ကြားစကားတွေ ယုံနေသလား ကိုသက်ရယ်၊ ကိုသက်မျက်လုံးနဲ့ မြင်ရင် သူဇာ့ကို ကြိုက်သလို လုပ်ပါ၊ ကြိုက်သလိုလည်းပြောပါ၊ သူများတွေ ပြောတာနဲ့ မယုံသင့်တာမဖြစ်ပါနဲ့ ကိုသက်ရယ်''

သူဇာက ကျွန်တော့်ရင်ခွင်ထဲတိုးဝင်၍ မျက်ရည်ဝဲပြီးပြောရာ နဂိုကတည်းက သူဇာ့အပေါ် စိတ်မဆိုးရက်နိုင်သည့် ကျွန်တော့်အတွက်မယုံသင့်ဘဲဖြစ်မိသော ကိုယ့်အဖြစ်ကိုပင် ခွင့်မလွှတ်နိုင်ဖြစ်ခဲ့ရပါသည်။

သူဇာနဲ့ ကျွန်တော့်အကြောင်းကိုသိထားသော ညီမငယ် ကြည်ကြည် ကတော့

'' သူဇာ့ကို သိပ်ယုံမနေနဲ့ကိုကို၊ သူဇာက မျက်နှာများတယ်နော်၊ တော်ကြာ ကိုကိုအရူးဖြစ်နေဦးမယ်''

ဟု သတိပေးစကားဆိုပြန်သည်။ ကျွန်တော်က ဘယ်သူ့ကိုယုံရမှာပါလဲ၊ တစ်ဖက်ကချစ်ဦးသူ၊ တစ်ဖက်က တအူတုံဆင်း ညီမအရင်းနှင့်ငယ်သူငယ်ချင်းများ။

သူဇာ၏ နှစ်လိုစရာအပြော၊ ချစ်စဖွယ်အယုအယများနှင့် ပြွမ်းတီးကျမ်းဝင်သော သမုဒယများတွင် ကျွန်တော်တကယ်ပင် ကြည်နူးမိပါသည်။ သည်သို့ဖြင့် ဝိဇ္ဇာနောက်ဆုံးနှစ်သို့ ကျွန်တော်ရောက်သည်။ မြို့မှလာသည့် သတင်းများမှာတော့ သူဇာ့အကြောင်းက သိပ်မကောင်းပါ။ စိတ်ပျက်စရာတွေချည်း၊ ဗိုလ်ကြီးစိုးအောင်နဲ့ ဘာလိုလိုသတင်းများက ပိုမိုပွင့်လင့်လာ၏။ ယခုနှစ် ဆယ်တန်းဖြေပြီးချိန်တွင် သူဇာတို့အိမ်က သူဇာ့ကို လက်ထပ်ပေးရန် စီစဉ်ထားကြောင်းများပါ နားမဆံ့အောင်ကြားလာရသည်။ မကြာခဏ လာနေသည့် သူဇာ့ဆီက စာများလည်း အလာကျဲသွားသည်။

နောက်ဆုံးနှစ်မို့ အဆင့်ကောင်းကောင်းဖြင့် ဘွဲ့ရနိုင်ရန်အတွက် ကျောင်းပိတ်ရက်များမှာ အိမ်မပြန်တော့ဘဲ စာသာမဲပြီး ဖိကျက်နေမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မုဆိုးမမိခင်၏ ချွေးနည်းစာဖြင့် ကျောင်းထားပေးခဲ့သည်ကို အလဟဿမဖြစ်စေလိုပါ။ အပြင်းအထန်စာကျက်၍ စာမေးပွဲကြီးဖြေပြီးချိန်တွင် ကျွန်တော်အိမ်ပြန်ခဲ့သည်။ ညီမလေးနဲ့ သူဇာတို့ကတော့ တက္ကသိုလ်ဝင်တန်း ဖြေနေကြသည်။ ညီမလေး ပြောစကားအရ

''သူဇာ ကျွန်တော်တို့အိမ် စာလာမကျက်တော့ဘူး'' ဆိုပဲ၊ ဟိုဟို ဒီဒီလိုက်ပြီး စုံစမ်းကြည့်တော့

''သူ့အိမ်က မသွားရဘူး ပြောထားလို့တဲ့'' ဟု ကြားရပြန်ပါသည်။ ညီမငယ်ကတော့

''သူ့အိမ်က မသွားရဘူးပြောထားတယ်ဆိုတာ အလကား ပြောတာပါ ကိုကိုရာ၊ သူဟာသူ မလာချင်တော့လို့ မလာတော့တာပေါ့၊ ကိုကို သိပ်ဆွေးနေလား''

မဆွေးဘူးဆိုသော်လည်း ကျွန်တော် နေမထိထိုင်မထိ ဖြစ်ရပါသည်။ သူဇာတို့ စာမေးပွဲဖြေပြီးသည့်နေ့တွင် သူမစာမေးပွဲဖြေရာ အထက(၁) အထွက်မှာ ညီမလေးကိုသွားကြိုရင်း သူဇာ့ကို မရအရတွေ့ပါသည်။ နွမ်းနယ်နေသည့် မျက်နှာလေးဖြင့် စာမေးပွဲခန်းမှ သူဇာထွက်လာသည်။

''တို့ကို မေ့သွားပြီလား သူဇာ၊ တို့မှာ ဘာအပြစ်ရှိလို့လဲ၊ ဘာဖြစ်လို့ စိမ်းသွားရတာလဲ''

ကျွန်တော်က တုန်ယင်လှိုက်လှဲစွာ မေးမိသည်။

''စာမေးပွဲကြောင့်ပါ ကိုသက်၊ စာကျက်နေလို့ပါ၊ ကိုသက်နဲ့နောက်မှ အေးအေးဆေးဆေး တွေ့ပါ့မယ်၊ ခုတော့ ခွင့်လွှတ်ပါဦး''

မမျှော်လင့်သော သူဇာရဲ့ တင်းပြတ်တဲ့လေသံကြောင့် ကျွန်တော် များစွာဝမ်းနည်းခဲ့ရပါသည်။ သူဇာ့ကို ထပ်တွေ့ဖို့ ကြိုးစားပေမယ့် တွေ့ခွင့်မရခဲ့ပါ။ ဒီနောက် သကြန်မတိုင်ခင် သူဇာတစ်ယောက် မြို့ကနေပြီး ရွှေစက်တော်နဲ့ ပုဂံညောင်ဦးဖက် အစ်မတွေနဲ့ ဘုရားဖူးသွားကြသည်ဟု ကြားရပါသည်။ ဗိုလ်ကြီးစိုးအောင်က လိုက်ပို့ပေးသည်တဲ့။

ကျွန်တော်မယုံပါ၊ နေ့စဉ်လိုလို အရှူးတစ်ယောက်ပမာ ယောင်ချာချာဖြင့် သူဇာတို့အိမ်အနီးသွား၍ တိတ်တခိုးစောင့်ကြည့်နေမိသည်။ သကြန်ပြီး၍ နှစ်ဆန်းတစ်ရက်ညနေတွင်တော့ သူဇာတို့ ညီအစ်မတစ်တွေ ပြန်ရောက်လာသည်။ ဂျစ်ကားရှေ့ခန်းတွင် ဗိုလ်ကြီးစိုးအောင်နဲ့ သူဇာအား





ပျော်ရွှင်ရယ်မောကာ လိုက်ပါလာသည်ကို ကျွန်တော် မျက်ဝါးထင်ထင် မြင်တွေ့ရပါသည်။

''ရွှေသုံးရုံခြယ်၊ ကြာရိုင်လယ်တွင် ရယ်ကာမောကာ မျက်နှာငွေလရွှင်ပပဖြင့် ခင်မဝမ်းမြောက်ပါလေတော့''

ကျောင်းမှသင်ခဲ့ရသည့် ကဗျာတစ်ပိုင်းတစ်စအား အရူးတစ်ယောက်ပမာ ရေရွတ်မိပါ၏။

''လုပ်ရက်ပါပေ့ သူဇာရယ်၊ ကြားစကားတွေ မယုံပါနဲ့ဆို၊ ခုတော့ ကိုယ့်မျက်လုံးနဲ့ မျက်ဝါးထင်ထင် မြင်လိုက်ပြီမို့ ယုံရတော့မှာပါလား၊ ဩော် မိန်းမသစ္စာ မုသားသာတည့်''၊ ''ကိုယ့်အသည်းတွေ ကွဲကြေခဲ့ရပါပြီ ခင်သူဇာရယ်''

၇ ၅ ၇

ဝိဇ္ဇာနောက်ဆုံးနှစ်စာမေးပွဲအား အမှတ်ကောင်းကောင်းဖြင့် ကျွန်တော် အောင်သည်။ မြို့တွင် မနေချင်တော့၍ မေမေ့အား ခွင့်တောင်းပြီး ရန်ကုန်ဆင်းရန် ပြင်သည်။ ရန်ကုန်မှာ အလုပ်ရှာမည်။ မေမေကတော့ ကျွန်တော့်အား ဖေဖေ့ဆန္ဒအတိုင်း ပညာတွေသိပ်တတ်စေချင်သည်။ မဟာဝိဇ္ဇာ တက်နိုင်းသည်။

''သား အလုပ်လုပ်ချင်လည်း လုပ်ပါ၊ ဒါပေမယ့် သားဖေဖေက သားကို ပညာပါရမီ သိပ်ဖြည့်ချင်ရှာတာ၊ သားကို စာသိပ်တတ်စေချင်တာ၊ သားမဟာဝိဇ္ဇာတက်ခွင့်ရရင် တက်စေချင်တယ်၊ စာတွေ အများကြီးတတ်တဲ့ သားအတွက် မေမေဂုဏ်ယူချင်ပါတယ်၊ သားကို မေမေ ကျောင်းဆက်ထားပေးနိုင်ပါတယ် သားရယ်''

မေမေ့မေတ္တာကို ကျွန်တော် အကြွင်းမဲ့ ယုံကြည်ပါသည်။ သို့ရာတွင် မေမေ့မှာ ညီမလေးတာဝန်ကရှိသေး၍ အားနာသည်။ မေမေ စိတ်ချမ်းသာ အောင်တော့

''ကျွန်တော် ကြိုးစားပါ့မယ် မေမေ''

ဟု ကတိပေးခဲ့ပါသည်။ ရန်ကုန်ဆင်းမည့်နေ့က မေမေ့အား ကန်တော့တော့

''ကဲ မေမေ့သား စိတ်သွားတိုင်းကိုယ်ပါပြီး ကောင်းကျိုးလိုရာဆန္ဒ အလုံးစုံ တစ်ဝတည်း ပြည့်ပါစေ၊ သားခရီးသွားကာနီးမှာ စိတ်မကောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မရှိနဲ့ သားသိသင့်သိထိုက်တာလေးတွေ မေမေပြောလိုက်မယ်၊ သားနဲ့ သူဇာ့ကိစ္စ သူဇာ့မိဘတွေက မေမေ့ကို ခေါ်ပြောတယ်၊ သားနဲ့သဘောမတူကြောင်းပေါ့ကွယ်၊ ဗိုလ်ကြီးစိုးအောင်နဲ့ သဘောတူထားတာတဲ့၊ သူတို့လူငယ်ချင်းကလည်း သဘောကျနေတယ်လို့ ပြောတာပါပဲ၊ သူတို့မှာငွေရှိပြီး သားဆိုတော့ ဂုဏ်ပိုရှိချင်ကြတယ် ထင်ပါရဲ့၊ သားထက်စာရင် ဗိုလ်ကြီးစိုးအောင်နဲ့ဆို ပိုဂုဏ်ရှိလာမယ်ပေါ့ကွယ်၊ အဲဒါကြောင့် သားက အနှောင့်အယှက်မပေးအောင် မေမေက ထိန်းပေးပါပေါ့၊ အဲဒါပါပဲကွယ်''

''ဟင်'' ကျွန်တော် အံ့ဩဝမ်းနည်းရပါသည်။ စောစောက ဒါတွေ ကျွန်တော်မသိခဲ့ပါ။

ခုမှ ပြောရသလား မေမေရယ်။

❁

ရန်ကုန်ရောက်ပြီးမကြာမီမှာပင် ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနတွင် နည်းပြဆရာအလုပ်ရသည်။ နည်းပြဆရာလုပ်ရင်း မေမေ့ကို ပေးထားတဲ့ကတိအတိုင်း မဟာဝိဇ္ဇာတက်ဖြစ်ပါသည်။

သူဇာ့ကိုတော့ လုံးဝအဆက်အသွယ်ဖြတ်လိုက်ပါသည်။ မျက်နှာချင်း မဆိုင်လိုတော့ပါ၊ ကျွန်တော့်အား သစ်စိမ်းချိုးချိုးသွားခဲ့၍ စိတ်နာပါသည်။ အချစ်ကြီး၍ အမျက်ကြီးပါသည်။

မတွေ့ချင်မြင်လျက်သားဆိုသလို သူဇာတစ်ယောက် ကျွန်တော့်မျက်စိ ရှေ့မှောက် ရန်ကုန်ရောက်လာပါသည်။ တက္ကသိုလ်ဝင်တန်းအား ဂုဏ်ထူးသုံးဘာသာဖြင့်အောင်၍ စီးပွားရေးတက္ကသိုလ် လာတက်သည်တဲ့၊ ရောက်စမှာပင် ကျွန်တော့်အား လာရှာသည်။ ကျွန်တော် အတွေ့မခံခဲ့ပါ။ သူဇာ့အား မတွေ့လိုပါ။

ကျွန်တော့်အဖြစ်ကိုသိသည့် သူငယ်ချင်းများအုပ်စုကတော့

''ငါတို့မပြောဘူးလား'' ဟု ကျွန်တော့်အား စုတ်သပ်သူကသပ်၊ ဟားသူက ဟားကြပါသည်။ သူတို့အတွက် ကျွန်တော်က ဟားစရာ သနားစရာ ကျားသတ္တဝါလေးဖြစ်ရပါသည်။ သူဇာရောက်လာ၍ တက္ကသိုလ်မှာ ကျွန်တော်မပျော်တော့ပါ။ သူဇာ့အကြောင်းလည်း မကြားချင်ပါ။ မျက်နှာချင်းလည်း မဆိုင်လိုပါ။ အသည်းနာသည်ဟု ဆိုချင်ဆိုကြပါစေ၊ ထိုကာလ





ထိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော့်သူငယ်ချင်းများက တပ်မတော်ထဲ ဝင်ရန် ခေါ်ရာ သူဇာနဲ့ဝေးရာသွားလိုသူ ကျွန်တော်အဖို့ ရေငတ်တုန်း ရေတွင်းတူးကျဆိုသလို ဖြစ်သွားပါသည်။

မော်ဘီမသွားမီတစ်ရက် သတင်းကြားလို့လားမသိ၊ သူဇာ တစ်ယောက် ကျွန်တော့်အဆောင်ကို တစ်ခေါက်ရောက်လာပါသည်။ မတွေ့ချင်တော့သည့် ကျွန်တော်က အဆောင်စောင့်အား

''အပြင်သွားတယ်''

ဟု ပြောခိုင်းခဲ့သည်။ သူဇာမျက်ရည်ကျပြီး ပြန်သွားသည်။ စာလေး တစ်စောင်ပေးခဲ့သည်။ ပြီးတော့

''ဒီစာလေးတော့ ပေးဖြစ်အောင် ပေးပေးပါ''

ဟု မှာသွားခဲ့သည်တဲ့၊ သူဇာ့စာကို မဖတ်ချင်ဖတ်ချင်နဲ့ ဖတ်ဖြစ်သည်။

*ကိုသက်*

*သူဇာ့ကို အထင်တွေလွဲနေပြီလား၊ သူဇာအေးအေးဆေးဆေး ရှင်းပြချင်ပါတယ် ကိုသက်ရယ်၊ သူဇာ့ဘဝမှာ ကိုသက်ဟာ အချစ်ဆုံးပါ၊ ပြောချင်တာလေး ပြောနိုင်ဖို့ သူဇာ့ကိုတော့ တွေ့ခွင့်ပေးပါဦးနော်။*

*ကိုသက်ရဲ့သူဇာ*

တော်ပါပြီ ခင်သူဇာရယ်၊ အညာခံခဲ့ရတာတွေများနေပါပြီ၊ ထိုနေ့ ညနေက သူဇာ့စာဖတ်ပြီးချိန်တွင် ရေဒီယိုမှ စန္ဒယားချစ်ဆွေ၏ ''မွေးလွန်းသည့်ပန်း'' သီချင်းက လာနေသည်။

*မွေးလွန်းသည့်ပန်း မနမ်းဝံ့ပြီ ××× လှလွန်းသည့်ပန်း ဆွတ်မခူးဝံ့ပြီ ××× မာယာပရိယာယ် နှစ်သွယ်ဆက်လို့ ××× ထက်စက်မှုအပေါင်း သရဖူဆောင်းခဲ့ပြီ××× အသည်းလှာမြေမဟီ ××ဒေဝီ သခင်မဘုရား×× သင့်အား တုဖက်ပြိုင်×× ကျွန်တော်တော့ ဖြင့် မနိုင်ပါပြီ×× ဆုံးရှုံးခြင်းသာ ရင်မှာပိုက်လို့×× ငိုရှိုက်ကာအဝေးပြေးရပါတော့သည် ×××*

တကယ်ပင် အဝေးသို့ ကျွန်တော်ပြေးရပါတော့သည်။

❁



www.burmeseclassic.com

www.burmeseclassic.com



မော်ဘီမှ သင်တန်းဆင်းပြီးချိန်တွင် တာဝန်ကျရာတပ်ကို ဖွက်ခဲ့
သည်။ ခွင့်ရသည်ကိုတောင် မြို့သို့မပြန်ဖြစ်တော့ပါ။ တပ်ထဲဝင်လိုက်သည်
မေမေစိတ်မကောင်းမှာစိုးတာရော သူဇာနှင့် ပြန်မတွေ့ချင်တော့တာ
ပါ.ပါသည်။

အဝေးမှနေ၍ မန္တလေးတက္ကသိုလ်တက်နေသည့် ညီမလေး
ကျောင်းစရိတ် ထောက်ပံ့ပေးခဲ့သည်။ မေမေကတော့ သားစိတ်ချမ်းသာတ
လုပ်ပါစေဟု ဆိုရှာပါသည်။ မေမေ့အတွက်လည်း ကျွန်တော့်ချွေးနည်းစာ
သင့်လျော်သလောက် လစဉ်ပို့ခဲ့ပါသည်။ ညီမလေးဘွဲ့ရ၍ အလုပ်ဝင်ချိန်တွ
ကျွန်တော့်အား အစစအရာရာအနှံ့တာခံသည့် သမီးတို့အမေအ
မော်လမြိုင်မှာတွေ့ရာ နှစ်ဦးသဘောချင်းကိုက်ညီသဖြင့် လက်ထပ်ခဲ့သ
ကျွန်တော် လက်ထပ်တော့ မေမေနှင့် ညီမလေးလာသည်။ သည်တွင်
ညီမလေးပြော၍ သူဇာ့ဇာတ်ကြောင်းက ရှင်းသွားသည်။

"ကိုကိုရ သူဇာက ဗိုလ်ကြီးစိုးအောင်နဲ့မရပါဘူး၊ သူ့အိမ်ကတေ
ဗိုလ်ကြီးစိုးအောင်နဲ့ သူတို့ညီအစ်မ သုံးယောက်ထဲက ဘယ်သူနဲ့ရရ
သူဇာက ငယ်လည်းငယ် ချောလည်းချောဆိုတော့ လူပျိုကြီးကိုကိုက
သဘောကျမယ်လို့ သူတို့အိမ်က ထင်ထားတာ၊ သူဇာက စစ်ဗိုလ်စစ်သ
တွေကို သဘောကျကြောင်း၊ သူတောင် စစ်သမီးရောဂါထဖူးကြော
ခဏခဏပြောဖူးတယ်၊ အဲဒါနဲ့ပဲ ဗိုလ်ကြီးစိုးအောင်နဲ့သူ ရင်းနှီးနေတာ
သူ့အိမ်က အဟုတ်မှတ်ပြီး အားတီးပေးနေကြတာပါ၊ ဟိုဗိုလ်ကြီးကတေ
ရိုးရိုးသားသား ခင်တာပါ၊ သူ့အိမ်က သတင်းလွှင့်ပေးနေတာ"

"ကိုကိုတပ်ထဲဝင်သွားတယ်ကြားတော့ သူဇာက ဝမ်းသာကြေ
လာပြောပါသေးတယ်၊ ကိုယ့်အစ်ကိုကို အရူးလုပ်တယ်ထင်လို့ ညီမ
လည်းသူ့ကို ဟိုတုန်းကလို ဟက်ဟက်ပက်ပက် မလုပ်တော့ဘူး၊ ဆယ်တ
မဖြေခင်ကလည်း အဲဒီကိစ္စကြောင့် သူနဲ့စကားများသေးတယ်၊ သူ
သိပ်မကြည်တာ သူလည်းသိသွားတယ် ထင်ပါရဲ့၊ မလာတော့ဘူး၊ ကို
တပ်ထဲဝင်သွားပြီး မကြာဘူး ဗိုလ်ကြီးစိုးအောင်လည်း ရန်ကုန်ပြော
သွားတယ်၊ ရန်ကုန်ရောက်တော့ သူ့ငယ်ရည်းစား ရန်ကုန်သူနဲ့ ယူသွားတ
တဲ့၊ သူဇာတို့ အဖေနဲ့အမေလည်း မောသွားတာပေါ့"

ညီမငယ် ကြည့်ကြည့်က ရှည်လျားစွာ ဇာတ်စုံခင်းမှ အားလုံး





သွားသည်။ ခု သူဇာ စီးပွားရေးတက္ကသိုလ်မှာပင် နည်းပြဆရာ လုပ်နေ
သည်ဆိုပဲ၊ ဒါပေမယ့် အားလုံးလွန်သွားခဲ့ပါပြီ၊ မေ့ကိုတော့ ကျွန်တော့်တွင်
ဇာဆိုသော ချစ်ဦးသူရှိခဲ့ဖူးကြောင်း ပြောရပါသည်။ မေက ကျေကျေနပ်နပ်
သွတ်ရှာသည်။ တစ်ခါတစ်ရံ သူမ စိတ်ကူးပေါက်သည့်အခါများတွင်တော့

"မြင်သူတကာငေးတဲ့ ခင်သူဇာလေးကို သတိရနေသေးလား
ကင်"

ဟု စတတ်ပါသည်။ သတိရစရာ မလိုပါ။ ကျွန်တော်နှင့် မေ
နောင်းပင် သူဇာလည်း အိမ်ထောင်ပြုသွားသည်ဟု ကျွန်တော် သိထားခွင့်ရတဲ့
ပြီ။

တပ်မတော်တာဝန်နှင့် အိမ်ထောင့်တာဝန် နှစ်ခုကြားနစ်ပါခဲ့ဖူးသလား၊
ပြောင်းလာသည်နှင့်အမျှ သူဇာဆိုသည် ဘယ်ဆီ ဘယ်ဝယ်
သိ ရောက်သွားခဲ့ရပါပြီ။ အချိန်ဆိုတဲ့ တရားကြီးကကုစား၍
သူဇာပေးခဲ့တဲ့ရောဂါလည်း ပျောက်သလောက်ဖြစ်ခဲ့ပါပြီ။

ဩော် ခုတော့ သမီးငယ်လေး ပညာရေးကြောင့်
ခဲ့တဲ့ ခင်သူဇာလေးနဲ့ ပြန်တွေ့ရပါဦးမည်။

ရှေးရေစက်က မကုန်သေးပါလား ခင်သူဇာရေ။

တပ်မပြန်မီ ဗ်စ်ရက်အလိုတွင် မင်္ဂလာဒုံမှာ ဌာနဆိုင်ရာ ကိစ္စသိခဲ့ပါ
ပြီး ညနေခင်း သူဇာ့ကို စီးပွားရေးတက္ကသိုလ်မှာ ကျွန်တော် ဝင်တွေ့ဖြစ်ခဲ့ပါ
သည်။ မျက်နှာကတော့ ပူသလိုလို

"ဟယ် ကိုသက်၊ အမလေးကိုသက်ရယ်၊ သတိရသေးတယ်နော်၊
လဲ တခွေလာခြောက်တာလား၊ ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲ၊
ရော ဘယ်က မျက်စိလည် လမ်းမှားလာတာလဲ၊ သူဇာ ဒီမှာရှိတယ်
တာရော ဘယ်လိုလုပ်သိသလဲ၊ ကဲ ပြောစမ်းပါဦး"

သူဇာက ကျွန်တော့်ကို တွေ့တွေ့ချင်း အံ့ဩဝမ်းသာစွာနဲ့ စကား
တစ်ဆက်တည်း ပြောချလိုက်သည်။ မြင်သူတကာငေးရသည့် ခင်သူဇာ
က ခုတော့ ခင်သူဇာကြီးဖြစ်နေပါပြီ၊ မြင်သူတကာ မငေးတော့
က္ကသိုလ်ဆရာမကြီးမို့ ငယ်ငယ်ကအလှအပများ တော်တော်ကျွန်သေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ အလုတွင် အယဉ်ဆင့်၍ အသွင်က တင့်နေဆဲပါ။

"အင်း သူဇာ့ဆီ သက်သက်လာတာပါ၊ ကိုယ့်သမီးအငယ်ဆုံးလေ

က ဒီနှစ်ဆယ်တန်း သုံးဘာသာဂုဏ်ထူးနဲ့အောင်တာ၊ စီးပွားရေးယူချင်လို့

သူဇာရယ်၊ ဒီမှာ သူဇာရှိတယ်လို့ သူဇာ့သူငယ်ချင်း ကြည်ကြည်

ကလေးတွေအမေကို ပြောထားတယ်၊ အဲဒါ သမီးလေးကို သူဇာ့

အပ်ပေးခဲ့မလို့လေ၊ မနက်ဖြန် ကိုယ်က တပ်ပြန်ရမှာ၊ ကိစ္စရှိမှ လာတယ်

လုတာ မထင်လိုက်ပါနဲ့ သူဇာရယ်"

သင့် ကျွန်တော်က သမီးအတွက် တောင်းပန်တိုးလျှိုးလိုက်ရာ

ကျွန်ုပ် "ဟင်း ဟင်း ကိုသက်က အခုမှ အပြောကောင်းနေပါလား

မော်လမြိုင်တစ်လုံးလုံး သူဇာ့ကို မေ့ထားခဲ့ပြီးမှ၊ နေပါဦး၊ သမီးက ဘယ်မှာ

ကျွန်တော် မိကရော"

ညီမလေးကြော်ယ်အိမ်က ဒီရန်ကုန်မှာပဲ သူဇာ၊ ကိုယ်ကတော့ ခုမြေလ

"ကဲ ခရီးထွက်တာကတော့ ကရင်ပြည်နယ်ဘက်များပါတယ်

ဗိုလ်ကြီးစိုးဝေ သူ့အမေနဲ့ ဒီမှာနေကြတာ၊ ကိုယ့်မှာ သမီးချည်း သုံးယော

သူဇာက ဇမီးက အငယ်ဆုံး၊ စာလည်းအတော်ဆုံးပဲ"

သဘော "သမီးချည်းသုံးယောက်၊ အငယ်ဆုံးက စာအတော်ဆုံးဆိုတော

တွေ့ဖို့ ညီအစ်မတွေလိုပေါ့နော်၊ အဲနေပါဦး၊ ကိုသက်သမီးလေး

ခေါ်သူတဲ့လဲ၊ နာမည်ကရော"

သူ "ကိုယ့်သမီးလေးနာမည်က မြသူဇာပါ သူဇာ"

"ဟင် မြသူဇာတဲ့လား" သူဇာက များစွာ အံ့သြသွားသည်

"ဟုတ်ပါတယ်၊ သမီးလေးအတွက် နာမည်ရွေးကြတော့

အမေက အငယ်ဆုံးကလေးမို့ မောင် ကြိုက်တာရွေးပါဆိုလို့၊ ဒီနာမည်

ကိုယ်ရွေးခဲ့တာပါ၊ ကိုယ့်အချစ်ဦးကို မမေ့ကြောင်း ဂုဏ်ပြုတဲ့နာမည်

ကိုယ့်ဇနီးကမေ၊ အဲ မြမြမေ ပါ"

"သြော် ကိုသက်ရယ်၊ ဖြစ်မှဖြစ်ရလေ၊ နေပါဦး ကိုသက် အ

သမီးကရော အလုပ်လုပ်စီသေးလား၊ ဘယ်ကလဲဟင်၊ စပ်စုတယ်မထင်

နော်၊ ကိုသက်မို့လို့ မေးတာ"

"ရပါတယ် သူဇာရဲ့၊ ကိုယ့်ဇနီးက အလုပ်မလုပ်ပါဘူး၊ အိမ်

သမီးတွေ ထိန်းပေါ့၊ ဇာတိက မော်လမြိုင်က၊ ကိုယ်တပ်ထဲ စဝင်ဝင်ချ





မော်လမြိုင်ဘက်မှာချည်း ဆယ်နှစ်နီးပါးကြာခဲ့တယ်၊ ကိုယ့်မြို့သူတွေက

လည်း မုဆိုးမသားမျက်နှာမွဲမို့ ကိုယ့်ကို မယူချင်ကြတော့ ကိုယ့်သံယောဇဉ်

ရှိတဲ့ မော်လမြိုင်သူနဲ့ပဲ ယူဖြစ်တော့တာပေါ့၊ မေတို့ မိဘတွေက ဆန်စက်နဲ့

သစ်စက် လုပ်ပါတယ်"

ခံစားမိသည့်အတိုင်း လိုက်လှဲစွာ ပြောလိုက်သော ကျွန်တော့်စကား

ကြောင့် သူဇာအတော် စိတ်မကောင်း ဖြစ်သွားပုံရသည်။ ကွက်ခနဲ မျက်နှာ

ပျက်သွားပြီး ကျွန်တော့်ကို စူးစိုက်ကြည့်ရင်း

"ဒီလိုတော့ မခနဲ့ပါနဲ့ ကိုသက်ရယ်၊ ကိုသက်က ခုမှလွမ်းရတဲ့

အဖြစ်ကလေးတွေ ပြောနေတာကိုး၊ ဟိုတုန်းက ကိုသက်သူဇာ့ကို ဘာပြောခဲ့

လို့လဲ၊ တပ်ထဲဝင်မယ်၊ ကိုယ့်ကိုစောင့်ပေးပါလို့ရော ပြောခဲ့ဖူးသလား၊

သူဇာက စစ်သမီးတောင် လုပ်ချင်ခဲ့တာ၊ ရန်ကုန်ရောက်စကပဲ ကိုသက်ဆီ

သူဇာလာခဲ့သေးတာပဲ၊ ကိုသက်က အတွေ့မှမခံတော့တာ၊ ခုလိုသာ ကြို

သိရင် သူဇာ ကိုသက်ကို လက်တွဲနိုင်တဲ့အထိ စောင့်ခဲ့မှာပါ၊ ခုတော့"

ပြောရင်း သူဇာ့အသံက တိမ်ဝင်သွားသည် မျက်လုံးကလည်း

မျက်ရည်ကြည်များဖြင့် ဝေ့ဝဲလာ၏။

ကျွန်တော်လုံးဝ မျှော်လင့်မထားတဲ့ သူဇာ့အမူအယာနဲ့ စကား

ကြောင့် များစွာအံ့သြရပါသည်။ တပ်ထဲဝင်ရင် သူဇာက ကျွန်တော့်ကို

စောင့်မယ်တဲ့လား၊ စစ်ထဲဝင်တာ မသိလို့တဲ့လား၊ စစ်သားဆို ပိုချစ်မှာတဲ့

လား၊ ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မယ်လေ၊ ဒါတွေ ကျွန်တော်မသိခဲ့ပါ၊

အနှစ်အစိတ်အကြာတွင် ကျွန်တော်မသိသေးသည် သူဇာဆိုသော မိန်းမ

တစ်ဦး၏ စိတ်ထားသဘောထား တစ်စွန်းတစ်စကို ယခုမှ ထပ်မံသိခွင့်

ရလိုက်ပါသည်။

သူဇာက ချက်ချင်းမျက်နှာကိုပြင်၍ ရင့်ကျက်သောအသွင်ဖြင့်

ပြုံးလိုက်ပြီး

"ကဲ ကိုသက်ရေ၊ သမီးလေး မြသူဇာကို ဆရာမ ခင်သူဇာက

စောင့်နေပါ့မယ်ရှင်၊ လာသာအပ်ပါ၊ ကျူရှင်ခကတော့ သမီးအဖေပဲ ကြည့်

ပေးပေါ့"

"ဒါဆိုရင် ကျေးဇူးပါပဲ သူဇာရယ်၊ ကိုယ်ပြန်ပါဦးမယ်"

စစ်ဝတ်စုံနှင့်မို့ စိတ်ကျဉ်းကြပ်နေ၍ သိပ်ကြာကြာလည်း စကား



www.burmeseclassic.com

www.burmeseclassic.com



မပြောလိုပါ။

"ကိစ္စပြီးပြီပဲ၊ ပြန်ပေါ့ ကိုသက်ရယ်"

ပြောပြောဆိုဆို သူဇာက အင်းလျားကန်စပ်ရှိ ကျွန်တော့်ကားရပ်ထားရာသို့ ကျွန်တော့်ကို လိုက်ပို့သည်။ ညနေဆည်းဆာရောင်က အင်းလျားရေပြင်တွင် ခပ်ဖျော့ဖျော့လေး ဖြာကျနေသည်။

ကားပေါ်တက်အပြီးတွင်

"သမီးလေးအတွက် ကျူရှင်ခကတော့ တောင်းတဲ့အတိုင်းပေးမှာပါ၊ ဘယ်လောက်လဲဆိုတာကိုသာ ပြောပါ"

ကျွန်ုပ်တော် အရိုးခံအတိုင်း ပြောလိုက်ရာ

"အပြောမကြီးပါနဲ့ ကိုသက်ရယ်၊ သူဇာတကယ်လိုချင်ရင် ကိုသက်တကယ်ပေးမှာလား၊ သူဇာ ဘာကျူရှင်ခမှ မလိုချင်ပါဘူး၊ သူဇာ တကယ်လိုချင်တာက သမီးလေးမြသူဇာရဲ့ ဆရာမဘဝ မဟုတ်ပါဘူး၊ အမေဘဝပါ ကိုသက်ရယ်၊ ကဲ ကိုသက် တကယ်ပေးမှာလား၊ ပေးနိုင်မှာလား၊ အဲဒါပဲ ဘာမှမပြောနဲ့တော့ ကိုသက်ရေ သွားပေတော့"

တုန်ခါလေးနက်စွာ ပြောလိုက်သည့် သူမ၏ စကားအဆုံးတွင် ချာခနဲ လှည့်ထွက်သွားပါသည်။

"အို သူဇာရယ်"

ကျွန်တော်က အထိတ်တလန့် ရေရွတ်မိပါသည်။

ကားသမားလေးက ကားကိုအလိုက်သိစွာ မောင်းထွက်လိုက်၏။

စိတ်မကောင်းခြင်း၊ ယူကြုံးမရဖြစ်ခြင်းများစွာနဲ့ အင်းလျားကန်ရေပြင်၏ ဟိုအဝေးဆီကို ကျွန်တော် မျှော်ကြည့်မိသည်။ ခပ်လှမ်းလှမ်းကန်ရေပြင်တွင် ဆည်းဆာရဲ့ အလင်းရောင်မှိန်မှိန်က ရှိနေပါသေးသည်။ ပိွင်းကြက်ခွပ်များပေါ်တွင် မိုးဦးတောင်လေက ပြေးလွှားဆော့ကစားနေ၏။ ဘက္ကာသိုလ်ပရဝုဏ်မှ ကြွင်းကျန်နေဆဲ ကံ့ကော်ပန်းရနံ့က အဓိပတိလမ်းမကြီးနှင့် ဘွဲ့နှင်းသဘင်ခန်းမကြီးဘက်မှ တစ်ချက်တစ်ချက် ဝေ့ဝဲလာနေဆဲ။

ကျွန်တော် မြင်နေရတဲ့ အင်းလျားကန်ရေပြင်ရဲ့ အတိမ်အနက်ကို ကျွန်တော် ကောင်းစွာမသိပါ၊ ထို့အတူ ခင်သူဇာရဲ့ စိတ်သဘောထားကိုလည်း ကျွန်တော် ရေရေရာရာမသိခဲ့ပါ၊ အသိရခက်သော မိန်းမတို့သဘောနှင့် အနှစ်အစိတ်ကြာမှ သိသလိုလိုသာ ရှိခဲ့ပါသည်။





အင်းလျားကန်စပ်က သူဇာ့စကားသံများကတော့ ကျွန်တော့်နားမှာကြားယောင်နေဆဲ၊ ဘာတဲ့ "မြသူဇာလေးရဲ့ အမေဘဝကိုပဲ ရချင်ခဲ့တာပါ" ဆိုပဲ။ တစ်မျိုးပါလား၊ ဘယ်လိုပါလိမ့်၊ ဖနီးသည့်ရဲ့ ကြိုတင်ပြောပြထားဖူးတဲ့စကားကြောင့် သူဇာတို့အိမ်ထောင်တွင် ကလေးမရှိကြောင်း သူဇာ့အမျိုးသားက နိုင်ငံခြားတွင်အလုပ်သွားလုပ်နေသည်မှာ နှစ်ပရိစ္ဆေဒ အတော်ပင်ကြာမြင့်နေပြီဖြစ်ကြောင်းကိုလည်း ကျွန်တော်သိထားခဲ့ပါသည်။ ကျွန်တော့်ခေါင်းထဲမှာတော့ တရိပ်ရိပ်ပြေးနေသော ကားကလေးနဲ့အတူ အတွေးတွေက ဝေဝါးထွေပြားပြီး မရှင်းမလင်းနဲ့ ခွဲခွဲခြားခြား ကျွန်တော် မပြောတတ်နိုင်ပါပြီ။

သြော် မိန်းမဟူသည် ထိုက္ကတ္တိကား။

၁၉၉၅ ခု၊ နိုဝင်ဘာစစ်ပြန်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

## ချစ်ဖူးသူတစ်ယောက်အကြောင်း

"ဦး အပြင်မှာ အရေးတကြီးဧည့်သည်တစ်ယောက် တွေ့ချင်လို့တဲ့"

"ဟ အရေးမကြီးတဲ့ ဧည့်သည်များ ရှိသေးလို့လားကွာ၊ မင်းတို့ပြောလိုက်ရင် အရေးကြီးတာတွေပဲ၊ နို့ မင်းဧည့်သည်က ဘယ်သူတဲ့တုန်း"

လာသတင်းပို့သည့် စာရေးမလေးအား ကျွန်တော်က မေးမိသည်။ တစ်ပတ်တွင် ရုံးနှစ်ရက်ခန့်သာ တက်နိုင်၏။ ကျန်ရက်များတွင်ကား စိုက်ပျိုးရေးစခန်းမှာသာ အချိန်ကုန်ရသဖြင့် ရုံးတက်သည့်ရက်ကလေးမှာ အရေးကြီးသည့် Case များကို အပြတ်ဖြတ်ရသည်။ ယခုလည်း လပေါင်းများစွာကြာနေသည့် Case အဟောင်းတစ်ခုကို အပြတ်ဖြတ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ဘယ်ဧည့်သည်မှ မတွေ့လိုပါ။

"ဧည့်သည်က စစ်ကိုင်းတိုင်း ပညာမင်းကြီးတဲ့"

"ဟေ ဟုတ်လား"

စစ်ကိုင်းတိုင်း ပညာမင်းကြီးဆိုတော့ ဘယ်သူပါလိမ့်၊ ကျွန်တော် စစ်ကိုင်းမှာတာဝန်ထမ်းဆောင်စဉ်ကသိခဲ့တဲ့သူလား၊ ဒါမှမဟုတ် ကျွန်တော့် ဆရာသမားတွေထဲက တစ်ယောက်ယောက်လား၊ ဆရာသမားဟောင်း ဦးမောင်မောင်လား၊ လားပေါင်းများစွာဖြင့် စဉ်းစားနေဆဲ။

"ဟဲ့ သက်ဦး ငါပါဟဲ့"

ပြောပြော့ဆိုဆို ဝင်လာသူကား တခြားသူဟုတ်ရိုးလား၊ ကျွန်တော့် ငယ်သူငယ်ချင်း ဒေါ်တင်အုံးကြင်၊ ငယ်နာမည် မခြူး၊ ကျွန်တော်တို့ သူငယ်ချင်းများအခေါ်ကတော့ သူမ၏ ချွန်သောနှာခေါင်း၊ ပြူးသောမျက်စိနှင့် ညီသောအသားကြောင့် ကုလားမ၊ အနွတ္တအမည်အပြည့်အစုံကား ကုလားမ မခြူးပါပင်တည်း။

"အောင်မလေး၊ ငါ့မှာ ပညာမင်းကြီးကတွေ့ချင်လို့ဆိုတော့ ဟိုမျက်မှန်ထူထူပိန်ပိန်နဲ့ ပင်နီတိုက်ပုံကြီး အမြဲဝတ်ထားတတ်တဲ့ စစ်ကိုင်းက ပညာမင်းကြီးဦးသိန်းတန်လားလို့ကွာ၊ လက်စသတ်တော့ ငါ့သူငယ်ချင်းမကြီးဖြစ်နေတာကိုး၊ နေစမ်းပါဦး၊ သူငယ်ချင်းက အခုပညာမင်းကြီးဟုတ်လား၊ ကြည့်လည်း လုပ်ပါဦးကွာ၊ မင်းအသင်အပြကောင်းတာနဲ့ တပည့်မတွေအားလုံး အပျိုကြီးဘဝ ရောက်သွားပါဦးမယ်"





"ကောင်စုတ်၊ နင်က လူချင်းမတွေ့သေးဘူး၊ စဖို့ပဲ"

ပညာမင်းကြီး အပျိုကြီးမမက ငယ်ငယ်ကတည်းက အစခံနေကြညီမြဲမို့ ကျွန်တော်က ခတ်သိပီပီ စဖြစ်အောင် စလိုက်ခြင်းဖြစ်၏။

"ကဲ ထိုင်သူငယ်ချင်း၊ ဘာကိစ္စ ရန်ကုန်လာသလဲ၊ ဘာလုပ်ပေးရမလဲ၊ ရုပ်ကလည်း အပြတ်အွန်လာပါလား၊ အခုမှတော့ မစွံတော့ဘူးထင်တယ်"

"တော်စမ်းပါ၊ နင်က လူတွေ့ရင် နောက်ချည်းပဲနေတာ"

"ဟ မင်းတို့လို ငယ်သူငယ်ချင်းတွေနဲ့တွေ့တုန်း လွတ်လွတ်လပ်လပ် စရနောက်ရတာပါ၊ အခုနေ တခြားသွားနောက်လို့ ရမလား၊ မင်းရော အခုပညာမင်းကြီးဆို ဘယ်သူက ငါ့လိုလာနောက်ရဲမှာလည်း၊ မင်းအခု အစခံရတာ ပျော်တယ်မဟုတ်လား"

"တော်ပါပြီ စကားတောင်စားရယ်၊ ငါကိစ္စပြောပါ့မယ်၊ လာတာကတော့ အစည်းအဝေးလာတက်တာပဲ၊ ငါက လက်ထောက် တိုင်းပညာမင်းကြီးပါ၊ ပညာမင်းကြီးတော့ မဖြစ်သေးပါဘူး၊ နင့်ဆီလာတာကတော့ နင့်ကို သတိရမိလို့ပေါ့ဟာ၊ နင်နေမှကောင်းရဲ့လား၊ အဆင်ပြေရဲ့လား၊ အရင်ကလို ကျန်းကျန်းမာမာနဲ့ နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ရဲ့လား၊ နင့်တစ်ဆိမ့်တုန်းကလည်း ငါကစိတ်ပူပေးနေရသေးတယ်ဟဲ့"

"ငါ့ မိန်းမကိုယ်စား စိတ်ပူပေးတာ ကျေးဇူးပါပဲဟာ"

"လုပ်ပြန်ပြီ နင်က ခဏတွေ့တာတောင် စကားကောင်းမပြောဘူး၊ နောက်တစ်ခု ပြောစရာရှိသေးတယ်ဟဲ့၊ နင်စိတ်ဝင်စားမှာပါဟာ"

မခြူးက စကားကို ခဏနားလိုက်သည်။ ကျွန်တော်ကလည်း သူ့စကားကြောင့် မျက်နှာကိုတည်လိုက်၏။

"ဟေ ဘာလဲ ပြောပါ၊ ငါက ဘာကိစ္စမို့ စိတ်ဝင်စားရမှာလဲ"

"အေး အဲဒါကြောင့် ပြောမလို့ပေါ့ဟဲ့၊ နင့်ရီရီ ဆုံးပြီ သက်ဦး"

မမျှော်လင့်သော သူ့စကားကြောင့် ကျွန်တော်ငိုင်သွား၏။

"ရီရီ ဆုံးပြီ ဟုတ်လား၊ ဘယ်မှာဆုံးတာလဲ"

ကျွန်တော်က တိုးညှင်းစွာမေးမိသည်။ စောစောကလိုလည်း နောက်မနေနိုင်တော့။

"ပြီးခဲ့တဲ့လက ရွှေဘိုမှာ ဆုံးတာ၊ အဲဒီတုန်းက ငါက ရွှေဘိုခရိုင်



www.burmeseclassic.com

www.burmeseclassic.com



ပညာဝန်လေ''

''ဩော် ရီရီ ဆုံးသွားရှာပြီကိုး''

သတ္တဝါတစ်ခု ကံတစ်ခုပေမယ့် ကျွန်တော်စိတ်မကောင်းဖြစ်မိပါသည်။ ပြီးတော့ ဖျတ်ခနဲလွန်ခဲ့သည့် အနှစ်လေးဆယ်ခန့်က ကျွန်တော်၏ ငယ်စဉ်ကျောင်းသားဘဝကို ပြန်ပြောင်းအောက်မေ့မိပါသည်။

❦

အညာဒေသ မူးမြစ်ကမ်းဘေးရှိ မြို့ငယ်လေးတစ်ခု၏ ကျောင်းဖွင့်ခါစ နေ့တစ်နေ့

''ကိုသက် ဒါ အစ်မသူငယ်ချင်းရီရီ၊ လှတယ်နော်''

ကျွန်တော့်အစ်မ မသိန်းကြည်က ကျွန်တော့်ကို ဂါဝန်ဖားဖားလေးနှင့် ယမင်းရုပ်လေးလိုလှသည့် မိန်းကလေးတစ်ဦးနှင့် မိတ်ဆွေဖွဲ့ပေးသည်။ မိန်းကလေးက အလွန်ဆုံးရှိလှမှ ဆယ့်နှစ်နှစ်သာသာခန့်သာ ရှိမည်ထင်၏။ အတန်းက ပဉ္စမတန်း၊ အစ်မနှင့် အတန်းတူ၊ ကျွန်တော်က သတ္တမတန်း။ အစ်မနှင့် ကျွန်တော်က အသက်တစ်နှစ်ခန့်သာကွာ၏။ သူက လေးတန်းအောင်ပြီးသည့်နောက် ကျောင်းခဏထွက်ပြီး အိမ်အလုပ်များကို ပိုင်းကူလုပ်ပေးနေ၏။ ထို့ကြောင့် ကျောင်းနှစ်နှစ်ခန့် ပျက်သွားသည်။ ယခုမှ ကျောင်းပြန်တက်ရာ ကျွန်တော့်ထက် နှစ်တန်းငယ်နေ၏။ အစ်မက ကျောင်းတက်လျှင်တက်ချင်း ပထမဆုံး သူမ၏သူငယ်ချင်း အသစ်လေးအား ကျွန်တော်နှင့် မိတ်ဆွေဖွဲ့ပေးခြင်းဖြစ်၏။

''ရီရီရေ ဒါတို့မောင်၊ နာမည်က သက်ဦး၊ ခုနစ်တန်းက''

မိန်းကလေးက ပါးချိုင့်လေးများနှင့် နှစ်လိုဖွယ်ပြုံး၍

''ဩော် သူက ခုနစ်တန်းနော်၊ တို့အစ်မနှစ်ယောက်လည်း ခုနစ်တန်းမှာရှိတယ်၊ ဝေဝေနဲ့ ကြွေကြွေ တဲ့''

ရင်းရင်းနှီးနှီးဖြင့် ပြောလာသည်။ ဝေဝေနှင့် ကြွေကြွေကို ကျွန်တော် သိပါသည်။ စာမတော်သော်လည်း တစ်နေ့တစ်မျိုး မရိုးရအောင် ဝတ်နိုင်စားနိုင်သည့် သူဌေးသမီးများဖြစ်၍ မသိချင်၍မရပါ။ ကိုယ်လုံးကိုယ်ထည်များကလည်း ဖွံ့ဖွံ့ထွားထွားများ ဖြစ်ကြသည်။ အစ်မ၏ သူငယ်





ချင်းရီရီသည်လည်း ဆယ့်နှစ်နှစ်သာသာဆိုသော်လည်း သူမ၏အစ်မများကဲ့သို့ ဖွံ့ဖြိုးထွားကြိုင်း၏။ ကျွန်တော်ကမူ ဆယ့်လေးနှစ်ဆိုသော်လည်း သူမနှင့်ယှဉ်သော် မဖွံ့ဖြိုးပါ။ သို့ရာတွင် ဤကဲ့သို့ ယမင်းရုပ်လေးလိုလှသော မိန်းကလေးနှင့် ရင်းနှီးကျွမ်းဝင်ရသည်ကို ကျွန်တော်သဘောကျမိပါသည်။ ကျွန်တော့်အသိများထဲတွင် ယခုလိုအလွန်လှသော မိန်းကလေးမျိုးမရှိသေးပါ။

ရီရီနှင့်သိပြီး လပေါင်းအတော်ကြာအောင်ပင် နေ့လယ်မုန့်စားကျောင်းဆင်းချိန်များ၌ အစ်မ မသိန်းကြည်တို့ အတန်းသို့သွား၍ နေ့လယ်စာစားမိပါသည်။ အမှန်ပြောရလျှင် ရီရီကို တွေ့မြင်ချင်စိတ်ကြောင့်သာ သွားမိခြင်းဖြစ်ပါ၏။ လူပျိုမဖြစ်တစ်ဖြစ် ကျွန်တော်၏စိတ်တွင် ရီရီကစိုးမိုးစပြုနေပါပြီ၊ ရီရီကို ကျွန်တော်ချစ်မိနေပါပြီ။ ထိုစဉ်ကာလက ကျွန်တော်တို့မြို့လေးတွင်

*ရွှေသားရုပ်သွင် ခင်မင်ကြင်နာ တွယ်တာစရာပင် × × × မျက်နှာတော် ဝါဝါဝင်းဝင်း ရွှေလမင်းကြီး ပုံအသွင် × × × လှမျက်တောင်ကော့ညွတ်သေး × × × ဆေးရေးတဲ့ အရုပ်ကလေးလိုပင် × × × ရွှေစင် ရွှေစင် × × × ဩော် မောင့်ရဲ့ ရွှေစင်*

ဆိုသည့်သီချင်းက ခေတ်စားနေ၏။ ကာလသားများက မယ်ဒလင်များနှင့် ညအခါများ၌ ထိုသီချင်းအား ဆိုတီးနေကြ၏။ ရီရီသည်လည်း ကျွန်တော်၏ ရွှေသားရုပ်သွင် သို့မဟုတ် မောင့်ရဲ့ ရွှေစင်ဟု ဆိုနိုင်ပါသည်။ သူမကြောင့် ထိုသီချင်းကို ကျွန်တော်အရ ကျက်ခဲ့မိပါသည်။ စာကျက်ရတာလောက်မကြာပါ။ ခဏနဲ့ရသွား၏။

❦

ကျွန်တော် ရှစ်တန်းရောက်သည့်နှစ်တွင် ရီရီသည်လည်း အလှဆွတ်ဖို့၍ အပျိုဘော်ဝင်ပြီး ပွင့်စပန်းဦး၊ ဖူးစရွှေငုံ ဖြစ်လာသည်။ မြို့မျက်နှာစ စက်သူဌေးကြီး၏ သမီးခြောက်ယောက်အနက်မှ အငယ်ဆုံးသမီး၊ ဝတ် အစားဆို ညွှန့်ပေ့ကောင်းပေ့ဆိုသည်ကိုမှ နေ့စဉ်ဝတ်သော မိန်းကလေး၊ ပစ္စည်းဂုဏ် နေဂုဏ်များကြောင့် လူတကာ ဖူးဖူးမှုတ်ထားသော မိန်းကလေး၊ ဤလို ဂုဏ်ပေါင်းနှင့်ပြည့်စုံသော ရီရီအား ကျွန်တော်ချစ်မိသည်မှာ အဆန်းတော့မဟုတ်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောနေ့တစ်နေ့တွင် အခါတိုင်းလို အစ်မဆီသွား၍ နေ့လယ်စာစား၏။ ရှစ်တန်းဆိုတော့ ထမင်းမစားတော့၊ ချိုင့်ကလေးနှင့် ထမင်းယူလာစားရသည်ကို နည်းနည်းရှက်တတ်နေပြီ ထို့ကြောင့် မုန့်ဝယ်ပြီး စားကြသည်။ ရီရီကလည်း အစ်မနှင့်အတူ မုန့်စားတတ်သည်။ ထိုနေ့က သူမခေါ်နက်မှောင်သိန့်စွမ်းလှသည့် ဆံပင်ထက်၌ နှင်းဆီနီကြီးတစ်ပွင့်ကို ပန်လာ၏။ နှင်းဆီပွင့်ကြီးမှာ အလွန်လှပါသည်။

''ပန်းပွင့်ကြီးက သိပ်လှတာပဲနော်''

ကျွန်တော်က အမှတ်မထင်ပြောမိ၏။ ထိုစဉ် အစ်မ မသိန်းကြည်က ကျွန်တော်တို့နှစ်ယောက်နားမှ ထသွားသည်။ အစ်မကဆယ့်ခြောက်နှစ်ဆိုတော့ အပျိုဖြစ်နေပါပြီ။ အချို့သိသင့်သည်များကိုသိနေပါပြီ။ ထို့ကြောင့် များ ထသွားသလားတော့ မပြောတတ်ပါ။

''လှကရော ဟင်''

ရီရီက အပြုံးလှလှလေးနှင့် ပြန်မေးသည်။

''လှကပိုပြီးလှတယ်''

''တကယ်ပြောနေတာလား''

''တကယ်ပါ၊ ရီရီ့ကို ဘယ်လိမ်ပြောမလည်း၊ ဒါလောက်လှတဲ့သူမှလှတဲ့အကြောင်းပြောတာ၊ မျက်လုံးနဲ့မျက်ခုံးကလည်း လှတာပဲ၊ ဆံပင်ကလည်း သန့်ပြီးနက်မှောင်နေတာမို့ သိပ်လှတာပဲ၊ အသားလည်း လှတာပဲ အကုန်လှတယ်၊ ရီရီလှတာ တကယ့် ရွှေရုပ်လေးလိုပဲ''

''ဟင်း ဟင်း တော်ပါကိုသက်ဦးရယ်၊ သူက သိပ်မြှောက်တတ်တာပဲ''

''မဟုတ်ပါဘူး၊ တကယ်လှလို့ လှတယ်ပြောတာ''

ရီရီက ချစ်စဖွယ် မျက်စောင်း တစ်ချက်ထိုးပြီး

''ကဲ ကဲ ဒီလောက်အပြောကောင်းတဲ့သူကို အမှတ်တရ လက်ဆောင်ပေးမယ်၊ ရော့ ခေါင်းကပန်းပွင့် ယူထားလိုက်''

သူမခေါင်းက,ကလစ်ဖြင့် ညှပ်ပန်ထားသည့် နှင်းဆီပွင့်ကြီးအားဖြုတ်ပေးလိုက်သည်။ ကျွန်တော်ကလည်း တယုတယ ထိုပန်းပွင့်ကြီးကိုယူလိုက်ပြီး မျက်စေ့မှိတ်ကာ နမ်းလိုက်၏။ အမှန်တော့ ပန်းထက် ရီရီ့အားပို၍နမ်းချင်ပါသည်။ ထိုစဉ် အစ်မပြန်ရောက်လာ၏။ နှစ်ယောက်သားစကား





ပြောဖြစ်တော့၊ မျက်လုံးချင်းသာ စကားပြောဖြစ်ပါတော့သည်။

အိမ်ပြန်ရောက်တော့ ထိုနှင်းဆီပွင့်ကြီးအား အိပ်ရာခေါင်းရင်းတွင် တယုတယ တင်ထားမိပါသည်။

သက်ဦးတစ်ယောက် အချစ်ဦးဆိုတော့ အချစ်ရူးပေါ့ခင်ဗျာ။

၅ ၁ ၅

နှင်းဆီပွင့်ကြီးကို ရပေမယ့် ရီရီ့အချစ်ကိုတော့ ကျွန်တော်မရပါ။ ကျွန်တော် ရှစ်တန်းရောက်သည့်နှစ်တွင် အိမ်မှာလူမရှိ၍ အစ်မကျောင်းကထွက်ရပြန်သည်။ အစ်မ,မရှိ၍ ကျွန်တော်လည်းရီရီ့ဆီ သွားမရတော့။ အတန်းကလည်းမတူသဖြင့် နေ့စဉ်မတွေ့နိုင်။ ကျောင်းသွားကျောင်းပြန်ကလည်း ရပ်ကွက်ချင်းကမတူ။ သူက မြောက်၊ ကိုယ်က တောင်၊သူက ကော်ဘီးနှင့် ကိုယ်ကခြေလျင်။

ဤသို့ဖြင့် ရီရီနဲ့ တဖြည်းဖြည်းဝေးသွားပါသည်။ သူမကိုယ်စား ခေါင်းကဖြုတ်ပေးခဲ့သည့် နှင်းဆီပွင့်ကြီးကိုသာ ယုယနေရ၏။ နှင်းဆီပွင့်ကြီးကခြောက်၍ ပွင့်ဖတ်များပင်ကြွေနေသဖြင့် သင်းကြုံးကြုံ ပေါင်ဒါဘူးလေးထဲထည့်သိမ်းထားရ၏။ ဒါကို တွေ့သွားသည့် တစ်ရပ်ကွက်တည်းသားသူငယ်ချင်းသိန်းအောင်က

''ရူးပါပေ့ သက်ဦးရယ်'' ဟုဆိုသည်။

သိန်းအောင်က ရီရီတို့အတန်းက ကျွန်တော်နှင့်သက်တူရွယ်တူ၊ ကျွန်တော်၏ ထိုစဉ်က တစ်ဦးတည်းသော အိမ်နီးချင်းယောကျ်ားလေးသူငယ်ချင်း။

ကျွန်တော် ရှစ်တန်းအောင်သည့်နှစ်တွင် ကျွန်တော့်အစ်မသိန်းကြည် တပ်မတော်သားတစ်ဦးနှင့်အိမ်ထောင်ကျသွားသည်။ အစ်မ,မရှိတော့၍ ကျွန်တော်လည်း ပင်ပန်းဆင်းရဲစွာဖြင့် စာကြိုးစားရသည်။ စာကြိုးစားရင်း စာသူရဲအုပ်စု မချို၊ မစန်း၊ မနှင်းတို့နှင့်ရင်းနှီးလာသည်။ မချိုတို့အစ်တွေနှင့်က ဟိုးပဌမတန်းကတည်းက သိလာကြ၏။ သိပ်တော့ မရင်းနှီးသေး၊ အထက်တန်းတွင်မှ ပိုရင်းနှီးလာ၏။ စာပြိုင်ဘက်များဖြစ်လာသည်။ ကျွန်တော်က စာမကြိုးစား၍ကမရ၊ မိဘမဲ့သား ဆင်းရဲသားမို့ တက္ကသိုလ်တန်း မအောင်က ဘဝတွင်လွတ်မြောက်ရန် လမ်းမမြင်သူ၊ အစ်ကိုစ်ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



ကွဲ မသိန်းကြည်နှင့် မောင်နုမနုစ်ယောက် ကြီးတော်အပျိုကြီး၏ အရိပ်အာဝါသအောက်မှာ ခိုလှုံနေရသူများဖြစ်ကြသည်။

ထို့ကြောင့် ဘဝလွတ်မြောက်ရန်အတွက် စာကြိုးစားရပါ၏။ မခြူးကတော့ အဖေရော၊ အမေပါ ဆရာ၊ ဆရာမများဖြစ်၍ ပညာပါရမီပါသူပီပီ စာကြိုးစား၏။ မစန်းနှင့် မနှင်းတို့က စကောလားရှစ် ကျောင်းသူများဖြစ်သည်။ ထို့ကြောင့် အချိန်ပြည့်စာကြိုးစား၏။ သူတို့တစ်တွေ အားလုံး ကျူရှင်ယူကြ၏။ ကျွန်တော်ကမူ မယူနိုင်ပါ။ ကျူရှင်မယူဘဲစာပြိုင်ကျက်ကြရင်း စာမေးရင်း အထူးရင်းနှီးသွားကြပါသည်။ ကျူရှင်မယူသော်လည်း ကျွန်တော်က သူတို့နည်းတူ စာတွေရအောင် ကျက်နိုင်သည်။

''ဟဲ့ သက်ဦး၊ နင်က ကျူရှင်သာမယူတာ၊ စာတော့တော်တော်ရတယ်ဟဲ့''

ဟု သူငယ်ချင်းများက ချီးကျူးထောမနာ ပြုကြပါသည်။

တက္ကသိုလ်ဝင်တန်း ရောက်သည့်နှစ်တွင်လည်း မခြူးတို့အုပ်စုနှင့် သဲသဲမဲမဲ စာအတူကျက်ဖြစ်ခဲ့၏။ စာထဲတွင်မဲနေ၍ ရီရီ့ကိစ္စကို ဂရုမစိုက်အားတော့ပါ။

ထိုနှစ်တွင် ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်သည်။ အခက်အခဲ အမျိုးမျိုးကြားမှ ရန်ကုန် တက္ကသိုလ်တက်သည်။ မခြူး၊ မစန်း၊ မနှင်းတို့လည်း အောင်သည်။ သူတို့လည်း ရန်ကုန်တက္ကသိုလ် ဆက်တက်သည်။ ဘာသာတွဲကတော့ မတူ၊ ကျွန်တော်က ဆူလွယ်နပ်လွယ် ဝိဇ္ဇာဘာသာတွဲ၊ မခြူးနှင့် မနှင်းက ပညာရေးတက္ကသိုလ်၊ မစန်းက ဆေးတက္ကသိုလ်။ ဒါပေမယ့် ရန်ကုန်တက္ကသိုလ်မှာ မြို့နယ်အသင်းဖွဲ့တော့ သူငယ်ချင်းမများနှင့် ပြန်တွေ့ပါသည်။ တွေ့သည့်အခါတိုင်း

''နင်နဲ့ စာပြိုင်မကျက်ရတော့ ပျင်းတယ်ဟဲ့''

ဟု မခြူးက သတိတရ ပြောတတ်ပါသည်။

တက္ကသိုလ်ရောက်တော့ ကျွန်တော့်အရင် တက္ကသိုလ်ရောက်နေသည့် ရီရီ့အစ်မကြီး မမဖြူနှင့် မြို့နယ်အသင်းမှာ ပြန်ဆုံကြသည်။ ရီရီ့အစ်မကြီး မမဖြူက မြို့နယ်အသင်းမှာ တွဲဖက်အတွင်းရေးမှူး ဖြစ်သည်။ ကျွန်တော့်ကို တွေ့လျှင်တွေ့ချင်းပင်

''ဪ ရီရီ့သူငယ်ချင်း မောင်သက်ဦးဆိုတာလား၊ အင်





မောင်သက်ဦးအကြောင်း ရီရီက ခဏခဏပြောပါတယ်''

ရီရီက ကျွန်တော့်အကြောင်း ဘာတွေပြောပါသလဲ။

သူ့အစ်မလတ်တွေဖြစ်သည့် ဝေဝေတို့ ကြွေကြွေတို့နှင့်လည်း တစ်တန်းတည်း အတူနေခဲ့ဖူးပါသည်။ ထိုစဉ်ကတော့ ဘာမှမကြား။ ဘာသံမှ မထွက်၊ အခုမှ ရီရီက ဘာကိစ္စများပြောပါလိမ့်။

မမဖြူကြောင့် ပြီးသွားမည့် ဇာတ်လမ်းက တစ်ခန်းရပ်မသွားဘဲ ဆက်ရပြန်ပါတော့သည်။

မမဖြူကြောင့် ရီရီနှင့် ပြန်တွေ့ကြသည်။ စိတ်ကြိုက်မြန်မာစာယူသူချင်းတူသဖြင့်လည်းကောင်း၊ စာဖတ်ဝါသနာချင်းတူသဖြင့် လည်းကောင်း၊ ကျွန်တော်က မေးတာမြန်းတာ ဝါသနာပါ၍ လည်းကောင်း၊ ကျွန်တော့်ထက် နှစ်နှစ်သုံးနှစ် စီနီယာကျသည့် မမဖြူက ကျွန်တော့်ကို

''မောင်သက်ဦး မြန်မာစာနဲ့ ပတ်သက်လို့ မေးစရာရှိရင် လာနော်''

ဟု ဖိတ်ခေါ်သည်။

ကျောင်းပိတ်ရက်စာမေးဖို့ ကြုံသည့်အခါများတွင်မဝံ့မရဲဖြင့် ကျွန်တော် မမဖြူတို့အိမ် ရောက်သွားသည်။ ပထမဆုံးသွားသည့်နေ့က ဖြစ်သည်။ ကြီးမားကျယ်ဝန်းသော ခြံကြီးအတွင်းမှ ရှေးကရေနံသုတ်ထားသည့် ကျွန်းအိမ်ကြီး၏ ကော်ဖော့ခင်းထားသော ဧည့်ခန်းက အထူးခန့်ညားနေသဖြင့် ကျွန်တော့်မှာ ရှိုးတိုးရှန့်တန့် ဖြစ်နေ၏။

''နေဦး မောင်သက်ဦး၊ ရီရီ့ကို ခေါ်လိုက်ဦးမယ်''

''ရီရီရေ ဒီမှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်ဟေ့၊ အပေါ်ထပ်ကဆင်းခဲ့ပါဦး''

ရီရီက အပေါ်ထပ်မှ ကြွကြွရွရွလေး ဆင်းလာသည်။ လွန်ခဲ့သည့်နှစ်ကနှင့် လုံးဝမတူတော့၊ အပျိုကြီးဖားဖား ဖြစ်နေပေပြီ။ ခန္ဓာကိုယ်က လုံးဝအရွယ်ရောက်နေပေပြီ၊ ရီရီ့ကိုတွေ့ပြီး ရင်ခုန်မိပါသည်။

''ဟယ် ကိုသက်ဦး၊ ကိုသက်ဦးက တက္ကသိုလ်ကျောင်းသားကြီး ဆိုလေ''

ရီရီကပါးချိုင့်လေးများပေါ်အောင်ပြုံး၍ တရင်းတနှီးနှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်ဦး၊ အစ်မ မသိန်းကြည်ရောဟင်"

ကျွန်တော်က လှသွေးကြွယ်နေသည့် သူမအလှမှာ မိန်းမောသွားရာ သူမမေးသည်ကို ချက်ခြင်းမဖြေမိ။ တက္ကသိုလ်တွင် တစ်နှစ်ကျော်ခန့် နေဖူးပြီးပြီဖြစ်၍ မိန်းကလေးများ၏ အလှအပကို ကျွန်တော် ခံစားတတ်စပြုပါပြီ။ အရင်ကလို အူတူတူအတတ သက်ဦးမဟုတ်တော့ပါ။ ချစ်လည်းချစ်တတ်ရုံမက အချစ်လည်းခံချင်သည့် သက်ဦးဖြစ်နေပါပြီ။

"ကိုသက်ဦးက အရင်ကလို မဟုတ်တော့ဘူး၊ နည်းနည်း ကြည့်ကောင်းလာပြီ၊ ဒါပေမယ့် ပိန်တော့ ပိန်သေးတယ်နော်"

"အင်း ပိန်တာတော့ စာကြိုးစားရလို့ပါ၊ ရီရီကတော့ ပိုပြီးချောလာတယ်နော်၊ ဝလည်းပိုဝလာတယ်၊ ဝလို့လှလို့ပါလား"

"မမဖြူရေ တက္ကသိုလ်ကျောင်းသားကြီးက ရီရီ့ကို လာမြှောက်နေပြန်ပါပြီ"

"ကဲ မောင်သက်ဦး၊ မင်းသူငယ်ချင်းတွေ့တာနဲ့ မမဖြူဆီ စာမေးမယ့် ကိစ္စမေ့သွားဦးမယ်"

မမဖြူကောင်းမှုကြောင့် ဥပစာဒုတိယနှစ်တွင် ရီရီနှင့်ပြန်ဆုံကြခြင်းဖြစ်ပါသည်။ မမဖြူဆီသွားရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်သည်။ တပ်မတော်သားတစ်ဦးနှင့် အိမ်ထောင်ကျသွားပြီး တပ်ထဲလိုက်သွားသည့် အစ်မမသိန်းကြည်အကြောင်းလည်း မကြာခဏပြောဖြစ်ပါသည်။

"မသိန်းကြည်ရော နေကောင်းရဲ့လား၊ ကျောင်းမှာတုန်းက သူက ရီရီ့ကို တကယ်ချစ်တာ၊ ရီရီ့အတွက် ရန်ဖြစ်စရာရှိရင် သူကဒိုင်ခံဖြစ်ပေးတာ၊ ရီရီက သူ့လို့မြန်မဖြစ်ရဲဘူးလေ၊ သူနဲ့ ပြန်တွေ့ချင်လိုက်တာ၊ မြို့ကို ပြန်မလာတော့ဘူးလား"

"သူ့ယောကျ်ားက တပ်ကထွက်မယ်တော့ပြောတာပဲ၊ မသိသေးပါဘူး ရီရီရယ်၊ ကိုယ်လည်းကိုယ့်ဒုက္ခနဲ့ကိုယ်ဆိုတော့ အစ်မကိစ္စကို မစဉ်းစားနိုင်ပါဘူး၊ အဆက်အသွယ်လည်း ပြတ်နေတယ်လေ"

"ဘာဒုက္ခတွေလဲ ကိုသက်ဦးရဲ့"

"ဘာဒုက္ခရမှာလဲ၊ ကိုယ်က သူများတွေလို ပြည့်ပြည့်စုံစုံနဲ့ တက္ကသိုလ် တက်ရတာမဟုတ်ဘူးလေ၊ အမျိုးတွေက ဝိုင်းထောက်ပံ့တဲ့ ချွေးနည်းစာလေးနဲ့ ဘုန်းကြီးကျောင်းကနေပြီး တက်ရတာ၊ မပြည့်စုံတော့





ဒုက္ခရောက်တာပေါ့ ရီရီရယ်၊ တို့က ရီရီတို့လို သူဌေးမှမဟုတ်တာ စာတတ်ချင်လွန်းလို့သာ တက္ကသိုလ်ကို စွန့်ပြီးသွားတက်ရတာ"

ရီရီက ကျွန်တော်ပြောသည်များကို နားမလည်စွာနှင့် ကြည့်နေ၏။ သူမဘဝမှာ ရွှေမရှား၊ ငွေမရှား၊ ဘာမဆို လိုတရမို့ ကြိုးစားရတယ်ဆိုတာလည်းမရှိတော့၊ ဘဝအခက်အခဲများကို ဘာမှမသိရှာပါ။

မည်သို့ဆိုစေ၊ အလွန်လှသော ရီရီနဲ့ယခုလို တွေ့နေရသည်ကိုပင် ကျွန်တော် ပျော်ပါသည်။

ထိုနှစ်က ဘီအေပထမနှစ်အား ဒေသမှာပင် ဖြေရသည်။ စာမေးပွဲပြီးစ နေ့တစ်နေ့မှာ မူးမြစ်ဘေးက မင်္ဂလာဆုတောင်းပြည့် စေတီတော်ကြီးသို့ သွားရောက်ဖူးမျှော်ပြီး စာမေးပွဲကာလက ပင်ပန်းထားသမျှ စိတ်ကို ဖြေလျှော့လိုက်သည်။ ပင်ပန်းရတာများ၍ ယခုလိုဘုရားတန်စောင်း ကျောင်းကန်များ ရောက်သွားမှ အေးငြိမ်းမှုက အထိုက်အလျောက်ရပါ၏။

ဘုရားပုရဝုဏ်အတွင်းတွင် ကံ့ကော်ပန်းရနံ့များက မွှေးပျံ့နေ၏။ ရာသီအလိုက်ပန်းမျိုးစုံ ပွင့်နိုင် အောင်စီစဉ်ထားကြသည် ထင်ပါ၏။ ကံ့ကော်သာမက မွှေးပျံ့သင်းသည့်အင်ကြင်း၊ စကားဝါ၊ ဇီဇဝါနှင့် ခတ္တာ၊ ကြက်ရုံး၊ မှန်း၊ ပုန်းညက်နှစ်သက်ဖွယ်ရာတွေ့ရ၏။ သူ့အချိန်အခါနှင့်သူ ပန်းများ ပွင့်ကြ၍ နွေမိုးဆောင်းဥတုသုံးလီ မွှေးပျံ့ကြိုင်လှိုင်နေသောနေရာ ဖြစ်သောကြောင့် ကျွန်တော် မကြာခဏရောက်ဖြစ်သည်။ ငယ်ဘဝက ဤမင်္ဂလာဆုတောင်းပြည့် စေတီတော်ကြီးတွင် သက်န်းစည်းခဲ့ဖူး၍ ပဋ္ဌာန်းဆက်လည်း ပါသည်ထင်ပါ၏။

အချိန်က ညနေဆည်းဆာချိန်။

မူးမြစ်ပေါ်သို့ ဖြာကျနေသည့်နေရောင်နှင့် အရှေ့ဘက် ဟိုအဝေးဆီက တောတန်းညိုညိုတို့အား စိတ်ကအာရုံဝင်စားနေသည်။ ဖျတ်ခနဲ ငွေသည်းလည်းသံများ ကြားရ၏။

"ဟယ် ကိုသက်ဦး၊ တက္ကသိုလ်ကျောင်းသားကြီး တစ်ယောက်ထဲ မှာလာပြီး ဘာတွေလုပ်နေလဲဟင်၊ ဆွေးနေတာလား၊ တွေးနေတာလား၊ ဆေးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ရီရီပါလား၊ ဟုတ်ပါတယ်၊ တွေးနေတာပါ၊ ရီရီရော ဘုရားလာဖူးတာလား၊ ဘယ်သူတွေပါသေးလဲ"

"မမဝေနဲ့ မမကြွေပါတယ်၊ ဘုရားကန်တော့နေကြတယ်၊ ရီရီက ပန်းကောက်မလို့၊ ဒီဘုရားရောက်တိုင်း ဒီမှာရှိတဲ့ပန်းလေးတွေ ကောက်နေ ကြ"

"ဩော်"

ကျွန်တော်က ရီရီ့ကို စေ့စေ့စပ်စပ်ကြည့်မိသည်။ မွှေးပျံ့သော ရွှေဘိုသနပ်ခါး ခပ်ပါးပါးလိမ်း၍ နက်မှောင်သောဆံပင်ရှည်များအား ကျော လယ်ထိ ချထား၏။ အဝါရောင် နိုင်လွန်အင်္ကျီ လက်စကနှင့် အနက်တွင် အနီဖောက်ထားသည့်ချိတ်ထမီအားဝတ်ထားသည်။ ဝါဝင်းသောအသား အရည်များက ဝတ်စားထားသည်များနှင့်လိုက်ဖက်လှ၏။ လက်ချောင်းနှ ဆင်စွယ်သဏ္ဌာန် လက်မောင်းလုံးဝန်းဝန်းပေါ်မှ မွှေးညှင်းစိမ်းစိမ်းများကို မြင်တွေ့နေရ၏။ ဆင်ယဉ်ထုံးဖွဲ့မှုအားလုံးကပြုံးလဲ့လဲ့မျက်နှာနှင့် လိုက်ဖ တင့်မော မချောစဖူး အထူးချောနေပါသည်။

"ဘယ်လိုလဲ တက္ကသိုလ်ကျောင်းသားကြီးရဲ့၊ ငေးလှချည့်လား"

"ဩော် ဆောရီးပဲ ရီရီ၊ ကိုယ်က အဲ ရီရီ ဒီနေ့ သိပ်လှလွန်း ကြည့်နေမိတာ၊ စကားပြောဖို့တောင် မေ့သွားတယ်"

"ဟင်း ဟင်း လုပ်ပြီ"

"တကယ်ပါရီရီ၊ ဗြုန်းဆို ရီရီ့ကို ဒီလောက်လှတာ မြင်ရတော ကိုယ်က လူ့မှဟုတ်ရဲ့လား၊ ဥစ္စာစောင့်မလေးများလားလို့ ထင်နေတာ"

"တော်ပါ စကားကောင်းမပြောဘူး၊ စကားကောင်းကော ပြောစမ်းပါ"

"အင်း စကားကောင်းကောင်းပြောဆို ပြောပါ့မယ်၊ ဒီ စကား ပြောမယ်၊ ပြောမယ်နဲ့ စဉ်းစားခဲ့တာကြာပါပြီ ကိုယ့်အတွက်တော့ အကော ဆုံး စကားပါပဲ"

ကျွန်တော်က မျက်နှာထားကို တည်ပြီး ပြောလိုက်၏။

"တက္ကသိုလ်ကျောင်းသားကြီးက လုပ်ပြန်ပြီ၊ ဘာစကားတွေလဲ"

"ဘာစကားလည်းဆိုတော့ ဟိုလွန်ခဲ့တဲ့ လေးငါးခြောက်နှစ ကိုယ်တို့စတွေ့ကြတုန်းက ကိုယ့်ရင်ထဲက ပြောဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့





စကားပါ၊ ဟိုနှင်းဆီပွင့်ကြီး ရပြီးကတည်းက ဆိုပါတော့"

"ဘာလဲ မသိဘူး"

"အဲဒီနှင်းဆီပွင့်ကြီး ရပြီးကတည်းက ကိုယ် ရီရီ့ကို ချစ်နေပါတယ်၊ ကြာခဲ့ပါပြီ၊ ပြောမယ်ပြောမယ်နဲ့ မပြောနိုင်ခဲ့တာပါ၊ သူ့ဒွေးသမီးမို့ မပြောရဲ တာလည်း ပါတာပေါ့၊ ဟိုတုန်းကတော့ ငယ်ကြသေးတယ်လေ၊ ခုတော့ ကိုယ်တို့တစ်တွေလည်း ကြီးလာကြပြီ၊ ရီရီလည်း စဉ်းစားနိုင်ပြီပေါ့၊ အဲ့ဒါ ရီရီ့ သဘောထားကို သိပါရစေ"

ကျွန်တော်စကားကြောင့် သူမက နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

"ကိုသက်ဦး ရီရီ့ကို ချစ်တယ်ဆိုရင် ဘာလုပ်ကိုင်ကျွေးမှာလဲဟင်"

ရီရီက ကျွန်တော်ထင်မထားသော မေးခွန်းကို မေးလိုက်၏။

"ဘာလုပ်ရမလဲ၊ လခစားပေါ့၊ တစ်ခုခုပေါ့"

"စစ်ထဲဝင်နိုင်မယ်လား"

"ဝင်စေချင်လို့လား၊ ရပါတယ်"

"ဖြစ်ပါ့မလား၊ ကိုသက်ဦးက ပျော့ပျော့လေးပဲဥစ္စာ"

ကျွန်တော့်စိတ်ထဲ တင်းခနဲ မခံချင်ဖြစ်သွားသည်။

"မဆိုင်ပါဘူး၊ စိတ်ဓာတ်က အရေးကြီးတာပဲ"

ထိုစဉ်က တော်လှန်ရေးကောင်စီ တက်ခါစဖြစ်၍ စစ်ဗိုလ်စစ်သား များ အထူးရေပန်းစားနေကြသည်။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ဖြစ်နေ ကြသည်။ နလက ဗိုလ်ကြီးများ ရီရီတို့အိမ် အဝင်အထွက်များနေတော့ ကျွန်တော့်ကိုပါ စစ်ဗိုလ်ဖြစ်စေချင်သည်လားမသိ၊ ဟုတ်တော့ဟုတ်ပါသည်၊ ဘာမန်ဘွဲ့ရရှိနဲ့တော့ သူ့အိမ်ကသဘောတူမည်မဟုတ်၊ စစ်ဗိုလ်တွေ ဘာတွေမှ သဘောတူမည်ထင်ပါ၏။

"ကိုသက်ဦး တပ်ထဲဝင်ရင် ရီရီစဉ်းစားမယ်"

"ဒါဆို ကြိုးစားကြည့်မယ်လေ"

"တကယ်နော်"

သူမက စကားဆုံးသည်နှင့် ထိုနေရာမှ အပြေးကလေး ထွက်သွား ၏ ဥစ္စာစောင့်မလေးလိုပင် ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှစ၍ သူမနှင့် ပိုရင်းနှီးလာ၏။ ကျောင်းပိတ်ရက်များတွင် ကြာခဏ ရီရီတို့အိမ်သို့ သွားဖြစ်ပါသည်။ သူမ၏ တိုက်တွန်းမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးကို ပိုလိုက်စားမိပါသည်။ ကြံ့ခိုင်သန်စွမ်းမှ စစ်သားလုပ်လို့ရမည် ဟု သူမက ဆို၏။ မြို့လေးကသေးသဖြင့် ကျွန်တော်နှင့် ရီရီအကြောင်း မြို့ကလူတွေ တဖြည်းဖြည်းသိလာကြသည်။

"ရီရီကတော့ သက်ဦးကို ပညာပေးနေပြန်ပြီဟော့၊ သက်ဦးတော့ သက်ရှူးဖြစ်ဦးမယ်ထင်တယ်"

ဟုဆိုကြသည်။ သူငယ်ချင်းမ မခြူးကပင်

"ဟဲ့ သက်ဦး၊ ရီရီနဲ့နင် ဖြစ်နေတယ်ဆို၊ ဟဲ့ကောင် ကြည့်လုပ်နော် နင့်ကောင်မလေးက မျက်နှာသိပ်များတာဟ၊ နင်က လှတာမက်တာကိုး"

"လှတာမက်ရင် ညစာခက်နေဦးမယ်နော်"

"တော်စမ်းပါ ကုလားမရာ၊ နင်က နင်မလှတိုင်း အဲဒီလို သူများကို မပြောပါနဲ့"

"အေးပါ၊ ငါကသတိပေးတာပါ၊ နင့်ဟာနင် ဒုက္ခခံနိုင်ရင် ခံပေါ့ တော်ကြာ နင်စာမေးပွဲကျမှာစိုးလို့ ပြောတာပါ"

"ဟော့ ငါဆိုတဲ့ကောင်က ဘယ်တော့မှစာမေးပွဲမကျဘူး၊ မှတ်ထား"

"မကျလည်း ကောင်းတာပဲတော်၊ ဒီကစေတနာနဲ့သတိပေးတာပါ"

အခုလိုအချိန်မှာတော့ ဘာစေတနာညာစေတနာတွေကို ကျွန်တော် မကြားလိုပါ၊ ကျွန်တော့် ခေါင်းထဲတွင် ရီရီသာ စိုးမိုးနေပါသည်။

❦

ဘီအေပထမနှစ်အောင်ပြီးနောက် ဆွေမျိုးများက ကျောင်းစရိတ် မထောက်နိုင်တော့၍ ကျွန်တော် တက္ကသိုလ်မှထွက်ရသည်။ မူလတန်း ဆရာလုပ်သည်။ လုပ်သားကောလိပ်တက်သည်။ ရီရီနဲ့က သမီးရည်းစား မကျတကျမို့ စာရေးဖြစ်သော်လည်း သူငယ်ချင်းလို မိတ်ဆွေလိုသာ ရေး ရသည်။

ကျောင်းဆရာလုပ်ပြီး ဘွဲ့ရတော့ ကျွန်တော် တပ်မတော်ထဲ ဝင်ဖြစ်သည်။ တပ်ထဲမဝင်မီ ကျောင်းဆရာဘဝ၌ သူငယ်ချင်းသစ်တွေ လာသည်။ မိန်းကလေးမိတ်ဆွေများ ရှိလာသည်။ စာတော်ပြီး လှသော မိန်းကလေး အများအပြားကို တက္ကသိုလ်မှာသာမက လုပ်ငန်းလောကမှာ တွေ့လာသည်။ ထို့ကြောင့် စာမကြိုးစားသော ရီရီ့ကို လှတစ်ခုတည်းနှင့် မချစ်ချင်တော့၊ ဘဝအသိမရှိသော မိန်းကလေးနှင့် ထာဝရလက်တွဲရန် မဖြစ်နိုင်ကြောင်းကို ခရောင်းတောလမ်းများကို ဖြတ်သန်းခဲ့ရသည့် ဘဝ အတွေ့အကြုံများက ကျွန်တော့်ကို သင်ကြားပေးလိုက်သည်။





တပ်ထဲရောက်တော့ ရီရီ့ကို မေ့သွားသည်။

အရာရှိပေါက်စဘဝမှာပင် အေးအတူပူအမျှ ဘဝကိုရင်ဆိုင်မည့် မေနှင့် အိမ်ထောင်ကျသည်။ မြန်မာနိုင်ငံ အနှံ့အပြားခရီးဆန့်နေရ၍ ရီရီ့ကို အပြီးအပိုင်မေ့လိုက်တော့သည်။

ဤသို့ဖြင့် ကျွန်တော်လည်း အိမ်ထောင်သည်ဘဝသို့ ကျရောက် သွားကာ တပ်မတော်တာဝန်များ ထမ်းဆောင်ရင်း ဆယ်စုနှစ် နှစ်ခေတ်ခန့် ကုန်လွန်သွားပါတော့သည်။

❦

နွေတစ်နေ့မှာပင် လုံးဝမျှော်လင့်မထားဘဲ ရှမ်းပြည်နယ် မြောက်ပိုင်း က ကျွန်တော့် တပ်စခန်းရှိရာမြို့လေးသို့ အစ်မသိန်းကြည် ရောက်လာ၏။

"ဘယ်ကနေပြီး ဘယ်လိုမျက်စိလည်ပြီးရောက်လာတာလဲ အစ်မ ရယ်၊ ကျွန်တော် ဒီမှာရှိနေတယ်လို့ရော ဘယ်သူ ညွှန်လိုက်တာလဲ"

"ဘယ်သူကမှ မညွှန်ဘူး ငါ့မောင်ရေ၊ မင်းတူလေးကိုစွလိုက်ရင်းနဲ့ ဒီမှာ တပ်ကဘယ်သူလဲလို့ အမှတ်မထင်မေးမိတော့ ဗိုလ်မှူးသက်ဦးတဲ့၊ အဲဒါ ထပ်စုံစမ်းတော့ ကိုယ့်မောင်မှန်းသိလို့ မတွေ့ရတာကြာလို့ ဝင်လာခဲ့တာ"

မောင်နှမနှစ်ယောက် မတွေ့ကြတာ ဆယ့်ငါးနှစ်ပင်ကျော်ခဲ့ပါပြီ။ ထို့ကြောင့် ထိုညက မြို့အပြင်တပ်စခန်းက တရှဲရှဲမြည်နေသည့် ထောင်းပင်ရိပ် အောက်က တဲကလေးတွင် ရေးဖြစ်ဟောင်းအောက်မေ့ဖွယ်များကို ပြောဖြစ် ပါသည်။ လွမ်းမောဖွယ်ရာထိုညမှာ လကလည်းသာနေ၏။ ပြောဖြစ်သည် များထဲတွင် ရီရီ့အကြောင်းက အများဆုံးပါပင်။

"ဒီ တက်အလာမှာ ရွှေဘိုမယ် ရီရီ့ဆီ ဝင်ခဲ့သေးတယ်၊ ရီရီက ကိုယ့်တွေ့တွေ့ချင်း ယောက်မရယ်ဆိုပြီး ဖက်ငိုတာပဲ၊ ပြီးတော့လည်း စကားတွေလည်း တစ်ညလုံးပြောလိုက်တာစုံလို့၊ မင်းနဲ့သူ မင်းစစ်ထဲမဝင်မီ အထိ စာအဆက်အသွယ်ရှိသေးတဲ့အကြောင်း၊ မင်းကိုမခံချင်အောင် ဒုပြော မိတာ များတဲ့အကြောင်း၊ ငယ်ငယ်ကတည်းက သံယောဇဉ်နဲ့ မောင်လေးကို



www.burmeseclassic.com

www.burmeseclassic.com



သူချစ်ခဲ့မိတဲ့အကြောင်း၊ တပ်ထဲဝင်သွားတော့ သူ့များဆက်သွယ်လေမလား လို့ မျှော်လင့်နေတဲ့အကြောင်း၊ နောက်မှ မောင်လေးအိမ်ထောင်ပြုသွားပြီ လို့ ကြားရတဲ့အခါမှာ သူဝမ်းနည်းပက်လက်ဖြစ်ရတဲ့ အကြောင်းတွေပေါ့ ကွယ်''

မသိန်းကြည်၏ စကားအဆုံးတွင်တော့ ကျွန်တော်က မိန်းမတွေ၏ ပြောင်းလဲတတ်သောသဘောကို ရိုးတိုးရိပ်တိတ် မြင်လိုက်မိပါသည်။ ဟိုတုန်းကတော့ ရီရီက ကျွန်တော့်ကို ဘာအထင်ကြီးစရာမှရှိခဲ့ဟန်မတူပါ။ ရုပ်ရည်ကလည်း မိန်းကလေးများကျလောက်သည့် ရုပ်ရည်မဟုတ်၊ ငွေကြေးချို့တဲ့မှုကြောင့် တောက်တောက်ပြောင်ပြောင်လည်း မဝတ်စားနိုင်။ ပြောပလောက်သည့် ဂုဏ်ပုဒ်ကလည်း မရှိလေတော့ ချစ်၍လည်းရဟန်မတူပါ။ ငယ်သံယောဇဉ်တော့ ရှိပါလိမ့်မည်။

''ပြီးတော့ရော ဘာတွေပြောသေးလဲ''

''အင်း၊ သူ့အိမ်ထောင်ရေးအကြောင်းပါပဲ၊ သူ့ယောကျ်ားက သူ့အိမ်ကပေးစားတယ် ပြောတာပဲ၊ သိပ်အဆင်မပြေဘူး ထင်ပါရဲ့၊ သူ့ယောကျ်ားက ခပ်ရိုးရိုးအအမို့ လုပ်ငန်းကို သူပဲဦးစီးနေရတဲ့အကြောင်း''

''နေပါဦး၊ သူက ရွှေဘိုမှာ ဘာလုပ်သလဲ''

''အရောင်းအဝယ်လို့ ပြောတာပဲ၊ သစ်တွေဘာတွေ လုပ်တယ် ပြောပါတယ်။ သူ့ယောကျ်ားက မလုပ်တတ်မကိုင်တတ်မို့ စီးပွားရေးမကောင်းဘူးလို့လည်းပြောတယ်၊ ကလေးမရှိလို့ တော်သေးတယ်ထင်ပါရဲ့၊ ကလေးမရှိတော့လည်း သံယောဇဉ်လည်း သိပ်မရှိကြဘူးနဲ့ တူပါတယ်၊ အဲဒီနေ့က သူ့ယောကျ်ား မန္တလေးသွားနေလို့ စကားကတော့ လွတ်လွတ်လပ်လပ် ပြောခဲ့ရပါတယ်''

''အင်း ကျွန်တော်ကလည်း တပ်ထဲဝင်တာသူ့ကြောင့်ရယ် မဟုတ်ပါဘူး၊ ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ။ သူ့ကိုတော့ ဘီအေပထမနှစ်ဖြေပြီးစကာ လုလွန်းလို့ နှစ်ယောက်ချင်းဆုံတဲ့တစ်နေ့မှာ ချစ်ကြောင်းပြောခဲ့ဖူးပါတယ်၊ သူက စဉ်းစားမယ်ပြောပါတယ်၊ ကျွန်တော့်သာ ရှင်းရှင်းလင်းလင်း အဖြေ မပေးတာ၊ မြို့မှာ သူ့ရည်းစားတွေက အများကြီး၊ လှကလည်းလှ၊ သူဌေး သမီးလည်းဖြစ်ဆိုတော့ ကြိုက်တဲ့သူကလည်း ပေါမှပေါ့ဗျာ၊ နောက်တော့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ ကျွန်တော် သူ့ကို ကြောက်သွားတယ်၊ ဒါကြောင့်





ဘီအေ နောက်ဆုံးနှစ်ရောက်ပြီးချိန်ကစပြီး သူ့ကို မဆက်သွယ်တော့ဘူး။ စာမေးပွဲအောင်ဖို့ကလည်း သိပ်အရေးကြီးနေပြီလေ၊ သူကတော့ တစ်ခါ တစ်ခါ စာလှမ်းရေးပါတယ်၊ အစကတော့ စာပြန်သေးတယ်၊ နောက်တော့ သူ့အပေါ်မှာ သံယောဇဉ်သိပ်မရှိတော့တာနဲ့ စာမပြန်တော့ဘူး၊ အလုပ် တစ်ဖက်နဲ့ မအားတာလည်း ပါတာပေါ့''

''မင်းကလည်း မချစ်ချင်တော့ဘူးဆိုမှ သူကလည်း တွေးရင်းနဲ့ မင်းကိုချစ်သွားတယ်နဲ့ တူပါတယ်၊ မောင်လေးကို သူ့အချစ်ဆုံးပါတဲ့၊ မောင်လေးက သူ့အချစ်ဦးတဲ့၊ ရည်းစားတွေရှိခဲ့တာမှန်ပေမယ့် ကနေ့ အချိန်အထိ သူ့အချစ်ဆုံးက မောင်လေးပါတဲ့''

ကျွန်တော် ပြုံးလိုက်မိပါသည်။

မိန်းမများက သူတို့ရင်ထဲရှိတာတွေကို နှစ်ပေါင်းများစွာကြာမှ ယခုလို ရင်ဖွင့်တတ်ပါလား၊ ဟိုတုန်းက ကျွန်တော် သူမကိုမေတ္တာစကား ပြောစဉ်ကရော သူမဘာကြောင့် ခေါင်းမညိတ်ခဲ့ပါသလဲ၊ အခုတော့ ကျွန်တော်က သူမ အထင်ကြီးသော တပ်မတော်အရာရှိဖြစ်နေသောကြောင့် ပါလား၊ စဉ်းစားစရာများက မကုန်ပါချေ။

''ကဲ ထားပါတော့ အစ်မရယ်၊ ပြီးတာတွေ ပြီးခဲ့ပါပြီ၊ အနှစ် နှစ်ဆယ်တောင်ရှိသွားပြီပဲ''

''မပြီးသေးဘူး ငါ့မောင်ရဲ့၊ သူ့အိမ်ထောင်ရေးအဆင်မပြေတဲ့ အကြောင်းပြောပြီး မျက်ရည်နဲ့ ဘာဆက်ပြောတယ်မှတ်လဲ၊ ညည်းမောင်က ယူတော့လည်း အိမ်ကပေးစားတဲ့လူနဲ့ပဲ ယူလိုက်ရတာပေါ့တဲ့၊ မချစ်တော့ အိမ်ထောင်ရေးက ဘယ်အဆင်ပြေတော့မှာလဲတဲ့၊ ညည်းမောင်နဲ့သာဆိုရင် ငါ စိတ်ချမ်းသာမယ် ထင်တယ်တဲ့၊ ညည်းမောင်က တကယ့်လူကောင်း သူကောင်း၊ ဆိုခဲ့စေ မြဲစေလူမျိုးတဲ့''

''အင်း ဒါက သူထင်တာပါ အစ်မရယ်၊ သူ ရည်းစားများပြီး စာမေးပွဲတွေ ခဏခဏကျကတည်းက ကျွန်တော် စိတ်ပျက်သွားပြီ အစ်မရဲ့၊ တော်ပါပြီ၊ အစ်မရယ်၊ အစ်မသူငယ်ချင်းအကြောင်းနဲ့ မိုးစင်စင်လင်းသွားဦးမယ်၊ အိပ်ကြစို့၊ မနက်လည်း အစောကြီးပြန်မယ် မဟုတ်လား''

ကျွန်တော်က စကားကို အတင်းဖြတ်ပြီး အိပ်ရာဝင်နိုင်းလိုက်သည်။ အစ်မကိုသာ အိပ်ရာအဝင်ခိုင်းလိုက်ရသော်လည်း ကိုယ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



နှင့် အိပ်မပျော်၊ ရီရီ၏ယယ်ယယ်က ပုံရိပ်များကို ပြန်လည် မြင်ယောင်နေမိပါသည်။

အနှစ်နှစ်ဆယ်ကြာခဲ့ပြီးမှ အတိတ်ကိုလွမ်း၍ တမ်းတသည့်စကားများကို သူမပြောခဲ့ခြင်းများကြောင့် အဟောင်းတို့က အသစ်တစ်ဖန်ဖြစ်လာပြန်ပါပြီ၊ ရီရီနှင့်ပတ်သတ်၍ ကျွန်တော်အတွက် အထူးထပ်မံပြောစရာမကျန်တော့ဟု ထင်ပါ၏။ ဟိုတုန်းက ရီရီ့ကို ချစ်ခဲ့မိတာ လုလို့ချစ်ခဲ့မိတာပါ အခုတော့ လုချင်မှလည်း လုပါတော့မည်။ စပျစ်သီးစိမ်းလို ဝင်းလဲ့နေရာမှ စပျစ်သီးခြောက်လိုဘဝများ ရောက်နေပြီလားမှမသိဘဲ။

အတွေးတွေချာချာလည်၍ မိုးစင်စင်လင်းခါနီးမှ အိပ်ပျော်ခဲ့ပါသည်။

❧ ❦ ❧

မိုးလင်းတော့ အစ်မပြန်သွားသည်။ မျက်ရည်များကြားမှ ပြုံးရင်း "ရွှေဘိုဝင်ဦးမယ်၊ ရီရီ့ကို ဘာပြောပေးရဦးမလဲ" ဟု မေး၏။ ကျွန်တော်က ခေါင်းကို ခါပြလိုက်၏။ ဘာမှ ပြောစရာမရှိပါ။

အစ်မစီးသော ဒိုင်နာကားလေးက စခန်းမှထွက်ခွာသွားပြီး အဝေးတွင် မှုန်ဝါးပျောက်ကွယ်သွား၏။ ထိုအချိန်မှစ၍ အစ်မနှင့်ကျွန်တော်တို့၏ ဆက်သွယ်မှုသည်လည်း ယနေ့အချိန်အထိ ပြတ်တောက်သွားခဲ့ပါသည်။ ထို့အတူရီရီနှင့် ပတ်သတ်သည်များလည်း ကျွန်တော့်ထံတွင် တွေးစရာဘာတစ်ခုမှ မကျန်ခဲ့တော့ပါ။ ပြန်လည်ထွက်ခွာသွားသော အစ်မနှင့်အတူ တစ်ပါတည်း ပါသွားခဲ့ချေပြီတည်း။

❧ ❦ ❧

"ဟဲ့ သက်ဦး ငိုင်လှချည်လား၊ နှင့်အဆက်ဟောင်းကြီး ဆုံးသွားတယ်ကြားလို့ စိတ်မကောင်းဖြစ်သွားပြီလား"

"လူသေတာ ဝမ်းသာစရာအလုပ်မှမဟုတ်တာ သူငယ်ချင်းရယ်၊ စိတ်မကောင်းစရာပဲပေါ့၊ အဆက်ဟောင်းကြောင့်ရယ် မဟုတ်ပါဘူး၊ တို့တစ်တွေ ကလေးတွေမှ မဟုတ်တော့တာ"

"ကလေးတွေ မဟုတ်ပေမယ့် သူကသေခါနီးအထိ နှင့်အကြောင်းတွေ ပြောသေးတယ်၊ နှင့်ကို ငြင်းသလို လုပ်မိတာ စိတ်မကောင်းကြောင်း





တွေပါတယ်၊ နှင့်ကို သူတော်တော်ချစ်တယ်ဟဲ့၊ သူ့အစ်မတွေလည်း သိတယ်၊ နှင် ရွှေဘိုနဲ့ စစ်ကိုင်းမှာ တာဝန်ကျတာသိတယ်တဲ့၊ နှင့်ကိုချစ်လို့ ဘာမတွေ့တာတဲ့"

"တော်ပါပြီ သူငယ်ချင်းရယ်၊ မင်းကလည်း အချစ်အကြောင်း ယိုဘဲနဲ့ ပြီးခဲ့တာတွေ ပြောမနေစမ်းပါနဲ့"

"အံမယ် အပျိုကြီးမို့ အချစ်အကြောင်းမသိဘူးဆိုပြီး အထင်မသေးနဲ့နော်"

"အထင်မသေးပါဘူးဗျာ၊ တိုင်းပညာဝန်ကြီးပဲ"

"ကဲ တော်ပြီ ကောင်စုတ်၊ ငါပြန်မယ်၊ နှင်လည်း နှင့်အဆက်ဟောင်းအကြောင်းကို ပြန်စဉ်းစားပြီး သိပ်ဆွေးမနေနဲ့၊ နေကောင်းအောင် နေနော်"

ကျွန်တော်က ကျွန်တော်ချစ်ဖူးသူ တစ်ဦးအကြောင်းကို ရန်ကုန်သို့ ရောက်တက လာပြောသည့် ကျွန်တော့်သူငယ်ချင်း တိုင်းပညာဝန်မကြီးကို ၍ လိုက်လိုက်လဲ့လဲ့ နှုတ်ဆက်လိုက်မိပါသည်။

ချစ်ဖူးသူ အမျိုးသမီးတစ်ဦးကတော့ ကွယ်လွန်သွားရှာပါပြီ၊ ငယ်သူငယ်ချင်း အမျိုးသမီးကြီးတစ်ဦးကတော့ အသက် ငါးဆယ်ကျော်သည့်တိုင် အပျိုကြီးပါပဲ။

ဤသို့သော မိန်းမတွေအကြောင်းကို ယခုထက်ထိ ကျွန်တော် နားလည်နိုင်ပါ။ ဘယ်တော့မှလည်းကျွန်တော်နားလည်နိုင်လိမ့်မည်မထင်ပါ။

ဤကမ္ဘာတွင် နားလည်ရအခက်ဆုံးသော အရာများထဲ၌ မိန်းမများသည် ရှေ့ဆုံးကဖြစ်မည် ထင်ပါ၏။

၁၆-၂-၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

သောင်းဝေဦး

# ယောက်ျားတို့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် ၁၉၉၄ ခုနှစ်က စာစတင်၍ ရေးခဲ့သည်။ ထိုသို့ ရေးရင်း ''ကတ္တီပါယခေါ် မိန်းမတို့သည်'' ခေါင်းစဉ်ဖြင့် ဝတ္ထုတိုဆယ့်လေး ငါးပုဒ် ရေးခဲ့မိ၏။ ထိုအခါ သိသူများက ''မိန်းမတွေအကြောင်းတွေချည်းပဲ ရေးနေတော့မလား၊ ယောက်ျားတွေအကြောင်းရော မရေးတော့ဘူးလား'' ဟု ဆိုလာကြ၏။ ဟုတ်ကဲ့၊ ယောက်ျားတွေအကြောင်းလည်း ရေးပါသည် ခင်ဗျာ။ ''ယောက်ျားတို့အကြောင်း အမည်တပ်၍ ဝတ္ထုတိုလေးငါးဆယ်ပုဒ် ကျွန်တော် ရေးပြီးပါပြီ။ ဒီကမ္ဘာပေါ်မှာ သတ္တဝါတို့တွင် အဖို၊ အမ၊ လူတွင် ကျားနဲ့မ၊ ဤနှစ်မျိုးသာ ရှိပါသည်။ (ကျားမဟုတ်၊ မ မဟုတ်လည်း ရှိတော့ရှိပါသေးသည်။ သို့ရာတွင် အရေအတွက် အလွန်နည်းလှပါသည်။ ထို့ကြောင့် ကျားနှင့်မ နှစ်မျိုးကိုသာ ဆိုလိုက်ခြင်း ဖြစ်ပါသည်။)

ကျွန်တော် ရေးလိုက်သည့် ''ယောက်ျားတို့အကြောင်း'' ဝတ္ထုတို များမှာ ငယ်စဉ်က ကျွန်တော် လေးစားခဲ့သော ဆရာမကြီးခင်နှင်းယု၏ ''ယောက်ျားတို့အကြောင်း'' ဝတ္ထုတိုများနှင့်တော့ မတူပါ။ ဆရာမကြီးက မိန်းကလေးတွေဘက်က သူ တွေ့မြင်သည့် ယောက်ျားတို့အကြောင်းကို ရေးခြင်းဖြစ်၍ ကျွန်တော်ကတော့ ကျွန်တော်နှင့် ကျွန်တော့်ပတ်ဝန်းကျင်က တွဲ၍ရသော ယောက်ျားတွေအကြောင်းကို ရေးသားဖော်ပြလိုက်ခြင်းဖြစ်၏။

မိန်းမတွေနှင့်ပတ်သက်၍ မာန်လည်ဆရာတော်၏ မာဃဒေဝ လင်္ကာသစ်၌–

''ကိစ္စတသီး၊ အရေးကြီး၍ မပြီးနိုင်က ကြံမရသော်၊ မိန်းမကိုသာ တိုင်ပင်ရာဟု ပညာရှိများ၊ အစဉ်ကြားလျက်၊ ထင်ရှားမိန့်မှာ ဥဒါန်းလာ၏''

''မိန်းမတို့ ထုံး၊ ငွေကုန်ရှုံးက သက်ဆုံးမတိုင်၊ ကိုယ်ပိုင်ယောက်ျား၊ ဆွေဖောက်ပြား၍ တရားမစောင့်၊ မဖြောင့်နှလုံး၊ လင်ကုန်ရှုံးက သက်ဆုံး တိုင်လစ်၊ ပြောရာဖြစ်ရှင့်''

ဟု မိန်းမတို့ ကောင်းကွက် ဆိုးကွက်ကို ဖော်ပြခဲ့၏။

ထိုအပြင် ''လူ့ရွာဌာန လူ့လောက၌ 'မိန်းမတို့သာ ကျင့်ယုတ်မာ၍ မိစ္ဆာဆိုးဝါး မဟုတ်ငြားဘူး'' ဟူ၍ အစချီပြီး ယောက်ျားများ ဆိုးဝါးပုံကို လည်း အောက်ပါအတိုင်း ဖော်ပြခဲ့ပြန်သည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

"အနှစ်ပညာမရှိပါက အင်္ဂါခြေလက်၊ ယောကျ်ားလျက်လည်း မိန်းမထက်သာ၊ ယုတ်မာဆိုးဝါး၊ မိုက်လုံးထွားသည်၊ နွားနှင့် ကျားနှင့် အတူတည်း"

မိန်းမတွင် မိန်းမဆိုးနှင့်မိန်းမကောင်း မိန်းမပြတ်ဟူ၍ရှိပြီး ယောကျ်ားတွင်လည်း အဆိုးအကောင်းရှိပါသည်။ လူ့စိတ်ဆိုသည်မှာ ဆန်းကြယ်လှ၏။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ပြောင်းလဲနေတတ်၏။ ကျွန်တော် ရေးခဲ့သည့် ယောကျ်ားတို့အကြောင်းမှာ ထိုပြောင်းလဲတတ်သော ယောကျ်ားတို့၏ သဘောသဘာဝကို ကျွန်တော် ခံစားနားလည်သလို ရေးဖွဲ့လိုက်ခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်ငယ်ရွယ်စဉ်က အမျိုးသမီးစာရေးဆရာများထဲတွင် ဆရာမကြီး ဒေါ်ခင်နှင်းယုကို အလွန်သဘောကျ၏။ ဆရာမကြီး၏ဝတ္ထုများကို မလွတ်တမ်း ဖတ်ရှု၏။ ထိုဝတ္ထုများထဲမှ "ယောကျ်ားတို့အကြောင်း" ဝတ္ထုတိုများကို အခါခါ ဖတ်ရှုဖူးပါသည်။ ထို့အပြင် ထိုဝတ္ထုများကို အခြေခံ ရိုက်ကူးခဲ့သော "ယောကျ်ားတို့အကြောင်း" ရုပ်ရှင်ကိုလည်း ကြည့်ဖြစ်အောင် ကြည့်ခဲ့မိ၏။ အကယ်ဒမီမင်းသမီးကြီး တင်တင်မူ၊ အကယ်ဒမီ မင်းသမီးကြီး ခင်ယုမေ၊ အကယ်ဒမီ တင်တင်နွဲ့၊ မင်းသားကြည်စိုးတို့ ပါဝင်သည်ကို မှတ်မိနေပါသည်။ တင်တင်မူက ယောကျ်ားတွေကို ညို့အားကောင်းကောင်းနှင့် ဆွဲငင်မှုရှိသည့် ဇာတ်ရုပ်နေရာတွင် သရုပ်ဆောင်ရ၏။ မင်းသားကြည်စိုးက ဆွဲတိုင်းပါသည့် ယောကျ်ားပျိုနေရာတွင် သရုပ်ဆောင်ရသည်။ ခင်ယုမေက လင်သည် အစ်မနောက်ပါသွားမှာကို ကြောက်နေရှာသည့်ဇနီးမယားအဖြစ် ဗျာများနေပုံကို သရုပ်ဆောင်သွားရာ အလွန်ပီပြင်လှ၏။

ထိုဇာတ်ကားမှာ အထူးအောင်မြင်ပါသည်။ ထိုဇာတ်ကားကို ကြည့်၍ "သြော်၊ ယောကျ်ားတွေဆိုတာ ဒီလိုပါလား"ဟု ရုပ်ရှင်ကြည့်သူများက ထင်သွားကြမည်ဖြစ်သည်။ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုက ထိုသို့သော ယောကျ်ားမျိုးသာမက မိန်းမတွေကို သည်းခံခွင့်လွှတ်၍ ပေါင်းသင်းတတ်သော ယောကျ်ားများအကြောင်းကိုလည်း ရေးခဲ့ပါသေးသည်။ သို့ရာတွင် ဆရာမကြီးက "ဒီယောကျ်ားတို့အကြောင်းဆိုတဲ့ ဝတ္ထုတွေကိုသာ ရေးနေတာပါ၊ ယခုအချိန်ထိ ယောကျ်ားတွေ ဘာကြိုက်သလဲဆိုတာ



ကျွန်မ မသိပါ"ဟု ဆိုပါ၏။

ဟုတ်ရဲ့လား ဆရာမကြီးရယ်၊ ကျွန်တော်လည်း ယောကျ်ားတစ်ယောက်ပါ၊ အိမ်ထောင်ရှိပါတယ်၊ ငယ်ငယ်က ရည်းစားတွေလည်း ထားခဲ့ဖူးပါတယ်၊ ဆရာမကြီးပြောသလို အခုချိန်အထိ ကျွန်တော်လည်း မိန်းမတွေအကြောင်းကို ကောင်းကောင်းမသိပါ။ အဲ၊ ယောကျ်ားတွေ ဘာကြိုက်သလဲဆိုတာကတော့ဗျာ၊ ယေဘူယျသဘော ပြောရမယ်ဆိုရင် အချော့ကြိုက်တာပေါ့ဗျာ၊ အမြှောက်ကြိုက်တာပေါ့ဗျာ၊ ချွဲတာနွဲ့တာ ကြိုက်တာပေါ့ဗျာ၊ ပွတ်သီး ပွတ်သပ်လုပ်တာ ကြိုက်တာပေါ့ဗျာ၊ ဒါက ယေဘူယျသဘောပြောတာပါ၊ ကဲ၊ ကျွန်တော်ပြောတာ မဟုတ်ဖူးလား စာရှုသူ အမျိုးသားများ ခင်ဗျာ။

ဒီအထဲက မတူတဲ့ ယောကျ်ားသားတွေလည်း ရှိချင်ရှိနေမှာပါ။ အဲဒီတော့ ကျွန်တော့် "ယောကျ်ားတို့အကြောင်း" ဝတ္ထုတိုကလေးတွေကတော့ ယောကျ်ားတွေရဲ့ အသက်အရွယ်အလိုက် ပြောင်းလဲတတ်အဲ့သဘောကို ကျွန်တော့်ရဲ့ အတွေ့အကြုံများပေါ်တွင် အခြေခံကာ ရေးလိုက်ခြင်းသာ ဖြစ်ပါသည်။ တကယ့်ယောကျ်ားသားတွေ အားလုံးအကြောင်းတော့ မဟုတ်ပါ။ ဒီအကြောင်းတွေအကုန်လုံးရေးနိုင်အောင်လည်း ကျွန်တော် စွမ်းဆောင်နိုင်ပါ။ ကျွန်တော် သိသလောက် မြင်သလောက် ကျွန်တော့် ပတ်ဝန်းကျင် အဝန်း အဝိုင်းမှ ယောကျ်ားသားများအကြောင်းကို ကျွန်တော် ဆက်လှမ်းမီသလောက် စုဆောင်းရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်ပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

သောင်းဝေဦး
၂၀-၈-၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# ကဲ–မေ့သဘော

ကျွန်တော့်တွင် ခယ်မလေးယောက်ရှိ၏။ ထို့ကြောင့် ဒုနဲ့အရံ လုံလောက်ပါပေသည်ဟု သူငယ်ချင်းစစ်ဗိုလ်များက မကြာခဏစကြသည်။

ကျွန်တော့်ဇနီးသည် မမေရီသည် မွေးချင်းကိုးယောက်အနက်မှ တစ်ဦးဖြစ်သည်။ အစ်ကိုနှစ်ယောက်၊ မောင်နှစ်ယောက်၊ ညီမချည်း လေးယောက်ဖြစ်၍ မိန်းကလေးငါးယောက်တွင် အစ်မကြီးဖြစ်၏။

ကျွန်တော်နဲ့မေရီအိမ်ထောင်ကျတော့ ခယ်မချောများ တစ်ဦးပြီး တစ်ဦး ကျွန်တော်တို့အိမ်တွင် လာနေကြသည်။ ဘယ်သူတွေဘာပြောပြော "ဥတကော နဠသင်္ဂဟော"ဆိုသည့် ဘုရားဟောနှင့်အညီ ကျွန်တော် ကလည်း ခယ်မချောချောများအား ကျေကျေနပ်နပ်ဖြင့် လက်ခံထားသည်။ ဇနီးသည်ကလည်း အစ်မကြီးအမိရာဖြင့် သူ့ညီမများအား ခေါ်ထားသည်။ သို့သည်သို့ဖြင့် ကျွန်တော့်အိမ်တွင် ခယ်မများ တစ်ယောက်ဆင်း တစ်ယောက် တက်စနစ်ဖြင့် နေသွားကြရာ ပထမ အေမီ ဒုတိယ ဒေါ်ရစ်(စ်)၊ တတိယ ဇရီးဒါ၊ စတုတ္ထ ဖလောရင့်(စ်)တို့ ဖြစ်ကြပေသည်။

ငှင်းတို့လေးယောက်အနက် ဖလောရင့်(စ်)သည် ကျွန်တော့်အား အလုပ်အပေးဆုံး ခယ်မချောပါတည်း။

"မရီးကို မတ်ကကြဲ၊ မိုးကမမှန်
ခယ်မကို ခဲအိုကပိုး၊ ကောင်းတဲ့ရွှေမိုး"

ဆိုရိုးစကားရှိခဲ့ငြားလည်း ဘယ်ခယ်မမှ ကျွန်တော်မတို့မထိခဲ့ လူကြီးလူကောင်းပီပီ တည်ကြည်စွာနေခဲ့၍လည်း ခယ်မများက စိတ် လက်ချ ကျွန်တော့်အိမ်မှာ ပျော်ကြသည်။ သို့ဖြစ်၍လည်း တစ်ယောက်ပြီး တစ်ယောက် အိမ်ရောက်လာကြ၏။ သူတို့လာခါနီးတိုင်း ဇနီးသည်မေ

"ကိုရေ သားကြီးထိန်းဖို့ အေမီကိုခေါ်မယ်နော်"

"ကိုရေ့ မေတစ်ယောက်တည်းဖြစ်နေလို့ ကို ခရီးထွက်ရင် ဒေါ်ရစ်(စ်)ကို ခေါ်ထားမယ်နော်"





"ကိုရေ ဇရီးဒါက နွေကျောင်းပိတ်ရက်မှာ သူ့တူနဲ့ တူမတွေဆီ လာလည်ချင်လို့တဲ့၊ ခေါ်လိုက်မယ်နော် ကို"

စသည် စသည်များဖြင့် သူတို့ရောက်လာကြသည်။ လအတန်ကြာ အောင် နေပြီးပြန်ကြသည်။ တစ်ခါမက မကြာခဏရောက်လာတတ်သည်။ ကြာတော့ ကျွန်တော်သည် ဒုတွေအရံတွေမရှိရင်တောင် မနေတတ်တော့ ပါ။ တိုက်စစ်သမားဆိုတော့ ဒုတို့အရံတို့ကလည်း လိုသည်ပေါ့လေ။

ကျွန်တော့် ခယ်မများတွင် ဖလောရင့်(စ်)သည် အငယ်ဆုံး။

ကျွန်တော်နှင့်မေ အိမ်ထောင်ကျတော့ ဒီကလေးမက လေးတန်း ကျောင်းသူ၊ သားကြီးကျောင်းစထားချိန်တွင် သူဆယ်တန်းအောင်ပြီး တက္ကသိုလ် စတက်ရသည်။ ကျွန်တော်တို့တပ်ကလည်း သူတက်ရမည့် တက္ကသိုလ်နှင့် တစ်မြို့ထဲဖြစ်နေသဖြင့် သူ့အစ်မကြီး မေက

"ကိုရေ ဖလောရင့်(စ်) တက္ကသိုလ်တက်ရင် မေတို့အိမ်ကပဲ တက်နိုင်းမလားလို့"ဟု ဆိုလာ၏။

BURMESE CLASSIC

ကျွန်တော်ကဇနီးသည် ဆန္ဒအားဘယ်နံ့ရောအခါကမှ အတိုက်အခံ လုပ်လေ့လုပ်ထမရှိ။ သို့ဖြစ်၍ ထိုစကားတစ်ခွန်းဖြင့်ပင် ဖလောရင့်(စ်) တစ်ယောက် ကျွန်တော်တို့အိမ်မှနေ၍ တက္ကသိုလ်တက်ရန် လုံလောက် သွား၏။

ကံအားလျော်စွာ တက္ကသိုလ်ကျောင်းသူခယ်မ အိမ်ရောက်လာ သည့်အချိန်တွင် ကျွန်တော်ကလည်း စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေရ သည့် စစ်သားဘဝမှ ရုံးတာဝန်ပြောင်းလဲထမ်းဆောင်ရသည့်ကာလနှင့် သွားတိုက်ဆိုင်နေသည်။

အင်း ကျွန်တော့်ခမျာ ကောက်ရိုးပုံစောင့်သည့် သူနဂွာဘဝတို့ အခြေအနေအရ အလိုအလျောက် ကျရောက်သွားပါတော့သည်ခင်ဗျား။

ခယ်မ ဖလောရင့်(စ်) တက္ကသိုလ်တက်တော့ အသက်ဆယ့်ရှစ်နှစ် ခန့် ဖြစ်မည်။ အစ်မတွေထက် အရပ်ပိုမြင့်ပြီး ဖြူဝင်းသောအသားအရေ၊ မျက်တောင်ကော့ကြီးများအောက်မှ ဝိုင်းစက်သောမျက်လုံးများနှင့် လှိုင်းထွန့် နေသောအိုမီကါဆံပင်လေးက ခါခါ,ခါခါနှင့် အသက်အရွယ်ထက် အငယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ဖွံ့ဖြိုးဟန်ရှိသော ရှိက်ဖိုကြီးငယ်အသွယ်သွယ်များကို ပေါင်းစပ်လိုက်သော် ခယ်မငယ်သည် လူငယ်လူရွယ်လေးများ စိတ်ဝင်စားစရာ ထင်ရှားသည့်ပစ်မှတ်တစ်ခု ဖြစ်နေပါတော့သည်။

တပ်မှ လူပျိုအရာရှိငယ်လေးများက စစ်ဆင်ရေးက ပြန်ရောက်တိုင်း အိမ်လာလည်ကြသည်။ အိမ်ကပစ်မှတ်အား လက်တည့်စမ်းချင်သလိုလို လုပ်ကြသည်။ သူတို့လာတိုင်းလည်း

"အစ်ကိုကြီးနဲ့ အစ်မကြီးအတွက်"

ဟုဆိုရင်း လက်ဆောင်ပစ္စည်းလေးများ ပါလာတတ်သည်။ မေ့အား အမျိုးသမီးကြိုက်ပစ္စည်းတစ်ခုပေးတိုင်း ပစ်မှတ်အတွက် အပိုတစ်ခု ထည့်ပေးကြသည်။ ထို့ကြောင့် ကျွန်တော့်အတွက်ထက် မေ့အတွက် ပစ္စည်းပေးကြတာ ပိုများသည်။ တချို့ကတော့လည်း ခပ်ပြောင်ပြောင်ပင် ညီအစ်မနှစ်ယောက် အတွက်ဟု ပြောပေးသည်။ ငွေကုန်သည်ဟုလည်း မကြားတကြားစသည်။ ကျွန်တော်က ကြားကမျက်နှာပူရသည်။

"အေး မင်းတို့ပေးကြ၊ ပေးကြ၊ ပြီးတော့မှ ငါ့ဆီလာပြီးတပ်ရေးဗိုလ်ကြီး လုပ်ပါဦးဆိုပြီး ကြိုတင်ချက်လက်မှတ်တော့ လာမလဲကြနဲ့နော်"

ဟု ခပ်မာမာ သတိပေးရသည်။ ထိုအချိန်များတွင်တော့ သကောင့်သားများက ပြုံးစိစိဖြင့်

"အစ်ကိုကြီးကလည်းဗျာ ဒေါသကြီးပဲ၊ အိမ်သာလို့ ဧည့်ရောက်၊ ကန်သာလို့ ကြာပေါက်တာပဲ"

"အေး ကြာမပေါက်ဘဲ၊ ချောင်းပေါက်နေမှာစိုးလို့၊ ငါ့လူတို့ရေ"

ပြော၍သာပြောရသည်။ ကျွန်တော်တို့ ဇနီးမောင်နှံ က အပေါင်းအသင်းခင်မင်တတ်သူများမို့ သူတို့ဝင်ထွက်ကြသည်ကို ကျေနပ်နေပါသည်။ ထို့ကြောင့် ရေ့တန်းပြန်လူပျိုအရာရှိများအား မကြာခဏ ထမင်းခေါ်ကျွေးဖြစ်သည်။ ဖလောရင့်(စ်) ကျောင်းပိတ်ရက်များဆို သူမက ဧည့်ခံတတ်သည်မို့ ပိုမိုပြီး လူစည်ကားသည်။ ဘေးကတောင်

"မမေရီတို့အိမ်ကတော့ ရုံးပိတ်ရက်ဆို လူစည်ပွဲတော်"

ဟု မကြားတကြားစကြသည်။

ထိုစဉ်က ကျွန်တော်တို့တပ်တွင် လူပျိုအရာရှိနှစ်ဦး၊ ရှစ်ဦးရှိသည်။ ၎င်းတို့အနက် ငါးဦးခန့်မှာ ကျွန်တော်နှင့်တပ်ခွဲတစ်ခွဲတည်း အတူနေခဲ့သူများ





ဖြစ်သည်။ အားလုံးလိုလို ကျွန်တော့်အိမ်ဝင်ထွက်နေကြသည်မို့ ဖလောရင့်(စ်)နှင့် အားလုံးခင်မင်ကြသည်။

ခရစ်တော်၏ သမီးပျို ဖလောရင့်(စ်)က ဆက်ဆံရေးပွင့်လင်းသည်။ အင်္ဂလိပ်ကျောင်းသူဖြစ်၍လည်း အပြင်အဆင်နှင့် ဝတ်စားဆင်ယင်မှုက ခေတ်မီသည်။ သို့ဖြစ်ခြင်းကြောင့် သူတို့ထဲမှ ဖလောရင့်(စ်)အား အထူးမျက်စိကျနေသူနှစ်ဦး၊ သုံးဦးရှိသည်။ သူလိုလို ငါလိုလိုပေါ့။

ကျွန်တော်ကတော့ ကောက်ရိုးစားသူမဟုတ်သဖြင့် ကောက်ရိုးပုံအား ကြာကြာမစောင့်လို၊ ကောက်ရိုးကြိုက်သူများအား လွှဲပေးလိုပါသည်။ ထို့ကြောင့် ဘယ်သူ့လွှဲပေးရမလဲဆိုတာကို စစ်မြေပြင်ရောက် ကင်းသမားမျက်စိဖြင့် အသေအချာစောင့်ကြည့်နေခဲ့မိပါတော့သည်။

လကောဆိုတဲ့ လောက်ကြီးက အတော်ထူးဆန်းသည်။

ကျွန်တော်စောင့်ကြည့်နေသည့် ကာလတောင်မနည်းကြာသည်အထိ ကောက်ရိုးပုံစောင့်ရသည့်ကိစ္စမှာ ဘစ်မှမဖြာ ဘာမှဖြစ်မလာခဲ့ပါ။

အဲ ထူးလာတာကတော့ တစ်ခုပဲရှိ၏။ ဖလောရင့်(စ်) စာကြည့်စားပွဲသို့ သူမ မရှိစဉ် ရံဖန်ရံခါ ကျွန်တော်ရောက်တတ်သည်။ စာအုပ်များကို ဟိုလှန်ဒီလှန်ကြည့်မိသည်။ ဒုတိယနှစ်တွင် သူမကျောင်းစာအုပ်များကြား၌ ဂီတသင်္ကေတများ၊ Notes နုတ်(စ်)များ၊ အညွှန်းများအား တွေ့လာရသည်။ ခေတ်ပေါ် သီချင်းများကိုလည်း Notes နုတ်(စ်)ဖြင့် မှတ်သားထားသည်အား တွေ့သည်။ အိမ်တွင် တစ်ကြိမ်တစ်ခါမျှ သီချင်းမငြီးဘူးသည့် နှုတ်ကလေးဆီမှာ ယခုလို လက္ခဏာအမှတ်အသားများတွေ့တော့ ကျွန်တော့်မှာ အံ့ဩနေ၏။

"ဪ ကလေးမလေးနဲ့ ဘယ်လိုများဖြစ်သွားပါလိမ့်"

တွေ့သည့်အကြိမ်များလာသည့်အခါ ကျွန်တော်က

"မေရေ မေ့ညီမက သီချင်းလည်း တစ်ခါမှမဆိုဘဲနဲ့ သီချင်း Notes နုတ်(စ်)တွေ ကူးထားတာတွေ့တယ်၊ ဘာလဲမသိဘူး"

"ဪ Church ချာ့(ချ်)က သူ့ သူငယ်ချင်းတွေနဲ့ဆိုတဲ့ Choir ကွာယာတွေလားမှ မသိဘဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မေက ခပ်ပေါ့ပေါ့ပင်ဖြေသည်။ သူ့အစ်မက ခပ်ပေါ့ပေါ့ဖြေသည်။ သူ့ညီမအားလည်း ကျွန်တော်က ဘာမှမစောကြောမိခဲ့။

ထို့သို့ဖြင့် ဖလောရင့်(စ်) ဒုတိယနှစ်အောင်သွားသည်။ တတိယနှစ်ပြန်တက်သည်တွင် ခယ်မချောက ဘာမပြောညာမပြောနှင့် အဆောင်လျှောက်၍ အဆောင်သို့ပြောင်းသွားပါတော့သည်။

"ဟဲ့ မိန်းမရဲ့ ဖလောရင့်(စ်)က ဘယ်လိုဖြစ်ရတာလဲ"

ဟု ကျွန်တော်ပြောသောအခါ

"မေလည်း မသိဘူး ကို၊ မေးကြည့်ဦးမယ်"

မေက သူ့ညီမကိုမေးတော့

"ဘာမှ မဖြစ်ပါဘူး၊ အဆောင်မှာ လွတ်လွတ်လပ်လပ်စာကြည့်ချင်လို့" ဆိုပဲ။

ကျွန်တော်က သိပ်မယုံ၊ မေ့အား ဘေးကိုထပ်မံစုံစမ်းကြည့်နိုင်ပါသည်။ သိပ်မကြာပါ။ အဖြေပေါ်လာသည်။ ဖလောရင့်(စ်)တစ်ယောက် မြို့ခံတီးဝိုင်းက ဂီတသမားကောင်လေးတစ်ယောက်နဲ့ တွဲနေသည်ဆိုပဲ။

ကောင်လေးနာမည်က ဂျိုးဇက်တဲ့။ သူ့ကောင်လေးက ဆယ်တန်းနှစ်ခါကျထားသည့် ကျောင်းသားလူထွက်အိုယောင်ဝါး။ ရုပ်ကလေးကသနားကမားပေမယ့် မိဘများကတော့ ခပ်နွမ်းနွမ်းပါးပါးထဲက။

သို့ဖြစ်၍ ကျွန်တော်က မေ့အား သူ့ညီမကို သတိပေးဆုံးမရန်ပြောမိ၏။ "ခြံခတ်ထားသည့် ကောက်ရိုးပုံအား ကလေကချေနွားက လာဆွဲစားတာမျိုးတော့ မဖြစ်သင့်"ဟု ထင်သည်။

ဖလောရင့်(စ်)က သူ့အစ်မကြီးအား ထိုသူငယ်သည် သူနှင့်ငယ်သူငယ်ချင်းပါ၊ ရိုးရိုးသားသားခင်မင်တာပါဟု ဆို၏။

ထိုနှစ်တွင်ပင် ရုတ်တရက် ကျွန်တော်တစ်ပြောင်းမိန့်ထွက်၍ အထက်မြန်မာပြည်ဘက် ပြောင်းခဲ့ရသည်။ မပြောင်းမီ ခယ်မချောအားတွေ့ပြီး

"**အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး ဒီသုံးချက် ခုမပိုင်ရင် နောင်ပြင်နိုင်ခက်တဲ့အမျိုး**" ဆိုသည်ကို ရှင်းပြခဲ့ပါသေးသည်။ ခဲအို ဆို... ည်း အစ်ကိုတစ်ယောက်လို ဝတ္တရားဆိုတဲ့ဝါးတရစ်က ရှိသေးသည် မဟုတ်ပါလားခင်ဗျာ။





ခယ်မချောဖလောရင့်(စ်)ကတော့ အင်း မလှုပ်၊ အဲ မလှုပ်။

ကျွန်တော်သာ ကောက်ရိုးပုံစောင့်ရသည့် သုနက္ခဘဝမှ ကင်းကောင်းထောက်မစွာ လွတ်မြောက်လာခဲ့ရပါသည်ခင်ဗျား။

ဖလောရင့်(စ်)က ဘွဲ့ရသည့်နှစ်တွင်ပင် အိမ်ထောင်ကျသွားသည်။ သူ့သူငယ်ချင်းရည်းစား အိုယောင်ဝါးဂီတသမား ကောင်လေးနဲ့ပါပဲ၊ ကောင်လေးကယောင်ခြောက်ဆယ်မို့ သူမကပဲ သူတို့တဝရပ်တည်မှုအတွက် ရှုလတန်းပြဆရာမလုပ်ပြီး လင်မယားနှစ်ယောက် အတူနေကြသတဲ့။

"ဟင်း ကောင်းရော"

ကြားက စိတ်မောနေမိသည့် ကျွန်တော်က ကရုဏာဒေါ်သောဖြင့်

"အင်း မေရေ၊ ဖလောရင့်(စ်)ကတော့ မွဲချင်တဲ့ခွေးမို့ ပြာပုံတိုးပြီ ထင်တယ်"

ဟု ခပ်ရိုင်းရိုင်းပင် ပြောမိသည်။ စေတနာတွေက ဝေဒနာဖြစ်သွားပြီကိုး။ မေကတော့

"သူ့ကုသိုလ်နဲ့သူ့ပေါ့ကိုရယ်၊ ကိုယ့်တက်က တာဝန်ကျေခဲ့ပြီးပြီပဲ"

ဟု သူ့ညီမအငယ်ဆုံးလေးအား ခွင့်လွှတ်စကားဆိုသည်။

ကျွန်တော်ကတော့ မစွန့်စားသည့် ယောက်ျားဆို ကြည့်မရတတ်သူမို့ ထိုယောက်ျားမျိုးယူသည့် ဖလောရင့်(စ်)အားလည်း ခွင့်မလွှတ်နိုင်ပါ။ သို့ရာတွင် ကိုယ့်ညီမအရင်းလည်းမဟုတ်၍ တသသလုပ်နေရင် ဘေးကပြောစရာဖြစ်လာဦးမည်မို့ ဖာသာလဝါနေကာ ဥပေက္ခာပြုလိုက်မိပါတော့သည်။

ခုတော့ နှစ်ပေါင်းများစွာကြာသွားခဲ့ပါပြီ။

သားကြီးတောင် ကျောင်းကထွက်ပြီး အလုပ်ဝင်နေသည်မှာ လေးငါးနှစ်ရှိပြီ။ သမီးနှစ်ယောက်က တက္ကသိုလ်ရောက်ကြပြီ။ ကျွန်တော်လည်း နိုင်ငံတော်က ချီးမြှင့်ထားသည့် ရန်ကုန်ရှိ မြေကွက်ကလေးမှာ အိမ်ဆောက်၍ ကလေးများအား တက္ကသိုလ်တက်စေသည်။ မေက သူ့ကလေးများနှင့်အတူ ရန်ကုန်လိုက်နေသည်။ စစ်ဆင်ရေးက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သည့်အခါများတွင်သာ တပ်သို့လိုက်လာတတ်သည်။ လောလော ဆယ် ကျွန်တော်က စစ်ကိုင်းတပ်မှာ တာဝန် ကျသည်။ ယခုတစ်ခေါက် တပ်ကို မေလိုက်လာတော့

"ကိုရေ ဖလောရင့်(စ်)ရဲ့ သမီးနှစ်ယောက် ဒီနှစ်ဆယ်တန်းအောင် တယ်၊ အဲဒါ ကောလိပ်တက်ကြမလို့တဲ့"

"တက်ပေါ့ အဲဒါ ဘာဖြစ်လဲ"

ဖလောရင့်(စ်)ဟု အသံကြားကတည်းက ကျွန်တော်က သူမနှင့် ပတ်သက်ပြီး စိတ်အချဉ်ပေါက်နေသူမို့ ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"မဟုတ်ပါဘူး ကိုရယ်၊ ဖလောရင့်(စ်)က သမီးနှစ်ယောက်လုံး အဆောင်ထားဖို့မတတ်နိုင်လို့ မေတို့အိမ်မှာ လာထားချင်လို့တဲ့"

"သူကလေးတွေက စာသိပ်တော်ကြတာ၊ ဒီနှစ် ဒီလေးငါးလုံးနဲ့ ဆယ်တန်းအောင်ပြီး တက္ကသိုလ်လျှောက်တာ နှစ်ယောက်လုံး မယ်ဒီကယ် ဝင်တယ် ကို၊ အဲဒါ ရန်ကုန်မှာထားမှရမှာ၊ ပြီးခဲ့တဲ့အခေါက် မေ စစ်ကိုင်းက အပြန် ပဲခူးမှာတွေ့တော့ ကလေးမလေးတွေက အန်တီကြီးဆီလာနေပါ စေလို့ ပြောကြတယ်၊ သူတို့အဖေ ဂျိုးဇက်ကလည်း တောင်းတောင်းပန်ပန် ဝင်ပြောရှာတယ်"

"ဘာတွေပြောလဲ"

"ဪ သူကလေးတွေက စာတော်ကြောင်း၊ ကလေးတွေအတွက် သူ့မှာဘာမှမတတ်နိုင်လို့ စိတ်မကောင်းနေရကြောင်း၊ မေတို့တတ်နိုင်သမျှ ကူညီပါဆိုတဲ့ အကြောင်းတွေပေါ့"

"အို တစ်သက်လုံး အိယောင်ဝါးနဲ့ အလုပ်လက်ကြောတင်းအောင် မလုပ်ဘဲနေလာပြီး ခုမှ ကူညီညာဝိုင်းလို့ မှိုင်းမတော်မှုပါတွေ ဘာတွေညာ တွေ လုပ်မနေစမ်းပါနဲ့ကွာ၊ နို့ သူ့မိန်းမ ဖလောရင့်(စ်)ကရော"

"သူကလည်း သူ့ယောကျ်ားနဲ့ အတူတူပါပဲ၊ သူ့အလယ်တန်းပြ ဆရာမလစာနဲ့ကတော့ ဒီကလေးနှစ်ယောက်လုံး ဘယ်ဆေးတက္ကသိုလ် ထားနိုင်မှာလဲ၊ အငယ်ဆုံးမကလေးကလည်း ဒီနှစ်ကိုးတန်းလားရောက်နေပြီ အတန်းကြီးတွေချည်း သုံးယောက်ဆိုတော့ ဘယ်လွယ်မလဲ ကိုရဲ့၊ အဲဒါ ကြောင့် မမကြီး ကူညီပါဦးပေါ့"

"အိမ်က သမီးတွေက ကားနဲ့တယ်လီဖုန်းနဲ့ မဟုတ်လား၊ သူတို့





ကလေးတွေက အိမ်က သမီးတွေကို သိပ်အားကျနေတာ၊ အဲဒါ သူတို့အဖေ ကို အားမလိုအားမရဖြစ်နေကြတာ၊ သူတို့အဖေကလည်း အခုအချိန်ထိ ယယ်ကလိုပဲ ခပ်ပျင်းပျင်း၊ ခပ်ဖျင်းဖျင်းနဲ့ လက်ကြောမတင်းဘူး မဟုတ် လား ကိုရဲ့"

"ဟ အိမ်က ကလေးတွေ အားကျရင် သူ့အမေကို ငယ်ငယ်တုံးက ကိုယ့်လိုကောင်မျိုး ယူခိုင်းပေါ့"

ကျွန်တော်က အငေါ်တူးလိုက်၏။ ကျွန်တော်ပြောသည်ကို မကြား ဟန်ဖြင့် မေက

"ကလေးတွေကသာ သူတို့အဖေကို အားမရနေတာ၊ သူတို့ အမေကတော့ သူတို့အဖေကို ချစ်နေတာပါပဲနော်၊ တစ်ခါမှတောင် သူ့ ယောကျ်ားကို ဆူဆူပူပူ ငြူငြူစူစူလုပ်တာ မတွေ့ဘူးသေးဘူး"

"အောင်မယ်လေး ဟုတ်ပါ့ဗျာ၊ လောကမှာလည်း ဖလောရင့်(စ်)လို အမျိုးသမီးမျိုးကလည်းရှိသေး၊ သူ့လိုမိန်းမရှိလို့ သူ့ယောကျ်ားလိုလူမျိုးက သည်း ရှိတာကိုး၊ လိုက်လည်းလိုက်တဲ့ လင်မယား၊ တစ်သက်လုံး မယားက ကျွေးနေတာ၊ လင်က အခန့်သားထိုင်စားလို့၊ တို့ဘဝတွေနဲ့တော့ တခြား ပဲ၊ ကွာပါ့ဗျာ၊ ဟင်း ပြောကို မပြောချင်တော့ဘူး"

မပြောချင်ဘူးဟုသာ ဆိုလိုက်သော်လည်း အလိပ်လိုက်ထွက်လာ သည့် ဒေါသကြောင့် ဒေါ်မြလေးအသံဖြင့် အတော်တော့ပြောချလိုက် ပါသည်။

"ကိုကလည်း ပစ္စည်းမဲ့ဒေါသတွေ သိပ်မထွက်မနေစမ်းပါနဲ့၊ ဘယ်သူ့ပညာရေးမဆို ကို အမြဲအားပေးလာတာ ဒီတစ်ခါလည်းဆက်အား ပေးလိုက်စမ်းပါဦး ဆရာကြီးရယ်၊ ဆရာစိတ်ကလေး ပြန်မွေးစမ်းပါဦးကိုရဲ့"

အရပ်သားဘဝက ကျောင်းဆရာ၊ ဒို့နောက် စစ်သားဘဝတွင် စစ်ကျောင်းနည်းပြဆရာလုပ်ခဲ့ဖူးသည့် ကျွန်တော့်အား မေက လေချိုလေး သွေးပြီး ချော့ချော့မော့မော့ ပြောလိုက်သည်။ ကျွန်တော်ကလည်း အိမ်သူ သက်ထား ဇနီးမယားက ချော့လိုက်ရင် ပျော့တတ်သူ မဟုတ်လား။

"အင်း လုပ်ပါလေ၊ လက်ခံချင်လက်ခံပေါ့၊ ဒါပေမယ့် ဖလောရင့် (စ်)လို မိန်းမစားမျိုးကတော့ ခပ်ရှားရှားဆိုတော့ စာဖွဲ့လောက်တယ်ကွ၊ စာဖွဲ့ရမယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ စာဖတ်ဝါသနာပါသည့် မေက ငါး‌ရဲ့ ပြုံးလေပြုံးပြီး

''ကို နောက်ကျသွားပြီ ဆရာကြီးဖော်ဂျီက စာဖွဲ့သွားပြီပဲ၊ မဖော့နဲ့ ကိုဆင်လေ၊ ခေါင်းစဉ်က သူ့မယားတဲ့၊ ကို ဖတ်ဖူးလား၊ ကဲပါကိုရယ် သူတို့ချင်း ကျေနပ်နေကြတာပဲ၊ ကြားက ဆားဖျက်မနေပါနဲ့၊ ကလေးတွေ လက်ခံမယ့်အကြောင်း မေအကြောင်းပြန်လိုက်မယ်နော်''

စစ်ဆင်ရေးတာဝန်ကြောင့် ခြောက်လာတာမျှ လူချင်းကင်းကွာ နေကြပြီး ခုမှပြန်တွေ့ရသည့် မရွှေမေအား သူ့စကားအဆုံးတွင် ကျွန်တော် က တစ်ကိုယ်လုံး သိမ်းကျုံးကြည့်လိုက်သည်။

ရှုပါအပြတ်ရှိုင်းထားသော မေက ကျွန်တော့်အား အစိပ္ပာယ်ပါပါ ပြန်ကြည့်နေ၏။ ခရီးရောက်မဆိုက် ရန်ဖြစ်လေ့ဖြစ်ထမရှိသည့် ကျွန်တော့် ထုံးစံအတိုင်း

''ကဲ မေ့သဘော၊ မေ့သဘော၊ ကြိုက်သလိုသာ လုပ်ပါတော့ဗျာ''

ဟု သူ့တူမတွေ အိမ်လာနေမယ့်ကိစ္စအား အကြွင်းမဲ့သဘော တူလိုက်ရပါတော့သည်ခင်ဗျား။

''ဟင်း ပြောကိုမပြောချင်တော့ပါဘူး၊ မိန်းမတွေများဗျာ''

၁၉၉၅ခုနှစ်၊ ဧပြီ၊ စစ်ကိုင်းတွင် တာဝန်ကျစဉ်က ရေးသည်။



## မတူလေသည့် နေ့နဲ့ည

အိမ်ကြီးမှာ သူတစ်ယောက်တည်းမို့ အရာအားလုံးက တိတ်ဆိတ် နေသည်။ ညကလည်း ခုနစ်နာရီထိုးပြီ၊ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှ၏။ အခုလို သူအထီးကျန်ဆန်သည်မှာ (၆)လတာနီးပါးရှိပြီ။ ဒီနေရာ ဖေယျာ ကမ်းသို့ အဆင့်မြင့်အရာရှိကြီးတာဝန်နှင့် ရာထူးတိုး၍ သူရောက်လာခြင်း ဖြစ်သည်။ အသက်လေးဆယ်အရွယ်တွင် မင်းပေါက်စိုးပေါက် ရာထူးကြီး ကိုသူမလာ၏။ ဒီလိုရာထူးကြီးရဖို့ သူ့ဘဝမှာ အစစအရာရာ စွန့်လွှတ် နိုင်စားခဲ့ရသည်။ အခုလည်း ဇနီးမယားနဲ့ သမီးသားများအား မြို့တော်ကြီးမှာ ထား၍ ရာထူးတိုးတက်ရရှိခြင်းကြောင့် သူတစ်ဦးတည်း ဒီမှာလာနေရတာပါ။ သားစုကို ခေါ်လာ၍ကလည်းမဖြစ်၊ ဟိုမှာလည်း သူတို့ပညာရေး၊ စီးပွား ရေး၊ လူမှုရေးကိစ္စများက ရှိသေးသည်မဟုတ်လား။ ရာထူးဂုဏ်ထူးသာမက လောကမှာ ငွေရှိဖို့ကလည်း အရေးကြီးသေးသည်လေ။

''အပီယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ဝိ ပီယေဟိ ဝိပ္ပယောဂေါ ဒုက္ခော''

သူ နှုတ်မှ ခပ်တိုးတိုးရေရွတ်လိုက်သည်။

''ချစ်သောသူနှင့် ကွေကွင်း ရခြင်းသည် ဆင်းရဲခြင်းပါတကား''

ထိုဆင်းရဲဒုက္ခကို သူ မုန်းသည်။ ဒါ့အပြင် အရာရှိကြီးတန်မဲ့ အိမ်လည်ပြောဆိုရခြင်းကိုလည်း သူ မုန်းမိပါသည်။ ဇနီးသည်နှင့် သားသမီး များအား တစ်ရပ်တစ်ကျေးမှာထားပြီး တစ်ကိုယ်တည်း အထီးကျန်စွာနေရ သည့် ဆင်းရဲဒုက္ခမှာ မသေးလှပါ။ အတော်ခံစားရပါသည်။ ဇနီးမယားနှင့် သားသမီးများကို နေ့တိုင်းလိုလို လွမ်းဆွတ်သတိရနေပါသည်။ ဒါတွင်မက ရာထူးသာကြီးနေသော်လည်း မကြီးသေးသည့် သူ့အသက်က လည်း သူ့အား မကြာခဏဒုက္ခပေး၏။ ကျန်းမာကြံ့ခိုင်ပြီး ဆန့်ကျင်ဘက်လိင် အား ဆွဲဆောင်နိုင်သည့် ခန့်ညားမွန်ရည်သောရုပ်ရည်ကြောင့်လည်း သူ့ ရောက်လေရာ ဆန့်ကျင်ဘက်လိင်များ၏ စိတ်ဝင်စားမှုကိုခံရသည်။ ဒါက လည်း ဒုက္ခတစ်မျိုးပါ။

''ဦးအောင်မြင်က ခန့်ချောကြီးနော်'' တဲ့။

သူ့အားတွေ့ဖူးသည့် ပျိုကညာတို့က ဆိုစရာဖြစ်ခဲ့သည်။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိပြီး သူပြုံးလိုက်မိပြန်သည်။

◆ ◆ ◆

''တီ တီ တီ''

ဖုန်းသံမြည်လာ၏။ သူကောက်ကိုင်လိုက်သည်။

''ဖိုးအောင်လား၊ ကိုယ်ပါ''

''ဟုတ်ပါတယ်၊ ပြော သူငယ်ချင်း''

''ဘာပြောရမှာလဲ ဖိုးအောင်၊ မင်းပြောထားတာ မေ့နေပြီလား ကနေ့ည ရှစ်နာရီမတိုင်မီ ကိုယ့်ဆီကူးလာဖို့လေ''

''ဖြစ်ပါ့မလား''

သူကစိုးရိမ်စိတ်ဖြင့် မေးမိသည်။

''ဖြစ်ပါတယ်၊ အိုကေပါ၊ အားလုံးအဆင်သင့်ပဲ၊ ဘာမှမပူပါနဲ့ လာဖြစ်အောင်သာ လာခဲ့ပါလေ၊ သူငယ်ချင်း စိတ်ချမ်းသာရမှာပေါ့''

ဖုန်းကိုင်ရင်း သူ ကမန်းကတန်း စဉ်းစားလိုက်သည်။

''သိပ်မစဉ်းစားနဲ့ သူငယ်ချင်း၊ ကိုယ်လည်း အခြေအနေပေးတုန်း ပြုရတာ၊ ဒီလိုအဆင်ပြေဖို့က လွယ်တာမဟုတ်ဘူး၊ လာမယ်မဟုတ်လား''

တစ်ဖက်က ရိပ်မိပုံရ၏။ သူငြိမ်နေသဖြင့် ထပ်ပြီးပြောသည်။ ခြောက်လတာမျှ အထီးကျန်နေခဲ့ရမှုနှင့် တိတ်ဆိတ်သော ပတ်ဝန်းကျင်က သူ့အား လှုံ့ဆော်လိုက်သည်။

''ကဲ ဒါဆို အခုပဲလာခဲ့မယ် သူငယ်ချင်းရာ၊ စောင့်သာနေတော့''

အထက်ပါအတိုင်း ပြောပြီး သူဖုန်းချလိုက်သည်။ ထို့နောက် ဆလွန်းကားလေးအား ကိုယ်တိုင်မောင်း၍ အရှေ့ဘက်ကမ်းကို သူထွက်လာခဲ့မိသည်။

ရတနာပုံညဈ်အရသာကို သူမြည်းစမ်းကြည့်မည်ပေါ့။ တစ်ခါမှ မကြုံဘူးသေးပါ။

◆ ◆ ◆

ကားပေါ်က ဆင်းလိုက်လျှင်ပင် သူ့သူငယ်ချင်းက ချက်ချင်း ထွက်ကြိုသည်။

''လာ ဖိုးအောင်၊ အတွင်းမှာ အသင့်ပဲ''





ပြောပြောဆိုဆို သူ့လက်အားဆွဲ၍ အိမ်ထဲခေါ်သွားသည်။ အိမ်ထဲ မှာတော့

ချောမောသည့် မိန်းမပျိုလေးနှစ်ဦးထိုင်လျက်။ တစ်ဦးက အသား ဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည်က ဖွံ့ဖွံ့ဖြိုးဖြိုးဒိုင်ယာနာဆံပင်မျိုးဖြင့် နှုတ်ခမ်း နီလွှာကနီနီရဲရဲ ဂန္ဓာလရာဇ်သွေးပါသည်ဟု ထင်ရသည်။ မျက်နှာမှာ မိတ်ကပ်တင်ထားပြီး အပြုံးလှလှဖြင့်။ တစ်ဦးကတော့ အသားလတ်လတ်၊ မျက်နှာဝိုင်းဝိုင်း၊ ပါးမှာ သနပ်ခါးပါးပါးလူးထားသည်။ ဆံပင်ကမူ မြန်မာ ဆန်ဆန် ရှည်ရှည်လျားလျား၊ မိန်းကလေးက ထရပ်လိုက်ရာ ဆံပင်သာ ရှည်သည်မဟုတ်၊ အရပ်ကလည်းခပ်ရှည်ရှည်၊ ပေါင်တံများက တောင့်တောင့် ဖြောင့်ဖြောင့်၊ ရွှေဘိုမင်းကြိုက် နှစ်ဦးစလုံးက အသက်နှစ်ဆယ်သာသာ အရွယ်တွေ။

သူ တစ်ချက် ဝေ့ကြည့်လိုက်သည်။

ပွင့်ပွင့်လင်းလင်းဝန်ခံရမည်ဆိုပါက ဒီလိုကောက်ကြောင်းလှလှနဲ့ နှစ်စရာကလေးမလေးများကို ငယ်စဉ်ကပင် သူသဘောအကျကြီးကျခဲ့ပါ သည်၊ အောင်မြင်ခြင်းဆိုတဲ့ ဆုလဒ်ကြီးကြောင့် ဒါတွေကို သူအကြိမ်များစွာ ရှောင်ခဲ့ရ၏။ ထိုအကြိမ်တွေကို မမှတ်မိနိုင်တော့ပါ။ ခုတော့ ''မရှောင်နိုင်တဲ့ ချောင်ကြားမှာ မင်းနဲ့ငါသွား''ဆိုတဲ့ ငယ်စဉ်ကကြားဖူးခဲ့သည့် ဇာတ်စကား ကို မှောင်မိုက်မိုက်မှာ ချောင်ကြိုက်ကြိုက်နဲ့ဇာတ်ကြမ်းဇာတ်ဆန်းများ ကြုံရ၊ ဆုံရ၊ ကရပေဦးတော့မည်။

ဩော် ရတနာပုံ၏ညက ရင်ခုန်ရသည်ပဲ။ ကြိုးမှ ဝက်သက်ပေါက်ပြီ ထင်ရဲ့။

◆ ◆ ◆

ညက ချစ်စရာအရွယ် လုံမငယ်နှစ်ဦးနဲ့သူ ကြည်နူးလိုက်မိရာ ဆင်စင်လင်းလုနီးပါးဖြစ်သွားသည်။ ရောင်နီလာချိန်တွင် ဇာတ်လမ်းအပြီး သတ်၍ အနောက်ဘက်ကမ်းကို သူပြန်လာခဲ့သည်။ လူကတော့ နုံးချိ နှင့် အတော်တော့ထိသွားသည်။ ဒါမျိုးက တစ်ကြိမ်ဆို တစ်ကြိမ်မှန်း သိသာသာပါ။

ရုံးရောက်တော့ ရုံးကိစ္စများကို သိပ်စိတ်မဝင်စားမိ။ အရှေ့ဘက် ကမ်းက အတွေ့အာရုံများကို မမေ့နိုင်သေး။ သူပြန်ပြီး တရေးရေးနေမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုကြီး"

"ဟင်"

"မဖြူနဲ့နေရတာ ပျော်လားဟင်"

"ပျော်တာပေါ့"

"မဖြူကိုရော ချစ်လား"

"အင်း ချစ်ပါတယ်"

"ဟာ ကိုကြီးကလည်း ဘာချစ်ပါတယ်လဲ၊ သိပ်ချစ်တာပဲ ပြောစမ်းပါ၊ ဟင်း ဟင်း"

ဂန္ဓလရာဇ်သွေးမကင်းသည့် ဖြူဖြူချောချော မိန်းကလေးကနွဲ့လ သည့် အသံသာလေးဖြင့် ပြောရင်း သူ့ရင်ခွင်တွင်းသို့ တိုးဝင်လိုက်သည် သူမကိုယ်မှ ခေတ်ပေါ်အကောင်းစား ရေမွှေးနံ့များ၊ မိတ်ကပ်နံ့များ သူ့အား မထိတထိကလိနေကြသည်။ သူမ၏ လက်ချောင်းများကလည် သူ့ရင်ဘတ်အား ခပ်ရွရွလေး ရွှေလျားပွတ်သပ်နေသည်။ သူ့အသက်ရှူသံ ပိုမိုမြန်ဆန်လာ၏။ ခေါင်းအသာငုံ့၍ ဖြူနုသောကလေးမလေး၏ ပါးပြ မို့မို့အားနမ်းလိုက်ပြီး နီစွေးသော နှုတ်ခမ်းနှစ်လွှာအား သူ့နှုတ်ခမ်းဖြ ဖိကပ်လိုက်သည်။ ပြီးတော့ သူ မီးပိတ်လိုက်၏။

မဖြူပြီးတော့ ရွှေရီ။

ရွှေရီက အညာဆန်ဆန် မြန်မာဆန်ဆန်လှပသူ၊ အသားအရေ ကလည်း တင်းတင်းရင်းရင်း၊ ရွှေဘိုသနပ်ခါးလေးနဲ့မို့ သူနှစ်သက်နေမိသည် ငယ်ငယ်က အညာမှာကြီးပြင်းလာခဲ့ရာ အညာသနပ်ခါးနံ့က ဆွဲဆော သွားသည့်ထင့်။ ရွှေရီနှင့်မိုးလင်းနီးပါး သူရင်းနှီးကျွမ်းဝင်ခဲ့သည်။ သို့ပေမယ် ရွှေရီက မဖြူလောက်တော့ စကားပလီပလာ မပြောတတ်။

"ကိုကြီး ပြန်သွားရင် ရွှေရီကို မမေ့ပါနဲ့နော်"

ခွဲခွာကာနီးတွင်မှ ရွှေရီက စကားတစ်ခွန်းသာဆို၏။

"အင်း"





သူက ခပ်လေးလေး "အင်း" လိုက်သည်။ မိုးကလည်းလင်းလု သင်းချင်ဆိုတော့ ညဦးပိုင်းလောကတော့ သူ့ "အင်း" က မသွက်နိုင်တော့။

မနက်တွင် အရေးကြီးအစည်းအဝေးများရှိနေသေးသဖြင့် ရွှေရီအား ပါးတစ်ချက်လိမ်၊ နဖူးတစ်ချက်နမ်းပြီး နှုတ်ဆက်၍ သူထွက်ခဲ့သည်။ အပြင်ဘက်မှာတော့ အလင်းရောင်က ဖျော့ဖျော့လေးဖြာကျနေသည်။ ကားမောင်း ပြီးပြန်ခဲ့ရာ အနောက်ဘက်ကမ်းရောက်တော့ မိုးစင်စင်လင်းသွားပြီ။

ရတနာပုံ၏ ဆန်းကြယ်သော မာယာတွေကို ထိုညမှာသူသိခဲ့ပါ သည်။ ဩော် လူတွေရဲ့နေနဲ့သဘာဝတွေဆိုတာ တခြားစီပါလား။

သူတစ်ကိုယ်တည်း ငွေ့ငွေ့မှုရှိလာတိုင်း မဖြူနှင့်ရွှေရီတစ်ယောက် ယောက်ဆီတော့ ရောက်ဖြစ်သည်။ ပလီပလာပြောတတ်ပြီး အသားအရေ ဖြူဝင်းသည့် ခပ်သွက်သွက် ယမင်းနုမလေး မဖြူဆီအရောက်အပေါက် များသည်။ အရောက်များတော့ မဖြူက

"ကိုကြီး မဖြူကို အမြဲခေါ်ထားလေ"

ဟု ဆိုတတ်သည်။

"တစ်သက်လုံးခေါ်ထားချင်ပါတယ် ဖြူလေးရယ်"

သူကလည်း တိုးတိတ်ညင်သာစွာ ပြန်ပြောတတ်သည်။ သူမဖြူကို ချစ်များနေမိလေသလား။ သူကိုယ်သူလည်း အသေအချာ မသိ၊ နုပျိုမြစ်သော မဖြူကို သူနှစ်သက်ခဲ့မိသည်မှာတော့ အမှန်ပါ။ မဖြူနဲ့ တွေ့ရသည်ကို သူ သာယာနေမိသည်။

ပိုးဖလံမျိုး မီးကိုတိုးပြီး ကိုယ်ကျိုးနည်းမည်ကို သူမသိလေရော့ သလား။ ပညာရှိသတိဖြစ်ခဲ့ပြီထင့်။

အညာဆန်အမြန်ရထားက မန္တလေးဘူတာကြီးအတွင်းသို့ ဥဩသံ ညီရှည်ဖြင့် ဝင်လာသည်။

သူ ဟိုဟိုဒီဒီလိုက်ကြည့်သည်။

ဟော တွေ့လိုက်ပါပြီ။

"မေရေ၊ ကို ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူလှမ်းအော်သည်။ ရထားက ရပ်သွား၏။ သူသွားပြီး ပြေးကြိုသည်။ သူ့ဇနီးနဲ့သမီး။ ဇနီးက အသက် (၃၅)နှစ်ခန့်၊ ခန့်ခန့်ချောချော၊ သမီးက ဆယ့်သုံးလေးနှစ်သာသာ။ တင့်တင့်တို့အရွယ် ဖြူဖြူသွယ်သွယ်ကလေး။ မိသားစု ဘူတာရုံမှအထွက်။ ပြေးဝင်လာသည့် မိန်းမလှလေးတစ်ဦးက သူ့အား ဝင်တိုးမိမတတ် ဖြစ်သွားသည်။ ပြီးတော့ သူ့ကိုတွေ့သွား၏။ မိန်းကလေးက အလွန်အံ့ဩသွားဟန်ဖြင့်

''ဟင် ကိုကြီး''

သူ့အား ဝမ်းပန်းတသာဖြင့် နှုတ်ဆက်လိုက်သည်။ သူ့ရဲ့ချစ်သော ညည်မင်းသမီးလေး မဖြူရယ်ပါ။ သူက ဘာမှမပြော။ မသိကျိုးကျွံပြုပြီး သမီးနဲ့ဇနီးအား လက်ဆွဲပြီးဆက်ထွက်ခဲ့သည်။

မိန်းကလေးက ပိုမိုအံ့ဩသွားဟန်မှ ဝမ်းနည်းဟန်သို့ချက်ချင်းအမူအရာပြောင်းသွား၏။ ပြီးမှ သဘောပေါက်ဟန်သွားဟန်ဖြင့် ဘူတာတွင်းသို့ ဝင်သွားသည်။ သူ့ဇနီး မေက

''ဘယ်ကလဲဟင် ကို၊ ကိုနဲ့အသိလား''

ရုတ်တရက် စူးစမ်းပြီးမေးလိုက်ရာ

''အို မေကလည်း ကြုံကြုံဖန်ဖန်ကွာ၊ ဘယ်ကလာ ကိုယ်နဲ့သိရမှာလဲ၊ လူမှားနှုတ်ဆက်တာပါ၊ ဒီကလူတွေက ခပ်ကြောင်ကြောင်ရယ်''

သူက ခပ်တည်တည်ဖြင့် ပြောချလိုက်သည်။ စိတ်ထဲကတော့

''အင်း တော်သေးတာပေါ့၊ ကောင်မလေးက ငါ့ကိုထပ်ပြီး စကားမပြောတော့လို့၊ နောက်တစ်ခါဆို လူကြားထဲမှာ ဖက်လဲတကင်း မလုပ်ဖို့မှာထားရဦးမယ်''

ဟု တွေးလိုက်ပြီးမှ

''ကဲ သွားကြတာပေါ့ မေရယ်၊ ဟိုရောက်လို့ အချိန်ရရင် တောင်ပေါ် ဘုရားဖူးသွားကြရအောင်နော်''

ဟု ဆိုရင်း ကားပေါ်တက်လိုက်သည်။ ဆလွန်းကားလေးက တဖြည်းဖြည်းဘူတာတွင်းမှ ထွက်လာ၏။ နှစ်ဆန်းမို့ အလှူအတန်းတွေက လမ်းတစ်လျှောက်မှာ အတော်များများ တွေ့နေရသည်။

မျက်ပါးရပ်ရောက်တော့ အလှူတစ်ခုမှ ရဟန်းတော်တစ်ပါး၏ သီလပေးသံနှင့် ပရိသတ်၏လိုက်ဆိုသံကို သူကြားလိုက်ရ၏။





''မုသာဝါဒါ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ''

''လိမ်လည်ပြောဆိုခြင်းမှ တစ်သက်ပတ်လုံး ဝေးစွာ ရှောင်ကျဉ်ပါ၏ဘုရား''

သြော် မုသာဝါဒကံကို ကျူးလွန်ခဲ့ပြီးပြီပဲဟု သူစဉ်းစားလိုက်မိသည်။ ကျန်တာတွေလည်း ကျိုးတဲ့ဟာ ကျိုးခဲ့ပြီ။ အင်း ဒါမျိုးကဖြစ်တတ်တာပါပဲလေဟု သူ့ဟာသူ ဖြေသိမ့်လိုက်၏။ ကားကလေးက ခပ်သွက်သွက်ပြေးနေသည်။ အမရပူရလွန်ပြီး တံတားကြီးထိပ်ရောက်လာ၏။ ရောဝတီမြစ်ထဲမှာတော့ ဖြူဖွေးသော ဖျင်းအုပ်များနှင့်ရောပြီး ဒင်ကြီးငှက်များကို ကြိုကြားကြိုကြား သူ လှမ်းမြင်နေရသည်။ အဖြူအမည်းရောနေတာ သဘာဝပဲ။ သဘာဝကတော့ လှနေတာပါပဲလေဟု တွေးရင်းသူပြုံးလိုက်သည်။ ကားကလေးကလည်း ပြေးနေဆဲ၊ သူကလည်း တွေးနေဆဲ။

၁၉၉၆၊ ဧပြီလထုတ်၊ မြို့တော်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ရောက်ကို မြင်မိလို့

စွဲမက်စရာ အရှိုက်အဖိုနှင့် နုစိုသောမိန်းမပျိုလေးအား သူတစ်ချက် ကြည့်လိုက်မိသည်။ ပြက္ခဒိန်ပေါ်မှ မိန်းမလှကလေးက ညှို့ယူဆွဲငင်အား ကောင်းကောင်းဖြင့် သူ့အား ညုတုတုခရာတာတာနဲ့ ပြန်ကြည့်နေသည် ဟုထင်၏။ သူက အသာအယာပြုံးလိုက်သည်။ ကြုံခဲ့ဖူးပါပြီ။

"တီ တီ တီ"

တယ်လီဖုန်းက မြည်လာသည်။ သူနားထောင်လိုက်၏။

"ကိုဦးလား"

ချိုလွင်သော အမျိုးသမီးသံတစ်ခု၊ ဒီအသံချိုမျိုးကို ကြားဖူးသလို ရှိ၏။ ဒါပေမယ့် မမှတ်မိ။

"ဟုတ်ပါတယ် ခင်ဗျ၊ ဘယ်သူလဲ မသိဘူး"

"အမယ်လေး ကိုဦးရယ် မမှတ်မိတော့ဘူးလား၊ မမအေးလေ ကိုယ့်အစ်မကိုတောင် မေ့နေပြီလား ငါ့မောင်ရယ်"

"ဩော် မမအေးလား၊ ဆောရီး အစ်မရေ၊ ကျွန်တော်လည်း ရန်ကုန်ရောက်တာ လေးငါးရက်မို့ ဘယ်သူနဲ့မှ မတွေ့သေးတော့ ဖုန်းဆက် မယ့်သူလည်း မရှိသေးဘူးထင်လို့"

"မနေ့ကပဲ ထွေးထွေးပြောလို့လေ၊ ထွေးထွေးက တီဗီမှာ ကိုဦးတွေ့လို့တဲ့၊ သတင်းစာမှာလည်း ကိုဦးပြောင်းရကြောင်း ဖတ်လိုက်မိ တယ်ဆိုပဲ၊ အဲဒါ မနေ့ညကလည်း ကိုဦးဆီဖုန်းဆက်ဖို့ တဖွဖွနဲ့မှာတယ် မနက်ကတောင် ထပ်မှာလိုက်သေးတယ်၊ သိပ်လည်းတွေ့ချင်တာတဲ့၊ ဖုန်း ဆက်ခဲ့ပါဦးလို့လည်း မှာလိုက်လို့လေ၊ ထွေးထွေးက အလုပ်ကနားလိုက်ပြ မောင်လေးရဲ့ သူတကူးတကမှာတာနဲ့ အခုရုံးမဆင်းခင်လေးမှာ မောင်လေး ဖုန်းနံပါတ်ရအောင် စုံစမ်းပြီးဆက်လိုက်တာ၊ အိမ်လာခဲ့ပါဦးကွယ်၊ မမအေး ရော ထွေးထွေးပါ မောင်လေးကိုမျှော်နေကြမယ်နော်၊ လာမယ်မဟုတ်လား"

သူက "ဟင်း"ခနဲ သက်ပြင်းတစ်ချက်ချပြီး

"ဩော် မှာတော့လည်း လာရတော့မှာပေါ့ မမအေးရယ်"

"ကဲ ဒါဆိုရင် ကိုဦးရေ လူချင်းတွေ့ကြတော့မှ စကားတွေ အများကြီးပြောရအောင်၊ ထွေးထွေးကလည်း မောင်လေးကို ပြောစရာတွေ





အများကြီးတဲ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

သူက ဖုန်းအသာချပြီး ပြုံးလိုက်သည်။ ပြီးတော့ သူနဲ့အေးအေး ထွေးထွေးတို့ ညီအစ်မတစ်တွေရဲ့ ဟိုး ရှေးအတိတ်ဇာတ်ကြောင်းကို ပြန် ပြောင်း အောက်မေ့မိပါသည်။

❜ ☺ ❜

လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က အတိအကျဆိုရသော် ၁၉၆၅ ခုနှစ်လောက်က ဗိုလ်တထောင်လုပ်သား ကောလိပ်၏ ပထမအထပ် အဝင် လှေကားဝတွင် အသက်နှစ်ဆယ်အရွယ် ပိန်ပိန်သွယ်သွယ် လူငယ်လေး တစ်ဦးနဲ့ အသက်နှစ်ဆယ့်လေးနှစ်အရွယ် အသားလတ်လတ် ကိုယ်လုံးကိုယ် ထည် ပြည့်ပြည့်ဖြိုးဖြိုး တင်းတင်းရင်းရင်းနှင့် မြန်မာဆန်ဆန် ချောမောလှ သည့် မိန်းမပျိုတစ်ဦးတို့ စကားပြောနေကြသည်။ ဤကဲ့သို့ လှေကား ထောင့်ချိုးတွင် ကျောင်းသူကျောင်းသားများက မကြာခဏ ရပ်တန့်တွေ့ဆုံ စကား ပြောနေကျ။

"ကိုဦး"

"အင်းဝတိုက်မှာ စာအုပ်သွားဝယ်ပေးဦးကွာ၊ ကျောင်းသားကဒ်နဲ့ဆို တက္ကသိုလ်ဖော်တီဗိုက်တစ်ချောင်းပါရတယ်တဲ့၊ တန်းစီရမယ်ကြားတယ်၊ အဲဒါ သွားဝယ်ပေးနော်"

"ရပါတယ် မမထား၊ အဲ မမထွေး"

"ဘာ မမထားလဲ၊ ဟင်း ကိုဦးနော်"

ထွေးထွေး စိတ်ဆိုးဟန်နဲ့ ဆို၏။

"သူများတွေက မမထားနဲ့အပါလို့ နာမည်ပေးထားကြတာဆိုတော့ နှုတ်ကျိုးသွားလို့ပါ"

"တော်ပြီ ဒါမျိုး မမှားနဲ့၊ ဟင်း ကောင်လေးနော်၊ ငဲ့ကြီးမယ်၊ ကိုယ့်အစ်မကို ဒါမျိုးပြောရမလား"

"ကိုယ့်အစ်မ မဟုတ်ပါဘူးဗျာ၊ ကိုယ့်အချစ်ပါ"

သူက အလေးအနက်ဟန်ဖြင့် ပြော၏။

"ကိုဦးနော် ပြောလေကဲလေ မန်းလေပြလေ မလုပ်နဲ့၊ အင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိုးရှိုးသားသားပဲနေ''

''ဘယ်လို ရှိုးရမှာလဲ၊ ဘာရှိုးရမှာလဲ၊ ရှိုးမှ မရှိုးတတ်တာ''

''တော်ပြီ တော်ပြီ မပြောတော့ဘူးဟေ့၊ သွားမယ်၊ မင်းကိုစိတ်ဆိုး သွားပြီ''

ထွေးထွေးက ဆောင့်ဆောင့်အောင့်အောင့်နဲ့ စာအုပ်ပိုက်ပြီး ဒုတိယ ထပ် လှေကားပေါ်တက်သွား၏။ သူက ခပ်ပြုံးပြုံးဖြင့် ခြေလှမ်းလိုက်တိုင်း နိမ့်တုံမြင့်တုံဖြစ်နေသော ထွေးထွေး၏ခန္ဓာကိုယ်အောက်ပိုင်းမှ ပစ္စည်းများအား နောက်မှငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်၊ မနောက်ကိုလည်း မတားလိုက်နိုင်ခဲ့

ငရဲကတော့ ကြီးသွားပြီ ထင်ပါရဲ့။

❦

သူ့အသက် ဆယ့်ခြောက်နှစ်တွင် ဆယ်တန်းအောင်သည်။

တက္ကသိုလ်တက်ရန် နယ်မှရန်ကုန်ရောက်လာသည်။ ငွေကြေး အခက် အခဲကြောင့် အဆောင်မနေနိုင်ခဲ့၊ ကြံုရာမှာနေရင်း ကျောင်းတက်ပြီး ဘွဲ့တစ်ခု ရရေးအား အသည်းအသန် ကြိုးစားခဲ့သည်။ အိုင်အေအောင်ချိန် တွင် အလုပ်ထွက်လုပ်သည်။ သည်တွင် သူ့လိုပင် အလုပ်လုပ်ရင်း လုပ်သား ကောလိပ်တက်နေသည့် ထွေးထွေးနှင့်တွေ့သည်။

ထွေးထွေးက ညီအစ်မသုံးယောက်တွင် အငယ်ဆုံး၊ မောင်တွေ အစ်ကိုတွေမရှိ၊ စတွေ့ကတည်းက ရေးရေစက်ကြောင့် သူတို့နှစ်ဦးလျင်မြန်စွာ ရင်းနှီးခဲ့ကြသည်။

ထွေးထွေးကြောင့် သူမ၏အမေ၊ အစ်မများနှင့်ပါ သူသိလာရသည် အမေသိန်း၊ မမဌေး၊ မမအေး စသူတို့ဖြစ်၏။ ဌေးဌေးနဲ့ အေးအေးက အလုပ်ဝင်နေကြသည်၊ ထွေးထွေးကလည်း အလုပ်တစ်ဖက်နှင့် ကျောင်း တက်နေသည်။ ဌေးဌေးက စကားနည်းသည်။ ပြီးတော့ အမေနှင့်အတူ နေသည့် အိမ်ထောင်သည်။

အေးအေးကတော့ စကားပြောချိုသည်။ ခင်တတ် မင်တတ်သည် စာပေအနုပညာဝါသနာပါနေသူချင်းမို့ လျင်မြန်စွာပင် အေးအေးနှင့် ခင်မင် သွားသည်။ ထွေးထွေးကလှသည်။ သွက်သည်။ အေးအေးလိုတော့ စာပေ ဝါသနာမပါ။ ထို့ကြောင့်သူမတို့ အိမ်ရောက်လျှင် အေးအေးနဲ့ပဲ သူစကား





ပြောဖြစ်သည်။ တစ်ခါတစ်ရံ ထွေးထွေးကတောင် သူ့အစ်မအား

''ဟဲ့ မအေးရယ်၊ ကိုဦးက ငါနဲ့အရင်သိလို့လာပေါ့ဟယ်၊ နင်တို့ချင်း တွေ့ရင် စကားတွေက ပြောလို့ကိုမဆုံးတော့ဘူး''

ဟု ဆိုတတ်သည်။ သူမလောက်တောင် မလှသော အေးအေးနှင့် စကားလက်ဆုံကျနေသည်ကို နားမလည်တတ်။ ထိုအချိန်မျိုးတွင် သူက

''မမထွေးနဲ့လည်း ပြောစရာတွေအများကြီးပါဗျာ၊ ဒါပေမယ့် ယောက်ထဲပြောရမယ့်ဟာတွေ တခြားသူတွေ ကြားလို့မဖြစ်ဘူး''

ဟု ဆိုတတ်ရာ

''အံမယ် လူကြီးမင်းက ကြီးကျယ်ပါ့တော်''

ဟု ထွေးထွေးက မဲ့ကာရွဲ့ကာပြန်ပြောတတ်၏။

ထွေးထွေးက သူ့ထက်လေးနှစ်ကြီးသူမို့ သူ့အားကလေးငယ်လို က်ဆံသည်။ တကယ့် ယောကျ်ားရင့်မကြီးဟု မထင်၊ သူက ကျူပင်လို ပိန်နွဲ့နွဲ့၊ ထွေးထွေးကတော့ လှပရုံသာမက ကိုယ်လုံးကိုယ်ထည် ဖြောင့် း တောင့်တင်းသည်မို့ လူချင်းယှဉ်တော့ ဝါးပင်နဲ့ကျူပင်ပမာ။

ဒီတော့လည်း သူက ကလေးပေပဲပေါ့။

❦

သူနောက်ဆုံးနှစ်ရောက်သည့်အချိန်တွင် အေးအေး အိမ်ထောင်ကျ သည်။ သူမနှင့် တစ်ရုံးတည်းသား ကိုအောင်ထွန်းဆိုသူနှင့်။ ကံအားလျော်စွာ နှင့် တစ်မြို့တည်းသားမို့ မင်္ဂလာဆောင်တွင်ပိုင်းကူရင်း သူနှင့် ကိုအောင် န်း အကျွမ်းဝင်သွားကြသည်။ ပြီးတော့ ကိုအောင်ထွန်း၏ ညီငယ်များနှင့် က အထက်တန်းကျောင်းသားဘဝက တစ်ကျောင်းတည်းအတူနေခဲ့ကြ သည်။ ထိုသံယောဇဉ်ကလည်း သူနှင့် ကိုအောင်ထွန်းကို ညီအစ်ကိုပမာ စေခဲ့သည်။

မင်္ဂလာဆောင်ပြီးတော့ ကိုအောင်ထွန်းတို့နှင့်အတူ တစ်လမ်းတည်း င် အခန်းငှားနေဖြစ်သည်။ ဘေးတွင် အခန်းလွတ်ရှိနေသဖြင့် သူပါလာပြီး နေခြင်းဖြစ်သည်။ လမ်းထဲက ဓာတ်သိမိတ်ဆွေများကတော့

'' ဟဲ့ မောင်ဦး၊ မင်းက မင်္ဂလာမဆောင်ရသေးဘဲနဲ့ အခန်းကြီး ထားတာလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု စကြသည်။ သူကမူ ဘာမှ မပြော၊ ထွေးထွေးကို သူခ
နေခဲ့တာ ကြာပြီ။ ထွေးထွေးကို သူပွတ်သီးပွတ်သပ်နဲ့ ဖက်လဲတကင်
နေချင်သည်။ ဒါပေမယ့် ပါးစပ်သေနတ်ပစ်တာကလွဲပြီး သူမကို မတို့
မထိရဲ၊ ထွေးထွေးက ဖြန်းဖြန်းကွဲမဟုတ်လား။

သူနဲ့ ကိုအောင်ထွန်းတို့ အခန်းနီးချင်းဖြစ်လာတော့ သူတို့မ
မောင်နှံက လိုလိုလားလား ဖိတ်ခေါ်မှုကြောင့် သူတို့အိမ်မှာ ထမင်းစ
ဖြစ်ခဲ့သည်။ ရုံးအားရက်တွင် ထွေးထွေးက သူတို့ဆီစကားလာပြောတတ်
သည်။ သူတို့လေးဦးမကြာခဏ စကားဝိုင်းဖွဲ့သည်။ စကားဝိုင်းတွင် ဂီတ
ရုပ်ရှင်နှင့် စာပေအနုပညာများအကြောင်း ကြီးကြီးကျယ်ကျယ် သူကပြေ
သည်။ ထိုအခါများတွင် အေးအေးက ဖြည့်စွက်ဆွေးနွေးတတ်သည်
ကိုအောင်ထွန်းကတော့ နားထောင်သမား။ ဘာမှဆွေးနွေးလေ့မရှိ၊ ကိုအော
ထွန်းက ဇာတ်ဆိုကြမ်းမှ ကြိုက်သူ၊ အနုအလှအရွတွေ မကြိုက်တတ်
ဒါကြောင့် တစ်ခါတရံ ဇာတ်အနုအလှကြိုက်သည့် ဇနီးအေးအေးအတွ
ရုပ်ရှင်လိုက်ပြဖို့ ဝန်လေးတတ်သည်။ ကိုအောင်ထွန်းကိုယ်စား သူက
မမအေးကို မကြာခဏရုပ်ရှင်လိုက်ပြရသည်။ ဇာတ်ကြောင်းများကို ရှင်းလ
ပြောပြရသည်။ အေးအေးနှင့်အတူ ထွေးထွေးကလည်း ရုပ်ရှင်လိုက်ကြည့်
တတ်သည်။ ရုပ်ရှင်ရုံထဲတွင်တော့ သူကဆရာကြီး၊ သူကလည်း လူသ
ယ်တာ အနုပညာကိစ္စများဆို လူနဲ့မလိုက်အောင် ကြီးကြီးကျယ်ကျ
ပြောတတ် ဆွေးနွေးတတ်သည်။ သို့ရာတွင် ထွေးထွေးက သူ့ကိုအထင်မကြ
တတ်။

"ဟင်း လူလေးက မလောက်လေးမလောက်စားနဲ့ ကိုဦးတို့
စကားကြီး စကားကျယ်တော့ ပြောပါ့တော်"

ဟု သူ့အား ဩဘာပေးတတ်သည်။ ထွေးထွေးက သူ့ကို ကလေ
သာသာလို့သာ အစဉ်မြင်နေသည်။

ဒါပေမယ့် ထွေးထွေးကို သူချစ်ခဲ့မိပါသည်။ ထို့ကြောင့် စကားနိ
လုရင်း နောက်ဆုံးတော့ ထွေးထွေးကို သူပြုံး၍ အရှုံးပေးခဲ့သည်ချည်းသ
ဒါကို မြင်ပါများသည့် ကိုအောင်ထွန်းက

"အင်း မင်းက မိထွေးကို တကယ်ချစ်နေတာပဲကွ၊ ငါကတော
ခပ်စွာစွာမို့ သိပ်ကြည့်မရဘူး၊ ခယ်မမို့သာ သည်းခံနေရတာ"





ဟု ဆိုတတ်သည်။ ထိုအခါများတွင် သူက "ဟင်း"ခနဲ သက်ပြင်း
ရှည်ကြီးချပြီး

"ဟုတ်တယ် အစ်ကိုရေ၊ အစ်ကို့ညီမကို ကျွန်တော်တကယ်
ချစ်နေတာပါ"

ဟု လေးလေးနက်နက် ဝန်ခံတတ်သည်။

သူ့မှာလည်း ချစ်တတ်တဲ့ အသည်းနှလုံးနဲ့ မဟုတ်လား။

◯

ထွေးထွေးကဆီက မွှေးပျံ့တဲ့ သနပ်ခါးနံ့က သူ့နှာဝတွင် လာစနေ
၍ သူ အသည်းယားနေသည်။ ရုပ်ရှင်ရုံက လူပြည့်နေ၏။ ရုပ်ရှင်ပြနေ
သည်မှာ ကားတစ်ဝက်ခန့်ပင် ကျပြီ။

"ကိုဦး ရော့ နေကြာစေ့စား"

ထွေးထွေးကသူ့လက်ထဲ နေကြာစေ့ထုပ်ကို ထည့်ပေးလိုက်သည်။
သူက နေကြာစေ့ထုပ်ယူရင်း ထွေးထွေးလက်ဖဝါးနုနုအား ဖမ်းဆုပ်ထား
လိုက်၏။ ထွေးထွေးက အသာပြန်ရုန်းရင်း

"ဟဲ့ လူတွေထဲမှာနော်"

ဟု လေသံဖြင့် ခပ်တိုးတိုးလေးပြောသည်။ ထွေးထွေးထံမှ
သနပ်ခါးနံ့နဲ့ အကောင်းစားရေမွှေးနံ့များ၊ ကိုယ်နံ့သင်းသင်းများက
သူ့အားထပ်မံနှိုးဆွလာသည်။

"ကျွန်တော် မမထွေးကို သိပ်ချစ်တာပဲ၊ ဒါပြောချင်လို့ ဒီနေ့
မမထွေးပါလိုက်အောင် မမအေးကို ကြိုပြောထားတာ"

သူက ထွေးထွေးပါးနားကပ်ပြီး အလေးအနက်ပြောလိုက်၏။

"မမထွေး ကျွန်တော်ပြောတာ ကြားလား"

"ကြားတယ်"

ထွေးထွေး၏ ခပ်ဆောင့်ဆောင့်ဖြေသံ။

"ကျွန်တော် မမထွေးကို ချစ်နေတယ်ဆိုတာရော သိလား"

"သိသားပဲ"

"ဘယ်လိုလုပ်သိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း နေ့တိုင်းရေထွက်မတတ် တို့အိမ်လာနေကတည်းက သိတာ ပေါ့ဟဲ့"

"ဟင် ဒါဆို သိတာကြာပြီပေါ့"

"အင်း"

'အင်း' သံက နည်းနည်းပိုတိုးသွား၏။

"ဒါဖြင့်"

"ဟဲ့ မင်းကို မောင်းမထုတ်ဘူးဆိုတည်းက"

ထွေးထွေး စကားမဆုံးလိုက်၊ သူက သူမ၏ပါးပြင်မို့မို့အား ရုတ်တ ရက် နမ်းရင်းနှာခေါင်းဖြင့် ဖိကပ်ထားလိုက်သည်။ သူ့ရင်တွေက တဒိတ်ဒိတ် ခုန်နေ၏။

"သိပ်ဝမ်းသာတာပဲ"

သူက တိုးတိုးပြောလိုက်ပြန်သည်။

"မောင်လေး ရုပ်ရှင်ရုံထဲမှာနော်၊ ပြီးတော့ မမအေးလည်းပါတယ်"

ဟု ပြောရင်း သူ့ပေါင်အား လိမ်ဆွဲလိုက်သည်။

"အား လား လား"

သူအော်၏။

"ဟင်း၊ သိပ်မကဲမနေနဲ့"

ထွေးထွေးကဆိုသည်။

ဘယ်အစွန်က ထိုင်နေသည့် အေးအေးကတော့ ဘာမှမသိသလို ပါဘဲ၊ ရုပ်ရှင်ကိုပဲ သည်းကြီးမည်းကြီးကြည့်နေ၏။

"ပန်းပန်လျက်ပါ" ဇာတ်ကားမှ မင်းသမီးကြီး ကြည်ကြည်ဌေး၏ အနုပညာတွင် နစ်မျောနေသည် ထင်၏။ သူကမူ ပေါင်ဆွဲအလိမ်ခံရသည် ကြားမှပင် သူ့နှာခေါင်းအား ထွေးထွေးပါးပြင်မို့မို့မှ တော်တော်နဲ့ မခွာဖြစ်ခဲ့ ဖျတ်ခနဲ မီးလင်းသွားသည်။ သူနဲ့ ထွေးထွေးကလည်း လူချင်းခွာ လိုက်၏။ တကယ်ကို ရင်ခုန်ခဲ့ရတဲ့ညပေပဲ။

❦ ❦ ❦

"ပန်းပန်းလျက်ပါ"ကြည့်သော ညတွင် ထွေးထွေးကို အနမ်းဖြင့် သူ့အချစ်ကို ပြခဲ့သည်။ ထွေးထွေးနဲ့သူ မကြာခဏတွေ့သည်။ သူစိတ်ကူးယဉ် ခဲ့၏။ ထွေးထွေးက သူ့ကိုပြန်ချစ်ခဲ့ပြီဟု နားလည်ထားသည်။

သို့ဖြစ်၍လည်း နောက်ဆုံးနှစ်ဖြေပြီးချိန်တွင် အလုပ်တွေတစ်ခုပြီး တစ်ခု လျှောက်သည်။ အရာရှိကြီးဖြစ်အောင် သူလုပ်မည်။ အချစ်ရူးရူး နေသည့် သူ့ကိုကြည့်ပြီး ကိုအောင်ထွန်းနဲ့ မမအေးကပင်

"မောင်ဦးကို သနားတယ်"

ဟုဆိုကြသည်။ တကယ်တော့ ထွေးထွေးက သူ့အိမ်မှာအငယ်ဆုံး ဆိုပြီး နွဲ့ဆိုးဆိုးသည်။ စွာသည်။ သူထက်ကြီးသော ထွေးထွေးအား သူ အနွံ့တာခံသည်။ ထွေးထွေးရဲ့ ကိုယ်ရံတော်တပ်မှူးလေး(သို့မဟုတ်) ပန်း ဆက်သည့် ဗျတ္တ၊ ထွေးထွေးအလိုကျ သူအကုန်လုပ်မည်။ ထွေးထွေး မကြိုက်တာဆို သူ ဘာမှမလုပ်၊ လူတွေ့တိုင်းလည်း

"မမထွေးကို သိပ်ချစ်တာပဲဗျာ၊ မမထွေးလည်း ကျွန်တော့်ကို ချစ်တယ်နော်"

ဟု ပီဘိကလေးငယ်ပမာ မကြာခဏပြောတတ်သည်။

ထိုအခါမျိုးတွင် ထွေးထွေးက "တဟင်း ဟင်း"ရယ်ရင်း

"မောင်ဦး မောင်ဦး မင်းကအရူးကလေးပဲ"

ဟု ပြန်ပြောတတ်သည်။

ရုပ်ရှင်ရုံက ပြန်လာပြီးနောက်တော့ ထွေးထွေးက သူ့အတွေ့အထိ ခံ၊ သူကပ်လိုက်တိုင်း

"ဟင်း ကောင်လေး ငရဲကြီးမယ်"

ဟု ဆိုကာ ခပ်ခွာခွာနေသည်။ သူကပ်ဖို့ ကြိုးစားလိုက်တိုင်း ရှောင်မြင်ခဲ့။

ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံပေမယ့် ခါးမသန်၍ အားမာန်လျော့ခဲ့ရသည်ချည်းသာ။

သူကမူ "ပုံလေတဲ့ငှက်ခါး နားခါတော့ သိမှာပေါ့လေ"ဟု ဖြေသိမ့် ရင်း အခွင့်အရေးရသည့်အခါမှ မမထွေးကို သူစိတ်ရှိလက်ရှိ ချစ်လိုက်မည်ဟု စိတ်ကူးထား၏။

ထို့အပြင် ထွေးထွေးကို သူချစ်သည်မှာ တစ်ကိုယ်လုံး ခြေဆုံး ခေါင်းဆုံးဟု သူထင်၏။ ထွေးထွေး၏ နက်မှောင်ရှည်လျားသော မြန်မာဆံနွယ် ဆံထုံးအလှကိုလည်း သူသဘောကျသည်။ မင်းသမီးကြီး ရုံရှူးတင်





www.burmeseclassic.com

www.burmeseclassic.com



ယယ်စဉ်ကလို နဖူးမှာ ဆံစကလေးများချထားသည်ကိုလည်း သူကြိုက်သည်။ နှင်းဆီပန်းနှင့် စပယ်ပန်းများပန်၍ သနပ်ခါးရေကျဲလိမ်းထားသည်ကို လည်းကောင်း၊ ပန်းနံ့နှင့် သနပ်ခါးနံ့ရောနေသည့် ထွေးထွေး၏ ကိုယ်နံ့ကို လည်းကောင်း သူနှစ်သက်သည်။ ဒါ့အပြင်သနပ်ခါးတင်ထားသည့် ထွေးထွေး၏ ပါးပြင်မို့မို့အားလည်း ခဏခဏသူနမ်းချင်စိတ် ပေါ်တတ်သည်။

ဒီ့နောက်တော့ ထွေးထွေး၏တင်းရင်းသော ခန္ဓာကိုယ်ကောက်ကြောင်းများ၊ အလှအပများ၊ ဒါတွေကိုတော့ သူဘာပြောရမှန်း မသိသေး။ ပြောလောက်သည့် အတွေ့အကြုံသူ့မှာမရှိ။ ငယ်ရွယ်တက်ကြွနေသူမို့ ပွေ့ချင် ဖက်ချင်စိတ်ကတော့ သူ့မှာအပြည့်၊ ဒါပေမယ့် မမထွေးကို သူကိုယ်ထိ လက်ရောက် ဘာမှမလုပ်ရဲခဲ့၊ သို့သော် ယောကျ်ားဆိုသည်မှာ ယောကျ်ား သာတည်း။

သူရော ထွေးထွေးပါ ဘွဲ့ရကြသည်။ သူက သိပ္ပံဘွဲ့၊ တစ်ဆက်တည်းပင် သူလျှောက်ထားသည့် အရာရှိငယ်စာမေးပွဲကလည်း အောင်စာရင်း ထွက်သည်။ ဝေးလံသီခေါင်သည့် နယ်စွန်နယ်ဖျားသွားရမည်။ အသက်နှစ်ဆယ်နဲ့ သူအရာရှိဖြစ်ပြီပေါ့။ သူ့သိပ်ဝမ်းသာသွားသည်၊ ထိုနေ့က သတင်းကြားတော့ ထွေးထွေးကလည်း သူ့ဆီရောက်လာသည်၊ သူကွန်းခိုရာ အိမ်ခန်းကလေးမှာ သူတို့နှစ်ဦးတည်းတွေ့ကြရာ

"မမထွေး"

"ဘာလဲဟဲ့"

"ကျွန်တော် ဂျေအေအိုရပြီ၊ နယ်သွားမယ်လို့ ခံဝန်ချက် ပေးထားတယ်၊ လှိုင်ကော်သွားရမှာတဲ့၊ ခန့်စာလည်းရပြီ၊ ဌာနက မြန်မြန်သွားတဲ့၊ အဲဒါ သန်ဘက်ခါသွားတော့မလို့"

"သွားပေါ့"

"မမကလည်းဗျာ၊ ဒီကအကောင်းပြောနေတာ၊ ကျွန်တော် မမထွေးကို သိပ်ချစ်တာသိရဲ့သားနဲ့၊ အဲဒါ မမထွေးကို မသွားခင် ကျွန်တော် လက်ထပ်သွားချင်တယ်ဗျာ၊ ရုံးမှာဖြစ်ဖြစ် လက်မှတ်ထိုးသွားမယ်"

"အံမယ်တော် မင်းကို ဘယ်သူက ချစ်တယ်ပြောလို့ လက်ထပ်ချင်ရတာလဲ"

"ဟာဗျာ ကျွန်တော့်ကို မမချစ်ပါတယ်၊ အလကား ညာနေတာ"





သူက ထွေးထွေးတစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ရင်း ပြောလိုက်သည်။ ပြီးတော့ သက်ပြင်းတစ်ချက်ရှိုက်ပြီး ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ ထွေးထွေးက ရေချိုးပြီးကာစ အလှပြင်ထားသည်မို့ သူ့စိတ်ထဲမှာတော့ ကမ္ဘာပေါ်မှာ သူ့မမထွေးကအလှဆုံး၊ ပြီးတော့ ချစ်စရာအကောင်းဆုံး၊ ဒီချစ်စရာကို အခုမှ မချစ်လိုက်ရင် နောက်ဆို ချစ်လို့ရမှာ မဟုတ်တော့၊ အစွမ်းထက်လှသော အချစ်နတ်သမီးက သူ့အား ရုတ်ခြည်းလှုံ့ဆော်လိုက်သည်။

ဖြုန်းခနဲ ရုတ်တရက် သူထွေးထွေးကို ဖက်လိုက်သည်။ ပြီးတော့ ပါးနှစ်ဖက်အား ဘယ်ပြန်ညာပြန် အငမ်းမရနမ်းလိုက်သည်။

"ဟဲ့ ကိုဦး၊ လွှတ် လွှတ်၊ မင်း မရမ်းကားနဲ့"

"အို မလွှတ်ဘူးဗျာ၊ အခုမှ လွှတ်ခိုင်းမနေနဲ့"

သူက ပါးနမ်းယုံသာမက နှုတ်ခမ်းချင်းပါ ထိကပ်လိုက်၏။ အမေရိကန်ရုပ်ရှင်များတွင် သူအကြိမ်ပေါင်းများစွာ မြင်ဖူးခဲ့သည့် ကမ္ဘာကျော်အနမ်းမင်းသားကြီး ဂရီဂိုရီပက်က မင်းသမီးကို နမ်းသလို ထွေးထွေးနှုတ်ခမ်းကို နမ်းလိုက်၏။ ထွေးထွေးက သူ့ကိုယ်ကိုတွန်းရင်း၊ လိမ်ရင်း "အို" "အင်" "ဟူး" "ဝါး"နဲ့ စကားတွေ ပြောသည်။ ဘာတွေပြောမှန်းတော့ သူမသိ၊ သူမကြား၊ သူ့အား ကြောက်စရာအချစ်နတ်က ဖမ်းစားနေလေပြီ၊ ထွေးထွေးက ရုန်း၏။ ဘယ်က ဘယ်က ရောက်လာမှန်းမသိသည့် အင်အားများဖြင့် သူက အတင်းဖက်ထား၏။ နှစ်ယောက်သားဖက်ရင်း ရုန်းရင်းဖြင့် ထွေးထွေး စကားသံများက တိုးတိမ်ပျောက်ခင်သွား၏။ ဒီ့နောက်တော့ သူတို့နှစ်ယောက်သည် ကမ္ဘာဦးလူသားတို့ ပျော်မြူးခဲ့ရာ အေဒင်ဥယျာဉ်ကြီး အတွင်းသို့ တစ်မုဟုတ်ချင်းရောက်ရှိ သွားလေတော့သည်။ ထိုဥယျာဉ်ကြီးမှ ပြန်အထွက်တွင်တော့ ထွေးထွေးက သူ့အား

"မောင် မမကို နယ်ရောက်ပြီးမှ ပြန်လာလက်ထပ်နော်"

ဟု တိုးတိတ်ညင်သာစွာ မှာသည်။ သူက ခေါင်းညိတ်ပြသည်။ မမထွေးကို သူလက်ထပ်ရတော့မည်ပေါ့။ ရေဆူအမှတ်ရောက်အောင် သူချစ်ပြီးပြီပဲ၊ သုခဘုံသို့ သူတစ်ခေါက်ရောက်သွားခဲ့ပြီ ထိုနေ့ကို သူဘယ်တော့မှ မေ့မည်မဟုတ်။ အသည်းနှလုံးမှာ ကမ္ပည်းတင်ထားခဲ့ပါသည်။

လှိုင်ကော်တွင် သူ မမထွေးကို လွမ်းနေသည်။ စာရေး အဆက်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် ရေးပို့သည်။ သူ့အလုပ်က တောထဲသွားရသည့်အလုပ်၊ အားတိုင်း ယားတိုင်း ဝိုင်းစက်လုပသည့် မမထွေး၏ မျက်နှာကိုမြင်နေသည်။ နေရာတိုင်းမှာ ထွေးမျက်နှာပေါ့။ ထွေးထွေးကတော့ သူ့စာလေးငါးစောင်ရေးမှ တစ်စောင်ပြန်သည်။ မိန်းကလေးအတွေ့အကြုံ လုံးဝမရှိခဲ့သည့် သူ့အဖို့ မမထွေးသည်သာ သူ့ဘဝ၊ သူ့ကမ္ဘာမို့ မမထွေးနဲ့အတူနေဖို့ စိတ်ကူးယဉ် ဗိမာန်ကြီးကို သူကြီးကြီးကျယ်ကျယ် တည်ဆောက်၏။

မမထွေးရဲ့ စာမှာပါသည့်အတိုင်း ခမ်းနားစွာ လက်ထပ်ရေး သူ ကြိုးစားသည်။ အနည်းဆုံး တစ်နှစ်တော့ ကြိုးစားရမည်။

''မမထွေး ထဘီဖိုး ကြိုးစားလိုက်ဦး မောင်သက်ဦးရေ''

သူကြိုးစား၍ စိတ်ကူးယဉ်ကမ္ဘာကြီး တည်ဆောက်နေဆဲ ကာလမှာပင် ဆိုင်းမဆင့် ဘုံမဆင့် ထွေးထွေးတစ်ယောက် ကောက်ခါငင်ကာ ကြယ်ငါးပွင့်သင်္ဘောလိုင်းမှ ဦးကိုကိုကြီးဆိုသည့် အရာရှိကြီးတစ်ဦးနှင့် လက်ထပ် သွားသည်။ ဘာမှလဲ အကြောင်းမကြားနဲ့၊ ဘာကြောင့်မှန်းလဲ သူမသိ၊ ဒီကိစ္စကို သူတောထဲ သွားရာမှ လွိုင်ကော်ပြန်အရောက် သူ့နာမည်ဖြင့် မင်္ဂလာဖိတ်စာရောက်နေသဖြင့်သာ သိရသည်။

ထိုနေ့က သူ့ခေါင်းတွေ ချာချာလည်အောင် မူးသွား၏။ နေမထိထိုင်မသာဖြစ်နေသည်။ ရင်တွေ ပူနေ၏။ သုံးလေးရက် ထမင်းမစားနိုင်၊ ညတွေမှာလည်း အိပ်၍မပျော်၊ တလူးလူး တလိမ့်လိမ့်၊ ရံဖန်ရံခါ ကျတော့လည်း လူကြီးတွေပြောကြသည်။ ''ကတ္တီယပေါ် မိန်းမတို့သည် လေနဲ့မြင်းမယှဉ်ဘဲ တူညီပွဲကိုင်ရာ လူစီးရာကိုသာ ပါတတ်ကြသည်'' ဆိုသည်မှာ ဟုတ်ပြီလေလားဟု တွေး၏။ ရေရေရာရာတော့ သူမသိ၊ နောက်တော့လည်း ''လုပ်ရက်ပါပေ့ မမထွေးရယ်'' ဟု ရေရွတ်ရင်း ယစ်ရွှေရည်ကိုမှီဝဲပြီး မမထွေးအား မူးမူးမေ့မေ့မှန်းမှန်းဖြစ်ခဲ့ရပါသည်။ ကြာတော့လည်း ကြာခဲ့ပါပြီလေ။

❦

ယစ်ရွှေရည်နှင့်အတူ နောက်တော့ ယမင်းအလှကလေးများကိုပါ သူ့ရာတတ်လာသည်။ ဒါပေမယ့် မမထွေးလိုတော့ နှစ်နှစ်ကာကာမချစ်နိုင်ခဲ့ ယာယီအချစ်ကလေးတွေပေါ့၊ တစ်ယောက်မကောင်း တစ်ယောက် ပြောင်းခဲ့သည်။ စိတ်အဆာက မပြေ။ ဒါကြောင့် အိမ်ထောင်ရလည်း သူ မပြုဖြစ်ခဲ့





အိမ်ထောင်မရှိပေမယ့် သူ့ပင်ကိုယ်စီးကြောင့် အလုပ်ကြိုးစားသည်။ တောထဲ တောင်ထဲမှာ သူ့အနေများပြီး အလုပ်ကြိုးစားသဖြင့် ရာထူးတာဝန်များက တဖြည်းဖြည်းတက်လာ၏။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ခန့်က သူ ပျဉ်းမနားပြောင်းရသည်။ နယ်ပြောင်းလာသည့် မမအေးတို့ ဇနီးမောင်နှံနဲ့ ပျဉ်းမနားမှာပင် သူတွေ့သည်။ မမထွေးခင်ပွန်း ဦးကိုကိုကြီးရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရသည်။ ဒါ့အပြင် မမထွေးက သူ့ကိုသတိရကြောင်း နေ့ကုန်ရောက်ရင် ဝင်ဖို့ထွက်ဖို့အကြောင်းများပါ မှာသည်တဲ့။

တော်ပါပြီ။

အသည်းလှှာ မြေဝယ် အမြစ်ဖြာယှက်သွယ်
အချစ်သူ့ခက်ခါနွယ် မာလာပင်နန်း ချစ်ပန်းပွင့်ဦးစအရွယ်
မြူတော်မှုလာနီး မှော်ကိုးကာ ပူဇာပါကြွယ်
ရည်ရွယ်သွယ်ညွှတ်ပြောင်း ကြာရှည်ညှာကြွေ ညောင်းမှုရယ်
အရိုင်းစပယ်မို့ ပစ်ပယ် ပန်တော်မဝင်တယ်
ငွေသင်္ဖြင့် ကြူမွေးကို သူရွှေးပြီထင်အားငယ်
တွက်ရေသော်ရက်တွေခြား စောင့်စားရင်း မြေမှာကြွေ ကြွေကာနွမ်း
လေပြီကွယ် ငွေချုပ်လှှာ ဆွေး မာလာမွေးရနံ့ပြယ်
အဲဒီ မောင်မောင်ညွှန့်ရဲ့ ''ပွင့်ဦး'' သီချင်းထဲကလိုပါပဲ။
စပယ်မြူတုန်းကာမှ ခင်ဖုန်းသက်ဝေရယ်
ဘယ်စိတ်လည်လို့ ပေါ်လာပြန်တယ် လှောစ်တာလေလာနေခဲ့ကွယ်
ဖန်လာပုံမှ ဆန်းကြယ် အချစ်ဖြင့် ဆိတ်သုဉ်းဆုံးရှုံးခြောက်ခန်း
လောင်ကျွမ်းခဲ့ရ မောင့်ဘဝ အစဉ်တွေရယ်
ဆက်သွယ်သန္တတိ မပြိုသောရုပ်နာမ် ပြောင်းလဲတတ်ပြန်
ဖြစ်ပြန်ပျက်ပြန် အချစ်မှန်တရားရယ်
မှုလွန်းခဲ့သူရယ် ပွင့်ဦးကြွေမှဖြင့်ကွယ် မပန်စေချင်ရက်တော့တယ်
ပွင့်ဦးကြွေသွားခဲ့ပါပြီ မမထွေးရယ်။

❦

အိမ်ထဲသို့ ဝင်လိုက်သည်နှင့် ထွေးထွေးကို သူ ချက်ချင်းငွေ့မသိတ်မိသည်။ သို့ပေမယ့် နှစ်ဆယ့်ငါးနှစ်ဆိုတဲ့အချိန်က ထွေးထွေးအား



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ပြောင်းလဲသွားစေခဲ့သည်။ သူ အလွန်မြတ်နိုးခဲ့သည့် ထွေးထွေ ရဲ့နက်မှောင်နေတဲ့ ဆံပင်များက တစ်ခေါင်းလုံးနီးပါး ဆွတ်ဆွတ်ဖြူသွားပြီ သူချစ်ခဲ့ရသော ပါးဖောင်းဖောင်းကလေးများက တွန့်ရှုံ့ပြေလျော့စပြုနေပြီ ပြုံးလိုက်စဉ် သွားများတစ်ချောင်း၊ နှစ်ချောင်းကျိုးနေသည်ကို သူမြင်ရ၏

"ဩော် အတော်အိုသွားပြီပဲ" သူ တွေး၏။

"လာ ကိုဦး၊ မမထွေးက လာမှလာပါ့မလားလို့"

ထွေးထွေးက ဝမ်းသာကြည်နူးသံနဲ့ ပြော၏။

"ခု လာပြီပဲ"

မပွင့်တပွင့်ဖြင့် သူက ဖြေသည်။ ပြီးတော့ ငယ်ငယ်ကလို အလှ အပတွေ ပြင်ဆင်ထားသည့် ထွေးထွေးအားအသေအချာကြည့်သည်။ သူ ချစ်ခဲ့ရတဲ့ အလှအပတွေကို ထွေးထွေးဆီမှာ လုံးဝမတွေ့မိတော့၊ ချစ်စရာ တွေလည်း မမြင်။

"ဘာသောက်မလဲ"

"ဘာမှ မသောက်ပါဘူး၊ စကားပြောမလို့ လာတာ"

"ကဲ ဒါဆိုပြောလေ"

ဟိုတုန်းကဆို သူအများကြီးပြောဖြစ်မည်။ ယခုတော့ ပြောစရာမရှိ တော့ပါ။ သူချစ်ခဲ့တာ ဟိုတုန်းက အသက်နှစ်ဆယ့်လေးငါးနှစ်အရွယ် ဆံပင်ကောင်းကောင်းနှင့် တောင့်တောင့်ဖြောင့်ဖြောင့်၊ နုနယ်ပျိုမြစ်သည့် ထွေးထွေး၊ ယခုလို ဆံဖြူသွားကြွေပြီး ဇရာဖိစီးစပြုနေသည့် ထွေးထွေ မဟုတ်ခဲ့ပါ။ ဇရာကို သူမချစ်နိုင်ပါ။

ဒါကြောင့် သူနဲ့ထွေးထွေးခွဲခွာခဲ့စဉ်က ဇာတ်ကြောင်းများကိုရော သူ့ခံစားချက်များကိုရော မပြောဖြစ်တော့သလို ဘာ့ကြောင့် ထွေးထွေ တစ်ယောက် မြန်းခွန်း၊ ဒိုင်းခနဲ အိမ်ထောင်ပြုသွားခဲ့တာတွေကိုပါ သူမမေး ခဲ့တော့၊ ထွေးထွေးကြောင့် အနှစ်နှစ်ဆယ်ကျော်ကျော် သူလူပျိုကြီး လုပ်နေ သည်။ အိမ်ထောင်ရေးကိုလည်း မစဉ်းစားခဲ့၊ အနုအလှလေးတွေနဲ့သာ အပျော်တမ်း သမုဒယတေးသီပြီး အလုမပျက်အောင်နေခဲ့သည်။ မကြ သေးမီကမှ သူ့အထက်လူကြီးများက စီစဉ်ပေးခဲ့သဖြင့် ခန့်ညားမွန်ရည်သော ဒေါက်တာခင်မျိုးမြတ်ကို လက်တွေ့ဘဝလိုအပ်ချက်အရ သူ လက်ထပ် သည် ဆိုသည်များကိုပါ သူ မပြောတော့ပါ။ ဘဝတွင်ဘာအရေးကြီ





သည် ဆိုသည်ကို သူသိလိုက်ပါပြီ၊ ချက်ချင်းပင် ဇရာ၏သဘောသဘာဝကို လည်း သူမြင်လိုက်ပါပြီ။ အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ဦးအမြင်နှင့် အသက်လေးဆယ်ကျော်လူကြီးတစ်ဦး၏အမြင်က ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် သွားခဲ့ပါပြီ။

"မမထွေးနောက်မှ အေးအေးဆေးဆေးလာဦးမယ်၊ အခုတော့ အရေးကြီးကိစ္စလေးတစ်ခုရှိနေလို့ ခွင့်လွှတ်ဦးနော်"

ဆိုပြီး သူတောင်းပန်၍ ရုတ်တရက် ထထွက်ခဲ့သည်။ ထွေးထွေး အံ့အားသင့် ကျန်ရစ်ခဲ့၏။

သူ့ရင်ထဲတွင်တော့ အနှစ်အစိတ်က ထွေးထွေးနှင့် ပတ်သက်ပြီး သိမ်းဆည်းထားခဲ့သည့် ခံစားချက်များအားလုံး ကုန်ဆုံးသွားခဲ့ချေပြီတည်း။

မြို့တော်မဂ္ဂဇင်းအတွက် ၁၉၉၆ တွင် ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com

# ညိုညိုနဲ့ ရိုရိုတို့အကြောင်း

မှိန်ဖျော့ဖျော့အလင်းရောင်အောက်တွင် နုရွှသော တေးသံသာလေ
က ခပ်ဖြည်းဖြည်းထွက်ပေါ်နေ၏။ အလှပြင်ခန်းမှ မွှေးရနံ့ကလည်း သင်
သင်းပျံ့ပျံ့နှင့် ရှိ၏။

"ဦး"

"အင်"

"ဆံပင်ဖြူတွေ သိပ်မတွေ့သေးဘူးနော်၊ လေးငါးဆယ်ပင်ပဲ"

"အင်း"

"သမီး အခုပဲ နုတ်ပေးလိုက်ပြီ၊ ဦးက တော်တော်အရွယ်တင်
တာပဲ၊ သမီးတို့က ဦး ဒီဆိုင်လာကာစက အသက်လေးဆယ်လောက်
ထင်တာ"

"ဟင်း ဟင်း"

သူ၏ ခပ်အုပ်အုပ်ရယ်သံ။

"မြှောက်နေပြန်ပြီ"

သူ၏ကျေနပ်ပုံရသည့် အသံ။

"တကယ်ပြောတာ ဦးရဲ့၊ ဦးက လေးဆယ်လောက်ပဲ ထင်ရတာ
တကယ်နော်တယ်၊ သမီးပြောတာ မယုံဘူးလား"

မိန်းမပျိုလေးက သူ့ခေါင်းကို ခပ်ဖွဖွလေးကုပ်ရင်း မျက်နှာထား
တည်တည်၊ အသံချိုလေးဖြင့် ပြောလိုက်၏။

"ယုံပါတယ် သမီးရဲ့"

သူက ဘာပဲဖြစ်ဖြစ် ယုံချင်နေသူဆိုတော့ ချက်ချင်းပင် ယုံလိုက်
ခဏအကြာတွင် မိန်းမပျိုကလေးက သူ့ခေါင်းမှ ဆံပင်များကိုတဘက်ဖြ
သုံးလေးကြိမ်လောက် ခပ်ဖွဖွလေး သုတ်ပေးပြန်၏။ ခေါင်းသုတ်ပြီးတော
ခြောက်အောင် လေမှုတ်စက်နှင့် အသာအယာမှုတ်ပေးပြန်၏။ ပြီးတော
တစ်ခေါင်းလုံးကို သူမလက်ချောင်းကလေးများဖြင့် ရွရွကလေး ထိုးဖွပေ
နေပြန်၏။ ဒီလိုလုပ်ရင် သူအိပ်ချင်လာပြီ။

မိန်းမပျိုကလေးက သူ့နား ပိုမိုတိုးကပ်လာပြီး အိစက်ညက်ညော
သော အထိအတွေ့များဖြင့် သူ့လက်ဖဝါးများအား ဆုပ်နယ်ပေးလိုက်





ညည်းနည်းရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်းဖြစ်သွား၏။ သွေးသားမတော်စပ်သည့်
ဆန့်ကျင်ဘက် သဘာဝကြောင့်ပဲ ထင်ပါရဲ့။

"အိပ်ချင်နေပြီလား ဦး"

"အင်း"

ဟုတ်သည်၊ သူ ဒီဆိုင်ရောက်လာတာ သုံးလေးငါးခါရှိပြီ၊ အလုပ်
ပင်ပန်းတိုင်း စိတ်လွတ်ကိုယ်လွတ် ယခုလို ခေါင်းလာလျှော်နေကျ။ အကြော
ဖြေနေကျ။ အပန်းဖြေနေကျ။ ထိုအခါများတွင် မကြာခဏ အိပ်ပျော်နေကျ။
ဒါ့ကြောင့် ဒီဆိုင်က ကလေးမလေးများက သူ့အကြောင်းကို သိနေကြပြီ။
သူက အပြုအစု အယုအယကြိုက်သူ။ သူ့အား ကောင်းကောင်းပြုစုလိုက်၍
သက်ရာကြိုက်သွားပါက ဘောက်ဆူးများများ ချသွားတတ်သူ။ အားလုံး
ထဲတွင် ယခုသူနှင့် စကားပြောနေသူ ညိုညိုကို သူသဘောအကျဆုံး၊
ညိုညိုက အပြုအစု အယုအယကောင်းသည်၊ သူ့အိမ်ကဟာတွေနဲ့များ
ကွာပဲ့၊ ဒါ့အပြင် ညိုညိုက တောင့်၏။ ဖြောင့်၏။ တင်းတင်းရင်းရင်းနဲ့
ချစ်စရာကောင်း၏။ သနပ်ခါးနံ့သင်းသင်းနဲ့ဖြစ်၏။ ပြီးတော့ စာတတ်ပေတတ်
ဘွဲ့ရတစ်ဦးသာမက အိမ်ထောင်လည်းမရှိသေး၊ အပျို။

ဒီလိုဆိုတော့ စကားပြောရ လွတ်လပ်တာပေါ့၊ သူက စိတ်လွတ်
ကိုယ်လွတ်နေချင်သူ။ အရင်တစ်ခေါက်ကမှ ညိုညိုနဲ့ စဆုံသည်။ စကား
ကောင်းစွာ မပြောဖြစ်။ မရင်းနှီးသေး။ နှစ်ခါဆိုတော့ ရင်းနှီးပြီ။ အရင်
တစ်ခေါက်က သူအိပ်ပျော်သွား၍ စကားမပြောနိုင်ခဲ့။ ဒီတစ်ခါတော့ သူ
အိပ်ငိုက်မိအောင် ကြိုးစားထားသည်။ ဘာကြောင့်လဲဆိုတော့ ဒီကလေး
လေး စကားပြောဟန်၊ အသံနဲ့ အမူအရာများကြောင့် သူစဉ်းစားစရာ
တစ်ခုရှိနေပြီ၊ ထိုအရာကား ကလေးမလေး၏ အညာလေနဲ့ မြန်မာဆန်ဆန်
ဆံပင်ရှည်ရှည် ထုံးဖွဲ့ထားခြင်းပင်ဖြစ်၏။

"နေပါဦး၊ ညိုညိုက ဘယ်ဇာတိလဲ၊ ရန်ကုန်ကပဲလား"

"မဟုတ်ဘူး ဦးရဲ့၊ မိတ္ထီလာ သာစည်ဘက်ကပါ၊ ဘာဖြစ်လို့လဲ
ဟင် ဦး"

"သြော် ဘာမှမဖြစ်ပါဘူး သမီးရယ်၊ သမီးက ဦးမိတ်ဆွေ
တစ်ယောက်နဲ့ အတော်တူလို့ပါ၊ သမီးပြုံးတာရယ်တာ စကားပြောတာ
အညာက ဦးမိတ်ဆွေနဲ့ သိပ်တူတယ် သမီးရဲ့၊ သူလည်း သင်းလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အရှည်ကြီးနဲ့၊ ပြီးတော့ သနပ်ခါးလည်း ကြိုက်တယ်''

''ဘယ်အရပ်ကလဲ ဦးရဲ့၊ ဘာတွေများ ပြောစရာရှိလို့လဲ''

''အင်း သမီးတို့ မိတ္ထီလာ သာစည်ဘက်ကပါပဲကွယ်၊ ပြောစရာ ဘာမှမရှိပါဘူး''

''တကယ်ပဲလား ဦးရဲ့၊ မယုံပါဘူးနော်''

ညိုညိုက သူမလက်ဖဝါးနုနုလေးများဖြင့် သူ့ကျောကိုပွတ်သပ်ပေးရင်း မေးလိုက်သည်။ သူက လေးတွဲ့တွဲ့ဖြင့်

''အင်း''

ဟု ရှည်ရှည်ဝေးဝေးကြီး အင်းလိုက်၏။ ပြီးတော့

''မယုံရင် ပုံပြင်မှတ်''

ဟု မပွင့်တပွင့်ပြောလိုက်၏။

သူ မှသာဝါဒကျူးလွန်လိုက်ခြင်းပါ။ တကယ်တော့ သူ့မှာပြောစရာတွေ အများကြီး။

လွန်ခဲ့သည့် နှစ်အနည်းငယ်ကာလ၏ တစ်ခုသော နေ့တစ်နေ့၊ မန္တလေး၊ မိတ္ထီလာကားလမ်းမဘေးက တည်ဆောက်ရေးလုပ်ငန်းတစ်ခုတွင် သူက တာဝန်ကျနေ၏။

''အပြင်မှာ မခင်စန်းရီ ရောက်နေပါတယ်ခင်ဗျ''

လုပ်ငန်းမှ စာရင်းဇယားများနှင့် ရုံးခန်းတွင် တစ်ဦးတည်းအလုပ်ရှုပ်နေစဉ် တပည့်ကျော် မောင်မြင့်လာသတင်းပို့၏။

''ဟေ ဟုတ်လား၊ အေး ခေါ်လိုက်ပါကွာ''

''ဟော မခင်စန်းရီ ထိုင်ဗျာ၊ ဘာလုပ်ပေးရမလဲ''

''ဟင်း ဆရာကလည်း၊ ဆရာပဲ မှာလိုက်ပြီးတော့၊ ဒီည ဒီမှာ ခါတိုင်းလို ဗီဒီယိုလာပြပေးရမယ်ဆို၊ မောင်လေးမအားလို့ ဆရာရဲ့၊ ဒါ့ကြောင့် သူ့အစား ထလိုက်လာတာ၊ ညကတောင်လိုရင် လိုက်လာမလားလို့''

''ဟာဗျာ၊ မလိုပါဘူး မခင်စန်းရီရယ်၊ အော်ပရေတာလေးတွေနဲ့ပဲ လွှတ်ပေါ့၊ ဒုက္ခရှာလို့ဗျာ''

''အို မဒုက္ခပါဘူး ဆရာရဲ့၊ ဘာလဲ ဆရာက ရီရီ့ကိုမလာစေချင်လို့





လား''

အသားညို အပျိုချောကြီးက ခပ်နွဲ့နွဲ့ဖြင့် ညုညုလေးပြောလိုက်၏။ ဒီလိုညုတဲ့ဒဏ် သူသိပ်မခံနိုင်။

''မဟုတ်ရပါဘူးဗျာ၊ မခင်စန်းရီ အလုပ်များနေမှာစိုးလို့ပါ၊ လာချင်လည်း လာပါဗျာ''

''ဩော် အပျိုကြီး၊ အပျိုကြီး၊ ဘာမှမသိရှာဘူး၊ ချဉ်သီးနဲ့ဆားအတူထား လျှာဖျားကျွန်မြမရတဲ့၊ ဒါ့ကြောင့် မလာစေချင်တာ၊ သူမသိဘူးထင်ပါရဲ့''

သူတွေးလိုက်၏။

အင်း ဒါတွေကလည်းတမော့ဝ့် အလုပ်လုပ်ရတာ ကောင်းကောင်းပင် မဖြောင့်တော့။ သူ့လုပ်ငန်းကြီးက နိုင်ငံတော်စီမံကိန်း၊ ဒီမှာ သူသည် တာဝန်ရှိသူ လူကြီးများထဲတွင် တစ်ဦးအပါအဝင်၊ ဒါ့ကြောင့် အိုးပစ်အိမ်ပစ်နဲ့ သူအလုပ် လုပ်နေခြင်းဖြစ်ပါ၏။ ရန်ကုန်ရှိ မိသားစုကို သူမေ့ထား၏။ သရာဝါသသမ္မိဒဟာကိစ္စများကြောင့် လူတို့ဘောင်ဝယ်ဆိုသည့် ဗဟာကိစ္စများကို သူ,မစဉ်းစား။ ဒါပေမယ့် ပတ်ဝန်းကျင်ဆိုတာ အခက်သားလား၊သူက လုပ်နိုင်ကိုင်နိုင်သူ၊ လုပ်ပိုင်ခွင့်ရှိသူဆိုတော့ သူ့ဆီ လူတွေလာကြ၏။ ဒီအထဲမှာ မခင်စန်းရီကား ရှေ့ဆုံးမှပင် ဖြစ်၏။

မခင်စန်းရီက ညိုညို၊ တောင့်တောင့်ဖြောင့်ဖြောင့်၊ လုံးကြီးပေါက်လှ ချစ်စရာကြီး၊ ဘယ်ဘက်မှာ စပယ်တင်မှည့်ကလေးတစ်လုံးက ပါလိုက်သေး၏။ မျက်လုံးမျက်ခုံးလည်းကောင်း၏။ သူမ၏ဆံပင်အရှည်ကြီးကို မြန်မာဆန်ဆန် ထုံးဖွဲ့တတ်၏။ သနပ်ခါး အလွန်ကြိုက်၏။ မိဘတွေ မရှိတော့သဖြင့် မောင်နှမတွေဖြင့် မိသားစုစီးပွားရေးကို ဦးစီးလုပ်နေသူ အပျိုချောကြီးဖြစ်၏။

အပျိုကြီးမမတ အသက်က သုံးဆယ်ကျော်ကျော်၊ လုပ်ငန်းကကားဝပ်ရှော့နှင့် စက်သုံးဆီအရောင်းအဝယ် ပြီးတော့ ယခုဗီဒီယိုပြသည့်လုပ်ငန်း၊ ဒါ့အပြင် ရွှေဆိုင်ပါရှိသေးတဲ့။

ဩော် အပျိုကြီးမမရယ်၊ လောကအကြောင်း မသိတော့ဘူးလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်၌ ဗီဒီယိုပြနေ၏။ အခွေသုံးလေးခွေပြမည်ဆိုတော မိုးချုပ်မည်ပေါ့။ သူကတော့ ကြည့်လေ့ကြည့်ထမရှိ။ သူ့လုပ်သားများသ ကြည့်စေ၏။ညနေ (၆)နာရီမှာ လုပ်ငန်းပြတ်သွားရာ သူရေမိုးချိုးပြီး ညေ့ခန် မှာ အပန်းဖြေ ခြင်းလုပ်ငန်းစ၏။ သူ့အပန်းဖြေမှုက ယမကာလေး နည်းနည် သောက်သုံးရင်းဖြင့် အနှစ်နှစ်ဆယ်ခေတ်ပြားတေးများကို ရွေးချယ်နားထော ခြင်းပင်။

ဝီစကီ၊ ဆိုဒါ၊ ရေခဲနှင့် အမြည်းကောင်းကောင်းအား သုံးဆော ရင်း ငြိမ့်ညောင်းသောတေးသံသာကို နားထောင်ရမှုက သူ၏တစ်နေ့ကု ပင်ပန်းမှုကို သက်သာစေ၏။ ယခုရက်များအတွင်း လူကြီးတွေလာစစ်မည ဆို၏။ ပြင်ရဆင်ရနှင့် ပင်ပန်းလှ၏။ ဒီနေ့မှ ပိုပင်ပန်းသည်ထင်၏။

သူနားထောင်နေကျ သီချင်းဖွင့်လိုက်၏။ အနှစ်နှစ်ဆယ်ခေတ်ပြ တေးများ၊ ကိုမြတ်လေးရဲ့ မစ္စဝီစကီ၊ ကိုခင်လတ်ရဲ့ ကမ်းခြေဖေယျ ကိုမြကြီးရဲ့ နွဲ့ဆိုး၊ ကိုချစ်ဆွေရဲ့ ချစ်အားငယ်ရသူ။ ပြီးတော့ မောင်မောင်ညွ ရဲ့ သစ္စာ စသည် စသည်များ၊ သူ မျက်စိမှိတ်နားထောင်နေ၏။

''ခွင့်ပြုပါ ခင်ဗျာ၊ မခင်စန်းရီက တွေ့ချင်လို့တဲ့ခင်ဗျာ''

တပည့်ကျော် မောင်မြင့်က အခုလို ညနေပိုင်း သူအပန်းဖြေနေစ ညေ့သည်လာတာ မကြိုက်မှန်းသိ၍ လာခွင့်တောင်း၏။ ဘာများပါလိ ဒီအမျိုးသမီးက ခက်တော့တာပဲ။

''အင်း လာခိုင်းလိုက်ပါကွာ''

သနပ်ခါးနံ့ သင်းသင်းပျံ့ပျံ့နှင့်အတူ မခင်စန်းရီဝင်လာ၏။ စတ သုံးဆင့်ချိုင့်တစ်လုံး ပါလာ၏။ သနပ်ခါးနံ့များနှင့် ဟင်းနံ့ကြွေးနံ့များ သူ့နှာခေါင်းထဲ လုံးထွေးဝင်သွား၏။

''ဘာများလဲဗျာ''

''ဆရာ့အတွက် ရီရီ စားစရာလာပို့တာ ဆရာ၊ ဆရာ့တပည် တွေက ယောက်ျားလေးတွေဆိုတော့ ချက်တာကောင်းကော ကောင်းရဲ့လာ မသိဘူး၊ အဲဒါကြောင့် အကြော်အလှော်ကလေးတွေနဲ့ ဆရာနည်းနည်းမြည် ဖို့ အမြည်းလေးပါယူလာတယ် ဆရာရဲ့''

''ဟာဗျာ မခင်စန်းရီကလည်း ဒုက္ခရှာလို့''

''ဟင်း ဆရာကလည်း လာပြန်ပြီလား ဒီဒုက္ခ၊ ဘာလဲ ဆရာ ရီလာပို့တာ မကြိုက်လို့လား ဆရာ''





မချောက မျက်စောင်းကလေးထိုးပြော၏။

ဒုက္ခပါပဲ၊ ဒီအမျိုးသမီးက ကျားညှပုသ်စောင့်နေတာ မသိဘူးထင်ရဲ့ င်း သူရာမေရိယံကံ ကျူးလွန်ယုံနဲ့ ပြီးမှပြီးပါ့မလားမသိဘူး။

သူငြင်းလို့မရတော့၊ သူ့တပည့်ယောက်ျားတွေ လက်ရာကို သူစိတ် က်နေသည်မှာလည်း ကြာပြီ၊ ဒါဆို စားရမည်ပေါ့။

''ကဲ ချဗျာ၊ စားတာပေါ့''

သူက တစ်ခုပြီးတစ်ခု ကောက်စား၏။ ကောင်း၏။ မခင်စန်းရီက ကောင်းနိုးရာရာများ သူ့ဘက်ပို့၏။ ထည့်ပေး၏။ ယမကာတော့ သူ့ဟာသူ ည့်၏။ တစ်ခွက်၊ နှစ်ခွက်၊ သုံးလေးခွက်၊ ခွက်ဆင့်လာတော့ သူမူးယစ် ဝေလာ၏။ ဒီတော့ မခင်စန်းရီကို သူကြည့်၏။ သူမ၏ ရွှန်းလဲ့သော ကလုံးအစုံကို ခပ်ဖျော့ဖျော့အလင်းရောင်မှာ သူမြင်၏။ ဖျတ်ခနဲ တစ်စုံ စ်ခုကို သူတွေ့သိသလိုဖြစ်၏။ သူ သဘောပေါက်နားလည်သလိုဖြစ်၏။ နောက်တော့ ခုနစ်လ၊ ရှစ်လထိန်းထားသည့် သူ၏ရာဇဣန္ဒြေတံခါးကြီး အား ဖွင့်ချလိုက်မိ၏။ သွားပြီ မူးမူးမေ့မေ့နှင့် သူဘာတွေလုပ်လိုက်မိမှန်း သိတော့။

တက်ကြွနေသည့် ယမကာအရှိန်နှင့် ကြာညောင်းစွာ ထိန်းသိမ်း ားသည့် ပုရိသစွမ်းအားနှစ်ခု ပေါင်းစပ်မှုကြောင့် အပျိုကြီးမမခများ ိုနေ့က

''အို အစ်ကိုရယ်''

ဟုသာ ဆိုနိုင်ရှာပြီး သူ့အား တင်းတင်းကြီးကြီးပြန်ဖက်လိုက် ည်ကိုသာ သူမှတ်မိပါတော့သည်။ ယစ်ရွှေရည်နံ့နှင့် သနပ်ခါးနံ့များ ရာသွားကာ အားလုံးအမှောင်ကျသွားသည် ထင်၏။

ဩော် သီလတွေ ကျိုးပေါက်ကုန်ပြီပဲ။

ဒီနေ့ မမျှော်လင့်ဘဲ သူ့ဆီသားကြီးရောက်လာ၏။ မန္တလေးသွားရင်း ဝင်လာသည်ဆို၏။ ခရီးရောက်မဆိုက်ပင် သားက



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရေ သားကား လမ်းမှာ ဆီနည်းနည်းယိုလာတယ်၊ ပြင်ခ
လို့ သားဆွဲကြိုးလည်း လမ်းမှာပဲ ပြတ်လာလို့ အဲဒါလည်း ပြန်ဆက်ခ
တယ်၊ ဒီညတော့ သားကားပြင်ပြီး ဒီမှာပဲ အိပ်မယ်"

သူက နည်းနည်းစဉ်းစားလိုက်၏။ ပြီးတော့

"မောင်မြင့် ခေါ်သွားကွာ၊ မိတ္ထီလာမြို့ထဲမှာ ဖေ့ဖေ့မိတ်ဆွေဆိုင်
တယ်၊ သားကားရော ဆွဲကြိုးလေးရော တစ်နေ့ရာတည်း ပြင်လို့ရမှာပ

"မောင်မြင့်ရေ သားကို မခင်စန်းရီဆီ လိုက်ပို့လိုက်ပါကွာ၊ လိုတ
လုပ်ပေးပါလိမ့်မယ်"

နေ့ခင်း ခပ်စောစောရောက်လာသော သားသည် ထိုနေ့က ညအ
ချိန်မှ ပြန်ရောက်လာသည်။ ကားလည်း ပြင်ပြီးပြီ၊ ဆွဲကြိုးလေးလည်
အပိုကြီး မမရွှေဆိုင်က ပြန်ဆက်ပေးလိုက်သည်တဲ့။ ထမင်းလည်း ဟိုဂ
အတင်းကျွေးလိုက်သည်တဲ့။

သားက အသက်နှစ်ဆယ်ကျော်ပြီ ကလေးမဟုတ်တော့၊ ပြီးတေ
မန္တလေးတက္ကသိုလ်မှ ဘွဲ့ရထားသူဖြစ်၏။ အရောင်းအဝယ်များပင် လုပ်တ
နေပြီ။ ဒါကြောင့် သူဘာမှ မပြောတော့။ အခု အရောင်းအဝယ်ကိစ္စဖြ
မန္တလေးရှိ သူ့မိတ်ဆွေများဆီသွားမည်ဖြစ်၏။

မနက်မိုးလင်းတော့ သား မန္တလေးကိုဆက်ထွက်သွား၏။ မသွားခ
ပြောသွား၏။

"ဖေဖေရေ ဖေ့ဖေ့အပိုကြီးက မဆိုးဘူး၊ သားကို တအားဂရုစိုက
တာ ဖေဖေရဲ့"

သူပြုံးလိုက်ပါ၏။ ဘာတွေများ တအားဂရုစိုက်လိုက်ပါလိမ့်။

❦

သား မန္တလေးအတက်အဆင်းလုပ်တိုင်း သူ့စခန်းမှာ ပုံမှန်ဝင်အ
တတ်နေပြီ မိတ္ထီလာကို သွားတတ်နေပြီ သားနဲ့ပတ်သက်ပြီး အပိုကြီးမမ

"အစ်ကို့သားက သိပ်ရိုးတာအစ်ကိုရဲ့၊ ကားလာပြင်တုန်းက ပိုက်
အတင်းပေးတာ၊ ရီရီက မယူဘူး၊ ထမင်းကျွေးတော့လည်း ရှက်နေသေ
တယ်၊ ချက်ချင်း မစားရဲရှာဘူး"

"အင်း သူ့အဖေလိုနေမှာပေါ့"





"ဟင်း ဟင်း အစ်ကိုလည်း တကယ်ရိုးပါတယ်နော်"

မချောက ခနဲ့သလို ရွဲ့သလိုလေးဆို၏။

"သိသားနဲ့"

သူက ပြန်ပြော၏။ ဒီလိုပြောနေရရင် သူ့အပျင်းပြေ၏။ ပျော်၏။
ကို အပိုချောကြီးက သိနေဟန်တူ၏။

သားမရှိသည့်အခါများတွင် တစ်ပတ်တစ်ခါလောက်တော့ သူ့ဆီ
နှန်လာတတ်၏။ စားစရာသောက်စရာများ ယူလာပေး၏။ သြော် သူ့ဟာ
သူ သဒ္ဒါပေါက်ပြီး လာပို့တော့လည်း စားရသည်ပေါ့။

"တို့ ကိုယ်တော်ကြီးက ပို့ဆွမ်းတော့ စားသကွ"

ဟု တပည့်တပန်းများက တိုးတိုးတိတ်တိတ်တော့ ပြောကြ၏။

သူတို့ပြောချင်တာတွေ ပြောကြပါစေ။ သူဘာမှ မပြောလိုပါ။
ရာရာ သည် သူ့အကြောင်းတရားနှင့်သူ ဖြစ်နေသည်ပဲ။

❦

ဒီနေ့ မနက်ပိုင်းတွင် အပိုကြီးမမ စခန်းရောက်လာ၏။ အရေးပေါ်
သူနဲ့တွေ့ချင်သတဲ့။ အလုပ်ခွင်ထဲရောက်နေ၍ မတွေ့နိုင်သေး။ စောင့်နိုင်း
ထားရ၏။ ဘာများပါလိမ့်။ အပိုကြီးကတော့ လုပ်ရှော့မည်။

ရုံးခန်း သူပြန်အရောက်တွင် ကိုယ်လက်သန့်စင်ရသေး၏၊ သားနား
အောင် ပြင်ရ၊ ဆင်ရသေး၏။ မခင်စန်းရီကိုတော့ တပည့်ကျော်မောင်မြင့်ကို
ည့်ခံနိုင်းထား၏။ အသင့်ဖြစ်ရင် သူ့စကားပြောပါမည်။ သပ်ရပ်သားနား
အောင် မပြင်လို့ကမရ၊ သူနဲ့တွေ့တိုင်း မခင်စန်းရီက အစွမ်းကုန်ပြင်ဆင်
လာသည် မဟုတ်လား။

အဆင်သင့်ဖြစ်၍ သူ့အိမ်ပြင်ထွက်လိုက်စဉ် အဖြူရောင်ဆလွန်းကား
လေးတစ်စီး ရှတ်တရက် ထိုးဆိုက်လာ၏။

"ဟာ မေပါလား၊ သမီးတွေလည်း ပါသကိုး"

သူ့ဇနီးနဲ့ သမီးများ မမျှော်လင့်ဘဲ ရောက်လာ၏။ နွေကျောင်းပိတ်
ကာလရောက်လာပြီပဲ၊ ကားမောင်းသူက သားတော်မောင်ပင်။ မောင်နှမသုံး
ယောက်နှင့် သူတို့အမေ။

"ဘယ်လိုလဲ မေ၊ ဖြူန်းစားကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုရဲ့၊ ကို့သမီးတွေက ကျောင်းပိတ်ပိတ်ချင်း အဖေ
ကြီးဆီသွားမယ်ဆိုပြီး အတင်းပူဆာကြတာနဲ့ သားကိုပို့နိုင်းရတာ၊ ညက
တော့ မကွေးမှာ အိပ်တယ်လေ၊ ကို အံ့သြသွားအောင် ကြိုပြောမထားတာ"

မေနှင့် သမီးများက စကားပြောရင်း အပိုကြီးကို လှမ်းအကဲခတ်
ကြ၏။ သူတို့ချင်းလည်း မျက်နှာရိပ်မျက်နှာကဲဖြင့် စကားပြောကြ၏
ဘယ်လိုလဲပေါ့၊ သမီးတွေကလည်း တက္ကသိုလ်ကျောင်းသူတွေလေ၊ ဘယ်
ခေမလဲ၊ အပိုကြီးကလည်း ဒါကို သိသည်ထင့်။

"ဆရာ ကျွန်မပြန်ပါဦးမယ်"

သူမက နှုတ်ဆက်၏။

"ကောင်းပါပြီဗျာ"

"မောင်လေး ပြန်မယ်နော်"

သားကိုပါ နှုတ်ဆက်သွား၏။ သားက စကားမပြော။ ခေါင်းသာ
ညိတ်ပြ၏။ အပိုကြီးထွက်သွားတော့ သနပ်ခါးနံ့များသင်းကျန်ခဲ့၏။

မေက တင်းရင်းလှပသည့် အပိုကြီးမမအား ရှုးရှုစိုက်စိုက်တစ်ချက်
ကြည့်ပြီး

"သူက ဘယ်ကလဲ ကို"

"ဩော် မိတ္ထီလာက ကိုယ့်လုပ်ငန်းကန်ထရိုက်ပါကွာ၊ အလုပ်
ကိစ္စလာညှိတာပါ"

"သားနဲ့ရော ဘယ်တုန်းက သိနေတာလဲ၊ နှုတ်လည်း ဆက်သွား
သေးတယ်၊ ဟင်း မောင်လေးတဲ့၊ အတော်ရင်းနှီးနေကြပြီပေါ့၊ အဖေနဲ့က
ညှိတုန်း တန်းလန်း၊ သားနဲ့ရော ညှိပြီးကြပြီလား၊ ကြည့်လုပ်ပါဦး ကိုရယ်"

"သူများကို အလကားနေရင်း အကုသိုလ်မပွားပါနဲ့ မေရယ်
ဘာကြည့်လုပ်ရမှာလဲ၊ လူကြီးလူကောင်းတွေပါကွ"

"ဟင်း ဘာလူကြီးလူကောင်းလဲ၊ မိန်းမကိုက ကြာနဲ့၊ ကိုယ့်သား
နုနုထွတ်ထွတ်ကိုတောင် ညှုသွားသေးတယ်၊ အဒေါ်အရွယ်ကြီးနဲ့ မောင်လေး
တဲ့၊ ကိုယ့်အသက်အရွယ်ကိုမှ အားမနာ၊ ဒါပဲနော် ကို၊ သားတစ်ခုခုဖြစ်ရင်
ကို့တာဝန်ပဲ၊ သားအဖနှစ်ယောက် ပြောလိုက်ပါပေ့"

သူ့ဇနီးက စကားဆုံးတော့ မောနေရာ

"မေကလည်းကွာ"





"ဘာ မေကလည်းလဲ၊ ကိုနော်"

"အချိုရည်အေးအေးလေးသောက်လိုက်ပါဦး မေရယ်၊ ကိုယ့်မိန်းမ
ခရီးရောက်မဆိုက် ရန်ထောင်နေရတာ မောနေပြီ"

သူက တ ည့်ကျော်မောင်မြင့်အားခေါ်ပြီး အမေနှင့်သမီးများအား
အချိုရည်တိုက်ခိုင်းလိုက်၏။ မေ့ပါးစပ်ကို ပိတ်ထားမှ မပိတ်ရင်ပါးစပ်သေနတ်
ဒလစပ်ပစ်ပေရော့မည်။ သမီးတွေကတော့ ဒီပွဲတွင် ကြားနေပုံရ၏။ ဘာမှ
ဝင်မပြောကြ။

မောမောနှင့် အချိုရည်သောက်နေသည့် သူ့ဇနီးကို ကြည့်ရင်း
သူပြုံး၏။ သားကတော့ ဂူးခနဲကားမောင်းထွက်သွား၏။ သူ့အမေပြောသည်
ကို ဘာမှမဖြစ်သလိုပါဘဲ။ မကြားသလိုလိုနဲ့။

"အင်း တော်သေးတာပေါ့၊ သားရှိနေလို့၊ သားသာမရှိရင်မလွယ်
ဘူး ထင်ရဲ့"

မြားဦးက သားဘက်မလှည့်ဘဲ သူ့ဘက်လှည့်နေမည်လား မသိ။
သူနှစ်နှစ်ခြိုက်ခြိုက်ကြီး ထပ်မံပြုံးလိုက်ပြန်ပါသည်။

ရှေးဖြစ်ဟောင်းကို အောက်မေ့ရင်း သူ့အပြုံးက ဘယ်မှုရှည်ကြာ
သွားသည် မသိ။

"ဘာတွေများ ဒီလောက်ပြုံးနေရတာလဲ ဦးရဲ့"

"ဘာမှ မဟုတ်ပါဘူး ရီရီရယ်၊ အဲ သမီးရယ်"

"ဦးက မဟုတ်ဘူးသာပြောနေတာ၊ သမီးကြည့်နေတာ ကြာပြီ
ဦးမျက်နှာ Massage စလုပ်ပေးကတည်းက ဦးပြုံးနေတာ၊ ပြီးတော့လဲ
ဟင်း ဟင်း သမီးကိုရီရီတဲ့၊ သိနေတယ်နော်"

"အင်း ပြုံးတာ အဲဒါပဲပေါ့ သမီးရယ်၊ သမီးနဲ့တူတဲ့ သမီးတို့
အရပ်က ဦးမိတ်ဆွေက ရီရီတဲ့၊ သူ့ကို ပြန်စဉ်းစားမိရင်း ပြုံးစရာလေးတွေ
ပေါ်လာလို့ ပြုံးမိတာပါ"

"ပြောပါဦး ဦးရဲ့၊ သမုဒယဇာတ်လမ်းလေးတွေလား၊ ဘာတွေများ
လဲ၊ သမီးတို့ သိရမလား"

"အင်း ဆိုကြပါစို့လေ၊ ဇာတ်လမ်းကတော့ နောက်တစ်ပိုဒ်မှပြော



www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့သမီးရယ်၊ ဆက်ရန်ရှိသေးသည်ပေါ့၊ နောက်မှနောက်မှ၊ အခု တော့ တန်းဖြတ်လိုက်ကြဦးစို့ သမီးရေ၊ ဦးက အလုပ်အများသားသမီးရဲ့"

"ဟင်း ဦးကလည်း လုပ်ပြီ၊ ကောင်းခန်းရောက်မှ"

မိန်းမပျိုလေး၏ ဦးကလည်းဆိုသော ခရာတာတာအသံလေးက "အို အစ်ကိုကလည်း" ဆိုသည့် ထိုစဉ်က သူ့ရီရီအသံနှင့် ခပ်ဆင်ဆင်၊ သြော် အဟောင်းတွေ အသစ်ပြန်ဖြစ်ချင်နေပြီထင့်၊ ဒီကလေးမလေးနဲ့တော့ ခက်တော့တာပဲ။ အသက်တောင် ပြန်ငယ်လိုက်ချင်ရဲ့။

သူတွေးလိုက်၏။ ချစ်စရာ အညာသူလေး၏ အပြုအစုကို သူခံရင်း နှစ်နှစ်ခြိုက်ခြိုက်ကြီး ထပ်မံပြုံးလိုက်မိ၏။ ပြီးတော့ ဒီဆိုင်ကိုမကြာမကြာ လာဖို့လည်း သူဆုံးဖြတ်လိုက်၏။

သြော် ယောကျ်ားတွေများ။

မြို့တော်မဂ္ဂဇင်းအတွက် ၁၉၉၇ တွင် ရေးသည်။



## သမီးနဲ့မဟုတ်ဘူး အမေနဲ့

၂၁–မိုင်ကျော်လျှင် ပတ်ဝန်းကျင်က ပိုအေးလာ၏။ လမ်းဘေး ဘယ်ညာတွင်မူ ရောင်စုံပန်းပွင့်လေးများ လှပစွာ ဖူးပွင့်နေသည်ကို မြင်ရ၏။ လိပ်ပြာရောင်စုံကလေးများကလည်း ဟိုမှသည်မှ ပျံဝဲနေသည်မှာ ကြည်နူး စဖွယ်ပင်။ "ဥတုရာသီ တောကိုမှီ၏" "တောတောင်စိမ်းမှ စမ်းရေရ၏" "ကျေးငှက် သားရဲ တောမှာမြဲ၏" ဆိုသည့် ဆိုင်းဘုတ်ကလေးများကို လည်း သတိထားမိ၏။ **View Point** ရောက်သော် ဟိုအဝေး အနောက် ဘက် ချိုင့်ဝှမ်းအတွင်းမှ မန္တလေးနှင့် ဧရာဝတီမြစ်အား မှုန်ပျပျမြင်နေရ၏။ ရှုခင်းက လွမ်းမောကြည်နူးစရာ ကောင်းလှပါသည်။

"ဘာတွေ စဉ်းစားနေတာလဲ ကိုရဲ့"

ကျွန်တော်က ကားမောင်းရင်း အတွေးနယ်ချဲ့နေမိသဖြင့် ဘေးမှ ပါလာသည့် ချစ်ဇနီးမေက မေးလိုက်ရာ

"သြော် ပြင်ဦးလွင်ရဲ့ အလှအပတွေကို သဘောကျလို့ပါ၊ ကိုတို့ အညာနဲ့တော့ ကွာတယ်နော်၊ ရာသီဥတုကအေးပြီး ရေမြေကကောင်းတော့ အားလုံးကလှနေတယ်၊ သစ်ပင်ပန်းပင်တွေသာမကဘူး လူတွေအားလုံး လည်း စိုပြည်လှပနေတာပဲ"

"ဟုတ်တယ်နော်၊ မမမြတို့သားအမိတစ်တွေကြည့်ပါလား၊ တစ်အိမ်လုံး အချောချည်းပဲ"

"အမေကြီးက ပိုချောတယ်ထင်တယ် မေရဲ့"

မေနဲ့ စကားကောင်းနေစဉ် ကျွန်တော်တို့ဆလွန်းကားကလေးက ပြင်ဦးလွင်ကို ဝင်လာ၏။ လမ်းတွေအိမ်တွေက ဟိုစဉ်တုန်းကနဲ့ မတူတော့ သစ်လွင်ပြောင်းလဲနေပြီ။

"ကိုရေ ဒီရောက်တုံးရောက်ခိုက် မမမြတို့ကိုဝင်နှုတ်ဆက်လိုက် ရအောင်နော်"

မြို့တွင်းကိုရောက်ပြီး လားရှိုးလမ်းမကြီး၏နံဘေးရှိ ရှေးပုံစံနှစ်ထပ် တိုက်အိမ်ကြီးတစ်ခုကို ရောက်သည်နှင့် ကားလေးဝင်လိုက်ရာ

"ဟယ် မေတို့ပါလား၊ လာ မေ အလည်သက်သက်ပဲလား"

မမမြနှင့် တန်းတွေ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါစို့ မမမြရယ် မေတို့ရန်ကုန်ပြောင်းရတယ်၊ အဲဒါ မမမြတို့နဲ့ ဒီကမိတ်ဆွေတွေ လာနှုတ်ဆက်ရင်း ဒီမှာရထားတဲ့မြေကွက်ကလေးအတွက် ငွေတစ်ခါတည်းသွင်းမလို့"

"ဘယ်တော့ပြောင်းကြမှာလဲ၊ ရန်ကုန်ဆိုတော့ ကောင်းတာပေါ့၊ အံမယ် ဘာမပြောညာမပြောနဲ့ ဟိုတစ်လောကတောင် ဗိုလ်စန်းမောင် ဝင်လာသေးတယ်၊ သူလည်း မေတို့လို ရန်ကုန်ကိုပြောင်းရတယ် ကုန်သွယ်ရေး ဆိုလားပဲ"

"ဟင် ဟုတ်လား၊ ကိုစန်းမောင်က မမမြတို့ဆီဝင်သွားတယ်နော်၊ အံ့ရော မေတို့မန္တလေးမှာရှိမှန်း မသိလို့ထင်တယ်၊ မေတို့ဆီတော့ လာမသွားဘူး"

မေက ပြောပြောဆိုဆို အဓိပ္ပာယ်ပါသည့်မျက်လုံးများဖြင့် ကျွန်တော့်ကို လှမ်းကြည့်လိုက်၏။ ကျွန်တော်ကလည်း သိလိုက်ပါသည်။ မေနဲ့ပေါင်းလာတာ ကြာပြီပဲ။

ဩော် စန်းမောင်က မမမြဆီဝင်သွားသတဲ့လား၊ စန်းမောင် စန်းမောင် ကျွန်တော့်သူငယ်ချင်းစန်းမောင်၊ ဒီကောင်နဲ့ကျွန်တော်တို့ မမြတို့ ကြားတွင် ပြောစရာများရှိနေပါသည်။

စန်းမောင်ဆိုသည်က

ကျွန်တော်နှင့်စန်းမောင်က သူငယ်ချင်း၊ တက္ကသိုလ်ကတည်းကတွဲလာသူများ၊ ကျောင်းကထွက်တော့ စိတ်တူသဘောတူတပ်ထဲဝင်ကြ၏။ ဗိုလ်သင်တန်းဆင်းတော့ ကရင်ပြည်နယ်တွင် အတူတာဝန်ကျ၏။

သူက ပဲခူးကဆေးလိပ်ခုံများပိုင်ရှင် သူဌေးသားမို့ ရည်းစားကလည်း များလှ၏။ အနောက်အပြောင်ကလည်းသန်၏။ အပြင်က ချောချောလှလှလေးများ မဆိုထားဘိ၊ သူ့ဆေးလိပ်ခုံက ချောချောလှလှ ကလေးမလေးများကိုပင် သူအလွတ်မပေး၊ မထိတထိနှင့် ရည်းစားစကားမပြောဘူးသူ မရှိဟုလည်း ဆိုကြ၏။ ငယ်ငယ်ရွယ်ရွယ်လှလှပပကလေးများကို အလွန်ကြိုက်သူဖြစ်၏။ အသက်ကြီးသူကိုတော့ မကြိုက်။ ကိုယ့်ထက် အသက်ကြီးသူကို ယူပြီး မမဟုလည်း မခေါ်နိုင်။ အရိုအသေပေးရမှာလည်း ဝန်လေးလှသည်ဟု ဆို၏။





တက္ကသိုလ်တွင် စိတ်ကြိုက်မြန်မာစာသင်ခဲ့ကြစဉ်က နတ်ရှင်နောင် အကြောင်းသင်ရာ၌

"အလကား နတ်ရှင်နောင်ကွာ၊ ကဗျာစပ်ကောင်းသလောက် အသွားကြီး သွားယူတယ်၊ ပင်တိုင်စံတော်ကလျာအနဲ့ရယ်ကြောင့် ကြင်ပိုင်စံ စာ အညာ ကဗျာဖွဲ့ရတယ် ဘာညာနဲ့ ဖွတ်"

"ဟကောင်ရ သူ့အကြိုက်နဲ့သူပေါ့ ရှမ်းကြိုက်ရင်ကွာ ချောတာပဲ"

ဟု ကျွန်တော်က ဆိုမိ၏။

နတ်ရှင်နောင်ကိုသာ သူက ဝေဖန်သော်လည်း နဝဒေးကြီးကိုတော့ သူ သဘောကျ၏။

"နဝဒေးကြီးကတော့ စွန့်တယ်ဟေ့၊ ရှင်နှောင်းကို ရအောင်လုပ်နိုင်တာ သဘောကျလှသကွာ"

ဟု ပြောရာ

"မင်း နဝဒေးကြီး ဒီခေတ်ဆိုရင်တော့ အရွယ်မရောက်သေးသူ သွေးဆောင်မှုနဲ့ တရားစွဲခံရမှာ သေချာလှသကွာ"

ဟု သူမကြိုက်မှန်းသိ၍ ကျွန်တော်က စ၏။ ဒါကို သူက သိပ် ကျေနပ်။

တက္ကသိုလ်တွင်လည်း ဖရက်ရှာလေးများကိုရှာပြီး ရည်းစားထည့်လဲ သား၏။ ဤသို့နှင့်ပင် စန်းမောင်သည် ရည်းစားအတည်တကျမရှိဘဲ ကျွန်တော်နှင့် တပ်ထဲဝင်ခဲ့ကြခြင်းဖြစ်၏။ သူဌေးသားက တပ်ထဲပျော်လို့ ဝင်ခြင်းဖြစ်သည်ဟု ဆို၏။

ကရင်ပြည်နယ်တွင် ကျွန်တော်နှင့် မေတို့ အိမ်ထောင်ကျတော့ ဒီကောင် လူပျိုကြီးဖြစ်၏။ ကရင်ပြည်နယ်၌ နှစ်အတော်ကြာနေအပြီးတွင် ရှမ်းပြည်နယ်ပြောင်းကြရ၏။ ဒီကောင်နဲ့ ကျွန်တော် ရှေ့ဆင့်နောက်ဆင့် ပြောင်းကြ၏။ ဒီတစ်ခါ စန်းမောင်နှင့် ကျွန်တော်က အားလျော်စွာ တပ်ရင်းတစ်ရင်းထဲ အတူတာဝန်ကျ၏။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင်က မြို့ကလေးတစ်မြို့မှာဖြစ်ပါ၏။

ဒီမှာပင် ထိုမြို့ကလေးက မမမြတို့သားအမိတစ်တွေနှင့် တွေ့၏။ မမြ(ဝါ) ဒေါ်နန်းမြဝင်းက ထိုမြို့ကလူချမ်းသာစာရင်းဝင် မယားသွေးမယား နယ်များဖြစ်၏။ အရွယ်ရောက်နေသူ သမီးချောလေးယောက်ကြီးများလည်းရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကျွန်တော်တို့ဇာတ်လိုက်လူပျိုကြီးစန်းမောင်နှင့် တွေ့ပါ... ၏။ ထိုတပ်ရောက်သည်ထိ စန်းမောင်က လူပျိုကြီး၊ အသက်က သုံးဆယ်... ကျော်ပေပြီ။

၊ ၀ ၊

ကျွန်တော်က ထိုတပ်သို့ သူ့အရင်ရောက်သဖြင့် တပ်ရေးဗိုလ်ကြီး... တာဝန်ယူထားရ၏။ စန်းမောင်က နောက်ကျမှလည်းရောက်၊ လူပျိုလည်း... သဖြင့် တပ်ခွဲမှူးတာဝန်ဖြင့် တပ်ရောက်ပြီး ချက်ချင်းလိုပင် ခရီးထွက်ရ... စစ်ဆင်ရေးတစ်ပတ်ပြည့်မှ ပြန်လာရ၏။ တပ်ပြန်ဝင်သည့်နေ့က

''ကဲ ဟော့ကောင် သက်ဦး၊ မင်းက တပ်ရေးဗိုလ်ကြီးပဲ ဒီမှာ... နယ်မြေကျွမ်းပြီးသားဆိုတော့ ငါ့ကို အနုအလှလေးတွေနဲ့ သမုဒယလေး... ရှိတဲ့နေရာပို့ပေးကွာ၊ ငါကိုယ်တော်မြတ် ပျင်းတော်မူတယ်''

''တောထဲတောင်ထဲ ဘယ်က အနုအလှလေးတွေရှိရမှာလဲ... ဟော့ကောင်ရာ ကြည့်လည်းလုပ်ပါဦး၊ မင်းကလည်း လာလာချင်းဆောက်... ထွင်း''

ကျွန်တော်ကပြော၏။ ဒါပေမယ့် ဒီကောင်က သတင်းစုံစွာ ရ... ထားပုံပေါ်၏။

''အံမယ် ဟော့ကောင်၊ မင်းငါ့ကို ပတ်မယ်မကြံနဲ့၊ မင်းတို့မြို့က... ဒေါ်နန်းမြင့်သမီးတွေကတယ်နိုင်၊ တယ်ခေတ်မီဆို၊ ပြင်ဦးလွင်ကွန်... ထွက်တွေဆို၊ အခု နွေကျောင်းပိတ်မှာ အိမ်ပြန်ရောက်နေပြီတဲ့၊ ငါ့က... ရဲဘော်တွေ ပြောပြတယ်၊ ပြီးတော့ ဒေါ်နန်းမြင့်နဲ့ မင်းမိန်းမကလည်း... တကယ့်ဖရင့် **Friend** တဲ့ ကဲ ဘာပြောမလဲ ဟော့ကောင်ရေ ပို့မှာသာပို့စမ်း... ပါကွာ၊ လုပ်မနေပါနဲ့ မင်းပစ္စည်းမှ မဟုတ်တာ''

ကျောင်းကတည်းက စန်းမောင်ကို ကျွန်တော်က အလျှော့ပေး... ရသူ ဖြစ်သဖြင့် ထိုနေ့ညနေက သူ့အား ပထမဆုံးအကြိမ် ဒေါ်နန်းမြင့်... အိမ်လိုက်ပို့ရပါသည်။ ကံအားလျော်စွာ မေကလည်း ရွာရိုးစစ်ဆေးရုံသို့... ဆေးသွားစစ်နေ၍ တပ်မှာ ကျွန်တော်တစ်ဦးတည်းရှိနေချိန်ဖြစ်၏။ သူငယ်... ချင်း လူပျိုကြီးအား ပါရမီဖြည့်လိုက်ရပါသည်။

''မမြ ဒါ ကျွန်တော့်သူငယ်ချင်း ဗိုလ်ကြီးစန်းမောင် ဒီနေ့... ရှေ့တန်းက ပြန်ဝင်လာတာ၊ လူပျိုရိုင်သာခေါင်းဆောင်ကြီးပေါ့''





မျက်နှာပြောင်စန်းမောင်ကို ဖြူဖွေးသန့်စင် မွန်ရည်ချောမောသော... မမြနှင့် မိတ်ဆက်ပေးလိုက်ရာ မမြက လှပစွာပြုံးပြီး

''ဟုတ်ကဲ့ရှင့်၊ သိရတာဝမ်းသာပါတယ်၊ ဗိုလ်ကြီးစန်းမောင်က လူပျိုကြီးနော်၊ နာမည်တော့ မေလို့ပြောပြလို့ ကြားဖူးနေတာ ကြာပါပြီ''

''ဒီကောင် လင်မယား ဘာတွေလျှောက်ပြောထားလဲ ပီနန်း... သိပ်ယုံ မနေနဲ့နော်''

စန်းမောင်က စပ်ဖြဲဖြဲနှင့် ပြော၏။

''ဩော် ဗိုလ်ကြီးပျော်တတ်ကြောင်း၊ သဘောကောင်းကြောင်း

''တော်သေးတာပေါ့''

စကားပြောနေစဉ် မိန်းမပျိုလေး လေးဦးဝင်လာ၏။

''ဟော အဲဒါ သမီးတွေလေ''

''မားလုရိမ်းမား၊ (လာ သမီးတို့လာ)''

စန်းမောင်က မျက်လုံးကျွတ်မတတ်ကြည့်၏။ မမြက ရိုပ်မိလေ... သလားတော့ မပြောတတ်။

''ကဲ သမီးတို့ ထိုင်ပါဦး၊ ဒါ အန်ကယ်သက်ဦးသူငယ်ချင်း ဗိုလ်ကြီးစန်းမောင်တဲ့ မှတ်ထားကြ''

''ဗိုလ်ကြီးလည်း မှတ်ထားပါရှင် အကြီးဆုံးက နယ်လီ၊ ဒုတိယက ... ဝင်စီ၊ တတိယက ဝင်နီ၊ အငယ်ဆုံးက အဲလစ်(စ်)ပါ''

ဖြူနုသော အသားအရေများဖြင့် ဖွံ့ထွားသော ခန္ဓာကိုယ် အချိုး... အဆက် များကြောင့် ကျွန်တော့်သူငယ်ချင်းကြီးက မိန်းမပျိုလေးများအား ... မျက်စိစားပွဲထိုင်ရာ မျက်တောင်ပင်မခတ်။ မိန်းကလေးများက ရဲတင်းဖွင့်... ... သွက်လက်လှသောကြောင့်လည်း သူ့သဘောအကျကြီးကျနေ၏။ ... ဦးက တက္ကသိုလ်ကျောင်းသူ၊ နှစ်ဦးက အထက်တန်းကျောင်းသူ... ... အရွယ်ပန်းတွေ အစွမ်းကုန်ပွင့်နေကြသည့်အရွယ်။

ထိုနေ့က စကားပြောပြီးအပြန်တွင်

''အန်ကယ် လာလည်ပါနော်''

စတုတ္ထနှစ်ကျောင်းသူ အကြီးမ နယ်လီက ဖိတ်လိုက်ရာ စန်းမောင် ... ပြုံးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ စိတ်ချ သမီး၊ စိတ်ချ လာမယ် လာမယ်"

မဆိုင်းမတွဖြေ၏။

"ခွေးမသား ဒါမျိုးများဆို တယ်မြန်"

ကျွန်တော်က ဩဘာပေးလိုက်ရာ

"ဟီး ဟီး"

စန်းမောင်က ရယ်၏။ တပ်ရောက်တော့လည်း

"ဒီနေ့တော့ လည်ရတာတန်သွားပြီ ငါ့လူ၊ မောင်မင်းကြီးသာ ကျေးဇူးကြီးပါပေတယ်၊ ဘုန်းကြီးပါစေ အသက်ရှည်ပါစေ၊ တပ်ရေးဗိုလ်ကြီး ကြာကြာလုပ်နိုင်ပါစေ"

ဟု ပြော၏။ ထို့အပြင်

"ဟော့ကောင် သူတို့အမေကြီးကလည်း အတော်ချောတယ်နော် အသက်ကြီးသွားတာတစ်ခုပဲ"ဟုဆို၏။

ကျွန်တော်က

"အဲဒါကြောင့် ဒီမြို့က ကာလသားတွေက သမီးတွေနဲ့အမေ ဘယ်ဟာယူမလဲလို့မေးရင်"

"အမေယူမယ် အမေယူမယ်လို့ ပြောကြတာကွ"

စန်းမောင်ကြီးက ခေါင်းတငြိမ့်ငြိမ့်ဖြင့်

"အင်း ဟုတ်မှာ ဟုတ်မှာ၊ ဒါပေမယ့် ငါကတော့ နွားအိုမြက်နု ကြိုက်ပဲပြောပြော ခွေးချီးလေးတိုးပဲ ငါ့လူရေ"

ဟု ပြောရင်း အဆုံးသတ်လိုက်၏။

ထိုသည်ကား စန်းမောင်နှင့်မမြတို့မိသားစု ပထမအကြိမ်တွေ့ဆုံခြင်းပင်တည်း။

ခွေးချီးလေးတိုးလိုသည့် စန်းမောင်တစ်ယောက် အနားပြန်တစ်လ အတွင်း မမြတို့အိမ်ကို ရေထွက်မတတ်သွား၏။ ရိပ်သာကို ပြန်လာလျှင် သမီးပျိုနံပါတ် (၁၊၂၊၃၊၄)တို့နှင့် သူဘယ်လို စခန်းသွားခဲ့ကြောင်းနှင့် သူ့ မချောလေးယောက် ကိုယ်တစ်ယောက်ဇာတ်လမ်းအား အားပါးတရ စားမြုံ့ ပြန်၏။ ကျွန်တော့် လာပြောသည့်အခါများတွင်မူ

"အင်း ခွေးလမ်းတော့ပေါက်သွားပြီဟေ့"

ကျွန်တော်က စ၏။





စန်းမောင်က သူ့စာဆိုအတိုင်း သမီးပျိုလေးယောက်တွင် အငယ်ဆုံးမလေး အဲလစ်(စ်)ကို စိတ်အဝင်စားဆုံး၊ အဲလစ်(စ်)ကလည်း တင့်တင့်တို့ အရွယ်တစ်ဆယ့်လေးငါးနှစ်၊ ခွေးချီးမှာလေးပင်မတိုးနိုင်သေး။ သို့ရာတွင် ခန္ဓာကိုယ်က အသက်အရွယ်ထက် အတန်ငယ်ဖွံ့ထွားနေ၏။ ဒါ့အပြင် အားကစားထူးချွန်သူလေးလည်းဖြစ်၏။ စန်းမောင်ကလည်း ဘော်လီဘော၊ ဘောလုံး၊ ကြက်တောင်၊ ပင်ပေါင် အစုံကစားသမားဆိုတော့ အဲလစ်(စ်)နှင့် လျှန်မြန်စွာပင် အဖွဲ့ကျ၏။ အပြောကောင်း၊ အဟောကောင်း၍ ရက်ရောတတ်သူ စန်းမောင်အား အဲလစ်(စ်)က

"အန်ကယ်ကြီး အန်ကယ်ကြီး"နှင့်ပင် နေ၏။

"အန်ကယ်ကြီးကနေ အန္တရာယ်ကြီးဖြစ်သွားဦးမယ်"

အရာရှိလူပျိုများက စကြ၏။ မေနဲ့ တပ်ထောက်ဗိုလ်ကြီး ကတော်မျိုးတို့က စန်းမောင်ကြီးမြန်မြန်စွံ့အောင် မမြနဲ့တွေ့တိုင်းတွန်းပို့ လောက လုပ်ပေးကြ၏။ ထိုသို့ဖြင့် စန်းမောင်တစ်ယောက် အနားပြန်ကာလ စေ့၍ ရှေ့တန်းပြန်တက်သွား၏။

စန်းမောင်ခရီးပြန်ထွက်သွားချိန်တွင် မမြခင်ပွန်း ဦးခွန်မဟာဆုံး၍ မမြတို့မိသားစု မြန်းခနဲ ပြင်ဦးလွင်ရွှေ့သွားကြ၏။ ဦးခွန်မဟာနှင့် မမြကား အသက်အစိတ်ကျော်ကွာ၏။ စန်းမောင်နှင့် မမြတို့မိသားစု တွေ့ချိန်တွင် ဦးခွန်မဟာက အသက်ခုနစ်ဆယ်နားနီးနေပြီ၊ သက်နီးစည်း၍ တရားရှာနေချိန်ဖြစ်၏။

ဒုတိယအကြိမ် စန်းမောင် စစ်ဆင်ရေးပြန်ဝင်လာချိန်တွင်မူ ကျွန်တော်က

"ကဲ စန်းမောင်၊ မင်းယောက္ခမလောင်းကြီးဆုံးလို့ မမြတို့မိသားစု ကတော့ ပြင်ဦးလွင်ပြောင်းသွားကြပြီဟေ့ ဒါပေမယ့် မင်းကံကောင်းပါတယ်ကွာ၊ တပ်ရင်းမှူးကြီးက မင်းကို ဒီကောင်ကြီးပင်ပန်းပါတယ်ကွာ ရှေ့ထောက် သင်တန်းထည့်ပေးလိုက်ပါဆိုလို့ မင်းကိုသင်တန်းရွေးထားတယ် ငါ့လူ၊ ပြင်ဦးလွင်သွားဖို့တော့ ပြင်ပေတော့"

ထို့နောက် များမကြာမီ စန်းမောင်သည် အထူးပင်အူမြူးခိုကြွစွာဖြင့် ပြင်ဦးလွင်ကို ထွက်ခွာသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စန်းမောင်တစ်ယောက် ရေထဲကျသွားသော လိပ်ကဲ့သို့ ပြင်ဦးလွင်တွင် အထူးမြူးတူးပျော်ပါးနေသည်ဟု သတင်းစကားများကြားရ၏။

တပ်ထောက်ဗိုလ်ကြီး၊ ဗိုလ်ကြီးစိုးရီနှင့်အဖွဲ့ ယာယီတာဝန်ဖြင့် ပြင်ဦးလွင်ရောက်ရာ စန်းမောင်အားသွားရှာ၏။ ညနေပိုင်းတန်းဖြုတ်ပြီးချိန်မို့ စန်းမောင်အား အခါကတွင် မတွေ့၊ လားရှိုးလမ်းမကြီးက မမမြတို့အိမ်မှာ သွားတွေ့သည်ဟု ဆို၏။ ဗိုလ်ကြီးစိုးရီ၏ဇနီး မမျိုးက

''ဗိုလ်ကြီးစန်းမောင်ကတော့ ညနေဆိုမီနန်းတို့အိမ်ရောက်နေတာပဲ ရာဇာခေါ်မလား ချစ်ရင်တကယ်၊ ငါသာ စော်ဘွားဖြစ်ချင်တယ်ဆိုတဲ့ သီချင်းလေးကလည်း တငြီးငြီးနဲ့မေရဲ့''

ဟု ကျွန်တော့်ဇနီးအား သူမမြင်တွေ့ခဲ့ရသည်များကို သတင်းပို့၏။

''အင်း ကိုစန်းမောင်ကြီးတော့ ဒီတစ်ခါ တကယ်ပဲ လူပျိုကြီးဘဝ လွတ်တော့မယ်ထင်တယ် ကို''

ဟု မေကဆို၏။

မေ၏ခန့်မှန်းချက်မမှားပါ။ သင်တန်းကာလပြီးဆုံးချိန်တွင် တပ်ရင်းသို့ စန်းမောင် ကြေးနန်းဖြင့်ခွင့်တစ်ပတ်တောင်း၏။ တပ်ရင်းမှူးက ခွင့်ပြု၏။ ကျွန်တော်ကတော့ ဒီကောင်ကြီး ပြင်ဦးလွင်တွင် အခြေအနေကောင်းနေပြီ ဒွေးချိုးအား လေးတိုးနေပြီဟု ယူဆ၏။

စန်းမောင် ပြန်မရောက်မီတစ်ရက်၊ မေက

''ကိုရေ ဒီမှာသတင်းစာထဲမှာကြည့်စမ်း၊ ကိုစန်းမောင်ကြီး စေ့စပ်ကြောငြာလမ်းတာ ပါလာတယ်''

''ဟေ ဟုတ်လား၊ မမမြသမီးတွေနဲ့လား''

''အို ဘယ်ကလာဟုတ်ရမှာလဲ၊ ပဲခူးက ဆရာဝန်မလေး တစ်ယောက်နဲ့ ဟင်း တကယ့်လူကြီး ပြန်လာပေ့စေ၊ ရန်ကိုထောင်လိုက်ဦးမယ် ဒီကဖြင့် မမမြသမီးတွေနဲ့ တွန်းပို့လောက လုပ်လိုက်ရတာ အမော''

''အင်း တပ်ရင်းမှူးကြီးကတော့ ပြောတော့ပြောသား၊ သင်တန်း မသွားခင် စန်းမောင်ကြီး သူ့လာသတင်းပို့တုန်းက ဒီတစ်ခေါက် သူ အိမ်ထောင်ပြုဖြစ်ချင်ပြုဖြစ်ပါမယ်၊ ခွင့်ပြုပါလို့ ကြိုခွင့်တောင်းသွားသတဲ့ ကိုယ်လည်း မမမြသမီးတွေနဲ့ ထင်ထားတာလေ''

''ကိုစန်းမောင်ကြီး ပြန်လာရင် မမမြကိုယ်စား မမျိုးနဲ့သွားပြီး ရန်ထောင်လိုက်ဦးမယ်''

မေက တိုက်စစ်ကို အသင့်ပြင်ပြီး စန်းမောင်ကြီးအား စောင့်ခဲ့ပါ၏။

၁၉

စန်းမောင်တပ်ရင်းပြန်ရောက်သည့်နေ့က ထူထူထောင်ထောင် မဟုတ်၊ ငူငူငေါင်ငေါင်ဖြစ်နေ၏။ မေက ထမင်းစားဖိတ်၏။ တပ်ထောက် ဗိုလ်ကြီးတို့ ဇနီးမောင်နှံကိုပါမှာထား၏။ စန်းမောင်ကြီးထမင်းစားရန် ရောက်အလာတွင်

''ကဲ ကိုစန်းမောင်ကြီး တော့်ကိုကျွန်မတို့ရန်ထောင်မလို့ ပြင်ဦးလွင်မှာ တော် မမမြတို့အိမ်ကို ရေထွက်မတတ်သွားတယ်ဆို ပြီးတော့ ဥပဒေမှာ မယားငယ်မရှိဘူး၊ မယားပြိုင်ပဲရှိတယ်လို့လည်း မမမြကို သွားပြောတယ်ဆို အဲဒါဘာသဘောနဲ့ပြောတာလဲ၊ ပြီးတော့ ပဲခူးသွားပြီး **Engage** လုပ်လာသေးတယ်၊ အဲဒါကောင်းလား''

မမျိုးက တိုက်စစ်ကိုစ၏။

''ဟုတ်တယ် ကိုစန်းမောင်၊ တော်က မမမြသမီးတွေကို တရစ်ဝဲဝဲ လုပ်ပြီး ခုမှဘာသဘောနဲ့ပဲခူးသွား တခြားဟာမနဲ့ စေ့စပ်ခဲ့တာလဲ၊ ကြားထဲက ကျွန်မတို့ မျက်နှာပူတယ်နော်''

မေက ဝင်ပြောရင်း တိုက်စစ်အရှိန်မြှင့်လိုက်၏။

''နင်တို့ ပြောချင်တာတွေပြောကြတော့ဟေ့၊ ငါ့အကြောင်းနဲ့ငါပဲ ဟေ့၊ ဘာမှ မရှင်းပြတတ်တော့ဘူး။ နင်တို့ငါ့ကို လုပ်ချင်တာသာလုပ်ကြပေတော့''

တိုက်ပွဲအစမှာပင် စန်းမောင်ကြီး လက်နက်ချလိုက်၏။ မေနဲ့မမျိုးတို့၏ ပူညံပူညံလုပ်မှုကို သူခံ၏။ ကြားထဲက ကျွန်တော်ပင်လျှင် ဒီကောင်ကြီး အမူအယာကိုကြည့်ပြီး သနားသလိုလိုဖြစ်မိ၏။

''နင်တို့က ငါ့ကို ထမင်းခေါ်ကျွေးပြီး စုံထောက်စစ်ဆေးရေးခုံရုံးလုပ်နေတယ်ပေါ့၊ နေပါဦး၊ ဘာသဘောနဲ့ ဒါတွေမေးနေကြတာလဲဟ၊ အဲဒါကိုလည်း ပြောပါဦး''

''ဘာသဘောရမှာလဲ၊ အစ်ကိုစန်းမောင်ရဲ့ သူများသမီးပျိုလေးကို ကြိုက်ပြီးမှ ခုလို တခြားလူနဲ့စေ့စပ်တာ ဘယ်ကောင်းမလဲ''


မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါကြိုက်တယ်လို့ နင်တို့ကို ဘယ်သူကပြောလဲ"

"အို သိတာပေါ့၊ အစ်ကိုစန်းမောင်အကြောင်း ကျွန်မတို့ သိပြီးသား"

နောက်ဆုံးတော့ ကျွန်တော်နဲ့ ဗိုလ်ကြီးစိုးရီတို့က ဝိုင်းကိုထိန်းပြီး ပွဲသိမ်းလိုက်ရပါတော့သည်။ ထိုနေ့က စန်းမောင်ကြီးအား ရိပ်သာသို့ ကျွန်တော် ကိုယ်တိုင်ပြန်လိုက်ပို့ပါသည်။ သူလည်း မသောက်စဖူးယမကာကို ထူးကဲစွာ သောက်သုံးသွား၏

ရိပ်သာအရောက်တွင်တော့

"အင်း တော်သေးရဲ့"

ဟု ဆို၏။

"ဘာ တော်သေးလဲ သူငယ်ချင်း"

မေးမိရာ အလွန်ရင်ဖွင့်ချင်ပုံရနေသည့် စန်းမောင်က

"အင်း သမီးတွေကိုထင်လို့ တော်သေးတာပေါ့ကွာ"

"နို့ မင်းက သမီးတွေနဲ့မဟုတ်ဘူးလား"

"မဟုတ်ဘူး သူငယ်ချင်း၊ အမေနဲ့ အမေနဲ့"

"ဟေ"

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံဖြင့် "ဟေ"သွား၏။ အထူးအံ့သြစွာဖြင့်

"ဟ ဘယ်လိုဖြစ်ရတာလဲ၊ လင်းစမ်းပါဦး"

"အင်း ငါ့ချင်ရဲ့လက်တို့ကွာ၊ ဖြစ်ပုံက ဒီလိုဟ"

စန်းမောင်က ပြင်ဦးလွင်တွင် ကြုံတွေ့ခဲ့သည့် သူ၏ဇာတ်လမ်းကို အောက်ပါအတိုင်းစလေသည်။

❦

ပြင်ဦးလွင်ရောက်ပြီး တစ်ပတ်ခန့်အကြာ သင်တန်းပိတ်သည့် တနင်္ဂနွေနေ့၏ ညနေပိုင်း၊ ဗိုလ်ကြီးစန်းမောင်တစ်ယောက် မမမြတို့အိမ်သွားရာ၏။ အိမ်ကလေးမှာ လမ်းမကြီးမှာဖြစ်၍ လွယ်လွယ်ကူကူပင် တွေ့ပါသည်

"ဟော ဗိုလ်ကြီးပါလား၊ လာ ဗိုလ်ကြီး၊ လာ လာ"

လုပစွာဝတ်စားထားသည့် မမမြအား ဧည့်ခန်းတွင် တစ်ဦးတည်း





တွေ့ရ၏။

"တစ်ယောက်တည်းလား မီနန်း၊ ကလေးတွေရော"

"အင်း သမီးကြီးနှစ်ယောက်က ရန်ကုန်တက္ကသိုလ်က ပြန်မလာကြသေးဘူးလေ၊ သမီးငယ်နှစ်ယောက်က ကျူရှင်သွားတယ်"

ဒါဆို ဘယ်သူမှမရှိဘူးပေါ့။ ထို့ကြောင့် မမမြစကားအဆုံးတွင် သူမှာ

"သြော်"

ဟုသာ သြော်လိုက်နိုင်ပါ၏။

မမမြက ရုပ်ရှင်မင်းသမီးကြီးတင်တင်မူနှင့်ပင် တူသေးတော့၏။

"ဗိုလ်ကြီး စီးကရက်သောက်ပါသလား"

"သြော် မီနန်း ဟုတ်ကဲ့၊ တစ်ခါတလေတော့ သောက်ပါကယ်"

ဗိုလ်ကြီးစန်းမောင်က ဖြေ၏။

"ဒါဆိုရင် သောက်ပါ ရော့"

မီးညှိထားသည့် စီးကရက်အား လှမ်းကမ်းလိုက်ရာ သူက ယောင်ကတမ်းဖြင့် လှမ်းယူ၍ သောက်လိုက်မိသည်။ သူ့ဟာသူ ဘာကြောင့်သောက်မိမှန်းတောင်မသိ။

"ကျွန်မကလည်း ကလေးတွေအဖေ ဆုံးပြီးကတည်းက ဆေးလိပ်နေတာ ဗိုလ်ကြီးရဲ့"

ဝေ့ဝဲနေသည့် ဆေးလိပ်မီးခိုးများကြားမှ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး ဂျိမ်းစ်မင်းစမီးစတိုင်ဖြင့် မမမြအား ယခုမှအသေအချာကြည့်မိပါသည်။ ရင်ကတော့ သမီးတွေချည်းပဲကြည့်နေရတော့ အမေကို သေသေချာချာ ကြည့်ခဲ့မိ၊ စေ့စေ့စပ်စပ်ကြည့်မှ ဖြူဝင်းသောအသားအရေ ပြည့်ဖြိုးသော ကိုယ်လုံးကိုယ်ထည်၊ လုပပိုင်းစက်သောမျက်လုံးမျက်ခုံးများနှင့် ရှည်လျားနက် မှောင်နေသည့်ဆံပင်အား မဟာဆန်ဆန်ထုံးဖွဲ့ထားရာ မမမြ၏မဟာဆန် ကလေးဆယ်ကျော်အလှကို ထိုနေ့မှ သူ စတင်သတိထားမိ၏။ ဒါ့အပြင် မမြ မျက်လုံးများကလည်း ရီဝေဝေနှင့်သူ့အား တစ်ခုခုပြောနေသယောင် ယောင်။

နှစ်ယောက်သား စကားတပြောပြောနှင့် နက်စ်ကော်ဖီသောက် ပြီး၏။ ပြောဖြစ်သည်များကတော့ သူ့သင်တန်းက တရားဥပဒေစိုးရေးများ



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ထိုနေ့က သင်ရသည့်မယားပြိုင်အမှုများအကြောင်း၊ ထို ငယ်စဉ်ကအလွန် သူဘရုတ်ကျခဲ့သည့်အကြောင်း၊ သူမကတော့ သူ မိသားစုအကြောင်း၊ သမီးတွေအကြောင်း၊ သမီးတွေအဖေအကြော နိဂုံးချုပ်တော့သူမ၏ အထီးကျန်ဆန်နေသည့် စိတ်ပျက်ဖွယ်ရာဘ အကြောင်းပင် ဖြစ်၏။

အထီးကျန်ဆန်နေသည့် မဟာဆန်သူ မမအား ထိုနေ့ အထူးပင် သူစာနာသနားသွား၏။

❜ ☺ ❜

နောက်တော့ မမက ထမင်းစားဖိတ်၏။ သူက လက်ခံ၏။

ထမင်းစားသည့်နေ့က ကလေးတွေမပါ။ အိမ်မှာနေသည့် သ တွေက တက္ကသိုလ်ဝင်တန်းတွေမို့ စာကိုနေ့မအားညမအား ကျက်နေ သည်။ အနားသိပ်မကပ်ကြ၊ မမကလည်း သူတို့စကားပြောနေစဉ် အနား တာ သိပ်ကြိုက်ပုံမရ။

''အရင်အပတ်တွေတုန်းကလည်း တပ်ကအရာရှိတွေကို ပီနံ ထမင်းကျွေးပါတယ်၊ တချို့ကထမင်းစားခါနီးနည်းနည်းပါးပါး မှိဝဲတတ်တယ် ဗိုလ်ကြီးအတွက်လည်း လိုလိုမယ်မယ် **Chivas** တော့လုပ်ထားတယ်''

မမက ပြောပြောဆိုဆို **Chivas Whisky** အား **Soda** နှင့်ရော သူ့အားပေး၏။

''ပီနန်းလည်း လုပ်ပါဦး''

သူကလည်းပြော၏။ သူတို့နှစ်ဦးစလုံး **Warming up** လုပ်လို ကြ၏။ နှစ်ခါသုံးခါလောက် **Waming up** လိုက်သောအခါ သွေးတို့ ဆူလာကြ၏။ စကားများက ပိုမိုသွက်လက်ပွင့်လင်းလာကြ၏။ အမူအ များက ပိုမိုလွတ်လပ်လာကြ၏။ ဒီနောက် မမလက်ကိုသူက ယောင်ရ ကိုင်လိုက် မိ၏။ လျှပ်စစ်ဓာတ်လိုက်သလို ပူထူသွား၏။ ထူးဆန်းသေ အငွေ့အသက်များ သူ့လက်တွင် စီးဝင်သွားသည်ဟု ထင်၏။

''အိုး ဆောရီးခင်ဗျ ဆောရီး''

သူက တောင်းပန်သောအခါ

''ရပါတယ် ဗိုလ်ကြီးရဲ့''

မမကပြော၏။ သူတို့နှစ်ဦးလုံးပျော်ကြ၏။ တစ်ယောက်မျက်





စ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။ အပြုံး၏အဖြေကို ရှာကြ၏။ အဖြေရှာရင်း ိုနေ့က သူညအတော်နက်မှအဆောင်ကိုပြန်ဖြစ်၏။ သူပြန်တော့ မမကခြံဝ ထိလိုက်ပို့၏။ နွေးထွေးသောလက်ကို ဆုပ်ကိုင်လိုက်ပြီးနှုတ်ဆက်လိုက်၏။

''ဖြည်းဖြည်းပြန်နော် ကို''

''ဟုတ်ကဲ့ပါ မမ''

အပြုံး၏ အဖြေတွေ့သဖြင့် မမနဲ့ကိုတာဝကို ထိုတစ်ညနဲ့ရောက်ခဲ့ရ သည်။

❜ ☺ ❜

''ဒါပဲလား သူငယ်ချင်း၊ မင်းဟာ ကောင်းခန်းတွေ မပါ့ပါလား''

ကျွန်တော်မေးသောအခါ

''ကောင်းခန်းလား၊ ပါပါတယ်၊ မမကအသက်လေးဆယ်ကျော် ာက်သာပြောတယ်၊ သူက ဂျိန်းဖောင်ဒါလိုလှတုန်းသူငယ်ချင်းရ၊ ကောင်း တယ်၊ အားလုံးအကောင်းတွေချည်းပါပဲ အသက်ကြီးပေမယ့် မပျက်စီး သေးပါဘူး''

''နောက်တော့ ဘယ်လိုကဘယ်လို မင်းက ပဲခူးသွားနေစေ့စပ်ရ တာလဲ၊ ဘာဖြစ်လို့လဲ''

''သြော် မမမြကငါ့ကိုသနားတယ်ကွ၊ ဒါ့ကြောင့် အသက်ကြီးနေ သူ့ကိုယူမယ့်အစား သူ့သမီးတွေနဲ့သဘောတူတယ်၊ သမီးတစ်ယောက် ာက်ယူပေါ့ကွာ၊ ဒါပေမယ့် သူတို့ကအထည်ကြီးပျက်တွေဆိုတော့ ပစ္စည်း ာ့ သိပ်မရှိရှာတော့ဘူးကွ၊ သူနဲ့ဆိုရင် အများကဲ့ရဲ့တာလည်းခံရမယ်၊ တင်မဟုတ်ဘူး၊ ငါ့ပတ်ဝန်းကျင်ကိုပါ ထိခိုက်နိုင်တယ်တဲ့။ ဒါ့ကြောင့် မီးတွေကို ယူခိုင်းတာ''

''သြော် မင်းကိုချစ်ရှာသားပဲ''

''အင်း အတော်ချစ်ရှာတယ်ကွ''

''မင်းက နတ်ရှင်နောင်ကို သဘောမကျဘူးဆို၊ ခုတော့ သဘော သွားပြီပေါ့''

''အေးပါကွာ ရင်ဆိုင်အတွေ့ဆိုတော့လည်း ဖင်ထိုင်မေ့မိတော့ ာပေါ့''

''ပဲခူးမှာ သွားစေ့စပ်တဲ့ ကိစ္စလေးလည်း ပြောပါဦး သူငယ်ချင်းရ''



www.burmeseclassic.com

"ဘယ်နဲ့ကွာ အမေ့အစားသမီးတွေတော့ အစားမထိုးနိုင်ဘူးပေ့ ဒီမျက်နှာတွေပဲ မြင်နေရရင်း ဇာတ်ကပို့ရှုပ်လာဦးမယ်၊ အိမ်က အဖေနဲ့အမေ ကလည်း အခုစေ့စပ်ခဲ့တဲ့ ဒေါက်တာခင်မာလာကိုယူရင် အမွေအားလုံးပေး ဆိုတော့ မမနဲ့တိုင်ပင်ပြီး သို့ခွင့်ပြုချက်နဲ့ စေ့စပ်လိုက်တာပါပဲကွာ၊ ဒါက လည်း ဇာတ်က ရှင်းသွားမယ်လေ"

စန်းမောင်က ဆွေးဆွေးမြည့်မြည့်ပြော၏။ ဒီကောင်ကြီးအခု ဆွေးနေပြီထင့်။

"ဩော် မင်းက စေ့စပ်တာတောင် သံတော်ဦးတင်ရသေးတာကို"

"အေးကွာ ချစ်မိတော့လည်း တင်ရတော့တာပေါ့၊ အဲဒီ သူငယ်ချင်း၊ မမက သူ့ကြောင့်ငါ့ဘဝ မနစ်မွန်းစေချင်ဘူးတဲ့လေ၊ မမဘဝ မောင့်ကို အချစ်ဆုံးတဲ့"

"ကဲ တော်ပါပြီ၊ နတ်ရှင်နောင်ကြီးရယ်"

"ဟင်း ဟင်း ဟင်း"

ကျွန်တော်က အလွန်ပျော်တတ်သူတစ်ဦး၏ ဆွေးခန်းကို ပထမ အကြိမ်မြင်ရ၍ အလွန်သဘောကျစွာပြုံးလိုက်မိပါ၏။

"ဘာပြုံးတာလဲ ကို"

ပြင်ဦးလွင်မှပြန်အထွက်တွင် ကားမောင်းရင်းစန်းမောင်ကြီး အကြောင်းကို စဉ်းစားကာ ကျွန်တော်ပြုံးလိုက်သည်ကို မေကမေး၏

"ဩော် စန်းမောင်ကြီးအကြောင်း စဉ်းစားမိလို့ပါမေရဲ့၊ ဒီကော ကြီးက ကျော်တော့လေ့သူကြီး၊ ညားတော့ လေ့ထိုးသားမို့"

"မမြသမီးတွေကို ကို့သူငယ်ချင်းက ဘာလို့ရှောင်သွားရတာ ကို"

"အင်း အခုယူတဲ့ ဒေါက်တာခင်မာလာကို လက်ထပ်မှ သူ့အ က အမွေပေးမယ်ဆိုလို့တဲ့ကွာ၊ မမြတို့က ဟန်ပဲရှိတော့တာမေရဲ့"

"ဟင်း ကိုတို့ယောကျ်ားတွေများ ပြောကိုမပြောချင်တော့ဘူး"

"မပြောပါနဲ့တော့ မေရယ်၊ သူ့အကြောင်းနဲ့သူပေါ့"

အမှန်တကွယ်လည်း မပြောချင်တော့ပါ။ အဖြစ်အပျက်တွေ





လွန်ခဲ့ပါပြီ။ မမြတောင် အသက်(၆၀)နား နီးနေပြီထင့်။ ကျွန်တော်ကို ယုံ၍ ကျွန်တော့်သူငယ်ချင်းက သူ့အတွင်းရေးကို ပြောပြခဲ့ခြင်းသာဖြစ်၏။ ကျွန်တော့်တွင် စောင့်ထိန်းဖို့တာဝန်ရှိသည် မဟုတ်ပါလား။

အပြန်တွင် လမ်းဘေးက ရောင်စုံပန်းပွင့်လေးများပေါ်၌ လိပ်ပြာ လေးများက ဟိုမှသည်မှ ပျံဝဲနေသည်ကို တွေ့မြင်ရဆဲ။ ညနေခင်း နေရောင်ခြည်အောက်က ပြင်ဦးလွင်ကလည်း လှပဆဲ။

ပန်းနဲ့လိပ်ပြာများကိုကြည့်ရင်း ကျွန်တော်တို့ ပြန်အထွက် မမြတို့ခြံဝင်းအတွင်းရှိ ဒေလီယာ ရောင်စုံပန်းခင်းထဲတွင် ခရမ်းရောင် လိပ်ပြာကြီးတစ်ကောင် ပျံဝဲလှည့်လည်ကာဖြင့် ဟိုအပွင့်ပေါ်နားလိုက် ဒီအပွင့်ပေါ်နားလိုက်လုပ်နေသည်ကို သတိရလိုက်မိပါသေးသည်။

ဩော် အဲဒီလိပ်ပြာကြီးက ဘယ်အပွင့်မှာ အကြာကြီးနားမှာပါလိမ့်။

မြို့တော်မဂ္ဂဇင်းအတွက် ၁၉၉၇ခုနှစ် တွင်ရေးသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကြင်နာခြင်းတစ်ဝက်နဲ့ ရှုပ်ထွေးခြင်းတစ်ဝက်မို့

ပြော် အစောကတည်းက ကိုယ့်တဝထဲ မဝင်လာရင် အကောင်းသားလား မြဒါလီရယ်၊ အခုတော့

"မောင်၊ ဒါ သက်ရဲ့ ညီမဝမ်းကွဲ မြဒါလီလေ၊ မောင့်ကို သက်ခဏခဏပြောဖူးပါတယ်၊ အဲဒါ သက်တို့အိမ်မှာ ခဏနေချင်လို့တဲ့၊ အိမ်မှာနေရင်း ရန်ကုန်မှာအလုပ်လုပ်မှာပေါ့ မောင်ရယ်"

ဇနီးသည် သက်ထားရဲ့စကားအဆုံးမှာ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက်ကျကျ မင်းကို ကိုယ် ပထမဆုံးအကြိမ်တွေ့ဖူးတာပဲ မြဒါလီ။

တွေ့လျှင် တွေ့ချင်းပဲ မင်းရဲ့တောင်းပန်တိုးလျှိုးအသနားခံသလိုလို မျက်လုံးညိုညိုများကို ကိုယ်ပထမဆုံး ရင်ဆိုင်ရတာပါပဲ၊ ကိုယ့်ကိုတစ်ချက်ကြည့်ပြီး မင်းခေါင်းငုံ့သွားတယ်၊ မင်းမျက်လုံးတွေက ကိုယ့်ကို စကားပြောသွားပါတယ်၊ ကိုယ်ကမင်းကို တွေ့တယ်ဆိုရင်ပဲ ရှေးရေစက်ကြောင့်ပဲလားတော့ မသိဘူး၊ မင်းရဲ့ စကားပြောတဲ့မျက်လုံးတွေနဲ့ ကွေးညွတ်လှပနေတဲ့ နှင်းဆီဖူးလို နှုတ်ခမ်းလေးတွေကို ကြည့်ပြီး

"အင်း"လို့ တစ်လုံးတည်း ခေါင်းညိတ်လိုက်မိပါတယ်။

ဒီလိုနဲ့ မင်းတို့ အိမ်ကိုရောက်လာတာလေ၊ မင်းသတိရပါသေးတယ်နော် မြဒါလီ။

"မြောက်ပြန်လေ၏ ××× နှုတ်ဆက်တေးကို ××× ကြားလိုက်မိမှပင် ××× ရင်မှအကြင်နာ ××× ညင်သာစွာပဲ ××× နိုးထလာပြန်ပြီ"

မင်းတို့အိမ်ကထွက်သွားတော့ ဆောင်းအကုန် နွေအကူးလေ၊ ရန်ကုန်ဆောင်းက အေးမှန်းမသိသာပေမယ့် မင်းနဲ့ကိုယ်က ရန်ကုန်ရဲ့မြောက် မိုင်တစ်ရာ၊ နှစ်ရာကွာတဲ့နေရာတွေကို နှစ်ယောက်တည်းအတူသွားဖူးကြတော့ ဆောင်းရဲ့အရသာကို မင်းရောကိုယ်ပါ သိနေကြတယ်။





ဒီလိုမြောက်ပြန်လေတိုက်တိုက်တဲ့ နေရာမျိုးရောက်ရင် မင်းကိုအထူး သတိရမိပါတယ်။ ဆောင်းနှောင်းမှာ ခရီးထွက်ရင်း မင်းပါးလေးကို ကိုယ်ပွတ်ပေးခဲ့မိတာ၊ မင်းနားထင်စပ်က ဆံစလေးတွေကို ကိုယ့်လက်နဲ့ တယုတယ သပ်တင်ပေးခဲ့တာ၊ မင်းကို နွေးနွေးထွေးထွေး ပွေ့ဖက်ထားခဲ့မိတာတွေ ကိုယ်မမေ့နိုင်ဘူး မြဒါလီရေ။

ဒါပေမယ့် ဒါတွေဟာ ပြီးခဲ့ပါပြီလေ၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ချင်ပေမယ့် ထားလို့မရဘူး မြဒါလီ၊ ကြောက်စရာကောင်းလှတဲ့ မင်းရဲ့ အညှုအခရာအတာတွေက ကိုယ့်နှလုံးသားကို ယနေ့ထိတိုင်ဆွဲဆုတ် လှုပ်ရမ်းနေတုန်းပါပဲ မြဒါလီ။

မင်းတစ်ခါက ပြောခဲ့တာ ဘာတဲ့

"ကိုကို့ကို ဒါလီအချစ်ဆုံးပဲ"

ဆို မဟုတ်လား။

မယုံချင်ပါဘူး၊ ဒါပေမယ့် မသင့်တော်မှန်းသိသိနဲ့ ကိုယ့်ကိုမင်းအရဲစွန့်ပြီး ဆင်ကန်းတောတိုးအချစ်မျိုးနဲ့ ချစ်ခဲ့တာဆိုတော့ ယုံရတော့မှာပါပဲ၊ မင်းက အသက်နှစ်ဆယ့်လေးငါးနှစ်အရွယ် အပျိုစင်၊ ကိုယ်က အိမ်ထောင်ခဲ့ပြီးတော့ ထုံးဝမဖြစ်သင့်တဲ့ မင်းအင်မတန်လေးစားတယ်ဆိုတဲ့ မင်းရဲ့ တစ်ဦးတည်းသော အစ်မကြီးရဲ့ ခင်ပွန်း။

အို ဒါတွေဟာ တကယ်တော့ ကိုယ့်အပြစ်တွေချည်းပါပဲလေ။

မင်း တို့အိမ်ရောက်ပြီး သိပ်မကြာဘူး၊ ညီမအရင်းအချာမရှိတဲ့ မင်းကို ကိုယ့်ညီမအရင်းလေးလို ချစ်ခဲ့မိတယ်။ မင်းက သွက်ကလည်းသွက်၊ အလိုက်ကလည်းသိတတ်၊ မင်းမမကြီးကိုလည်းကူညီ၊ အဒေါ်အရင်း မရှိရှာတဲ့ ကိုယ့်သမီးတွေကိုလည်း ပြုစုစောင့်ရှောက်တတ်တော့ ချစ်ကြတာပေါ့၊ သမီးတွေကလည်း အန်တီလေး၊ အန်တီလေးနဲ့ ကိုယ့်ဇနီးကလည်း ဒါလီမှ ဒါလီ။

အိမ်အလုပ်တွေ ဘာမှအထူးအထွေ လုပ်စရာမရှိတဲ့ ကိုယ့်ဇနီးက တရားစခန်းသွား၊ အဘိဓမ္မာသင်တန်းတွေ တက်နေတဲ့အချိန်တွေမှာ ကိုယ့်ရုံးသွား၊ ရုံးပြန်ဝေယျာဝစ္စတွေကို မင်းကကူလုပ်ပေးရင်းနဲ့ ကိုယ်နဲ့မင်း ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



မှုတွေ ပို့ခဲ့ကြတယ်နော်။

မင်းက ကိုယ့်ကို ရောက်ကတည်းကခေါ်တာ၊ ဘာတဲ့။

“ကိုကို” ဟုတ်လား၊ မင်းအသံသာလေးနဲ့ အဲဒီ ကိုကိုလို့ခေါ်တဲ့ အသံကို ကိုယ်သိပ်ပီတိဖြစ်တာ။

တကယ်တော့ ကိုယ်ဟာ ဘယ်မိန်းမမှ အချွဲမခံရဘူးတဲ့သူပါ မြဒါလီ၊ ဒါကြောင့် မင်းနဲ့တွေ့သွားတော့ မင်းရဲ့ အပြုအစုအယုအယနဲ့ အသံသာသာလေးမှာ အရမ်းကြည်နူးခဲ့မိပါတယ်။

ဘာကြောင့် ကိုယ်မင်းကိုချစ်လိုက်မိသလဲ၊ မင်းကို ကိုယ်ချစ်လိုက်မိတဲ့ကိစ္စကြောင့် ကိုယ့်ကိုကိုယ်လည်း အပြစ်တင်လို့ မဆုံးဘူး၊ ဒါပေမယ့် မင်းကိုမြင်နေရတွေ့နေရရင်လည်း မချစ်မိဘဲ မနေနိုင်ဘူး။ မင်းတို့အိမ်ရောက်ပြီး လေငါးခြောက်လအကြာမှာ မင်းအစ်မကိုယ်စားပြုစုပေးနေတဲ့ မင်းရဲ့အပြုအစုအယုအယတွေကို ကိုယ်တိမ်းမူးလှုပ်ရှားခဲ့ရတယ်။ မင်း ကိုယ့်အနားကပ်လာရင် မင်းရဲ့ မျက်လုံးညိုညိုတွေနဲ့ နှင်းဆီဖူးလေးလို နှုတ်ခမ်း၊ မင်းဆီက မင်းအမြဲတမ်းသုံးနေကျ ရေမွှေးနံ့နဲ့၊ မင်းရဲ့ ကောက်ကြောင်းလှလှနဲ့ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ဒါတွေဟာ ကိုယ့်ကိုဇလောင်ဆူစေခဲ့ပါတယ်၊ လင်သားကို ချစ်တာကလွဲပြီး ကျန်တာသိပ်နားမလည်ရှာတဲ့ မင်းရဲ့ အစ်မ၊ ကိုယ့်ဇနီးကလည်း မင်းနဲ့ကိုယ့်ကို လိုအပ်တာထက်ပိုယုံလွန်းတယ်။

“မောင်ရေ သက် ဥပုသ်ကျောင်းသွားဦးမယ်နော်”

“မောင်ရေ သက် တရားစခန်းဝင်မလို့၊ သမီးတွေနဲ့ နေခဲ့ဦးနော်၊ ဒါလီလည်း ရှိတာပဲ”

“မောင်ရေ သက် ဗုဒ္ဓဂါယာဘုရားဖူးလိုက်သွားမယ်နော်၊ အငယ်မလေးနှစ်ယောက်ကတော့ ကျောင်းပိတ်တုန်းခဏခေါ်သွားမယ်၊ ဒါမှ သူတို့လည်း ဗုဒ္ဓဂါယာရောက်ဖူးမှာ၊ သမီးအကြီးနဲ့ ဒါလီက မောင့်ကိုကြည့်ကြပါလိမ့်မယ်”

အဲဒီ ဘုရားဖူးကာလမှာပဲ ဇာတ်လမ်းက အထွတ်အထိပ်ရောက်တော့တာပါပဲ၊ ဒါလည်း ကိုယ့်အပြစ်ပဲထင်ရဲ့။





တစ်နေ့။ မမေ့နိုင်တဲ့ ထိုတစ်နေ့။ ဇာစ်နေ့ဆိုတာထက် တစ်ညဆိုရင် ပိုမှန်မယ်နော်၊ မြဒါလီ။

ကိုယ် ညစာခံပွဲတစ်ခုကိုသွားတယ်၊ အိမ်မှာမင်းနဲ့သမီးကြီးပဲ ကျန်တယ်လေ၊ သမီးကြီးက တက္ကသိုလ်ကျောင်းသူ၊ သူ့မှာက ကျူရှင်ယူရတာနဲ့ ကျောင်းက Function တွေ သွားရတာနဲ့ အားရတယ်ကိုမရှိဘူး၊ ဒါကြောင့် နေ့မနေ့ကလေးတွေ ဘုရားဖူးကာလမှာ မင်းပဲကိုယ့်ကို အထူးဂရုစိုက်နေရတယ် မဟုတ်လား။

“ကိုကိုရေ ဒီနေ့ညတော့ Royal Garden မှာ ထမင်းစားပွဲရှိတယ်နော်”

“ကိုကိုရေ ဒီတနင်္ဂနွေ ယုဇနမှာ မင်္ဂလာဆောင်သွားဖို့ရှိတယ်နော်၊ ဘယ်လုံချည်ဘာရောင်ဝတ်မလဲ၊ ဒါလီထုတ်ထားပေးမယ်”

အဲ့ဒီလို ရုံးကအပြန် ဆီးကြိုပြီး ကိုယ့်ဖိတ်စာကဒ်ပြားတွေကြည့်ပြီး အိမ်က White Board ပေါ်မှာ ရေးထားပြီးပြောတတ်တဲ့ မင်းကိုကိုယ် တကယ်ပဲ သဘောကျမိတာ အမှန်ပါ မြဒါလီ၊ မင်းမမက ဒါမျိုးတွေလုပ်မှ လုပ်တတ်ရှာဘဲ။

အဲဒီညက ညစာခံပွဲမှာ ယမကာကိုယ်နည်းနည်းများသွားပါတယ်။ ဒါကြောင့် အိမ်ပြန်ရောက်တော့လည်း ခါတိုင်းထက်နောက်ကျတယ်။ ဆယ့်တစ်နာရီကျော်ပြီ ထင်တယ်၊ သမီးကြီးနဲ့ မင်းအိပ်လောက်ပြီထင်ရဲ့၊ ဒါပေမယ့် ခပ်ထွေထွေနဲ့ပြန်ရောက်လာတဲ့ ကိုယ့်ကို ကားသံကြားတာနဲ့ မင်းက တံခါးဝက စောင့်ပြီးကြိုတယ်၊ ကိုယ့်မြင်တာနဲ့ အလွန်အကျင်းပါးတဲ့မင်းက

“ဟယ် ကိုကိုမူးလာတယ်”

သိပ်စိုးရိမ်သံနဲ့ ပြောတယ်။

“အင်း”

စကားများများ မပြောနိုင်တဲ့ ကိုယ်က “အင်း”တစ်လုံးတည်းသာ လုပ်မိပါတယ်။ နည်းနည်းယိုင်ချင်သလို ဖြစ်သွားတဲ့ ကိုယ့်ကို

“ကိုကို ဒါလီ့လက်ကိုင်ထား” တဲ့။

မင်းလက်ကို ကိုင်မိတာနဲ့ ပူနွေးဖိန်းရှိန်းနေတဲ့ အထိအတွေ့များဟာ ကိုယ့်လက်ဖျားကတစ်ဆင့် ဟို ကိုယ့်ရင်ထဲတိုင်ရောက်သွားခဲ့ပါတယ် ဒါလီ။

လှုချင်းတွဲပြီး အပေါ်ထပ်လှေကားပေါ်တက်တော့ ကိုယ်စိတ်ကသိပ်



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်ဘူး။ ဒါပေမယ့် မင်းဆီက ရတဲ့သနပ်ခါးနံ့၊ ရေမွှေးနံ့နဲ့ အပျိုစင်
တစ်ဦးရဲ့ အမျိုးအမည်မသိ၊ မဖော်ပြနိုင်တဲ့ ကိုယ်နံ့များကိုတော့ ကိုယ်ကောင်
ကောင်းမှတ်မိနေတယ်။ ဒီလို အနံ့ဆိုတာတွေကလည်း လူတွေရဲ့ရှမ္ဘာ
အထူးသဖြင့် အထီးဆိုတဲ့ သတ္တဝါတွေရဲ့ စိတ်အာရုံကို အထူးတလည်နိုး
တတ်တာလား၊ လူဆိုတဲ့ သတ္တဝါထက် ဒါဟာ တိရစ္ဆာန်တွေမှာ ပိုလို့တော
နိုးဆွတတ်သတဲ့၊ အဲ့ဒီညက ကိုယ်ဟာလူစိတ်ပျောက်ပြီး တိရစ္ဆာန်စိတ်
ပေါက်နေ တယ်ထင်ရဲ့၊ မင်းမမထွက်သွားတာကလည်း တစ်လနီးပါးရှိပြ
ဆိုတော့ ကိုယ့်ရဲ့ ရမ္မက်ဆန္ဒနဲ့ရောနေတဲ့ အချစ်ရေကာတာကြီးဟာ ရေပြည့်
နေပြီ မြဒါလီ။

အဲ့ဒီညက ကိုယ့်ရဲ့ ရေကာတာကြီးကျိုးပေါက်ခဲ့ရပါတယ်။ မင်းက
တော့ ပြောပါတယ်။

''ဟင့်အင်း ကိုကိုရယ်'' တဲ့။

ဒါပေမယ့် မင်းရဲ့ ဟင့်အင်းက ကိုယ့်ရဲ့ပြင်းပြတဲ့ ဆန္ဒကိုမတားနိုင်
ခဲ့ပါဘူး။

ကိုယ်မှားခဲ့ပါတယ် မြဒါလီရယ်။

တို့မှားခဲ့တဲ့ အမှားကရပ်မသွားခဲ့ပါဘူး။ ဆားငန်ရေနောက် ငေ
တိုင်းသောက်က သောက်လေ၊ သောက်လေ ငတ်မပြေမဟုတ်လား။ မင်
မမနဲ့ သမီးလေးတွေ ပြန်ရောက်လာကြတော့ တို့တစ်တွေ အရှိန်သပ်ခဲ့
တယ်။ ဒါပေမယ့် ဇာတ်ကရပ်တော့မရပ်ဖြစ်သေးဘူး။ ကြာရင်တော့ ဒု
ရောက်ကြတော့မယ် ထင်ရဲ့။ ကိုယ်လည်း မင်းကို မတွေ့မိအောင် ရုံး
မိုးချုပ်မှပဲ အိမ်ကို ပြန်ဖြစ်တော့တယ်။

မင်းကလည်း အိမ်မှာနေရမှာ စိုးလို့ထင်ရဲ့၊ U.F.L သွားတက်တယ်
အဲ့ဒီမှာပဲ သင်တန်းတက်ရင်း မင်းနဲ့ မင်းရဲ့ **Boy Friend** မျိုးကျော်ကျော်
တွေ့ကြတယ် မဟုတ်လား။ ဒါကလည်း မင်းစိတ်ကိုမင်း **Diversio**
လုပ်တာပဲ ထင်ပါတယ်။ မင်း မျိုးကျော်ကျော်နဲ့ တွဲနေတယ်ဆိုတာ ကိုယ်
တော့ မနေနိုင်ဘူး။ တစ်ခါတစ်ခါ မင်းအိမ်ပြန်နောက်ကျတယ်။ မင်းလိုတ
ထက်ပိုပြီး ကျောင်းမှာနေတယ်။ ဒီတော့ မျိုးကျော်ကျော်ဘာလဲဆိုတာ





စုံစမ်းနိုင်းရတယ်။ မင်းကို မိကောင်းဖခင်သားသမီးနဲ့ ကိုယ်ရစေချင်ပါတယ်။
ဒါကြောင့် ကိုယ်စုံစမ်းရတာပါ။ အမှန်အတိုင်းပြောရရင် မင်းအတွက် ကိုယ်
စိုးရိမ်တယ်လေ။

''မျိုးကျော်ကျော်ဟာ မကောင်းဘူး **Boss** ဆေးကိစ္စတွေနဲ့
ပတ်သက်မှု ရှိတယ်၊ သူ့ **Business** ကလည်း ဟန်ပြပဲတဲ့''

ကိုယ့်တပည့်များရဲ့ **Report** က အဲဒီလိုလာတယ်၊ ဒါကြောင့်
တစ်နေ့ မင်းမမ မရှိတုန်း ကိုယ်ကနှစ်ယောက်တည်း မင်းကိုခေါ်သတိပေး
တယ်၊ မင်းက အရောင်တလက်လက်တောက်နေတဲ့ မျက်လုံးညိုညိုများနဲ့
ကိုယ့်ကိုမေးတယ်၊ ရင်ဆိုင်တယ်။

''ကိုကို မနာလိုဖြစ်နေသလား။ သူ့အကြောင်းရော ဘယ်လောက်
သိထားလို့လဲ''

မနာလို မဖြစ်ရပါဘူး မြဒါလီ၊ ကိုယ်မှားခဲ့ပေမယ့် မင်းကိုတော့
လင်ကောင်း သားကောင်းရစေချင်တာ စေတနာပါ။ မျိုးကျော်ကျော်ဟာ
ဆေးသမား၊ လူကောင်းသူကောင်းမှ မဟုတ်ဘဲ၊ သူနဲ့ မင်းယူရင် မင်းဒုက္ခ
ရောက်မှာပေါ့။

''ဟ မျိုးကျော်ကျော်က လူကောင်းမှမဟုတ်ဘဲ၊ တို့ အသေးစိတ်
စုံစမ်း ထားပြီးပြီ၊ ဒီကောင်က ငရှုပ်၊ မင်းသူနဲ့ ပတ်သက်ရင် မင်းပဲဒုက္ခ
ရောက်သွားမှာပေါ့''

''ကိုကို ကိုမျိုးကို ဒီလို မှိုချိုးမျှစ်ချိုးမပြောပါနဲ့''

''ဩော် ကိုမျိုးတွေ ဘာတွေ အထိတော်ဖြစ်နေပြီလား။ မင်းလူဆို
တော့ မင်းနာတယ်ပေါ့လေ''

''ဟုတ်တယ်၊ နာတယ်၊ ကိုကိုမတရားမပြောနဲ့၊ ဒါ သက်သက်
မနာလိုလို့ ပြောတာ''

''ကိုယ့်ကို အထင်မလွဲပါနဲ့ ဒါလီ၊ မင်းအတွက် ကိုယ်ပြောနေ
ရတာပါ''

မင်းက မဲ့ပြုံးလေးပြုံးလိုက်တယ်၊ မင်းရဲ့ နှင်းဆီဖူးလေးလို နှုတ်ခမ်း
က ခုလိုမဲ့တာ ကိုယ်သိပ်ဝမ်းနည်းတယ်။ ဒီ နှုတ်ခမ်းလေးကို ကိုယ်အကြိမ်
ပေါင်းများစွာ နမ်းခဲ့ဖူးတာ၊ အဲ့ဒီ အနမ်းချိုလေးတွေကို ကိုယ်လုံးဝမမေ့ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာတင် ဇာတ်ကရှုပ်လာတယ်။ သမီးငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေက မသိ၊ မရိပ်မိကြပေမယ့် တက္ကသိုလ်ကျောင်းသူ သမီးကြီးက ရိပ်မိပုံရတယ်။ ကိုယ်တို့နှစ်ယောက် ငြင်းကြခုံကြတာလည်း နားစွန်နားဖျား ကြားသွားပုံရတယ်။

''ဖေဖေ အန်တီလေးကို သိပ်အရောမဝင်နဲ့နော်၊ ဖေဖေ့နား အန်တီလေး သိပ်ကပ်တာ သမီးကြည့်မရဘူး'' တဲ့။

ဒီနောက်တော့ ဖာတ်ရှိန်ပိုတက်လာပြီး မင်းကလည်း အိမ်မှာ သိပ်မနေဘဲ အိမ်ကအထွက်ချည်းပဲ ပြုလာတယ်။ ကုမ္ပဏီတစ်ခုမှာလည်း အလုပ်ဝင်လုပ်တယ်။ မိုးကျော်ကျော်နဲ့ ပတ်သက်နေတဲ့ ကုမ္ပဏီတစ်ခုပါပဲ။ ဒါဟာ ကိုယ့်မေတ္တာကို ထိပါးစော်ကားတယ်လို့ ကိုယ်ထင်တယ်။ အလုပ်ပြီး တစ်ခါတစ်ခါလည်း မင်းညဉ့်နက်သန်းခေါင်မှအိမ်ပြန်လာတတ်တယ်။ နောက် တော့ ဒီလိုအကြိမ်တွေကသိပ်များတယ်။ ဒါတော့ လွန်ပြီထင်တယ် မြဒါလီ။

သည်းမခံနိုင်တဲ့ အဆုံးမှာ မင်းမမကို ပြောရတော့တာပါပဲ။

''သက်ရေ ဒါလို့လည်းကြည့်ပြောပါဦး၊ ညအပြန်တွေသိပ်မိုးချုပ် တယ်''

တကယ်တော့ မင်းဘာတွေလုပ်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာ ကိုယ်သိပါတယ် မြဒါလီ။ မင်း မိုးကျော်ကျော်နဲ့ချည်း လျှောက်သွားနေတာ မဟုတ်လား။ မင်း **Sling Bag** ထဲက ဟိုတယ်အခန်းငှားတဲ့ ပြေစာတွေ တောင်တွေ့တယ်လို့ သမီးကြီးကလည်း ပြောလာတယ်။

ဒီကိစ္စကို မင်းမမကပြောတော့ မင်းနဲ့ စကားများကြတယ်။ တစ်ခါမှ ခံမပြောဘူးတဲ့မင်းက ခံပြောတော့ သမီးတွေကလည်း စိတ်ဆိုးကြတယ်။ မင်းမမကလည်း တအားစိတ်ဆိုးတယ်။

နောက်ရက်မှာ မင်းအိမ်က ထွက်သွားတာပဲလေ။

မင်း တို့အိမ်ကထွက်သွားတော့ ဆောင်းအကုန်နွေအကူး လေရူး ပွေစ လွမ်းစရာကာလ မဟုတ်လား။ အခုဆိုရင် တစ်နှစ်တောင်ကျော်ပြီ ထင်ရဲ့၊ မင်း ရန်ကုန်မှာရှိတယ်လည်း ကြားတယ်၊ တစ်ခါတစ်ခါတော့လည်း မင်းဇာတိအညာမှာ ပြန်နေတယ်လည်း ကြားတယ်။ မိုးကျော်ကျော်နဲ့လည်း မတွဲတော့ဘူးတဲ့။ **U.F.L** သင်တန်းမှာလည်း မင်းကို မတွေ့တော့ဘူးတဲ့





ပြောတဲ့သူက ပြောကြတယ်။ မင်းမိတ်ဆွေ သူငယ်ချင်းတွေပါပဲ။

ကိုယ်စိတ်မကောင်းပါဘူး မြဒါလီ။ မင်းကို တွေ့လိုတွေ့ငြား အားလပ်ချိန်တွေမှာ ကိုယ်လိုက်ရှာပါသေးတယ်။ ဒါပေမယ့် မတွေ့ဘူး။

မင်းအကြောင်းတွေကို ခေါင်းထဲက ခုချိန်ထိ ထုတ်လို့မရသေး ပါဘူး။ မင်းအကြောင်းစဉ်းစားလို့ကောင်းနေတုန်း အဆိုတော်ကြီးကိုသန်းလှိုင် ရဲ့ သီချင်းတစ်ပုဒ်က ရေဒီယိုလာနေတယ်။ ဘာတဲ့

''ကြင်နာခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက်တဲ့ ဟုတ်လား''

မြို့တစ်မြို့ထဲ အတူနေသူချင်းပင် × × × တွေ့ချင်မှ တွေ့တတ်လေသည့် အဖြစ်များ × × × ကြုံဖူးမည် ထင်ပါသည် × × × သည်သို့ဖြစ်ရင် ရင်နာရမည် × × × နွေရက်မို့ × × × ကြွေရွက်တို့ × × × မြေသက်လို့နေပြီ × × × ရှုပ်တိုက်ပြေးလွှား × × × မြူးတူးပျော်ပါးတဲ့ × × × ဟိုယခင် နွေသည် × × × ခုတစ်ဖန်ပြန်လည်လာလို့ × × × တစ်နှစ်လည်ပြီ × × × ပွဲပြား ရွှေကြို × × × ဖြေဘ် လေယူရာပြေးတဲ့ × × × အချစ်ပျောက် မလေးမြဒါလီ × × × ကိုယ့်အားမေ့ပြီ × × × ကိုယ့်မှာသာ ကြင်နာ ချင်း တစ်ဝက်နဲ့ အမေ့ခက် အမုန်းခက် × × × ခန်းဆက်မေတ္တာ သံသရာရှည်

တကယ်တော့ မင်းနဲ့ကိုယ်ဟာ ဆန္ဒက ဘဝကိုမကျော်နိုင်ကြ သူတွေပဲ။ ဆန္ဒကို ဦးစားပေးရင် မင်းရော ကိုယ်ပါ ဘဝပျက်သွားကြမှာပေါ့ ဒါကို ကိုယ်လည်းသိပါတယ်။ ကိုယ်က လူကြီးဆိုတော့ ပိုသိပြီး ပိုတာဝန်ရှိ တာပေါ့။ ဒါပေမယ့် မြဒါလီရေ၊ မင်းနဲ့တွေ့မှ အချစ်ဆိုတာဘာလဲလို့ ကိုယ်သဘောပေါက်တယ်၊ သဘောပေါက်တဲ့အခါမှာတော့ သိပ်နောက်ကျ သွားပါပြီ၊ သနားစရာကောင်းတဲ့ မင်းအစ်မနဲ့ မင်းတူမလေးတွေ မျက်နှာကို တို့တစ်တွေ ထောက်ထားရမယ်မဟုတ်လား။ ဒီဇာတ်လမ်းမှာတော့ ကိုယ်ဟာ လူဆိုးပါပဲ။ လူဆိုးဆိုလည်း လူဆိုးပေါ့လေ။ ဒါပေမယ့် ဒီလူဆိုးက လက်ဘဲဒီပ ချစ်သူထဲက ဒုဿကီရိလို လူဆိုးပဲဖြစ်မှာပါ။

အမှားဆုံးတော့ ကိုယ်မင်းကို မချစ်သင့်ဘဲ ချစ်လိုက်မိတာပါပဲ။

ဒီအချစ်ကြောင့် လူမှုရေးရှုပ်ထွေးသွားစေတယ်။ ကိုယ့်ကိုယ်ကိုယ် လည်း စိတ်ပျက်မိတယ်။ ခွင့်မလွှတ်ချင်တော့ပါဘူး။ နောက်တော့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ စိတ်ပျက်မိပါတယ်။

ဟော ပြောရင်းဆိုရင်း ကိုသန်းလှိုင်ရဲ့သီချင်းကဆက်ဆိုနေလေရဲ့

"အဘိုး အဘွားကို မှီလိုက်ပါသည် × × × ဆုံးမစကားဆို နားမှာ ချိုအီ × × ကိုယ်ချစ်ရှာရင် ဒုက္ခတွေ့မည် × × အချစ်ဆိုတဲ့ ထိုလောကီ × × ကြင်နာခြင်းတစ်ဝက် ရှုပ်ထွေးခြင်းတစ်ဝက် နဲ့ × × × ဟင် စိတ်ပျက်လှပါပြီ × × × မောင့်မြဒါလီ မောင့်မြဒါလီ × × × ကိုယ့်ဘဝထဲ × × မဝင်လာဘဲနေရင်ကောင်းမည် × × × ခုတော့ ကိုယ့်မှာသာ × × × အမေ့ခက် အမုန်းခက် × × × ခန်းဆက် မေတ္တာ သံသရာရှည်"

ကဲ ဒါပါပဲ မြဒါလီရေ။ သီချင်းလည်း ပြီးသွားပါပြီ။ ဒါပေမယ့် ရင်ထဲက ခံစားချက်တွေကတော့ တမြေ့မြေ့နဲ့ လောင်ကျွမ်းနေတုန်းပါပဲ။ ဒီမီးက တမြေ့မြေ့ တငွေ့ငွေ့နဲ့ ဘယ်ကာလအထိ ကိုယ့်ကိုလောင်နေဦးမယ် ဆိုတာ မသိတော့ပါဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ခံရမှာပါပဲ။ မင်းအတွက်ဆို ကိုယ်ကျေကျေနပ်နပ်ခံသွားပါမယ်လေ။ သံသရာ ဆုံးတိုင်ခံရမယ်ဆိုရင်လည်း ခံသွားမှာပါ။

ထားပါတော့လေ။

အပြင်မှာတော့ နွေဦးမို့ လေရူးပွေနောက် ရွက်ခြောက်ကလေးတွေ ကြွေစပြုနေပြီ မြဒါလီ။ မင်းကို ကိုယ် တစ်နေ့မှ မမေ့ပါဘူး။ ရွက်ကြွေမလေး လို မင်းတစ်ယောက် လေယူရာပြေးနေတုန်းပဲလား။ ကိုယ့်ကြောင့် မင်း ဘဝ မပျက်စေချင်ပါဘူး။ တည်ငြိမ်တဲ့ ဘဝတစ်ခုကို အချစ်ပျောက်မလေး မြဒါလီတစ်ယောက် တည်ဆောက်နိုင်ပါစေလို့ ကိုယ်လှိုက်လှဲလှဲ ဆုတောင်း လိုက်ပါတယ်။

ဩော် အစောကတည်းက မင်းကိုယ့်ဘဝထဲမဝင်လာရင်အကောင်း သားလား မြဒါလီရယ်။ အခုတော့

(ကွယ်လွန်သူ အဆိုတော်ကြီး ကိုသန်းလှိုင်၏ သီချင်းတစ်ပုဒ်အား ခံစားရေးဖွဲ့ပါသည်။)

မြို့တော်မဂ္ဂဇင်းအတွက် ၂၀၀၁ခုနှစ်တွင် ရေးသည်။



## မင်းသိစေချင်ပါသည် မြဒါလီ

ဩော် စောစောကတည်းက မင်းကိုယ့်ဘဝထဲ ဝင်မလာရင် အကောင်းသားလား မြဒါလီရယ်။

အခုတော့။

ကိုယ်စီးလာတဲ့ မစ်ဆူဘီရှီလင်ဆာကားကလေးက မန္တလေး-ရန်ကုန်ကတ္တရာလမ်းပေါ်မှာ အရှိန် ကောင်းကောင်းနဲ့ပြေးနေတယ်။

"မြန်မြန်မောင်းကွာ ချိန်ထားတဲ့အချိန်ကျော်သွားဦးမယ်"

ကားကလေးက လမ်းဘေးဘယ်ညာက ကုက္ကိုပင်ကြီးတွေကို ရိပ်ခနဲ ရိပ်ခနဲ အရှိန်အဟုန်နဲ့ ဖြတ်သွားပေမယ့် ကိုယ့်စိတ်ထဲမှာတော့နှေးနေ သလားလို့။ မင်းနဲ့ချိန်းဆိုထားတဲ့နေရာကို အရောက်နောက်ကျသွားမှာစိုးတယ် မြဒါလီရေ။ ဒါကြောင့် ကားသမားလေးကို မြန်မြန်မောင်းဖို့ ပြောလိုက်မိ တယ်။

"ကီလိုမီတာ တစ်ရာကျော်နေပါပြီခင်ဗျာ"

ဒိုင်ခွက်ကြည့်လိုက်မှ သူပြောတာဟုတ်သားပဲ။ ကီလိုမီတာ(၁၂၀) နှုန်းလောက်နဲ့ မောင်းပေးနေတာ။ ဒီလမ်းမှာ ဒီနှုန်းထက် ပိုမောင်းလို့မရဘူး ကိုယ်ကလောမိတာကိုး။ ပတ်ဝန်းကျင်က ပထမကြိမ် မင်းနဲ့ကိုယ်ခွဲခဲ့ရတဲ့ ဆောင်းအကုန်နွေအကူး ရာသီဦး အခါသမယလေ။ ကားအရှိန်နည်းနည်း လျှော့လိုက်တာနဲ့ ဆောင်းရဲ့နှင်းကြွင်းမြူခိုး တွေကြားမှာ ပေါက်ပင်တွေနဲ့ ပေါက်ပွင့်နီနီတချို့ကို ရိတ်သိမ်းပြီးလယ်ကွင်းတွေကြားမှာ မကြာမကြာ တွေ့နေရသေးတယ်။ သစ်ပင်တွေလည်း အရွက်တွေကြွေစပြုနေပြီ။ နွေ အကြို ဥသြငှက်တစ်ကောင်စ နှစ်ကောင်စကိုလည်းမြင်ရပြန်ရဲ့။ လွမ်းလွမ်း ဆွေးဆွေး မြည်ကြွေးသံကိုလည်း သဲ့သဲ့ကြားရပြန်တယ်။ ကြည့်လေရာ တိုင်းမှာတော့ လွမ်းစရာတွေပဲလို့ ကိုယ်ခံစားမိပါတယ်။ သစ်ရွက်ကြွေလေး တွေက လေယူရာ ပြေးနေကြတယ်။ မင်းလည်း လေယူရာပြေးတဲ့ ရွက် ကြွေမလေးဖြစ်ခဲ့ပြီးပြီ။ ဒီတစ်ခါတော့ မင်းကိုတည်ငြိမ်စေချင်ပါတယ်။ မင်းကို ကိုယ်တကယ်ချစ်ခဲ့တာပါ မြဒါလီရေ။



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပါပြီ ခင်ဗျာ"

ကားသမားလေးက ပြောပြောဆိုဆိုနဲ့ မင်းနဲ့ကိုယ် ချိန်းထားတဲ့ မင်းတို့မြို့ကလေးထိပ်က ညွှဲရိပ်သာကလေးကို ချိုးကွေ့ဝင်လိုက်တယ်၊ အချိန်ကလည်း မင်းနဲ့ချိန်းဆိုထားတဲ့ နေ့လယ်(၁၂)နာရီ တိတိ။

ခြံဝင်းထဲကို ကားဝင်သွားသော ရိပ်သာစောင့်လေးနဲ့ ကိုယ့်တပည့်လေး မောင်ဝင်းတို့ပြေးထွက်လာကြတယ်၊ မျက်စိမျက်နှာတော့ သိပ်မကောင်းကြဘူး။

ကိုယ်ကဘာမှမပြောရခင်မှာပဲ မောင်ဝင်းက ကဗျာကယာ စာလေး တစ်စောင် ထုတ်ပေးတယ်။

"မြဒါလီက ပေးခိုင်းလိုက်တာတဲ့ခင်ဗျ၊ စောစောက ဆိုင်ကယ်သမားတစ်ယောက် လာပို့သွားတာ"

စာက ကိုယ့်အတွက် မင်းကပေးခိုင်းလိုက်တဲ့စာ။ လူမလာဘဲ ဘာဖြစ်လို့များ စာပေးခိုင်းရတာပါလိမ့်၊ မင်းတစ်ယောက် ဘာတွေများ ဖြစ်နေပြီလဲ၊ နေများမကောင်းလို့လား၊ မင်းက နှလုံးရောဂါသည်၊ လူနဲ့ဆေးပြတ်တယ်မှမရှိဘဲ မင်းဘဝမှာလည်း ရင်ခုန်ရတဲ့ ဝမ်းနည်းဝမ်းသာ တွေက အများကြီးမဟုတ်လား။

မင်းစာကို ကိုယ်ကမန်းကတန်းပဲ ဖောက်ဖတ်လိုက်မိပါတယ်။

"ခြေ"

ကိုယ် ဘာပြောရမှန်းမသိတော့ပါဘူး မြဒါလီရေ၊ ကိုယ့်ရင်ထဲမှာတော့ ဟာသွားပါပြီ။ ဖြစ်မှဖြစ်ရလေလို့ပဲ စိတ်ထဲက ညည်းမိပါတယ်။ ပါးစပ်ကတော့

"တို့ ဆက်ထွက်မယ် မောင်ဝင်း"

လို့ပဲပြောပြီး တပည့်လေးကို ကားပေါ်တက်ခိုင်းပြီး မင်းတို့မြို့လေးက ဆက်ထွက်ခဲ့မိတယ်။

ဒီတစ်ခါလည်း နေရစ်ခဲ့ပေအုံးတော့ အချစ်ပျောက်မလေး မြဒါလီရေ၊

❦

လမ်းမှာ မင်းစာကို ကိုယ်နောက်တစ်ခေါက် ပြန်ဖတ်ကြည့်မိတယ်၊





*ကိုကို*

*ဒါလီစာရေးလိုက်တယ်၊ လာမတွေ့လို့ စိတ်ဆိုးတယ်ဆိုလည်း စိတ်ဆိုးပါတော့၊ အိမ်ကလည်း ဂိုပ်မိနေပြီ၊ ပြီးခဲ့တဲ့ကိစ္စအားလုံးကိုလည်း မေ့လိုက်ပါတော့နော်၊ ခုအခြေအနေကြည့်ရင် အားလုံးအတွက် ကောင်းပါဘူး။ သိကြရင်လည်း ရှက်စရာကြီးပါ၊ ကိုကို ဒါလီကို မေ့လိုက်ပါတော့၊ ဒါလီလည်း စိတ်မညစ်ချင်တော့ဘူး။ အသေအချာ ခုအခြေအနေကြည့်မှ ဒါလီ ကိုယ့်ကိုယ်ကိုယ် သိပ်ရှက်မိတယ်၊ လုပ်ခဲ့တာ တစ်ခုမှ မဟုတ်ဘဲ၊ ကိုကိုနားလည်မှာပါ၊ ဘယ်သူမှ သိတဲ့ကိစ္စမဟုတ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် သိတယ်၊ ဘုရားလည်းသိတယ်၊ ဒါကြောင့် ဒါလီ လိပ်ပြာမလုံတော့ဘူး။ မမသက်နဲ့ မှန်တွေ့ရင် သူ့မျက်နှာ ဘယ်လိုကြည့်ရမှန်းတောင် မသိတော့ဘူး။ အမျိုးတွေကလည်း ဒါလီကို အမျိုးမျိုးပြောကြပြီ၊ ဒါလီ တကယ်ရှက်မိပါတယ် ကိုကိုရယ်၊ မေမေနဲ့ ဘကြီးကလည်း စားဆွတယ်၊ ဒါလီ ဘယ်လိုနေရ မှန်းတောင် မသိတော့ဘူး။ ဒါကြောင့် ကိုကို လာမတွေ့တော့ပါ၊ အသေအချာ ချိန်းဆိုထားပါရက်နဲ့ ဒီလို ရှက်ဂုဏ်လေခြင်းလို့ ကိုကို စိတ်ဆိုးပြီး ဒါလီကို မုန်းသွားမယ်ဆိုရင်လည်း မုန်းသာမုန်းလိုက်ပါတော့။*

*အခုချိန်ကစပြီး ဒါလီ စိတ်သစ်လူသစ်နေဖို့နဲ့ နောက်ထပ် အမှားမလုပ်မိဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါလီကို နားလည်ပေးပါလို့ တောင်းပန်ပါတယ် ကိုကို၊ ပြီးခဲ့တာတွေကိုတော့ မေ့လိုက်ပါပြီ၊ မတွေ့တာ ကြာတော့တဲ့အတွက် ဒါလီကို ခွင့်လွှတ်ပါ ကိုကို၊ ကိုကို့ကိုလည်း ဘယ်တော့မှ ဒုက္ခပေးဖို့ ဒါလီမရည်ရွယ် ပါဘူး။ ဒါလီ ကံသိုလ်ကံက ဒီလိုပါလာလို့ မှတ်ရတယ်လို့ပဲ ဖြေသာထားလိုက်ပါပြီ၊ ဒီကိစ္စ ဒီမှာပဲ ရပ်ကြပါစို့။*

*ရန်ကုန်မှာတုန်းက ဒါလီကို လိုလေသေးမရှိ ကိုကိုကူညီခဲ့တာ အားလုံးအတွက် ကျေးဇူးတင်ပါတယ်။*

*မှဒါလီ*

"ဝိုး"

မင်းစာဖတ်ပြီး ကိုယ့်ရင်ထဲမှာတော့ ဗလောင်ဆူ မွန်းကြပ်သွားပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အမောမပြေပါဘူး မြဒါလီရေ။ ဟိုမိုင်ပေါင်းများစွာက မင်းနဲ့တွေ့ဖို့လာခဲ့ရတာ မင်းနဲ့တွေ့တဲ့အခါ ပြောမယ်လို့လုပ်ထားတဲ့စကားတွေလည်း ဘယ်ရောက် ကုန်မှန်း မသိတော့ပါဘူး။

"ရန်ကုန်မှာတုန်းက ဒါလို့ကို လိုလေသေးမရှိ ကိုကို ကူညီခဲ့တာ အားလုံးအတွက် ကျေးဇူးတင်ပါတယ်"

လို့ မင်းနောက်ဆုံးရေးထားတယ်နော်။

အားလုံးက ပြီးခဲ့ပြီပဲ၊ အဲဒီ- ရန်ကုန်ကို မင်းပြန်ရောက်လာတာ ကနေပြီး ပြဿနာ စတော့တာပဲ၊ ကိုယ့်အကုသိုလ်ကပဲ ကြီးနေလေသလား မင်းနဲ့ ကိုယ်နဲ့ ရေစက်ကပဲမကုန်လေသလားတော့ မသိဘူးပေါ့၊ ပြဿနာ ပြန်စတာကလည်း မင်းပဲလေ။

ပြန်ပြောပါရစေ မြဒါလီရေ။

❜ ❀ ❜

မင်းတို့အိမ်က ထွက်သွားတာ နှစ်နှစ်လောက်ကြာခဲ့ပြီ၊ ဒီအတော အတွင်းမှာ တတ်နိုင်သမျှကိုယ်ကြိုးစားပြီး မင်းကိုရှာခဲ့ပါသေးတယ်။ အိမ် မှာက မင်းအစ်မသက်ထားနဲ့ သမီးတွေကလည်းရှိသေးတော့ ကိုယ့်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး။ နောက်တော့လည်း အမျိုးတွေဆီက ပြန်ကြားတာ မင်းတစ်ယောက် မင်းအမေဆီပြန် ရောက်နေပြီဆိုပဲ၊ ရန်ကုန် မှာ စိတ်မဲ့လေဘဲ မင်းအိမ်ပြန်သွားပြီဆိုတော့၊ ကိုယ့်နည်းနည်း စိတ်အေး သွားပါတယ်။မင်းရဲ့ **Boy Friend** မျိုးကျော်ကျော်နဲ့ မင်းရန်ကုန်မှာ ဆက်တွဲနေမှာစိုးတာပါပဲ။ မျိုးကျော်ကျော်က လူကောင်းသူကောင်း မဟုတ်ဘဲ။ သူဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေ မနည်းတော့ဘူး၊ မင်းကို ချစ်တော့လည်း မင်းအတွက် စိတ်ပူမိတာပေါ့။

ဒုတိယအကြိမ် ဓာတ်လမ်းစတာက ဒီလိုမဟုတ်လား။

ပြီးခဲ့တဲ့ မိုးနှောင်းနေ့တစ်နေ့ ကိုယ့်ရုံးမှာရှိနေတုန်း ကိုယ့်ရဲ့ **Hand Phone** မှာ အဝေးကခေါ်တဲ့ နံပါတ်တစ်ခုပေါ်လာတယ်။ ထူးဆန်းလှချည် လား။ မြို့အတော်များများရဲ့ အဝေးခေါ်တဲ့ **Code** နံပါတ်တွေကို သိပါတယ်၊ ဒါပေမယ့် ဒီနံပါတ်တော့ကိုယ်မသိဘူး။ ဒါ့ကြောင့် ဖုန်းကောက်





ကိုင်လိုက်ပြီး ထူးလိုက်တယ်။

"ဟဲလို"

ကိုယ့်ရဲ့ထူးသံအဆုံးမှာပဲ ဟိုဘက်က

"ကိုကိုလား" တဲ့။

ဒါလီအသံ၊ မင်းရဲ့အသံ၊ နှစ်နှစ်လောက်မကြားခဲ့ရတဲ့ မင်းရဲ့အသံ။

"ဟုတ်ပါတယ် ဒါလီရယ်"

"ဟယ် ကိုကို ဒါလီအသံမှတ်မိတယ်နော်"

"အို ဘယ်လိုပြောလိုက်တာလဲ၊ ဒါလီ့အသံကို ကိုယ်တမလွန် ဘဝရောက်တဲ့အထိတောင် မှတ်မိနေတယ်"

"တကယ်ကြီးပဲလား ကိုကိုရယ်၊ ကိုကို အခုဘာလုပ်နေလဲ"

"ထိုင်ပြီး မင်းကိုလွမ်းနေတယ်"

"ဟင်း ဟင်း ကိုကိုကလည်း အပြောကောင်းနေပြန်ပြီ"

"တကယ်ပါ မင်းကို နေ့တိုင်းလွမ်းနေရတာ နှစ်နှစ်ရှိပြီ"

"တော်ပါကိုကိုရယ်၊ ဒါလီက အရေးတကြီး ပြောစရာရှိလို့ အဲဒီ ကိစ္စအတွက် ကိုကိုက လွဲလို့လည်း ဒါလီဘယ်သူ့ကိုမှ စဉ်းစားလို့မရဘူး ဒါလီ့မျက်လုံးထဲမှာ ကိုကို့ကိုပဲ မြင်နေတယ်"

"ကဲ မမြဒါလီ ပဟေဠိတွေနဲ့ကြွင်နာခြင်းတဝက်၊ ရှုပ်ထွေးခြင်း တဝက် မလုပ်ပါနဲ့တော့ဗျာ ပြောမှာသာပြောစမ်းပါ"

မင်းအသံကြားရတော့ ကိုယ်သိပ်ဝမ်းသာတာပဲ၊ သိပ်တောင် ဟန် မဆောင်နိုင်ဘူး။ ဒါ့ကြောင့် မင်းဘာလုပ်ချင်တာလဲ၊ ဘာကြောင့် နှစ်နှစ် လုံးလုံး ကိုယ်နဲ့အဆက်အသွယ် မလုပ်ဘဲ အခုမှ ဖုန်းဆက်ရတာလဲဆိုတာ ကိုယ်သိချင်တယ်လေ။

"ပြောပါ့မယ်ကိုကိုရယ်၊ ဒါလီ ဒီကနေပြီး ရန်ကုန်ကိုလာဖို့ရှိတယ်၊ အဲ့လွှန်သင်တန်း အတွက် စာတမ်းတစ်စောင် လာပြုစုဖို့ရှိတယ်၊ ဒါ့ကြောင့် ကိုကိုကူညီပါဦးနော်၊ ကိုကို ကူညီနိုင်မှာပါ၊ အသေးစိတ်တော့ ရန်ကုန်ရောက်မှ ပြောမယ်"

သိပ်မကြာခင်မှာပဲ မင်းရန်ကုန်ကို ရောက်လာခဲ့တယ်လေ။

မင်းရန်ကုန်ကို ရောက်လာတော့ ကိုယ့်ကိုဖုန်းဆက်ပြီး အကြောင်း ကြားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဒါလီ့ကို မြန်မြန်လာတွေ့တယ်နော်" တဲ့။

ကိုယ်ကလည်း မင်းကိုသိပ်တွေ့ချင်နေတာပါ၊ ဒါကြောင့် ဖုန်း တယ်ဆိုရင်ပဲ မင်းရှိတဲ့ ရန်ကုန်နဲ့ အဝေးတော်လှမ်းတဲ့နေရာကို ကားခပ်ကြမ်း ကြမ်းမောင်းပြီးလာခဲ့ပါတယ်၊ တို့နှစ်ယောက်ပြန်တွေ့ကြတော့ တကယ့်ရုပ်ရှ ထဲက အတိုင်းပါပဲ။ မင်းကလည်း ကိုယ့်ဆီပြေးလာတယ်။ ကိုယ်ကလည် မင်းဆီအပြေးသွားမိတယ်။ ပြီးတော့ စကားတောင် မပြောနိုင်ကြတော့ဘူ တစ်ယောက်ကို တစ်ယောက်ဖက်ပြီး ခပ်ကြမ်းကြမ်း အဆက်မပြတ် နမ်း ကြတယ်။ အတော်ကြာသွားတော့မှ

"နှုတ်ခမ်းတွေ နာနေပြီ ကိုကိုရယ်"

လို့မင်းကပြောတဲ့အခါ

"ဆောရီး ဒါလီရေ ကိုကို လွန်သွားပါတယ်"

လို့ မင်းကို တောင်းပန်ရတော့တယ်၊ ပြီးတော့မင်းနေတဲ့ ဧည် ရိပ်သာလေးရဲ့ ဧည့်ခန်းမှာ နှစ်နှစ်တာမပြောဖြစ်တဲ့စကားတွေ ပြောကြတယ် မင်းကိစ္စအတွက်ရော ငွေရေးကြေးရေးအပါအဝင် လိုတာလေးတွေ ကိုယ့်က အကူအညီတောင်းတာမဟုတ်လား။

"မေမေနဲ့ ဘကြီးတို့က စီးပွားရေးအခြေအနေမကောင်းဘူးကိုက ဒါလီ အလုပ်သိပ်လုပ်ချင်ပြီ၊ ဒီဘွဲ့ရမှုဖြစ်မှာ၊ အခုကိစ္စအတွက်လည်း သူတ သိပ်မတတ်နိုင်ကြရှာဘူး၊ ရန်ကုန်မှာလည်း သူတို့အဆက်အသွယ်ကမပေါ ဘူးလေ၊ ဒါလို့မှာကိုကိုကလွဲပြီး အားကိုးစရာမရှိတော့ပါဘူး ကိုကိုရယ်"

မင်းရဲ့ အဲဒီအပြောကို ကိုယ်တကယ်ကြည်နူးမိပါတယ်။ ဒါကြော မင်းကို ကိုယ်လိုလေသေးမရှိ ကူညီခဲ့တယ်၊ မင်းရန်ကုန်မှာရှိတဲ့ တစ် လောက်မှာ တစ်ပတ်တစ်ခါ ပုံမှန်သွားတွေ့တယ်။ မင်း စာရေး၊ စာဖတ်ပျ မှာစိုးလို့ ဒါ့ထက်ပိုမသွားခဲ့ပါဘူး။ တို့နှစ်ယောက် တွေ့ကြရင်လည်း စက လက်ဆုံပြောလို့မကုန်မဟုတ်လား။ မင်းကမဆိုးပါဘူး။ သက်ထားနဲ့ ကို သမီးလေးတွေကို ဂရုတစိုက်မေးရှာပါတယ်။ ကိုယ်နဲ့ ပတ်သက်တာ လည်း မှတ်မိသေးတာပဲ၊ ဒုတိယအကြိမ် တွေ့ကြတော့ ကိုယ့်ဘယ်ဘ လက်ကလေးကို ကိုင်ပြီး

"ဟယ် ကိုကို့နဝရတ်လက်စွပ်ရော" တဲ့။

"မရှိတော့ဘူး၊ ကျောက်ခဏခဏကျွတ်လို့ ချွတ်ထားလိုက်





ကျောက်ကျွတ်ရင် မကောင်းဘူးလို့ ပြောကြတယ်"

"ဘာဖြစ်တတ်သတဲ့လဲ ကိုကို"

"အင်း သူများတွေပြောကြတာကတော့ အိမ်ထောင်ရေးနဲ့ စီးပွားရေး အဆင်မပြေဖြစ်တတ်တယ်တဲ့"

"ဟုတ်သလား ကိုကို"

"ဘယ်သိမလဲ ဒါလီရဲ့၊ ဒီနေ့အတွက် အချစ်ရေးကတော့ အဆင်ပြေနေတာပဲ၊ နည်းနည်းမောပြီး ချွေးမျှတာတစ်ခုပဲ"

"ဟင်း ကိုကိုနော် မညစ်ပတ်နဲ့"

မင်းက မျက်စောင်းကလေးထိုးပြီး ကိုယ့်ကျောကို တဒုန်းဒုန်း ထုလိုက်တယ်၊ ဒီနောက်တော့ တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်ကြသေးတယ်နော်။

တစ်လလောက် မင်းရန်ကုန်မှာနေပြီး မင်းကိစ္စပြီးတာနဲ့ မင်းတို့မြို့ ကလေးကို မင်းပြန်သွားခဲ့တယ် မဟုတ်လား၊ မပြန်ခင် တစ်ရက်အလိုမှာ မင်းနဲ့ကိုယ်နဲ့ မင်းရဲ့ အဆောင်အပြင်ထွက်ပြီး အချိန်အတော်ကြာ ချစ်ရည် လူးရင်း စကားပြောဖြစ်ခဲ့ကြတယ်၊ ဘာတွေပြောကြတာလဲဆိုတာ မင်း မှတ်မိမှာပါ။

မင်းပြောနေကြစကားတစ်ခုကတော့။

"ကိုကို့ကို ဒါလီအချစ်ဆုံး" ဆိုတာမဟုတ်လား။ မင်းရဲ့ မျက်လုံး ညှို့ညှို့နဲ့ ကြောက်စရာလား၊ ချစ်စရာလား၊ ကိုယ်မဝေခွဲနိုင်တဲ့ အညှို့အငင အတာတွေရဲ့ဒဏ်ကို ကိုယ်မခံနိုင်ပါဘူး မြဒါလီ၊ မင်းရဲ့အဲဒီအပြောက ကိုယ့်နှလုံးသားကို အရင်တုန်းကလိုပဲ ကနေ့တိုင် ဆွဲဆုပ် လှုပ်ရမ်းနေတုန်းပါ ဒါ့အပြင် မမေ့နိုင်တဲ့ ဖောဇ္ဇဖွအာရုံကလည်း ကိုယ့်ကိုဖမ်းစားလွှမ်းသွားခဲ့ တယ်၊ မသင့်တော်မှန်းသိသိနဲ့ကိုပဲ မင်းရဲ့အိစက်ညက်ညော နွေးထွေးတဲ့ အထိအတွေ့မှာ ကိုယ်တစ်ခါထပ်ပြီး အရည်ပျော်ခဲ့ရပြန်ပါပြီ မြဒါလီရေ။

မင်းပြန်သွားပြီး သိပ်မကြာခင်မှာပဲ ကိုယ်လုပ်ငန်းတာဝန်နဲ့ အညာ ထက်ရတော့ မင်းတို့မြို့လေးရဲ့အတွက်က ရိပ်သာလေးမှာ မင်းကိုယ့်ကို ထိတ်တဆိတ်လာတွေ့ရှာပါတယ်။ မျက်နှာညှိုးညှိုးလေးနဲ့ လူကလည်းဆိန်ရိ

"နေမကောင်းဘူးလား ဒါလီ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



မင်း မလှုပ်တလှုပ်နဲ့ အင်းတစ်လုံးတည်းပဲ လုပ်ပါတယ်။

အချိန်သိပ်မပေးနိုင်လို့ ခဏတာကာယုကယင် ချစ်တဲ့တင်ပြီး ခရီးဆက်ထွက်တော့ မင်းက

''ကိုကို သိပ်အတင့်မရဲနဲ့ ခဏခဏလည်း ဒါလို့ဆီ ဖုန်းမဆက်နဲ့ အိမ်ကသိမှာကို ဒါလီသိပ်ကြောက်တာပဲ''

လို့ပြောတော့ ကိုယ်ကခေါင်းညိတ်ပြလိုက်မိတယ်၊ မင်းရဲ့ညိုးလျှနေတဲ့ မျက်နှာကိုကြည့်ပြီး စိတ်မကောင်းလည်း ဖြစ်မိတယ်၊ မင်းရဲ့ အလုပ်ကိစ္စလည်း အဆင်ပြေရပါစေမယ်လို့လည်း အာမခံပေးခဲ့မိတယ်။ မင်းအတွက် ဝယ်လာတဲ့ ဆေးနဲ့တခြားပစ္စည်းတွေလည်း အားလုံးပေးခဲ့တယ်။

ကိုယ်ထွက်လာတော့ ရိပ်သာလေးမှာ မင်းလက်တပြပြနဲ့ ညိုးညိုးလျလျကျန်ခဲ့တာကို ကိုယ့်မျက်လုံးထဲက ကနေ့အထိ မထွက်ဘူး၊ ဒါဟာ မင်းနဲ့ကိုယ် နောက်ဆုံးတွေ့ကြတာ မဟုတ်လား။

ဒီအခေါက်တော့ မင်းရဲ့ အလုပ်ကိစ္စလည်း အဆင်ပြေလို့ ကိုယ်ဝမ်းသာတယ်၊ ပြောစရာတွေလည်း အများကြီး၊ မင်းနိုင်ငံခြားသွားရအောင်လည်း ကိုယ်လုပ်ထားတယ်၊ တို့နှစ်ယောက်က ဆန္ဒကဘဝကို မကျော်နိုင်သူတွေဆိုတော့ ပေါင်းစပ်လို့မှ မရနိုင်တာ၊ ဒါ့ကြောင့် မင်းနိုင်ငံခြားသွားရလည်း ကောင်းတာပါပဲ၊ ဘဝသစ် ထူထောင်နိုင်တာပေါ့။ မင်းအတွက် ကိုယ်အများကြီးစီစဉ်ထားပါတယ်။ ဒါပေမယ့် မင်းကအတွေ့မှမခံတော့တာ။ ကိုယ်ဘာပြောရမလဲ မြဒါလီ။

မင်းအကြောင်းတွေ စဉ်းစားရင်းနဲ့ ခေါင်းတောင်မူးလာပြီ။

''မောင်ဝင်းရေ သီချင်းဖွင့်ကွာ''

ရှေ့ကထိုင်လိုက်လာတဲ့ မောင်ဝင်းကို စိတ်ပြေလက်ပျောက် သီချင်းဖွင့်ခိုင်းလိုက်မိတယ်။

''အခွေတစ်ခွေ နှစ်ခွေပဲပါတယ်ခင်ဗျ''

''ရှိတာသာ ဖွင့်ပေးစမ်းပါကွာ''

*ဆုတောင်းတိုင်းသာ × × × ပြည့်စေချင်ပါပြီ× × × ဆုံးဗျူ တစ်ခွင်နှုန်းတူမမြင် × × × သုံးလူ့ရှင် × × × ဗုဒ္ဓထံပါး × × × ဒုက္ခခံစားသမျှ × × × ပန်ကြားအရှင့်ကို × × × ဖွင့်ဆိုပါမည် × × × ဘယ်သောအခါမှ × × ကိုယ်ကချစ်ရတဲ့သူ× × မဖြစ်ချင်ပါပြီ× × ×*





*သူချစ်ကိုသာ မျှော်ကာစောင့်စားတော့မည် × × × နွေကန္တာ လျှောက်လှမ်းရသလို × × ဘဝင်မှာ ဆူရ × × ကြင်နာသူက စိမ်းခဲ့ပြီ × × ဖြေမနိုင် × × ရေဆိုင်ဝဲ × × × မှိုင်ပွဲနဲ့ ကြုံသမျှတွေသည် × × × ဝဋ်ကြွေးတို့တင် × × × ရှိပါရင်လည်း × × × ကံကြမ္မာမညီမျှ × × × သံသရာဒီဘဝ ဒီမျှနဲ့ပဲ × × × အဆုံးသတ် စေချင်ပြီ*

တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ သွားတူနေတဲ့ အဆိုတော်ကြီးကိုတင်လှိုင်ရဲ့ ''အမုန်းခွန်အား ပေးသနားပါ''သီချင်းကိုမှ ဖွင့်မိလျက်သားဖြစ်နေပြီ။ မင်းကလည်း မုန်းလိုက်ပါတော့လို့ပြောထားတာ မဟုတ်လား။ မင်းကို မုန်းဖို့ကိုယ့်မှာ ခွန်အားမှမရှိတာ၊ မင်းလည်း သိရက်သားနဲ့။

ကိုယ့်ရဲ့ မစ်ဆူဘီရှိလင်ဆာကလေးကတော့ အရှိန်ကောင်းကောင်းနဲ့ ပြေးနေဆဲပါ။ မကြာခင် ပဲခူးရောက်တော့မယ်။ ဟိုးအဝေးက ခပ်လှမ်းလှမ်းမှာ ပဲခူးရွှေမော်ဓောဘုရားကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့နေရပြီ။

*အရှင့်ကိုယ်ပွား တည်ထားကိုးကွယ်× × × ကိုးကွယ် အပ်သော × × လွှမ်းစေတီအနီး × × ပန်းရေဆီမီး ကောင်းမှုတွေနဲ့ × × တောင်းဆုခြွေခဲ့ဖူးပါသည် × × × ဖြစ်လေရာဘဝတိုင်းမှာ × × × နွယ်တစ်မျှင် မြက်တစ်ပင်လို × × သံယောဇဉ်ကို × × × အလွယ်တကူ ဖြတ်နိုင်တဲ့သူ × × × ဖြစ်လိုပါပြီ × × × အသည်းကျေဖြေမဆည် × × စိတ္တဇ သူ့ကိုစွဲခဲ့သော × × × အတိတ်ဘဝကုသိုလ်နည်းခဲ့သော × × × ဘုရားတပည့်တော်မှာ × × × ကံတရားဆိုင်ရာ × × မခံစားနိုင်ပါ × × ဒီသောကဝဲ × × × လောကထဲမှ × × × လွတ်မြောက်ဖို့ရန် အစီရင်ပါသည်*

ကိုတင်လှိုင်သီချင်းထဲကလိုပါပဲ။ ကိုယ်ဟာ မင်းကိုစိတ္တဇဆန်ဆန် စွဲခဲ့မိတာထင်ပါရဲ့။ မင်းနဲ့ပတ်သက်တဲ့ကိစ္စတွေမှာ ကိုယ့်မှာ ခံနိုင်ရည်အားနည်းလှပါတယ်။ ဒါကြောင့်လည်း မင်းကို ကိုယ်ပြောခဲ့မိတယ်။

''ဒါလီ ပေးသမျှဒုက္ခကို ကိုယ်ခံမယ်'' လို့

ဒီဒုက္ခတွေက လွတ်မြောက်ဖို့ကတော့ ဘုရားမှသာတတ်နိုင်တော့မယ်ထင်ပါရဲ့။ မင်းကဘုရားသိတယ်လို့ ပြောတယ်နော်။ မှားတာ မှန်တာ ဘေးချိတ်။ ကိုယ်မင်းကို တကယ်ချစ်ခဲ့မိတယ်ဆိုတာလည်း ဘုရားသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုယ်ကျိန်ရဲပါတယ်။

ပဲခူးကိုကျော်လာပြီ။ နောက်တစ်နာရီဆိုရင် ရန်ကုန်ပြန်ရောက်ပြီ။ မင်းအစ်မ သက်ထားနဲ့ မင်းတူမလေးတွေက ကိုယ့်ကိုမျှော်နေကြရော့မယ်။ သူတို့တွေကတော့ အပြစ် ကင်းစင်ကြရှာပါတယ်။ ဘာမှမသိရှာကြပါဘူး။ ကိုယ့်မှာသာ ငုံးဆူလူမသိဖြစ်ပြီး ယောကျ်ားကြီးတန်မဲ့ မျက်ရည်လည်နေရတာပါ။ အသက်ကြီးမှ ဝက်သက်ပေါက်တာ ရယ်စရာကောင်းနေမလားတော့ မသိဘူး။

*ခက်နွယ်ဖယောင်းသဖွယ် × × × ညက်သွယ်ပြောင်းတယ် × × × လက်ဆယ်ချောင်းနဲ့ × × × ထိပ်မှာ မိုး၍ × × × နောက်ဆုံးလျှောက်ထားအပ်ပါသည် × × × ချစ်တတ်ခဲ့သော × × × တပည့်တော် နှလုံးသားဆီ × × × အမုန်းခွန်အား ပေးသနားရန် × × × တောင်းပန်ပါသည်*

မင်းရဲ့စာအရ မင်းနဲ့ကိုယ်ဟာ တစ်သက်တာ ခွဲခွာရပြီပေါ့နော်။ မင်းက ကိုယ့်ကို မင်းကို နားလည်ပေးဖို့နဲ့ မုန်းဖို့ပြောခဲ့တယ်။ ကောင်းပါပြီ။ မင်းနဲ့ကိုယ့်တို့ နှစ်ယောက်စလုံး ဂုဏ်သိက္ခာကို ထောက်ထားပြီး မင်းပြောတဲ့စကားကို ကိုယ်နားထောင်ပါ့မယ်။ ဒါ့ကြောင့် ချစ်တတ်လွန်းလှတဲ့ ကိုယ့်နှလုံးသားကိုလည်း အမုန်းခွန်အားပေးသနားဖို့ စောစောက ဖူးတွေ့ခဲ့တဲ့ ပဲခူးရွှေမော်ဓောဘုရားကြီးကိုပဲ လျှောက်ထားလိုက်ပါပြီ မြဒါလီရေ။

ဟော ပြောရင်းဆိုရင်းနဲ့ ကိုယ့်ကားလေးက ရန်ကုန်နယ်နိမိတ်ကိုဝင်ပြီ။ ခဏကြာရင် အိမ်ရောက်တော့မယ်။ စိတ်ချနေပါ မြဒါလီ မင်းကိုကိုယ်မဆက်သွယ်ပါဘူး။ ဖုန်းရော လူရောစာရော ဘာနဲ့မှ မဆက်သွယ်ပါဘူး။ မင်းစိတ်ချမ်းသာ လက်ချမ်းသာနေပါ။ ကိုယ့်ကိုအသုံးချပြီး မင်းရဲ့လိုအင်ဆန္ဒတွေပြည့်သွားအောင် လုပ်သွားတာတော့ မဟုတ်ပါဘူးနော်။ ကိုယ့်ကို ဒုက္ခမပေးဘူးဆိုတာကိုလည်း ကျေးဇူးတင်ပါတယ်။ ပေးလည်းမင်းပေးတဲ့ဒုက္ခကို ကိုယ်က ရင်ကော့ခံသွားမှာပါ။ ဒါတွေအားလုံးကို မင်းသိစေချင်ပါတယ် မြဒါလီရေ။ မင်းရဲ့ကိုယ်စား ဘယ်သူ့ကိုကိုယ်သွားပြောရမှာလဲ။ ကိုယ်သိပ်ကြိုက်တဲ့ အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ မေတ္တာမီးအိမ်သီချင်းထဲကလို

*ရေပြင်ကို ပြောရမလား × × ကောင်းကင်ကို ပြောရမလား × × × မြေလွှာကိုပဲ ပြောရမလားလေကွယ်*

လို့ပဲငိုးရတော့မယ်ထင်ပါရဲ့။ အေးလေ ဒီဇာတ်က ဒီမှာပဲ ရပ်ကြမှဖြစ်မှာပါ။ မင်းပြောတာဟုတ်ပါတယ်။ ကြာရင်မင်းရောကိုယ်ပါ ဒုက္ခရောက်ကြရတော့မယ်လေ။

ဩော်၊ စောစောကတည်းက မင်းကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသား မြဒါလီရေ။

ခုတော့

၃၁-၁-၂၀၀၂







www.burmeseclassic.com

www.burmeseclassic.com

## ချစ်အားရယ်မညီ

စစ်ဗိုလ်တစ်ယောက်နဲ့ တက္ကသိုလ်ကဆရာမတစ်ဦး၏ အချစ်ဇာတ်လမ်းသည် သာမန်အားဖြင့် ဆွတ်ပျံ့ကြည်နူးဖွယ်ရာဇာတ်လမ်းမျိုးသာ ဖြစ်လေ့ရှိ၏။

သို့ရာတွင် ကျွန်တော်နဲ့ မမနွယ်တို့ ဇာတ်လမ်းမှာမူကား

၃၁

ဆယ်နှစ်တာမျှ ဖွဲကောင်းကောင်းနှင့် ကြိုးပမ်းအားထုတ်ခဲ့မှုကြောင့် မမနွယ်က ကျွန်တော့်အား လက်ထပ်ခွင့်ပြုချိန်တွင်တော့ ကျွန်တော့် အသက် သုံးဆယ်ရှိပြီ။ မမနွယ်က လေးဆယ်၊ လက်ထပ်သည့်နေ့မှာပင် တည်ငြိမ် ရင့်ကျက်သော မမနွယ်နဲ့ ယောကျ်ားလေးတန်မဲ့ အရာရာကို အရေးတကြီး လုပ်တတ်ပြီး စိတ်လှုပ်ရှားလွယ်သော ကျွန်တော်တို့ကြားက ကွာဟချက် များကို ကျွန်တော် စတင်သိလာရ၏။

မိန်းမယူရန် ခွင့်ဆယ်ရက်သာရသည်။ ယခုသုံးရက်ကုန်သွားပြီ နောက်ထပ်တစ်ပတ်သာ ကျန်သည်။ ကျွန်တော်တို့ စစ်သားဆိုတာအရာရာ ခပ်သုတ်သုတ်လုပ်ရသည်။ အပြောင်းအလဲများက အချိန်နှင့်တပြေးညီဖြစ်နေ သည်မို့ ဘာကိုမှစိတ်မချရ။ ဒါကို စစ်သားယူလိုက်သည့် တက္ကသိုလ် ဆရာမကြီး မမနွယ်တစ်ယောက် မသိရှာပါ။

ကျွန်တော့်အတွက် အချိန်တိုင်း အဖိုးတန်နေသည်မို့ အချိန်ရှိခိုက် လုံ့လစိုက်ချင်သည်။ လက်ထပ်သည့်နေ့က ဧည့်သည်များတစ်ယောက်ပြီး တစ်ယောက်ရောက်လာနေ၏။ အသက်ကြီးမှ အိမ်ထောင်ကျသည့် အပျိုကြီး မမအား ဘဝတူ ဆရာ၊ ဆရာမများက တစ်ယောက်ပြီးတစ်ယောက် ကွန်ဂရက်ကျူလေးရှင်း လာလုပ်နေကြသည်။ ည (၁၀)နာရီထိုးသည်အထိ မမနွယ်ခမျာတော့ လာသမျှလူများအား ဧည့်ဝတ်ကျေအောင် ဧည့်ခံစကား ပြောရသည်။ ပြီးတော့လည်း တချို့က ကျွန်တော့်ကို တွေ့ချင်ပြန်သဖြင့်

"မောင်မောင်ရေ လာပါဦးကွယ်"

ဟု ခေါ်ပြရသေးသည်။





ကိုယ့်ထက် အသက်ဆယ်နှစ်ကြီးသည့် ဆရာမကြီးကို ဖွဲကောင်း ကောင်းနှင့် မရရအောင်ယူသည့် စစ်ဗိုလ်ကလေးကို မမနွယ်မိတ်ဆွေများက အထူးအဆန်းအနေဖြင့် ဝိုင်းကြည့်ကြသည်။ ပါးစပ်တွေကဘာမှ မပြောသော်လည်း မျက်လုံးတွေကတော့ စကားပြောသွားကြသည်။ ချီးမွမ်းသလိုလို၊ ကဲ့ရဲ့သလိုလို၊ အံ့ဩသလိုလိုနှင့်။

သူတို့မျက်လုံးတွေက ဘာပြောပြော ကျွန်တော့်မျက်လုံးတွေက တော့ အိပ်ချင်နေပါပြီ။ မင်္ဂလာဆောင်အတွက် သုံးရက်ခန့် ဆက်တိုက် ပြေးလွှားလုပ်ကိုင် လှုပ်ရှားခဲ့ရသည်မို့ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်နေ၏။ ပြီးတော့ မမနွယ်နဲ့ ရွှေလည်တွဲပြီးချစ်ပွဲဝင်ရေး စိတ်ကူးယဉ်ခဲ့သမျှ ယခုလို အချိန်ရတုန်း နေချင်လှပါသည်။ စစ်သားပီပီ မှန်ရာကိုသစ္စာဆိုပါမည်။ လက်ထပ်သည့်နေ့အထိ ဣန္ဒြေကြီးလှသည့်ဆရာမကြီး မမနွယ်၏ ပါးကိုပင် ကျွန်တော်မနမ်းခဲ့ဖူးပါ။ ကျိန်တာဆို ဝေးစွ။

ည (၁၂)နာရီထိုးသည်တွင် သည်းမခံနိုင်တော့သဖြင့် မမနွယ်နား ကပ်ပြီး ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြောမိ၏။

"ကျွန်တော်တော့ အိပ်ချင်နေပြီ မမနွယ်၊ အိပ်ကြပါစို့ဗျာ"

ရိုင်းများရိုင်းသွားလားတော့ မသိ။ မမနွယ်က မျက်နှာတစ်ချက်ရဲ သွားပြီး

"အို မောင်မောင်ကလည်းကွယ်၊ ဧည့်သည်တွေမှ မပြန်သေးတာ"

"မမနွယ်ကလည်းဗျာ၊ ဒါဧည့်သည်တွေလာတဲ့ အချိန်မှ မဟုတ်တော့တာ"

"ဘယ်ဖြစ်မလဲ၊ မောင်မောင်ရဲ့ ကိုယ့်မင်္ဂလာကိစ္စကို အရေးတယူ လာအားပေးတဲ့ ကိုယ့်မိတ်ဆွေတွေကို မောင်းထုတ်လို့ရတာမှ မဟုတ်တာ၊ ခင်းအိပ်ချင်အိပ်နှင့်တော့"

ထိုနေ့ညက ကျွန်တော်တို့နှစ်ယောက်အတွက် ပြင်ထားသည့် အခန်းသို့ ကျွန်တော်အရင်ဝင်ပြီး စိတ်မောလူမောဖြင့် အိပ်ပျော်သွားခဲ့၏။ ဘယ်အချိန်မှ မမနွယ်ရောက်လာသည်ကို မသိခဲ့ပါ။ မနက်ကျတော့လည်း မမနွယ်က အရင်အိပ်ယာမှထသွားခဲ့သည်။ ကျွန်တော့်ဘေးက ခေါင်းအုံး မှာတော့ မမနွယ်ထံမှရနေကျ ရှယ်နယ်ရေမွှေးနံ့နှင့် ကံ့ကော်ပန်းနံ့များက ငြိကျန်နေရစ်ခဲ့သည်မို့ ကျွန်တော့်ဘေးမှာ မမနွယ်လာအိပ်သွားခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သေချာပါသည်။

အိပ်ရာခေါင်းရင်းတွင် ကံ့ကော်ပန်းခိုင်လေးကို ကျွန်တော်တွေ့သည်။ မနေ့က မမနွယ်ခေါင်းက ပန်းခိုင်ကလေးပင်ဖြစ်၏။ မနွမ်းသေးပါ။ မွှေးနေပါသေးသည်။ အိပ်ရာထချိန်တွင်တော့ မမနွယ်ကိုယ်စား ကံ့ကော်ပန်းခိုင်လေးအား ခပ်ကြမ်းကြမ်းနမ်းလိုက်မိသည်။ ပြီးတော့ ဟင်းခနဲ မကျေမနပ်ဖြင့် ပန်းခိုင်ကလေးအား ဆုတ်ချေပစ်ပေါက်လိုက်မိ၏။

ကျွန်တော့် မင်္ဂလာဦးညက ဤသို့ပင် စခဲ့သည်မို့ ဆွတ်ပျံ့ဖွယ်ရာ မဟုတ်ခဲ့ပါ။ ကျွန်တော့်အတွက် ထူးဆန်းသော တိုင်းပြည်တစ်ပြည်သို့ ရောက်နေသလိုသာ ခံစားရပါ၏။

မမနွယ်က မနက် (၄)နာရီခန့် အိပ်ရာထတတ်သည်။ ဘုရားရှိခိုးသည်။ ပြီးတော့ ကျွန်တော့်အား အမေတစ်ယောက်က သားတစ်ယောက်အား ပြုစုသလို ပြုစုသည်။ ဇနီးတစ်ယောက်က ခင်ပွန်းတစ်ယောက်ကို ပြုစုနေသလို ကျွန်တော် မခံစားရပါ။ ကိုယ့်မိန်းမရယ်လို့ဆိုပြီး ကျွန်တော်က အားပါးတရ ပွေ့လိုက်ဖက်လိုက်လျှင်ပင်

"ဟဲ့ ဟဲ့ မောင်မောင်၊ အမလေး လူတွေနဲ့ဟဲ့ လွှတ် လွှတ်"

ဟု သူ့အိမ်တွင်းမှာပင် ပျာပျာသလဲ ပြောတတ်သည်။

"ဟာဗျာ မမနွယ်ကလည်း လင်မယားပဲဗျာ"

ကျွန်တော် ဘဝင်မကျပါ။ ကိုယ့်ဇနီးဆိုပြီး အားပါးတရ ဖက်ရမ်းနမ်းရှုံ့ချင်ပါသည်။ ပွေ့ပိုက်ယုယချင်ပါသည်။ ဒီလိုလုပ်ချင်လို့ စောင့်နေခဲ့ရတာကြာပြီပဲ။

မမနွယ်အိမ်တွင် အညာက ခေါ်ထားသည့် အိမ်ဖော်ဒေါ်သိန်းတို့သားအမိရှိသည်။ တက္ကသိုလ်တက်နေသည့် သင်းသင်းဆိုသော တူမတစ်ဦးလည်းရှိ၏။ လူတွေဆိုသည်မှာ အဲ့ဒီသူတွေကို ရည်ညွှန်းသည် ထင်ပါ၏။ တခြားလူတွေမရှိပါ။ တစ်ခါ တစ်ခါတော့လည်းတော့လည်း အဆောင်မှူးစာလာမေးသည့် ကျောင်းသူလေးများ လာတတ်၏။ မမနွယ်ခမျာ အသက်လေးဆယ်ကျော်မှ ကံပေါ်သဖြင့် မနေတတ်မထိုင်တတ်များ ဖြစ်နေသလားမသိပါ။ ဆရာမကြီး သူ့ယောကျ်ားနဲ့ ပွေ့ဖက်ကြည်စယ်နေတာ သူ့တူမနဲ့ တပည့်မလေးတွေ တွေ့သွားမှာကို ရှက်ရှာတာပဲဖြစ်ပါလိမ့်မည်။

တပ်အကျင့်ပါနေသည့် ကျွန်တော်က ညတွင်စောစော အိပ်ရာဝင်





သည်။ သာမန်အားဖြင့် တပ်ထဲ၌ ည(၉)နာရီခွဲတွင် လိုင်းဒေါင်းလုပ်ပြီး မီးမှိတ်ပြီးအိပ်ရာဝင်ရ၏။ မမနွယ်က သူ့ကျောင်းစာတွေဖတ်သည်။ မှတ်သည်။ ရေးသည်။ ပြီးတော့ ဘုရားရှိခိုးလိုက်သေးသည်။

ညဆယ်နာရီကျော် ကိစ္စတွေပြီး၍ မမနွယ်အိပ်ရာသို့ ရောက်လာချိန်တွင် ကျွန်တော်အိပ်ပိုက်စပြုနေပါပြီ။ အဖျော်ယမကာလေးများ သောက်သုံးမိသဖြင့် ရံဖန်ရံခါ၌ အိပ်ပျော်၍ပင်သွားခဲ့ပါ၏။ လင်ရယ် မယားရယ်မို့ လင်ခန်းမယားခန်းကျပြန်တော့လည်း ကျွန်တော်က တက်ကြွနေဆဲ သွေးသားကောင်းတုန်းအရွယ် သွားဟယ်လာဟယ်နဲ့ သန်တုန်းမြန်တုန်း၊ မမနွယ်က အရွယ်အရရော လုပ်ငန်းအရပါမို့ ကျွန်တော့်လိုမဟုတ်။ သိပ်လှုပ်လှုပ်ရှားရှားမရှိ။ ရှက်ရွံ့တွန့်ဆုတ်နေသည်။ ကျွန်တော့်စိတ်ကျေနပ်မှုကို ကောင်းစွာမပေးစွမ်းနိုင်ခဲ့။

ဒါကိုလည်း သူမသိပါသည်။ ကျွန်တော်ခွင့်စေ့၍ မပြန်မီညမှာတော့ မမနွယ်က ကျွန်တော့်ကို တိုးတိတ်ဝမ်းနည်းစွာ စကားဆိုရှာပါသည်။

"မမနွယ် မှားသွားတယ် မောင်မောင်၊ မမကို ခွင့်လွှတ်ပါ၊ မင်းကို ဒုက္ခပေးသလိုဖြစ်နေပြီ၊ တကယ်ကျတော့ မင်းကို မမနွယ် လက်မထပ်သင့်ပါဘူးကွယ်"

"အို ဒါတွေမပြောပါနဲ့ဗျာ၊ ချစ်နေဖို့သာ အရေးကြီးတာပါ"

ထိုနေ့ညက မမနွယ်ကို ကျွန်တော်တစ်ညလုံး ပွေ့ဖက်ထားမိသည်။ အရှက်ကြီးလှသော ဆရာမကြီးမမနွယ် ထိုနေ့ညကတော့ ကျွန်တော့်ရင်ခွင်ထဲမှာပင် မျက်ရည်ဝဲပြီး ကလေးငယ်ပမာ အိပ်ပျော်သွားခဲ့ရှာသည်။ ခုမှပဲ တကယ့်လင်မယားနဲ့ တူသွားပြီထင်ရဲ့။

ခွင့်စေ့တော့ ကျွန်တော့်တပ်ရင်းဌာနချုပ်ရှိရာ ရှမ်းပြည်နယ်အရှေ့ပိုင်းကို ပြန်ခဲ့သည်။ တပ်ရောက်ပြန်တော့လည်း တိုက်ခိုက်ရေးတပ်မို့ ကျောပိုးအိတ်ပြင်ပြီး ရှေ့တန်းစစ်မြေပြင်ကို ထွက်ရပြန်သည်။

"ပင်တိုင်စံ ဓာတုကလျာအနွဲ့ရယ်ကြောင့် ကြင်ပိုင်ရန်စာအနာကျောခွဲပြီး မဟာသမုဒယချဲ့" ခဲ့သော နတ်သျှင်နောင်လို ကျွန်တော်က မေတ္တာစာ



www.burmeseclassic.com

www.burmeseclassic.com



တွေ တွေးလိုရေးလိုသော်လည်း မမနွယ်က ဓာတုကလျာလို မဟုတ်ခဲ့သဖြင့် ကျွန်တော့် စိတ်ကူးအိပ်မက်မှာ အကောင်အထည်ပေါ်မလာခဲ့ပါ။ တပ်စခန်းချသည့်အခါတိုင်းစာရေးပြီး လူကြုံတိုင်းတပ်ရင်းမှတစ်ဆင့် မမနွယ်ဆီ စာထည့်ခဲ့၏။ ပြန်စာမှာ မလာ၊ စစ်မြေမှာ လပေါင်းအတော်ကြာသွားခဲ့ပါသည်။

ရှေ့တန်းမှ တပ်ရင်းပြန်ဝင်သည့်နေ့။

ရိပ်သာရောက်တော့ အတူနေ လူပျိုခေါင်းဆောင် ဗိုလ်ကြီးခင်ထွန်းမှ စာတစ်စောင်ဆီးပေးသည်။ မမနွယ်လက်ရေးပါပဲ။

"ကိုမောင်မောင်ဦးရေ စာဗျာ၊ အတော်ပဲ မနေ့ညနေကမှ ရောက်တာ၊ ခင်ဗျား ဆရာမကြီးဆီက စာပဲထင်ပါတယ်"

"ကျေးဇူးပဲပါပဲ အစ်ကိုရာ"

ရင်ခုန်ခုန်နဲ့ စာအား ဖောက်ဖတ်မိသည်။ မမနွယ်များတပ်ကို လိုက်လာတော့မှာလေလား။

*မောင်မောင်*

*မမနွယ်နိုင်ငံခြားသွားရမယ်။ လူကြီးတွေက အရေးပေါ်ရွေးလိုက်လို့ မြန်မြန်သွားရမယ်ထင်တယ်။ ဟိုမှာ နှစ်နှစ်ကြာမယ်၊ မောင်မောင်ကန့်ကွက်ဆင်းခဲ့ပါဦး။ မမနွယ်တော့ ခရီးသွားရမယ့်ကိစ္စ သိပ်နီးနေလို့ မောင်မောင့်ဆီ မလာနိုင်တော့ဘူး။ လူချင်းတွေ့မှ စကားပြောကြရအောင်။ စာတော့ ခပ်တိုတိုပဲနော်။*

*မင်းရဲ့မမနွယ်*

မမစာဖတ်ပြီး ကျွန်တော်မောသွား၏။ ခွင့်ယူရဦးတော့မှာပါလား။ တပ်ကို လိုက်လာမယ်ပြောပြီးမှ နိုင်ငံခြားသွားရဦးမှာတဲ့။

လုပ်ပေါ့ မမနွယ်ရယ်။

မင်္ဂလာဒုံလေဆိပ်သို့ လေယာဉ်ဆင်းတော့ ရန်ကုန်မိုးက အညိုကြီးကြီးနဲ့ ရွာနေ၏။ လက်ဆွဲအိတ်တစ်လုံးသာပါလာ၍ ဘာမှမစောင့်ရ





လေဆိပ်တွင် လှည့်ပတ်ကြည့်မိတော့ မမနွယ်ကိုလည်း မတွေ့။ ဘယ်လိုဖြစ်တာပါလိမ့်။ သံကြိုးရိုက်ထားရဲ့သားနဲ့။ ဟိုဟိုဒီဒီ လှည့်ရှာမိရာ

"ဦးဦး ဦးဦး"

"ဟင် သင်းသင်းပါလား၊ မမနွယ်ရော"

"အန်တီနွယ် ကျောင်းမှာ အရေးကြီးအစည်းအဝေးတက်နေရလို့ သင်းသင်းကို လွှတ်လိုက်တာ"

မမကိုယ်တိုင်မလာဘဲ သင်းသင်းကို လွှတ်လိုက်သဖြင့် မကျေနပ်ချင်၊ ဆရာမကြီးက လုပ်လိုက်ပြန်ပါပြီ။

သင်းသင်းက ရိပ်မိပုံရ၏။ လေဆိပ်ကထွက်တော့ မိန်းကလေးက ကားမောင်းရင်း

"အန်တီနွယ်က နိုင်ငံခြားသွားဖို့ ကြိုးစားနေတာကြာပြီ ဦးရဲ့၊ အခုလို လူကြီးတွေကရွေးလိုက်တော့ သိပ်ဝမ်းသာနေတာ၊ ခုလည်း အဲဒီကိစ္စအတွက် လူကြီးတွေက အပြီးသတ် Interview လုပ်ဖို့ ခေါ်တွေ့နေလို့ ဦးဦးကို ပြောပြနော်လို့မှာပြီး သင်းသင်းကို လွှတ်လိုက်တာပါ"

သင်းသင်း ဘာပြောပြော ကျွန်တော့်ရင်ထဲမှာတော့ ဘဝင်မကျ မျက်နှာကလည်း ရန်ကုန်မိုးလို မှုန်မှိုင်းနေသည် ထင်ပါ၏။

"သြော် ကိုယ့်ယောကျ်ားကိုတောင် လာမကြိုနိုင်တော့ဘူးလား မမနွယ်ရယ်"

"ဦး"

"အင်"

"အန်တီနွယ် လာမကြိုလို့ စိတ်တိုနေပြီလား"

"မတိုပါဘူးကွာ၊ ဖြစ်တတ်ပါတယ်"

မိုးရေမစိုတစိုနဲ့ ကားထဲတွင်စကားပြောရင်း သင်းသင်းထံမှ မမနွယ်ဆီကလို့ ရနေကျရေမွှေးနံ့များရလိုက်ရာ တစ်စုံတစ်ခုအား သွားပြီးသတိရမိ၏။ အခုမှ သင်းသင်းကိုသတိထားလိုက်မိရာ အသံနှင့်ရုပ်မှာ မမနွယ်နှင့် အတော်တူ၏။ မမနွယ်အစ်မကြီး ဒေါ်မမသွယ်မှ မွေးလိုက်သည့် မမနွယ်၏ တူမအရင်း၊ မမနွယ်၏ တူတွေ တူမတွေထဲတွင် မမနွယ်အား အချစ်ဆုံး တူမ၊ ယခုလည်းဆယ်တန်းအောင်ပြီး မမနွယ်ဆီမှာနေ၍ တက္ကသိုလ်တက်နေသူ၊ သင်းသင်းက ညိုချော၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအစား



www.burmeseclassic.com

www.burmeseclassic.com



ကျကျ၊ ဆံပင် ကောင်းကောင်း၊ အညာသူမို့ ဆံပင်ရှည်ရှည်ဖြင့် တစ်မျိုးကြည့်ကောင်းနေသည်။ စပယ်တစ်ကုံးပါ ပန်လာ၍ စပယ်နံ့ကလေးကပါ ရေမွှေးနံ့နှင့် ရောနေသည်ထင်၏။ မမနွယ်နဲ့ကွာတာက ပါးချိုင့်ကလေးပါနေခြင်းဖြစ်သည်။ ထိုပါးချိုင့်ကလေးက မမနွယ်နဲ့သင်းသင်းကို ခွဲပေးထားတာလား မသိ။

ကျွန်တော်နှင့် မမနွယ်လက်ထပ်သည်ကို သင်းသင်းမှလွဲ၍ တစ်မျိုးလုံးက သဘောမတူကြ။ ကျွန်တော်က အသက်ငယ်သည်။ အသောက်အစား ရှိသည်။ ဂျစ်တစ်တစ်နဲ့ ဗီဇကြောင်သည်။ ဘာညာစသည်ပေါ့။

"ဦးဦးကို သနားပါတယ် အန်တီနွယ်ရယ်၊ ရန်ကုန်ရောက်တိုင်း သူ့ခမျာ အန်တီ့ဆီကို အောက်ကျနောက်ကျလာနေတာ၊ ဘယ်သူတွေမှ သဘောမတူချင်နေ သင်းသင်းကတော့ အန်တီနွယ်နဲ့ ဦးဦးမောင်မောင်ဦးကို သိပ်သဘောတူတာ"

ဟု ကျွန်တော့်ကို သိနေသည့် သင်းသင်းက မကြာခဏတိုက်တွန်းအားပေးခဲ့သည်ဆို၏။

သူ့တူမ အတိုက်အတွန်းကောင်း၍များ မမနွယ်နဲ့ ကျွန်တော်ရခဲ့သလား။

တက္ကသိုလ်ရိပ်သာလမ်းက မမနွယ်အိမ်ရောက်တော့ ညနေ (၅)နာရီ ထိုးပြီ၊ မမနွယ်က စောင့်ကြိုနေ၏။

"အခုပဲ ကျောင်းကပြန်ရောက်တယ် မောင်မောင်၊ နိုင်ငံခြားသွားဖို့က သိပ်အရေးကြီးနေတော့ လူကြီးတွေနဲ့ မတွေ့မဖြစ်တာလေးတွေရှိနေလို့ သင်းသင်းပဲ လွှတ်လိုက်ရတာ၊ ဒီအခွင့်အရေးမျိုးကမလွယ်ဘူး မောင်မောင်"

ရောက်ရောက်ချင်း မမနွယ်က မျက်နှာထားတည်တည်ဖြင့် သူ့ကိစ္စကို အရင်ပြောလိုက်ရာ ကျွန်တော်အောင့်သက်သက်ဖြစ်သွားရပါသည်။

"ဩော် ဩော် ဆရာမကြီး၊ ဆရာမကြီး၊ စာတွေသာ သင်နေတာ၊ သူ့ခင်ပွန်းသည်ကလေး ကျွန်တော့်အကြောင်းကို ဘာမှ မသိရှာပါလား"

"ကဲ ဦး၊ ရေနွေးနည်းနည်းစိုလာတာ အဝတ်အစားတွေလဲလိုက်ဦးလေ"

သင်းသင်းက သွက်သွက်လက်လက် ဝင်ပြောလိုက်မှ မမနွယ်က

"အင်း ဟုတ်သားပဲ မောင်မောင်ရေချိုးလိုက်ပါလား"





ဟု ဆိုဖော်ရသည်။

သူ့တူမကပြောမှ ရေချိုးလိုက်ပါလားတဲ့၊ လုပ်လိုက်ပြန်ပါပြီ။

ရေချိုးပြီးတော့ ထမင်းစားဖြစ်သည်။ ထမင်းဝိုင်းကလည်း သင်းသင်းရဲ့ လက်ရာနဲ့အစီအမံတွေပါပဲ၊ ကျွန်တော်က မမနွယ်အားခွင့်နဲ့ပြီး အာမီရမ်လေး တစ်ပက်၊ နှစ်ပက်တော့သောက်ဖြစ်၏။ ထမင်းစားရင်းကားပြောဖြစ်တော့

"မမနွယ် သန်ဘက်ခါ ဒီကထွက်ရမယ် မောင်မောင်၊ Lough-borough University လပ်ဘာရာယူနီဗာစတီမှာ တစ်နှစ်လောက်တော့ ကြာ မယ်ထင်တယ်"

ဟု ဆို၏။

ဒါဆို ကျွန်တော်နဲ့မမနွယ် အတူနေရမယ့်ရက်က တစ်ရက်၊ နှစ်ရက်ပဲပေါ့။

ထိုနေ့က ခွင့်ပန်ထားသည်ထက် အာမီရမ်ကိုပိုပြီး သောက်လိုက်၏။ ထိုညမှ တစ်ညဟာ အကြမ်း၊ အရမ်း၊ အလွမ်းအတွက် ဖူလုံလိမ့်မည်ထင်သည်။

ကျွန်တော်နဲ့နှစ်ရက်အတူနေပြီး မမနွယ်နိုင်ငံခြားကို ထွက်သွားခဲ့၏။ လိုက်ပို့သည့်နေ့က သူ့တပည့်တပန်းများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများ ကျွန်တော်၊ ပြီးတော့ သင်းသင်း။ ကျွန်တော်တို့တစ်တွေ မင်္ဂလာဒုံလေဆိပ်တွင် ညနေပိုင်းမှာ လိုက်ပို့ရသည်။ ဘွဲ့တွေတသီကြီးရမည့် ဆရာမကြီးကတော့ တက်ကြွဝမ်းသာနေ၏။ ကျွန်တော်ကတော့ ဝမ်းနည်းရမှာလား ဝမ်းသာရမလား မသိနိုင်ကြည့်ဖြစ်နေသည်၊ ပညာတတ်လောက၏ အထာကိုလည်း ကောင်းစွာ သိသူမဟုတ်။ မမနွယ်က လေယာဉ်ထွက်ခါနီးတွင်

"ကဲ မမသွားမယ်မောင်မောင်၊ ရန်ကုန်မှာနေတုန်း လိုတာလေးတွေတော့ အိမ်ကလူတွေ ကြည့်နိုင်းပေါ့၊ သင်းသင်းလည်း ရှိနေတာပဲ"

"သင်းသင်း ဦး မပြန်ခင် ဂရုစိုက်လိုက်ဦး၊ ပြီးရင်တော့ သမီးလည်း အဆောင်ပြောင်းတော့"

မမနွယ်က အထက်ပါအတိုင်း မှာသွားခဲ့သည်။ ဆရာမကြီးက သည့်တွေမှာသည့်ပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေစာကို သင်းသင်းက သပ်သပ်ရပ်ရပ်ပြင်ကျွ
ထမင်းမစားမီ အကြော်အလှော် စားစရာများနှင့် အာမီရမ်
အဆင်သင့်၊ မမနွယ်ပြောထားသည့် ကျွန်တော့်အကြောင်းကို သင်းသင်း
ကောင်းကောင်းသိထားသည်ထင်၏။ အဒေါ်လက်ရာထက် ပိုသာနေသည်
တူမလက်ရာကြောင့် ထိုနေ့က ကျွန်တော်ထမင်းပို၍ပင် စားကောင်းလု
ထမင်းစားပြီးတော့ စောစောအိပ်ရာဝင်လိုက်၏။ အိပ်မက်များပင် မက်လို
သေးသည်။ အိပ်မက်ထဲတွင် မမနွယ်က အသက်ပြန်ငယ်နေပြန်ပါသည်
ဘာတွေမှန်းမသိတော့ပါ။

ခွင့်က ဆယ်ရက်ယူလာမိသည်။ တပ်ကိုလည်း ချက်ချင်းမပြန်ချ
ဒီအိမ်မှာလည်း သိပ်မနေချင်။ သင်းသင်းကလည်း နေ့ဆိုကျောင်းတက်
ထို့ကြောင့် ကျွန်တော်တစ်ယောက်တည်း ငယ်သူငယ်ချင်းများထံ သွ
ရောက်လည်ပတ်၏။ ရန်ကုန်မြို့တွင်းက မရောက်သေးသည့် နေရာသစ်မျ
ကို လျှောက်ကြည့်၏။ သန်လျှင်ဘက်ကမ်းကူး၏။ မသွားဘူးသည
ကျိုက်ခေါက်စေတီနဲ့ ကျောက်တန်းရေလယ်ဘုရားများကို သွားဖူးလိုက်
တစ်ယောက်တည်းဖြစ်နေ၍ တစ်ခုခုလိုသလိုလို ဟာတာတာကြီး ဖြစ်
သည်။ ကျွန်တော် တစ်ယောက်တည်း လျှောက်သွားနေသည်ကိုသိသ
သင်းသင်းက

''ဦးပျင်းရင် သမီးကျောင်းက ခွင့်ယူလိုက်မယ်လေ''

ဟု ဆိုလာရာ

''အို မလုပ်ပါနဲ့သင်းသင်းရယ်၊ ဦးကြောင့် သမီးကျောင်းပျက်
ဘယ်ဖြစ်မလဲ''

ကျွန်တော်က ပျာပျာသလဲငြင်းလိုက်၏။ သုံးရက်ခန့် အိမ်မှာနေ
ကျွန်တော်တပ်ကိုပြန်ဖို့ ဆုံးဖြတ်လိုက်၏။ ကျန်သည့်ခွင့်ရက်အား မန္တ
မှာနား၍ ကျွန်တော့်ဇာတိရေဝတီမြစ်အနောက်ဘက်ကမ်းကို ခဏသွားမ
ဟု စိတ်ကူးမိသည်။ ထိုကိစ္စကို ထိုနေ့ညစာစားတော့ သင်းသင်းအ
ပြောမိရာ





''ဟင် ဦးက ပြန်တော့မလို့လား၊ ခွင့်ကုန်အောင် မနေတော့ဘူး
လား''

''အင်း မနေတော့ပါဘူးကွယ်၊ စစ်ကိုင်းဘက်လည်း ခဏသွား
လိုက်ဦးမယ်လေ၊ သင်းသင်းလည်း ဦးပြန်သွားတော့ အဆောင်ကိုမြန်မြန်
ပြောင်းရတာပေါ့''

မမနွယ်က သင်းသင်းကိုလည်း အဆောင်ပြောင်းနေဖို့ စီစဉ်ပေး
ထားခဲ့၏။ အိမ်ကို အညာက ဒေါ်သိန်းသားအမိနဲ့ ခဏထားမည်၊ ပြီးတော့
လိုရင်လည်း ပြန်အပ်တန်ရင် အပ်မည်ဟုဆို၏။ သူမ ဌာနက ရထားသည့်
အိမ်မို့ ကျွန်တော်က ဘာမှမပြောခဲ့ပါ။ သူ့တူမချောကိုလည်း အဆောင်ပို့မည်
ဆိုပဲ၊ ဒါလည်း သူတို့သဘောပါပဲ။

''ရပါတယ် ဦးရယ်၊ သမီးကို အားမနာပါနဲ့၊ သင်းသင်းက ဦး
ကို ပြုစုရတာကို ကျေနပ်နေတာပါ၊ ဦးပြန်မှ အဆောင်ကို သမီးပြောင်း
မှာပါ''

ကလေးမက တကယ်ပင်လှိုက်လှိုက်လှဲလှဲပြောသည်။ ကျောင်း
တက်လျက်ကပင် ကျွန်တော့်အတွက် အစားအသောက်နှင့် အဝတ်အစား
များကို သူမက စီမံပေး၏။

ဩော် တက္ကသိုလ်ကျောင်းသူဆိုပေမယ့် ဒါတွေလည်း လုပ်တတ်
တာ ပါပဲလား၊ ချစ်ချင်စရာကောင်းတဲ့ ကလေးမပေပဲ။

ထိုနေ့ညက အိပ်မက်မှာတော့ မမနွယ်ကို ကျွန်တော်မတွေ့တော့၊
နယ်ပို့မြစ်၍ သွက်လက်ချက်ချာကာ ချစ်စရာကောင်းသည့် သင်းသင်းကို
သာ ကျွန်တော်မြင်မိပါတော့သည်။

ကျွန်တော်တပ်ပြန်ဖို့ လုံးဝအချိန်တန်ပါပြီ။

ခွင့်မကုန်ဆုံးမီမှာပင် ကျွန်တော်တပ်ကိုပြန်ခဲ့၏။

ထိုနေ့က သင်းသင်းကျောင်းမတက်၊ ကျွန်တော့် အဝတ်အစား
များအား သူမကပင် သိမ်းဆည်းပေး၏။ ပစ္စည်းသိမ်းရင်း လက်ကိုင်ပဝါ
တစ်နေ့ တစ်ထည်သုံးတတ်သည့် ကျွန်တော့်အတွက် လက်ကိုင်ပဝါဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေးတစ်ဘူးလည်း ဝယ်ထည့်ပေး၏။ ရက်ဒလီအလုကုန်များ ကြိုက်တတ်သည်ဆို၍ ရက်ဒလီပေါင်ဒါနဲ့ ခေါင်းလိမ်းဆီ One Set လည်းပါ၏။ ကျွန်တော်ကြိုက်သည့် မောင်မောင်ညွန့်၊ တွံတေးသိန်းတန်တို့ သီချင်းတိတ်ခွေများလည်း ဝယ်ပြီးထည့်ပေး၏။

ဩော် ဒီကလေးမက ဘာကြောင့်များ ဒါလောက် ကျွန်တော့်ကို ဂရုစိုက်နေရပါလိမ့်။

ရန်ကုန်၊ မန္တလေး ခရီးစဉ်လေယာဉ်က နေ့လည်ထွက်၏။ အားလုံး အဆင်သင့်ဖြစ်တော့ အိမ်ကထွက်လာကြသည်။ မထွက်မီ သင်းသင်းက

"ဦးကို သမီးကန်တော့လိုက်ပါတယ်"

ဟု ဆိုပြီး ထိုင်ကန်တော့တော့ ကျွန်တော့်မှာ ဘာဆုမှမပေးနိုင်ခဲ့။ တပည့်ရဲဘော်လေးများ တစ်ခါတရံကန်တော့ခံရတာကလွဲ၍ ကျွန်တော့်ကို အသက်သုံးဆယ်သာသာ စစ်သားတစ်ယောက်အား မည်သူမှလည်း မကန်တော့ကြဘူးပါ။

စစ်သားကြီးတန်မဲ့ ဖဆီမဆိုင် မျက်ရည်ကျချင်ချင်ပင် ဖြစ်လိုက်သေး၏။

လေဆိပ်ရောက်တော့ ရုတ်တရက် စိတ်ကူးတစ်ခုရလိုက်သဖြင့်

"ကဲ လာဦး သင်းသင်း"

ဟုခေါ်ပြီး လေဆိပ်ရှေ့ဆိုင်မှ ကျောက်စိမ်းဆွဲပြားလေးပါသည့် ဆွဲကြိုး တစ်ကုံးအား ချက်ချင်းဝယ်ကာ

"သင်းသင်းအတွက် ဦးရဲ့လက်ဆောင်"

ဟု ပေးလိုက်မိပါ၏။

"ဩော် ဦးရယ်"

ကလေးမလေးက ဝမ်းနည်းဝမ်းသာ ဆိုရှာ၏။

ထိုစဉ် လေယာဉ်က ကျွန်တော့ နာမည်ခေါ်လိုက်သဖြင့် သင်းသင်း လက်ဖဝါးနုနုအား ဖမ်းဆုတ်ပြီး

"ကဲ သွားပြီ သမီးရေ အားတဲ့အခါ စာရေးဦးနော်"





ဟု နှုတ်ဆက်လိုက်ပါသည်။

သူမ၏ လက်ဖဝါးများက ပူနွေးလှ၏။ ထိုလက်များမှတစ်ဆင့် စီးဝင်သွားကြသော အနွေးဓာတ်ကြောင့် အမည်မသိသော ဝေဒနာများကို ကျွန်တော်ခံစားနေရသည်။ တကယ်တော့ သင်းသင်းနဲ့ ကျွန်တော်တို့မှာ အသက်ဆယ်နှစ်ခန့်သာ ကွာကြသည်။ အသက်သုံးဆယ်အရွယ်နှင့် နှစ်ဆယ်အရွယ်မှာ သွေးသားတက်ကြွနေကြသည့် အရွယ်တွေမို့ ချည်သီးနဲ့ ဆားအတူထား လျှာဖျားကျွေမြမရ ဖြစ်ပါလိမ့်မည်။

ဒီမီးကို မလောင်ခင်က တားလိုက်သည်မှာ အကောင်းဆုံးမဟုတ်ပါလား။

လေယာဉ်ထွက်တော့ ဖွန်၊ ဖုလိုင်၏ မိုးတိမ်များအောက်တွင် ရန်ကုန်ကဝေး၍ ဝေး၍ ကျန်ခဲ့ပါပြီ၊ မမန္တယ်ပြီးတော့ သင်းသင်း၊ ကျွန်တော့်အတွက်တော့ အရာအားလုံးဟာ အိပ်မက်ပမာသာပါ။

လက်ကိုင်ပဝါ ဘယ်မှာပျောက်ခဲ့မှန်းမသိ၍ လက်ဆွဲအိတ်အတွင်းရှိ လက်ကိုင်ပဝါဘူးထဲမှ အသစ်တစ်ထည် ထုတ်လိုက်တော့ စာကလေးတစ်စောင် ထွက်လာ၏။

ဦး

*လိုတဲ့အခါ အသုံးပြုနိုင်ဖို့အတွက်*

*သင်းသင်း*

သူမ စာလေးကြောင့် ခံစားချက်တစ်မျိုး တိုးရပြန်ပါသည်။ အရာရာက ကမောက်ကမဖြစ်သွားကြသည် ထင်ရဲ၊ ကျွန်တော်က ဘာကြောင့်များ မမှန်မကန် ရွေးချယ်ခဲ့မိပါသလဲ။

တကယ်တော့ ကျွန်တော်လူရွေးမှားခဲ့မိပြီထင်၏။

ဟိုတုန်းက မင်းဘယ်ရောက်နေသလဲ မိန်းကလေးရယ်။

ပိုးတဝါးရွေ့လျားနေသည့် တိမ်တိုက်များနှင့်အတူ ကျွန်တော့်အတွေးမှာလည်း ထွေပြားဝေဝါးနေ၏။

စိတ်ကူးယဉ်ခဲ့သည်က တခြား၊ တကယ်ဖြစ်လာသည်ကတခြား ဒါသည်ပင် တက္ကသိုလ်ဆရာမကြီးကို ဆယ်နှစ်ဆယ်မိုးစောင့်ပြီး ချစ်ခဲ့ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် ဆုလာဒ်လေလား မဆိုနိုင်တော့ပါ။

လူ့အလို နတ်မလိုက်နိုင်ဟု ဆို၏။ လူဖြစ်နေသော ကျွန်တော့်အလိုကိုလည်း နတ်ဒေဝတာများက လိုက်နိုင်လိမ့်မည် မထင်ပါ။

ဒါပေမယ့် သင်းသင်းကိုတော့ မဏိမေခလာ နတ်သမီးလေးလေလား ကျွန်တော်ထင်စားနေမိပါပြီ။ ဒီအလွှမ်း သံသရာ ဝဲဩဃကြီးမှာရော ကျွန်တော်က ဘယ်လောက်ကြာအောင် ကူးခတ်နေရပါဦးမလဲ။

ဩော် ကျွန်တော့်ကုသိုလ်နဲ့ ကျွန်တော်သာရှိပါစေတော့။

၉–၁၀–၂၀၀၁



## ခက်လှပါသည် ပိတောက်နဲ့ချယ်ရီ

တစ်ယောက်တစ်နယ်စီမှာနေသည့် ပိတောက်နဲ့ချယ်ရီပမာသာ ဖြစ်မည်ထင်ပါသည်။ ပိတောက်ရောချယ်ရီပါ အလှကိုယ်စီရှိနေကြ၍ ခက်နေရပါသည်။

၁၃

မြန်မာနိုင်ငံ၏အရှေ့ဘက်အစွန်ဆုံးမှာ တည်ရှိပြီး တရုတ်၊ လာအို၊ ထိုင်းနယ်စပ်များနှင့် မဝေးလှသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းက မိုင်းယောင်းမြို့ကလေး

ဒီမြို့ကလေးကို ကျွန်တော်တို့တပ်ရင်း မိုးဦးကျစကပင် စရောက်သည်။ ဗကပ ကော် ၈၁၅ မှ မိုင်းယောင်းကို မကြာခဏ ခြိမ်းခြောက်နေသည့် ကာလဖြစ်၍ ကျွန်တော်တို့တစ်တွေအလုပ်များကြရသည်။ မကြာခဏ ချီလေတဲ့ချီလေဖြစ်ကြရ၏။

''စ စပါး ဒို့အားထား''

မိုင်းယောင်းတွင် ကျွန်တော်တို့ရဲဘော်များ မကြာခဏရွတ်လေ့ရှိသည့် စကားဖြစ်သည်။ မှန်ပါသည်။ မိုင်းယောင်းမှာ ကျွန်တော်တို့တစ်တွေ စပါးကိုပဲ အားထားရ၏။ စပါးဆိုတာကတော့ တစ်ခြားမဟုတ်ပါ၊ မိုင်းယောင်းက နာမည်ကျော် စပါးအရက်ကို ဆိုလိုခြင်းပင်တည်း။

မိုင်းယောင်းက ဘာကိစ္စပဲလုပ်လုပ် စပါးအရက်ကလေးပါမှ ရသည်။ စိတ်ညစ်လည်း ဒီစပါး၊ စိတ်ပျော်လည်း ဒီစပါး၊ ပွဲလမ်းသဘင်များဆိုလည်း ဒီစပါး၊ ရိုးရာလမုံးပွဲများတွင်မူ မင်းသမီးလေးများကိုယ်တိုင် တစ်ခါကပြီးတိုင်း စပါးလေးတစ်ငုံတော့ အာဆွတ်ယုံ သောက်ကြသည်။ ပြီးတော့ ဆက်ကသည်။ ဒါနဲ့မိုးလင်းသည်။ လေးထောင့်သံပုံးကြီးနှင့်ထည့်ထားသော စပါးအရက်တစ်ပုံးလည်း ပြောင်တလင်းခါသွားသည်။ ဒါက သူတို့ရဲ့ဓလေ့ထုံးစံ။

ယခုစစ်ဆင်ရေးအပတ်မှာ ဗျူဟာအရံတပ်ရင်းမို့ တပ်အတွက် အဝင်အလုပ်အရှုပ်က များပြီး အထိအခိုက် အကျအဆုံးကလည်း အပ်ပြီး မနည်းလှ၊ ကျွန်တော့်တပ်ခွဲမှာပင်လျှင် ဒုတပ်ခွဲမှူး မိုင်းထိသွားခြင်း စသည်



www.burmeseclassic.com

www.burmeseclassic.com



လေးငါးဦးကျဆုံးခဲ့ပြီးပြီ၊ ရာသီဥတုကလည်း မိုးတွင်းကာလမို့ အဖျားအနာကလည်း များလှသည်။ ဒါတွေကို ခုခံကာကွယ်ဖို့တော့ စပါးကိုပဲလွယ်လွယ်ကူကူအားထားကြသည်။ ကျွန်တော်ကိုယ်တိုင်လည်း စပါးကိုပဲ အားထားပါသည်။

တိုက်ပွဲများက မကြာခဏဖြစ်နေတတ်ပြီး အထိအခိုက်အရှုအနာများ၍ စစ်ဆင်ရေးပင်ပန်းနေရသည့်ကြားတွင် ရှေ့တန်းသို့ ရဟတ်ယာဉ်ဖြင့် တပ်ကပို့ပေးသည့် သတင်းစာမှာခင်မတစ်ယောက် ကျွန်တော်တို့မြို့က ဒေါက်တာခင်မောင်ဦးနဲ့ စေ့စပ်တဲ့သတင်းပါလာခြင်းက ကျွန်တော့်အား စပါးကိုပိုပြီး အားထားစေပြန်ပါသည်။

တကယ်တော့ ခင်မဆိုတာက

လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်ကျော် ကာလက

ဆယ်တန်းနှစ်ကြိမ်ဖြေပြီးချိန်တွင် အမေ့ကို ဒုက္ခမပေးလိုတော့၍လည်းကောင်း၊ အဖေ့အမွေကို ဆက်ခံရန်အတွက်လည်းကောင်း၊ ကျွန်တော် စစ်တပ်ထဲ ခြေစုံပစ်ပြီးဝင်ခဲ့ပါသည်။ ကျွန်တော်စစ်ထဲဝင်တော့ မျက်ရည်ကျသူ နှစ်ဦးရှိခဲ့သည်။

ခင်မနဲ့အမေ။

အိမ်ကမထွက်မီ တစ်ရက်အလို ည။

မြန်မာနိုင်ငံအထက်ပိုင်းရှိ စစ်ကိုင်းမြို့၏တစ်ခုသော နွေညတစ်ည၊

ချိန်းတဲ့ညမှ ရွှေလက ထိန်ထိန်သာနေသည်။ ရောဝတီမြစ်ပြင်ဆီမှ နွေရဲ့လေပြေကလေးက အသာအယာတိုးဝှေ့တိုက်ခတ်လာနေ၏။ မြို့အနောက်ဘက် နန္ဒဝန်ရပ်ကွက်က မြိုင်သာယာခြံအတွင်းရှိ ပိတောက်ပင်ကြီးအောက်က ခုံတန်းကလေးပေါ်မှာတော့ ခင်မနဲ့ ကျွန်တော်။

"အစ်ကို မနက်ကျ စစ်ထဲတကယ်လိုက်တော့မှာပေါ့နော်"





"အင်းလေ၊ အဲဒါကြောင့် ဒီညခင်မနဲ့ တွေ့တာပေါ့၊ မနက်ဆို ...လေးငွေနဲ့ ဒေါ်လေးမြိုင်သိသွားမှာစိုးလို့"

"အဖေနဲ့အမေက မသိပါဘူး၊ ဘာလို့ ခင်မနဲ့ခွဲပြီး စစ်ထဲဝင်ချင် ...တာလဲ အစ်ကိုရယ်၊ ခုတိုင်းနေလည်း ရရဲ့သားနဲ့"

"ခုတိုင်းနေလို့တော့ မရဘူးလေ၊ ကိုယ့်လို ဆယ်တန်းမအောင် ...သေးတဲ့ မုဆိုးမသားတစ်ယောက်အတွက် ကျောင်းလည်း ဆက်တက်နိုင် ...တော့တာမှ မဟုတ်ဘဲ၊ ဒီမှာနေလို့ဘာထူးလဲ၊ အမေ့လုပ်စာလေးနဲ့ ကျောင်း ...တက်နေရတာလည်း ကိုယ်ရှက်တယ်၊ အမေ့လိုလည်း ဈေးရောင်းတာ ...သနာမပါဘူး၊ ဝယ်သူကို လိမ်ညာပြောရတဲ့ အလုပ်မျိုးလည်း ကိုယ်မလုပ် ...င်ဘူး၊ ပြီးတော့ ခင်မကို ကိုယ်သိပ်ချစ်တယ်၊ ဂုဏ်ရှိရှိနဲ့ လက်ထပ်ယူ ...င်တယ်၊ ဒါ့ကြောင့် ကိုယ့်အဖေလိုပဲ သေမြေကြီး၊ ရှင်ရွှေထီး စစ်ထဲပဲဝင် ...ယ်၊ အဖေတုန်းကလည်း မိသားစုတစ်ခုလုံးထဲက သူတစ်ယောက်တည်းပဲ ...စ်ထဲဝင်ခဲ့တာ"

"အစ်ကိုသွားရင်တော့ ခင်မလွမ်းပြီး ကျန်ရစ်ခဲ့မှာ"

"အင်းပါ သိပါတယ်၊ ဒါပေမယ့် လူဆိုတာစွန့်မှစားရမှာ၊ ခင်မ ...ဲ ဂုဏ်သိက္ခာရှိရှိလူကြီးတွေဆီ လာတောင်းနိုင်တဲ့နေ့အထိ ကိုယ်စွန့်စား ...ယ်။ လူတစ်လုံးသူတစ်လုံးနဲ့ထားနိုင်အောင် ကိုယ်ကြိုးစားမယ်"

"ခင်မကတော့ အစ်ကို့ကိုချစ်တာပဲ"

"ခင်မက ငယ်သေးတော့ ချစ်တာပဲ သိမှာပေါ့၊ ချစ်တာတစ်ခုထဲ ...တော့ မပြီးသေးဘူးလေ၊ လူ့ဘဝမှာ ဂုဏ်တို့ဘာတို့ကလည်း လိုသေး ...ယ်၊ ခင်မတို့က ချမ်းသာတယ်၊ အစ်ကိုတို့က ဆင်းရဲတာပဲ၊ ခင်မတို့ ...ဏ်သိက္ခာနဲ့လိုက်လျောညီထွေတဲ့ အဆင့်ရှိအောင် အစ်ကိုကြိုးစားမှ ...င်မကို ချစ်ရာရောက်မှာ၊ ဒါကြောင့် အစ်ကိုသွားတော့မလို့"

"အစ်ကိုရယ်၊ ဒီမှာနေပြီး အရောင်းအဝယ်လုပ်လည်း ရရဲ့သားနဲ့"

"ဩော်၊ ကိုယ်ပြောပြီးပါပကော၊ အရောင်းအဝယ်ဆိုတာကို ...သနာမပါဘူးလို့၊ ဝါသနာမပါတာလုပ်လို့ကတော့ ဘယ်ကြီးပွားပါ့မလဲ၊ ...ကျောင်းတက်ရင်း အစ်ကို့ကို စောင့်နေပါ ညီမလေးရယ်၊ အစ်ကိုတပ်ထဲမှာ ...င့်တောင့်တင့်တယ်ဖြစ်ရင်ညီမလေးကို လာခေါ်ပါ့မယ်"

"ဘယ်လိုမှပြောမရရင်တော့ သွားပေါ့အစ်ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မက ကျွန်တော့်မျက်နှာကို ပိတောက်ရိပ်ကြားမှ တိုးဝင်လာသည့် လရောင်ပြိုးပြိုးပြက်ပြက်ကြားမှ ရီဝေစွာဖြင့် ကြည့်သည်။ မျက်ရည်များက သနပ်ခါးကွက်ကြားလူးထားသည့် သူမပါးပေါ်မှ လိမ့်ဆင်းလာကြ၍ ခင်မပါးသနပ်ခါးပြယ်ရော့မည်။

"မငိုပါနဲ့ ညီမလေးရယ်"

ကျွန်တော်က ခင်မမျက်ရည်များအား ယုယစွာ သုတ်ပေးရင်း နှုတ်ခမ်းပြင်အား ညင်သာစွာနမ်းလိုက်မိ၏။ သနပ်ခါးနဲ့ရောနေတဲ့ ပိတောက်ပန်းနံ့နဲ့ ခင်မရဲ့ကိုယ်နံ့ သင်းပျံ့ပျံ့လေးအား အခုတိုင် အမှတ်ရနေဆဲ။

"မငယ်ရေ"

ခင်မညီမ ခင်ပြုံးရဲ့အသံစာစာလေး။

"ဟော အစ်ကို၊ အပြုံးခေါ်နေပြီ"

"ကဲ သွားပေတော့ညီမရေ"

ကျွန်တော်က ဆုတ်ထားမိသော သူမလက်ကလေးအား ဖြေလွှတ်ရင်း တိုးညှင်းစွာနဲ့ ညအမှောင်ရိပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားပေ၏။

ထိုစဉ်က ခင်မက ရွှေရင်သိမ်းသစ်ဆယ့်ငါးနှစ်အရွယ်၊ ကျွန်တော်က အသက်နှစ်ဆယ်။

နောက်နေ့မနက်တွင် ကျွန်တော်စစ်ကိုင်းမှ မန္တလေးသို့ ထွက်ခဲ့၏။

မန္တလေးမသွားမီအမေ့ကို ကျွန်တော်ကန်တော့တော့ အမေက မျက်ရည်စတွေနဲ့။

"သားရယ်၊ ဒီမှာနေပြီး အမေနဲ့ဒိုးတူဘောင်ဘက် လုပ်စားလည်း ရပါတယ်"

"ဈေးရောင်းတာကို ကျွန်တော်ဝါသနာမပါဘူး အမေ၊ အမေလည်း သိသားနဲ့"

"မင်းဦးလေးဒွေးစက်မှာ လုပ်ရင်ရော"

"မလုပ်ချင်ပါဘူး အမေရာ၊ ဒေါ်လေးမြိုင်နဲ့က ဖြစ်မှာမဟုတ်ပါဘူး ကျွန်တော်ဒီမှာကို မနေချင်တော့ဘူး အမေ၊ ဆယ်တန်းလည်း နှစ်ခါဖြေပြီးပြီ၊ အမေ့လုပ်စာလေးနဲ့ အခုလိုနေရတာလည်း ကျွန်တော်ရှက်တယ်၊ အမေဒီလောက် ကျောင်းထားပေးတာလွန်လှပါပြီ။ အဖေ့လိုပဲ ကျွန်တော် စစ်ထဲဝင်မယ် အမေ၊ ကျွန်တော်ကလေးမဟုတ်တော့ပါဘူး၊ ကျွန်တော့်ကို သွားခွင့်ပေးပါ အမေရယ်"





"ဩော် သောင်းထွန်း၊ သောင်းထွန်း၊ မင်းလည်း မင်းအဖေလိုပါပဲလား"

အမေက တားမရမှန်းသိ၍ ကျွန်တော့်ကို လွှတ်လိုက်၏။ အတွင်းခံအင်္ကျီထဲမှ ငွေငါးရာထုတ်ပေးရှာသည်။

"ရော့ သားသုံးဖို့"

ကျွန်တော်မယူပါ။ အမေ့ကို ကန်တော့ပြီးဒီအတိုင်းပဲ စစ်သားစုဆောင်းရေးရှိရာ မန္တလေးနန်းတွင်းကို ထွက်လာခဲ့ပါသည်။

ထိုနေ့က အမေဈေးမထွက်ဖြစ်၊ မျက်ရည်ကျကျန်ရစ်၏။

မိတ္ထီလာ BATD တွင် တပ်သားသစ်အခြေခံ သင်တန်းတက်ရပါသည်။ သင်တန်းဆင်းတော့ မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမကွေ့အနီးက ခြေမြန်တပ်ရင်းတစ်ရင်းတွင် တာဝန်ကျသည်။

ကျွန်တော်တပ်ထဲဝင်ချိန်နှင့် အရှေ့မြောက်ဒေသ ဗကပများ၏ သူပုန်သောင်းကျန်းမှုများက ဟိုက်ဆိုင်နေသဖြင့် ရှေ့တန်းသို့ မကြာခဏ သွားနေရပါသည်။ စစ်မြေပြင်တွင် ရဲဝံ့စွန့်စားစွာ မကြာခဏ ဆောင်ရွက်မှုကြောင့် ၎င်း၊ ဒုတိယအကြိမ်ဆယ်တန်းဖြေခဲ့စဉ်က အမေ့သနားစိတ်ဖြင့် အိပ်မနေ စာကြိုးစားခဲ့မှုကြောင့် ဆယ်တန်းအောင်သဖြင့်၎င်း၊ စစ်သက် နှစ်တွင် ကျွန်တော်တပ်ကြပ်ရာထူးရရှိပြီး ဗိုလ်သင်တန်းဖြေဆိုအောင်မြင်ပါသည်။ မှော်ဘီရှိ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းတွင် ဗိုလ်လောင်းအဖြစ် တက်ရောက်သင်ကြားခဲ့ရပါ၏။

ကံကောင်းစွာဖြင့် အသက်နှစ်ဆယ့်ငါးနှစ်တွင် ကျွန်တော် တပ်မတော်အရာရှိ ဖြစ်လာခဲ့သည်။ ပြည်တပ်နယ်က ခြေမြန်တပ်ရင်းတစ်ရင်းတွင် တာဝန်ကျသည်။ စစ်ဆင်ရေးတစ်ပတ်လိုက်ပြီး ကျွန်တော်စစ်ကိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြန်လာခဲ့ပါသည်။

ကျွန်တော့်အဖေ ဦးသိန်းမောင်နှင့် အမေဒေါ်သိန်းရှင်တို့မှာ စစ်ကိုင်းဇာတိဖြစ်ကြ၏။ ကျွန်တော့်အဖေက လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူ တပ်မတော်ထဲသို့ ရဲဘော်ဘဝနဲ့ ဝင်ရောက်ခဲ့ပြီး လွတ်လပ်ရေးရချိန်တွင် ငယ်ရည်းစားအမေ့ကို အမေ့မိဘများထံမှ လာရောက်တောင်းရမ်းယူသွား ပါသည်။ အမေက ဥတစ်လုံး၊ တစ်ကောင်ကြွက်၊ အဖေကတော့ ညီအစ်ကို ချည်း သုံးယောက်၊ နှစ်ယောက်က စစ်အတွင်းကပင် ဆုံးသွားခဲ့ကြသည်။ အဖေက တပ်ထဲဆက်လိုက်ခဲ့သည်။

တရုတ်ဖြူများ ဆူပူသည့်ကာလတွင် ရှမ်းပြည်နယ်၊ မိုင်းဆတ် ဘက်၌ တပ်ကြပ်ကြီးရာထူးဖြင့် အဖေကျဆုံးသွားခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် ဥမမယ်၊ စာမမြောက်သုံးလေးငါးနှစ်သား။ အမေ့လိုပင် ဥတစ်လုံးတစ်ကောင်ကြွက်။

အဖေဆုံးပြီး အမေက စစ်ကိုင်းပြန်၍ ဆွေရိပ်မျိုးရိပ်မကင်းသည့် ဦးလေးဌေးနဲ့ ဒေါ်လေးမြိုင်တို့ မြိုင်သာယာခြံတွင် လာနေသည်။ ဘိုးဘွား များကလည်း ဆုံးကြပြီ၊ ဦးလေးဌေးတို့က စစ်ကိုင်းတွင် ဂျုံစက်ပိုင်ရှင် များဖြစ်ကြသည်။ ဂျုံစက်သူဌေးဆိုသော် ရပါ၏။ ဦးလေးဌေးနဲ့ဒေါ်လေးမြိုင် တို့တွင် သားမရှိ၊ သမီးချည်း သုံးယောက်ရှိသည်။ ခင်ဦး၊ ခင်မ၊ ခင်ပြုံး

ကျွန်တော်တို့စစ်ကိုင်းရောက်ချိန်တွင် အငယ်ဆုံးခင်ပြုံးက အခ လည်း အရွယ်၊ ခင်မက သုံးနှစ်သမီးခန့်၊ ယောကျ်ားလေးမရှိသော အိမ်တွင် ကျွန်တော်က ခင်မတို့နဲ့ မောင်နှမရင်းချာသဖွယ်တော့ ဖြစ်ခဲ့ပါ၏။ ခင်ဦး ကတော့ ကျွန်တော့်ထက်နှစ်နှစ်ခန့်ငယ်သည်။ ငါးနှစ်သမီးခန့်ရှိမည် အလယ်တန်းရောက်ချိန်တွင် ကျောင်းထွက်၍သူတို့အိမ်က ဂျုံစက်တွင်၎င်း ဈေးအတွင်းမှ ဂျုံပွဲရုံတွင်၎င်း တာဝန်ယူလုပ်ကိုင်သည်။ ခင်မကတော့ ဒါတွေစိတ်မဝင်စား၊ စာသာကြိုးစားသည်။

ကျွန်တော့်အမေက တပ်မတော်မှပေးသည့် အဖေ့အကျိုးခံစားခွင့် လေးကို ထုခွဲပြီး စစ်ကိုင်းဈေးထဲတွင် ဈေးရောင်း၍ ကျွန်တော့်အား လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သည်။ အဖေ့ရဲ့ မုဆိုးမသားဖြစ် ၍ ငယ်စဉ်က မျက်နှာတော့ အတော်ငယ်ခဲ့ရပါသည်။ အမေကတော့ ဖတဆိုးသားလေး ကျွန်တော့်ကို အလိုလိုက်ရှာပါ၏။ ဒါကို ဒေါ်လေးမြိုင်





ကြည့်မရ။

"ဟင်း မသိန်းရှင်သား ဟိုသွားဒီသွား လပ်ယား၊ လပ်ယားနဲ့ မျက်စိကိုနောက်တယ်၊ လက်ကြောမတင်းဘာမတင်းနဲ့" ဟုလည်းဆိုတတ်၏။

ကျွန်တော်ကလည်း ကျွန်တော်ပါပေ။

အမေ့ဈေးရောင်းဈေးဝယ်ကိစ္စကို ဝါသနာမပါ၊ မတတ်သာ၍သာ ရံဖန်ရံခါဝင်လုပ်သည်။ အားလပ်ချိန်တွင် အမေ့အလုပ်များ ကူမလုပ်ဘဲ ကိုယ်ဝါသနာပါရာ ဘော်လုံး၊ ဘော်လီဘောစသည့် အားကစားများနဲ့ အချိန်ကုန်တတ်သည်။ တစ်ဦးတည်းသောသားလေးမို့ အမေက ခွင့်လွှတ်ထားပါသည်။

ဒါကို ဦးလေးဌေးက ယောကျ်ားမို့ ဘာမှမပြောသော်လည်း ဒေါ်လေးမြိုင်ကတော့ အိမ်ကိစ္စနှင့် စီးပွားရေးကိစ္စများကို စိတ်မဝင်စားသည့် ကျွန်တော့်အား နှာခေါင်းရှုံ့သည်။

ဩော် ကျွန်တော်ဆိုတဲ့ ကျွန်တော်ကလည်း ကိုယ့်မကြည်ဖြူလှသည့် ဒေါ်လေးမြိုင်၏ သမီးခင်မကိုမှ ချစ်နေမိသူပါလား။

ပြောင်းလဲခြင်းဆိုသော စကားမှလွဲ၍ အားလုံးသည် ပြောင်းလဲနေကြ၏။

ကျွန်တော်တပ်မတော်တွင်း ဝင်ရောက်သွားသည့် ငါးနှစ်တာကာလ အတွင်း စစ်ကိုင်းမှာအရာရာကပြောင်းလဲနေကြသည်။

ခင်မက အရင်ကလို ရွှေရင်သိမ်းသစ်အရွယ် အလယ်တန်းကျောင်း သူကလေးမဟုတ်တော့၊ တက္ကသိုလ်ဝင်တန်းအောင်ပြီး ရန်ကုန်စီးပွားရေး တက္ကသိုလ်တက်နေသည့် ပီဘိတက္ကသိုလ်ကျောင်းသူကြီးဖြစ်နေပါပြီ။ အလှ တွင် အယဉ်ဆင့်၍အသွင်ကလည်း တင့်နေပါပြီ။

အငယ်မလေး ခင်ပြုံးကတော့ ဆယ်တန်းကျောင်းသူ၊ စစ်ကိုင်း အထက(၁)တွင် တက်နေဆဲ၊ ကျွန်တော်တပ်ထဲဝင်သည့်နှစ်က လေးတန်း သာရှိသေးသည်။ သူမက ငယ်ငယ်ကလိုပင် အခုအပျိုကလေးဖြစ်လာသော် လည်း နောက်တတ်ပြောင်တတ်သည့်အကျင့်က ရှိနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ခင်မတို့မိသားစုတွင်အထူးခြားဆုံးပြောင်းလဲမှုကတော့ အိမ်ထောင်ဦးစီး ဦးဘဌေးသေဆုံးသွားခဲ့ခြင်းပင်၊ ခင်မတက္ကသိုလ်ရောက်သည့်နှစ်က ဦးလေးဌေးသွေးတိုးရောဂါ၊ နှလုံးရောဂါများနှင့်ဆုံးသွားခဲ့ရာ ဂျူစက်နှင့်ပွဲရုံအား ဒေါ်လေးမြိုင်နှင့် အကြီးမကြီးခင်ဦးတို့က ဦးစီးနေကြရခြင်းပင်တည်း။

ကျွန်တော့်အတွက် ပြောင်းလဲမှုကတော့ အမေဈေးမရောင်းတော့ဘဲ စစ်ကိုင်းတောင်ရိုးက ရွှေဟင်္သာတောရတွင် 'တရားအားထုတ်ပြီးတရားရိပ်သာမှာပဲအပြီးသွားနေခြင်းပင်။ အမေကနောင်သံသရာအတွက်သာ စဉ်းစားတော့သည်။ အသက်ကလည်း ခြောက်ဆယ်ကျော်ပြီ။ အရာရှိဖြစ်ကတည်းက လစဉ်လစာငွေ၏ တစ်ဝက်ကို အမေ့ဆီကျွန်တော်ပို့ခဲ့ပါသည်။

အရာရာပြောင်းလဲနေသည့် စစ်ကိုင်းကို ကျွန်တော်ခွင့်ဖြင့်ပြန်ရောက်တော့ ရွက်ဝါတို့ သဲသဲလှုပ်ကြွေသည့် နွေကာလပင်ဖြစ်ခဲ့ပါ၏။ ရွှေဟင်္သာတောရတွင် အမေ့ကို အရင်ဝင်ကန်တော့သည်။ အမေနှင့် ဈေးဟောင်းနှောင်းဖြစ်များပြောပြီး ပါလာတဲ့အမေ့အတွက် ပစ္စည်းလေးများပေးသည်။ ပြီးတော့မှ အမေ့ဆီက ခင်မတို့ဆီထွက်လာခဲ့သည်။ အမေကတော့ ကျွန်တော်နဲ့ခင်မသံယောဇဉ်ကို သိထားခဲ့ပြီးဖြစ်၍ ဘာမှတော့ မပြော။

"သားရယ် မခင်မြိုင်နဲ့တော့အဆင်ပြေအောင် စကားပြောပါကွယ်"

ဟုသာ မှာသည်။ အမေက ဒေါ်လေးမြိုင်နဲ့စကားပြောအဆင်မပြေမှာ စိုးရိမ်ရှာ၏။

အဲဒီနေ့က နန္ဒဝန်က ခင်မတို့ရဲ့ မြိုင်သာယာခြံမှာပဲအိပ်ဖြစ်ပါသည်။

ဒေါ်လေးမြိုင်အပါအဝင် ခင်မတို့မိသားစုက ကျွန်တော့်ကို လှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါသည်။ တပ်မတော်ရဲ့မျက်နှာကြောင့်ထင့်။

မြိုင်သာယာရောက်ပြီး နောက်ရက်၊ ခင်မ၊ ခင်ပြုံးနဲ့ ကျွန်တော်တို့ သုံးယောက်မရောက်တာကြာပြီဖြစ်တဲ့ ကောင်းမှုတော်ဘုရားကြီးကို သွားရောက်ဖူးမျှော်ဖြစ်ကြသည်။ ကောင်းမှုတော်ရောက်တော့ ကျွန်တော်နဲ့ ခင်မက ဘုရားအတူကန်တော့ဖြစ်၏။ ပန်း၊ ရေ ဆီမီးအတူပူဇော်ဖြစ်၏။

"အစ်ကိုနဲ့မငယ်၊ ဘာတွေဆုတောင်းနေကြလဲဟင်"

ဘုရားမှပြန်အထွက်တွင် ခင်ပြုံးက ကျွန်တော်နဲ့ ခင်မကို ပြုံးစစနဲ့ကြည့်ပြီး မေးလိုက်သည်။

"ဘာဖြစ်လို့လဲ ဟဲ့"





"ဟင်း ဟင်း၊ ဘုရားရှိခိုးနေကြတာ ကြာလွန်းလို့လေ၊ ဒီမှာ သနပ်ခါးတုံးရွေးရင်း စောင့်နေတာ ကြာလှပြီ"

ခင်ပြုံးက စိတ်မရှည်သလိုလို၊ ခနဲ့သလိုလို အသံနဲ့။ အမှန်လည်း သနပ်ခါးတုံးဆိုင်များအနီးမှစောင့်နေခြင်းဖြစ်၏။

"ဟဲ့ ဘုရားရှိခိုးတာပဲ၊ ဘာဆုတောင်းရမှာလဲ၊ အစ်ကို့အတွက် အန္တရာယ်ကင်း၊ ဘေးရှင်းပေါ့"

"မသိပါဘူး၊ အပြုံးက ထင်နေတာ အစ်ကိုနဲ့မငယ်ဘုရားကြီးရှေ့မှာ ဒီလောက်ကြာနေတာ၊ ဟင်း ဟင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သစ္စာများဆိုနေကြသလားလို့"

"ဟဲ့ ကောင်မလေး၊ နင်မဟုတ်တရုတ်တွေမပြောနဲ့၊ ငါ့ရိုက်ဦးမယ်"

"ဩော် မဟုတ်ဘူးတဲ့လား"

ခင်ပြုံးက ရယ်ကျဲကျဲဖြင့် ပြောလိုက်ပြန်ရာ

"ဟဲ့ အပြုံး၊ နင်ဟာလေ၊ ပြောလေ ကဲလေပဲ"

ခင်မက မလုံမလဲမျက်နှာရဲရဲဖြင့် ဆိုသည်။ ကြားထဲက ကျွန်တော်အနေရခက်နေ၏။

"ကဲပါ၊ တက် မြင်းလှည်းပေါ်၊ ပြန်ကြစို့"

ကျွန်တော်က အရှက်ပြေဝင်ပြောပြီး သူတို့ညီအစ်မနှစ်ယောက်ကို မြင်းလှည်းပေါ်တက်ခိုင်းလိုက်သည်။

"ကဲ မြင်းလှည်းဆရာရေ၊ မောင်းပျာ၊ နန္ဒဝန်ကို"

ကျွန်တော်တို့ ကောင်းမှုတော်ဘုရားကြီးက ပြန်ထွက်လာတော့ ညနေငါးနာရီခွဲပြီ။ ကံတလူဘုရားဘက်ဆီမှ နေလုံးနီနီက ဆည်းဆာရောင်များကို မင်းဝံတောင်ရိုးဘက်ထိုးထား၍ မင်းဝံတောင်ရိုးအား ဆည်းဆာရိပ်အောက်ဝယ် လှပစွာ မြင်နေရပါသည်။ မိုးတစ်ပြိုက်၊ နှစ်ပြိုက်ကျထား၍ ပတ်ဝန်းကျင်တစ်ခုလုံးက စိမ်းမြစပြုနေပါပြီ။ စိမ်းမြလှပသော ရှင်းနှင့် အပြိုင် သနပ်ခါးရေကျဲ၊ တစ်ပတ်လျှိုဆံထုံးနဲ့ ပိတောက်ပွင့်လေးများပန်ထားသည့် ခင်မရဲ့ မြန်မာဆန်ဆန် အလှကလည်း ကျွန်တော့်စိတ်ကို ထိခတ်လှုပ်ရှားစေပါသည်။

သူ့ညီမက စလိုက်၍လားမသိ၊ ခင်မက စကားမပြောတော့ ကျွန်တော်ကတော့ ခင်မအား ကြည့်ပြီး မသိမသာ သက်ပြင်းချလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ဩော် ချစ်ရတဲ့ခင်မရယ်။

❦

နန္ဒဝန်ရောက်တော့ ညခုနစ်နာရီနီးပါးရှိပြီ။

“ဟော အစ်ကိုတို့ ပြန်လာပြီ အမေရေ”

အကြီးမကြီးခင်ဦးရဲ့ အသံ။

“ဟဲ့ မောင်သောင်းထွန်းတို့ တစ်ခါတည်းထမင်းစားကြ ဒေါ်လေးတို့ကတော့ စားပြီးကြပြီ”

ဒေါ်လေးမြိုင်က ဆီးပြောသည်။

“လာ အစ်ကို၊ ထမင်းစားရအောင်၊ ညနေကတည်းက ခင်မ ဝင်ချက်ထားတာ”

ထမင်းဝိုင်းက ဟင်းစုံလှပါသည်။ ကျွန်တော်ကြိုက်တတ်သည်များကို ခင်မက အလိုက်တသိချက်ထားရာသည်။ ထမင်းပွဲပြင်ပြီးသောအခါ

“စား အစ်ကို၊ ဒါက ပဲကြီးဟင်းချိုနဲ့ ဆူးပုတ်ကလေးခတ်ထားတာ၊ အစ်ကိုတို့ တပ်ထဲကတော့ ကုလားပဲဟင်းဘဲ ဖြစ်မှာပေါ့၊ ဒါကဆိတ်သားနှပ်၊ ဒါကအညာရေတ်သီးထောင်း၊ ဒါနှမ်းဖတ်ချဉ်သုပ်၊ ဒါကတို့စရာ၊ တမာရွက်အနုကလေးတွေ ပြုတ်ထားတာ၊ တပ်ထဲမှာတော့ စားချင်မှစားရမှာ၊ ဒါက မြစ်ထဲက ငါးမြင်းကို ဆီပြန်ချက်ထားတာ”

ခင်မက ပြောပြောဆိုဆိုနဲ့ ဟင်းများကို ကျွန်တော့်ပန်းကန်ထဲ ထည့်ပေးသည်။ ဘေးကခင်ပြုံးက

“ဟင်း အပြုံးထဲလည်း ထည့်ပေးပါဦး”ဝင်စလိုက်သည်။

“နင့်လက်ပါတာပဲ၊ နင့်ဟာနင် ထည့်ပေါ့”

“မငယ်က သိပ်မျက်နှာလိုက်တာပဲ”

“ဟဲ့ ဧည့်သည်ကို ဦးစားပေးရမှာပေါ့ဟဲ့”

“ကဲပါ၊ ထမင်းစားကြတာပေါ့”

ကျွန်တော်ကပဲ ဝင်ပြောရပြန်ပါသည်။ သုံးယောက်သား ထမင်းစားနေစဉ် အပြင်က ကားသံကြားရသည်။ ဧည့်ခန်းမှစကားသံများ ကြားရသည်။ စပ်စုသည့် ခင်ပြုံးက အသာနေဟု လက်ပြပြီး အပြင်ထွက်ကြည့်သည်။





ပြီးတော့

“မငယ်ရေ၊ ဦးကျော်ဦးတို့တော့”

“ဘာကိစ္စလဲ မသိဘူး”

ကျွန်တော်ကမေးလိုက်ရာ

“သူတို့စက်ကိစ္စတွေပါ အစ်ကိုရာ”

ခင်မက စကားဖြတ်လိုက်သည်။

ထမင်းကို အမြန်လက်စသတ်လိုက်သည့် ခင်ပြုံးက

“ကဲ ဧည့်ခန်းသွားပြီး ဧည့်သည်တွေကို ဧည့်ခံလိုက်ဦးမယ်၊ အစ်ကိုနဲ့မငယ်တို့ ကောင်းမှုတော်တုန်းက ပြောဖို့ကျန်တာတွေ ဆက်ပြောကြဦးနော်”

ပြောပြောဆိုဆို စပ်ဖြီးဖြီးနဲ့ ထသွားသည်။ ခင်မက သူ့ညီမကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး “ဟင်း”ဟု နှာခေါင်းရှုံ့လိုက်သည်။ ပြီးတော့

“ကြွ၊ ကြွ”

“ကြွစေချင်တာ သိပါတယ်တော်၊ အစ်ကိုရေ၊ အဲဒီဦးကျော်ဦးဆိုတဲ့လူကြီးက မငယ်နဲ့ သူ့သားကို သဘောတူနေတာ”

ခင်ပြုံးက အပြေးအလွှားပြောသွားသေးသည်။

“ကောင်မ”

“အစ်ကို ထမင်းစားကောင်းရဲ့လား၊ အစ်ကိုကြိုက်တတ်တာတွေ ရွေးချက်ထားတာ”

ခင်မက စကားလမ်းကြောင်းပြောင်းလိုက်သည်ထင်ရဲ့။

“အင်း သိပ်ကောင်းတာပဲ ခင်မရဲ့၊ အစ်ကိုတို့ တပ်ထဲကတော့ အညာထမင်းဟင်းက တစ်ခါတလေမှ ကြုံတာ၊ ကြုံခဲသားလား၊ ခရီးထွက်တော့လည်း ပြည်နယ်တွေထွက်ရတာများတော့ တိုင်းရင်းသားအစားအစာ ကြုံတာများတယ်”

“ဩော် ဒါနဲ့ အစ်ကို၊ ခွင့်ဘယ်နှစ်ရက်ရခဲ့လဲဟင်”

“ခွင့်က တစ်ပတ်ထဲရတယ်၊ တပ်ကိစ္စလေးတစ်ခုနဲ့ မိတ္ထီလာမှာက သုံးရက်ကြာခဲ့သေးတယ်”

“ဟင် ဒါဆို အစ်ကိုဟာ ရောက်ပြန်ပေါ့၊ ဒီနေ့ပဲလေးရက်ရှိနေပြီ”



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ် ခင်မရေ၊ နက်ဖြန် အမေ့ဆီသွားပြီး သဘက်ခါပြ မယ်''

''အစ်ကိုရယ်၊ အစ်ကို့ခွင့်ကလည်း ကြာကြာမနေနိုင်ပါလားနော်''

''ဒီလိုပဲပေါ့ ခင်မရယ်၊ စစ်ဆင်ရေးကလည်း အရေးကြီးလို့အနာ ကတစ်လပဲရတယ်၊ အစ်ကို ဒီလာတော့ တပ်အလုပ်တွေဒီအတိုင်းပဲထား ရတာ၊ လူကြီးတွေခိုင်းထားတဲ့ အလုပ်တွေကမပြတ်ဘူး၊ လာချင်လွန်းလို့ သာ မဖြစ်မနေလာခဲ့ရတာ၊ အမေနဲ့ခင်မကို သိပ်တွေ့ချင်လွန်းလို့လေ''

''တကယ်ကြီးပဲလား အစ်ကိုရယ်''

ခင်မက လွမ်းမောစွာ ပင့်သက်ရှိုက်ပြီး မေး၏။

''တကယ်ပါ ညီမရယ်''

ဩော် ခင်မနဲ့သွားခဲ့၊ လာခဲ့၊ နေခဲ့ရတဲ့ အပျော်ရက်ကလေးတွေ

မပြန်မီတစ်ရက် ရွှေဟသာတောရရှိ အမေ့ကို ကျွန်တော်သွား ကန်တော့ပါသည်။ ခင်မပါ လိုက်လာသည်။ ခင်ပြုံးကတော့ ကျူရှင်ဆိုပြီး ကျန်ခဲ့သည်။

''သွားကြပါ၊ တော်ကြာ မိပြုံးပါလာလို့ အနှောင့်အယှက်ဖြစ်နေပါ ဦးမယ်''

ခင်မကို စဖြစ်အောင်စလိုက်သေးသည်။

ရယ်ရပါသည်။ မယ်မင်းကြီးမ လိုက်မလာတာကိုလည်း ကျေးဇူး တင်ပါသည်။

အမေနဲ့တွေ့တော့ အတော်ကြာအောင် စကားပြောဖြစ်၏။ အမေ က ကျွန်တော်ကောင်းကောင်းမမှတ်မိခဲ့သည့် အဖေ့အကြောင်းကို ပြော သည်။

''သားအဖေသာမြင်ရင် သိပ်ပြီးဝမ်းသာရှာမှာ၊ သားအဖေက သား ကို မွေးတော့ ငါ့သားက သောကြာသား အထွန်းဖွားကွဲ၊ ထွန်းကားမယ့် သား၊ ဒါကြောင့် သောင်းထွန်းလို့မှည့်မယ်ဆိုပြီး သားနာမည်ကို သူကိုယ် တိုင်ရွေးပြီး မှည့်တာ''

''အင်း အခုသားက သူ့လိုပဲ စစ်ထဲလိုက်ပြီး စစ်သားကြီးဖြစ်နေ တာမြင်ရရင် ဂုဏ်ယူလို့ဆုံးမှာ မဟုတ်ဘူး၊ သားအဖေက သူ့စစ်တပ်ကို သိပ်သံယောဇဉ်ကြီးတာ''





အမေကပြောရင်း လွန်ခဲ့သောနှစ်ပေါင်းများစွာက အဖေမဆုံးခင် ကာလကို သတိရနေပုံပေါ်သည်။

''ကဲ စကားပြောတာလည်း ကောင်းပါတယ်။ သားနဲ့သမီးလည်း ပြန်ကြဦး၊ သမီးလည်း အားတဲ့အခါကြီးကြီးသိန်းဆီလာခဲ့ဦးနော်''

ခင်မကိုမှာရင်း ပြန်ခိုင်းသည်။ သားအကြောင်းကို နောကျေအောင် သိနေတဲ့ အမေပါပဲ။

အမေ့ကို ကန်တော့တော့

''အမေ့သား ဘုန်းကြီးလို့သက်ရှည်ပြီး သွားလေရာ ခလုတ်မထိ၊ ဆူးမငြိဘဲ တိုက်ပွဲတိုင်း အောင်ပါစေ''လို့ ဆုတွေပေးရှာပါသည်။

ဩော် အမေရယ်။

❧ ❦ ☙

အမေ့ဆီကအပြန် ပုညရှင်စေတီတော်မြတ်အား ဝင်ဖူးကြသည်။

ဘုရားအဝင်ဝတွင် ပန်းဝယ်ကြတော့ ပန်းသည်လေးများဆီက ဘုရားပါးပါး ပိတောက်ပန်းများတွေ့၍ တပွေ့တပိုက်ကြီးဝယ်ပြီး ဘုရားလှူ ဖြစ်ပါသည်။ ပန်းလိုမွှေး၍ စမ်းလိုအေးစေသားပေါ့။ ပြီးတော့လည်း ခင်မ ခေါင်းမှာ အလှဆုံးပိတောက်တစ်ခက်ကို ကျွန်တော်က တယုတယ ပန်ပေး လိုက်မိပါသည်။

''ကဲ အမှတ်တရပေါ့ ညီမလေးရယ်၊ ခြံထဲက ပိတောက်ပင်ကြီး အောက်မှာတစ်ခါ၊ ဒီတစ်ခါပါနဲ့ဆို ပိတောက်ပန်းပန်ပေးခဲ့တာ နှစ်ခါရှိပြီနော်၊ ပိတောက်တွေ ပွင့်တိုင်းပွင့်တိုင်း အစ်ကို့ကို သတိရနော်''

''အမယ်လေး အစ်ကိုရယ်၊ အမြဲတမ်းသတိရနေတာပါ၊ ပိုမနေပါနဲ့''

''ပိုရတယ် ခင်မရေ၊ ဒို့က တစ်ခါတလေမှ တွေ့ရတာ၊ တွေ့တုန်း ခဏထားမှ၊ စစ်သားမှာလည်း အသည်းနဲ့ဆိုတာသိမှာ၊ တော်ကြာ တက္ကသိုလ် ကျောင်းသူကြီးက တက္ကသိုလ်မှာ ကိုယ့်ထက်သာတဲ့သူတွေ တွေ့သွားရင် ယောကျ်ားကြီးတန်မယ့် အသည်းကွဲကျန်ရစ်ခဲ့ဦးမယ်၊ ကိုယ်က တက္ကသိုလ် ရောက်ဖူးတာမှ မဟုတ်တဲ''

''အစ်ကိုရယ်၊ ခင်မနဲ့ အစ်ကိုက ငယ်ငယ်ကတည်းက အတူနေ လာကြတာပါ၊ ခုတွေ့ခုကြိုက်တဲ့သူတွေမှ မဟုတ်တဲ၊ ဘာလဲ ခင်မသစ္စာကို ယုံဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်။ ဒါပေမယ့် လူဆိုတာပြောလို့ မရဘူး မဟုတ်လား"

"တော်ပါ အစ်ကိုရယ်၊ စိတ်ညစ်စရာတွေ မပြောနဲ့တော့"

"ကဲ မပြောနဲ့ဆို မပြောတော့ပါဘူး ခင်မရယ်၊ ဟော ဟိုမှာ ကြည့်စမ်း၊ ဟိုတောင်စောင်းက ကညင်ပင်ကြီးပေါ်မှာ အောက်ချင်းငှက် နှစ်ကောင်၊ အထီးလေးနဲ့အမလေး ယုယနေလိုက်ကြတာ"

"ဟင်း အဲဒါဘာဖြစ်လဲ"

"ဩော် ကိုယ်နဲ့ခင်မလိုပဲလို့"

"အစ်ကိုကလေ ရှာရှာဖွေဖွေပြောတတ်တယ်၊ ဟင်း ဒီစစ်သားက ပိုကိုပိုတယ်"

မမေ့နိုင်စရာနေ့များပါ။

စစ်ကိုင်းကပြန်လာပြီး သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသသို့ ခင်မ ထွက်ရပြန်ပါသည်။ ဗကပများ ဆူပူသောင်းကျန်းနေသည့်ကာလမို့ စစ်ဆင်ရေးကပင် ပင်ပန်းလှ၏။ တစ်ကြိမ်ထွက်လျှင် စစ်ဆင်ရေးကာလက လည်း ရှစ်လ၊ ကိုးလ။

ကျိုင်းတုံ၊ မိုင်းပြင်း၊ မိုင်းခတ်၊ မိုင်းယမ်း၊ မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ သံလွင်အရှေ့ခြမ်းက မိုင်းအမည်ပါသည့် ဒေသပေါင်း သွားပါသည်။ တောတောင် ရေမြေအနံ့ပါပဲ။

ဒီတပ်မှာပင် ကျွန်တော်ခုနစ်နှစ်ကြာသည်အထိ တာဝန်ထမ်းဆောင် ရသည်။ တပ်နားသည့် ကာလများတွင်တော့ ခင်မရှိရာရန်ကုန်စီးပွားရေး တက္ကသိုလ်သို့လည်းကောင်း၊ ရံဖန်ရံခါ အမေ့ကိုပါတွေ့ရင်းစစ်ကိုင်းသို့ လည်းကောင်း ကျွန်တော် ခွင့်ပြန်ဖြစ်၏။ တပ်ခွဲမှူးတာဝန်ထမ်းဆောင်ရပြီး စစ်ဆင်ရေး အလွန်အရေးကြီးသည့် အချိန်များတွင်တော့ ခွင့်မပြန်နိုင်ခဲ့ပါ။

ခင်မတစ်ယောက်တော့ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရပြီး ဂုဏ်ထူး တန်းဆက်တက်ပါသည်။ ဒီနောက် မဟာဝိဇ္ဇာတန်းပါ ဆက်တက်ဖြစ်၏။ ကျွန်တော့်ကို သူမကျောင်းပြီးသည်အထိ စောင့်ခိုင်းသည်။ ဩော် စောင့်လာ တာ ကြာပြီပဲ။ စောင့်ရဦးမည်ပေါ့။





ကျိုင်းတုံက ပြန်လာတိုင်း ခင်မအတွက် ကောင်းနိုးရာရာ ပစ္စည်း များ ဝယ်လာခဲ့သည်။ ကိုယ်တိုင်ပေးနိုင်ကကိုယ်တိုင်ပေးပြီး လူကြုံရှိသည့် အခါများတွင် လူကြုံနှင့်ပါးရပါသည်။

ရှမ်းလုံချည်၊ ယုံမွှေးအနွေးထည်နှင့် အမည်မသိသည့် ရောင်စုံအကျႌ စများ၊ တက္ကသိုလ်မှာခေတ်စားသည့် မိန်းကလေးကြိုက်အမည်မသိ အလှ ပြုပြင်သည့်ပစ္စည်းများစသည့်စသည်။

ဒါ့အပြင်လည်း စိတ်ကူးရရာ အိမ်ထောင်သုံးပစ္စည်းများကို ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော်ဝယ်ယူစုဆောင်းခဲ့ပါသည်။ ရူးတယ်လို့ ဆိုချင်သူတွေ ဆိုကြပါစေ။ အိမ်ထောင်သုံးပစ္စည်းများဝယ်ယူစုဆောင်းရင်း ကျွန်တော့်လူပျိုရိပ်သာအခန်းတွင် ပန်းကန်ခွက်ယောက်များ အပါအဝင် အိမ်သုံးပစ္စည်းများ ပြည့်လျှံနေပါသည်။ ထို့ကြောင့် လူပျိုအရာရှိများက ကျွန်တော့်အား

"ဗိုလ်ကြီးသောင်းထွန်းက ရိပ်သာနဲ့ သက်သာဆိုင်မှားနေလို့ပါ ဗျာ"

ဟု ဗိုင်းစတတ်ကြပါသည်။ တပ်ထဲမှာတော့ ဒီလိုပဲ အချင်းချင်းစ၍ ပျော်ကြရပါသည်။

ကျွန်တော်ဗိုလ်ကြီးအဆင့်တိုးမြှင့်ရရှိပြီးမကြာမီပင် ခင်မတစ်ယောက် စီးပွားရေးပညာဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ရသည်။ ဒီနောက် မန္တလေးတက္ကသိုလ် မှာ နည်းပြဆရာဝင်လုပ်သည်ဆို၏။ သူမမိသားစု၏ လက်တွေ့စီးပွားရေး ကိစ္စများကို ခင်မက စိတ်မဝင်စား၊ ပညာရေးလောကကိုသာ စိတ်ဝင်စား သည်။ ကျွန်တော့်ကိုလည်း စာပေးစာယူဖြင့် ဘွဲ့တစ်ခုခုရအောင်ယူရန် တိုက်တွန်းသည်။ ခြေလျင်တပ်များမှာ ယခုလိုတာဝန်ထမ်းဆောင်နေရချိန် တွင် ဘွဲ့ရရန် သိပ်မလွယ်လှပါ။ ခင်မတိုက်တွန်းမှုကြောင့် စာပေးစာယူနဲ့ ဝိဇ္ဇာဘွဲ့အား အပြင်မှဖြေနိုင်ရေး ကျွန်တော်ကြိုးစားကြည့်ပါသည်။ ထင် သလောက်မလွယ်လှပါ။ ပညာဆိုတာကလည်း ပါရမီပါမှပဲလေ။

ဘွဲ့တစ်ခုခုရဖို့ထက် ခင်မနဲ့ လက်ထပ်ဖို့က ကျွန်တော့်အတွက် ပိုအရေးကြီးနေ၏။ အသက်တွေကြီးလာပြီပဲ၊ ပြီးခဲ့သည့် နောက်ဆုံးအခေါက် သူမနှင့် မန္တလေးမှာအလုပ်ဝင်စကတွေ့တော့ မကြာခင်လက်ထပ်ဖို့သဘော တူခဲ့ကြပါသည်။ အမေနဲ့ ဒေါ်လေးမြိုင်ကို ကျွန်တော်တို့ဘာသာတော့ ပြော



www.burmeseclassic.com

www.burmeseclassic.com



မထားရသေးပါ။

ဒီတစ်ခေါက် စစ်ဆင်ရေးထွက်ပြီးရင်တော့ အသေအချာ စီစဉ်ရပါမည်။ အမေတို့ကို ပြောပါမည်။

❜ ❀ ❛

လက်ထပ်ဖို့စီစဉ်ပါမည်ဆိုမှ ခင်မစေ့စပ်သည့်သတင်းက သတင်းစာထဲပါလာသည်။

ဒေါက်တာခင်မောင်ဦးဆိုတာက ခင်မတို့အိမ်လာနေသည့် ဂျူစက်သူဌေးဦးကျော်ဦးရဲ့သား၊ ခင်ပြုံးပြောထား၍ ကျွန်တော်သိနေသည်။ စစ်ကိုင်းတွင် ကျွန်တော်ကျောင်းသားစာဝက ဒေါက်တာခင်မောင်ဦးက မန္တလေး။ ပွဲကုန်းကျောင်းတွင် ကျောင်းသွားတက်နေသည်ဟု ဆိုသည်။ စာတော်သည်ဟု ကြားဘူးသည်။ ကျွန်တော်ကောင်းစွာ မမြင်ဘူးပါ။ ကျွန်တော့်ထက် အသက်နည်းနည်းငယ်ပါသည်။ ခင်မအထက်က ခင်ဦးနဲ့မှ ရွယ်တူလောက်ရှိပါမည်။

ဦးကျော်ဦးတို့က စစ်ကိုင်းတွင် ဂျူစက်သူဌေး၊ နန္ဒဝန်ထဲမှာပင် ဂျူစက်တစ်လုံးရှိသည်။ မုံရွာတွင်လည်း ဂျူစက်များပိုင်သေးသည်ဟု ဆိုသည်။ တိုက်နှင့် ကားနဲ့၊ စက်ပိုင်များ၊ ပြီးတော့ ဒေါက်တာခင်မောင်ဦးကလည်း သူဌေးဦးကျော်ဦးရဲ့ တစ်ဦးတည်းသောသားဆိုပဲ။

ဒီလိုဆိုတော့လည်း ခင်မတစ်ယောက် ဒေါက်တာခင်မောင်ဦးကို သဘောကျမည်ဆိုက ကျလောက်ပါပေသည်။ ကား၊ တိုက်၊ ခြံ၊ မြေနဲ့ ဂျူစက်ကြီးများပိုင်ကာ ဒေါက်တာဘွဲ့ရထားသည့် သူဌေးသား ဆရာဝန်၊ သူနဲ့ယှဉ်က ကျွန်တော်က စစ်သား။ ကျောပိုးအိတ်ထမ်း၍ ဂျုတ်တက်နေသည့်ပုခုံးပေါ်မှာ ကံကောင်းစွာနဲ့ရထားသည့်အပွင့်ကလေးသုံးပွင့်၊ ကျွန်တော့်မှာတော့ ဒါပဲရှိပါသည်။

ဒါ့ကြောင့်လည်း ကျွန်တော်စိတ်နှလုံးခုံးခုံးချလိုက်ပါ၏။ ဘာမှလည်း မပြောလိုတော့ပါ။ ပြောလည်းမပြောချင်ပါ။ သူ့အကြောင်းနဲ့သူသာရှိပါစေတော့။ ချစ်ခြင်းဆိုတာ ခွင့်လွှတ်ခြင်းပဲ မဟုတ်ပါလား။

သို့ရာတွင် ခင်မဆီတော့ ကျွန်တော်စာရေးလိုက်မိပါသည်။ နောက်ဆုံး ရေးတဲ့စာပဲဖြစ်ပါလိမ့်မည်။





ခင်မ

ရှေ့တန်းကနေပြီး စာရေးလိုက်တယ်၊ သတင်းစာထဲက ခင်မနဲ့ ဒေါက်တာခင်မောင်ဦး စေ့စပ်တဲ့သတင်းကို ကိုယ်တွေ့ပြီးပြီ၊ ဘယ်လိုတွေဖြစ်ရတာလဲ သစ္စာရှင်မကြီးရယ်၊ မောင့်ကို မချစ်တော့ဘူးလား၊ ကမ်းကိုတို တစ်သက်လုံး ချစ်သွားမှာပါဆို၊ စစ်ကိုင်းတောင်ပေါ်မှာ ပြောခဲ့တဲ့ စကားတွေကို မေ့သွားပြီလား၊ တဲ ထားပါတော့လေ၊ နောက်ဆုံးတော့ ရွှေနဲ့ရွှေပဲ ဂဟေဆက်ကြမယ်ပေါ့၊ ကြေးနဲ့ရွှေက ဂဟေဆက်လို့ရတဲ့ ကမ္ဘာမှမဟုတ်တာ၊ ကိုယ်သိရပါပြီ ခင်မ၊ ကိုယ်တို့ယောင်ယောင် သင်ဒီ့ရတဲ့ ဦးပုညရဲ့ သဒ္ဒန်ဆင်မင်း ဝတ္ထုထဲကလို သာမန်ရက်ငယ် ခင်နဲ့တစ်ခွယ်မျိုးကို နားဝယ် လက်မခံ၊ ဒီ့ဓောန်နဲ့ ရှူသတဲ့ဘုရား ဆိုတဲ့အတိုင်း ကိုယ့်ကို ကသုတရစ်ခဲ့သားမို့ ဒီ့ဓောန်ပြီး ရှူသွားပြီထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် ခင်မမိတ်ချစ်သာတယ်ဆိုရင် လုပ်သာလုပ်ပါလေ၊ ဒေါက်တာ ခင်မောင်ဦးတို့က သူဌေးတွေပဲ တောင်ပါတယ်၊ ကိုယ်ကတော့ ကိုယ့်ဘဝနဲ့ကိုယ်ရှိပါစေတော့၊ နောက်ဆုံး ကိုယ်ပြောချင်တာကတော့ ဦးပုညရဲ့ စာထဲကအတိုင်း ရွှေသုံးရံခြယ်၊ ကြာဖိုလယ်တွင် ရယ်ကမောကာ၊ မျက်နှာငွေလ၊ ရှင်ပပနဲ့ ခင်မ ဝစ်မြောက်ပါလေတော့လို့ပါပဲ။

ပျော်ပျော်ကြည်နူးနိုင်ကြပါစေ။

သောင်းထွန်း

ဒီစာကို ရဟတ်ယာဉ်ကြုံနဲ့ပဲ ပြန်ထည့်ပေးလိုက်ပါသည်။

ခင်မကြောင့်စိတ်တွေလေခဲ့ရပါသည်။ ဒါပေမယ့် စစ်ရေးတာဝန်တော့ပျက်ကွက်၍မရ၊ စစ်သားက စစ်သားပေပဲ၊ အမြောက်သံ၊ စိန်သံ၊ ဗုံးသံတွေကြားမှာ သက်စွန့်ဆံဖျားကတော့ သွားလာရဆဲ။

ဗျူဟာအရံမို့ ကျွန်တော်တို့တပ်ရင်းတစ်ရင်းလုံး မိုင်းယောင်းသို့ မကြာခဏဝင်နားရပါသည်။ ဒီတစ်ခါ ဝမ်မိုင်၊ ကျိုင်းကုန်းထိုးဖောက်က တိုက်ပွဲပြင်းထန်လှ၏။ တစ်ပတ်ခန့်ကြာသွားသည်။ အလူးအလဲတိုက်ခဲ့ကြရသည်။ တိုက်ပွဲငယ်များကြိမ်ဖန်များစွာဖြစ်ပြီး ကော် ၈၁၅ မှရိုင်း(၃) ခန်းအား သိမ်းပိုက်နိုင်ခဲ့သည်။ ဗျူဟာမှူးကြီးက ကျေနပ်မှုရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုင်းယောင်းကို တပ်ရင်းတစ်ရင်းလုံးပြန်နားရ၏။

မိုင်းယောင်းပြန်ဝင်သည့်နေ့က ညနေစောင်းတွင် မြို့ကိုရောက်သည်။ ကျွန်တော့်တပ်ခွဲက နမ့်မယောင်းချောင်းအနောက်ဘက်ကမ်းမှာနေရသည်။ ရေမချိုးရတာ တစ်ပတ်ခန့်ရှိပြီဖြစ်၍ ရဲဘော်များက အပြေးအလွှားချောင်းထဲဆင်း ရေချိုးကြသည်။ ကျွန်တော်ကတော့ တပည့်ကျော် စိုင်းစံညွှန့်နဲ့အတူ အင်္ကျီချွတ်ပြီး ချောင်းဖျားဘက်တက်ခဲ့သည်။ ချောင်းဖျားမှာ ကျောက်တုံးကြီးများ ရှိသည်။ ကျောက်တုံးပေါ်မှ ရေထဲခုန်ချရသည်ကို ကလေးငယ်တစ်ဦးပမာ ကျွန်တော်က အလွန်သဘောကျသူ၊ ပြီးတော့ တစ်ယောက်ထဲ စိတ်လွတ်ကိုယ်လွတ် ရေကူးချင်သူ။

ချောင်းဖျားရောက်တော့ ရေထဲသို့ အသာဆင်းလိုက်သည်။ ရေလယ်ရှိ ကျောက်တုံးကြီးဆီသို့ ကူးခတ်၍အပေါ်တက်လိုက်မိသည်နှင့်

''ဟင်''

ဖြုံးခနဲ အံ့သြရပါသည်။

ကျောက်တုံးတစ်ဖက်တွင်ကား ချောမောလှပလှသည့် တိုင်းရင်းသူမိန်းမပျိုလေးတစ်ဦး၊ သူမတစ်ယောက်ထဲ ရေချိုးနေပါလား။ သူတို့ဆီက ဓလေ့အတိုင်း ဝတ်လစ်စလစ်နဲ့၊ ကျွန်တော်နဲ့ကမဝေးလှ၊ အလွန်ဆုံးကိုက်သုံးလေးဆယ်သာရှိမည် ထင်၏။

လှချင်းမဝေးလှသည်မို့ မိန်းမပျိုလေး၏ သားကောင်းမိခင်ဖြစ်မည့် ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ကို လှစ်ခနဲ ကျွန်တော် ရုတ်ခြည်းမြင်လိုက်ရပါသည်။ မျက်စိများကပြာသွားပြီး ရင်တွေကတော့ ခုန်ချင်ချင်။

မိန်းကလေးက ကျွန်တော့်ကို မမြင်မီမှာပင် ကမ်းစပ်ဆီသို့ ကျွန်တော် ခပ်မြန်မြန်ပြန်ကူးလာခဲ့မိပါသည်။

''နှစ်ဆူလဝန်း ဝိဒေကျွန်းက
ပေါ်ထွန်းသောရောင်၊ အရောင်ပေါင်းစု
စောမုဒ္ဒ၏ ဖွံ့နုပျို့ပျို့
ရွှေရင်စို့ကို နှစ်လို့ လေးမြှတ်
ရှုမိလတ်သည် ရိုးပြတ်ခြင်ဆီ
ခြင်းခြင်းတည်း''

(မုဒုလက္ခဏာပျို့)





တွင်းသင်းမင်းကြီး ဦးထွန်းညို၏ မုဒုလက္ခဏာပျို့ထဲမှ ရသေ့ကြီးခင်မှာ မိဖုရားကြီး၏ဖွံ့နုပျို့ပျို့ ရွှေရင်စို့ကို မြင်မိသဖြင့် ဈာန်လျှောရသည်မှာ ဟုတ်လောက်ပါပေသည်။

ယေမြွရသေ့ကြီးမပြောပါနှင့် စစ်သားရင့်မာကြီး ကျွန်တော်ပင်လျှင် မြေပြင်သင့်သည်ကို မြင်မိသောအခါ

တည်းခိုသည့် အိမ်ပြန်ရောက်တော့ မှောင်ပြီ၊ ဆောင်းကလည်း ဝင်ချင်နေပြီထင်ရဲ့၊ အေးလာ၏။

စိတ်ငြိမ်ပြီး နွေးထွေးသွားအောင် စပါးအရက်လေးတစ်ခွက်အား ရေမရောဘဲပက်လိုက်ပြီး ညစာစားရန် တပည့်ကျော်စိုင်းစံညွှန့်အား ပြင်ခိုင်းသည်။ စိုင်းစံညွှန့်က ကျွန်တော့်အကူရဲဘော်၊ လားရှိုး၊ တန့်ယန်းက ရှမ်းကလေးဖြစ်ပြီး လူရည်လည်သည်။ ကျွန်တော့်အတွက် လက်ကတုံးဆောင်ပေး။

ထမင်းစားတော့ အိမ်ရှင်အမေကြီးက သဘောကောင်းစွာဖြင့် သူတို့ရှမ်းဟင်း၊ ပိန်းရိုးသုတ်နှင့် အသားစင်းကော တစ်ခွက်ပေးသည်။ မီးဖိုထဲက အမေကြီးနဲ့အတူ ဟင်းခွက်ကိုင်ပြီး ထွက်လာသူကတော့ –

''ဟော အလိုလို၊ စောစောက ချောင်းထဲမှာ ကျွန်တော်တွေ့ခဲ့တဲ့ ရေသူမလေးနဲ့တူတဲ့ မိန်းကလေးပါလား''

တိုင်းရင်းသူဝတ်စုံနှင့် ခါးလယ်ရောက်အောင် ရှည်လျားသော ဆံပင်၊ ပိုင်းစက်သော မျက်ဝန်း၊ နက်မှောင်သော မျက်လုံး၊ ကော့နေသော မျက်တောင်၊ ဖြူဝင်းစိုပြေလှသော အသားအရေများ၊ အချိုးအဆက်ကျနသည့် ကိုယ်လုံးကိုယ်ထည်နှင့် ပြေပြစ်ချောမောသော သူမရုပ်သွင်ကို ကျွန်တော်ကောင်းကောင်း မှတ်မိနေပါသည်။

ဩော်၊ လာကြုံပြန်ပါပကော မိန်းကလေးရယ်။

ထိုညက ကျွန်တော်အပြင်းဖျားသည်။

မိုင်းယောင်းငှက်ဖျားက အခုလို အလွန်ပင်ပန်းသည့်အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ပြန်ပေါ်လာတတ်သည်။ မဖျားတာကြာပြီ၊ ဒီတစ်ခါတော့ ပင်ပန်း သွားပြီး ရေချိုးမှားမှားသွားသလား၊ ပန်းဖျားလား၊ လွမ်းဖျားလား၊ နေ့ဖျား လားတော့မသိ။ အဖျားကတော့ ကြီးသည်။ ၁၀၄၊ ၁၀၅ထိ တက်သည် တစ်ခါတရံ သတိများပင်လစ်သွားခဲ့သည်။ တပည့်ကျော် စိုင်းစံညွန့်ကပြု သည်။ အဖျားကကျမသွား၊ စစ်ကြောင်းဌာနချုပ်က ဆေးလက်ထောက်ကြီး ကိုယ်တိုင်လာပြီးကုပေးသည်။ ညများတွင်တော့ ကျွန်တော်သတိရ တစ်ချက် မရတစ်ချက်နဲ့ ဂယောင်ကတမ်းများ ပြောနေသည်ဆိုသည်။ ကိုယ့်ဟာ ကိုယ်တော့မသိပါ။ သိပ်ဆိုးရင်တော့ ဗျူဟာဆေးရုံတင်ဖို့ တပ်ခွဲမှ စီစဉ် ထားသည်။

အားလုံးက ဝိုင်းဝန်းပြီး ပြုစုကြသဖြင့် ကျွန်တော်လေးငါးရက်နဲ့ ပြန်ပြီးနလန်ထလာ၏။ ဝိုင်းပြီးပြုစုကြသူများတွင် အိမ်ရှင်အမေကြီးနဲ့ မိန်း ချောကလေးလည်းပါသည်။ မိန်းကလေးက အချို့ညများဆို မိုးလင်းခါနီး ထိ ကျွန်တော့်ကို စောင့်ကြည့်ပေးသည်ဟု စိုင်းစံညွန့်ပြော၍သိရပါသည်။

မိန်းကလေးက အမေမရှိတော့၊ အခုအဖေနဲ့ပဲနေသူ၊ နာမည်က နန်းထွေးခမ်း၊ အပျို၊ အသက်က နှစ်ဆယ်ဆိုပဲ။ တပည့်ကျော်စိုင်းစံညွန့်က ဒီလိုသတင်းမျိုးကို သူ့တပ်ခွဲမှူးလူပျိုကြီးသို့ မမေးဘဲပေးတတ်ပါသည်။ စိုင်းစံညွန့်ကြောင့် မိန်းကလေးအကြောင်း အတော်သိနေပါပြီ။

''သိင်္ဂါရောင်ရွှန်း၊ ရွှေပုံသွန်းသို့
လန်းလန်းလက်လက်၊ လိုက်ဖက်တင့်မော
မချောစရာ၊ ချောစရာလျှင်
ကေသာဆံလွှ၊ ထုံးနောက်စနှင့်
ချုပ်ညရီတွင်၊ ဖြုတ်ချည်းမြင်သည်
ရှင်သာရခိုင်၊ တန်ဆောင်လော။''

(ရှင်တေဇောသာ

နမ့်မယောင်းချောင်းတွင်းမှ ချုပ်ညရီတွင် ဖြုတ်ချည်းမြင်ခဲ့သည် မိန်းကလေး၏အလှက ကျွန်တော့်မျက်လုံးထဲက မထွက်၊ ပိုခက်သည်က ဒီမိန်းကလေးက ကျွန်တော့်အား အနီးကပ်ပြုစုနေခြင်းပင်။





အနာနဲ့ဆေး ကိုက်အောင်ပေးထား၍လားတော့ မသိပါ။ ကျွန်တော့် ကျန်းမာရေးအခြေအနေမှာ လျင်မြန်စွာပြန်ကောင်းခဲ့ပါသည်။ တပည့်ကျော် စိုင်းစံညွန့်ကတော့

''ဒို့တပ်ခွဲမှူးလူပျိုကြီးအခုမှ ဆေးတွေ့တယ်''

ဟု မကြားတကြားဆိုသည်။

စိုင်းစံညွန့်ပြောသည့်ဆေးက အစွမ်းထက်လှသည်မို့ ကျွန်တော့် ရောဂါမှာ လျင်မြန်စွာပင် ယူပစ်သလို ပျောက်သွားခဲ့သည်။ ကျွန်တော် နေကောင်းစ တစ်နေ့ခင်းတွင် မိန်းမလှလေးနဲ့ စကားပြောဖြစ်ကြသည်။

''ကိုယ့်ကို နေကောင်းအောင် ဝိုင်းပြီးပြုစုပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်ကွယ်''

''ရပါတယ် ဗိုလ်လုံရဲ့၊ နန်းက ဗိုလ်လုံ့ကို သနားနေတာ''

''ဘာဖြစ်လို့လဲ''

''ဗိုလ်လုံတို့ ခုလိုသွားလာနေရတာ သိပ်ပင်ပန်းတာပဲ၊ နေ ကောင်းတဲ့အခါလည်း ပြုစုမယ့်သူမရှိ ဘာမရှိနဲ့မို့ သနားတာ၊ ပြီးတော့ ဗိုလ်လုံက နန်းရဲ့ အစ်ကိုနဲ့လည်း သိပ်တူတာ''

''သြော် ဟုတ်လား၊ နန်းရဲ့အစ်ကိုက အခုဘယ်မှာလဲ''

''မနှစ်ကဆုံးသွားပြီလေ၊ ဗကပတွေနဲ့ မိုင်းယောင်းအထွက် မုန်း လိုက်နားမှာ ပစ်ကြခတ်ကြရင်းနဲ့ ကျသွားတာ၊ အစ်ကိုက ဒီက ပြည်သူ့စစ် ခေါင်းဆောင်လေ၊ နန်းတို့က မောင်နှမနှစ်ယောက်ထဲပဲရှိတာ ဗိုလ်လုံရဲ့''

လက်စသတ်တော့ အစ်ကိုပျောက်နေတဲ့ မိန်းကလေးနဲ့လာတွေ့ နေတာကိုး၊ ကျွန်တော်ကလည်း ''ဘကြီးအောင်ညာတယ်''ဇာတ်လမ်းထဲက ကလေးလို ယမင်းရုပ်ကလေးပျောက်သွားသဖြင့် လောလောလတ်လတ်ပြန် ရှာနေတဲ့သူ၊ ခင်မအတွက် အသည်းအက်ချင်ချင်ဖြစ်နေသူ၊ စပါးကို အား အားချင်နေသူ။

သြော် တောလယ်မြိုင်ခြာ၊ ဂင်္ဘာမှာမှ လာတွေ့ကြရသေးတယ် မိန်းကလေးရယ်။

မိုးနှောင်းမှသည် ဆောင်းသို့တိုင်ခဲ့ချေပြီ။

ကျွန်တော်နဲ့ နန်းတို့ရဲ့ မမြင်နိုင်တဲ့ သံယောဇဉ်နှောင်ကြိုးက



www.burmeseclassic.com

www.burmeseclassic.com



ပိုမိုနိုင်မြဲလာ၏။ မိုင်းယောင်းတွင် တပ်နားတိုင်း နန်းတို့အိမ်မှာပင် ကျွန်တော် တပ်ခွဲရုံးက အခြေပြုဖြစ်သည်။ ရပ်ကွက်လိုက်ပြုလုပ်ကြသည့် ရိုးရာပွဲများတွင် ကျွန်တော်က နန်းကို လိုက်ပို့ဖြစ်သည်။ ဈေးနေ့များတွင်လည်း မကြာခဏ နန်းအတွက် ကောင်းနိုးရာရာ အလှအပပစ္စည်းလေးများ ဝယ်ပေးမိသည်။ သူမကို ဂရုစိုက်သည့်အတွက် နန်းကလည်း အံ့ထူးဝမ်းသာလှ၏။

တပည့်ကျော်စိုင်းစံညွှန့်ကတော့ ထုံးစံအတိုင်း မကြားတကြား စသည်။

''ဗိုလ်ကြီး ဘယ်တော့ လက်ထပ်ခွင့်တင်မလဲ''တဲ့။

တစ်ရက်တွင် ကျွန်တော့် အသည်းကွဲဇာတ်လမ်းကို နန်းအား ပြောပြမိသည်။ တဆက်တည်းမှာပင် နန်းကိုချစ်နေကြောင်းပါပြောလိုက်မိသည်။ ခံစားချက်ရေချိန်က မြင့်နေချိန်ဖြစ်၍ကိုယ့်ဟာကိုယ်ပင် စိတ်မထိန်းလိုက်နိုင်တော့၊ နန်းကတော့ ကလေးငယ်ပမာ ဖြူစင်သောမျက်နှာကလေးနဲ့

''အစ်ကို့ကို သိပ်သနားတာပဲ''

ဟုသာဆိုသည်။ အင်း ချစ်ခြင်းအစသနားခြင်းကပဲ ဖြစ်ပါစေတော့ ဟုသာ ဆုတောင်းရပါတော့သည်။ ဆုတောင်းပြည့်ခဲ့ပါသည်။

မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်း ညိုသဖြင့် နန်းနဲ့ ကျွန်တော်တို့ချစ်သူများဘဝသို့ လျင်မြန်စွာရောက်ရှိသွားခဲ့ကြ၏။

ယမင်းရုပ်ပျောက်သွားခဲ့သော ကလေးအတွက် ယမင်းရုပ်အသစ် လှလှကလေးပြန်ရသွားပါပြီ၊ ကျွန်တော်ပျော်ပါသည်။ ငယ်ကချစ်၊ အနှစ်တစ်ရာ မမေ့သာဆိုသော်လည်း ခင်မကို မေ့နိုင်အောင်ကြိုးစားခဲ့၏။

ကျွန်တော်တို့ ရှေ့တန်းရောက်နေသည်မှာလည်း ရှစ်လတာနီးပါး ရှိခဲ့ပြီ၊ ရာသီကချယ်ရီတွေ လှိုင်လှိုင်ပွင့်သည့် ဆောင်းကာလနှောင်းပိုင်း ပင် စနေပြီ။

နန်းတစ်ယောက် ကျိုင်းတုံထွက်သွားသည်၊ သူမအဖေက သားအံ့ ပြီးကတည်းက မိုင်းယောင်းမှာ မနေတော့၊ အိမ်နဲ့ယာများအား သူ့ညီမလွှဲ ခဲ့ပြီး နန်းကိုပါခေါ်၍ ကျိုင်းတုံသို့အပြီးပြောင်းရွှေ့သွားသည်။ ပါလှံ့ရပ်ကွက် တွင် ခြံတစ်ခြံဝယ်ပြီးနေသည်။ ဘာမှမလုပ်တော့၊ နန်းကတော့ လယ်ယာ ကိစ္စများအတွက် မကြာခဏမိုင်းယောင်းရှိ အဒေါ်ဆီကို အဖေ့ ကိုယ်စားပြန် လာရသည်။ ယခုတစ်ခေါက်ပြန်လာရာတွင် ကျွန်တော်နဲ့တွေ့ကြခြင်း





ပင်တည်း။

ကျွန်တော်နဲ့တွေ့၍သူမမိုင်းယောင်းမှာ ပိုကြာသွားသည်၊ ကျိုင်းတုံမှာ နန်းအဖေနေမကောင်းလို့တဲ့၊ ဒါကြောင့် အခုပြန်သွားရသည်၊ မပြန်ခင် ကျွန်တော့်ကို မှာသည်။

''အစ်ကို့ကို ကျိုင်းတုံက နန်းစောင့်နေမယ်၊ အဖေနဲ့လည်းတွေ့ ရအောင် ဆက်ဆက်လာခဲ့နော်''

''ဪ လာမှာပေါ့ နန်းရယ်''

''ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း မပီဝါးတွေးရှိတုံသေး၏''

ဆိုရမည့် ဖေဖော်ဝါရီလ၊ ပြည်ထောင်စုနေ့ညတွင် မိုင်းယောင်းမှ ကျိုင်းတုံသို့ ကျွန်တော်တို့ တပ်ရင်းပြန်ရောက်လာသည်။

ဒီတစ်ခေါက် ရှေ့တန်းမှာ ကိုးလတာကြာခဲ့ပြီ၊ တစ်ရက်နားပြီး ကျွန်တော်တို့တပ်ရင်းဌာနချုပ်ရှိရာ ပြည်မြို့ကို ပြန်ကြမည်။ လောလောဆယ် တော့ ကျိုင်းတုံမြို့တောင်ဘက်တာချီလိတ်အထွက် ပန်ဟုန်း၊ နောင်နွမ်း တွင် ခေတ္တအခြေပြုသည်။ ညနေပိုင်းတွင် ကားများစဝင်သော်လည်း ကျွန်တော့်တပ်ခွဲက နောက်ဆုံးမို့ မိုးချုပ်သည်။ တပ်ခွဲနေရာချပြီး ပန်ဟုန်း၊ နောင်နွမ်းမှ နန်းတို့အိမ်ရှိရာ ပါလှံ့သို့ ယူနီဖောင်းတောင်မချွတ်ဘဲ အပြေး အလွှားသွားမိသည်၊ အိမ်က လမ်းမကြီးဘေးမှာရှိ၍ သိပ်မရှာရပါ။ ပေးထားတဲ့ လိပ်စာအတိုင်းလွယ်ကူစွာတွေ့ပါသည်။

နန်းက ကျွန်တော့်ကိုမြင်တော့ ရုတ်တရက်အံ့ဩသွားပြီး

''အလိုလို အစ်ကိုရယ်၊ ဝမ်းသာလိုက်တာ၊ ပေါ့ရေ ဒီမှာ လှရှိန်းပြောတဲ့ ဗိုလ်လုံရောက်လာပြီ''

အသက်ခြောက်ဆယ်ကျော်ခန့်ရှိ နှုတ်ခမ်းမွှေးစိမ်းစိမ်းနဲ့ ရည်မွန် ခန့်ညားသောရှမ်းအမျိုးသားကြီးက ရိုးရာမီးခိုးရောင်သက္ကလပ်ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံများဖြင့် အိမ်အတွင်းခန်းမှ ဧည့်ခန်းသို့ဝင်လာသည်။ ကျွန်တော့် ကိုမြင်တော့

''ဩ ဗိုလ်ကြီးရောက်လာပြီလား၊ ထိုင်ပါ။ ကျုပ်သမီးက ခင်ဗျားကို မျှော်နေတာကြာပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်လည်း အခုပဲ မိုင်းယောင်းက ရောက်ပါတယ်၊ ရောက်ရောက်ချင်း လာခဲ့တာပါခင်ဗျာ"

"လမ်းမှာ အေးအေးဆေးဆေးပဲလား"

"အခုပြန်တော့ အေးအေးဆေးဆေးပါပဲခင်ဗျာ၊ အသွားတုန်းကတော့ မိုင်းဖြတ်နဲ့မိုင်းယောင်းကြား တိုက်ပွဲဖြစ်ပါသေးတယ်"

"ဩ အခုအေးအေးဆေးဆေးပဲဆိုတော့ ကောင်းပါတယ်၊ ကျုပ်တို့က ခင်ဗျားအတွက် စိတ်ပူနေတာ၊ ကျုပ်သမီးကဆုံးသွားတဲ့ သူ့အစ်ကို စိုင်းလုံခမ်းကို သိပ်ချစ်တာ၊ စိုင်းလုံခမ်းနဲ့ ခင်ဗျားက တော်တော်တူတယ်၊ ခင်ဗျားကိုလည်း သိပ်ချစ်တယ်၊ အဲဒါသူက ကျုပ်ကို ပြောတယ်"

နန်းအဖေက တိုင်းရင်းသားပီပီ ရိုးသားစွာဖြင့်ဒိုးပြောချလိုက်သည်။ ကျွန်တော့်မျက်နှာပူထူသွား၏။

"ဩော် ဟုတ်ကဲ့၊ ဟုတ်ကဲ့ ခင်ဗျာ"

"ဘယ်တော့ တပ်ပြန်မလဲ"

"နက်ဖြန်တစ်ရက်နားပြီး သဘက်ခါပြန်ပါ့မယ်ခင်ဗျာ"

"ကဲ ခင်ဗျားတို့ စကားပြောကြပါ၊ ကျုပ်ကတော့ ဘာမှ ပြောစရာမရှိတော့ဘူး၊ ဖြည်းဖြည်းနော်"

နန်းအဖေက အိမ်ခန်းတွင်းပြန်ဝင်သွားသည်။

"ယောက္ခမကြီးက သိပ်သဘောကောင်းတာပဲနော်"

ကျွန်တော်က အနီးရှိနန်းကို အသာဖက်ပြီး နားနားကပ်၍ တိုးတိုးလေးပြောလိုက်သည်။ နန်းကချစ်စဖွယ်မျက်စောင်းထိုးရင်း

"ဟင်း ဘယ်သူက အစ်ကို့ကို ယူမယ်လို့ပြောလို့လဲ၊ ယောက္ခမကြီး"တဲ့။

ထိုနေ့က နန်းနဲ့စကားလက်ဆုံပြောမကုန်သဖြင့် ညဥ့်နက်မှ အခြေပြုကို ပြန်ခဲ့နိုင်ပါသည်။ နောက်တစ်နေ့အတွက် နန်းနဲ့သွားစရာ၊ လာစရာလေးတွေညှိခဲ့သည်။ တစ်ရက်တော့ အချိန်ရှိဦးမည်လေ။ အချိန်ရှိရှိက်လိုက်လုလစိုက်ရပါသည်။ တတ်နိုင်ရင်တော့ ကမ္ဘာကုန်ကျယ်သရွေ့နန်းနဲ့ သွားနေချင်ပါသည်။

မနက်လင်းချိန်တွင် တပ်ခွဲမှူးအစည်းအဝေးတက်ရ၏။ တပ်ရင်းမှူးကြီးမှာကြားသည်များအား မှတ်သားခဲ့ပြီး ပြန်ခဲ့သည်။ တပ်ခွဲကို မှာစရာ





ရှိတာ ထပ်ဆင့်မှာပြီး တပ်စုမှူးဗိုလ်ခင်မောင်လင်းနဲ့ ခဏလွှဲခဲ့သည်။ နန်းနဲ့ဒီနေ့ချိန်းထားသည်။

မြို့မကားအသင်းက ကားလေးတစ်စီးငှားပြီး ပါလှံ့ကို အပြေးမောင်းနိုင်းမိသည်။ ကျိုင်းတုံမြို့၏ မနက်ခင်းနှင်းမှုန်အောက်က တိုင်းရင်းသားဝတ်စုံနဲ့ နန်းရဲ့အလှကို ကျွန်တော်မဖော်ပြတတ်ပါပြီ။ အတိုဆုံးပြောရပါက ရှင်မဟာရဋ္ဌသာရရဲ့ စာတစ်ပုဒ်ထဲကလို

**"ဝဏ္ဏပဘာ ကလျာဖူးစသစ်**

**ပျို့မျစ်မျစ်လျှင် ကျစ်လစ်တင့်စံပယ်**

**လုမျိုးကြွယ်သား"**ဟုသာ ပြောရပါတော့မည်။

"နန်းက သိပ်လှတာပဲ"တွေ့တွေ့ချင်း ကျွန်တော်က ပြောမိသည်။

"ကဲပါ၊ ဒါတွေ နောက်မှပြော၊ ဘယ်သွားကြမလဲ"

"ဘုရားသွားမယ်လေ၊ ပြီးတော့ ရေပူစမ်းပေါ့"

"ကဲ ဒါဆိုရင်သွားစို့"

ပထမဆုံးကျိုင်းတုံမြို့လယ်က မဟာမြတ်မုနိဘုရားကြီးကို ဖူးသည်။ ဘုရားကန်တော့စဉ် နန်းက

"အစ်ကိုရေ၊ ဒီမဟာမြတ်မုနိဘုရားကြီးကို ဖူးပြီးရင် ကျိုင်းတုံကို ခဏခဏပြန်လာရသတဲ့ သိလား၊ ဒါကြောင့် အစ်ကို့ကို ဒီဘုရားကြီးအရင်ခေါ်လာတာ"

"ဟုတ်လား၊ ဒါဆိုကောင်းတာပေါ့"

"အစ်ကို ဘာဆုတောင်းလဲဟင်"

"နန်းဆိုတဲ့ ဒီကရှမ်းမလေးနဲ့ ဘဝဆက်တိုင်းပေါင်းရပါစေသားလို့ ဆုတောင်းတယ်လေ"

"လုပ်ပြီ၊ ဒီကအကောင်းပြောတာ"

"ကိုယ်ကလည်း အကောင်းပဲပြောတာပါနန်းရဲ့"

မဟာမြတ်မုနိဘုရားကြီးမှ ကြည်နူးစွာဖြင့် ထွက်ခဲ့ကြပါသည်။ ဒီနောက် ဝမ္မဒယကျောင်း၊ ဒီနောက်တော့ မြို့အနောက်မြောက်ဖက်က စွန်တောင်းဘုရားကြီးကို အသီးသီးဝင်ဖူးကြပါသည်။

စွန်တောင်းဘုရားကြီးမှာ ကျိုင်းတုံက ဂုံရှမ်းများ၏လက်ရာမို့ လှပခန့်ညားသပ္ပာယ်လှ၏။ ရွှေရောင်များကလည်း ကြည်ညိုဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်တောက်ပနေကြ၏။ စွန်တောင်းဘုရားကြီးတွင် ဆီမီးထွန်း ဘုရားကန်တော့ ပြီးတော့ နောင်တုံကန်ဘက်လှည့်ဖြစ်သည်။

ကျိုင်းတုံမြို့လယ်က နောင်တုံကန်အလှက နှင်းမကွဲတကွဲမှာ ကျွန်တော်ငယ်ငယ်က သင်ခဲ့ရသည့် ကဗျာလေးထဲကလိုပါပင်။

**''တောင်နိုးနဲ့တိမ်၊ ရောယှက်လိမ်လျက်**

**တိမ်နဲ့တောင်နိုး၊ တောင်ကို မိုး၍**

**မိုးကိုမမြင်၊ ကန်ရေပြင်တွင်**

**ငွေသွင်တိမ်ရိပ်၊ ကူးသတည်း။''** ဟုဆိုနိုင်ပါ၏။

ကန်ရေပြင်က ရေခိုးရေငွေ့များက အနောက်ဘက် လွယ်ဖီးမိုး တောင်ကြောဆီထိ ဆောင်းနှင်းမြူများနှင့် ရောယှက်ဝေ့ဝဲပျံ့လွင့်နေ၏။

မနက်စာကို ကျိုင်းတုံဈေးထဲမှာ ဝင်စားသည်။ နန်းတို့ရှိးရာ ရှမ်းခေါက်ဆွဲပါပဲ။

နေ့လည်တော့ မြို့တောင်ဘက်က ရေပူစမ်းသွားဖြစ်သည်။ ရေပူစမ်းမှာ ပြည်ထောင်စုနေ့ပွဲတော်ကာလမို့ ရေချိုးသူများနဲ့စည်ကားလှပါ၏။ ကျွန်တော်နဲ့ နန်းကတော့ ရေမချိုး၊ ပါလာသည့် ကင်မရာဖြင့် နန်းအတွက် ဓာတ်ပုံများရိုက်ပေးဖြစ်သည်။ အမှတ်တရပေါ့။

ညနေပိုင်းတွင်တော့ နန်းအား ပါလျှံပြန်ပို့ခဲ့ပါသည်။ အိမ်အဝင်တွင်တော့ နန်းက

''အစ်ကိုရေ၊ မနက်ကားတန်းမထွက်ခင် လာနှုတ်ဆက်မယ်နော်''တဲ့။ ကျွန်တော်က ကျေကျေနပ်နပ်ကြီးခေါင်းညိတ်ပြလိုက်ပါသည်။

အဲ့ဒီညက ဆောင်းအိပ်မက်များတစ်ညလုံး ကျွန်တော်မက်မဆုံး။ အိမ်မက်ထဲမှာတော့ နန်းကဘုတ်တလုတ်ကန်မှာ ရေကစားနေတဲ့ ကိန္နရီမလေး ဖြစ်နေပါသည်။

ဪ ရွှေကိန္နရီလား၊ သူဇာလား၊ မိန်းကလေးရယ်။

ကျိုင်းတုံက ယာဉ်တန်းထွက်တော့ မနက်ကိုးနာရီထိုးပြီ။ မြို့အနောက်ဘက် မဲဇလီတောတန်းလေးအောက်မှ ကားများတလိမ့်လိမ့် စထွက်ကြ၏။ ကျွန်တော့်တပ်ခွဲက နောက်ဆုံး၊ ကျွန်တော့်ကားစထွက်တော့





မဲဇလီပင်အောက်က ခရမ်းရောင်ကီမိုနို လုံချည်အထူ၊ ခရမ်းရောင်ယုံမွှေး အနွေးထည်လေးဝတ်ထားပြီး ချယ်ရီပန်းများပန်ထားသည့် နန်းက ညှိုးလျှနေသော မျက်နှာလေးဖြင့် လက်ပြနှုတ်ဆက်၏။ မနက်အစောကြီး ကတည်းက နန်းခမျာ လာစောင့်နေခဲ့ရှာသည်။

''အစ်ကိုရေ၊ စာရေးဦးနော်''

''အစ်ကိုရေ၊ မြန်မြန်ပြန်လာနော်''

''အစ်ကိုရေ၊ မျှော်နေမယ်နော်''

''ကွာ လွယ်လွယ်နော် အစ်ကို''

နန်းရဲ့ စကားသံဝဲဝဲလေးများက နားထဲက မထွက်၊ ကားဆရာက ကားကက်ဆက်ကို ဖွင့်လိုက်သည်တွင်တော့

**အနွေးထည်ခြုံကာ လွမ်းလို့ × × × သူ့ခေါင်းမှာလည်း ချယ်ရီပန်းက ဝေ × × × သိပ်လှလို့ ခက်တာလား × × × စိတ်မချတဲ့ တစ်ဖက်လူကိုများ × × × အမှာကျူး ကာသာနေ**

သီချင်းသံလေးက လွမ်းမောဖွယ်ရာ ထွက်ပေါ်လာသည်။ လွမ်းမောဖွယ်သီချင်းသံကြားမှ နောက်ဆုံးယာဉ်အုပ်စုက ထွက်ပါပြီ။

ကျွန်တော့်တပ်ခွဲပါဝင်သည့် နောက်ဆုံးယာဉ်အုပ်စု ကျိုင်းဖောင်းတံတားလွန်ပြီး ခဏကြာတော့ လွယ်ဖီးမိုးတောင်ကြောကြီးပေါ်သို့ ကားတန်းကြီးက မြွေလိမ်မြွေကောက်ပမာ တွန့်လိမ်ကွေ့ကောက်ပြီး တက်လာသည်။ ကျွန်တော်ပြန်လှည့်ကြည့်လိုက်မိ၏။

ဆောင်းနှောင်း၏နှင်းမှုန်များက ဝေ့ဝဲပြီး ကျိုင်းတုံမြို့အား လွှမ်းခြုံစိုးသိုင်းနေသည်။ ငွေနှင်းတို့ ဝိုင်းပါလေသော ကျိုင်းတုံချိုင့်ဝှမ်း အတွင်းမှ စွန်တောင်းဘုရားကြီးအား ဝိုးတဝါးဖူးတွေ့နေရသည်။ မြင်ကွင်းက တဖြည်းဖြည်းပိုဝါးလာသည်။ နှင်းတွေက ပိုပြီးကျလာ၏။ အရာအားလုံးက ပိုပြီး ဝေးသွားကြသည်။

''နေရစ်ခဲ့ပေဦးတော့ နန်းရေ''

ညက တပ်ရင်းတစ်ရင်းလုံး လေးကျွန်းဆီမီးကိုပြန်ရောက်ပါသည်။ မက်စ်နိုက် Mess Night လုပ်သည်။ စစ်သည်အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ပျော်ကြ၏။ ရှားရှားပါးပါး အပျော်ညကလေး။ ကျွန်တော်လည်း တပ်ခွဲက ရဲဘော်များနဲ့အတူ ပျော်သွား ပြီး သန်းခေါင်ကျော်မှ အိပ်ရာဝင်ဖြစ်သည်။ ဘယ်လောက်အိပ်ပျော်သွား သည်မသိ။

"ဗိုလ်ကြီး၊ ဗိုလ်ကြီး"

ရဲဘော်စိုင်းစံညွန့်အသံ၊ ကျွန်တော်က စိုင်းစံညွန့်အား ရိပ်သာမှာ ခေါ်ထားရသည်။ သူကမှ ကျွန်တော့်အထာသိသည်။ ဒီတပ်ရောက်ကတည်းက တွဲလာတာကြာပြီ။

ခုနစ်နာရီထိုးပြီ၊ လန်းဆန်းသွားအောင်ရေချိုးလိုက်သည်။ မနက်စာစား၍ ယူနီဖောင်းဝတ်ပြီး ရုံးကိုအမြန်သွားသည်။ ကျွန်တော်နေသည့် လူပျိုရိပ်သာနှင့်ရုံးကမဝေးလှပါ။ ရုံးရောက်သည်နှင့်

"တပ်ခွဲမှူး၊ တပ်ရင်းမှူးကြီးခေါ်ခိုင်းလို့"

တပ်ရေးဗိုလ်ကြီး ဗိုလ်ချစ်ဦးက ကျွန်တော့်အား လာခေါ်သည်။ မှတ်စုစာအုပ်ယူပြီး တပ်ရင်းမှူးကြီးရုံးခန်းသို့ ဝင်သတင်းပို့ရာ တပ်ရင်းမှူးကြီးကကျွန်တော့်တွေ့လျှင်တွေ့ချင်း

"ကဲ ထိုင်၊ ဗိုလ်ကြီးသောင်းထွန်းရေ မင်းတော့ တပ်ပြောင်းရတယ်ကွ၊ ဦးစီးအရာရှိတာဝန်နဲ့ လှည်းကူးကတပ်မကို ကကထူးက အမိန့်ထွက်တာ လေးငါးရက်ရှိပြီ၊ နှစ်ဆယ့်တစ်ရက်အတွင်း အပြီးပြောင်းရမှာဆိုတော့ လိုတာတွေပြင်ပေတော့၊ ဘာအခက်အခဲရှိလဲ"

ကျွန်တော်လုံးဝမမျှော်လင့်မထားသည့် အံ့အားသင့်စရာ တပ်ပြောင်းမိန့်သတင်း၊ ကျွန်တော်က နောက်တစ်ခေါက်ကျိုင်းတုံပြန်တက်ဖို့သာ စိတ်စောနေသူ

"လုပ်ငန်းအခက်အခဲတော့ မရှိပါဘူးခင်ဗျာ၊ ကိုယ်ရေးကိုယ်တာအတွက်ပါပဲ၊ ဒီက မပြောင်းခင် ကျွန်တော်ရှောင်တခင်ခွင့်လေးသွားချင်ပါတယ်"

"ဟာ ရပါတယ်၊ ဒါကတပ်နားတိုင်းပေးနေတာပဲ၊ ဘယ်သွားမှာလဲ စစ်ကိုင်းပြန်မှာပဲလား"

ကျွန်တော်စစ်ကိုင်းသားမှန်း စစ်ကိုင်းပြန်တတ်မှန်းသိ၍ တပ်ရင်းမှူးကြီးက မေးလိုက်ခြင်းဖြစ်ပါသည်။

"မဟုတ်ပါဘူးခင်ဗျာ၊ ကျိုင်းတုံကိုပါ"





"ဘယ်လို၊ ကျိုင်းတုံကို ဟုတ်လား"

တပ်ရင်းမှူးကြီးက တအံ့တသြနဲ့မေး၏။

"ဟုတ်ကဲ့"

ဟုတ်ကဲ့တစ်လုံးသာ ကျွန်တော်ပြောနိုင်ပါသည်။

တပ်ရင်းမှူးကြီးက လူကြီးပီသပြီး အလွန်စိတ်သဘောထားပြည့်ဝရုံသာမက အကင်းလည်း ပါးလှပါ၏။ ကျွန်တော့်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့

"အင်း ဗိုလ်ကြီးသောင်းထွန်းက လူပျိုကြီးဆိုတော့ ပေးရမှာပေါ့လေ"ဟု ခပ်ပြုံးပြုံးဖြင့်ပြောပြီးမှ

"ကဲ ခွင့်လွှတ်လွှတ်လပ်လပ်သွားနိုင်အောင် တပ်ခွဲကိုတော့ ဗိုလ်ခင်မောင်လင်းကိုသာ အပြီးလွှဲလိုက်တော့၊ လိုတာရှိလည်းပြော၊ ဟုတ်လား၊ နှုတ်ဆက်ပွဲလေး လုပ်ပေးမယ်၊ ခွင့်ကတော့ ခပ်မြန်မြန်သာ သွားပေတော့"

ဟုဆို၍ စကားအဆုံးသတ်လိုက်ပါသည်။

အလိုက်သိတတ်လှသည့် တပ်ရင်းမှူးကြီးအား ကျေးဇူးတင်ရပါ၏။

ချစ်သော နန်းဆီကို ကျွန်တော်ပြန်သွားပါမည်။

ရှောင်တခင်ခွင့်သွားရန်အတွက် တပ်ရင်းဌာနချုပ်ရှိရာ လေးကျွန်းဆိမ်းမှ ပြည်ဘူတာကို စောစီးစွာထွက်လာခဲ့၏။ ကျွန်တော့်အတွက် အထက်တန်းတွဲထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ပါလာသည့် ရေဒီယိုကိုဖွင့်၍ နားထောင်မိပါသည်။

ညနေပိုင်းစစ်သည်တို့လိုရာ သီချင်းကဏ္ဍမှ ဖိုးဆိုချင်ခင်မောင်ညွန့်ရဲ့ "တောင်ပေါ်မြို့သူလေး"သီချင်းက တိုက်တိုက်ဆိုင်ဆိုင်လာနေသည်။

**အသည်းနှစ်မှာ မခွဲခွာတန်း × × × ချယ်ရီပန်း ပွင့်ချိန်ယ် × × × ဆောင်းနှင်းနဲ့ အတူရယ် × × × နောက်တစ်ခါ အရောက်လာဦးလို့ × × × တောင်ပေါ်မြို့သူကလေးက မပျက်မကွက်ပါ × × × ဆက်ဆက်သာ ကိုယ့်ကို မှာနေတယ်**

နန်းကလည်း ကျွန်တော့်ကို ဒီလိုပဲ ဆက်ဆက်ပြန်လာရန်မှာခဲ့ပါသည်။ အခုသူမမှာထားသည့်ထက် စောစီးစွာ ကျွန်တော်ပြန်ရောက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



"အလိုလို အစ်ကိုရယ်" ဟု ကလေးငယ်လေးလို အထူးတလည် ဝမ်းသာအဲလဲဖြစ်မှာကို မြင်ယောင်နေမိပါသေးသည်။

နက်ဖြန်မနက် ရန်ကုန်ရောက်မည်။ ကျိုင်းတုံကို လေယာဉ်ဖြင့် ခရီးဆက်ပါမည်။ နန်းအတွက်တော့ ရန်ကုန်က ကောင်းနိုးရာရာလေးများ ဝယ်သွားပါမည်။

ရထားကြီးက ဥသြဆွဲလိုက်သည်။ ရှေ့မှာမီးစိမ်းပြနေပြီး ထွက်တော့ မည်ပေါ့။ ကဲ နေရစ်ခဲ့တော့ သရေခေတ္တရာရေ။

ကျွန်တော်အပြင်ဘက်ကို ရုတ်တရက်လှမ်းကြည့်မိ၏။ ကျွန်တော် တို့တပ်က နစ်ဆန်းကယ်ရီယာကားတစ်စီး ဖြူးခနဲထိုးဆိုက်လာသည်။

"အလို ဗိုလ်ချစ်ဦးပါလား"

"အစ်ကိုကြီးရေ အပြေးအလွှားပဲ၊ ရထားမှီအောင် မနည်းမောင်း နိုင်းလာရတယ်"

တပ်ရေးဗိုလ်ကြီး ဗိုလ်ချစ်ဦးက ခရီးရောက်မဆိုက်ပြောသည်။

"ဘာတွေများ အရေးကြီးနေသလဲ၊ တပ်ရေးဗိုလ်ကြီးလေးရယ်"

"အစ်ကိုကြီးအတွက် တပ်နယ်စာတိုက်က မှတ်ပုံတင်စာတစ်စောင် ရုံးမဆင်းခင်လေးက ရောက်လာတယ်၊ မန္တလေးစာတိုက်တံဆိပ်နဲ့၊ အရေး ကြီးတယ်ထင်လို့၊ အဲဒါကြောင့် ရထားမထွက်ခင် အစ်ကိုကြီးဆီ အပြေး အလွှားလိုက်ပေးတာလေဗျာ"

မန္တလေးက ဆိုပါလား။ မန္တလေးတက္ကသိုလ်က ခင်မဆီက စာလာ ရင် ဗိုလ်ချစ်ဦးက ကျွန်တော့်အတွက် အမြဲသိမ်းထားပေးနေကြ၊ ဗိုလ်ချစ်ဦး တော်ပါပေသည်။ တပ်ရေးဗိုလ်ကြီးပီသပါပေသည်။

"ကျေးဇူးတင်ပါတယ် ကိုယ့်ညီရာ၊ ကဲ ပေးပေး၊ အဲဒီစာ"

ကျွန်တော်က စာလှမ်းယူလိုက်သည်။

အင်း ခင်မရဲ့ ဝိုင်းစက်တဲ့လက်ရေးပါပဲ၊ သံယောဇဉ်ဖြတ်ထားတာ ကြာပြီ၊ ဘာများပါလိမ့်၊ ဖြည်းညှင်းစွာ စာအိတ်ကို ဖောက်လိုက်မိသည်။ ရထားကြီးကလည်း အသံရှည်ပေးပြီး ထွက်စပြုပြီ။

"ကဲ သွားတော့ အစ်ကိုကြီးရေ၊ အားလုံးအဆင်ပြေပါစေဗျာ"

ဗိုလ်ချစ်ဦးက ဘူတာရုံအတွင်းတွင် လက်ပြကျန်ရစ်သည်။

လေယာဉ်ပုံစာအိတ်ရှည်အတွင်းမှ စာကိုထုတ်လိုက်ပြီး ကျွန်တော်





ဖတ်လိုက်မိပါသည်။ ခင်မလက်ရေးနဲ့စာလေးပဲ၊ သတင်းစာဖြတ်ပိုင်းလေး တစ်ခုနဲ့

အစ်ကို

ရှေ့တန်းက အစ်ကိုရေးလိုက်တဲ့စာရတယ်၊ ခင်မကို သိပ်စိတ်နာနေပြီလား အစ်ကို၊ ဒေါက်တာခင်မောင်ဦးနဲ့ စေ့စပ်တဲ့သတင်းက ခင်မတို့ ကာယကံရှင်တွေ ဘာမှမသိပါဘူး အစ်ကိုရယ်၊ အမေနဲ့ ဒေါက်တာ ခင်မောင်ဦးအဖေ ဦးကျော်ဦးတို့ လူကြီးချင်းစီစဉ်ကြတာပါ၊ ပြဿနာကတော့ စီးပွားရေးကိစ္စတွေကစတာပါပဲ၊ အမေက စီးပွားရေးအဆင်မပြေ လို့ ဦးကျော်ဦးတို့ဆီက ငွေကြေးအကူ အညီယူတယ်၊ ယူတာက များနေပြီ၊ အိမ်နဲ့ခြံလည်းအပေါင်ထားရတယ်။ ဒါတွေပြန် မပေးနိုင်တော့ ဦးကျော်ဦးက သူ့သားနဲ့ခင်မကို စေ့စပ်တဲ့နည်းနဲ့ အပေးအယူ လုပ်တာပါပဲ၊ သူ့သားနဲ့ ခင်မ လက်ထပ်ရင် ဒီငွေတွေ ပေးစရာ မလိုတော့ဘူးတဲ့လေ။

ခင်မစိတ်ဆိုးလွန်းလို့ စစ်ကိုင်းကို ချက်ချင်းလိုက် သွားတယ်၊ တစ်ခါမှ အမေနဲ့စကားမများဖူးဘူး။ အခုကိစ္စတော့ အမေနဲ့ အကြီးအကျယ် ပြဿနာဖြစ်တယ်၊ ပြောလိုက်တယ်၊ အမေသိပ်သဘောတူရင် အမေ့သမီးအကြီး မဦးနဲ့ ပေးစားလိုက်လို့၊ သူတို့ငွေလည်း ခင်မလစာ ရထားတာ တွေ ဘဏ်ကထုတ်ပြီး ဆပ်လိုက်တယ်၊ ကြီးကြီးသိန်းကလည်း ဒီကိစ္စတွေ ကြားတော့ အစ်ကိုပို့ထားတဲ့ငွေတွေ အမေ့ကို ထုတ်ပေးတယ်၊ အခုတော့ ပြီးသွားပါပြီ။

စေ့စပ်ကြောင်းလမ်းတာလည်း ခင်မဖျက်လိုက်ပြီ၊ စေ့စပ် ကြောင်းလမ်းတာဖျက်သိမ်းတဲ့ အဲဒီသတင်းစာဖြတ်ပိုင်းလည်း ထည့်ပေးလိုက် ပါတယ်၊ အစ်ကိုနဲ့ ခင်မအကြောင်းလည်း အမေ့ကို ပြောလိုက်ပြီ။

အစ်ကိုရယ်၊ ခင်မက အစ်ကို့ကို သက်ဆုံးတိုင် ချစ်သွားမယ့် အစ်ကို့သစ္စာရှင်မလေးပါ၊ အခုဒီစာရရင် မန္တလေးကို အစ်ကိုဆက်ဆက်လာခဲ့ပါ၊ ခင်မ,အစ်ကိုနဲ့ ချက်ချင်းလက်ထပ်ပါမယ်၊ ဒါဆို အစ်ကိုစိတ်ဆိုးပြေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပြုပြီးတော့နော်၊ ဒီစာကို ကောင်ကိုကို ထမင်းစားချိန် ရောက်ပြီ
ထည့်လိုက်တာပါ၊ ကောင်ကိုလာနိုင်မယ့်နေ့ ဖုန်းဆက်နိုင်ရင် ဖုန်းကြိုဆက်ပေး
ပါနော်၊ ကောင်ကို့ကို မျှော်နေပါမယ်။

ကောင်ကို့ရဲ့

ခင်မ

စာဆုံးသွားပါပြီ။

ဟူးခနဲ သက်ပြင်းချမိပါသည်။ ရင်ထဲမှာလည်း မွန်းကျပ်နေပါ၏။ ဖြစ်မှဖြစ်မှလေ ခင်မရယ်၊ ကျွန်တော့်အတွက်တော့ အတွေးစများက ဝေဝါး ထွေပြားနေပါပြီ၊ ကျွန်တော်ဘာလုပ်ရပါ့မလဲ၊ စာထဲကအတိုင်းဆိုရင်တော့ ခင်မမှာ ဘာအပြစ်မှ မရှိရှာပါ၊ ကျွန်တော့်ကို သစ္စာမဲ့ခဲ့တာလည်း မဟုတ်၊ တစ်သက်လုံးသစ္စာရှိလာခဲ့တာ၊ အခုလည်း ချက်ချင်းလက်ထပ်ပါ့မယ်ဆိုပဲ မိန်းကလေးတစ်ယောက်အနေနဲ့ အရွမ်းကုန်လိုက်လျှောထားခဲ့ပါပြီ။

တစ်ဖက်ကလည်း ကလေးငယ်လေးပမာအပြစ်ကင်းစင်တဲ့ မျက်နှာလေးနဲ့ ကျွန်တော့်ကို မျှော်နေမယ့် နန်း၊ ဘာမှမသိရှာတဲ့ရိုးသားလှတဲ့ တိုင်းရင်းသူလေး၊ ကျွန်တော့်ကို ချစ်သူလိုသာမက အစ်ကိုလိုလည်း ချစ်နေရှာသူလေး၊ ကျွန်တော်နေမကောင်းစဉ်က လိုလေသေးမရှိ ပြုစုပေးခဲ့ရှာတဲ့ ကျေးဇူးရှင်မလေး၊ ကျွန်တော်ဘယ်ကိုသွားရပါ့မလဲ။

ချယ်ရီပန်းနဲ့တူတဲ့ တောင်ပေါ်သူလေး နန်းဆီကိုလား။

ပိတောက်အလှနဲ့တူတဲ့ တစ်ယောက်သော နမ ခင်မဆီကိုလား။

ကျွန်တော်မပြောနိုင်ပါပြီ။

ဆောင်းနှောင်း နှင်းကြွင်းတွေကြားမှာ မီးရထားကြီးကတော့ သူ့တာဝန်မပျက် ဆက်လက်ခုတ်မောင်းနေလျက်၊ မြစ်မင်းဧရာဝတီရဲ့ အနောက်ဘက် တန့်ကြည့်တောင်ပေါ်မှာတော့ နှင်းမြူများက ဆည်းဆာရောင်ကြား၌ ဝေ့ဝဲလျက်။

ပိတောက်နဲ့ချယ်ရီ ဘယ်ဆီသွားရမလဲဆိုတာ ကျွန်တော့်မှာ ဝေဝါး ထွေပြားပြီး တွေးရခက်၊ ရွေးရခက် ဖြစ်နေဆဲ၊ ပဟေဠိလို အဖြေညှိနေရဆဲ

ဩော် ခက်လှပါသည် ပိတောက်နဲ့ချယ်ရီရယ်။

၁၉၉၅ ခု၊ ဒီဇင်ဘာလ၊ စစ်ပြန်မဂ္ဂဇင်း

မြရတနာစာပေ




www.burmeseclassic.com

www.burmeseclassic.com

# ကိုကိုသိအောင်ပြောချင်သည်

## အခန်း(၁)

## ပြောပါရစေ ကိုကိုရေ

ကိုကို

''ဆိုရေးရှိက ဆိုအပ်လှ၏။ မဆိုမိက ဝ့ါဝန်ရှိပြီ'' လို့ မြန်မာစကားရှိတယ်နော်။ မြဒါလီက မြန်မာစာနဲ့ ဘွဲ့ရထားတာ ကိုကိုအသိပါ။ ကိုကိုက ကဗျာ၊ လင်္ကာတွေဝါသနာပါပြီး အရေးရော အပြောပါ ကျွမ်းသူဆိုတော့ မြဒါလီထက်ပိုပြီး ပြောတတ်ရေးတတ်ပါတယ်။ ကိုကိုလည်း ရန်ကုန်တက္ကသိုလ်တက်ခဲ့တုန်းက စိတ်ကြိုက်မြန်မာစာ ယူခဲ့ဘူးတယ် မဟုတ်လား။ စာရေးတတ်တဲ့ ကိုကို့စာတွေဖတ်ပြီး မြဒါလီအသည်းတွေကွဲကြေရပါတယ် ကိုကိုရယ်၊ ကိုကိုမှခံစားရတာမဟုတ်ပါဘူး၊ မြဒါလီလည်း ရှုံးမတတ်ခံစားရပါတယ်။ ကိုကိုက စာတွေရေးပြီး မြဒါလီကို ပညာရှိ နှိပ်စက်သလိုမျိုး နှိပ်စက်နေတာလား။

မြဒါလီ ကိုကိုတို့အိမ်က ထွက်သွားပြီး ကိုကိုနဲ့ တိတ်တိတ်ကလေး ဘာကြောင့် ပြန်လာတွေ့တာလဲ ဟင်၊ ကိုကို သိလား။ ကိုကိုရေးလိုက်တဲ့စာ ဖတ်မိပြီး နေလို့မရတော့ဘူး။ ကိုကိုရဲ့စာက မြဒါလီကို တကယ့်မျှော်အတတ်နဲ့ ညှို့ယူဖမ်းစားလိုက်တာလား။ ဒီစာကို ဖတ်ပြီးမနေနိုင်တော့တာနဲ့ မြဒါလီ ကိုကို့ကို ပြေးပြီးလာတွေ့မိတော့တာပါပဲ။

ကိုကိုကပြောတယ်၊ ရေးတယ်၊ ဘာတဲ့။

''ကိုယ့်ကိုအသုံးချပြီး မင်းဆန္ဒတွေပြည့်အောင် လုပ်သွားတာတော့ မဟုတ်ပါဘူးနော်''

ဆို မဟုတ်လား။

''ပြောရက်လိုက်တာ ကိုကိုရယ်''

ကိုကိုက အဲဒီလိုပြောတော့ မြဒါလီကလည်း ပြောပြချင်ပါသေးတယ် ကိုကိုရေ၊ ကိုကို နားထောင်ပါဦးနော်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

## ဇာတ်လမ်းအစက မြဒါလီ

တက္ကသိုလ်က ထွက်ပြီး အလုပ်မရှိသေးတဲ့ ဘဝမှာ

"ဒါလီ၊ သမီး မမသက်ဆီ သွားပါလား၊ သမီးအစ်မက ကလေးတုန်းက သမီးကိုထိန်းလာတာ၊ သိပ်ချစ်ရှာတာ၊ မတွေ့ကြတာလည်း ကြာပြီ၊ လူကြုံတိုင်းလည်းမှာတယ်၊ ဟိုတုန်းက သူတို့နယ်မှာဆိုတော့ ထားတော့။ အခုတော့ ရန်ကုန်ရောက်နေပြီ၊ သူ့ယောက်ျားကလည်း သိပ်သဘောကောင်းတာ၊ သူ့မှာလည်း သမီးကလေးတွေချည်းပဲ၊ သူတို့အိမ်မှာ နေရင်း အလုပ်ရှာပေါ့၊ မေမေစာကြိုရေးလိုက်ပါ့မယ်"

မေမေက အဲဒီလိုပြောတယ်လေ၊ မမသက်နဲ့က နှစ်နှစ်တစ်ခါ လောက်တွေ့ကြပါတယ်၊ ဒါပေမယ့် ကိုကို့ကိုတော့ နာမည်သာကြားဖူးပြီး ဒါလီတစ်ခါမှမတွေ့ဖူးဘူး၊ ကိုကိုက ဟိုတုန်းကနယ်မှာဆိုတော့ အိမ်မှာနေရ တယ်မရှိဘဲ တောချည်းသွားနေရတော့ ဒါလီတို့နဲ့ မတွေ့ကြဘူးပေါ့။ အခုတော့ ကိုကိုတို့ရန်ကုန်ရောက်တာ နှစ်နှစ်လောက်ရှိပြီတဲ့၊ ရာထူးကလည်း အတော်ကြီးတယ်ဆိုဘဲ၊ ဘာရာထူးလဲဆိုတာတော့ ဒါလီမသိဘူးလေ။

ဒါလီက သိပ်အလုပ်လုပ်ချင်တာ၊ မလုပ်လို့ကလည်း မရဘူး၊ ညီမလေးနှစ်ယောက်က ကျောင်းနေတုန်း မေမေ့လစာနဲ့သူတို့ အထက်တန်း ကျောင်းစားရိတ်ကနည်းတာမှမဟုတ်တာ၊ ဘယ်လောက်မှာလဲ၊ သူတို့ကို ထောက်ပံ့ချင်တယ်၊ ဒါလီတောင်ကိုယ့်ဟာကိုယ် ကျူရှင်ပြငွေရှာပြီး ဘွဲ့ရ အောင် လုပ်ခဲ့ရတာ၊ နေရတာကလည်း ဘကြီးတို့အိမ်မှာ၊ အိမ်ပိုင်လည်း ရှိတာ မဟုတ်ဘူး၊ လူလားမမြောက်ခင်ကနေပြီး ဘွဲ့ရတဲ့အထိ ဘကြီးတို့ အိမ်မှာပဲ နေခဲ့ရတာ၊ အခုလည်းပဲ နေနေရတုန်းပဲ၊ ဒီဘဝက ဘယ်တော့မှ လွတ်မလဲ မသိဘူး၊ ဘကြီးမများလည်း အသက်ကငယ်တော့တာ မဟုတ် ဘူး၊ အဖေ့ကိုယ်စား ဒါလီတို့ညီအစ်မတစ်တွေကို စောင့်ရှောက်နေရှာတာ အဖေကလည်း အားမကိုးရဘူး၊ စာပေယောင်ယောင် ဂီတယောင်ယောင်နဲ့ ယောင်ခြောက်ဆယ်၊ အဲဒါနဲ့ ဒါလီအလယ်တန်းကျောင်းသူဘဝကတည်းက အမေနဲ့ စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့တာနဲ့ အိမ်ကထွက်သွား





လိုက်တာ ဘယ်သွားနေမှန်းမသိဘူး၊ တစ်ခါတစ်ခါတော့လည်း အိမ်ပြန် လာရဲ့၊ အမေနဲ့ကတော့ စကားမပြောတော့ဘူး၊ အဖေမရှိတော့ မျက်နှာ ငယ်ရတာပေါ့ ကိုကိုရယ်၊ ဒါလီက အဖေတို့အစ်ကိုတို့ကို တအား ချစ်ချင် တာ ကိုကိုရဲ့ သိတယ်မဟုတ်လား၊ အစ်ကိုကလည်း မရှိဘူးလေ။

ညီမအရင်းအချာမရှိတဲ့ မမသက်ဟာ ဒါလီနဲ့ အသက်ဆယ်နှစ် ကျော် ကွာပါတယ်၊ ဒါလီက မမသက်အပျိုပေါက် အရွယ်လေးမှာ မွေးတာ တဲ့။ ညီမအရင်းမရှိတော့ ဝမ်းကွဲညီမဒါလီ့ကို သိပ်ချစ်တာဆိုပဲ၊ ဒါလီ သုံးလေးနှစ်အရွယ်မှာ ကိုကိုနဲ့မမသက်တွေ့ပြီး အိမ်ထောင်ပြုသွားခဲ့ကြ တယ်တဲ့၊ မမကအထက်တန်းကျောင်းသူဘဝ၊ ကိုကိုကတော့ အလုပ်ဝင်ခါစ အရာရှိငယ်လေးတဲ့၊ အမျိုးတွေကပြောကြတာပါ၊ ဒါလီလည်းမသိပါဘူး၊ မှိုကိုယ်ယောဖွဲ့မပြတ်နိုင်ရှာတဲ့ မမသက်က ကိုကို့ဆီကခွင့်ရတိုင်း ဒါလီတို့ ဆီပြန်လာပါတယ်၊ ပြန်လာတိုင်းလည်း

"ဟယ် မြဒါလီ၊ မမကိုမှတ်မိတယ်နော်၊ လာပါဦးညီမလေးရယ်"

ဒါလီ့အတွက် ပါလာတဲ့ ကစားစရာလေးတွေ၊ အဝတ်အစားလေး တွေပေးပြီး ပွေ့ဖက်နမ်းတတ် ရှုံ့တတ်တယ်၊ ဒီလို အယုအယခံရတာ သိပ်သဘောကျတာပဲ။

မမသက်နဲ့ နောက်ဆုံးတွေ့တာကတော့ ဒါလီကိုးတန်းရောက်တဲ့ နှစ်က

"မြဒါလီက ကျောင်းသူကြီးဖြစ်နေပြီပဲ၊ အခုမှ ကိုယ့်ညီမလေးက လှလာတယ်၊ မမသမီးလေးတွေလည်း အတော်ကြီးနေကြပြီ၊ အကြီးမလေး က လေးတန်းတောင်ရောက်နေပြီ၊ အငယ်နှစ်ယောက်ကတော့ တစ်ယောက် က နှစ်တန်း၊ တစ်ယောက်က ဒီနှစ်မှ ကျောင်းအပ်တာ"

"ဆယ်တန်းအောင်ရင် ဘာလုပ်မလဲ၊ အမေက ဘာပြောလဲ၊ ကြိုးစားနော်၊ မင်းအောက်မှာ ညီမလေးနှစ်ယောက်လည်း ရှိသေးတယ်၊ အမေကို ကူညီနိုင်အောင်လုပ်၊ အန်တီက မင်းတို့ညီအစ်မသုံးယောက်ကို သိပ်လူရာဝင်စေချင်တာ၊ သိပ်အခက်အခဲဖြစ်တဲ့အခါ မမသက်တို့ဆီ လာခဲ့ပေါ့ကွယ်" မမသက်က အဲ့ဒီလို ပြောသွားခဲ့တယ်။

ဒီနောက်တော့ ဒါလီတို့ အဆက်အသွယ်ပြတ်သွားကြတယ်၊ ယောက်တို့က ရှမ်းပြည်နယ်အရှေ့ပိုင်းမှာတာဝန်ကျသတဲ့၊ ကိုကိုက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဘာရာထူးမှန်းလည်း မသိဘူး၊ အစ်မနဲ့သာ ချစ်ခင်ရင်းနှီးနေတာ အခုအချိန်ထိ အစ်မယောကျ်ားကို တစ်ခါမှတွေ့ဘူးတာ မဟုတ်ဘူး၊ တွေ့ဘူးတဲ့ အမျိုးတွေပြောတာတော့ သိပ်သဘောကောင်းပြီး ကူညီတတ်တာပဲတဲ့။

ဒါလီတက္ကသိုလ်ရောက်ပြီး မကြာခင်မှာပဲ ကိုကိုတို့မိသားစု ရန်ကုန်ပြောင်းရကြောင်း သတင်းသဲ့သဲ့ကြားပါတယ်၊ သဘောသိပ်ကောင်းတယ်ဆိုတဲ့ ကိုကို့ကို တွေ့ချင်လှပါတယ်။

မမသက်ပြောတော့ ကိုကိုက လူချောတဲ့၊ အစ်မက သူ့လူမို့သူ့အမွှန်းတင်တာလားတော့မသိဘူး၊ အသားညိုညို မျက်လုံးမျက်ခုံး ကောင်းကောင်းနဲ့ ဗမာဆန်ဆန်ချောတာတဲ့၊ ပြုံးလိုက်ရင်လည်း ချစ်စရာတဲ့၊ ဒါလီကတော့ အဲဒီကတည်းက ကိုယ်အင်မတန်ချစ်တဲ့အစ်မရဲ့ ခင်ပွန်းသည်ကို အတွေးနဲ့မှန်းပြီး သဘောကျနေရသူပါ။

သိပ်လည်းမြင်ချင်တွေ့ချင်လှပါတယ် ကိုကိုရယ်။

"မောင်ရေ၊ ဒါ သက်ဝမ်းကွဲညီမလေး မြဒါလီလေ၊ မောင့်ကို သက်ခဏခဏပြောဘူးပါတယ်၊ အဲဒါ ရန်ကုန်မှာ အလုပ်လုပ်မလို့၊ သက်တို့ အိမ်မှာနေရင်း အလုပ်လုပ်မှာပေါ့ မောင်ရယ်၊ ဒါလီက မြန်မာစာနဲ့ ဘွဲ့ရလာတာ မောင်"

မမသက်ရဲ့ စကားအဆုံးမှာတော့ အလုပ်ကပြန်လာပြီး အင်မတန်နွမ်းလျတဲ့ ပုံပေါက်နေတဲ့ ကိုကိုဟာ ဒါလီ့ကို စူးစူးစိုက်စိုက် တစ်ချက်လှမ်းကြည့်ပြီးခေါင်းညိတ်ပြလိုက်တယ်။

မမပြောတဲ့အတိုင်းပါပဲ၊ ကိုကိုက တကယ်ပဲ ယောကျ်ားပီသတဲ့ရုပ်နဲ့ အသားညိုညို၊ မျက်လုံးမျက်ခုံးကောင်းကောင်း ပြည့်ပြည့်ဖြိုးဖြိုး စူးရဲတဲ့အကြည့်လည်းရှိတယ်၊ ကိုကို့အကြည့်က ဩဇာပေးပြီး ပတ်ဝန်းကျင်ကို လွှမ်းမိုးတဲ့ပုံကအပြည့်၊ ဒါကြောင့်လည်း ကိုကိုက လူကြီးဖြစ်တာထင်ပါရဲ့

မမရဲ့စကားအဆုံးမှာ ဒါလီ့ကိုလှမ်းကြည့်လိုက်တော့ အလိုလိုရင်ဖိုသွားပြီး ခေါင်းငုံ့လိုက်မိတယ်၊ ကိုကိုက အသာအယာတစ်ချက်ပြုံးပြီး တစ်လုံးထဲပဲ စကားပြောတယ်။

"အင်း" တဲ့။





မြဒါလီ ရန်ကုန်ရောက်တော့ သိပ်မနေတတ်ပါဘူး၊ ကိုကိုတို့အိမ်ကြီးက အကြီးကြီး၊ **Mansion House** လို့ခေါ်တဲ့ အင်္ဂလိပ်တွေရဲ့ အိမ်ကြီးမျိုးလေ၊ နေရာကလည်း ရန်ကုန်မှာ အကောင်းဆုံး ရပ်ကွက်လို့ ပြောကြတဲ့ ဝင်းဒါမီယာမှာ ခြံအကျယ်ကြီးနဲ့ သစ်ပင်တွေကလည်း အုပ်လို့ ဆိုင်းလို့၊ ကားကလည်း သုံးလေးစီး၊ တယ်လီဖုန်းနဲ့ ရုပ်မြင်သံကြားစက်ကလည်း သုံးလေးလုံးတောင်၊ ဒါလီ့တူမလေးတွေကလည်း ရုပ်မြင်သံကြားစက်ကိုယ်စီနဲ့လေ၊ နေတာကလည်း တစ်ယောက်တစ်ခန်းစီ။

မျိုးမျိုး၊ တိုးတိုး၊ စိုးစိုးညီအစ်မသုံးယောက်လေ၊ မျိုးမျိုးက လှိုင်တက္ကသိုလ်ပထမနှစ်ကျောင်းသူ၊ တိုးတိုးနဲ့စိုးစိုးကတော့ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက အထက်တန်းကျောင်းသူတွေလေ၊ တူအရီးသာပြောရတာပါ၊ သူတို့တစ်တွေကလည်း အပျိုပေါက်ကလေးတွေ ဆိုတော့ ဒါလီ့အတွက် ညီမလေးတွေလိုပါပဲ၊ သွက်သွက်လက်လက် ကလေးတွေမို့ တွေ့ကတည်းက ဒါလီချစ်မိပါတယ်။

ဒါလီအိမ်ကြီးကြီးမှာ မနေတတ်တဲ့အကြောင်း ပြောပါဦးမယ်၊ ဒါလီတို့အိမ်ကလေးက ပျဉ်ထောင်သစ်သားအိမ်လေး၊ ပေလေးဆယ် ပေခြောက်ဆယ် အိမ်ဝင်းကလေးထဲမှာ လျှပ်စစ်မီးနဲ့ ရုပ်မြင်သံကြားစက်လည်းမရှိဘူး၊ ရပ်ကွက်ကလည်း ခပ်ချောင်ကျကျ၊ မြို့ကလေးကလည်း တောမြို့ကလေးဆိုတော့ ငယ်တာပေါ့၊ ဒါတောင် ဒါလီတို့ အိမ်ပိုင်မဟုတ်ဘူး၊ ဘကြီးရဲ့အိမ်၊ ကိုကိုတို့အိမ်ကျတော့ အိမ်ကြီးရခိုင်မို့ အဆင်အပြင်ကလည်း အထက်တန်းကျကျမို့သုံးတဲ့ပစ္စည်းတွေကလည်း အကောင်းစားတွေချည်းပဲမို့ ဒါလီ့မှာ ရောက်ခါစက ရှိုးတို့ရှမ်းတန်းနဲ့ မနေတတ်တာလေ။

ပြီးတော့ ဒါတွေကြည့်ပြီး

"ဩော်၊ မမသက်ထား ကံသိပ်ကောင်းပါလား" လို့ မုဒိတာပွားမိပါသေးတယ် ကိုကိုရယ်။

စရောက်ပြီး အလုပ်ရှာတော့ မမသက်က ပြောတယ်။

"ဒါလီက ဟိုမှာ ကျူရှင် ပြလာတာ၊ ဒီမှာလည်း ကျူရှင်ပြပါလားဆိုတာနဲ့ ဒီရပ်ကွက်မှာ ကျူရှင်ဖွင့်ဖြစ်တယ်၊ အဆင်ပြေပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုကို။ မနက်နဲ့ ညနေကလေး လေးငါးဆယ်ယောက် ကျူရှင်ပြတာနဲ့ တစ်လ နှစ်သောင်း သုံးသောင်း ရပါတယ်။ ဒါလည်း ဒါလီတော်လို့ မဟုတ်ပါဘူး၊ ကိုကိုတို့ဘုန်းကံနဲ့ အရှိန်အဝါကြောင့်ပါ။ မနက်နဲ့ ညနေကျူရှင်ပြပြီး ကျန်တဲ့အချိန်တွေမှာတော့ ကိုကိုတို့မိသားစုနဲ့ ဝိုင်းလုပ်ဝိုင်းစားပေါ့။

ကိုကိုနဲ့ အစ်မကျေးဇူးကြောင့် ဒီလိုဝင်ငွေရတာမို့ အလုပ်အားတဲ့ အချိန်တွေမှာ ဒီကျေးဇူးတွေကို ထောက်ထားပြီး ကိုကိုတို့အိမ်မှုကိစ္စတွေ အားလုံး ဒါလီအောက်ခြေသိမ်းလုပ်ခဲ့ပါတယ်၊ ကုန်ကုန်ပြောရရင် ကိုကိုနဲ့ အစ်မအိပ်ခန်းကို မနက်တိုင်းရှင်းတာကစပြီး ဒါလီလုပ်ခဲ့ပါတယ်နော်၊ မီးဖိုချောင်မှာ ထမင်းချက်တာလည်း ဒါလီဝင်လုပ်ခဲ့တာပဲ၊ အိမ်မှာ ထမင်းချက် ဒေါ်နီနဲ့ဒေါ်ညွန့်တို့ရှိတဲ့ကြားက "ဟဲ့ ဒါလီ နေပါညီမလေးရယ်၊ ဝင်မလုပ်ပါနဲ့"လို့ မမသက်က ဆိုတာတောင် ဝင်လုပ်ခဲ့ပါတယ်။

အိပ်ရာတွေသိမ်းပေးတော့လည်း ကိုကိုကတောင်

"ဒါလီမလုပ်ပါနဲ့"လို့ တားသေးတယ် မဟုတ်လား၊ အဲဒါတင် မကပါဘူးနော်၊ ဒါလီက အစ်ကိုနဲ့အစ်မရဲ့ အဝတ်တွေတောင် လျှော်ပေးခဲ့ပါတယ်၊ တူမလေးတွေကတောင်

"တို့အန်တီလေးက သိပ်အလုပ်လုပ်တာပဲ၊ သိပ်ချစ်စရာကောင်းတာပဲ"လို့ပြောယူကြရတယ်။

သူ့ဆန်စားလို့ ရဲတာမဟုတ်ပါဘူး၊ မေတ္တာလည်း ပါပါတယ်ကိုကို

# အခန်း(၃)

## ကိုကို့အကြောင်းတစေ့တစောင်း

အိမ်ရောက်ခါစ တစ်ပတ်၊ နှစ်ပတ်မှာ ကိုကိုကဒါလီ့ကို စကားသိပ် မပြောဘူး၊ ဒါလီကလည်း ကိုကိုရဲ့ ရှူတည်တည် မျက်နှာပေးကြောင့် အရောမဝင်ရဲဘူး၊ ကိုကိုက အလုပ်ကလည်းအများသား။ မနက်ဆို အိမ်





က စောစောထပြီး မနက်စာ စား၊ အဲ ရှစ်နာရီလောက်ဆို ရုံးတန်းသွားတာပဲ၊ ညနေဆိုလည်း ညခြောက်နာရီ ခုနှစ်နာရီလောက်မှပြန်ရောက်တယ်၊ ခဏနားပြီးဝီစကီလေးတစ်ပက်နှစ်ပက်သောက်ပြီး ထမင်းစားတတ်တယ်၊ ပြီးတော့ တီဗီကြည့်ပြီး အိပ်ရာဝင်သွားတော့တာပဲ။

ရုံးပိတ်ရက်တွေမှာလည်း စနေနေ့မှာ တောသွားရတာတို့၊ လုပ်ငန်းစစ်ရတာတို့ ရှိတယ်၊ တနင်္ဂနွေကျတော့လည်း ကိုကို့မိတ်ဆွေတွေနဲ့ တနေကုန်ဂေါက်သွားရိုက်တတ်တယ်၊ ဂေါက်ရိုက်ပြီး မောလာရင် ကိုကိုက ဘယ်သူနဲ့မှ စကားသိပ်ပြောတာမဟုတ်ဘူး၊ အနားအကပ်နိုင်ဆုံးကတော့ မမသက်နဲ့ သမီးအကြီးမကြီး မျိုးမျိုးတို့ပဲ၊ မမသက်ကတော့ ရိုးရိုးအေးအေး နေတတ်တယ်၊ ထွေလီကာလီလည်း မပြောတတ်ဘူး။ မျိုးမျိုးကတော့သူက ပွဲတိုးတဲ့ပုဆိုး မျိုးမျိုးလေ၊ ရုပ်ကလေးကလည်း ဖြူဖြူချောချော၊ တက္ကသိုလ် ကျောင်းသူကလည်းဖြစ်၊ စကားကလည်း တတ်ဆိုတော့ ကိုကိုက သမီးတွေ ထဲမှာ မျိုးမျိုးမှမျိုးမျိုး၊ အလိုလိုက်ဆုံး သမီးကြီး၊ ဒါပေမယ့် မျိုးမျိုးက အိမ်မှုကိစ္စကျတော့ သိပ်စိတ်မဝင်စားဘူး၊ သူ့ကျောင်းကိစ္စတွေ၊ အသင်း အပင်းကိစ္စတွေ၊ တာဟီရတွေနဲ့ပဲ အချိန်ကုန်တယ်၊ ကားကလည်း မောင်း တတ်တော့ လှစ်ခနဲ လှစ်ခနဲနဲ့သွားတတ်လာတတ်တယ်၊ ဒါပေမယ့် ဒါလီ့ကို တော့ ရောက်ကတည်းက သွေးကစကားပြောလို့လား မသိဘူး။

"အန်တီလေး၊ အန်တီလေးနဲ့" ချစ်ရှာပါတယ်၊ ပြီးတော့လည်း ပြောသေးတယ်။

"အိမ်ကိစ္စတွေ အန်တီလေးရောက်လာတော့ ပိုဟန်ကျတယ်၊ သမီးကတော့ သိပ်ပြီးမလုပ်တတ်ဘူး အန်တီလေးရဲ့၊ ဖေဖေ့ဝေယျာဝစ္စတွေ လည်း အန်တီလေးကူလုပ်ပေးဦးနော်၊ မေမေကတော့ ခပ်ရိုးရိုးရယ်၊ သိပ်ပြီး ခေတ်မီတာမဟုတ်ဘူး"

တူမအကြီးမျိုးမျိုးနဲ့ မမသက်တို့ရဲ့ ခွင့်ပြုချက်နဲ့ ကိုကို့ဝေယျာဝစ္စ တွေပါ ဒါလီလုပ်ပေးမိပါတယ်၊ သိပ်ပြီးမငုံ့မရဲနဲ့ကိုကို့ကိစ္စတွေ စလုပ်ပေးတဲ့ နေ့က စာခြင်းတွေမှားထည့်မိတော့

"မြဒါလီရေ ကိုယ့်ရုံးကပစ္စည်းတွေဝိုင်းကူလုပ်ပေးတာ ကျေးဇူးပဲ ကွယ်၊ ဒါပေမယ့် စာခြင်းတွေမမှားစေနဲ့နော်၊ ရုံးစာတွေက အရေးကြီး တယ်"လို့ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုကို"လို့ ဒါလီက လွှတ်ခနဲပြောမိတယ်၊ ရောက်ခါစ က "ဦး"ခေါ်ရမလိုလို "အစ်ကို"ခေါ်ရမလိုလို နဲ့ ယောင်ချာချာနဲ့ဖြစ်နေရာ က အဲဒီနေ့က "ကိုကို"လို့ခေါ်လိုက်မိပါတယ်၊ ဒါလီရဲ့ ကိုကိုလို့ခေါ်တဲ့ အသံလည်း ကြားရော

"ဟေ မင်းကိုယ့်ကို ဘယ်လိုခေါ်လိုက်သလဲ"

"ရှင်"

"မင်းကိုယ့်ကိုခုနက ဘယ်လိုခေါ်လိုက်တယ်"

"ဩော် ဟုတ်ကဲ့၊ ကိုကိုပါ"

"ဟေ ကိုကို ဟုတ်လား"

ကိုကို့မျက်နှာက အလွန်အံ့သြဝမ်းသာသွားတဲ့ပုံပါပဲ၊ လူကြီးဆိုတော့ ထိန်းတော့ထိန်းပါတယ်၊ ဒါပေမယ့် ဝမ်းသာကြည်နူးတဲ့ပုံကိုတော့ မဖုံးဖိ နိုင်ပါဘူး။ ခေါ်လို့သာခေါ်လိုက်မိတာပါ။ တကယ်တော့ကိုကိုက မြဒါလီထက် ဆယ့်ငါးနှစ်ကြီးမှာပါ၊ မမသက်တောင် ဆယ်နှစ်ကျော်ကျော်လောက် ကြီးတာ။

တကယ်တော့ ကိုကိုမသိသေးတာ တစ်ခုရှိပါတယ်၊ အဲဒါကတော့ ဒါလီတို့မြို့ကလေးက အရွယ်ရောက်တဲ့ ယောကျ်ားလေးတွေအားလုံးကို နာမည်မသိရင် ကိုကိုလို့ခေါ်တဲ့ ထုံးစံရှိပါတယ်၊ ကိုကို့နာမည်က ဦးကိုကိုဦး ဒါကြောင့် ဒါလီ့အနေနဲ့ အစ်ကိုလို့လည်း ခေါ်မဖြစ်၊ ဦးလို့လည်း ခေါ်မဖြစ် ကိုဦးလို့ခေါ်ရအောင်လည်း ကိုယ့်ထက် အသက်က ဆယ့်ငါးနှစ်လောက်ကြီး နေပြန်တော့ ကြံရာမရဖြစ်နေလို့ နှုတ်က လွှတ်ခနဲ"ကိုကို"လို့ ထွက်သွား မိတာလေ။

အဲဒီနေ့က ကိုကိုရုံးကိုထွက်သွားတော့ ဒါလီမြင်လိုက်ပါတယ်၊ မြူးမြူးကြွကြွနဲ့ တကယ့်လူငယ်လေးလိုပဲ၊ အသက်ကလည်း လေးဆယ် သာသာဆိုတော့ ကိုကိုက အများကြီးပဲ နုပျိုပါသေးတယ်၊ ဆံပင်တောင် တစ်ပင်ဖြူတာ မတွေ့မိဘူး၊ ကုသိုလ်ထင်ပါရဲ့။

ဒါက ဒါလီစသိတဲ့ ဦးကိုကိုဦးလို့ခေါ်တဲ့ ကိုကို့အကြောင်းလေး



# အခန်း(၄)

## ကိုကိုနဲ့မြဒါလီ

ကိုကိုတို့ရဲ့အိမ်ကြီးကို ဒါလီရောက်တာ လေးငါးလရှိသွားပြီနော်၊ ကိုကိုနဲ့မြဒါလီတို့ဆက်ဆံရေးက ပိုပြီး ရင်းနှီးလာတယ်၊ အပေးအယူလေး တွေ ရှိလာတယ်၊ ဒီလိုရင်းနှီးကျွမ်းဝင်တာကိုလည်း မမသက်က သဘော ကျရှာတယ်၊ မမက သူ့ညီမလေးကို ကိုကိုက ပြုပြင်မှာစိုးနေတာ၊ ခုတော့ မပြုပြင်ဘဲ ရုံးက ပြန်ရောက်ရင်

"ဒါလီရေ၊ ကိုကို့ကို စာခြင်းတွေ သိမ်းပေးဦးနော်"

"ဒါလီရေ၊ ကိုကို့ဖိတ်စာကတ်ပြားတွေ **White Board** ပေါ်မှာ ရေးထားပေးဦးနော်"

"ဒါလီရေ၊ ကိုကို့ရုံးယူနီဖောင်းတွေ လဲပေးဦးနော်"

အဲဒီလို ပြောတာလေးတွေကြည့်ပြီး ကြည်နူးနေလေရဲ့။

ကိုကိုက ဒါလီ့ကို သမီးတွေနဲ့တန်းတူထားပြီး ဘာဝယ်ပေးပေး ဒါလီ့အတွက် အမြဲတမ်းတစ်ခုထည့်ပေးတယ်၊ နိုင်ငံခြားသွားရလို့ ပြန်လာ ရင်လည်း ဒါလီ့အတွက် အမှတ်တရပစ္စည်းလေးတွေပါခဲ့တာပဲ။ ဒါလီ ရောက်စနှစ်က တရုတ်ပြည်ကအပြန် **Mayble Line** နှုတ်ခမ်းနီတောင် တစ်ကတ်ကြီးများတောင် ဝယ်လာတာ၊ ဈေးကကြီးကကြီးသနဲ့၊ မမသက်နဲ့ မျိုးတို့၊ တိုးတို့၊ စိုးတို့အတွက်လည်း ပစ္စည်းတွေပါပါတယ်၊ ဒါပေမယ့် **Lip Stick** တော့မပါဘူး။

"ဒီနှုတ်ခမ်းနီက ရောင်စုံဒါလီရဲ့၊ ဈေးလည်းကြီးတယ်၊ တရုတ်က အပြန်ထိုင်းကို **Transit** ခဏအဝင်မှာ ဘန်ကောက် **Central Grand Plaza** ကုန်တိုက်ကြီးကဝယ်လာခဲ့တာ။ ဒါလီ့လို အသားလတ်လတ် အချိုး အဆက်ကျကျ **Sexual Attraction** ရှိတဲ့ နှုတ်ခမ်းလှတဲ့ မိန်းကလေး တွေနဲ့သိပ်လိုက်လို့ကိုကိုတမင်ရွေးဝယ်ခဲ့တာ"

ကိုကိုရဲ့ အဲဒီအပြောကြောင့် ဒါလီတော်တော်မျက်နှာပူတယ်၊ ရင်ထဲမှာလည်း နွေးခနဲ ဖြစ်သွားတယ်၊ ဟင်း ကိုကိုက လုပ်ပြီ၊ သမီးတွေ သိရင်ဒုက္ခပဲ၊ ထင်တဲ့အတိုင်းပဲလေ၊ အဲဒီကိစ္စကို သမီးအကြီး မျိုးမျိုးက



www.burmeseclassic.com

www.burmeseclassic.com



သိသွားတော့

"ဟင်း အဖေကြီးနော်၊ မျက်နှာမလိုက်နဲ့"တဲ့။

ဒါလီတကယ်မျက်နှာပူမိတယ် ကိုကိုရယ်၊ ကိုကိုကတော့ သူမဟုတ်သလိုဘဲ၊ ခပ်တည်တည်နဲ့။

ဒါ့ထက် ဆိုးသွားတာ တစ်ခုရှိသေးတယ်၊ မပြောချင်ဘူး၊ ဒါပေမယ့် ပြောဦးမယ်။

ကိုကို့ရဲ့ ရုံးသွားရုံးပြန်မှာ ကြိုပို့ပုံမှန် ဒါလီလုပ်နေတာ အတော်ကြာပါပြီ၊ မမသက်ကလည်း ဒါလီရောက်လာမှ ဘုရားသွားကျောင်းတက်တွေ ပိုလုပ်လာနိုင်တယ်၊ ဒါကြောင့် ကိုကို့မှာသာမကဘူး၊ တစ်အိမ်လုံး ပိုအဆင်ပြေသွားတယ်လို့ အားလုံးကပြောကြတယ်။ ဟိုတုန်းကပြန်လာရင် မျက်နှာကြီးညိုပြီးညိုးနေတဲ့ ကိုကိုဟာ ဒါလီရောက်လာမှ ပိုပြီး ရွှင်လန်းလာသတဲ့၊ နောက်ဖေးမီးဖိုက ဒေါ်နီတို့ဒေါ်ညွန့်တို့က ပြောကြတယ်၊ သူတို့ပြောတာ ဟုတ်မဟုတ်တော့ မသိဘူး၊ အဲဒီလိုနဲ့တစ်ရက်မှာ ကိုကိုကဒါလီ့ကိုမေးတယ်။

"ဒါလီက ရွှေဝတ်တာဝါသနာမပါဘူးလား"တဲ့။

ဘယ်လိုပြောလိုက်တာလည်း ကိုကိုရယ်၊ မိန်းကလေးပဲ၊ ရွှေကို သိပ်ဝတ်ချင်တာပေါ့၊ နေတာတောင် သူများအိမ်မှာ မှီခိုနေရတဲ့ဘဝ၊ ဘယ်က လာပြီး ရွှေဝတ်နိုင်ရမှာလဲ၊ တစ်လတစ်လရတဲ့ ကျူရှင်လခကလေးကလည်း ညီမလေးတွေဆီ ပြန်ပို့တာနဲ့ ဒါလီ့အတွက် မိန်းကလေးအသုံးအဆောင်တွေ ဝယ်ရတာနဲ့ ဘယ်လောက်မလဲ ကိုကိုရဲ့။ ရွှေကလည်း သိတယ်မဟုတ်လား၊ တစ်ကျပ်သားဆို သိန်းကျော်တောင်ပေးရတာ။

"ဝါသနာပါပါတယ် ကိုကိုရယ်၊ မဝတ်နိုင်လို့ပါ"လို့ ခပ်တိုးတိုးလေးပြောလိုက်တော့ ကိုကိုက ကြင်နာတဲ့မျက်လုံးတွေ နဲ့ ဒါလီ့ကိုကြည့်ပြီး"သြော်"လို့ တစ်လုံးထဲပဲ သြော်လိုက်တယ်။

အဲဒီနေ့ညနေစာစားပြီးချိန်ကျတော့ ကံအားလျော်စွာ ထမင်းစားပွဲမှာလူရှင်းနေတယ်။ သမီးတွေကလည်း ကျူရှင်သွားသူသွားကြပြီး မမသက်ကလည်း ဉပုသ်နေ့မို့ ဓမ္မစကြာသွားရွတ်နေတာနဲ့ တိုက်နေတယ်၊ ကိုကိုနဲ့ ဒါလီနှစ်ယောက်ထဲ၊ ဒါလီက ကိုကို့ကို ထမင်းပြင်ကျွေးနေတယ်၊ ထုံးစံအတိုင်း ကိုကိုက ဝီစကီလေးတစ်ခွက် နှစ်ခွက်သောက်တယ်။ ဒီနေ့တော့ နည်းနည်းများပိုသွားသလား မသိဘူး၊ အရှိန်လေးရလာတော့





"ဒါလီ လာပါဦး ညီမလေးရယ်၊ ရော့ ဒါလေးဝတ်ကြည့်၊ ဒါလီ့အတွက် ကိုကိုဝယ်လာခဲ့တာ"

တစ်ကျပ်သားရွှေဆွဲကြိုးလေးတစ်ကုံး၊ အသည်းပုံလော့ကတ်သီးလှလှလေးနဲ့၊ ဒါလီဝမ်းသာလှပါတယ်၊ ဒါပေမယ့် စိုးလည်း စိုးရိမ်တယ်။ ဆွဲကြိုးလေးကို အသေအချာကြည့်ပြီး ချက်ချင်းပဲသိမ်းလိုက်မိတယ်၊ မျိုးတို့တစ်တွေတွေ့ရင် ဘာပြောရမှန်း မသိသေးဘူး၊ ဝတ်ချင်တယ်၊ ဒါပေမယ့် ချက်ချင်းမဝတ်ရဲပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ဝယ်ပေးတဲ့သူကိုတော့ ကျေးဇူးတင်ရမယ်လေ။

"ကျေးဇူးတင်ပါတယ် ကိုကိုရယ်"

ဒါလီ့စကားအဆုံးမှာ ကိုကိုက ဒါလီ့လက်ကို ဖမ်းဆုတ်လိုက်တယ်၊ ကိုကို့လက်တွေက တအားနွေးလို့၊ ဒါလီ့လက်ကတော့ အေးနေမယ်ထင်ရဲ့။

"ဟယ် ဒါလီ့လက်တွေ အေးနေပါလား၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုကိုရဲ့၊ ရေခဲရေကိုင်ထားလို့ပါ"

"သြော်၊ သြော်"

သြော်ဆိုတဲ့အသံအဆုံးမှာ ကိုကိုက ဘာမပြောညာမပြောနဲ့ ဒါလီ့နဖူးကို အသာအယာထိုင်ရာကထနမ်းလိုက်ပြီး လေသံတိုးတိုးလေးနဲ့ ပြောလိုက်တယ်။

"သွားတော့"တဲ့။

ဒါလီလည်း ရင်တွေဖိုပြီး ကိုကို့မျက်နှာကိုတောင် မကြည့်ရဲဘူး၊ အယောင်ယောင်အမှားမှားနဲ့ ကိုကို့နားကထွက်လာခဲ့တယ်။

အဲဒီကတည်းက သမုဒယတွေက စပြီထင်တယ်နော် ကိုကို။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

## မမသက်ထားဆိုသည်မှာ

ဒါလီ့အစ်မ ဒေါ်ခင်သက်ထား၊ ဒါမှမဟုတ် ဒါလီ့အခေါ် မမသက်က ငယ်ငယ်ကတည်းက စိတ်သဘောထားနူးညံ့သိမ်မွေ့ပြီး ဘုရားတရား အလွန်ကြည်ညိုတယ်တဲ့၊ မေမေတို့ ပြောတာလေ။ ဒါ့အပြင် ဒါလီတို့ ညီအစ်မသုံးယောက်ထဲမှာလည်း အကြီးဆုံးဖြစ်တဲ့ ဒါလီ့ကို အချစ်ဆုံးတဲ့။ ချစ်မှာပေါ့လေ၊ သူကတစ်ဦးတည်းသောသမီးဆိုတော့ အဖော်ရှိတာ မဟုတ်ဘူး။ သူ့အတွက် အနီးကပ်ဆုံးဆွေမျိုးရင်းချာကတော့ ဒါလီပဲလေ။ ဟိုတုန်းက ဒါလီတို့က မမသက်ထားတို့အိမ်မှာနေကြတာဆိုပဲ။ မမသက်ထားအဖေကြီးက အတွင်းဝန်ကြီးတဲ့၊ ကိုကိုနဲ့ရတဲ့ အချိန်မှာတော့ ပင်စင်ယူပြီးပြီနော်၊ မမသက်ထားရဲ့ အဖေနဲ့အမေက ဘုရားတရား အလွန်ကြည်ညိုတော့ တစ်ဦးတည်းသောသမီးကလည်း ဘုရားတရား ကြည်ညိုတာပေါ့နော်၊ ခွင့်လည်း လွှတ်တတ်တယ်၊ သနားလည်းသနားတတ်တယ်၊ ဘယ်သူ့ကိုမဆိုလည်း ကူညီတတ်တယ်၊ လူတကာကို အကောင်းမြင်တတ်တယ်၊ ယုံလည်းယုံကြည်တတ်တယ်၊ အဲဒါတွေက နောက်တော့ ဒါလီတို့အတွက် စိတ်ထိခိုက်စရာဖြစ်လာတာပေါ့နော် ကိုကို။

ဘုရားတရားကြည်ညိုရုံတင် မကဘူး၊ ဟို ကမ္ဘာအေးစေတီကုန်းမှာ အဘိဓမ္မာသင်တန်းတွေကတက်သေးတယ်၊ အဘိဓမ္မာသုံးကျမ်းတဲ့၊ ပြီးတော့ ဋီကာကျော်တဲ့၊ ဝိသုဒ္ဓိမဂ်တဲ့၊ ဒါလီတော့ ဘာတွေမှန်းလည်းမသိဘူး၊ နားလည်းမလည်ဘူးလေ၊ နားလည်တာကတော့ တစ်ခုပဲရှိတယ်၊ မမသက်မရှိရင် မမကိုယ်စား အိမ်တာဝန်ကိုတော့ ကိုယ်ကပဲယူရမှာပဲလို့ အဲဒီ့အတွေးနဲ့ ကိုကို့ကို ပိုပြီးပြုစုမိပါတယ်၊ ကိုကိုရုံးသွားရုံးပြန်တွေမှာ ရုံးပစ္စည်းတွေ မကျန်ရအောင် ထည့်ပေးမိတယ်၊ ရုံးဝတ်စုံယူနီဖောင်းလည်း တစ်နေ့တစ်ကြိမ် ပုံမှန်လဲပေးမိတယ်၊ ဖိနပ်တွေခါးပတ်တွေပါ ပါတာပေါ့။ ဒါကိုလည်း မမသက်က ကျေနပ်ရှာတယ်။

"ဒါလီရေ ညီမလေးရောက်လာမှ ဒါလီ့အစ်ကိုကြီးလည်း ပို အဆင်ပြေသွားတယ်၊ မမသက်ကလည်း သင်တန်းတစ်ဘက်နဲ့ဆိုတော့





အလုပ်ကအရှုပ်သား"

အဲဒီလိုပြောရှာတယ်၊ ညီမနဲ့လင်သားကိုစိတ်ချလက်ချထားတယ်၊ မမသက်ရဲ့သင်တန်းကလည်း သုံးလေးငါးလကြာတယ်၊ သင်တန်းပြီးတော့ စာမေးပွဲကဖြေရသေးတယ်၊ စာလည်းကျက်ရတယ်၊ အောင်စာရင်းထွက်တော့ စာမေးပွဲအောင်ပါတယ်၊ အဲဒီ့ကျတော့လည်း

"ဒါလီရေ မမတော့ အဘိဓမ္မာသုံးကျမ်းလုံးအောင်ပြီ ညီမလေးရေ၊ အဲဒါ ကိုယ့်ညီမကျေးဇူးပဲ၊ ကိုယ့်ညီမသာ မရောက်လာရင် အိမ်မှုကိစ္စတွေနဲ့ လုံးချာလည်ပြီး စာလည်းကျက်နိုင်မှာမဟုတ်ဘူး၊ အခုတော့ မောင့်ဝေယျာဝစ္စကစ ဒါလီပဲဒိုင်ခံလုပ်ပေးနေတော့ မမအများကြီးအဆင်ပြေသွားတာပေါ့ကွယ်"

အဘိဓမ္မာသုံးကျမ်းကိုတပြိုင်နက်ဖြေပြီး တစ်ခါထဲနဲ့အောင်သွားတော့ မမသက်ထားခင်မျာ ဝမ်းသာလို့မဆုံးဘူး၊ ဒါလီ့ကိုလည်း ကျေးဇူးတင်ကြောင်း တဖွဖွပြောရှာတယ်။

ကိုကိုကတော့

"အင်း ဒါလီ့အစ်မကြီးကတော့ ဘုရားတရားတွေတအားလုပ်နေတယ်၊ကိုကိုသာဘုရားတရားနဲ့ဝေးပြီး အသိခေါက်ခက်အဝင်နက်ဖြစ်နေတာ"

အဲဒီ့လိုပြောတယ်၊ ကိုကိုပြောတဲ့ အသိခေါက်ခက်အဝင်နက်ဆိုတာ ဘာပါလိမ့်၊ ဘာကိုရည်ညွှန်းတာလည်း မသိ။

"ဘာကို ပြောတာလည်းကိုကို"

ဒါလီအဲဒီ့လိုမေးတော့ ကိုကိုက သဲ့သဲ့လေးပြုံးပြီး

"ဒါလီနောက်တော့ သိလာမှာပါ"လို့ ဖြေပါတယ်။

ဘာတွေလည်းကိုကိုရယ်၊ ကိုကို့ပဟေဠိကိုဒါလီအဖြေမသိနိုင်ပါဘူး။

ဒါလီရန်ကုန်ရောက်တာ နှစ်နှစ်ပြည့်တော့မယ်၊ ကိုကိုတို့ ခြံကြီးထဲက သရက်ပင်တွေက စောစောစီးစီး သရက်ကင်းလေးတွေ ဝေစပြုပြီ၊ တစ်ခါတစ်ခါ မျက်စိလည်ပြီးရောက်လာတဲ့ ဥသြငှက်လေးတွေကလည်း နွေအကြိုတေးတွေ ဆိုစပြုပြီ။ ရာသီကလည်း ဆောင်းကုန်တော့မယ်။

"မောင်ရေ အဖော်ကောင်းလို့ သက် ဗုဒ္ဓဂါယာသွားမယ်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ငယ်နှစ်ယောက်ကလည်း လိုက်ချင်ကြတယ်၊ ကျောင်းကိုခွင့်တိုင်မယ်တဲ့ အိမ်မှာတော့ မောင့်သမီးကြီးနဲ့ဒါလီပဲ ကျန်မယ်၊ ဖြစ်ပါတယ်နော်၊ အဘိမ္မာ သင်တန်းက မိတ်ဆွေတွေနဲ့ သွားမှာပါမောင်''

''သက်တစ်ခါမှ ဗုဒ္ဓဂါယာဘုရားဖူးသွားဘူးသေးတာမှ မဟုတ်ဘဲ သွားပေ့ါ သက်ရယ်''

ညနေထမင်းဝိုင်းမှာ ထမင်းစုစားကြတုန်းမှာ မမသက်က ပြောတော့ ကိုကိုက အဲဒီ့အတိုင်းပြန်ပြောတယ်လေ။

မကြာခင်မှာပဲ မမသက်က တိုးတို့၊ စိုးတို့နဲ့အတူ ဘုရားဖူးထွက်သွားကြတယ်၊ ဒါလီကတိုးတိုးနဲ့အတူ အိပ်တာ၊ တိုးတိုးက အခန်းအပ်ရင်း

''အန်တီလေး တစ်ယောက်ထဲ တိုးကိုလွမ်းမနေနဲ့နော်''လို့ ပြောသွားသေးတယ်။

မမသက်ကတော့

''ဒါလီရေ မမမရှိတုန်း မောင့်ကိုပိုဂရုစိုက်ပါဦးနော်၊ မျိုးမျိုးကတော့ သူ့ကျောင်းကိစ္စနဲ့ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ သူက အလုပ်ကခပ်များများရယ်၊ မောင်ကလည်း မပွင့်တပွင့်ရယ်၊ အဖျော်ယမကာဆေးလေးဝါးလေး မှီဝဲပြီးတဲ့အခါကျမှ သူက အာသွက်လျှာသွက်ဖြစ်တာ၊ သိတယ်မဟုတ်လား''

လို့ ကိုကို့ကို ဂရုစိုက်ပေးဘို့မှာသွားတယ်။

အဲဒီ့မမတို့ ဘုရားဖူးသွားတဲ့ကိစ္စဟာ ကောင်းမှုကုသိုလ်ပြုတဲ့ ကိစ္စပါပဲ၊ ဒါပေမယ့် အဲဒီ့ကိစ္စကြောင့် ဒါလီတို့အတွက် အရေးကြီးတဲ့ အလှည့်အပြောင်းကြီးတစ်ခု ဖြစ်ကြရတယ်နော်။

ကိုကိုသိပြီးသားပါလေ။

ဒါမပြောခင်မှာ အရေးကြီးတဲ့ ပြောစရာလေးတစ်ခုကျန်တယ် ကိုကို။

မမသက်ဘုရားဖူးမသွားခင် တစ်ရက်မှာ မမသက်ရဲ့အဒေါ်ဆိုတဲ့ အန်တီကြီးတစ်ယောက်အိမ်ကို အလည်ရောက်လာတယ်။ အသက် ခြောက်ဆယ်သာသာတော့ ရှိမယ်ထင်တယ်၊ သူကမမသက်အဖေ့ရဲ့ ညီမ အရင်းတဲ့၊ နာမည်က ဒေါ်ခင်မမဆိုလားပဲ၊ နေတာကစစ်ကိုင်းမှာ၊ ခရိုင်ဝန်





ကတော်ဟောင်းလို့လည်း ပြောတယ်။ မမသက်ရဲ့ အဖေကြီးနဲ့ကတော့ ငယ်ငယ်ကတည်းက သိပ်မတည့်ကြဘူးတဲ့၊ ဒါ့ကြောင့် တစ်မြို့စီနေကြတာတဲ့၊ ဒါလီလည်း မသိပါဘူး။ အဲဒီ့နေ့ကပြောကြဆိုကြတာတွေ နားစွန်နားဖျား ဒါလီကြားလိုက်တာပါ၊ အဲဒီ့မှာ အရေးတကြီးပြောစရာ တစ်ခုပါလာတယ် ကိုကို။ အဲဒါကတော့ ဒါလီနဲ့မမသက်တို့ ဆွေမျိုးကိစ္စပဲ။ အဲဒီ့နေ့က အန်တီကြီးကပြောတယ်။

''ဟဲ့ တူမကြီး ခင်သက်ထားရယ်၊ ငါ့တူမက မသိလို့၊ အခုတူမတို့ အိမ်လာနေတဲ့ ကလေးမလေးရဲ့အမေက တို့နဲ့ညီအစ်မဆိုတာ မဟုတ်ဘူးကွဲ့၊ ငယ်ငယ်ကတည်းက တို့အဖေကြီးကအဲဒီ့မောင်နှမနှစ်ယောက်ကို သူ့တို့အဖေအမေတွေက မကျွေးနိုင်မမွေးနိုင်တော့လို့ ခေါ်ထားရတာ၊ အဲဒါတွေ တူမကြီး မသိဘူးလား''

''မသိပါဘူး အန်တီခင်ရယ်၊ သက်ထားကို ဖေဖေနဲ့မေမေကလည်း ဘာမှမပြောဖူးပါဘူး''

မမသက်က စိတ်မကောင်းတဲ့ပုံနဲ့ ပြန်ပြောတယ်။

''အေးကွဲ့၊ ငါ့တူမကြီးက အတွင်းထဲရဲ အပြင်ကာ၊ 'အပြင်ထဲရဲ အတွင်းကာ'မိမှာစိုးလို့ ပြောရတာကွဲ့''

ဒေါ်ခင်မမရဲ့စကားကြောင့် မမသက် အတော်စိတ်မကောင်း ဖြစ်သွားပုံရပါတယ်၊ မမသက်က ဒါလီ့ကို ငယ်ငယ်ကတည်းက တကယ့်ညီမ အရင်းလေးလို ချစ်လာတာမဟုတ်လား။

အဲဒီ့နေ့က အန်တီကြီးပြန်သွားတော့ မမသက်မျက်စိမျက်နှာ မကောင်းဘူး၊ အန်တီကြီးကလည်း သူများကိစ္စ အတွင်းရေးတွေကို ဘာဖြစ်လို့များ ရန်ကုန်ထိ လာလိုက်ပြောရပါလိမ့်။ ဒါလီလည်း နားစွန်နားဖျား ကြားရာက တိတ်တိတ်ကလေးနားထောင်ပြီး အဲဒါတွေ သိလိုက်ပါတယ်၊ ဒါပေမယ့် မသိချင်ယောင်ဘဲဆောင်နေရတယ်၊ အန်တီကြီးပြောတာတွေ ကတော့ စုံလို့ပါပဲ၊ မေမေနဲ့ဘကြီးတို့ရဲ့ဇာတ်ကြောင်းတွေလည်းပါပါတယ်၊ တကယ်တော့ ဒါလီ့မေမေဟာ ငယ်ငယ်ကလေးကတည်းက မမသက်ရဲ့ အဖေကြီးက ကောက်ယူကျွေးမွေးခဲ့တာကိုး။

ဆွေမျိုးမတော်ဘူးဆိုတော့ ဒါလီဝမ်းနည်းရပြန်ပါတယ် ကိုကိုရယ်။

''မောင်ရေ ဒါလီက သက်တို့နဲ့အမျိုးမတော်ဘူးလို့ အန်တီခင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က ဇာတ်စုံခင်းပြီး ပြောသွားတယ် မောင်ရဲ့'' လို့ မမသက်ကပြောတော့

''ဒါလို့ကိုသွားမပြောလိုက်ပါနဲ့ သက်ရယ်၊ သူ့ခမျာ စိတ်မကောင်းဖြစ်နေပါဦးမယ်၊ ဒါလီက ကိုယ်တို့ကို တကယ့်ဆွေမျိုးလို့ ထင်နေရှာတာ၊ သမီးတွေကိုလည်း ပြောမပြလိုက်နဲ့ဦးနော်''

ကိုကိုက အဲဒီလို ပြန်ပြောတာ ဒါလီနားနဲ့ဆတ်ဆတ် ကြားရပြန်ပါတယ်။

ဩော် ကိုကိုရယ်။

## အခန်း(၆)

## ချစ်မိလေသောည

မမ မရှိတော့ ကိုကိုရုံးက အပြန်တွေပိုပြီးမှန်လာတယ်၊ ဒါလီ့ရဲ့ ညစာပြင်ဆင်ကျွေးတာလေးတွေကို ကျေကျေနပ်နပ် စားတယ်။

''ဒါလီက ထမင်းချက်လည်း ကောင်းတယ်နော်''တဲ့။

ဒါလီချက်တဲ့ မြန်မာဟင်းတွေကို ကိုကိုက အညာသားဆိုတော့ သိပ်ကြိုက်တာတဲ့လေ၊ ဒါတင်ပဲလားဆိုတော့ ဘယ်ဟုတ်မလဲ၊ အလုပ်ဝင်ကတည်းက မြန်မာနိုင်ငံအောက်ပိုင်းမှာ အနေများတဲ့ ကိုကိုက ငါးပိရေလည်းကြိုက်တတ်တယ်၊ တို့စရာတွေလည်း ကြိုက်တာပဲ၊ အဲ ဒါပေမယ့် ဒါလီတို့ကြိုက်တဲ့ ဒညင်းသီးကျတော့ မကြိုက်ဘူးတဲ့၊ ဒါလီနဲ့မမသက်တို့သားအမိတစ်တွေကတော့ ဒညင်းသီးဆိုကြိုက်မှကြိုက်ပဲ။

''ဒညင်းသီးတော့မကြိုက်ဘူး ဒါလီရေ၊ အဲဒီအသီးက ဆေးပညာအရ အဆိပ်သီး၊ ပြီးတော့ စားပြီးအနံ့ကြီးက ဆိုးလှတယ်''

အမွှေးအကြိုင်အလွန်ကြိုက်တဲ့ကိုကိုက အဲဒီလိုပြောတယ်၊ ကိုကိုက အနံ့နဲ့ပတ်သက်ပြီးအလွန် **Sensitive** ဖြစ်တတ်တာ၊ ပြီးတော့ ပြောသေးတယ်။

''မိန်းကလေးဆိုတာ မွှေးကြိုင်နေမှ၊ ကိုကိုက အညာသားဆိုတော့





သနပ်ခါးကိုသိပ်ကြိုက်တာ၊ ယောကျ်ားဖြစ်နေလို့ မိန်းကလေးဆိုရင် နေ့တိုင်း လိမ်းဖြစ်မယ်၊ လူပျိုပေါက်ကလေးတုန်းက နေ့တိုင်းညမှာ သနပ်ခါးလိမ်းအိပ်တာ''

ကိုကို့အပြောကြောင့် ဒါလီ့မှာ ရယ်ရသေးတယ်။ ပြီးတော့လည်း ကိုကိုကြိုက်တတ်မှန်းသိလို့ သနပ်ခါးလည်း အမြဲလိုလို လိမ်းမိတယ်လေ၊ ဒညင်းသီးလည်း မစားတော့ပါဘူး။ ကိုကိုမကြိုက်တာတွေကို အကုန်မှတ်ထားပြီး ဒါလီဂရုတစိုက် ရှောင်ပါတယ်၊ ကိုကိုအတင်းဝတ်ခိုင်းလို့လည်း အသည်းပုံလော့ကတ်သီးဆွဲကြိုးလေးလည်း ဒါလီဆွဲထားပါတယ်၊ ဆွဲကြိုးဆွဲတာကိုမြင်တော့

''အခုမှကြည့်ကောင်းသွားတယ်၊ အရင်က ဒါလီ့လည်ပင်းမှာ ရှင်းနေတာ''

လို့ ကိုကိုကပြောသေးတယ်။

သမီးကြီး မျိုးမျိုးကတော့ ဆလွန်းကားတစ်စီးနဲ့ ကျောင်းသွားကျောင်းပြန်အလုပ်များနေတယ်၊ ကိုကိုနဲ့ကတော့ နေ့စဉ်ခဏတဖြုတ်ပဲ တွေ့ကြတယ်၊ သူ့ **Class**တွေကလည်း မနက်(၇)နာရီခွဲလောက် ကတည်းက တက်ရတာတွေ ရှိတယ်၊ ညနေကျတော့လည်း သူ့အပေါင်းအသင်းမိတ်ဆွေတွေနဲ့ အလုပ်များနေတော့တာပဲ၊ အဲဒီ **Function**တွေနဲ့ ကိုကို့ကို ဘာမှကူညီနိုင်တာ မဟုတ်ဘူး၊ ကိုကို့တာဝန်တွေကို ဒါလီပဲ ယူနေရတယ်လေ၊ ကိုကိုမနက်အိပ်ရာထရင် ကိုကို့အခန်းကို ဒါလီပဲ ရှင်းပေးရတာ မဟုတ်လား၊ ကိုကိုကလည်း ကော်ဖီဖျော်တာတောင် ဒါလီဖျော်တာမှ ကောင်းတာတဲ့၊ ဒါလီ့လက်ရာမှကြိုက်တာတဲ့၊ အဲဒီလိုနဲ့ ကိုကိုနဲ့ဒါလီက ပိုပြီးတစ်ယောက်သဘောတစ်ယောက်သိလာတယ်၊ တစ်ခါတစ်ခါ ကိုကိုက ဒါလီ့နှုတ်ခမ်းဆံစလေးတွေနမ်းတတ်လာတယ်၊ ဘယ်ယောကျ်ားမှ ဘယ်အခါကိုမှ တွေမောင်တွေကမှ ယုယချစ်ခင်မှုကို မခံရဘူးတဲ့ ဒါလီဟာ ကိုကို့ယုယမှုကို တကယ်ပဲ သဘောကျခဲ့ပါတယ် ကိုကိုရယ်။

အင်း သင့်တော့ မသင့်တော်ဘူးထင်တယ်နော်၊ ဒါပေမယ့် လူတွေဆိုတာ အခက်သားလား၊ သိတာနဲ့လုပ် နိုင်တာ တစ်ခြားစီပဲလေ။

အဲဒီလိုမသင့်တော်မှန်းသိတာတွေဟာ သိသိကြီးနဲ့ ဖြစ်သွားတယ် နော်ကိုကို၊ ဟို ဆရာကြီး စလေဦးပုညရဲ့စာထဲကအတိုင်း ''သိလျက်ကယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဝိပါက်ကြမှာငင်လို့ ရှေ့ညာဏ်ရှင် ဝေမခွဲနိုင်ဘူး၊ ပွဲတွေ့အမှား''ဆိုတဲ့ စကားလို တကယ်ပဲ မမှားသင့်တဲ့အမှားကို ကိုကိုနဲ့မြဒါလီတို့မှားခဲ့ကြတယ်။

အဲဒီညနေက ကိုကိုရုံးက စောစောပြန်ရောက်တယ်။

''ဒါလီရေ ဒီနေ့ည ကိုကိုစထရင်းမှာ အရေးပေါ်ထမင်းစားပွဲရှိတယ်၊ အဝတ်အစားလေးတွေရွေးပေးပါဦး၊ တိုက်ပုံကတော့ အနက်ပဲနော်''

ကိုကိုပြောလို့ ဒါလီက တိုက်ပုံအနက်၊ ပိုးလုံချည် အနီကွက်ကို ရွေးပေးလိုက်တယ်၊ ရေမွှေးကတော့ ကိုကို ကြိုက်တတ်တဲ့ **C.K** ရေမွှေးကိုပဲဆွတ်ပေးလိုက်တယ်၊ ကိုကိုက ဒါလီ့နဖူးအသာနမ်းပြီး ထွက်သွားတယ်၊ပြီးတော့ ပြောသွားသေးတယ်။

''ဒါလီ၊ ဒီနေ့ ကိုကိုနည်းနည်းမိုးချုပ်ချင်ချုပ်မယ်နော်၊ စောင့်မနေနဲ့၊ မျိုးမျိုးပါ ပြောထားနော်၊ မျိုးမျိုးကလည်း သူ့ကိစ္စနဲ့သူရှုပ်နေတာ၊ သူ့ **Final** စာမေးပွဲကြီးက နီးနေပြီမဟုတ်လား၊ အခုလည်း သူ့သူငယ်ချင်းတွေနဲ့ စာကျက်ဦးမယ်လို့ ကိုယ့်ကိုညနေက ဖုန်းဆက်သေးတယ်''

ကိုကိုထွက်သွားပြီးတော့ ဒါလီလည်း တီဗီကြည့်ရင်း ကိုကို့ကို စောင့်တယ်၊ ညသတင်းပြီးချိန်ထိကိုကိုမရောက်လာဘူး၊ မျိုးမျိုးပဲပြန်ရောက်လာတယ်၊ သူလည်း စာမေးပွဲကြီးနီးနေတော့ သူ့သူငယ်ချင်းတွေနဲ့ စာစုကျက်နေတာ။

''အန်တီလေး၊ မျိုးတော့ အိပ်ချင်ပြီ၊ စာကျက်ရတာမောတယ် အန်တီလေးရယ်၊ ဂုဏ်ထူးတန်းရရင်တက်ချင်လို့ အသည်းအသန်လုပ်နေတာ''

မျိုးတို့ ညီအစ်မတစ်တွေက ကိုကို့သွေးပါလို့လားတော့ မသိဘူး စာတော်ကြတယ်၊ ကိုကိုက အသက်ဆယ့်ခြောက်နှစ်မှာ ဆယ်တန်းအောင်ပြီး အသက်နှစ်ဆယ်မှာဘီအေအောင်ခဲ့တာ ဒါလီသိပါတယ်၊ ကိုကိုက စာလည်းတော်၊ ရာထူးကလည်း ရှိ၊ ကျန်းမာရေးကလည်း ကောင်းတော့ အရွယ်ကလည်းတင်တယ်၊ ကိုကို့မှာ ဒီလောက်ကြီးတဲ့သမီးတွေရှိမှန်းတောင် လူတွေက သိပ်သိကြတာမဟုတ်ဘူး၊ မမသက်နဲ့အတူသွားရင် ကိုကို့ကို အသက်ပိုငယ်တယ်ထင်လို့ ပြောကြလို့ တစ်ခါတစ်ခါ သဘောကောင်းတဲ့ မမသက်ကတောင် သိပ်ကျေနပ်ချင်တာ မဟုတ်ဘူး၊ ဒါလီနဲ့တောင် အသက်သိပ်မကွာဘူး ထင်ကြတာတဲ့။ ဘေးကပြောကြတာ ဟုတ်လားတော့မသိဘူး





ဒါလီက အသားကလည်း နည်းနည်းညိုတယ်၊ ကိုယ်လုံးကိုယ်ထည်ကလည်း ပြည့်ပြည့်ဖြိုးဖြိုးဆိုတော့ ထင်ကြမှာပေါ့၊ ယောကျ်ားပဥ္စင်း မိန်းမပုခက်တွင်း ဆိုတာလည်း ရှိသေးတယ် မဟုတ်လား၊ ထားပါတော့ ကိုကိုရယ်၊ အဲဒီညက ကိစ္စကိုပဲပြန်ပြီး ပြောချင်သေးတယ်။

ကိုကို့ကိုစောင့်တာ ည(၁၀)ကျော်ပြီ မျိုးလည်းအိပ်သွားပြီ ဒါလီက ကိုကို့ကို စိတ်မချတာနဲ့ မအိပ်နိုင်ဘူး၊ (၁၁)နာရီလောက်မှ ကိုကို့ကားသံကြားတယ်၊ ဟော ကိုကိုပြန်လာပြီ ဒါလီပြေးဆင်းကြိုလိုက်တယ်၊ သံတံခါးဖွင့်လိုက်ကတည်းက တိုက်ပုံအနက်ကိုပုခုံးခိုတ်ပြီး ကိုကို ယိုင်နေပြီ မျက်လုံးတွေကလည်း မေးစင်းလို့ ကိုကိုမူးနေပြီ။ ဒါနဲ့ အတင်းလက်ကိုဆွဲပြီး လှေကားပေါ်တွဲတင်လိုက်တယ်။

''ကိုကိုမူးလာပြီလား'' ဆိုတော့

''အင်း'' တဲ့။

ကိုကို့ဆီက စူးရှတဲ့ ဝီစကီနံ့နဲ့ **C.K** ရေမွှေးနံ့တွေရနေတယ်။ ယိုင်ထိုးယိုင်ထိုးဖြစ်နေတဲ့ ကိုကို့ကို တွဲလာတာ လှေကားတစ်ဝက်လောက် ရောက်တော့ မီးကလည်း ခပ်မှိန်မှိန်မှာ ကိုကိုက ဘာမပြောညာမပြော နဲ့ဖြုံးဆိုရပ်လိုက်ပြီး ဒါလီ့ကိုနမ်းလိုက်တယ်၊ နမ်းတာလည်း ခပ်ပြင်းပြင်း နမ်းတာ၊ အရင်ကလို နဖူးမဟုတ်ဘူး၊ ဒါလီလည်း တက္ကသိုလ်မှာ နေပြီး တွေ့ရလာတဲ့သူပါကိုကိုရယ်၊ နဖူးတို့ပါးတို့နမ်းတာနဲ့ ဘာဆိုင်လို့လဲ၊ ပြောရမယ်ဆိုရင် ဒါလီဒါမျိုးလည်း တစ်ခါမှ အနမ်းမခံရဖူးဘူး၊ အဲဒီလို အနမ်းခံလိုက်ရတော့ ဒါလီလန့်သွားတယ်၊ လူလည်း တစ်ခါတည်း ထူပူသွားတယ်။

''လွှတ်ပါ ကိုကိုရယ်၊ မကောင်းပါဘူး''

ကိုကိုက ဘာမှပြန်မပြောဘူး၊ ဒါလီစကားပြောလို့မရအောင် အထပ်ထပ်အခါခါ နမ်းတော့တာပဲ၊ ဒါလီလည်း

''ဟင့်အင်းကိုကိုရယ်''လို့ပဲ တွင်တွင်ငြင်းတော့တာပဲ၊ ငြင်းရင်း ငြင်းရင်းနဲ့ ကိုကို့အိပ်ခန်းထဲ ရောက်သွားတော့တယ်၊ ကျန်တာတွေတော့ ဒါလီမပြောချင်တော့ဘူး၊ အဲဒီညမှာ ဒါလီငိုခဲ့ရပါတယ် ကိုကိုရယ်၊ ဒါလီငိုမှ ကိုကိုလည်း အမူးပြေသွား တယ်ထင်ရဲ့။

''ကိုကိုမှားသွားခဲ့ပါပြီ ဒါလီရယ်၊ ကိုကို့ကို သတ်သာပစ်လိုက် ပါတော့''တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ကိုကို့ကို သတ်ရမှာလဲ၊ ဒါက သတ်ရမယ့်ကိစ္စမှ မဟုတ်တာ၊ သတ်စရာလည်း မလိုပါဘူး။

ဒါလို့ပါးက သနပ်ခါးပြယ်သွားတာ ဒါလီနဲ့ကိုကိုပဲသိတဲ့ ဥစ္စာ။

## အခန်း(၇)

## အိပ်မက်ပမာ ဓဏာတာ

ကိုကိုရေ ကိုကိုနဲ့ညမှာတွေ့ကြပြီး နောက်နေ့ကျတော့ တစ်ယောက်နဲ့တစ်ယောက်ဘာပြောရမှန်း မသိတော့ဘူး၊ အိပ်ရာထတော့ ကိုကိုကလည်း မျက်နှာပူတယ်ထင်ရဲ့၊ စားပွဲမှာ ငူငူကြီးထိုင်နေတယ်၊ ဒါလီလည်း ကိုကို့အတွက် လုပ်စရာရှိတာလုပ်ပေးပြီး အသာခေါင်းငုံ့နေမိတယ်၊ တစ်ယောက်နဲ့တစ်ယောက်စကားလည်း မပြောဖြစ်ကြတော့ဘူး၊ နောက်ဆုံးမှ ကိုကိုက မနေနိုင်တော့ဘူး ထင်တယ်၊ ဒါလို့ညာဘက်လက်ကလေးဖမ်းဆွဲပြီး

"ညက ကိုယ့်ကို စိတ်ဆိုးသွားလား" တဲ့။

ဒါလီက ခေါင်းကို အသာပဲယမ်းပြလိုက်ပါတယ်။

အဲဒီနေ့ကစပြီး ကိုကိုနဲ့ ဒါလီတို့ မကြာမကြာတွေ့ဖြစ်ကြတယ် နော်၊ ဒါလို့ဘဝမှာ ဘယ်ယောက်ျားမှ မတွေ့ဖူးပါဘူး ကိုကိုရယ်၊ ကိုကိုဟာ ဒါလို့အချစ်ဦးပါ၊ မသင့်တော်မှန်းသိတာပေါ့၊ မသိလို့မှ မဟုတ်ပဲ၊ သိလျက်ကယ်နဲ့ ဝိပါက်ကြွမှာငင်တာလေ၊ ဒီအထိအတွေ့ကလည်း သိပ်ထူးတဲ့ အထိအတွေ့ပဲလေ၊ ကိုကိုနဲ့တွေ့တဲ့ညတွေမှာ လူဟာလေထဲမှာလွင့်မျောနေသလိုပဲ၊ အိပ်မက်မက်နေသလိုပဲ၊ စကားလည်း သိပ်မပြောနိုင်ကြဘူး ကိုကိုကလည်း ဒါလို့ကိုပြောတာတစ်ခုပဲရှိတယ်၊ ဘာတဲ့။

"ဒါလို့ကို သိပ်ချစ်တာပဲ" ဆိုတဲ့ စကားတစ်လုံးပဲလေ။

ကျန်တာတွေကတော့ ကိုကို့အထိအတွေ့နဲ့ အယုအယတွေပဲ ဒါလီမပြောတတ်တော့ပါဘူး ကိုကိုရယ်၊ ဒါတွေကို မသင့်တော်မှန်းသိသား





ဒါလီသာယာမိပါတယ်။ လူကလည်း အသူရာကယ်ဘုံရောက်နေသလိုပဲ၊ နေ့နဲ့ည မတူဘူး၊ တစ်ဝက်ကအပျော်၊ တစ်ဝက်က စိတ်ညစ်နဲ့၊ ဒါပေမယ့် အဲဒီအပျော်က ကြာကြာမခံခဲ့ပါဘူး။

မမသက်နဲ့ သမီးလေးတွေ ပြန်ရောက်လာကြတယ်၊ ဒါလီနဲ့ တိုးတိုးက တစ်ခန်းထဲအိပ်တာ၊ တိုးတိုးမရှိခင်တုန်းက တချို့ညတွေဆို ကိုကိုနဲ့ဒါလီနှစ်ယောက်ထဲ။ ဒါလို့အိပ်ခန်းမှာ စကားပြောလို့ရတယ်လေ၊ တိုးတိုးပြန်ရောက်တော့ မရတော့ဘူးပေါ့၊ နောက်ပြီးတော့ မမတို့ပြန်မရောက်ခင် တစ်ရက်မှာလည်း မျိုးနဲ့ဒါလီ ပြဿနာဖြစ်သေးတယ်၊ အဲဒါကတော့ ကိုကို့အခန်းမှာဒါလီရှင်းနေတုန်း ရုံးမသွားဖြစ်သေးတဲ့ကိုကိုက ဒါလို့ကို နှုတ်ဆက်အနမ်း နမ်းလိုက်တာ၊ ကျောင်းမသွားခင် အဖေ့ဆီ မုန့်ဖိုးဝင်တောင်းတဲ့ မျိုးကတွေ့သွားတယ်၊ ဒါလီလည်း မသိလိုက်ဘူး၊ လိုက်ကာမပြီး ဒါလီနဲ့ကိုကိုနမ်းနေတာ တွေ့သွားတဲ့ မျိုးက ကျောင်းကိုထွက်သွားပြီး ညနေကျတော့ ကျောင်းကစောစောပြန်ပြီး ဒါလို့ကိုမေးတော့တာပဲ။

"အန်တီလေး၊ မျိုးမေးစရာရှိလို့"

"မေးပါမျိုးရဲ့"

"မနက်က ဖေဖေနဲ့ အန်တီလေးမက်နေကြတယ် မဟုတ်လား"

ဒါလီထိတ်သွားတယ်၊ ပြီးတော့ ငြင်းလိုက်တယ်။

"ကြုံကြိုးစည်ရာ သမီးရယ်၊ မဟုတ်ရပါဘူး"

"ဘာကြုံကြိုးစည်ရာလဲ၊ မျိုးကိုယ်တိုင်မြင်တာ၊ လက်ဆုပ်လက်ကိုင်မိရဲ့သားနဲ့ မုန်လာဥလာမလုပ်နဲ့၊ ဟင်း ဖက်ယှံမကဘူး၊ နမ်းတောင်နမ်းလိုက်သေးတယ်"

အဲဒီအထိတော့ ဒါလီဘာမှပြောစရာမရှိသေးပါဘူး၊ နောက်ဆုံးမျိုးရဲ့ စကားကြောင့် ဒါလီတကယ်စိတ်ထိခိုက်မိပါတယ်။

"ယောက်ျားရှားလို့ အန်တီလေးရယ်၊ မေမေ့လက်ထဲက သမီးတို့အဖေကိုတော့ မလုလိုက်ပါနဲ့၊ သမီးတို့ ဘဝပျက်ပါဦးမယ်"

မျိုးကပြောရင်း မျက်ရည်ကျလာတယ်၊ ဒါလီလည်း မျက်ရည်ပေါက်ပေါက်ကျမိပါတယ် ကိုကိုရယ်၊ ဒါလီတော့ အဆိပ်သီးကို စားမိပြီထင်တယ် ကိုကိုရေ။

မမသက်ကတော့ ဗုဒ္ဓဂါယာပြန်လာပြီး ဘုရားဖူးရတာကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အိန္ဒိယက မြို့တွေကိုအတော်စုံအောင် ရောက်တဲ့အကြောင်း၊ တပ်ဂျ်မဟာကို မြင်ခဲ့ရတဲ့အကြောင်းပြောလိုက်တာ ရွှန်းရွှန်းဝေလို့၊ စုံလို့၊ ဒါလီ့ကိုလည်း ကျေးဇူးတင်ကြောင်းပြောပါတယ်၊ မမနဲ့ တူမလေးတွေကတော့ ပျော်လို့၊ ကုသိုလ်တွေရလို့၊ ဒါလီကတော့ လူမှုရေးတွေ ရှုပ်ထွေးပြီး ငြီးငွေ့နေပြီထင်ပါရဲ့။

**"နီဗွာန်မြို့ အမြိုက်ခွင်ကို မလိုက်ချင် ရှန်းကန်လို့ ဖွဲ့ နှစ်ယောက်ထဲ စံပါမယ်၊ ကံနှစ်ဖြာနယ်လှည့် သံသရာအကျယ်ချဲ့သော်လည်း တစ်လည်လှည့် မောင့်မယ်၊ ဂါဝါအဆူဆူဆုံးစေတော့ တူတူပုန်းပုန်းဘို့သာရှယ်"**တဲ့။

စလေဦးပုညရဲ့စာလိုပဲ ကိုကိုနဲ့ နှစ်ယောက်ထဲနေဖို့ပဲ စိတ်စောနေမိပါတယ်၊ နိဗ္ဗာန်ကိုတော့ မရောက်ချင်ဘူး၊ စိတ်တွေသာ စောနေတာပါ ကိုယ်က စိတ်ကူးထားတာက သုခ၊ တကယ်တွေ့ရတာက ဒုက္ခပါ။

အဲဒီ ဒုက္ခကတော့

"ကဲ အန်တီလေး၊ သမီးတို့ရှင်းရှင်းပဲပြောမယ်၊ အိမ်မှာလာနေပြီး သားရေပေါ်အိပ်၊ သားရေနားစားမလုပ်နဲ့၊ မေမေ့ကို ဒုက္ခမပေးနဲ့၊ သမီးတို့သည်းခံမှာ မဟုတ်ဘူး"

မမသက်ပြန်ရောက်ပြီး တစ်ပတ်အတွင်းမှာပဲ မျိုးတို့ ညီအစ်မသုံးယောက်ကစိမ်းကားတဲ့မျက်လုံးတွေနဲ့ ဒါလီ့ကို ရင်ဆိုင်ကြတယ်၊ ဒါလီ ရှက်လည်း ရှက်၊ ဝမ်းလည်းနည်းတယ်၊ ဒါကြောင့်

"သမီးတို့နဲ့ မမသက်စိတ်အနှောက်အယှက်ဖြစ်မယ့်ဟာ အန်တီလေး မလုပ်ပါဘူး၊ စိတ်ချပါ"

လို့ကတိပေးခဲ့တယ်၊ ပြီးတော့ ကိုကိုနဲ့ အထိအတွေ့နည်းအောင် U.F.L သွားတက်လိုက်တယ်၊ U.F.L ကျောင်းကလည်း အိမ်နဲ့ဝေးတာမှ မဟုတ်တာ၊ ဒီသင်တန်းကြောင့် ကိုကိုနဲ့ ရုံးတက်ရုံးဆင်းတွေမှာ ဒါလီကြိုတာတွေ၊ နှုတ်ဆက်တာတွေမလုပ်နိုင်တော့ပါဘူး၊ တကယ်တော့ ကိုကိုရယ်၊ ဒါလီ့ဘဝက မပိုင်ဝက်မွေးပါ။





နှစ်ကိုယ်ကြင်တဲ့ × × × အစ်ကိုလင်ရဲ့ × × × ပျိုခင်နွဲ့ × × × ကြိုတဲ့လေးနာရီ × × ထိုးပြီ × × ထိုးပြီ × × × လာပါတော့ ×× အခါခါမော့ ×× မာလာဖော့ × × မျှော်ပေါ့လေးနာရီ ×× ထိုးပြီ ×× ထိုးပြီ

မောင့်နေ့စဉ်နေ့တိုင်း × × × ပြန်လာတဲ့လမ်းဆီ × × × မှန်းဆလို့ အခါခါတွေး × × × အစဉ်ငေးရပြီ × × × (မောင်ရောက်ချိန်နီးပါပြီ)၂ × × ဖနီးအလှ ဒါလီ × × သာကြည် စကားနဲ့ ×× ဗျာကသီ အနားကပ်လို့ ×× ပါးအပ်ကာအတည် ×× နှစ်ကိုယ်တည်း ကြားရအောင် × ×× × × မောသလားလို့ သူ့နားဆီ × × × တိုးတိုးကလေးနဲ့ မေးမည် × × × ရိုးရိုးကလေးနဲ့ မေးမည် × × × တွေးကာမှီ နေ့စဉ်စောင့်တဲ့ လေးနာရီ × × ×

အဲဒီသီချင်းထဲကလိုပါပဲ ကိုကိုရယ်၊ "ဖနီးအလှ ဒါလီ ကဗျာကသီအနားကပ်ကာ ကိုကိုမောသလား"လို့ မေးချင်လှပါတယ်။ ဒါပေမယ့် ဒါလီက အဲဒီလိုမေးပိုင်ခွင့်ရှိတဲ့ ကိုကို့ဇနီးမှ မဟုတ်တာ။

U.F.L တက်တော့ ဒါလီနဲ့ကိုကိုတို့ တွေ့ချိန်တွေနည်းသွားတယ်၊ တွေ့ကြတော့လည်း ရုံးပိတ်ရက် ထမင်းစားတဲ့ အချိန်တွေမှာပဲ တစ်ခါတစ်ခါဆုံကြတယ်၊ ကိုကို့မျက်နှာက မကောင်းဘူး၊ သမီးတွေကလည်း အကဲခတ်နေကြတော့ ဒါလီလည်း သတိထားနေပါတယ်။ တကယ်တော့ ဒါလီဒီက ထွက်မသွားချင်ပါဘူး၊ ကိုကို့ကိုချစ်နေမိပါပြီ ကိုကိုရေ။

စိတ်ညစ်ညစ်နဲ့ U.F.L တက်ရင်း အလှည့်အပြောင်းက ကြုံလာပြန်တယ်၊ အဲဒါကတော့ ဒါလီ Boy Friend တစ်ယောက်နဲ့ဆုံမိကြတာ၊ ဒါကလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုကိုနဲ့ဒါလီအခြေအတင်ဖြစ်ကြရတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

## မျိုးကျော်ကျော်နဲ့ တွေ့ဆုံခြင်း

အညာတက္ကသိုလ်တက်တုန်းက ဒါလီ့ကို မန္တလေးက မျိုးကျော်ကျော်ဆိုတဲ့ လူတစ်ယောက်က ညိုပြာညက်ကလေးကို ချစ်လို့ဆိုပြီး နောက်သလိုစသလိုနဲ့ လိုက်ခဲ့ဘူးတယ်။ ဒါလီက **Fresher**၊ သူက **Third Year**။

မျိုးကျော်ကျော်က လူက ဖြူဖြူချော့ချော့၊ အရာရှိကြီးတစ်ဦးရဲ့သား၊ စားနိုင်၊ သောက်နိုင်၊ သုံးနိုင်၊ ဖြုံးနိုင်ပဲ။ ဒါပေမယ့် ရည်းစားများပြီး ပြိတီတီမျက်နှာပေးနဲ့မို့ ဒါလီက ခပ်တည်တည်နဲ့နေခဲ့တယ်၊ သူကဒီလိုပဲ **Fresher** လေးတွေဆို လိုက်လိုက်ပြီး စတတ်ချိန်တတ်သတဲ့၊ ဘေးက ပြောကြတာလေ၊ ဒါလီကိုတော့ သူဘာသဘောကျလည်း မသိဘူး၊ သုံးလေးလလောက် ဒါလီ့နောက် တကောက်ကောက်လိုက်ပြီး ဒါလီက အရေးမစိုက်တာနဲ့ နောက်တော့ သူလက်လျှော့သွားတယ်၊ ဒါလီက ကြောက်တတ်တယ် ကိုကို။

ဟော အခုတော့ ဒီ **U.F.L** မှာ သူ့ကို သွားတွေ့တယ်။ စတွေ့တဲ့နေ့မှာပဲ

"ဟာ မြဒါလီ မဟုတ်လား၊ ကျွန်တော် မျိုးကျော်ကျော်လေ"

ဆိုပြီး တည်တည်ကြည်ကြည်နဲ့ လာနှုတ်ဆက်တယ်။ ဟိုတုန်းကလို သူ့ပုံက ဘရုတ်သုတ်ခမဟုတ်ဘူး၊ မွန်မွန်ရည်ရည်နဲ့ သူ့မျက်နှာမှာ တက္ကသိုလ်တုန်းက စပ်ဖြီးဖြီးအမူအရာတွေလည်း လုံးဝမတွေ့ရတော့ဘူး။

"မြဒါလီ အခုမှ စတက်တာလား၊ ကျွန်တော်က မနှစ်ကတည်းက **French** တက်နေတာ၊ ကျွန်တော့်အလုပ်အတွက် **French** ကအရေးကြီးနေလို့၊ ကျွန်တော့်ကုမ္ပဏီက **Mining and Engineering** လေ၊ **French** နဲ့အဆက်အသွယ်က မပြတ်လုပ်နေရလို့၊ မြဒါလီက ဘာ **Language** လဲ၊ လိုတာပြောနော်၊ ကူညီနိုင်တာ ကူညီမယ်"

"ကျွန်မက **English** ပါ"

အဲဒီလို ရွှန်းရွှန်းဝေအောင်ပြောပြီး ဒါလီ့ကို သူကူညီတယ်၊





အသိအကျွမ်းရှိလို့ရယ် မဟုတ်ဘူး၊ ကိုယ့်အကြောင်းနဲ့ကိုယ် ကျောင်းလာတက်တဲ့ဒါလီ့အဖို့ သူနဲ့တွေ့ရတာ တော်တော်အဆင်ပြေသွားတယ်၊ ဟိုတုန်းကသံယောဇဉ်ကြောင့် သူကလည်း ဒါလီ့ကို အတော်ကြီး ဂရုစိုက်တယ်။

"မြဒါလီ ဘယ်မှာနေလဲ၊ ဘယ်ပို့ပေးရမလဲ၊ ကျွန်တော့်မှာ ကားပါတယ်နော်"

"ကျွန်မက ဝင်ဒါမီယာမှာပါ"

ကျောင်းနဲ့အိမ်က မဝေးလို့ သူ့ကားကို အိမ်အပြန်တော့ မစီးဖြစ်ပါဘူး၊ ဒါပေမယ့် တစ်ခါတစ်ခါ လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်တဲ့အခါမျိုးမှာတော့စီးဖြစ်တယ်၊ ဥပမာ ကမာရွတ်ဈေးသွားတာမျိုး၊ **Junction 8** သွားတာမျိုး၊ လှိုင် တက္ကသိုလ်သွားတာမျိုး၊ အဲဒီလိုသွားရင်းသွားရင်းနဲ့ နောက်တော့ သူနဲ့လှိုင်တက္ကသိုလ်က **Feel** တို့ဘာတို့မှာ ထိုင်တတ်လာတယ်၊ အမှန်ပြောရရင် ဒါလီအိမ်ကို သိပ်မပြန်ချင်ဘူး၊ မမသက်နဲ့ မျိုးတို့တစ်တွေနဲ့ ရင်မဆိုင်ချင်တော့ဘူး။

"မြဒါလီကို ကိုယ်ချစ်နေတာ ကြာပါပြီ၊ ကိုယ်လည်း ကျောင်းကထွက်ကတည်းက အလုပ်ထဲမှာပဲ စိတ်ဝင်စားနေလို့ အိမ်ထောင်လည်း မပြုဖြစ်ပါဘူး၊ မြဒါလီကိုယ့်ကို စဉ်းစားပေးပါနော်"

တစ်ရက်မှာ ကိုမျိုးကျော်ကျော်က ဒါလီ့ကိုချစ်ခွင့်ပန်လာတယ်၊ စိတ်ထွေပြားနေတဲ့ ဒါလီလည်း လိုက်လျောမိတယ်၊ အဲဒါနဲ့ သူခေါ်တဲ့ နေရာတွေမကြာမကြာသွားဖြစ်ကြတယ်၊ ရုပ်ရှင်တွေလည်း သူနဲ့အတူ ကြည့်ဖြစ်တယ်၊ ညနေစာတွေလည်း အတူစားဖြစ်တယ်၊ နောက်တော့ ဟိုတယ်တွေကိုပါ သွားဖြစ်ခဲ့ပါတယ်၊ အဲဒါရဲ့အကျိုးဆက်ကတော့ အိမ်အပြန်နောက်ကျတာပါပဲ၊ ဒါကို ကိုကိုက ဘယ်လိုသိသွားလည်း မသိဘူး၊ သိမှာပေါ့လေ ကိုကိုက လူကြီးပဲ၊ ချက်ဆိုနားခွက်ကမီးတောက်တာပဲ၊ နေရာတကာမှာလည်း ကိုကို့တပည့်တပန်းတွေရှိနေတာပဲ၊ ကိုကိုက ဒါလီအိမ်ပြန်နောက်ကျတာနဲ့ပတ်သက်ပြီး မမသက်ကို သတိပေးခိုင်းတယ်၊ မမသက်ကလည်း သတိမပေးစဖူး ပေးလာတယ်၊ မျက်နှာထားကလည်း နည်းနည်းတင်းသလိုပဲ။

"ဒါလီ အိမ်ပြန်တာမိုးချုပ်တယ်နော်၊ စောစောက ကားနဲ့ အဲ့သူ လိုက်ပို့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဒါလို့သူငယ်ချင်းပါ''

''ယောက်ျားကလေးလား၊ မိန်းကလေးလား''

''ယောက်ျားလေးပါ''

''ကြည့်လုပ်ပါဦး ဒါလီ၊ အတော်ကြာ ကျော်မကောင်း ကြားမကောင်းဖြစ်နေဦးမယ်နော်''

အဲဒီ့ကိစ္စနဲ့ပတ်သက်ပြီး ဒါလီလည်း နည်းနည်းခံပြီးပြန်ပြောမိတယ်၊ မမသက်လည်း မဆိုးစဖူးစိတ်ဆိုးသွားတယ်၊ ဒီကိစ္စကို ကိုမျိုးကျော်ကျော်နဲ့တိုင်ပင်တော့ သူ့ကုမ္ပဏီမှာ၊ ဒါမှမဟုတ် သူ့မိတ်ဆွေတွေရဲ့ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ဖို့အကြံပေးတယ်၊ ဒါမှလည်း သူနဲ့တွေ့ဘို့ အချိန်ရမှာကိုး၊ သူကလည်း အခုအချိန်မှာတော့ ဒါလီမှဒါလီ၊ သူကပြောတယ်။

''ဒါလီဟာ တကယ်ပဲ စွဲမက်စရာကောင်းလှပါတယ်''တဲ့လေ။ အဲဒါနဲ့ ရွှေပုန်းညက်က သူ့သူငယ်ချင်းတစ်ယောက်ရဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လိုက်တယ်၊ ကိုကိုတို့ကို ဒါလီမပြောဖြစ်ဘူး။

အဲဒီကိစ္စက ကိုကို့ဒေါသကို ပေါက်ကွဲသွားစေခဲ့တယ်၊ ကိုကိုနဲ့ဒါလီ စကားများကြတယ်၊ နောက်ဆုံးတော့

''မင်း အဲဒီ့မျိုးကျော်ကျော်ဆိုတဲ့ကောင်အကြောင်း ဘယ်လောက်သိသလဲ ဒါလီ၊ သူဟာ တစ်ချိန်က အစိုးရ ရာဇဝတ်မှု မကောင်းတာတွေနဲ့ ပတ်သက်ခဲ့ဖူးတယ်၊ ဆေးလည်းသုံးခဲ့ဘူးတယ်၊ သူတို့တစ်မျိုးလုံး မိန်းမကိစ္စတွေမှာ နာမည်ကြီး၊ ကိုယ့်ကိုမေးပါဦး ဒါလီရယ်''

''ကိုကို၊ ကိုမျိုးကို ဒီလိုမှိုချိုးမှျစ်ချိုး မပြောပါနဲ့၊ ကိုကို မနာလိုတာလား''

ဒါလီလည်း ပြန်ပြောမိတယ်။ အဲဒီလိုပြန်ပြောတော့ ကိုကိုက

''မနာလိုတာ မဟုတ်ဘူး၊ မင်းမအူမလည်နဲ့ ဒုက္ခရောက်မှာစိုးလို့၊ ဒီကောင်က လူယုတ်မာ''

''ကိုကို၊ ကိုမျိုးကို အဲဒီလို မပြောပါနဲ့ဆို''

ဒါလီကအော်တယ်။

''မင်းလူထိတော့ မင်းနာတယ်ပေါ့''

''ဟုတ်တယ်၊ နာတယ်''

ဒါလီကပြန်ပြောတဲ့အခါ ကိုကို့မျက်နှာမှာ အလွန်စိတ်ထိခိုက်သွား





တဲ့ပုံ တွေ့ရတယ်။ ဒါလီ တကယ်ပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ဝမ်းလည်းနည်းမိတယ်၊ ငါတော့ ကိုကို့ကို ပြန်ပြောမိတာမှားပြီလို့ သိလိုက်တယ်။

ကိုကိုရယ်၊ ကိုကို့ကို မချစ်လို့ မဟုတ်ပါဘူး၊ ချစ်လွန်းလို့ပါ၊ ကိုကိုနဲ့ဒါလီတို့က ဆန္ဒကာဘဝကိုကျော်မှ မကျော်နိုင်ကြတာ။

အဲဒီ့ညက ဒါလီမိုးစင်စင်လင်းတဲ့အထိ အိပ်မပျော်ခဲ့ပါဘူး၊ တလူးလူးတလိမ့်လိမ့်ပါပဲ။ ရင်ထဲမှာတော့ မီးတောက်နေပြီ ကိုကို။

## အခန်း(၉)

## စံအိမ်ကြီးက ထွက်သွားပြီ

ကိုကိုနဲ့မမကိုရော၊ မျိုးတို့၊ တိုးတို့၊ စိုးတို့ကိုရော အားလုံးသံယောဇဉ်ကြီးမိပါတယ်။ အားလုံးကလည်း ဒါလို့အပေါ် ကောင်းခဲ့ကြပါတယ်။ ဒါလီလည်း ဒီစံအိမ်ကြီးမှာ ကြာကြာနေရလိမ့်မယ်လို့ ထင်ခဲ့တယ်၊ ကိုကိုတို့ရဲ့ ခြံပင်းကျယ်ကြီးနဲ့ခြံထဲမှာ သရက်၊ ဒညင်း၊ ဒူးရင်း၊ ပိန္နဲ မာလကာလို စားပင်တွေလည်း ရှိတယ်။ အုန်းပင်နဲ့ ရှားရှားပါးပါး တောင်ထန်းပင်တွေလည်း ရှိတယ်။ ပိတောက်၊ ဂန့်ဂေါ်၊ တမာနဲ့ သပြေပင်တွေလို ပန်းပင်တွေလည်းရှိတယ်၊ နွေဆို ပိတောက်တစ်လှည့် ဂန့်ဂေါ်တစ်လှည့် အနံ့တွေက မွှေးလို့၊ တစ်ခါတစ်ခါ တမာပန်းနံ့ကပါ ပါသေးတယ်၊ ပိတောက်ပွင့်ချိန်မှာ ပိတောက်နဲ့အပြိုင် ဖါထိန်နေတဲ့ ငုပင်ကြီးတစ်ပင်လည်း ရှိတယ်။ မိုးလင်းရင် ငှက်ကလေးတွေက တာကျီကျီနဲ့ ရန်ကုန်လို့မထင်ရဘူး တကယ့်တောပါပဲ၊ ရှဉ့်ကလေးတွေကလည်း လိုက်ကြပြေးကြနဲ့၊ တစ်ခါတစ်ခါ ကလေးတွေ စာပြရင်း ဒီမြင်ကွင်းလေးတွေကို မြင်ရတော့ ဒါလီအာရုံမ်းရင်အေးပြီး ကြည်နူးမိပါတယ်။

အခုတော့ ရင်မအေးနိုင်တော့ဘူး ကိုကို၊ ဒါလီရင်တွေ ပူနေပါပြီ ဘုရားသခင်ရဲ့ ပညတ်ချက်ကိုဖောက်ဖျက်ပြီး အဆိပ်သီးစားမိတဲ့လူ ဖြစ်နေပါပြီ၊ ရှက်လည်း ရှက်တယ်။ ကိုယ့်ကိုယ်ကိုယ်လည်း လိပ်ပြာမလုံတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောလို့ နီးစပ်ရာ သူငယ်ချင်းတွေကတစ်ဆင့် ကိုမျိုးကျော်ကျော်ရဲ့ **History** ကိုစုံစမ်းတော့ တချို့ဟာတွေက ဟုတ်နေတယ်။ သူ **Sigapore** မှာ ရှုပ်ခဲ့တာတွေ၊ **Bangkok** မှာ ရှုပ်ခဲ့တာတွေ၊ တာချီလိတ်နဲ့ မြဝတီ ဘက်တွေကို ဆေးကိစ္စနဲ့ ခဏခဏသွားခဲ့တာတွေ၊ **420** နဲ့ ထိန်းသိမ်းခံခဲ့ရ တာတွေ အားလုံးဟာ မှန်နေတယ်၊ ဒါလီတကယ်ပဲ စိတ်ထိခိုက်မိပါတယ်၊ မှားပြီ၊ မှားပြီ၊ အားလုံးမှားသွားပြီ၊ အားလုံးက လက်လွန်သွားပြီ။

"အန်တီလေး သိပ်ပြီး ဟန်လုပ်မနေနဲ့၊ မနေ့က ဖေဖေနဲ့မေမေ အန်တီလေးကိစ္စနဲ့ စကားများကြတယ်၊ သမီးတို့ မိသားစုက သိပ်အေးချမ်း တာ၊ ဘယ်တုန်းကမှ စကားများဘူးကြတာ မဟုတ်ဘူး၊ အန်တီလေးရောက် လာမှ ဒီလိုဖြစ်ရတာ"

ဒါက ကိုကိုနဲ့ဒါလီတို့ စကားများပြီး နောက်နေ့မှာ မျိုးတို့ညီအစ်မ တစ်တွေက ဒါလီ့ကို ဝိုင်းပြောကြတဲ့စကား။

"သမီးတို့ အဖေနဲ့အမေ ဘာတွေစကားများကြသလဲဆိုတာတော့ အန်တီလေး မသိပါဘူး၊ ဒါပေမယ့် အန်တီလေးကြောင့် ဖြစ်ရတယ်ဆိုရင် အန်တီလေးဒီကထွက်သွားပါ့မယ်"

"ဖေဖေက အန်တီလေး ကုမ္ပဏီမှာ အလုပ်ဝင်လုပ်တာ လုံးဝ သဘောမတူဘူး၊ သိပ်လုပ်ချင်ရင် သူ့ပြောပေါ့တဲ့၊ သူ့ဌာနမှာ လုပ်လည်း ရရဲ့သားနဲ့၊ သူ့ကိုမတိုင်ပင်ဘဲ အလုပ်ဝင်လုပ်လို့တဲ့၊ မေမေ့ကိုဆူတယ်၊ မေမေက တစ်ခါမှ မျက်ရည်မကျစဖူးကျရတယ်၊ အဲဒါ အန်တီလေးကြောင့်"

မျိုးက မပြောစဖူး မီးဝင်းဝင်းတောက်တဲ့ မျက်လုံးနဲ့ ပြောတယ်၊ ဒါလီတကယ်ပဲ စိတ်ထိခိုက်မိပါတယ်၊ အဲဒီ့ညက ဒါလီငိုခဲ့ရပါတယ် ကိုကို ရယ်၊ နောက်တစ်နေ့မနက် အိပ်ရာထချိန်မှာတော့ မျိုးတို့ကျောင်းသွားချိန် မှာ ကိုကိုတို့ အိမ်ကြီးက တိတ်တဆိတ် ဒါလီထွက်ခဲ့ပါတယ်၊ အဝတ်အစား ကလွဲပြီး ဘာမှပါမသွားပါဘူး၊ ကိုကိုဝယ်ပေးခဲ့တဲ့ဆွဲကြိုးလေးတောင် တိုးရဲ့ စားပွဲပေါ်မှာတင်ထားခဲ့တယ်၊ စာလည်း ရေးခဲ့တယ်။

*ကိုကိုနဲ့ မမသက်*

*ဒါလီ့ကြောင့် စကားများကြရတယ်ဆိုလို့ ဒါလီ သိပ်စိတ်ထိခိုက်မိ ပါတယ်၊ ဒါလီရှိနေရင် ဒီပြဿနာက ပြီးမှာမဟုတ်ဘူး၊ ဒါကြောင့် ဒီအိမ်ကြီး ကနေပြီး ဒါလီအပြီးပဲထွက်သွားပါပြီ၊ နှစ်နှစ်တာ ကျေးဇူးမှုခုနှောင့်ရောက်ခဲ့တဲ့ ကျေးဇူးကို အမြဲသတိရ နေမှာပါ၊ အခွင့်ကြုံတဲ့အခါ ပြန်ဆပ်ပါ့မယ်၊ မျိုး တိုးနဲ့ နီးတို့ကိုလည်း နှုတ်ဆက်ခဲ့ပါတယ်။*

*ရိုသေစွာဖြင့်*

*မှ ဒါလီ*

ဒါလီထွက်လာတော့ ရွက်ဝါကြွေနွေအကူး၊ လေရူးပွေစလွှမ်းစရာ ကာလပါပဲ၊ ခြံထဲမှာတော့ ရွက်ဝါကလေးတွေက တဖြုတ်ဖြုတ်နဲ့ကြွေပြီး လေမှာလွင့်စပြုနေပြီ၊ ဒါလီလည်း ရွက်ကြွေမလေးပါပဲ ကိုကိုရေ၊ လေသင့်ရာ လွင့်သွားပါပြီ။

## အခန်း(၁၀)

## နှစ်နှစ်ဆိုသော ထိုအချိန်

ရန်ကုန်အိမ်ကြီးကထွက်လာတော့ ဒါလီ့မှာ ဘာအစီအစဉ်မှ မရှိပါ ဘူး၊ ယောင်ချာချာနဲ့ အောင်မင်္ဂလာကားဂိတ်မှာ မန္တလေးသွားတဲ့ ဘတ်(စ်) ကားကြီးတစ်စီးပေါ် ထိုင်လိုက်ခဲ့မိတယ်၊ ကားလက်မှတ်လည်း မန္တလေးထိ ဖြတ်လိုက်တယ်၊ မန္တလေးက သူငယ်ချင်းတစ်ယောက်ဆီ ကြိုပြီး ဖုန်းဆက် ထားလိုက်တယ်၊ ကိုယ့်အတွေးနဲ့ကိုယ်မို့ ဘာမှလည်း မစားချင်ပါဘူး၊ စားလည်း မစားဖြစ်ပါဘူး၊ မိတ္ထီလာရောက်မှ ညနေစာ ဆင်းစားဖြစ်တယ်၊ မန္တလေးကို ညရောက်သွားတယ်၊ တော်သေးတာပေါ့၊ သူငယ်ချင်းက ကားဂိတ်မှာလာကြိုနေလို့၊ သူက အောင်တော်မူထဲမှာ ဆရာမလုပ်နေတယ်၊ တက္ကသိုလ်မှာတုန်းက မြန်မာစာအဓိကအတူတူယူခဲ့ကြတာ၊ နာမည်က သင်းသင်းမာတဲ့။

"ဘယ်လိုဖြစ်ရတာလဲ ဒါလီရယ်၊ မင်းရန်ကုန်မှာ မင်းအစ်ကိုနဲ့ အစ်မဆီမှာအခြေချနေပြီလို့ ကိုယ်ကြားထားတာ၊ ဝမ်းလည်း သာနေတယ် ဒီမှာရှိတဲ့ မော်မော်နဲ့ အေးအေးတို့တောင် ကိုယ်က ပြောထားသေးတယ်"

သင်းသင်းမာက တွေ့တွေ့ချင်းပြောရှာတယ်။







www.burmeseclassic.com

www.burmeseclassic.com



"မမေးပါနဲ့ သူငယ်ချင်းရယ်၊ နောက်တော့ ကိုယ်ပြောပြပါ့မယ်၊ အေးအေးဆေးဆေးနေပါရစေဦး"

ဒါလီရဲ့ ညှိုးလျတဲ့မျက်နှာကို သူကြည့်ပြီး ဘာမှမပြောတော့ပါဘူး။

သင်းသင်းမာအိမ်မှာက သူ့အမေကြီးရယ်၊ ညီမလေးတွေရယ်ပဲ ရှိတယ်၊ ယောကျ်ားသားလည်းမရှိဘူး။ အဆင်ပြေပါတယ်၊ ကျောင်းနေဘက် ငယ်သူငယ်ချင်းဆိုတော့ တာအားလည်း ဂရုစိုက်ရှာပါတယ်၊ သူတို့မိသားစုက ဒါလီတို့မြို့ကနေ သူ့အဖေကြီးရှိတုန်းက မန္တလေးကို အပြီးပြောင်းသွားကြတာ၊ စီးပွားရေးလုပ်ကြတယ်၊ သင်းသင်းမာကတော့ သူဝါသနာပါတဲ့ ကျောင်းဆရာမပဲလုပ်တယ်၊ မန္တလေးမှာ ကျောင်းတက်ဖက်သူငယ်ချင်းတွေနဲ့ စိတ်ပြေလက်ပျောက်နေတာ အတော်ကြာသွားပါတယ်။ မေမေ့ဆီလည်း အကျိုးအကြောင်း စာရေးလိုက်တယ်၊ မေမေစိတ်ပူနေမှာစိုးလို့။

သင်းသင်းမာကိုတော့ သူ့အိမ်မှာနေရင်း ဖြစ်ကြောင်းရယ်ကုန်စင် ရင်ဖွင့်မိပါတယ်၊ သူက ဒါလီပြောတာတွေကို တွေးတွေးဆဆနားထောင်ပြီး

"အင်း သူငယ်ချင်း၊ ဒီအတိုင်းဆို မင်းတကယ်ချစ်တာက ကိုမျိုးကျော်ကျော်ကို မဟုတ်ဘူး၊ ဦးကိုကိုဦးကိုပဲ၊ ဒါပေမယ့် မသင့်တော်ဘူးပေါ့ သူငယ်ချင်းရယ်"

ဒါလီခေါင်းညိတ်လိုက်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက် ထဲနေတဲ့အချိန်မျိုးမှာ ကိုမျိုးကျော်ကျော်ကို သတိမရဘူး၊ ကိုကို့ကိုပဲ သတိရနေတယ်၊ ကိုကို့ရဲ့ တည်ငြိမ်တဲ့မျက်လုံး၊ ထူထဲတဲ့မျက်ခုံး၊ ရူးရဲတဲ့ အကြည့်၊ ပြီးတော့ တိုးတိတ်ညင်သာတဲ့ အပြော၊ ဆွဲဆောင်မှုကောင်းတဲ့ ပူနွေးနွေးအနမ်းတွေကို ဒါလီမေ့မရပါဘူး၊ ကိုကိုအမြဲပြောတဲ့ စကားက ဘာတဲ့။

"ဒါလီ့ကိုအချစ်ဆုံး" ဆို မဟုတ်လား၊ "ဒါလီနဲ့တွေ့မှ အချစ်ဆိုတာ ဘာလဲလို့ ကိုယ်နားလည်တယ်"၊ "သက်က ကိုယ့်အပေါ်မှာ တာဝန်ကျေရှာပါတယ်၊ ဒါပေမယ့် ရိုးလွန်းတယ်၊ ကိုယ့်ကို ဒါလီ့လိုနားမလည် ဘူး" တဲ့။

တကယ်လားကိုကိုရယ်၊ ကိုကို့ကို ဒါလီနားလည်အောင် ကြိုးစားပါ တယ်၊ ကိုကိုတို့ တစ်အိမ်လုံးကိုလည်း နားလည်အောင် ကြိုးစားခဲ့ပါတယ်၊ အဲဒီလို နားလည်အောင် ကြိုးစားပြီး နားလည်ခဲ့လို့လည်း ဒါလီကိုကိုတို့





အိမ်က ထွက်ခဲ့တာပါ။ တကယ်တော့ ကိုကိုနဲ့ဒါလီဟာ မဖြစ်သင့်ကြပါဘူး။ ကိုကို့ကိုလည်း ဘကြီးနဲ့မေမေအပါအဝင် ဒါလီတို့အမျိုးတွေက တကယ့် လူကြီးလူကောင်းဆိုပြီး တအားလေးစားကြတယ်၊ ဒီကိစ္စသာသိရင် ကိုကို့ကို အပြစ်တင်ကြမှာ မဟုတ်ဘူး။ ဒါလီ လော်မာလို့၊ အနေအထိုင်မတတ်လို့၊ ဆတ်ဆော့လို့ ဖြစ်ရတာလို့ ပြောကြမှာသေချာတယ်။ ဒါလီကြောက်တယ် ကိုကိုရယ်။

"မင်း ဘာလုပ်မယ်စိတ်ကူးလဲ သူငယ်ချင်း"

မန္တလေးကနေပြီး အမေ့ဆီပြန်မယ်လုပ်တော့ သင်းသင်းမာက မေးရှာတယ်။

"မေမေနဲ့ ဆရာမပြန်လုပ်မယ်ကွာ၊ ပြီးတော့ ကိုယ့်အမှတ်တွေ ကောင်းတယ်၊ **Master** တက်ဖို့ လုပ်ထားပြီးပြီ၊ ကြိုးစားကြည့်မှာပေါ့ သူငယ်ချင်းရယ်၊ **Master** ကတော့ ရန်ကုန်မှာပဲတက်ဖို့ လုပ်ထားပါတယ်၊ ဘွဲ့လွန်ဒီဂရီတစ်ခုခုပေါ့လေ၊ စိတ်ကူးတာပါ"

"အင်း ကောင်းပါတယ်၊ သူငယ်ချင်း စိတ်တွေလေပြီး ထင်ရာ မြင်ရာတွေလျှောက်လုပ်မှာစိုးလို့၊ တို့အသက်တွေ လည်း ငယ်တော့တာမှ မဟုတ်ကြတာပဲ၊ မိန်းကလေးတွေအတွက် နှစ်ဆယ့်လေးငါးနှစ်ဆိုတာ **Mature** ဖြစ်ရမယ့် အရွယ်တွေပဲလေ"

သင်းသင်းမာက သူငယ်ချင်းကောင်းပီပီ သတိပေးပါတယ်၊ စေတနာပါတဲ့ သူ့စကားနားထောင်ပြီး မျက်ရည်ဝဲရပါသေးတယ်၊ သူပြောသလို **Mature**ဖြစ်မဖြစ်တော့ ကိုယ့်ဟာ ကိုယ်မသိဘူး။ ကိုကို့ကို ချစ်တာကိုတော့ ကြာလေ သိလေပါပဲ၊ ချစ်လွန်းလို့ နည်းနည်းတောင်ရူးချင်လာပြီ၊ ကိုကိုက အချစ်ဦးဆိုတော့ ဒါလီက ကိုကို့ရဲ့ အချစ်ရူးမလေးပါပဲ၊ ထားပါတော့ ကိုကိုရယ်၊ ချစ်ရင် ရူးကြတာပဲ မဟုတ်လား။

မြို့ပြန်ရောက်တော့ မေမေနဲ့ဘကြီးက ဆူတယ်၊ မမသက်က ဒါလီမပြောဘဲ အိမ်ကထွက်သွားတာကိုစိတ်ဆိုးကြောင်း စာရေးသတဲ့ ဆူလည်း ခံရမှာပဲ၊ ကိုယ့်အပြစ်နဲ့ ကိုယ်ကိုး။

မေမေနဲ့အတူ ကျောင်းဆရာမလေးလုပ်ရင်း လူမသိသူမသိ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ကို လွမ်းနေရပါတယ်၊ ကိုကိုနဲ့ ရက်သတ္တတစ်ပတ်လောက် လွတ်လွတ်လပ်လပ်ချစ်ခဲ့ရတာတွေကိုလည်း မေ့လို့မရဘူး၊ ဒါလီ့ပါးလေးနမ်းတာ၊ သနပ်ခါးပါးပါးလေး လူးတာကို ကြိုက်ကြောင်းပြောတာ၊ ဒါလီ့မျက်လုံးညိုညိုလေးကို သိပ်ချစ်တဲ့အကြောင်းပြောတာ၊ အဲ သဘောအကျဆုံးကတော့ ဒါလီ့ရဲ့ ကွေးနေတဲ့ နှုတ်ခမ်းလေးတဲ့၊ အမေရိကန်မင်းသမီးလေး ဒရူးဘယ်ရီမိုးနဲ့ သိပ်တူတာပဲတဲ့၊ အဲဒီနှုတ်ခမ်းလေး နမ်းရတာ ကိုကို သိပ်ကျေနပ်တာပဲတဲ့၊ ပြောတတ်လိုက်တာ ကိုကိုရယ်၊ ဒါလီ့ကို သက်သက်မမေ့နိုင်အောင် လုပ်လိုက်တာတော့ မဟုတ်ပါဘူးနော်၊ ကိုကိုက နှုတ်ခမ်းကို နမ်းလိုက်ရင် ဒါလီလည်း တစ်ကိုယ်လုံးနွေးထွေးပြီး တုန်လှုပ်မိတာ အမှန်ပါ ကိုကို၊ ကိုကို့ရဲ့အနမ်းက တအားဆွဲဆောင်နိုင်တာလား။

ဒါတွေကို မတွေးချင်ပေမယ့် ခေါင်းထဲက တရစ်ဝဲဝဲနဲ့မထွက်ဘူး ဒါကြောင့် ဒါလီဘုရားတရားနဲ့ စာထဲကို စိတ်နှစ်ထားပါတယ်၊ စာကတော့ ဘွဲ့လွန်ဒီဂရီတစ်ခုလောက် ထပ်ယူချင်လို့၊ ဒါရရင် အလုပ်အကိုင် ကောင်းကောင်း အဆင်ပြေမှာပေါ့၊ U.F.L ကလည်း သိပ်ဝါသနာပါလွန်းလို့ မဟုတ်ဘူး၊ ကိုကို့ဆီမှာနေတုန်းက အိမ်မှာမနေရအောင် လုပ်မိလုပ်ရာ လုပ်လိုက်တာ၊ ဘွဲ့လွန်က ရန်ကုန်မှာ တင်ထားတော့ ကျောင်းတက်ဖို့တော့ ငွေရှာရဦးမယ်၊ စုရဦးမယ်၊ မေမေ့ကိုပြောတော့ အဆင်ပြေတဲ့အခါ သွားပေါ့လို့ ပြောပါတယ်၊ ဒီတစ်ခါတော့ အဆောင်မှာနေဖို့ လိမ္မာဖို့လည်း မှာပါတယ်။ ဘကြီးကတော့

''ဒါလီ နင်ငါတို့မိသားစုနာမည်မဖျက်နဲ့နော်'' လို့ငေါက်တယ်။

ငယ်ကြောက်ဆိုတော့ ဘကြီးကို ကြောက်ရတာပေါ့။ ဒါလီတို့အဖေဆိုတာ အိမ်မှာရှိတာမှ မဟုတ်ဘဲ၊ အလုပ်လုပ်ပြီး ငွေရအောင် စုပါတယ်၊ ပိုင်းကျူရှင်တွေမှာ စာလိုက်ပြတယ်၊ ငွေကလည်း အရှားသားလား ကိုကိုရဲ့၊ ကိုကိုတို့ အိမ်မှာနေတုန်းကတော့ ရွှေမရှားငွေမရှား၊ ငွေပြတ်တဲ့အခါမျိုးမှာ ဒါလီလိုသမျှ ကိုကို့ဆီက လက်ဝါးဖြန့်လိုက်ယုံပဲ၊ ဒါလီတောင်းသမျှ ကိုကိုက ပေးခဲ့တာ၊ မတောင်းလဲ ပေးနေတာပဲလေ။ ကိုကိုက ပိုက်ဆံပေးရင်း

''ဩော် သူများတွေတောင် ပေးကမ်းနေရတာ ကိုယ့်ညီမလေးကို ကိုယ်မှမပေးရင် ဘယ်သူပေးမှာလဲ''လို့လည်း ယုယုယယပြောတတ်တယ်။





မိုး့တို့က တစ်ခါတစ်ခါ ကိုကိုက ဒါလီ့ကိုပိုက်ဆံပေးတာသိရင် နည်းနည်းဂျိုဂျောင်လုပ်ချင်တယ်၊ နောက်တော့ တိုးတိုးတိတ်တိတ် ပေးတာပဲ များပါတယ်။

ဩော် ကိုကိုရယ်၊ ကိုကို့အချစ်နဲ့ စေတနာတွေကို ဒါလီဘယ်လိုမေ့ရမလဲ၊ မမေ့နိုင်လို့လည်း ဒါလီရန်ကုန်ပြန်ချင်ပါတယ်၊ အားလုံး အဆင်ပြေသွားရင်တော့ ရန်ကုန်ကို တစ်ခေါက်ပြန်ဦးမယ်လေ။

## အခန်း(၁၁)

## ကိုကိုနဲ့ပြန်လည်တွေ့ဆုံခြင်း

ကိုကို့ကိုလွမ်းတာ အလွမ်းတောင်နှယ်ပုံနေပြီ ကိုကို၊ ကိုကိုနဲ့ခွဲပြီးမှ ပိုလို့ လွမ်းလာပါတယ်။ ကိုမိုးကျော်ကျော် ကိုတော့ သတိရတဲ့အခါတော့ ရပါတယ်။ ကိုကိုက လေးနက်တယ်၊ သူကခပ်ပေါ့ပေါ့၊ Girl Friend တွေလည်း အများကြီး၊ ကိုကိုကတော့ မမသက်နဲ့ ငယ်လင်ငယ်မယား၊ ဘယ်ရည်းစားမှ ထားဘူးတာမဟုတ်ဘူးတဲ့၊ ဒါလီနဲ့တွေ့မှသာ တစ်သက်မှာ တစ်ခါပဲ ချစ်မိတာတဲ့၊ အခုမှ အချစ်စစ်အချစ်သစ်ကို တွေ့တာတဲ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ဒါလီကတော့ ယုံပြီးသားပါ ကိုကိုရယ်။

မြို့ပြန်ရောက်ပြီး တစ်နှစ်ကျော်ကျော်ကြာတော့ ကိုကို့လုပ်ငန်းက လူတွေနဲ့ မကြာမကြာတွေ့တယ်၊ သူတို့လည်း ဒါလီတို့မြို့ကို အလုပ်ကိစ္စနဲ့ ရောက်ရောက်လာကြတာ။

''ဟယ် မဒါလီပါလား၊ ဦးကိုကိုဦးတို့ဆီ ဘာမှာဦးမလဲ''

ပထမအကြိမ် စတွေ့တဲ့ ကိုမောင်ဝင်းက ဒါလီ့ကိုပြောတယ်၊ သူက ကိုကို့ရုံးက အရာရှိငယ်လေး၊ ဒါလီနဲ့ ကိုကို့အကြောင်းကို သိတော့ သလောက် သူသိတယ်။ ဒါလီခေါင်းရမ်းပြမိတယ်။

''ကျွန်တော် မြကျွန်းညိုမှာ တည်းတယ်၊ မဒါလီမှာချင်တာမှာပါ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခေါက်လည်းလာဖို့ရှိတယ်''

သူပြန်သွားပြီး နောက်တစ်ခေါက်ကျတော့ ဒါလီ့ဆီရောက်လာတယ်၊ သူကလည်တော့အလည်သား၊ အိမ်ကိုမလာဘူး၊ ဒါလီတို့လမ်းထိပ်က စောင့်တယ်၊ ဒါလီက စက်ဘီးနဲ့ လမ်းထိပ်အလာ သူ့မြင်လို့ စက်ဘီးပေါ်က ဆင်းလိုက်ရော

''မဒါလီ၊ ဆရာက စာပေးလိုက်တယ်၊ ကျွန်တော် နက်ဖြန်ပြန်မယ်၊ မှာချင်တာမှာပါ''

မြဒါလီ

မောင်ဝင်းပြောလို့ အကြောင်းအကြောင်းသိရပါတယ်၊ ကိုယ့်ကိုမေ့သွားပြီလား၊ ကိုကိုတော့ မင်းကိုနေ့တိုင်း သတိရနေပါတယ်၊ ဘာတွေလုပ်နေလဲ၊ ဒုက္ခတွေများ ရောက်နေပြီလား၊ သိပ်ဒုက္ခရောက်ရင် ပြောပါ၊ ဒါလီ့တို့ ကျသီမို့ ကိုကို့မှာ တာဝန်ရှိပါတယ်၊ နှုတ်ကြေမလေးလို လေမှာမလွင့်စေချင်ဘူး။

မင်းကိုယာဝရချစ်နေတဲ့
ကိုကို

ကိုမောင်ဝင်းပြန်တော့ ဘာမှမမှာဖြစ်ပါဘူး၊ သူနဲ့ အဆက်အသွယ်ရတဲ့အတွက် ကိုကို့ကိုပိုပြီး လွမ်းရတာပါပဲ၊ သူကပြောသွားသေးတယ်၊

''ဆရာက တိတ်တိတ်ကလေး ခံစားနေရတာ မဒါလီရဲ့၊ အဲဒါအခု စာတွေရေးနေတယ်၊ ရုံးမှာအချိန်အားတာနဲ့ စာတွေရေးတော့တာပဲ၊ အဲဒီ စာတွေကို မဂ္ဂဇင်းတွေပို့နေတယ်''

''ဟင် ဟုတ်လား၊ ကိုကိုက စာတွေရေးနေတယ်''

''ဟုတ်တယ် မဒါလီ၊ ဟိုတုန်းကလည်း နည်းနည်းပါးပါး ရေးပါတယ်၊ ဒါပေမယ့် အခုတော့တအားရေးတော့တာပဲ၊ ဒီစာတွေရေးမှ ရင်ပေါ့မှာတဲ့၊ ဒါကြောင့် စိတ်သက်သာအောင် ရေးနေတာတဲ့၊ ပြီးတော့ ပြောသေးတယ်''

''မောင်ဝင်းရေ၊ ငါတော့ အသက်ကြီးမှ ဝက်သက်ပေါက်တာ ဒုက္ခပါပဲကွာ''တဲ့။

ဪ ဖြစ်မှဖြစ်ရလေ ကိုကိုရယ်။

သူပြောလို့ ကိုကို့စာတွေရှာပြီး ဖတ်မိပါတယ်၊ ဒါလီ့ကိုချစ်ကြောင်း





လွမ်းကြောင်း သွယ်သွယ်ဝိုက်ဝိုက်နဲ့ရေးတဲ့ စာတွေပါ။ ဒါလီပိုပြီး ကြေကွဲရပါတယ် ကိုကိုရေ။

အဆိုတော်ကြီး ကိုသန်းလှိုင်ရဲ့သီချင်းကို အခြေခံရေးတဲ့ ကိုကို့ ဝတ္ထုက ဒါလီ့စိတ်ကိုဒုက္ခအများကြီးပေးပါတယ် ကိုကို၊ အဲဒီစာဖတ်ပြီး ဒါလီကိုကို့ဆီ ဖုန်းဆက်ဖို့ ဆုံးဖြတ်မိပါတယ်၊ ဖုန်းနံပါတ်က ကိုမောင်ဝင်းက ပေးခဲ့တာလေ၊ ကိုကို့ **Hand Phone No.**ပေါ့။

ကိုကို့စာအရေးအသားကို သဘောကျတယ်။ ကိုကိုက ရင်ထဲက ခံစားရတာတွေကို တကယ်ပေါ်အောင်ရေးလိုက်တာပဲ။ ဘာတဲ့ ''ကြင်နာခြင်းတစ်ဝက်၊ ရှုပ်ထွေးခြင်းတစ်ဝက်နဲ့ စိတ်ပျက်လှပါပြီ''တဲ့ ဟုတ်လား။ ကိုကို့စာထဲမှာ ရန်ကုန်ကနေပြီး ကိုကိုနဲ့ဒါလီ ပြည်ဘက်ထွက်ခဲ့ကြတာကို ပြန်ဖတ်ရတော့ လွမ်းမိတယ်ကိုကို၊ အဲဒီတုန်းက ကိုကိုက ဒါလီ့ပါးလေးကို တစ်လမ်းလုံးနမ်း၊ လေတိုးလို့ လွင့်နေတဲ့ ဆံစလေးတွေကိုလည်း သပ်တင်ပေးလို့။ ''ကိုကိုနဲ့ အခုလိုသွားရတာ ပျော်လားဟင်''လို့ မေးခဲ့တာလေးတွေ အောက်မေ့သတိရမိပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်တက္ကသိုလ်ကလည်း ဘွဲ့လွန်ကိစ္စ စာတန်းအတွက် အကြောင်းကြားစာရတယ်၊ ရန်ကုန်ဆင်းရမှာပေါ့၊ အိမ်ကို အကြောင်းပြလို့ ကောင်းသွားတာပေါ့၊ မေမေနဲ့ ဘကြီးကတော့ အမှန်အတိုင်းပြောရရင် သိပ်မသွားစေချင်ကြဘူး၊ ဒါလီကတော့ ကိုကို့စာတွေ ဖတ်ရကတည်းက သွားချင်နေပြီ၊ ကိုကိုနဲ့တွေ့ချင်နေပြီ။

မသွားခင်တစ်ရက်၊ နှစ်ရက်မှာ ကိုကို့ဆီ ဒါလီဖုန်းဆက်တယ်၊ ကိုကိုက တကယ့်ကို တအံ့တဩနဲ့၊ ပြီးတော့ ပြောသေးတယ်၊ ဒါလီ့အသံကို မှတ်မိလားဆိုတော့ ''မင်းအသံကို ဟို တမလွန်ဘဝကတောင် ကိုယ်မှတ်မိနေတယ်''ဆိုပဲ၊ ဟင်း တကယ်ပိုတဲ့ ကိုကိုပါပဲ။

ရန်ကုန်ရောက်တော့ ''ကိုကိုရေ၊ ဒါလီရောက်ပြီ''လို့ ဖုန်းဆက်တာနဲ့ ကိုကိုလည်း ဒါလီ့ဆီချက်ချင်းရောက်တော့ တာပဲ၊ တွေ့တွေ့ချင်း စကားမပြောနိုင်ကြဘူး၊ တကယ့်ရုပ်ရှင်ထဲကမင်းသားမင်းသမီးတွေလို တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီးနမ်းနေမိကြတယ်၊ ဘယ်လောက်ကြာသွားလဲတောင် မသိဘူး၊ အတော်ကြီးကြာသွားမှ ကိုကိုက

''ကိုကိုလွမ်းသွားပါတယ် ဒါလီ၊ နှစ်နှစ်စာ အနမ်းမို့ပါ''လို့ တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးလေးပြောတယ်၊ အနမ်းတွေရပ်သွားတော့ စကားပြောဖြစ်ကြပါတယ်။

"ဒါလီ ပိန်သွားတယ်နော်၊ ကိုကိုတို့အိမ်တုန်းကလောက် မဝတော့ဘူး။ နေကောင်းရဲ့လား"

"မြို့ပြန်ရောက်တော့ ဆေးစစ်မှသိတာ၊ ဒါလီ့မှာ နှလုံးသွေးကြောကျဉ်းတဲ့ရောဂါရှိတယ်တဲ့"

"အဲဒါ ဘာလုပ်လဲ"

"ဆေးထိုးဆေးစားနေရတယ် ကိုကို"

"ဖြစ်မှဖြစ်ရလေ အချစ်ကလေးရယ်၊ ကဲ ကိုကို ဘာလုပ်ပေးရမလဲ ဘာကူညီရမလဲ၊ လိုတာအားလုံးလုပ်ပေးမယ်"

"ကျန်းမာရေးအတွက်ကတော့ ပုံမှန်ဆေးထိုး ဆေးစားဆေးစစ်နဲ့ အသက်လည်းငယ်သေးတော့ ကောင်းသွားမှာပါတဲ့၊ ဆရာဝန်က ပြောတယ်လေ၊ ဘွဲ့လွန်အတွက်ကတော့ ကိုကိုလိုတာလေးတွေ ကူပေးပါဦး၊ ရန်ကုန်တက္ကသိုလ်မှာလည်း ကိုကို့အသိတွေအများကြီးရှိတယ် မဟုတ်လား"

"အင်း ရှိတာပေါ့၊ တချို့ဆို တွဲဖက်ပါမောက္ခတွေတောင် ဖြစ်နေကြပြီ၊ ကိုကိုလည်း တစ်ခါတစ်ခါ ပြင်ပစာစစ်လုပ်ရပါတယ်၊ ကူညီမယ်လေ ဒါလီ့အတွက်ဘာမဆို လုပ်ပေးမှာပါ"

ကိုကိုက ဒါလီ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း ပြောလိုက်တော့ ဒါလီတအားကျေနပ်တာပဲ။

"ဒါလီ နည်းနည်းပိန်သွားပေမယ့် လှတုန်းပဲ၊ ကိုယ့်ညီမလေးက မတွေ့ရတာကြာလို့ ပိုတောင်လှလာသေးတယ်"

"ဟင်း ဟင်း၊ ကိုကိုက အချစ်ဝင်လို့ အပြစ်မမြင်တာ ဖြစ်မှာပါ၊ ဒါလီက မလှပါဘူး၊ အသားကလည်း ခပ်ညိုညို"

"အို ညိုချောပဲ၊ ကိုကို့မျက်စိထဲမှာတော့ ဒါလီက လှနေတာပဲ၊ မျက်လုံးညိုညို ပါးဝိုင်းဝိုင်းလေးနဲ့ နှုတ်ခမ်းထူထူလေး ကို တအားချစ်တာ"

ဟိုတုန်းကတည်းက ကိုကိုက "ဒါလီ့နှုတ်ခမ်းလေးက အမေရိကန်မင်းသမီး ဒရူးဘယ်ရီမိုးရဲ့ နှုတ်ခမ်းလေးနဲ့ သိပ်တူတာပဲ"လို့ ခဏခဏ ပြောဖူးတယ်။

ကိုကိုရယ်၊ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်နေတာလား၊ ကိုကို့မျက်လုံး မျက်ခုံးတွေကလည်း စပိန်မင်းသား အန်တိုနီယို ဘန်ဒါရက်(စ်)လိုလိုပါပဲ။





ဟိုတုန်းက အဲဒီလိုပြန်ပြောတော့ ကိုကိုရယ်တယ်။

"ကိုယ်က အဲဒီမင်းသားနဲ့မတူပါဘူးကွာ"တဲ့။

ဘာပဲဖြစ်ဖြစ် မှန်းရင်အပြစ်၊ ချစ်ရင်အကျိုး မြတ်နိုးတော့ သဒ္ဒါမို့လား၊ ချစ်တော့လည်း အကောင်းမြင်မိတာပေါ့၊ ချစ်တော့လည်း လှနေတာပေါ့၊ ဒါလီ့ကိုကိုက ခန့်ချောပဲလေ။

အင်း အဲဒီနေ့က စကားပြောပြီးတော့မပြန်ခင်မှာ ကိုကိုက ဒါလီ့ကို ယုယုယယနဲ့ အကြာကြီးအားပေးနှစ်သိမ့်သွားတယ်၊ ကိုကို့ရဲ့ နွေးထွေးတဲ့အချစ်ကြောင့် ဒါလီအများကြီး ကျေနပ်မိပါတယ်၊ လိုတာတွေ လုပ်ပေးမယ်ဆိုတဲ့ စကားအတိုင်း တကယ်လည်း လုပ်ပေးသွားတယ်။

"ရန်ကုန်မှာရှိတဲ့ကာလအတွက် ကိုကိုအားလုံး တာဝန်ယူမယ်နော်"ဆိုပြီး ငွေစက္ကူတစ်ထုပ်လည်း ထားသွားတယ်။

"အားမနာနဲ့၊ ရှက်မနေနဲ့ ယူထား"ဆိုပြီးပြောသွားသေးတယ်။

ဩော် ကိုကိုရယ်။

## အခန်း(၁၂)

## ရင်ခုန်ရသော နေ့ရက်များ

ကိုကိုက ဒါလီ့ဆီလာတိုင်း စားစရာတွေ၊ ဆေးဝါးတွေ၊ အဝတ်အစားတွေ ယူလာတယ်။ လိုအပ်တဲ့ စာအုပ်စာတမ်းတွေလည်း ရှာလာတယ်၊ ဒါလီနေတဲ့နေရာက ရန်ကုန်သာဆိုတယ်၊ မြို့တွင်း **Down Town** နဲ့ နီးတာမဟုတ်ဘူး၊ ကားနဲ့ဆို တစ်နာရီသာသာလောက် မြို့ထဲကိုမောင်းရတယ်၊ ကိုကိုကတော့ ရုံးပိတ်ရက်တွေမှာပဲ လာတတ်ပါတယ်၊ ဒါလီတို့ အဆောင်ကလည်း ဖုန်းမရှိတော့ ကိုကို့ဆီ ဖုန်းဆက်ရတာလည်း မလွယ်ဘူး၊ ကိုကိုကတော့ လူလွှတ်ပြီးပြောတတ်ပါတယ်၊ တစ်ခါတစ်ခါ ကိုမောင်ဝင်းလာတယ်။ တစ်ခါတစ်ခါကျတော့လည်း ကိုဖိုးအေးလာတယ်၊ ကိုဖိုးအေးကလည်း ကိုကို့ရုံးကပဲ၊ သူကတော့ အရာရှိမဟုတ်သေးဘူး၊ စာရေးပဲဆင်တယ်၊ လူရိုးလူအေး။ ကိုကိုမှာတာကလွဲပြီး ဘာမှပြောတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ သူလည်း ဟိုတုန်းကတည်းက ဒါလီနဲ့ သိနေတာပါ၊ သူတို့က ရည်ရည်မွန်မွန်ရှိကြပါတယ်။ ကိုကို့လူယုံတွေလေ။

သူတို့လာရင် ဒါလီ့စိတ်တွေ လှုပ်ရှားနေတယ်၊ ကိုကိုနဲ့တွေ့ရမှာမို့။ ပြီးခဲ့တဲ့ ပထမအခေါက်တုန်းက အဆောင်မှာဆိုတော့ သူငယ်ချင်းမတွေလည်းရှိတော့ စူးစမ်းတဲ့မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတယ်။ ဒါလီသိပ်စိတ်မလုံဘူး၊ သူတို့က တအားစိတ်ဝင်စားကြတာ။

"ဟော့ မြဒါလီ၊ စောစောကပြန်သွားတဲ့လူကြီးက ဘယ်သူလဲကွ"

မစပ်စု မြမြဝင်းက မေးတယ်၊ သူလည်း ဒါလီ့လိုပဲ ဘွဲ့လွန်အတွက် ကျောင်းတက်ဖို့ ပြင်နေတာ။

"ကိုယ့်ဝမ်းကွဲအစ်ကိုပါကွာ"

"ဘာလဲကွာ၊ ကာစင်လား၊ အီစွတ်လား၊ မင်းအစ်ကိုကြီးက ခန့်ချောကြီးကွ၊ ယောက်မတော်လိုက်ရမလား"

"ဟဲ့ လူပျိုမဟုတ်ဘူးဟဲ့၊ စကားကြည့်ပြော"

"အောင်မလေးတော်၊ ဒီအရွယ်ကြီးကျမှ အမြီးမပေါက်ရင် ဘာဖြစ်မျောက်တဲ့တုန်း၊ လူပျိုမဟုတ်လည်း မိတ်ဆွေ မဖွဲ့ရတော့ဘူးလား"

မြမြဝင်းတို့အုပ်စုက လေးငါးဆယ်ယောက်ရှိတယ်၊ ကိုကိုပထမအခေါက်လာပြီး အတော်ကြာအောင် စကားပြောသွားကတည်းက

"ဟဲ့ မြဒါလီမင်းညွှေသည်နဲ့စကားပြောတာအကြာကြီးပါလားကွ"

လို့လည်း စပ်စုကြတယ်၊ ဒါကြောင့် အခုအခေါက်ကတော့ ကိုကိုနဲ့ ဒါလီ အပြင်ထွက်ဖြစ်ကြတယ်၊ အပြင်မှာတော့ လွတ်လွတ်လပ်လပ်ရှိတာပေါ့၊ ကိုကိုရယ်၊ အားရပါးရ စကားပြောရတာပေါ့၊ ပြီးတော့လည်း စိတ်ရှိလက်ရှိ ချစ်လို့ရတာပေါ့။

ဒုတိယအခေါက်တုန်းက ကိုကို့ဘယ်လက်ကလေးမှာ နဝရတ်လက်စွပ်မတွေ့တော့ဘူး၊ မေးမိသေးတယ်၊ ကိုကိုက ကျောက်ခဏခဏကျွတ်လို့ ချွတ်ထားတာတဲ့၊ ကျောက်ကျွတ်ရင် မကောင်းဘူးတဲ့၊ အချစ်ရေးအိမ်ထောင်ရေးတွေ ပြဿနာတက်တတ်တယ်တဲ့၊ ချစ်သူခင်သူတွေနဲ့ စကားများရတယ်တဲ့၊ ခွဲခွာနေရတယ်တဲ့။

ဒီတစ်ခေါက်လည်း ခွဲကြရဦးမှာပါ၊ မခွဲခွာခင်မှာတော့ ကိုကိုက အားရပါးရချစ်ပါရစေလို့ ခွင့်တောင်းတယ်၊ ဒါလီကလည်း ခေါင်းညိတ်ပြ





လိုက်တယ်။

"ကိုယ်နဲ့မင်းဟာ ဘယ်လိုမှပေါင်းစပ်လို့ရမယ်မထင်ဘူး ဒါလီ၊ တို့ရဲ့ အနာဂတ်ကိုကိုယ်ကြိုတွေးမိပြီးပြီ ဒါလီရောဘယ်လိုထင်လဲ ပြောပါဦး"

ဒါလီဘာမှမပြောဘူး၊ ပြောတတ်လည်း မပြောချင်ဘူး၊ မသိတာမဟုတ်ဘူး၊ သိပါတယ်၊ ကိုကို မမသက်ကိုကွာပြီး ဒါလီ့ကို မယူရဲဘူးမဟုတ်လား၊ ဒါလီကလည်း ကိုကို့ကို မယူရဲပါဘူး ကိုကိုရယ်၊ အမျိုးတွေရဲ့ တံတွေးခွက်မှာ ပက်လက်အမျောမခံရဲပါဘူး၊ ဒါလီ့ကြောင့်လည်း ကိုကို့ဘဝမပျက်စေချင်ဘူး။

"ဒါလီဘာမှ မပြောတတ်ဘူး ကိုကို၊ ဒါလီသိတာတော့ ကိုကို့ကို သိပ်ချစ်တာပဲ"

အဲဒီစကားပဲပြောမိတယ်၊ ကိုကိုက ဒါလီ့ကိုရင်ခွင်ထဲမှာပွေ့ထားရင်း ငြိုးတယ်။

"ဩော် ဒါလီ ဒါလီ၊ မင်းဟာ ကိုယ်ထင်ထားတာထက်တောင် ကလေးလိုပါပဲလား ညီမလေးရယ်"တဲ့။

ဟုတ်တယ်၊ ဒါလီဟာ ကလေးလိုပဲ၊ လောလောဆယ်တော့ ကိုကိုရဲ့ချစ်ခင်ယုယမှုကို မသင့်တော်မှန်းသိသိနဲ့သဘောကျတယ်။ ကိုကိုနဲ့နေရတာကို ပျော်တယ်၊ ကိုကို့အထိအတွေ့မှာ သာယာတယ်၊ ကိုကိုနဲ့ဆုံရင် ရင်ခုန်တယ်၊ ဒါကြောင့်လည်း ကိုကိုက ဒါလီ့ကို ပုလဲဥနှယ် သဲနုရွှယ်တဲ့၊ အသည်းနုတယ်တဲ့၊ ဒါကြောင့် ချစ်စရာကောင်းတယ်တဲ့၊ ပြီးတော့ သနားတယ်တဲ့၊ အဲဒါသီချင်းလည်း ရှိတယ်တဲ့။ စိတ်လိုလက်ရရှိတဲ့အချိန်မှာ ကိုကိုက အဲဒီသီချင်းကို ဆိုပြတတ်တယ်။

သီချင်းက အဆိုတော်ကြီးဦးသန်းဖေလေးရဲ့ "သည်းနုရွှယ်"လေ။

ပုလဲဥနှယ် × × × သဲနုရွှယ် × × × စပယ်ငုံအသွေး × × × အတွေးစင်ကြယ်လှတယ် × × × ဖြူဖြူလွှင် သဘော × × ဖျိုသော စိတ်တို့ ခြယ်ကာလှယ် × × ပြစ်မြူမထွေး × × မဥ္ဇူကလေး ဖွင့်စပယ် × × သက်ညှာ စဘွယ် × × ဩော် မက်စရာတကယ် × × သက်တာရွှယ်ဦး × × × ချစ်စရာအရွယ်ငယ်ငယ် × × ×



www.burmeseclassic.com

www.burmeseclassic.com



မိုရာခိုတွယ် × × ပရစ်ဖူးမြနွယ် × × လွယ်ကူစွာတိမ်းပါး × × ယိမ်းကာစားတတ်တဲ့ အရွယ် × × ရေကြည် ပမာနှယ် × × × ရောင်ဝါမဲ့ကင်း × × အဆင်းမရှိတယ် × × ပတ်ဝန်းကျင်အရိပ်ကိုခို × × × ညို့တာလီ ဖြူတလှည့်နဲ့ × × × မူမရှိတဲ့အရွယ် × × အခြေမဟန်လှသေး × × × မသိသေးတဲ့ × × × သဲနု ငယ်ငယ်ရွယ်

အမှန်အမှား × × မသိထားတဲ့ စမ်းတဝါးဝါး × × × တွယ်ရာရှာမိချိန်မှာကွယ် × × မွန်မြတ်သော အသိုင်းအဝိုင်းနဲ့သာ × × × ဝန်းရံစေချင်တယ် × × × မိုးသောက်ရွယ်ဦးမို့ × × × ဖြောင့်ဖြူးစွာ သွားစေချင်တယ် × × မေးမြူမဖုံး × × သန့်စင်နှလုံးနဲ့ × × × ပြုံးနွဲ့နွဲ့အပြစ်မဲ့ငယ်ငယ် × × × အချစ်ကြောင့်ဖြင့် × × မနစ်စေလိုတယ် × × သစ်လွင်ပျိုမြစ် × × ဟင် × × ချစ်စရာ အရွယ်ငယ်ငယ် × ×

"ဒါလီရယ်၊ မင်းက ကိုယ်နဲ့စာရင် အများကြီးငယ်သေးတယ်၊ လောကကြီးမှာ လူလုပ်ရဦးမယ်၊ တို့မှားခဲ့တာတော့ မှားခဲ့ကြပြီ၊ အမှားကြီး မကျူးလွန်မိဖို့ပဲ၊ အဲဒီသီချင်းထဲကလိုပဲ အချစ်ကြောင့်တော့ဖြင့် မညစ်စေချင်ဘူး ဒါလီ၊ ဒါလီဟာ ကိုယ်တို့အိမ်ရောက်လာတုန်းက နှင်းမြူမဖုံး သန့်စင်တဲ့ နှလုံးသားနဲ့ပါ၊ ပြုံးနွဲ့နွဲ့နဲ့ အပြစ်မဲ့တဲ့သူပါ"

"တော်ပါပြီ ကိုကိုရယ်၊ စိတ်ညစ်စရာတွေ မပြောနဲ့တော့၊ ကိုကိုနဲ့ တွေ့တုန်းမှာ ဒါလီချစ်တာပဲ သိတယ်"

ကိုကို့ကို ဒါလီက အတင်းဖက်ထားလိုက်တယ်၊ ဒီနောက်တော့ ရင်ခုန်ခုန်နဲ့ ချစ်မိကြတာပါပဲ၊ ချစ်မိတော့လည်း အသည်းအသန်မို့ ဘာစကားမှ တောင် မပြောဖြစ်တော့ဘူး။

ဒီလိုအကြိမ်မျိုး လေးငါးခါကြုံပြီး ကိုကိုနဲ့ဒါလီ ခွဲကြရတော့တယ် နော်၊ ဒါလီပြန်မယ့်နေ့က ကိုကို့မှာ အရေးကြီးရုံး အစည်းအဝေးတွေရှိနေတော့ လာမတွေ့နိုင်ဘူး၊ လူကြုံနဲ့ပဲ ဒါလီ့အတွက် လိုတဲ့ငွေနဲ့ ပစ္စည်းတွေ ပို့ခိုင်းလိုက်တယ်၊ စာလေးတော့ ပေးလိုက်တယ်၊ တစ်ကြောင်းထဲရယ်။

"အမြဲချစ်နေမှာပါ" တဲ့။



## အခန်း(၁၃)

## နောက်ဆုံးအကြိမ်တွေ့စဉ်က

ဒါလီတို့မြို့လေးကို ပြန်ရောက်တော့ မေမေနဲ့ ဘကြီးကို အကျိုး အကြောင်းပြောပြပါတယ်၊ မပြောမဖြစ်လို့ ကိုကိုက ကူညီတာတွေလည်း ထည့်ပြောလိုက်ရတယ်၊ အင်း လူကြီးတွေကသိပ်တော့ မကြည်ကြဘူး၊ မေမေက မျက်နှာမကောင်းဘူး။

"မေမေတို့ပေးလိုက်တဲ့ငွေ မလောက်လို့လား" လို့လဲ မေးတယ်။

"မဟုတ်ပါဘူး မေမေရယ်" လို့ အဲဒီကိစ္စကိုအပြတ်ငြင်းလိုက်တယ်။

ကိုကိုက သူ့အလုပ်ကိစ္စတွေ လာလုပ်ရင်း ဒါလီနဲ့ အမှတ်မထင် တွေ့ကြတာပါလို့လည်း ပြောပြတယ်။ ဒါပေမယ့် သူတို့လည်း ငယ်ရာက ကြီးလာကြတာပဲ၊ ဘယ်ယုံပါ့မလဲ၊ ဒီကြားထဲမှာ ကိုကိုရေ၊ အရေးကြီးတဲ့ ပြဿနာကပေါ်လာသေးတယ်၊ နားနဲ့မနာ ဖဝါးနဲ့နာခနော်၊ ဒါလီ့ရဲ့ ဟိုလစဉ် ကိစ္စပျောက်သွားတယ်၊ အဲဒါမှ ဒုက္ခပဲ၊ ဘယ်လိုလုပ်ရမလဲ၊ အဲဒီ ကိစ္စများ ဖြစ်ရင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေရတော့မယ်ထင်တယ်၊ ဒါလီ ကြောက်လည်း ကြောက်၊ ရှက်လည်း ရှက်တယ်၊ ဒါကြောင့် သူငယ်ချင်း ဆရာဝန်မတစ်ယောက်ဆီ ပြေးရတော့တယ်၊ သူ့အကူအညီနဲ့ အဲဒီကိစ္စကို စစ်ဆေးရတော့တယ်၊ တော်သေးတာပေါ့ ဘာမှမဖြစ်လို့ အဆင်ပြေသွားပါ တယ်၊ ဒါပေမယ့် ကိုကိုနဲ့ချစ်ရမှာ တအားကြောက်သွားပြီ၊ ကိုကို့ကိုတော့ ဖုန်းနဲ့စောင်းပါးရိပ်ခြေပြောမိပါတယ်၊ ကိုကိုက

"ဒါလီရယ်၊ ကိုယ်သတ္တိရှိပါတယ်၊ ဖြစ်လာလည်း အားလုံး တာဝန် ယူပါ့မယ်" လို့ ပြောတယ်။

ဘာတာဝန်မှ မယူပါနဲ့ကိုကို၊ မဖြစ်နိုင်တာတွေ စိတ်ကူးမယဉ်ကြ တာပဲ ကောင်းပါတယ်၊ ဒါလီလည်း မြို့ပြန်ရောက်တော့ ဘုရားတရား လုပ်ပြီး စိတ်ငြိမ်အောင် ကြိုးစားထိန်းပါတယ်၊ ကိုကို့ကိုလည်း မေ့နိုင်အောင် ကြိုးစားကြည့်တယ်၊ မရတော့ မရသေးဘူးပေါ့။

အဲဒီကိစ္စဖြစ်ပြီး နှစ်ပတ်လောက်အကြာမှာ ကိုကိုအထက်မြန်မာ ပြည်ကို ခရီးထွက်ရင်းဒါလီနဲ့ တွေ့ကြတယ်၊ မလာခင်က ဖုန်းဆက်ညှိလှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်တယ်၊ မိတ်ဆွေတစ်ယောက်အိမ်က တစ်ဆင့်အဲဒီနေ့က သူငယ်ချင်းမိတ်ဆွေမက အလုပ်သွားနေတုန်း သူ့အမေက ဖုန်းကိုင်လိုက်တာ၊ အဲဒါမှပြဿနာပဲ၊ အဲဒီမိန်းမကြီးက သူ့သမီးကတစ်ဆင့် ဒါလီ့ကို အကျိုးအကြောင်းတော့ ပြောပေးပါတယ်၊ ဒါပေမယ့် အေးအေးဆေးဆေးမနေပဲ ဒါလီတို့အမျိုးတွေကို လျှောက်ပြောတယ်၊ အဲဒီကိစ္စက ဒါလီတို့ အမျိုးတွေကြားမှာ သတင်းပြန့်ပြီး ဒုက္ခရောက်တော့တာပဲ၊ မေမေနဲ့ဘကြီးက တအားဆူတယ်၊ ကိုကိုနဲ့မတွေ့ဘို့လည်းပြောတယ်၊ တော်သေးတာပေါ့၊ ကိုကိုလာမယ့်ရက် အတိအကျသူတို့မသိလို့၊ ညီမလေးနှစ်ယောက်ကိုလည်း အလစ်မပေးဘဲကင်းချထားတယ်၊ ဒါလီကျူရှင်သွားပြတာတောင် မသွားနိုင်ဘူး၊ ဒါကြောင့် ဆေးခန်းသွားရင် ကိုကို့ဆီဖုန်းခိုးဆက်ရတယ်၊ ကိုကိုကလည်း ပြောတဲ့ရက်ထက် တစ်ပတ်လောက်နောက်ကျပြီးမှထွက်လာရတော့ အိမ်က မေ့လောက်တဲ့အချိန်မှာမှတွေ့ကြရတယ်၊ မြို့အထွက်က ဘုန်းနိုရိပ်သာလေးမှာလေ။ ကိုကိုကလည်း အပြေးအလွှားခဏ နားရတာ၊ ခရီးကလည်း အလျင်စလိုလေ။ ဒါလီကလည်း အိမ်ကမသိအောင် ခိုးကြောင်ခိုးဝှက် ထွက်ခဲ့ရတာ၊ နှစ်ယောက်သား တွေ့ကြတော့ စကားတောင်မပြောနိုင်ပါဘူး၊ ထုံးစံအတိုင်း ချစ်မိကြတာပါပဲ၊ နောက်မှကိုကိုက

"သိပ်ပိန်သွားပါလား ဒါလီရယ်"တဲ့။

ဆေးကုရတဲ့အကြောင်း ပြောပြတော့

"ကိုကို စိတ်မကောင်းပါဘူး၊ မဖြစ်ချင်တာတွေ ဖြစ်လာခဲ့ရင်လည်း ကိုကိုတာဝန်ယူမှာပါ၊ ကိုကိုသိပ်သတ္တိနည်းတဲ့ ယောကျ်ားဖျင်းယောကျ်ားညံ့တော့ မဟုတ်ပါဘူး"တဲ့။

ယုံပါတယ် ကိုကို၊ ဒါပေမယ့် ကိုကိုက တစ်ခါတစ်ခါ ယမကာလည်း နည်းနည်းလွန်တယ်။ မူးရင်ချစ်တာလည်း နည်းနည်းလွန်တယ်၊ ဒါလီကြောက်တောင်လာတယ်၊ ဒီနေ့လည်း အဲဒီလိုပဲ၊ ဒါလီနဲ့တွေ့တော့ ကိုကိုနည်းနည်းမူးနေပြီ၊ ကိုကို့ရဲ့ ဆက်ဆံမှုက နူးညံ့ပျော့ပျောင်းမှုနည်းနေပြီ ကြမ်းနေပြီ။ ဒါလီငိုချင်တယ်၊ လာတွေ့မိတာတောင် မှားသွားပြီထင်ရဲ့။ နောက်တော့ ဒါလီငိုမိတယ်၊ မျက်နှာညိုပြီး ဒါလီငိုတော့

"ဟာ မင်းငိုတယ်၊ မငိုပါနဲ့ဒါလီရယ်၊ ခုလိုတွေ့ကြတာငိုစရာလား"

အဲဒီလို ပြောပြီး ကိုကိုက အချစ်အနမ်းတွေကို ရပ်လိုက်တယ်။





"ဒါလီမကြိုက်ရင် ကိုကိုဘာမှ မလုပ်တော့ပါဘူး"

ဆိုပြီး ဒါလီ့ကို လွှတ်ပေးလိုက်တယ်၊ ကျေးဇူးတင်ပါတယ် ကိုကို၊ ကိုကို့ကိုတော့ ချစ်ပါတယ်၊ ဒါပေမယ့် ဒါလီဒုတိယအကြိမ် အရှက်မကွဲပါရစေနဲ့၊ ဒုက္ခမရောက်ပါစေနဲ့။

နောက်တော့မှ ဒါလီ့ပါးလေးကို တယုတယခပ်ဖွဖွလေးနမ်းပြီး

"ကဲ သွားတော့မယ် အချစ်ကလေးရေ မင်းလည်းသွားပေတော့"

ဆိုပြီး ထွက်သွားခဲ့တယ်၊ ထုံးစံအတိုင်း ဒါလီ့အတွက် ငွေတို့ ပစ္စည်းတို့ဆေးဝါးတို့ အဝတ်အစားတို့ဆိုတာတွေလည်း ပေးခဲ့တယ်၊ ဒါလီ ဒါတွေကိုမမက်ပါဘူး၊ ချစ်တာ တစ်ခုထဲပါပဲ၊ ဒါပေမယ့် ဒီချစ်တာကလည်း မီးလိုပူနေပြီး ရင်တထိတ်ထိတ်နဲ့ ဒါလီကြောက်မိနေပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီတစ်ခါ ကိုကိုနဲ့ ခွဲရတော့ ရင်ထဲမှာ လုံးဝဟာသွားပါပြီ။ ကိုကို့ကားလေး မောင်းထွက်သွားချိန်မှာ ဒါလီ့ရင်ထဲမှာ ဘာမှ မကျန်တော့ဘူးထင်ရဲ့၊ အားလုံးကိုကိုနဲ့ ပါသွားပြီ။

ပတ်ဝန်းကျင်က ဆောင်းတွင်းမို့ နှင်းမြူတွေကလည်း မသဲမကွဲနဲ့လေ။ ဒါလီ့ဘဝကလည်း ဒီလိုပဲ၊ မသဲမကွဲနဲ့ ဝိုးတဝါးလေလား ကိုကိုရေ။

## အခန်း(၁၄)

## မြဒါလီ ပြောပြချင်သေးသည်

ကိုကိုရေ "ဆိုရေးရှိက ဆိုအပ်လှ၏။ မဆိုမိက ငါ့ဝန်ရှိမြဲမို့"လို့ အစပိုင်းက ဒါလီပြောခဲ့ပြီးပြီနော်၊ ကိုကိုက စာလည်းရေးတတ်ပြောတတ် ဆိုတတ်တဲ့သူလည်း ဖြစ်တယ်၊ ဒါကြောင့် ကိုကိုပြောတာတွေ နားထောင်ပြီး ကိုကိုရေးတဲ့စာတွေဖတ်ပြီး ဒါလီအများကြီးခံစားရပါတယ်။

တကယ်တော့ ကိုကို၊ ဒါလီဟာ **Innocent Victim** ပါ ကိုမျိုးကျော်ကျော်နဲ့ တွေ့မိတာလည်း စိတ်တွေရှုပ်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိခင်မှာ သူခွဲခွာဆောင်ရာ အသိမဲ့မဲ့နဲ့ ပါသွားခဲ့တာ၊ ချစ်လို့မှမဟုတ်တာ၊ ကိုကိုတို့အိမ်မှာလည်း မနေချင်တော့ဘူးလေ၊ အဲဒီကနေပြီး စိတ်တွေလေလွင့်ရာက လူပါလွင့်သွားတော့တာပဲ။

အဲဒီတုန်းက ကိုကိုကပြောတယ်၊ ဘာတဲ့၊ "ကြင်နာခြင်းတစ်ဝက်၊ ရှုပ်ထွေးခြင်းတစ်ဝက်"တဲ့ ဟုတ်လား၊ "လေယူရာ ပြေးတဲ့ အချစ်ပျောက်မလေး မြဒါလီ"တဲ့ ဟုတ်လား။

အခုတစ်ခါတော့ မြဒါလီတကယ်ပဲ အချစ်ပျောက်ရပါပြီ။ ကိုကိုနဲ့ ဘယ်လိုမှမဆုံနိုင်တော့ပါဘူး ကိုကိုရယ်၊ ဘာကြောင့်လဲ သိလား။

ကိုကိုနဲ့ဒါလီတိတ်တိတ်ကလေးချိန်းတွေ့လိုက်တာ မေမေနဲ့ ဘကြီးတို့သိသွားတယ်။ မိုးမီးလောင်သွားပြီ ကိုကိုရေ၊ ဒီတစ်ခါတော့ မေမေကတအားပေါက်ကွဲပြီး ဒါလီ့ကိုရိုက်လည်းရိုက်၊ ငိုလည်းငိုတယ်၊ သိသွားတာကတော့ အဲဒီ့ရိပ်သာတာဝန်ခံရဲ့ ဖုန်းကပြောပြတာတဲ့၊ သူကမေမေ့ တပည့်ဖြစ်ခဲ့ဘူးတယ်လေ၊ ဒါလီက အဲဒါသိမှမသိဘဲ၊ ကိုကိုနဲ့ဒါလီ တွေ့ကြတုန်းက ရိပ်သာမှာသူရှိတယ်တဲ့၊ တချို့စကားတွေတောင် သူကြားသွားတယ်ဆိုပဲ၊ အဲဒီ့နေ့က ကိုကိုက ခပ်တွေတွေနဲ့ ပြောချင်တာတွေ အသံခပ်ကျယ်ကျယ်ရင်ဖွင့်တော့တာကို၊ ဒါလီကစိုးရိမ်လို့ "တရှူးရှူး"နဲ့တိုးတိုးပြောဖို့ သတိပေးတာတောင် "ရပါတယ် ဒါလီရဲ့"လို့ ကိုကိုက ထိမထင်ဟန် လုပ်သေးတယ်နော်၊ အဲဒါ မေမေတို့ သိသွားတော့

"ကိုယ့်ကျေးဇူးရှင်ဆီက လုရလောက်အောင် ယောကျ်ားရှားလား ဒါလီ၊ နင်ငါတို့တစ်မျိုးလုံးကို အိုးမဲမသုတ် လိုက်ပါနဲ့၊ အဲဒီလိုဆို ငါ့ကိုသာသတ်လိုက်ပါတော့"တဲ့။

ဒါလီ့ကြောင့် မေမေမျက်ရည်ကျရပြီ၊ ဒါလီလုံးဝစိတ်ထိခိုက်ရပါတယ် ကိုကို၊ ကိုယ့်အတွက်နဲ့ ကိုယ်အင်မတန်ချစ်တဲ့ အမေ မျက်ရည်ကျရပြီ၊ အမျိုးတွေကလည်း ပြောကုန်ကြပြီ၊ ဘကြီးနဲ့ ညီမလေးတွေခင်မျာလည်း ရှက်ရှာလွန်းလို့ "အနန္တော အနန္တငါးပါးကို ပြစ်မှားရင် နောက်ဘဝမှာ ပဉ္စာနန္တိယကံထိုက်ပြီး ငရဲအိုးထဲ ဇောက်ထိုးကျတယ်"လို့ လူတွေကပြောကြတယ်၊ ဒါလီလည်း နောက်ဘဝမှာ ငရဲအိုးထဲကျမကျတော့ မသိဘူး လောလောဆယ်တော့ လောကငရဲကို ခံစားနေရပါပြီ၊ ဒါကြောင့်ဒီငရဲတွင်းက လွတ်အောင်





"ကိုကိုနဲ့ လုံးဝမတွေ့တော့ပါဘူး"လို့ မေမေ့ကို ကန်တော့ပြီး ကတိပေးလိုက်တယ်၊ မေမေကလည်း အဲဒီ့ကတိကို တောင်းတယ်။

အဲဒီ့ကတိကြောင့်ပဲ ပြီးခဲ့တဲ့လက ကိုကိုအညာတစ်ခေါက် တက်တော့ ဒါလီနဲ့တွေ့ဖို့ပြောတဲ့အခါ ဒါလီအင်တင်တင် လုပ်ခဲ့တာပေါ့၊ ကိုကိုက "နောက်မတွေ့ချင်နေပါ၊ ဒီတစ်ခါနောက်ဆုံးတွေ့ကြရအောင်"လို့ ပြောတော့ ကိုကိုစိတ်ဆိုးမှာစိုးလို့"အင်း"လုပ်ခဲ့မိပါတယ်။ ဒါပေမယ့် ကိုကို တကယ်လာတော့ ဒါလီလာမတွေ့တော့ဘူး၊ မေမေ့ကို ပေးတဲ့ကတိမဖျက်ရဲဘူး သွေးအေးအေးနဲ့စဉ်းစားပြန်တော့လည်း ကိုကိုနဲ့ ဒါလီတို့ရဲ့ဇာတ်က ဒီမှာပဲရပ်တာ အားလုံးအတွက် အကောင်းဆုံးမဟုတ်လား ကိုကို၊ ဒါ့ကြောင့်ကိုကိုကိုသိပ်ချစ်တဲ့ကြားက မေမေ့ပေးထားတဲ့ကတိကိုမဖျက်တော့ဘဲ ရင်နှင့်စွာနဲ့ ကိုကို့ဆီစာပဲရေးပေးလိုက်ပါတယ်၊ ဒီစာဟာ ကိုကို့အတွက် ဒါလီ့ရဲ့ နောက်ဆုံးစာပါပဲ။

စာထဲမှာတော့ ဒါလီ့ကို နားလည်ပေးဖို့နဲ့ခွင့်လွှတ်ဖို့ တောင်းပန်ထားပါတယ်၊ ကိုကို့ကိုလည်း ဒါလီဘာမှဒုက္ခပေးဖို့ မရည်ရွယ်ပါဘူး။ "မေ့ကွက်ကိုရှာ"သီချင်းထဲကလိုပါပဲ မုန်းချင်မုန်းပါလို့လည်း ရေးခဲ့ပါတယ်။

မေ ဘယ်သူ့ကိုမှ × × အပြစ်လည်းမတင်ချင်ပေ × × ချစ်ပရိယာယ်ကို သိသလိုလိုနဲ့ × × ချစ်စရာ ကဗျာတစ်ပုဒ်အလား × × နှစ်သက်ယုံစားမိခဲ့လို့လေ × × မေ့အဖြစ်နဲ့ မေသာရှိပါစေတော့ × × × မောင်ရေ × × မေ့အဖြစ်နဲ့မေသာ ရှိပါစေတော့ မောင်ရေ × × မောင်ရေ × ×

ဒါလီ့အဖြစ်နဲ့ ဒါလီသာရှိပါစေတော့ကိုကို။

ကိုကိုအညာက ပြန်သွားတော့ သိပ်စိတ်ထိခိုက်သွားကြောင်း ကိုမောင်ဝင်းနဲ့တွေ့လို့ သတင်းစကားကြားရပါတယ်၊ ဒါလီလည်း တကယ်စိတ်ထိခိုက်မိပါတယ်၊ ကိုကိုက စိတ်ထိခိုက်ယုံမကဘူး။ စိတ်လည်းဆိုးသွားပုံရတယ်၊ ဒါလီ့ လုပ်ငန်းကိစ္စတွေလည်း အဆင်ပြေသွားကြောင်း သိသွားတယ်၊ ဘွဲ့လွန်သင်တန်းလည်း ရန်ကုန်အစားမန္တလေးမှာတက်မယ့်အကြောင်းလည်း သိသွားတယ်၊ အဲဒါတွေသိသွားတော့ ကိုကိုကပြောတယ်၊ စာထဲမှာလည်း ရေးတယ်။

"ကိုယ့်ကို အသုံးချပြီး မင်းဆန္ဒတွေပြည့်အောင်လုပ်သွားတာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးနော်''တဲ့။

ပြောရက်လိုက်တာ ကိုကိုရယ်၊ မဟုတ်ရပါဘူး၊ ဒါလီ ကိုကို့ကို တကယ်ချစ်ခဲ့မိတာပါ။ ကိုကိုနဲ့တွေ့တော့ ဒါလီဟာ ရင်ဖိုတောင် မသန်းခဲ့ဘူးတဲ့ အပျိုပါ။ ကိုကို့ကိုချစ်လွန်းလို့ ကိုကို့အလိုလိုက်ခဲ့မိတာပါ။ မိန်းကလေးတွေ ဘဝမှာ ဒီအပျိုစင်ဆိုတာက တန်ဖိုးအထားဆုံးဂုဏ်ပါ။ ဒီတန်ဖိုးအထားဆုံးဂုဏ်ကို ကိုကို့လက်ထဲသိသိကြီးနဲ့ အပ်ခဲ့တာပါ။

အခုလည်း ကိုကို့ကို ဘာဒုက္ခမှပေးဖို့ မရည်ရွယ်ပါဘူး၊ ကိုကို့နာမည် အလုပ်အကိုင်နဲ့ ဘဝပျက်အောင် ဒါလီဘာတစ်ခုမှ မလုပ်ပါဘူး။ ဒါတွေဟာ ကိုကို့ကို သိပ်ချစ်လို့ပါ။ ကိုကိုသိစေချင်ပါတယ်၊ ကိုကို့ဘက်က ပြောစရာတွေ အများကြီးရှိသလို ဒါလီ့ဘက်ကလည်း ပြောစရာတွေ အများကြီးပါ။

ကဲ ကိုကိုရေ၊ မြဒါလီပြောမယ်ဆိုရင် ပြောမဆုံးပေါင်၊ တောသုံးထောင်မို့ မိုးမြေကမ္ဘာဆုံးပဲ၊ နောက်ဆုံးပြောချင်တာကတော့ မြဒါလီက မုန်းလိုက်ဖို့ ပြောလိုက်တဲ့အခါ ကိုကိုက ''အမုန်းခွန်အားပေးသနားပါ''လို့ ပြန်ပြောတယ်နော်၊ ဒါလို့ကို ကိုကိုမုန်းနိုင်ရင် မုန်းလိုက်ပါ။ မေ့လိုက်ပါ။ မြဒါလီလည်း ကိုကို့ကို မေ့ဖို့ ကြိုးစားနေပါတယ်။ တွေ့တာတော့လုံးဝ မတွေ့နိုင်ကြတော့ပါဘူး၊ မတွေ့ကြတာပဲ အားလုံးအတွက် အကောင်းဆုံး မဟုတ်လား၊ ဘယ်သူ့ကိုမှအပြစ်လည်း မတင်တော့ပါဘူး။

ဒါပေမယ့် မြဒါလီတစ်ခုတော့ ဆုတောင်းလိုက်ပါတယ်။

**''နောင်ဘဝဆိုတာ ရှိပါစေ ကိုကို၊ တကယ်လို့ နောင်ဘဝဆိုတာများရှိခဲ့ရင် မြဒါလီဟာ ဘဝဆက်တိုင်း ကိုကို့ရဲ့ဘ ဦးတည်းသော ချစ်ဇနီးဖြစ်ရပါစေ''လို့**

မြဒါလီ နောက်ဆုံးပြောချင်တာကတော့ အဲဒါပါပဲ ကိုကိုရေ။

တည်ငြိမ်ပြီး ငြိမ်းချမ်းပျော်ရွှင်သော မိသားစုကို ကိုကိုဆက်လက် ဦးဆောင်နိုင်ပါစေသတည်း။

ကိုကို့ရဲ့ တစ်ခါကမြဒါလီ

၂၄-၂-၂၀၀၂

မြရတနာစာပေ